# ရှေးဘိုးဘေးများနှင့်ပုရောဖက်များ

## (ပထမပိုင်း)

ပထမအကြိမ်



### ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှေးဘိုးဘေးများနှင့်ပုရောဖက်များ

## (ပထမပိုင်း)

**အီး၊ ဂျီ၊ ဝှိုက် ရေးသားပြုစုသော PATRIARCHS AND PROPHETS စာအုပ်ကို သိက္ခာတော်ရဓမ္မဆရာဦးရဲကိုက "ရှေးဘိုးဘေးများနှင့်ပုရောဖက်များ" အမည်ဖြင့် မြန်မာပြန်ဆိုသည်။**

**(ပထမအကြိမ်)**



**ရှေးဘိုးဘေးများနှင့်ပုရောဖက်များ**
**(ပထမပိုင်း)**

**ပုံနှိပ်သူ**
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**
ဦးစောမဲမရီထွန်း (၀၀၅၉၄)
ဥက္ကဌ
သတ္တမနေ့အသင်းတော်သာသနာအဖွဲ့ချုပ်၊
၆၈ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၁၅၀၀

တန်ဖိုး – ၁၀၀၀.၀၀

ပထမအကြိမ်

## မာတိကာ


၁။ အဘယ်ကြောင့်အပြစ်ကျူးလွန်ခွင့်ပြုခဲ့သနည်း ------------ ၁
၂။ ဖန်ဆင်းခြင်း ---------------------------------- ၂၂
၃။ စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကျဆုံးခြင်း ----------------- ၃၇
၄။ ကယ်တင်ခြင်းစီမံကိန်း ------------------------- ၅၈
၅။ ကာဣနနှင့်အာဗေလတို့အစမ်းသပ်ခံရခြင်း -------------- ၇၄
၆။ ရှေသနှင့်ဧနောက် ---------------------------- ၈၇
၇။ ရေလွှမ်းမိုးခြင်း ------------------------------ ၁၀၆
၈။ ရေလွှမ်းမိုးပြီးကာလ -------------------------- ၁၃၁
၉။ တိုက်ရိုက်အဓိပ္ပါယ်ရှိသောသီတင်းပတ် ---------------၁၄၂
၁၀။ ဗာဗုလုန်ရဲတိုက် ---------------------------- ၁၅၄
၁၁။ အာဗြဟံကိုခေါ်တော်မူခြင်း -------------------- ၁၆၆
၁၂။ ခါနာန်ပြည်ရောက်အာဗြဟံ --------------------- ၁၇၉
၁၃။ ယုံကြည်ခြင်းကိုစမ်းသပ်ခြင်း ---------------------၂၀၄
၁၄။ သောဒုံမြို့ကြီးအဖျက်ဆီးခံရခြင်း -------------------၂၂၁
၁၅။ ဣဇာက်အားအိမ်ထောင်ချခြင်း --------------------၂၄၇
၁၆။ ယာကုပ်နှင့်ဧသော-----------------------------၂၅၈
၁၇။ တစ်ကျွန်းတစ်နိုင်ငံသို့ယာကုပ်ထွက်ပြေး
တိမ်းရှောင်ခြင်း -----------------------------၂၆၉
၁၈။ နပန်းလုံးခဲ့ရသောညတစ်ည -----------------------၂၈၇
၁၉။ ခါနာန်ပြည်သို့အပြန်ခရီး------------------------ ၃၀၁


* * *



## စကားချီး

လူသားများအားစတင်ဖန်ဆင်းသည့်ကမ္ဘာဦးအချိန်မှစ၍ ဣသရေလများ ခါနာန်ပြည်သို့ဝင်စားမည့်ဆဲဆဲအချိန်အထိ ကြားကာလတွင်ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များအကြောင်းကို ရှင်းလင်းစွာတင်ပြထားပါသည်။ သမ္မာကျမ်းစာတွင်အကျဉ်းမျှသာဖော်ပြထားသည့်အရာများကို နောက်ခံသမိုင်းများနှင့်တကွ ကွက်ကွက်ကွင်းကွင်းတင်ပြထားပါသည်။

ဤစာအုပ်ကိုဖတ်ရှုလေ့လာခြင်းအားဖြင့် စာတန်သည် မည်သည့်လက်နက်များကိုအသုံးပြု၍ လူသားများကိုဒုက္ခပေးနေသည်ကိုလည်းကောင်း၊ ခရစ်တော်သည် မည်မျှနက်နဲသောမေတ္တာတော်နှင့်ကြီးမားသောကရုဏာများဖြင့် အကာအကွယ်မဲ့ဒုက္ခသည်လူသားများအား ကူညီမစနေတော်မူသည်ကိုလည်းကောင်း သိရှိနားလည်သွားပါလိမ့်မည်။

၎င်းပြင် ထာဝရဘုရားသခင်သည် မိမိ၏ဂုဏ်တော်နှင့်ထပ်တူထပ်မျှဖြစ်သောပညတ်တော်ကို မည်မျှအလေးထားတော်မူသည်ကို အာဒံနှင့်ဧဝတို့၏အသက်တာတွင်လည်းကောင်း၊ ကာဣနနှင့်အာဗေလအမြွှာညီနောင်၏အသက်တာတွင်လည်းကောင်း၊ နောဧ၊ အာဗြဟံ၊ မောရှေ စသည့်ရှေးဘိုးဘေးများ၏အသက်တာများတွင်လည်းကောင်း အထင်အရှားဖော်ပြထားကြောင်း ပုရောဖက်မ အီး၊ ဂျီ၊ ဝှိုက်က ဝိညာဉ်တော်အားဖြင့် ရေးသားတင်ဆက်ထားပါသည်။

ကိုယ်တော်သည် ဣသရေလများအား ခါနာန်ပြည်သို့ဝင်စားရန် အဲဂုတ္တုပြည်မှမောရှေအားဖြင့်နှုတ်ဆောင်ခဲ့သော်လည်း လူအများစုသည် ခါနာန်ပြည်သို့မဝင်စားခဲ့ကြရချေ။ မည်သည့်အတွက်ကြောင့်မဝင်စားခဲ့ကြရသနည်း။ အကြောင်းရင်းကို ဤစာအုပ်တွင်ရေးသားဖော်ပြထားပါသည်။ ကောင်းကင်နိုင်ငံတော်သို့ဦးတည်အသက်ရှင်နေကြသည့် ကျွန်ုပ်တို့အတွက် ထိုသူများ၏အသက်တာများကိုပုံသက်သေပြုကာ အသက်ရှင်နေထိုင်ကြရန် ဤစာအုပ်ကိုအထူးလေ့လာသင့်ကြပါသည်။

# စကားချီး

ဝိညာဉ်တော်၏လုံ့ဆော်မှုအောက်တွင်ရေးသားထားသည့် ဤစာအုပ်သည် သမ္မာကျမ်းစာမဟုတ်ပါ။ သို့သော် သမ္မာကျမ်းစာကိုနားလည်သဘောပေါက်နိုင်ရန် ဝိညာဉ်တော်၏လမ်းညွှန်မှုအောက်တွင် သမ္မာကျမ်းစာမှအရေးပါသောကျမ်းချက်များကို ရှင်းလင်းတင်ပြချက်များသာဖြစ်ပါသည်။ ထို့ကြောင့် လေ့လာဖတ်ရှုသူအားလုံးအတွက် ဝိညာဉ်ခွန်အားဖြစ်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

**ဘာသာပြန်သူ**

* * *

## (၁)
# အဘယ်ကြောင့် အပြစ်ကျူးလွန်ခွင့်ပြုခဲ့သနည်း

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ကိုယ်တော်၏ သဘာဝနှင့်ကိုယ်တော်၏ပညတ်တော်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ယခုအချိန်တိုင်အောင် ထိုသို့ဖြစ်နေသကဲ့သို့ နောင်တွင်လည်း ထိုကဲ့သို့ပင်ဖြစ်နေလိမ့်မည်သာတည်း။ “ထာဝရကာလတည်းဟူသော ဘုံဗိမာန်၌စံတော်မူထသော” ကိုယ်တော်၏ “ထာဝရလမ်းတို့သည်” ပြောင်းလဲခြင်းမရှိချေ။ “ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူ၏။”

ဖန်ဆင်းခြင်းတန်ခိုးတော်အား ပေါ်လွင်ထင်ရှားစေသောအရာတိုင်းသည် ထာဝရမေတ္တာတော်အား ဖော်ပြသည့်အရာများဖြစ်ပါသည်။ အတိုင်းအဆမရှိသောဘုရားသခင်၏တန်ခိုးတော်သည် ပြည့်စုံသောကောင်းချီးမင်္ဂလာများဖြင့် ဝေနေယျသတ္တဝါအပေါင်းတို့အား လွှမ်းခြုံထားတော်မူ၏။

“လက်တော်သည်အားကြီး၍ လက်ယာလက်တော်သည်မြင့်ပါ၏။ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်စွာဆုံးဖြတ်ခြင်းသည် ပလ္လင်တော်၏တည်ရာဖြစ်ပါ၏။ ကရုဏာနှင့်သစ္စာသည် မျက်နှာတော်ရှေ့၌သွားကြပါ၏။ အိုထာဝရဘုရားသခင်၊ နှိုးဆော်တော်မူခြင်းအသံကို နားလည်သောလူမျိုးသည် မင်္ဂလာရှိပါ၏။ သူတို့သည် မျက်နှာတော်အလင်း၌သွားလာရကြပါ၏။ နာမတော်၌အစဉ်ဝမ်းမြောက်၍ ဖြောင့်မတ်တော်မူခြင်းတရားအားဖြင့် ချီးမြှောက်ခြင်းသို့ရောက်ရကြပါ၏။ ကိုယ်တော်သည် သူတို့အစွမ်းသတ္တိ၏ဘုန်းဖြစ်တော်မူ၏။ ကျေးဇူးတော်အားဖြင့်လည်း အကျွန်ုပ်တို့၏ဦးချိုသည် ချီးမြှောက်လျက်ရှိပါ၏။ ထာဝရဘုရားသခင်သည် အကျွန်ုပ်တို့ကိုကွယ်ကာတော်မူ၏။ ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားသခင်သည် အကျွန်ုပ်တို့၏ရှင်ဘုရင်ဖြစ်တော်မူ၏။” ဆာလံ ၈၉း၁၃–၁၈။

ကောင်းကင်နိုင်ငံတော်တွင် ပထမဦးစွာအစပျိုးခဲ့သည့်အချိန်မှစ၍ ပုန်ကန်ခြားနားမှုများကိုကျော်လွှားအောင်မြင်၍ အပြစ်တရားကိုအမြစ်မကျန်





အောင်သုတ်သင်ရှင်းလင်းမည့် နောက်ဆုံးသောအချိန်တိုင်အောင် ဖြစ်ပွားနေသည့်အကောင်းနှင့်အဆိုး မဟာတိုက်လှန်ပွဲကြီး၏ရာဇဝင်သမိုင်းစဉ်သည်လည်း ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသည့်မဟာမေတ္တာတော်ကို ထင်ရှားစေသည့်သရုပ်ဖော်ချက်တစ်ရပ်ဖြစ်ပါသည်။

စကြဝဠာအရှင်ထာဝရဘုရားသခင်သည် ကောင်းမြတ်သောအကျိုးပြုလုပ်ငန်းကိုဆောင်ရွက်ရာတွင် တစ်ပါးတည်းဆောင်ရွက်ခြင်းမဟုတ်ဘဲ ကိုယ်တော်၏အမှုတော်ကိုအမွန်အမြတ်ထားတတ်ပြီး ဝေနေယျသတ္တဝါများအား ပျော်ရွှင်မှုပေးရာတွင် နှစ်သက်အားရတော်မူသည့်လုပ်ဖော်ဆောင်ဖက်တစ်ပါးနှင့်အတူ လုပ်ဆောင်တော်မူခဲ့ပါသည်။ “အစအဦး၌ နှုတ်ထွက်စကားတော်ရှိ၏။ နှုတ်ထွက်စကားတော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ထွက်စကားတော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ထွက်စကားတော်သည် အစအဦး၌ဘုရားသခင်နှင့်အတူရှိ၏။” (ယောဟန် ၁း၁–၂)။ နှုတ်ထွက်စကားတော်တည်းဟူသော ဘုရားသခင်၏တစ်ပါးတည်းသောသားတော်ဖြစ်တော်မူသော ခရစ်တော်သည် ဇာတိတော်အားဖြင့်သော်လည်းကောင်း၊ စာရိတ္တတော်အားဖြင့်လည်းကောင်း၊ အကြံအစည်တော်တွင်သော်လည်းကောင်း ထာဝရဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်တော်မူ၍ ကိုယ်တော်၏လမ်းညွှန်မှုများနှင့်အကြံတော်အတိုင်း ပါဝင်ဆောင်ရွက်နိုင်သည့် တစ်ပါးတည်းသောပုဂ္ဂိုလ်ဖြစ်ပါသည်။ “နာမတော်ကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံတော်မူလိမ့်မည်။” (ဟေရှာယ ၉း၆)။ “ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏။” (မိက္ခာ ၅း၂)။ “ထာဝရဘုရားသခင်သည် ရှေးအမှုတော်ကိုမပြုမီထွက်ကြွတော်မူစကပင် ငါ့ကိုပိုင်တော်မူ၏။ မြေကြီးမဖြစ်မီရှေးဦးစွာကာလ ထာဝရကာလမှစ၍ ငါသည်ဘိသိက်ခံပြီး–––မြေကြီးတိုက်မြစ်တည်သောအမှုတို့ကိုပြီးစီးစေတော်မူသောအခါ ငါသည်ကျွေးမွေးတော်မူသောသားကဲ့သို့ အထံတော်ပါးတွင်နေ၍ အစဉ်မပြတ်မွေ့လျော်တော်မူရာဖြစ်၏။” (သု ၈း၂၂–၃၀)။

အဘခမည်းတော်ဘုရားသခင်သည် ကောင်းကင်သားအပေါင်းတို့ကို သားတော်အားဖြင့် ဖန်ဆင်းတော်မူ၏။ "ထိုသားတော်သည် ကောင်းကင်အောက်မြေကြီးပေါ်မှာရှိသမျှသော–––ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ထိုသားတော်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့အလိုငှာလည်းကောင်း ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။" ကောလောသဲ ၁း၁၆။ ကောင်းကင်တမန်များသည် အရောင်အဝါများနှင့်ထာဝစဉ်ထွန်းတောက်နေပြီး အလိုတော်ကိုဆောင်ရန် လျင်မြန်စွာသွားလာလှုပ်ရှားလျက်ရှိကြသော ဘုရားသခင်၏အစေခံနံဝိညာဉ်များဖြစ်ကြပါသည်။ သို့ရာတွင် ဘုရားသခင်ဘိသိက်ပေးထားတော်မူသည့်သားတော်ဘုရားသခင်မှာမူကား၊ ထာဝရဘုရားသခင်၏ အလင်းရောင်ခြည်နှင့်ဇာတိအဖြစ်တော်၏ပုံသဏ္ဍာန်ဖြစ်၍ တန်ခိုးတော်နှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကိုမစတော်မူသောသူဖြစ်လျက် အရာအားလုံးပေါ်တွင်ချုပ်ခြာတော်မူသည်။ အစဦးမှစ၍ ဘုန်းတန်ခိုးနှင့်ပြည့်စုံတော်မူသောပလ္လင်တော်သည် ကိုယ်တော်၏ဗိမာန်တော်နေရာဖြစ်တော်မူ၏။ "ကိုယ်တော်၏နိုင်ငံသည် တရားသဖြင့်စီရင်သောနိုင်ငံဖြစ်ပါ၏။" ဟေဗြဲ ၁း၈။ "ဘုန်းတန်ခိုးသည် ရှေ့တော်၌ရှိ၏။ အစွမ်းသတ္တိနှင့်ဂုဏ်အသရေလည်းသန့်ရှင်းရာဌာနတော်၌ရှိ၏။" ဆာလံ ၉၆း၆။ "ကရုဏာတော်နှင့်သစ္စာတော်သည် မျက်နှာတော်ရှေ့၌သွားကြ၏။"

ချစ်ခြင်းမေတ္တာတော်နှင့်စပ်ဆိုင်သောပညတ်တော်သည် ဘုရားသခင့်နိုင်ငံတော်၏တိုက်မြစ်ဖြစ်ပြီး အသိဉာဏ်ရှိသောသတ္တဝါအပေါင်းတို့၏ပျော်ရွှင်မှုသည် ထိုပညတ်တော်၏ဖြောင့်မတ်ခြင်းတရားနှင့်စပ်ဆိုင်သော မဟာစည်းမျဉ်းများအတိုင်း ပြည့်စုံညီညွတ်စွာနေထိုင်မှုအပေါ်တွင်မူတည်နေပါသည်။

ထာဝရဘုရားသခင်သည် ကိုယ်တော်၏ဘုန်းတော်ကို ဝေနေယျသတ္တဝါများအမွန်အမြတ်ထားခြင်းကြောင့် ဖြစ်ပေါ်လာသည့်မေတ္တာကိုအခြေခံသောလုပ်ဆောင်မှုများကိုလိုလားတောင့်တတော်မူပါသည်။ ကိုယ်တော်သည် မည်သူ့ကိုမျှအတင်းအကျပ်နားထောင်လိုက်လျှောက်ရန် ခိုင်းစေလိုခြင်းမရှိချေ။ မိမိ၏သဘောဆန္ဒအလျောက် ကိုယ်တော်အတွက်အလုပ်အကျွေးပြုရန် ဝေနေယျသတ္တဝါတိုင်းအား လွတ်လပ်စွာစဉ်းစားလုပ်ဆောင်ခွင့်ပေးထားတော်မူပါသည်။



ဖန်ဆင်းခြင်းခံရသည့်ဝေနေယျသတ္တဝါအပေါင်းတို့သည် မေတ္တာတော်၏စောင့်သိရိုသေမှုကိုအသိအမှတ်ပြုနေသရွေ့ကာလပတ်လုံး ဘုရားသခင်အုပ်စိုးတော်မူသော စကြဝဠာကြီး၌ပြည့်စုံသောညီညွတ်မှုများရှိနေခဲ့မည်သာဖြစ်ပါသည်။ ကောင်းကင်သားများသည် ဖန်ဆင်းရှင်၏အကြံစည်တော်ကိုဝမ်းမြောက်ဝမ်းသာဖြည့်ဆည်းလုပ်ဆောင်ခဲ့ကြပါသည်။ ထိုသူတို့သည် ကိုယ်တော်၏ဘုန်းတန်ခိုးတော်ကိုထင်ရှားစေခြင်းအမှုနှင့် ချီးမွမ်းထောမနာပြုခြင်းအမှုများတွင် နှစ်သက်ပျော်မွေ့ကြပါသည်။ ၎င်းပြင် ထာဝရဘုရားသခင်အားချစ်ခြင်းအရာသည် အထွတ်အမြတ်ဖြစ်နေသောထိုအချိန်တွင် တစ်ယောက်နှင့်တစ်ယောက်ချစ်ခြင်းအရာသည် ယုံကြည်ကိုးစားမှုရှိပြီး တစ်ကိုယ်ကောင်းဆန်မှုကင်းရှင်းခဲ့ပါသည်။ ကောင်းကင်သားများ၏ညီညွတ်မှုကိုပျက်ယွင်းစေနိုင်သော မည်သည့်မဆီလျော်မှုများမှမရှိခဲ့ချေ။ သို့သော်လည်း ပျော်ရွှင်ဖွယ်ကောင်းသော ဤအခြေအနေသည် ပြောင်းလဲမှုများရှိခဲ့ပါသည်။ သက်ရှိသတ္တဝါအပေါင်းတို့အား ဘုရားသခင်ပေးသနားတော်မူသောလွတ်လပ်ခွင့်ကို တလွဲအသုံးပြုသူတစ်ဦးပေါ်ထွန်းခဲ့ပါသည်။ ထိုသူသည် ခရစ်တော်ပြီးလျှင် အကြီးမြတ်ဆုံးပုဂ္ဂိုလ်တစ်ပါးအဖြစ် ဘုရားသခင်၏ချီးမြှောက်တော်မူခြင်းခံခဲ့ရပြီး ကောင်းကင်သားများတွင် တန်ခိုးနှင့်အာဏာအကြီးမြတ်ဆုံးဖြစ်ပါသည်။ အပြစ်တရားသည်လည်း သူ၌အစပြုခဲ့ပါသည်။ နံနက်သားမိုးသောက်ကြယ်တည်းဟူသော လူစီဖါသည် လွှမ်းမိုးသောခေရုဗိမ်၏အထွတ်ဖြစ်၍ ညစ်ညူးခြင်းနှင့်ကင်းသည့် သန့်ရှင်းသူတစ်ဦးဖြစ်ပါသည်။ သူသည်ကြီးမြတ်တော်မူသောဖန်ဆင်းရှင်၏ရှေ့တော်မှောက်တွင်ခစားရပြီး ထာဝရဘုရားသခင်အားလွှမ်းခြုံထားသည့် အလင်းရောင်ခြည်များသည်လည်း ၎င်းအပေါ်သို့ကျရောက်ထွန်းလင်းခဲ့ပါသည်။ "အရှင်ထာဝရဘုရားသခင်၏အမိန့်တော်ကိုဆင့်ဆိုရမည်မှာ သင်သည်ထူးဆန်းသောတံဆိပ်ဖြစ်၏။ ပညာနှင့်ပြည့်စုံ၍ တင့်တယ်ခြင်းအသရေလည်းစုံလင်လျက်ရှိ၏။ ဒေဝအရပ်ဘုရားသခင်၏ဥယျာဉ်တော်၌နေပြီး သင်၏ခေါင်းပေါ်မှာ ကျောက်မြတ်အမျိုးမျိုးတို့ကိုဆောင်းလေ၏။ သင်သည်ဖြန့်၍လွှမ်းမိုးသောခေရုဗိမ်ဖြစ်လျက် ငါ့အခွင့်နှင့်ဘုရားသခင်၏

သန့်ရှင်းသောတောင်ပေါ်မှာနေရာကျ၍ မီးတောက်သောကျောက်တို့တွင် သွားလာရ၏။ ဖွားသောနေ့မှစ၍ သင့်အပြစ်ထင်ရှားသောနေ့တိုင်အောင် ပြုလေရာရာ၌စုံလင်လျက်ရှိ၏။" (ယေဇကျေလ ၂၈း၁၂-၁၅)။

လူစီဖါသည် တစ်စထက်တစ်စ ကိုယ့်ကိုကိုယ်ချီးမြှောက်မှုကိုပို၍ လုပ်ဆောင်လာခဲ့ပါသည်။ "သင်သည် ကိုယ်၌တင့်တယ်သောအသရေကြောင့် ဝါကြွားသောစိတ်ရှိလျက် ဂုဏ်ထွန်းတောက်သောကြောင့် သင်၏ပညာသည် ဖေါက်ပြန်လျက်ရှိလေပြီ။" "သင်ကလည်းကောင်းကင်ပေါ်သို့ငါတက်မည်၊ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကိုငါချီးမြှောက်မည်။---အမြင့်ဆုံးသောဘုရားသခင်ကဲ့သို့ငါနေမည်ဟုစိတ်အကြံရှိလေပြီ" ဟူ၍လည်း ကျမ်းစာတော်မြတ်က သူ့အကြောင်းကိုဖွင့်ဆိုထားပါသည်။ (ယေဇကျေ ၂၈း၁၇။ ဟေရှာယ ၁၄း၁၃-၁၄)။ ၎င်းရရှိထားသည့်တန်ခိုးများသည် ဘုရားသခင်ထံတော်မှရရှိထားသည့်အရာများဖြစ်သော်လည်း မိမိနှင့်သာသက်ဆိုင်သောအရာများအဖြစ် သူမှတ်ယူလာခဲ့ပါသည်။ သူသည် ကောင်းကင်သားများတွင် အမြင့်ဆုံးရာထူးကိုရရှိထားသော်လည်း ကျေနပ်ရောင့်ရဲမှုမရှိဘဲ ဖန်ဆင်းရှင်တစ်ပါးတည်းသာခံယူထိုက်သောကိုးကွယ်မှုကိုခံယူနိုင်ဖို့ စွန့်စားလုပ်ဆောင်ခဲ့ပါသည်။ သူသည်ခပ်သိမ်းသောသတ္တဝါအား ထာဝရဘုရားသခင်ကိုချစ်ခင်မြတ်နိုး၍ သစ္စာစောင့်သိရိုသေရန် လုပ်ဆောင်ပေးရမည့်အစား မိမိအားချစ်ခင်လာအောင်၊ ရိုသေလာအောင် သူကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ ၎င်းပြင် သူသည် ခမည်းတော်ဘုရားသခင်က သားတော်ဘုရားသခင်အား အပ်နှင်းထားတော်မူသည့်တန်ခိုးတော်ကိုလိုချင်တပ်မက်လျက် ခရစ်တော်တစ်ပါးတည်းသာပိုင်ဆိုင်ခွင့်ရှိသောတန်ခိုးတော်ကို အာသာငမ်းငမ်းတမ်းတစွဲလမ်းခဲ့ပါသည်။

ယခုအချိန်တွင် ကောင်းကင်နိုင်ငံတော်၏စုံလင်သောညီညွတ်မှုသည် ပျက်ပြားခဲ့ရချေပြီ။ ဖန်ဆင်းရှင်ကိုကိုးကွယ်ရမည့်အစား မိမိကိုယ်ကိုကိုးကွယ်သောလူစီဖါ၏ပကတိစိတ်သဘောထားသည် ဘုရားသခင်၏ဘုန်းတော်ကို အထွတ်အမြတ်ထားသင့်သည်ဟု မှတ်ယူထားကြသူများက ဆန်းစစ်ကြည့်ရှုလေ့လာသောအချိန်တွင် စိုးရိမ်စိတ်များနိုးထလာခဲ့ပါသည်။ ကောင်းကင်တမန်



များသည် ကောင်းကင်နိုင်ငံအစည်းအဝေးတွင် ၎င်းတို့၌အပြစ်မရှိကြောင်း လူစီဖါနှင့်အတူ ဆင်ခြေတက်ကြပါသည်။ သားတော်ဘုရားသခင်သည် ဖန်ဆင်းရှင်၏ကြီးမြတ်ခြင်း၊ ကောင်းမြတ်ခြင်းနှင့် တရားမျှတမှုရှိခြင်းများကိုလည်းကောင်း၊ ပညတ်တော်၏သန့်ရှင်းမွန်မြတ်မှုနှင့် မပြောင်းလဲနိုင်သောသဘာဝကိုလည်းကောင်း ၎င်းအားဖော်ပြပြောဆိုခဲ့ပါသည်။ ဘုရားသခင်ကိုယ်တော်တိုင် ကောင်းကင်နိုင်ငံအဖွဲ့အစည်းကိုတည်ထောင်တော်မူခဲ့သဖြင့် လူစီဖါသည် ထိုအဖွဲ့အစည်းမှခွဲထွက်သွားခြင်းဖြင့် ဘုရားသခင်အား အသရေယုတ်စေခဲ့ပြီး မိမိကိုယ်ကိုလည်း ပျက်စီးဆုံးရှုံးခြင်းသို့ရောက်စေခဲ့ပါသည်။ ထာဝရမေတ္တာတော်နှင့်ကရုဏာတော်အားဖြင့် ပြုတော်မူခဲ့သောသတိပေးချက်သည်လည်း အန်တုလိုသောစိတ်ဓါတ်ကိုသာဖြစ်ပေါ်စေခဲ့ပါသည်။ လူစီဖါသည် ခရစ်တော်အပေါ်မနာလိုစိတ်ထားခဲ့မိသည့်အတွက် ပိုမို၍စိတ်နှလုံးခိုင်မာလာခဲ့ပါသည်။

သားတော်ဘုရားသခင်၏အထွတ်အမြတ်ဖြစ်ခြင်းကို ဒွိဟဖြစ်အောင် လုပ်ဆောင်ခြင်းအားဖြင့် ဖန်ဆင်းရှင်၏မေတ္တာတော်နှင့်ဉာဏ်တော်ကို သံသယဖြစ်အောင်လုပ်ဆောင်ရန်မှာ စာတန်၏အကြံအစည်ပင်ဖြစ်ပါသည်။ ခရစ်တော်ထက်တစ်ဆင့်နိမ့်ကျသောအခြေအနေမှ ဘုရားသခင်၏ဗိုလ်ခြေများအလယ်တွင် ပထမအဆင့်သို့ရောက်ရှိရန် ထိုဉာဏ်ကြီးရှင်သည် ထိုသို့သောရည်ရွယ်ချက်ဖြင့် မိမိ၏ခွန်အားအစွမ်းသတ္တိများကို အသုံးပြုတော့မည့်ဆဲဆဲအခြေသို့ရောက်ခဲ့ပါသည်။ သို့ရာတွင် စိတ်နှလုံးကိုရှုပ်ထွေးစေသည့် စဉ်းလဲသောဆင်ခြေများကိုအသုံးပြု၍ ပုန်ကန်ထကြွမှုကိုမှန်ကန်သောလုပ်ဆောင်မှုတစ်ရပ်အဖြစ်လက်ခံရန် ကြိုးစားမှုကိုဝေနေယျသတ္တဝါများအား စိတ်လွတ်လပ်မှုပေးထားတော်မူသောကိုယ်တော်သည် အကာအကွယ်မပေးဘဲနေတော်မူမည်မဟုတ်ချေ။ ဤမဟာအငြင်းပွားမှုကြီးကိုမပြုလုပ်မီက ခပ်သိမ်းသောသတ္တဝါများအတွက် ဝမ်းမြောက်ခြင်းစမ်းရေဖြစ်တော်မူသော ဉာဏ်ပညာနှင့်လည်းကောင်း၊ ကောင်းမြတ်ခြင်းနှင့်လည်းကောင်း ပြည့်စုံတော်မူသော ကိုယ်တော်ရှင်၏အလိုတော်ကို လူတိုင်းလူတိုင်းရှင်းလင်းစွာနားလည်ရန် လိုအပ်လှပါသည်။

ထာဝရဘုရားသခင်သည် သားတော်ရယူထားသည့်အဆင့်အတန်းအမှန်ကို ထင်ရှားစေရန်အတွက်သော်လည်းကောင်း၊ ဝေနေယျသတ္တဝါများကိုကျွေးမွေးစောင့်ရှောက်မှုနှင့်ပတ်သက်သည့် ဆက်နွှယ်မှုကိုပြသရန်အတွက်သော်လည်းကောင်း ကောင်းကင်သားအားလုံးကို ရှေ့တော်တွင်ခစားကြရန် ဆင့်ခေါ်တော်မူခဲ့ပါသည်။ သားတော်ဘုရားသခင်သည် ခမည်းတော်ဘုရားသခင်နှင့်အတူတကွ ပလ္လင်ပေါ်တွင်စိုးစံတော်မူလျက် အမှီအခိုကင်းမဲ့စွာဖြင့် ထာဝရကာလတည်ရှိနိုင်သော ကိုယ်တော်၏အလင်းတော်သည် နှစ်ပါးစလုံးအားရစ်ပတ်လျက်ရှိပါသည်။ ၎င်းပြင်ပလ္လင်တော်ပတ်လည်တွင် ကုဋေသင်္ချေမကများပြားလှစွာသောကောင်းကင်တမန်များသည် ဘုရားသခင်၏အလင်းအောက်တွင်အလုပ်အကျွေးပြုသူများ၊ အအုပ်ချုပ်ခံသူများအဖြစ် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် စုရုံးကြလျက်ရှိပါသည်။ တစ်ပါးတည်းသောသားတော်တည်းဟူသောခရစ်တော်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ကိုယ်တော်၏အကြံအစည်တော်များအတိုင်း အပြည့်အဝလုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း၊ ထို့အပြင်ကိုယ်တော့်အလိုတော်၏ခိုင်မာသောအကြံပေးချက်များကိုအတည်ပြုဆောင်ရွက်ရန်၎င်းအားအပ်နှင်းထားကြောင်း စသည်တို့ကို ထာဝရဘုရားသခင်သည်စုရုံးရောက်ရှိလာကြသည့် ထိုကောင်းကင်သားများရှေ့မှောက်တွင် ကြေညာတော်မူခဲ့ပါသည်။ သားတော်ဘုရားသခင်သည် ခမည်းတော်ဘုရားသခင်၏အလိုတော်အတိုင်း ကောင်းကင်သားအားလုံးကိုဖန်ဆင်းတော်မူခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ခမည်းတော်ခံယူသည့်ကိုးကွယ်မှုနှင့်ကျေးဇူးသစ္စာစောင့်သိမှုများကိုခံယူထိုက်ကြောင်းကိုလည်း ကြေညာတော်မူပါသည်။ ခရစ်တော်သည် လောကဓါတ်နှင့်လောကသားများကိုဖန်ဆင်းခြင်းအမှုတွင်ဘုရားသခင်တန်ခိုးတော်ကိုဆက်လက်အသုံးပြုရန်ဖြစ်ပါသည်။ သို့သော်ထိုတန်ခိုးတော်ကိုအသုံးပြုရာတွင် ကိုယ်တော်သည် ဘုရားသခင်၏အကြံအစည်တော်ကိုဆန့်ကျင်ကာ မိမိကိုယ်ကိုချီးမြှောက်တော်မမူဘဲ ခမည်းတော်၏တန်ခိုးကိုချီးမြှောက်ခဲ့ပါသည်။ လူသားများအားကျေးဇူးပြုမည့် ကိုယ်တော်၏အကြံတော်နှင့်မေတ္တာတော်များကို အတည်ပြုလုပ်ဆောင်တော်မူခဲ့ပါသည်။



ခရစ်တော်၏အထွတ်အမြတ်ဖြစ်ခြင်းကို ကောင်းကင်တမန်များကဝမ်းမြောက်စွာဖြင့်အသိအမှတ်ပြုခဲ့ကြပြီး မိမိတို့၏မေတ္တာနှင့်ချီးမွမ်းထောမနာပြုမှုများကို ကိုယ်တော်၏ရှေ့မှောက်တွင်ပျပ်ဝပ်လျက် ဖော်ပြကြပါသည်။ လူစီဖါသည် ထိုကောင်းကင်တမန်များနှင့်အတူဦးညွှတ်ပျပ်ဝပ်ခဲ့သော်လည်း၎င်း၏နှလုံးသားထဲတွင်မူ ထူးဆန်း၍ပြင်းထန်သောတိုက်လှန်မှုတစ်ရပ်ဖြစ်ပေါ်နေပါသည်။ အမှန်တရား၊ တရားမျှတခြင်းနှင့် သစ္စာစောင့်သိခြင်းစိတ်များသည် ငြူစူသောစိတ်၊ မနာလိုဝန်တိုသောစိတ်များနှင့် တိုက်လှန်ရုန်းကန်လျက်ရှိကြပါသည်။ သန့်ရှင်းသောကောင်းကင်တမန်များ၏ဆွဲဆောင်မှုကြောင့်လူစီဖါသည် အခိုက်အတန့်အားဖြင့် ၎င်းတို့နှင့်လက်တွဲခဲ့သယောင်ဖြစ်ခဲ့ပါသည်။ သာယာနာပျော်ဖွယ်ကောင်းသောတေးသွားများဖြင့် ထွက်ပေါ်လာသောချီးမွမ်းထောမနာသီချင်းသံများအားဖြင့် ထောင်ပေါင်းများစွာသောဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည့်အသံများသည် ကြားရသူတိုင်းအား ဘဝင်လှိုက်ဆူစေစဉ်တွင် လူစီဖါ၏နှလုံးထဲတွင်ရှိနေသည့် ဆိုးညစ်သောစိတ်ထားများပျောက်လွင့်သွားသကဲ့သို့ဖြစ်သွားကာ မဖော်ပြနိုင်အောင်ကြီးမားသောမေတ္တာတော်သည် ၎င်း၏ကိုယ်စိတ်ဝိညာဉ်အတွင်းနှံ့ပြားသွားပြီး ၎င်း၏အသက်ဝိညာဉ်သည် အပြစ်ကင်းသောဝတ်ပြုနေသူများနှင့်ညီညီညွတ်ညွတ်ရှိလျက်ခမည်းတော်ဘုရားသခင်နှင့်သားတော်ဘုရားသခင်တို့အား မေတ္တာသက်ဝင်ကာချစ်ခင်ခဲ့ပါသည်။ သို့သော်လည်း သူသည် မိမိတွင်ရှိနေသည့်တန်ခိုးများကြောင့် မာနတက်လာပြန်သည်။ အကြီးအမှူးဖြစ်လိုသောဆန္ဒသည် တစ်ဖန်ပေါ်လာပြန်ကာ ခရစ်တော်အားငြူစူသောစိတ်ထားသည် တစ်ဖန်ဖြစ်ပေါ်လာပြန်သည်။ လူစီဖါသည် ၎င်းအားပေးအပ်ထားသည့် မြင့်မားသောဂုဏ်ပြုခြင်းများကို ဘုရားသခင်ပေးသနားတော်မူသည့် အထူးကျေးဇူးများအဖြစ် အမွန်အမြတ်မထားခဲ့ချေ။ ထို့ကြောင့် သူသည် ဖန်ဆင်းရှင်အားကျေးဇူးတင်ကြောင်းမထုတ်ဖော်ခဲ့ချေ။ ဘုန်းထွန်းတောက်မှုနှင့်ကြီးမြတ်မှုများအတွက် သူဂုဏ်ယူခဲ့ပါသည်။ ၎င်းပြင် ဘုရားသခင်ကဲ့သို့ဖြစ်ရန်လည်း အာသာငမ်းငမ်းတောင့်တခဲ့ပါသည်။ သူ့အားကောင်းကင်သားအပေါင်းတို့က ချစ်ခင်ရိုသေ

ခဲ့ကြပါသည်။ သူ၏အမိန့်ကိုလည်းနာခံခဲ့ကြပါသည်။ သူသည် အားလုံးသော ကောင်းကင်သားများထက် ထူးခြားသောဉာဏ်ပညာနှင့်လည်းကောင်း၊ ဘုန်းအသရေနှင့်လည်းကောင်း ရစ်ပတ်ခြင်းကိုခံခဲ့ရပါသည်။ သို့သော်လည်း တန်ခိုးတော်နှင့်အာဏာတော်တွင် အဘဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူသောသားတော်သည် ၎င်း၏အထက်တွင် ချီးမြှောက်ခြင်းကိုခံရပါသည်။ ကိုယ်တော်သည် အဘခမည်းတော်၏အကြံအစည်တော်အတိုင်း မှူဝေလုပ်ဆောင်နိုင်စွမ်းရှိသော်လည်း လူစီဖါမှာကား လုပ်ဆောင်နိုင်စွမ်းမရှိပါချေ။ “အဘယ်ကြောင့်ခရစ်တော်သည် အထွတ်အထိပ်တန်ခိုးတော်ကို ရယူပိုင်ဆိုင်ထားသင့်ပါသနည်း” ဟူ၍ လူစီဖါက မေးခွန်းထုတ်ခဲ့ပါသည်။

လူစီဖါသည် ဘုရားသခင်၏ရှေ့တော်မှောက်တွင် ခစားရသော ၎င်း၏ရာထူးကိုစွန့်ခွာလျက် မကျေနပ်သည့်စိတ်ဓါတ်များကို ကောင်းကင်တမန်များအကြားတွင်ဖြစ်ပေါ်နှံ့ပြားစေရန် အစွမ်းကုန်ကြိုးစားခဲ့ပါသည်။ ထိုသို့ကြိုးစားလုပ်ဆောင်ရာတွင် လူ့ဉာဏ်နှင့်မမီနိုင်အောင် နက်နဲသိမ်မွေ့သော အရာများကို သူအသုံးပြုခဲ့ပါသည်။ အခိုက်အတန့်အားဖြင့် သူ၏အကြံအစည်ကို ဘုရားသခင်အားရိုသေခြင်းအသွင်လက္ခဏာအောက်တွင် ဖုံးကွယ်ထားခဲ့ပါသည်။ ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် ပညတ်တော်များသည် မရှိမဖြစ်လိုအပ်မည်ဖြစ်သော်လည်း ထိုလူသားများထက်သာလွန်မြင့်မြတ်ပြီး လုံလောက်သောဉာဏ်ပညာရှိသည့်ကောင်းကင်တမန်များအဖို့မူ အချုပ်အနှောင်ဖြစ်သည့် ထိုကဲ့သို့သောပညတ်များကိုမလိုအပ်ကြောင်း အရိပ်အမြွက်ပြောကြားလျက် လူစီဖါသည် ကောင်းကင်သားများကိုအုပ်ချုပ်ရာတွင် အသုံးပြုသည့်ဘုရားသခင်၏ပညတ်တော်များနှင့်ပတ်သက်၍ သံသယဖြစ်စေနိုင်သောအရာများကို မသိမသာအယုံသွင်းပြောကြားလာခဲ့ပါသည်။ ကောင်းကင်တမန်များသည် ဘုရားသခင်အား ဂုဏ်အသရေယုတ်ညံ့အောင် လုပ်မည့်သူများမဟုတ်ကြောင်း၊ ၎င်းတို့၏တွေးခေါ်ကြံဆချက်အားလုံးသည် သန့်ရှင်းကြောင်း၊ ဘုရားသခင်သာ မှားယွင်းကောင်းမှားယွင်းမည်ဖြစ်သော်လည်း ၎င်းတို့အနေဖြင့် မည်သည့်အခါမျှ မှားယွင်းစွာလုပ်ဆောင်ကြလိမ့်မည်မဟုတ်ကြောင်း လူစီဖါကဖွင့်ဟ



ပြောဆိုပါသည်။ သားတော်အား ဘုရားသခင်နှင့်တစ်တန်းတည်းချီးမြှောက်ခြင်းသည် ဝေနေယျသတ္တဝါများ၏အရိုအသေပေးခြင်းနှင့်ဂုဏ်ပြုခြင်းကို မိမိရထိုက်သည်ဟုတောင်းဆိုနေသောလူစီဖါအား မတရားလုပ်သကဲ့သို့ဖြစ်နေပါသည်။ အကယ်၍သာ ထိုကောင်းကင်ဗိုလ်မင်းသည် ၎င်းအားချီးမြှောက်ထားသောရာထူးအဆင့်အတန်းကို ကျေနပ်စွာဖြင့်ရယူဆောင်ရွက်ခဲ့မည်ဆိုလျှင် ကြီးကျယ်သောကောင်းမြတ်ခြင်းသည် ကောင်းကင်နိုင်ငံတစ်ခုလုံးတွင် ဖြစ်ထွန်းခဲ့လိမ့်မည်ဖြစ်ပါသည်။ အကြောင်းမူကား ခပ်သိမ်းသောသူတို့အတွက် လွတ်လပ်မှုကိုထိန်းသိမ်းရန်မှာ ကိုယ်တော်ရှင်၏ရည်ရွယ်ချက်ဖြစ်သောကြောင့်တည်း။ သို့ရာတွင် ၎င်းတို့အနေဖြင့် ယခုအချိန်တိုင်အောင် ခံစားခဲ့ရသော လွတ်လပ်မှုသည်ပင်လျှင် အဆုံးသို့ရောက်ရှိခဲ့ချေပြီ။ အချုပ်အခြာအာဏာရှင်တစ်ပါးကို သူတို့အတွက်ခန့်အပ်ထားခဲ့ချေပြီ။ ၎င်းတို့သည် ထိုသူ၏အာဏာတော်ကိုလိုက်နာကြရပေတော့မည် စသည့်လူစီဖါ၏လှည့်ဖြားသွေးဆောင်မှုများအားဖြင့် ထိုကဲ့သို့သောကောက်ကျစ်လိမ်ညာမှုများသည် ကောင်းကင်နိုင်ငံတော်၏လွှတ်ရုံးတော်တွင် အလျင်အမြန်ရေပန်းစားလာခဲ့ပါသည်။

ခရစ်တော်ပိုင်ဆိုင်ထားသည့် ရာထူးအဆင့်အတန်းနှင့်အာဏာတန်ခိုးများသည် အပြောင်းအလဲမရှိခဲ့ပါချေ။ ခရစ်တော်အပေါ်ထားရှိသည့် လူစီဖါ၏ငြူစူမှုသည်လည်းကောင်း၊ ကိုယ်တော်အကြောင်းကိုမှားယွင်းစွာဖော်ပြခြင်းသည်လည်းကောင်း၊ ခရစ်တော်နှင့်ရာထူးအဆင့်အတန်း တန်းတူညီမျှဖြစ်စေရန် ၎င်း၏တောင်းဆိုချက်များသည်လည်းကောင်း သားတော်ဘုရားသခင်၏ စစ်မှန်သောရာထူးအတွက် ဖော်ပြချက်တစ်ခုကိုမဖြစ်မနေပေါ်ထွက်လာစေခဲ့ပါသည်။ သို့ရာတွင် ထိုဖော်ပြချက်သည် အစဦးမှာကဲ့သို့ပင် မည်သို့မျှအကျိုးသက်ရောက်မှုမရှိဘဲ များစွာသောကောင်းကင်တမန်များသည် လူစီဖါ၏လှည့်ဖြားမှုအောက်တွင် အသိဉာဏ်ကင်းမဲ့ဆဲဖြစ်ခဲ့ကြပါသည်။

လူစီဖါသည် မိမိအပေါ်တွင်ထားရှိသည့် သန့်ရှင်းသောကောင်းကင်တမန်များ၏မေတ္တာထားမှုနှင့်သစ္စာရှိမှုများကို အခွင့်ကောင်းယူကာ မိမိ၏မယုံကြည်မှုနှင့်မကျေနပ်မှုများကို ၎င်းတို့၏စိတ်နှလုံးထဲသို့ပရိယာယ်ပြု၍

တဖြည်းဖြည်းစွဲမြဲစေခဲ့ပါသည်။ ဘုရားသခင်အား လူစီဖါမယုံကြည်ကြောင်းနှင့် မကျေနပ်ကြောင်းကို ထိုကောင်းကင်တမန်များမသိရှိခဲ့ကြချေ။ သူသည် ကွဲပြားခြားနားမှုများနှင့်မကျေနပ်မှုများကိုနှိုးဆွရန် ဘုရားသခင်၏အကြံအစည်တော်များကိုမှားယွင်းစွာ အဓိပ္ပါယ်ကောက်ကာတင်ပြခဲ့ပါသည်။ မိမိ၏ဖွင့်ဟချက်များကိုနားထောင်နေကြသော ကောင်းကင်တမန်များအား ၎င်းတို့၏ရင်တွင်းခံစားချက်များကိုထုတ်ဖေါ်ပြောကြားလာစေရန် ကောက်ကျစ်စဉ်းလဲစွာဖြင့် သူဆွဲဆောင်ခဲ့ပါသည်။ ဤထုတ်ဖေါ်ပြောဆိုချက်များသည် ၎င်း၏အကြံအစည်ကိုအမအစပြုသောအချိန်တိုင်းတွင် ဘုရားသခင်၏အုပ်စိုးမှု၌ ညီညွတ်မှုများပြည့်ဝစွာမရှိတော့ကြောင်း သက်သေပြချက်တစ်ခုအနေဖြင့် သူသည် အထပ်ထပ်ရွတ်ဆိုဖေါ်ပြခဲ့ပါသည်။ ထာဝရဘုရားသခင်အား လုံးလုံးသစ္စာစောင့်သိကြရန် သူတောင်းဆိုဆဲမှာပင် ဘုရားသခင်နှင့်နိုင်ငံတော်အုပ်ချုပ်မှုတွင် တည်ငြိမ်မှုရှိစေရန် ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးအပိုင်းတွင် မဖြစ်မနေအပြောင်းအလဲလုပ်ဖို့လိုအပ်ကြောင်း သူတိုက်တွန်းနေပါသည်။ စာတန်သည် ဘုရားသခင်၏ပညတ်တော်အားဆန့်ကျင်ကြရန်နှိုးဆော်နေစဉ် မိမိ၏မကျေနပ်မှုများကို လက်အောက်ခံကောင်းကင်တမန်များ၏စိတ်ထဲတွင် တဖြည်းဖြည်းအယုံသွင်းဖို့ကြိုးစားနေစဉ်များမှာပင် ရောင့်ရဲတင်းတိမ်မှုမရှိခြင်းကိုဖယ်ရှားပစ်ရန် ကောင်းကင်နိုင်ငံအဖွဲ့အစည်းမှ မသင့်မတင့်ဖြစ်နေသော ကောင်းကင်တမန်များအား ပြန်လည်စေ့စပ်ပေးရန် အပြင်ပန်းအားဖြင့် သူကြိုးစားပြနေပါသည်။ သူသည် ညီညွတ်မှုပြိုကွဲသွားစေရန်နှင့် ပုန်ကန်ထကြွမှုများဖြစ်လာရန် လျှို့ဝှက်စွာဆွပေးနေစဉ်မှာပင် ပြောင်မြောက်သောပါးနပ်မှုများကိုအသုံးပြုကာ မိမိ၏တစ်ခုတည်းသောအကြံအစည်မှာ သစ္စာစောင့်သိမှုကိုတိုးပွားစေရန်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းပေးရန်ဖြစ်ကြောင်းများကို ပုံပေါ်လာစေရန်လုပ်ဆောင်ခဲ့ပါသည်။

တောက်လောင်နေသောကျေနပ်ရောင့်ရဲမှုမရှိသည့် ထိုစိတ်ဓါတ်သည် ဘေးသင့်စေသောအရာများကို တွေးတောလုပ်ဆောင်လျက်ရှိပါသည်။ စိတ်ဝမ်းကွဲပြားမှုများသည် ကောင်းကင်တမန်များအကြားတွင် ရုတ်တရက်ထင်ထင်



ရှားရှားဖြစ်ပေါ်လာခြင်းမရှိသေးသော်လည်း မသိမသာတိုးပွားလာခဲ့ပါသည်။ လူစီဖါ၏အယုံသွင်းမှုကိုသဘောပေါက်လက်ခံကြသော ကောင်းကင်တမန်များသည် ဘုရားသခင်၏အုပ်စိုးမှုကိုဆန့်ကျင်ခဲ့ကြပါသည်။ သူတို့သည် ယခုအချိန်တိုင် ဘုရားသခင်တည်ထောင်ထားသောအဖွဲ့အစည်းနှင့်လုံးလုံးကြီး ညီညွတ်မှုရှိခဲ့ကြသော်လည်း ကိုယ်တော်၏ရှာမှုရှားသောအကြံပေးချက်များကို ထိုးထွင်းသဘောမပေါက်နိုင်ကြသည့်အတွက် ယခုတွင်မူ ကျေနပ်တင်းတိမ်မှုနှင့်ပျော်ရွှင်ဝမ်းမြောက်မှုမရှိကြတော့ချေ။ ခရစ်တော်ကိုချီးမြှောက်လိုသော ဘုရားသခင်၏အကြံအစည်တော်ကို သူတို့မကျေမနပ်ကြတော့ချေ။ ဤစိတ်ဓါတ်များသည် သားတော်ဘုရားသခင်နှင့်တူညီသောတန်ခိုးအာဏာကိုတောင်းဆိုနေသည့် လူစီဖါအား ထောက်ခံနေကြသောစိတ်ဓါတ်များဖြစ်ကြပါသည်။ သို့ရာတွင် သစ္စာစောင့်သိသောကောင်းကင်တမန်များသည် ဘုရားသခင့်မိန့်မှာချက်များ၏ဉာဏ်အမြော်အမြင်ရှိမှုနှင့်တရားမျှတမှုရှိခြင်းများကို အခိုင်အမာပြောဆိုကာ အကြည်ညိုပျက်လျက်ရှိသော လူစီဖါအား ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီသွားစေရန် ကြိုးစားဖျောင်းဖျခဲ့ကြပါသည်။ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူ၍ ထိုကောင်းကင်တမန်များမတည်မရှိမီကပင် ကိုယ်တော်ရှင်နှင့်အတူရှိတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ခမည်းတော်ဘုရားသခင်၏လက်ယာဘက်တွင် အမြဲတမ်းစိုးစံတော်မူခဲ့ရသဖြင့် နှစ်သက်ဖွယ်သောအုပ်ထိန်းမှုအောက်သို့ တိုးဝင်သူများအား ပေးသနားတော်မူမည့်ကောင်းချီးမင်္ဂလာများနှင့် အထူးပြည့်စုံတော်မူသောဘုရားသခင်၏တန်ခိုးတော်ကို ယခုအချိန်တိုင် ယုံမှားသံသယမရှိခဲ့ချေ။ ကောင်းကင်နိုင်ငံတော်၏သွေးစည်းညီညွတ်မှုသည် မည်သည့်အခါကမျှ နှောင့်ယှက်ဆီးတားခြင်းကိုမခံခဲ့ရဖူးချေ။ သို့အတွက် ယခုအချိန်တွင် စိတ်ဝမ်းကွဲပြားမှုရှိသင့်ပါသလား။ သစ္စာစောင့်သိသောကောင်းကင်တမန်များအနေဖြင့် ဤပဋိပက္ခမှုမှထွက်ပေါ်လာမည့်ဆိုးကျိုးများကိုမြင်တွေ့ကြသည့်အတွက် မသင့်မတင့်ဖြစ်နေသောကောင်းကင်တမန်များအား ၎င်းတို့၏အကြံအစည်ကို စွန့်လွှတ်ကြကာ ကိုယ်တော်၏အုပ်စိုးမှုကို တိကျမှန်ကန်စွာလိုက်နာခြင်းအားဖြင့်

ထာဝရဘုရားသခင်အား သစ္စာစောင့်သိလျက်ရှိကြောင်း လက်တွေ့ပြသရန် အနူးအညွတ်တောင်းပန်ပြီး အကြံပေးခဲ့ကြပါသည်။

ထာဝရဘုရားသခင်သည် ကြီးမားသောကရုဏာတော်အားဖြင့် လူစီဖါအား အချိန်ကြာမြင့်စွာသည်းခံတော်မူခဲ့ပါသည်။ ကျေနပ်ရောင့်ရဲမှု မရှိသောစိတ်ဓါတ်နှင့် အကြည်ညိုပျက်သောစိတ်ထားများသည် ကောင်းကင်နိုင်ငံတော်တွင် ယခင်ကမရှိခဲ့ဖူးချေ။ ထိုစိတ်ထားသည် ထူးဆန်းပြီး နက်နဲရှုပ်ထွေးကာ နားလည်အောင်ရှင်းလင်းပြရန်မလွယ်ကူသည့်အသစ်သောအရာတစ်ခုဖြစ်နေပါသည်။ လူစီဖါကိုယ်တိုင်လည်း မိမိ၏ခံစားချက်အခြေအနေမှန်ကို အစအဦးတွင်ကောင်းစွာမသိရှိခဲ့ချေ။ သူ့စိတ်ထဲတွင်တွေးထင်ကြံရွယ်ထားသောအရာများကိုဖွင့်ဟရန် အစအဦးတွင်မရဲခဲ့ချေ။ သို့ရာတွင် သူသည် ထိုခံစားချက်ကိုစိတ်ထဲမှဖျောက်ဖျက်မပစ်ခဲ့ချေ။ မိမိသည် မည်သည့်နေရာသို့ဦးတည်ကာ မျောပါနေသည်ကိုလည်း သူမတွေ့မမြင်ခဲ့ချေ။ သို့ရာတွင် ထာဝရမေတ္တာတော်နှင့်ထာဝရဉာဏ်တော်အားဖြင့်သာ ကြံစည်ဖန်တီးနိုင်သည့် ထိုကဲ့သို့သောကြိုးစားလုပ်ဆောင်မှုကို ၎င်း၏အမှားများအားသဘောပေါက်နားလည်ရန် ပြင်ဆင်တော်မူခဲ့ပါသည်။ သူ၏ရန်လိုခြင်းအမှုသည် ခိုင်လုံသောအကြောင်းရင်းမရှိကြောင်းထင်ရှားစေခဲ့ပြီး မနားမနေပုန်ကန်လုပ်ဆောင်ခြင်း၏ဆိုးကျိုးများသည် မည်သည့်အရာများဖြစ်ကြောင်းကို မြင်တွေ့စေခဲ့ပါသည်။ မှားယွင်းစွာမိမိလုပ်ဆောင်နေသည်ကို လူစီဖါသဘောပေါက်ခဲ့ပါသည်။ "ထာဝရဘုရားသခင်၏လမ်းခရီးတော်ရှိသမျှတို့သည် ဖြောင့်မတ်၍ ခပ်သိမ်းသောအမှုတော်တို့သည် သန့်ရှင်းကြ၏" ဟူ၍လည်းကောင်း၊ ဘုရားသခင်ပြဋ္ဌာန်းထားသည့်ဥပဒေများသည်ဖြောင့်မှန်၍ ယခင်ကကဲ့သို့ပင် အသိအမှတ်ပြုသင့်သည်ဟူ၍လည်းကောင်း သူမြင်တွေ့ခဲ့ပါသည်။ အကယ်၍သာ တွေ့မြင်သည့်အတိုင်း သူလုပ်ဆောင်ခဲ့မည်ဆိုလျှင် မိမိကိုယ်တိုင်နှင့်တကွ အခြားသောကောင်းကင်တမန်များကိုပါ ပျက်စီးခြင်းမှကယ်တင်နိုင်လိမ့်မည်ဖြစ်သည်။ သူသည် ဘုရားသခင်အပေါ်ထားရှိသည့် သစ္စာစောင့်သိမှုကို ထိုအချိန်တွင်လုံးလုံးကြီးစွန့်ပစ်ခြင်းမပြုသေးချေ။ လွှမ်းမိုးသောခေရုဗိမ်အရာကို



စွန့်လွှတ်ခဲ့ပြီးဖြစ်သော်လည်း ဖန်ဆင်းရှင်၏ထာဝရဉာဏ်တော်ကိုအသိအမှတ်ပြုလျက် ဘုရားသခင်၏ကြီးကျယ်သောစီမံကိန်းကြီးတွင် မိမိအားခန့်အပ်ထားသည့်ရာထူးတာဝန်တွင် လုပ်ကိုင်ဆောင်ရွက်ရန် ကျေနပ်ရောင့်ရဲမှုရှိကာ ကိုယ်တော်ရှင်ထံသို့ပြန်လာရန် ဆန္ဒရှိခဲ့လျှင် သူသည် မူလရာထူးတွင် ပြန်လည်ခန့်အပ်ခြင်းကိုခံရပါလိမ့်မည်။ သူ့အတွက်နောက်ဆုံးသောဆုံးဖြတ်ချက်ချရမည့်အချိန်သည် ရောက်ရှိလာခဲ့ချေပြီ။ သူသည် ထာဝရဘုရားသခင်၏ အုပ်ချုပ်မှုကို လုံးလုံးလျားလျားခံယူရမည်။ သို့မဟုတ်ပါက ပွင့်ပွင့်လင်းလင်း ပုန်ကန်ခြားနားမှုကို ပြုလုပ်ရမည်ဖြစ်ပါသည်။ သူသည် ဘုရားသခင်ထံသို့ ပြန်လာရန် ဆုံးဖြတ်ချက်ချလုဆဲဆဲရှိခဲ့သော်လည်း မာနစိတ်က သူ့အား ဟန့်တားခဲ့ပါသည်။ ရာထူးကြီးတစ်ခုကိုရထားသူတစ်ဦးအနေဖြင့် မိမိမှားယွင်းစွာလုပ်ဆောင်ခဲ့ကြောင်းကိုလည်းကောင်း၊ မိမိ၏အတွေးအခေါ်များသည် မမှန်ကန်ကြောင်းကိုလည်းကောင်း ဝန်ချတောင်းပန်ကာ တရားမျှတမှုမရှိကြောင်း မိမိကိုယ်တိုင်လက်တွေ့ပြကာ ဆန့်ကျင်ခဲ့သောအာဏာပိုင်ထံသို့ အလျှော့ပေးအညံ့ခံခြင်းသည် အလွန့်အလွန်ကြီးမားသောဆက်ကပ်မှုတစ်ခုဖြစ်ပါသည်။

သနားခြင်းကရုဏာတော်နှင့်ပြည့်စုံတော်မူသော ဖန်ဆင်းရှင်ထာဝရဘုရားသခင်သည် လူစီဖါနှင့်၎င်း၏နောက်လိုက်များကို သနားတော်မူသဖြင့် ကျရောက်လုဆဲဆဲပျက်စီးခြင်းဘေးမှ ၎င်းတို့အားပြန်လည်ဆွဲယူရန် ကြိုးစားတော်မူခဲ့ပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်၏ကရုဏာတော်ကို တလွဲအဓိပ္ပါယ်ဖွင့်ခဲ့ကြပါသည်။ လူစီဖါသည် ဘုရားသခင်၏စိတ်ရှည်တော်မူခြင်းကို တန်ခိုးတော်အရာတွင်သာလွန်ခြင်းအတွက် အထောက်အထားတစ်ရပ်ကဲ့သို့လည်းကောင်း၊ စကြဝဠာ၏အရှင်သခင်သည် မိမိ၏စည်းကမ်းချက်များကိုလိုက်လျောသည့်ဖေါ်ညွှန်းချက်တစ်ရပ်အနေဖြင့်လည်းကောင်း ပြညွှန်ခဲ့ပါသည်။ ကောင်းကင်တမန်များသည် သူနှင့်သာခိုင်ခိုင်မြဲမြဲရပ်တည်ကြမည်ဆိုလျှင် ၎င်းတို့၏ဆန္ဒရှိသည့်အတိုင်း အောင်မြင်မှုရရှိကြလိမ့်မည်ဖြစ်ကြောင်း လူစီဖါကြေညာခဲ့ပါသည်။ သူသည် မိမိ၏လမ်းစဉ်ကိုသာ ခိုင်မြဲစွာကာကွယ်ခဲ့ပြီး ဖန်ဆင်းရှင်ဘုရားသခင်နှင့်ဆန့်ကျင်၍ ကြီးကျယ်သောတိုက်လှန်ပွဲကြီး

ကိုဆင်နွှဲရန် လုံးလုံးလျားလျားအပ်နှံခဲ့ပါသည်။ ထိုသို့သောနည်းအားဖြင့် အလင်းတော်ကိုဆောင်ခဲ့သူ၊ ဘုရားသခင်၏ဘုန်းတော်ကိုမျှဝေခံစားခဲ့ရသူ၊ ကိုယ်တော်၏ပလ္လင်တော်တွင်ခစားခွင့်ရခဲ့သူ လူစီဖါသည် ဖေါက်ပြန်ကျူးလွန်မှုများကြောင့် စာတန်ဘဝသို့လည်းကောင်း၊ ဘုရားသခင်နှင့်သန့်ရှင်းသူများတို့၏ရန်သူဘဝသို့လည်းကောင်း၊ ၎င်းအားစောင့်ရှောက်ရန် ပေးအပ်ထားသူများအား ဖျက်ဆီးသူဘဝသို့လည်းကောင်း ကျရောက်သွားခဲ့ရပါသည်။

သူသည် သစ္စာစောင့်သိသော ကောင်းကင်တမန်များ၏တောင်းပန်ချက်များကို အထင်အမြင်သေးစွာဖြင့်ငြင်းပယ်လျက် ၎င်းတို့အားလှည့်စားတတ်သောကျွန်များအဖြစ် ထုတ်ဖေါ်စွပ်စွဲခဲ့ပါသည်။ ခရစ်တော်အားဦးစားပေးခြင်းသည် သူ့အပေါ်တွင်လည်းကောင်း၊ ကောင်းကင်သားအားလုံးအပေါ်တွင်လည်းကောင်း မတရားပြုကျင့်သည့်အပြုအမူတစ်ရပ်ဖြစ်ကြောင်း၊ ၎င်းပြင် သူအပါအဝင်ကောင်းကင်သားများ၏လုပ်ပိုင်ခွင့်များကိုထိပါးသော ဤစော်ကားမှုကိုခေါင်းငုံ့မခံနိုင်တော့ကြောင်း ဖွင့်ဟကြေညာခဲ့ပါသည်။ သူသည် ခရစ်တော်၏အချုပ်အခြာအာဏာရှိမှုကို တစ်ဖန်အသိအမှတ်မပြုဘဲနေခဲ့ပြန်ပါသည်။ မိမိအားပေးသင့်ပေးထိုက်သောဂုဏ်ထူးများကိုတောင်းခံရန်နှင့် သူ၏နောက်လိုက်ဖြစ်လာမည့်သူအားလုံးအပေါ်တန်ခိုးအာဏာပြရန် စိတ်ဆုံးဖြတ်ခဲ့ပါသည်။ ၎င်းပြင် သူ၏သစ်ဆန်းကောင်းမွန်သည့်အုပ်ချုပ်ရေးအဖွဲ့အစည်းထဲသို့ ပါဝင်လာကြမည့်သူများသည် လွတ်လပ်မှုကိုခံစားရကြလိမ့်မည်ဖြစ်ကြောင်းကိုလည်း ကတိပြုခဲ့ပါသည်။ များစွာသောကောင်းကင်တမန်များသည် ၎င်းအားခေါင်းဆောင်တင်ရန် မိမိတို့၏သဘောထားများကို အရိပ်အယောင်ပြခဲ့ကြပါသည်။ အရေးသာစေခဲ့သည့် ကောင်းကင်တမန်များ၏ထောက်ခံမှုအားဖြင့် မြှောက်ပင့်ခြင်းကိုခံရသဖြင့် ကောင်းကင်တမန်အားလုံးသည် သူဘက်သို့ ပါလာကာ သူသည်လည်း ဘုရားသခင်နှင့်တန်းတူရည်တူဖြစ်လာပြီး ကောင်းကင်ဘုံသားအားလုံး၏နာခံမှုကိုခံရလိမ့်မည်ဟု သူမျှော်လင့်ခဲ့ပါသည်။

သစ္စာစောင့်သိသောကောင်းကင်တမန်များသည် သူနှင့်တကွ သူ့အားချစ်ခင်ကြသောနောက်လိုက်များအား ဘုရားသခင်ထံတွင် တိုးလျှိုးအညံ့ခံကြရန်



တိုက်တွန်းနေဆဲဖြစ်ပါသည်။ ၎င်းပြင် ထိုကောင်းကင်တမန်များငြင်းဆန်သင့်သည့် ၎င်းတို့မှချဧကန်ရရှိမည့်ဆိုးကျိုးများကိုလည်း မြင်သာအောင်ပြသခဲ့ကြပါသည်။ ၎င်းတို့အားဖန်ဆင်းခဲ့သောဖန်ဆင်းရှင်သည် ၎င်းတို့၏တန်ခိုးကိုဖြိုဖျက်နိုင်စေကာ ပုန်ကန်ထကြွမှုများကို ထူးထူးခြားခြားအပြစ်ပေးဆုံးမနိုင်ကြောင်းကိုပြောပြခဲ့ကြပါသည်။ ကိုယ်တော်နှင့်အမျှ သန့်ရှင်းတော်မူသည့်ပညတ်တော်ကို မည်သူတစ်စုံတစ်ယောက်ကမျှ ဆန့်ကျင်ဆီးတားနိုင်မည်မဟုတ်ကြောင်း၊ လူစီဖါ၏လိမ်ညာမှုများကို နားမယောင်သင့်ကြောင်း သတိပေးခဲ့သည့်အပြင် ဘုရားသခင်၏ရှေ့တော်မှောက်သို့နှောင့်နှေးခြင်းမရှိဘဲ တိုးဝင်ကြရန် ကိုယ်တော်၏ဉာဏ်တော်နှင့်အာဏာတော်ကို မယုံသင်္ကာရှိခဲ့မိသည့်အမှားများအား ဝန်ချတောင်းပန်ကြရန် စာတန်နှင့်အပေါင်းပါများအား တိုက်တွန်းခဲ့ကြပါသည်။

များစွာသောကောင်းကင်တမန်များသည် ဤအကြံပေးတိုက်တွန်းချက်ကိုလိုက်နာရန်နှင့် မသင့်မတင့်မှုများကိုရင်ကြားစေ့ရန် ဆန္ဒရှိကြပြီး ခမည်းတော်နှင့်သားတော်ဘုရားသခင်တို့၏မျက်နှာသာပေးခြင်းကို တစ်ဖန်ရရှိအောင်ကြိုးစားလိုစိတ်များဖြစ်ပေါ်ခဲ့ကြပါသည်။ သို့ရာတွင် လူစီဖါ၌ ၎င်းတို့အားထပ်မံလှည့်ဖြားရန် အခြားနည်းလမ်းအဆင်သင့်ရှိထားပါသည်။ မိမိနှင့်ပူးပေါင်းခဲ့ကြသည့်ကောင်းကင်တမန်များသည် ဘုရားသခင့်ထံသို့ပြန်သွားရန်မဖြစ်နိုင်တော့ကြောင်း၊ မိမိအနေဖြင့် ဘုရားသခင်၏ပညတ်တော်အကြောင်းကိုကောင်းမွန်စွာသိရှိထားကြောင်း၊ ဘုရားသခင်သည် ၎င်းတို့အားအပြစ်လွှတ်မည်မဟုတ်ကြောင်းကို မိမိသိရှိထားကြောင်း ယခုတွင် လူစီဖါကဖွင့်ဟခဲ့ပါသည်။ ဘုရားသခင်၏အာဏာတော်ကိုဝန်ခံသူအပေါင်းသည် ချီးမြှင့်မှုများအားလုံးကို ရုပ်သိမ်းခြင်းခံရမည်ဖြစ်သည့်ပြင် ရာထူးအဆင့်အတန်းများလျှော့ချခြင်းခံရမည်ဖြစ်ကြောင်း သူပြောကြားခဲ့ပါသည်။ သူကိုယ်တိုင်အနေဖြင့်မူ မည်သည့်အခါမျှ ခရစ်တော်၏အာဏာတော်ကိုအသိအမှတ်မပြုရန် ဆုံးဖြတ်ထားခဲ့ပါသည်။ လွတ်လပ်မှုအတွက်အခိုင်အမာပြောဆိုရပ်တည်ရန်နှင့် မိမိတို့အားလိုက်လျောစွာမချီးမြှင့်ခဲ့သောအခွင့်အရေးများကို ခွန်အားသုံး၍ကြိုးစား

ရယူရန်မှာ မိမိနှင့်တကွ ကောင်းကင်တမန်အပေါင်းလုပ်ဆောင်ရန် ကျန်ရှိနေသည့်တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု သူပြောကြားခဲ့ပါသည်။

စာတန်တစ်ဦးတည်းအနေဖြင့်မူ ဘုရားသခင့်ထံသို့ပြန်သွားရန် အလွန့်အလွန်အလှမ်းဝေးနေပြီဆိုသည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် သူ၏လိမ်လည်လှည့်ဖြားမှုကြောင့် အသိအမြင်ကင်းမဲ့ခဲ့ကြရသော ထိုကောင်းကင်တမန်များအတွက်မူ ထိုကဲ့သို့မဟုတ်ချေ။ သစ္စာစောင့်သောကောင်းကင်တမန်များ၏ အကြံပေးချက်များနှင့်တောင်းပန်ချက်များသည် ၎င်းတို့အတွက် မျှော်လင့်ချက်တံခါးဖွင့်ပေးခဲ့ပါသည်။ ထိုသတိပေးချက်များကို ဂရုထားခဲ့ကြမည်ဆိုလျှင် သူတို့သည် စာတန်၏သွေးဆောင်မှုများမှရုန်းထွက်နိုင်မည့်အခြေတွင်ရှိပါသည်။ သို့သော် မာနထောင်လွှားခြင်း၊ မိမိတို့၏ခေါင်းဆောင်ကြီးစာတန့်အပေါ်တွင် မေတ္တာသက်ဝင်ခြင်းနှင့် အကန့်အသတ်မရှိသောလွတ်လပ်မှုများကိုရယူပိုင်ဆိုင်လိုသောဆန္ဒများရှိခြင်းတို့ကြောင့် သူတို့သည် နောက်ဆုံးတွင် ဘုရားသခင်၏မေတ္တာတော်နှင့်ကရုဏာတော်များ၏တောင်းခံမှုများကို ငြင်းပယ်ခဲ့ကြပါသည်။

ထာဝရဘုရားသခင်သည် ကျေနပ်မှုမရှိသောစိတ်ထားများရင့်သန်ကာ လက်တွေ့အကောင်အထည်ဖော်လာသည့်အချိန်တိုင်အောင် ဆက်လက်လုပ်ကိုင်ရန် စာတန်အားခွင့်ပြုခဲ့ပါသည်။ ၎င်းတို့၏ဇာတိရုပ်မှန်နှင့်စိတ်နေသဘောထားကို ခပ်သိမ်းသောသတ္တဝါများမြင်တွေ့ကြစေရန် ၎င်း၏အကြံအစည်များကို အဆုံးတိုင်တိုးပွားသွားသည်အထိ ခွင့်ပြုရပါမည်။ လူစီဖါသည် ဘိသိက်ပေးခြင်းခံရသော ခေရုဗိမ်တစ်ပါးအနေဖြင့် အကြီးအကျယ်ချီးမြှောက်ခြင်းခံခဲ့ရပါသည်။ သူသည် ကောင်းကင်သားများ၏ချစ်ခင်မှုကိုများစွာခံခဲ့ရပြီး ကောင်းကင်သားများအပေါ် အလွန်ဩဇာရှိသူတစ်ဦးဖြစ်ခဲ့ပါသည်။ ထာဝရဘုရားသခင်၏အုပ်စိုးမှုသည် ကောင်းကင်ဘုံသားများအပေါ်တွင်သာမက ဖန်ဆင်းခြင်းခံရသောကမ္ဘာများမှသတ္တဝါအပေါင်းတို့အပေါ်တွင်လည်းပါဝင်နေသောကြောင့် သူ၏ပုန်ကန်မှုတွင် ကောင်းကင်တမန်များကိုပါလာအောင် ဆွဲဆောင်နိုင်ခဲ့ပါသည်။ ကျန်ကမ္ဘာများအားလုံးကိုလည်းဆွဲဆောင်နိုင်လိမ့်မည်ဟု သူမှတ်ချက်ချခဲ့ပါသည်။ စာတန်သည် ၎င်း၏





မယုံသင်္ကာရှိမှုများကို ဆင်ခြေများနှင့်လိမ်လည်မှုများကိုအသုံးပြုကာ ကောက်ကျစ်စဉ်းလဲစွာတင်ပြခဲ့ပါသည်။ သူ့၌လှည့်ဖြားနိုင်သည့်တန်ခိုးအစွမ်းများစွာရှိပါသည်။ မိမိကိုယ်ကိုမှားယွင်းစွာအယောင်ဆောင်ခြင်းဖြင့် သူသည် လက်ဦးမှုကိုရရှိခဲ့ပါသည်။ မိမိလုပ်ဆောင်မှု၏ဇာတိရုပ်မှန်ကို အခြားကောင်းကင်တမန်များသိရှိသွားမည်စိုးသဖြင့် လှုပ်ရှားလုပ်ဆောင်မှုများကိုနားလည်ရန် ခက်သောအရာများဖြင့်ဖုံးကွယ်ထားခဲ့ပါသည်။ ၎င်း၏လှည့်ဖြားမှုသည် အဆုံးသို့မရောက်မချင်း၊ ၎င်း၏လုပ်ရပ်များကို မကောင်းမှုများဖြစ်ကြောင်း မသိရှိနိုင်သည့်ပြင် ၎င်း၏မကျေနပ်မှုများကြောင့် ကောင်းကင်တွင်ပုန်ကန်ခြားနားမှုဖြစ်ခဲ့ရကြောင်းကိုလည်း မြင်တွေ့ကြမည်မဟုတ်ချေ။ သစ္စာစောင့်သောကောင်းကင်တမန်များကပင် ၎င်း၏လုပ်ဆောင်မှုများသည် မည်သည့်အရာကိုဦးတည်နေကြောင်း ပြည့်ဝစုံလင်စွာမသိမြင်နိုင်ခဲ့ကြချေ။

အစပထမတွင် လူစီဖါသည် မိမိ၏ကျူးလွန်ရန်ရပ်တည်ခဲ့သောစုံစမ်းခြင်းများကိုသာ ထိုကဲ့သို့ဦးဆောင်ခဲ့ပါသည်။ မိမိဘက်သို့လိုက်ပါလာရန်ဖြားယောင်းသွေးဆောင်၍မရသောကောင်းကင်တမန်များအား ကောင်းကင်သားများကောင်းစားရေးကို စိတ်မဝင်စားသူများဟူ၍ စွပ်စွဲခဲ့ပါသည်။ စာတန်သည် ၎င်းကိုယ်တိုင်လုပ်ဆောင်နေသောအဖျက်လုပ်ငန်းအတွက် သစ္စာရှိသောကောင်းကင်တမန်များအပေါ် အပြစ်ပုံခဲ့ပါသည်။ ဘုရားသခင်၏အကြံအစည်တော်များကိုစဉ်းလဲသောငြင်းဆိုချက်များဖြင့် ရှုပ်ထွေးအောင်ပြုလုပ်ရန်မှာ စာတန်၏ဝါဒဖြစ်ပါသည်။ သိရှိရန်လွယ်ကူသောအရာခပ်သိမ်းကိုနားလည်ရန်ခက်ခဲစေ၍ ထာဝရဘုရားသခင်၏ရှင်းလင်းသောမိန့်တော်မူချက်များကိုသံသယဖြစ်စေရန် ကောက်ကျစ်စဉ်းလဲစွာ သူလမ်းလွှဲပေးခဲ့ပါသည်။ ဘုရားသခင်၏အုပ်စိုးခြင်းနှင့်နီးကပ်စွာဆက်နွယ်နေသောသူ၏ရာထူးအရှိန်အဝါသည် သူ၏ပြောဆိုလုပ်ဆောင်ချက်များကို အထူးထိရောက်စေခဲ့ပါသည်။

ထာဝရဘုရားသခင်သည် အမှန်တရားနှင့်ဖြောင့်မတ်ခြင်းတရားများဖြင့်ပြီးသော မသွေဖည်သည့်နည်းလမ်းများကိုသာ အသုံးပြုတော်မူခဲ့ပါသည်။ စာတန်မှာမူကား အသုံးပြုခြင်းငှာ ဘုရားသခင်မစွမ်းဆောင်နိုင်ခဲ့သော မြှောက်ပင့်လိမ်လည်သောနည်းများကို အသုံးပြုခဲ့ပါသည်။ သူသည် ဘုရားသခင်၏

နှုတ်ထွက်စကားတော်အား မှားယွင်းကြောင်းထောက်ပြရန် ကြိုးစားခဲ့ပါသည်။ ၎င်းပြင် ကောင်းကင်တမန်များအတွက် ပညတ်တော်ပြဋ္ဌာန်းခြင်းသည် တရားမျှတမှုမရှိကြောင်းစွပ်စွဲလျက် ကိုယ်တော်ရှင်၏အုပ်ချုပ်ရေးစီမံကိန်းကိုလည်း တလွဲဖော်ပြခဲ့ပါသည်။ ဝေနေယျသတ္တဝါများထံမှ အလိုတော်ကိုနာခံရန် တောင်းဆိုနေခြင်းအားဖြင့် ဘုရားသခင်သည် မိမိကိုယ်ကိုချီးမြှောက်ရန် ကြိုးစားနေခြင်းဖြစ်သည်ဟုစွပ်စွဲခဲ့ပါသည်။ ထိုကဲ့သို့သောစွပ်စွဲမှုများရှိလာသဖြင့် ဘုရားသခင်၏အုပ်ချုပ်ရေးမူဝါဒသည် တရားမျှတမှုရှိ၍ ပညတ်တော်သည် စုံလင်ကြောင်းကို ကောင်းကင်သားများရှေ့တွင်သော်လည်းကောင်း၊ မြေကြီးသားများရှေ့တွင်လည်းကောင်း ထုတ်ဖော်ရန်လိုအပ်လာပါသည်။ စာတန်သည် စကြဝဠာကြီး၏ကောင်းမြတ်ခြင်းကိုတိုးပွားလာစေရန် ကြိုးစားနေသယောင် ဟန်ပြနေသဖြင့် တန်ခိုးအာဏာကိုအတင်းအဓမ္မလုယူခဲ့သူ၊ ၎င်း၏ဇာတိရုပ်မှန်နှင့် ၎င်း၏ရည်မှန်းချက်များကို ခပ်သိမ်းသောသတ္တဝါတိုင်းနားလည်ထားရန်လိုအပ်လာပါသည်။ ၎င်း၏ဆိုးညစ်သောလုပ်ရပ်များကို သိသာထင်ရှားလာစေရန် သူ့အားအချိန်ပေးရမည်ဖြစ်ပါသည်။

စာတန်သည် ၎င်း၏လုပ်ရပ်ကြောင့် ကောင်းကင်နိုင်ငံတော်တွင် ဖြစ်ပွားခဲ့သော အချင်းချင်းစိတ်ဝမ်းကွဲမှုများအတွက်လည်း ဘုရားသခင်၏ အုပ်ချုပ်ရေးစနစ်အပေါ်တွင် အပြစ်ပုံခဲ့ပါသည်။ အားလုံးသောမကောင်းမှုဒုစရိုက်များသည် ဘုရားသခင်၏အုပ်ချုပ်ရေးယန္တရား၏အကျိုးဆက်ဖြစ်ကြောင်း သူအခိုင်အမာပြောဆိုခဲ့ပါသည်။ ၎င်း၏ပုဂ္ဂလိကရည်ရွယ်ချက်မှာ ထာဝရဘုရားသခင်ပြဋ္ဌာန်းထားသောဥပဒေစည်းမျဉ်းများကို ပြင်ဆင်ဖြည့်စွက်ရန်ဖြစ်ကြောင်း၊ သို့အတွက် သူ့တောင်းဆိုချက်များ၏ပကတိအခြေအနေကိုတင်ပြခွင့်ပြုရန်နှင့် ဘုရားသခင်၏ပညတ်တော်ကို ၎င်းတင်ပြသည့်အတိုင်း ပြောင်းလဲလိုက်သည့်အတွက် ဖြစ်ပေါ်လာမည့်အကောင်အထည်များကိုပြသခွင့်ပြုရန် စာတန်တောင်းခံလာပါသည်။ သူလုပ်သောလုပ်ရပ်သည် သူ့အားတရားစီရင်မည်ဖြစ်ပါသည်။ အစအဦးကပင် မိမိသည်ပုန်ကန်ခြားနားနေခြင်းမဟုတ်ကြောင်း စာတန်ပြောဆိုခဲ့သော်လည်း စကြဝဠာကြီးတစ်ခုလုံးသည် အလိမ်ပေါ်သွားသည့် လူလိမ်ကြီးကိုမြင်တွေ့ကြရပါလိမ့်မည်။



ထာဝရဉာဏ်တော်နှင့်ပြည့်စုံတော်မူသော ထာဝရဘုရားသခင်သည် စာတန်ကို ကောင်းကင်နိုင်ငံမှနှင်ထုတ်တော်မူသည့်အချိန်တွင် ချက်ချင်းဖျက်ဆီးတော်မမူခဲ့ချေ။ မေတ္တာတော်ကိုအခြေခံသောလုပ်ဆောင်မှုများသည်သာ ဘုရားသခင်၏ရှေ့တော်မှောက်တွင် လက်ခံနိုင်ဖွယ်ဖြစ်သောကြောင့် ဘုရားသခင်အပေါ်ထားရှိသည့်ဝေနေယျသတ္တဝါများ၏ကျေးဇူးသစ္စာစောင့်သိမှုများသည် ကိုယ်တော်ရှင်၏တရားမျှတခြင်းနှင့် ကောင်းမြတ်သည့်စေတနာစိတ်များကို နှစ်သက်သဘောကျသည့်အပေါ်တွင် အခြေခံရပါမည်။ အပြစ်၏သဘာဝနှင့်အပြစ်၏ဆိုးကျိုးများကို ကောင်းမွန်စွာသိရှိရန် အဆင်သင့်မရှိကြသေးသည့် ကောင်းကင်တမန်များနှင့်မြေကြီးသားအပေါင်းတို့သည် စာတန်ကိုချက်ချင်းဖျက်ဆီးတော်မမူခဲ့သည့် ဘုရားသခင်၏တရားမျှတမှုကို ထိုအချိန်က မမြင်တွေ့နိုင်ခဲ့ကြချေ။ စာတန်ကိုချက်ချင်းဖျက်ဆီးပစ်ခဲ့မည်ဆိုလျှင် အချို့တို့သည် ဘုရားသခင်ကိုချစ်၍ ကိုးကွယ်သည်ထက် ကြောက်၍ကိုးကွယ်သည့်သဘောဖြစ်သွားပါလိမ့်မည်။ စာတန်၏ဩဇာသက်ရောက်မှုကိုလည်း လုံးလုံးလျားလျားချေဖျက်နိုင်မည်မဟုတ်သည့်ပြင် ပုန်ကန်ချင်သောစိတ်ဓါတ်ကိုလည်း အမြစ်ပါမကျန်ရှင်းလင်းသုတ်သင်နိုင်လိမ့်မည်မဟုတ်ချေ။ စကြဝဠာတစ်ခုလုံး၏ ခေတ်အဆက်ဆက်ကောင်းစားရေးကိုရှေးရှုလျက် ဘုရားသခင်၏အုပ်စိုးမှုပေါ် စာတန်၏စွပ်စွဲချက်များသည် မှန်သည်၊ မမှန်သည်ကို ဝေနေယျသတ္တဝါအပေါင်းမြင်တွေ့နိုင်စေရန်အတွက်သော်လည်းကောင်း၊ ဘုရားသခင်သည် ဖြောင့်မတ်၍ သနားခြင်းကရုဏာနှင့်ပြည့်စုံကာ ကိုယ်တော်၏ပညတ်တော်သည်လည်း ပြောင်းလဲနိုင်သည့်သဘာဝမရှိကြောင်းကိုလည်းကောင်း ယုံမှားသံသယမရှိကြစေရန် ကိုယ်တော်ရှင်သည် မိမိ၏စည်းမျဉ်းများကို ပို၍သရုပ်ပေါ်အောင် ဆောင်ရွက်တော်မူရမည်ဖြစ်ပါသည်။

စာတန်၏ပုန်ကန်ခြားနားမှုသည် လာမည့်ခေတ်အဆက်ဆက်တွင် စကြဝဠာတစ်ခုလုံးအတွက် သင်ခန်းစာတစ်ခုဖြစ်ခဲ့ပါသည်။ ယင်းသင်ခန်းစာမှာ အပြစ်၏သဘာဝနှင့် ၎င်း၏ကြောက်ရွံ့ဖွယ်အကျိုးဆက်များအတွက် ခိုင်မြဲသောသာဓကတစ်ခုဖြစ်ပါသည်။ စာတန်၏ပုန်ကန်မှုမှ ထွက်ပေါ်လာသော

ရလဒ်နှင့်လူသားများကောင်းကင်တမန်များအပေါ် အကျိုးသက်ရောက်မှုများသည် ဘုရားသခင်၏အာဏာတော်ကိုဖီဆန်ခြင်း၏အသီးအပွင့်များကို ထင်ရှားစေပါလိမ့်မည်။ ကိုယ်တော်ဖန်ဆင်းခဲ့သောသတ္တဝါများ၏ချမ်းမြေ့သာယာရေးသည် ကိုယ်တော်၏အုပ်စိုးမှုကိုခံယူခြင်းနှင့်ရစ်ပတ်နှောင်ဖွဲ့နေကြောင်း ထိုရလဒ်က သက်သေပြပါလိမ့်မည်။ ဤသို့အားဖြင့် ပုန်ကန်ခြားနားမှုကို ကြောက်လန့်ဖွယ်လက်တွေ့စမ်းသပ်မိခဲ့သည့်အတွက် ရရှိခဲ့သောအတွေ့အကြုံများသည် အပြစ်ကျူးလွန်ခြင်း၏သဘာဝနှင့်စပ်လျဉ်း၍ အလိမ်မခံရတော့စေဖို့တားဆီးရန်အတွက်သော်လည်းကောင်း၊ ကျူးလွန်ခဲ့သောအပြစ်နှင့် အပြစ်၏အဖိုးအခကိုခံစားရမှုမှ ၎င်းတို့အားကယ်ဆယ်ရန်အတွက်သော်လည်းကောင်း ခိုင်မြဲသောအကာအကွယ်တစ်ခုဖြစ်သွားပါလိမ့်မည်။

ကောင်းကင်နိုင်ငံတော်တွင် အုပ်ချုပ်စိုးစံလျက်ရှိသော ကိုယ်တော်ရှင်သည် အစမှအဆုံးတိုင်မြင်တွေ့နိုင်သောပုဂ္ဂိုလ်တစ်ပါးဖြစ်တော်မူသည်။ အတိတ်ကာလနှင့်အနာဂတ်ကာလတို့၏နက်နဲမှုများသည်လည်း ကိုယ်တော်ရှေ့တော်တွင် ထင်ရှားလျက်ရှိပါသည်။ အပြစ်ကြောင့်ဖြစ်ပေါ်လာသောဝမ်းနည်းပူဆွေးမှုများ၊ မောဟဖုံးလွှမ်းမှုများနှင့် ပျက်စီးဆုံးရှုံးခြင်းများက လွှမ်းမိုးခြင်းငှာမစွမ်းနိုင်သောကိုယ်တော်သည် ချစ်ခြင်းမေတ္တာနှင့်ကောင်းချီးမင်္ဂလာများအပေါ်တွင် အခြေခံသော မိမိ၏အကြံအစည်ထမြောက်မှုများကို ကြည့်ရှုတော်မူ၏။ မိုးတိမ်နှင့်မှောင်မိုက်တို့သည် ထာဝရဘုရားသခင်၏ပတ်ဝန်းကျင်၌ရှိသော်လည်း တရားသဖြင့်စီရင်ခြင်းနှင့် ဖြောင့်မတ်စွာဆုံးဖြတ်ခြင်းသည် ပလ္လင်တော်၏တည်ရာဖြစ်ကြပါသည်။ ၎င်းပြင် စကြဝဠာတွင်နေထိုင်သောသစ္စာစောင့်သိသူများနှင့်တကွ သစ္စာမဲ့သောသူအပေါင်းတို့သည် တစ်နေ့သောအချိန်တွင် ဤအရာကိုနားလည်သဘောပေါက်လာကြပါလိမ့်မည်။ ကိုယ်တော်၏ "အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူသမျှတို့သည် တရားနှင့်ညီလျက် သစ္စာစောင့်သောဘုရားသခင်၊ အပြစ်ကင်းလွတ်၍ ဟုတ်မှန်ဖြောင့်မတ်သော ဘုရားသခင်ဖြစ်တော်မူ၏။" တရားဟော ၃၂း၄။

* * *



## (၂)
## ဖန်ဆင်းခြင်း

**"ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်အားဖြင့် မိုးကောင်းကင်ကိုလည်းကောင်း၊ နှုတ်တော်အသက်အားဖြင့် မိုးကောင်းကင်တန်ဆာများကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။ အကြောင်းမူကား၊ ထာဝရဘုရားသခင်မြွက်ဆို၍ မြွက်ဆိုတော်မူသည်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍ မိန့်တော်မူသည်အတိုင်း တည်လျက်နေ၏။" ဆာလံ ၃၃း၆၊၉။ ကိုယ်တော်သည် "မြေကြီးအမြစ်ကို ကာလအစဉ်အမြဲမရွေ့မလှုပ်စေခြင်းငှာ တည်တော်မူသောဘုရားသခင်ပေတည်း။" ဆာလံ ၁၀၄း၅။**

ဖန်ဆင်းပြီးစက ကမ္ဘာလေးသည် အလွန့်အလွန်သာယာလှပခဲ့ပါသည်။ ကမ္ဘာမြေမျက်နှာပြင်ထက်ဝယ် တောင်တန်းကြီးများ၊ တောင်ကုန်းကြီးများ၊ လွင်ပြင်ကြီးများတည်ရှိနေပြီး သာယာသောမြစ်များနှင့် လှပသောရေကန်များသည် ထိုထိုဤဤတွင်အနှံ့အပြားတည်ရှိနေကြပါသည်။ ထိုတောင်တန်းကြီးများတွင် ယခုအချိန်မှာကဲ့သို့အလွန်ကြောက်လန့်ဖွယ်သောမတ်စောက်သည့်ချောက်ကမ်းပါးယံများနှင့်ပြီးသော မပြေမပြစ်ကြမ်းတမ်းသည့်အခြေအနေမျိုးမဟုတ်ပါချေ။ ကြမ်းတမ်းသောကျောက်စွန်းကျောက်ခက်များ၊ စိမ်းလန်းစိုပြည်သောသစ်တောများပေါက်ရောက်ကြီးပွားနိုင်သည့် ဩဇာဓါတ်နှင့်ပြည့်ဝသော မြေကြီးများအောက်တွင်ရောက်ရှိနေကြပါသည်။ ရွံ့စရာကောင်းသည့်ရွှံ့ဗွက်အိုင်များမရှိသကဲ့သို့ တောင်ကတုံးများ၊ သဲကန္တာရများလည်းမရှိပါချေ။ တင့်တယ်လှသောသစ်ပင်ငယ်များနှင့် မွှေးရနံ့နှင့်ပြည့်စုံသောပန်းများသည် မြင်ရသူတိုင်း၏မျက်ဝန်းအစုံ၌ ပဿဒရစေခဲ့ပါသည်။ ယခုခေတ်တွင် ပေါက်ရောက်နေသည့်သစ်ပင်များထက် ကြီးမားခန့်ညားသောသစ်ပင်ကြီးများဖြင့် တောင်ကုန်းများကိုဖုံးအုပ်ထားပါသည်။ အနံ့အသက်ဆိုးများကင်းစင်သည့်လေထုကြီးသည်လည်း သန့်စင်လတ်ဆတ်လှပါသည်။

ရှုခင်းရှုကွက်တစ်ခုလုံး၏အလှသည် ဂုဏ်ယူဝင့်ကြွားစရာအကောင်းဆုံး နန်းတော်တစ်ခုရှိ ခြယ်သမွမ်းမံထားသောမြေကွက်၏အလှနှင့်ပြိုင်လျှင်ပင် အနိုင်ရမည်သာတည်း။ ကောင်းကင်သားများသည် ထိုရှုခင်းကိုနှစ်ခြိုက်စွာဖြင့် ကြည့်ရှုကြကာ ဘုရားသခင်၏အံ့ဖွယ်လက်ရာတော်များ၌ ဝမ်းမြောက်ရွှင်လန်းခြင်းရှိကြပါသည်။

ကမ္ဘာကြီးအား လှပသောအသီးအပင်များ၊ ယဉ်ပါးသောတိရစ္ဆာန်များနှင့် အလှတန်ဆာဆင်ပြီးနောက် ဖန်ဆင်းခြင်း၏အထွတ်အထိပ်ဖြစ်သော ပြင်ဆင်ထားသည့် ဤအလှကမ္ဘာကိုအုပ်စိုးမည့် လူကိုဖန်ဆင်းတော်မူပါသည်။ မျက်မြင်ရသမျှသောအရာများကို လူသည်အုပ်စိုးခွင့်ရခဲ့ပါသည်။ "ဘုရားသခင်က ငါတို့ပုံသဏ္ဌာန်နှင့်တညီ တစ်သဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ သားယဉ်တို့ကိုလည်းကောင်း၊ မြေတစ်ပြင်လုံးနှင့်တကွ မြေပေါ်မှာ တွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးစေဟုအမိန့်တော်ရှိ၏။" "ဘုရားသခင်သည် မိမိ၏ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းတော်မူ၏။" ကမ္ဘာ ၁း၂၆–၂၇။ လူသားမျိုးနွယ်၏မူလဇာစ်မြစ်ကို ဤနေရာတွင်ရှင်းလင်းစွာဖော်ပြထားပါသည်။ အယောင်ယောင်အမှားမှားမဖြစ်နိုင်စေရန် သမ္မာကျမ်းစာတွင် ထိုအကြောင်းကိုထင်ရှားပေါ်လွင်စွာဖေါ်ပြထားပါသည်။ ဘုရားသခင်သည် လူကို မိမိပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခဲ့ပါသည်။ နားမလည်နိုင်လောက်သည့် နက်နဲမှုများလုံးဝမပါရှိပါ။ လူသည် အလွန်နိမ့်ကျသောတိရစ္ဆာန်မှသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ကလေးမှသော်လည်းကောင်း တဖြည်းဖြည်းတိုးတက်ဖွံ့ဖြိုးလာသည်ဟူသော မှန်းဆသုံးသပ်ချက်အတွက် ခိုင်လုံသောအထောက်အထားလုံးဝမရှိပါ။ ထိုကဲ့သို့သောသွန်သင်ချက်များသည် ဖန်ဆင်းရှင်၏ကြီးမြတ်သောလက်ရာတော်ကို လူသားများ၏ကျဉ်းမြောင်းသောစိတ်ကူးစိတ်သန်းအဆင့်အထိနိမ့်ကျသွားစေပါသည်။ လူသားများ၏သဘာဝကို ယုတ်ညံ့နိမ့်ကျသွားစေပြီး လူသားဇာစ်မြစ်၏သိက္ခာကြီးမားခြင်းကိုလိမ်လည်ရန်အလို့ငှာ အချို့လူများသည်



ဘုရားသခင်ကိုစကြဝဠာမှကြဉ်ပစ်ရန် စိတ်အားထက်သန်နေကြပါသည်။ ကောင်းကင်ယံတွင်ကြယ်ကလေးများဖြင့်ပြီး၍ လယ်ကွင်းပြင်တွင် လှပသည့်ပန်းမန်များဖြင့် ရောင်စုံခြယ်သတော်မူသောကောင်းကင်ယံနှင့်မြေကြီးပြင်တွင် တန်ခိုးတော်၏အံ့ဖွယ်ရာများနှင့်ပြည့်ဝစေတော်မူသောကိုယ်တော်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကို ဂုဏ်ပြုချီးမြှောက်ကာ လှပသောကမ္ဘာကြီး၏အုပ်စိုးသူတစ်ဦးအနေဖြင့် ကမ္ဘာအလယ်၌ ပုဂ္ဂိုလ်တစ်ဦးအားခန့်အပ်ရန် ကြွလာတော်မူသောအချိန်တွင် လက်တော်အားဖြင့်အသက်ပေးပိုင်ထိုက်သော လူသားတစ်ဦးကိုဖန်ဆင်းရန် ပျက်ကွက်တော်မမူခဲ့ချေ။ သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် လူသားမျိုးနွယ်၏မူလဇာစ်မြစ်မှာ ပိုးမွှားများ၊ ခရုများနှင့်ခြေလေးချောင်းသတ္တဝါများတဖြည်းဖြည်းတိုးတက်ဖွံ့ဖြိုးလာသည့် သတ္တဝါတစ်မျိုးမျိုးမှသက်ဆင်းလာခြင်းမဟုတ်ဘဲ ကယ်တင်ရှင်ဘုရားသခင်ထံမှ ပေါက်ပွားလာသောသတ္တဝါတစ်မျိုးသာဖြစ်ပါသည်။ လူကိုမြေမှုန့်မှဖန်ဆင်းခဲ့သော်လည်း အာဒံသည် "ဘုရားသခင်၏သား" ဖြစ်ပေသည်။

သူသည် ဘုရားသခင်၏ကိုယ်စားလှယ်အနေဖြင့် မိမိထက်ယုတ်ညံ့သောသတ္တဝါများကို အုပ်စိုးခွင့်ပြုခြင်းခံခဲ့ရပါသည်။ ထိုသတ္တဝါများသည် ဘုရားသခင်၏ကြီးမြတ်မှုကိုနားမလည်နိုင်ကြသော်လည်း လူကိုချစ်ခင်ရန်နှင့် အကျိုးပြုလုပ်ဆောင်ရန်ဖြစ်နိုင်အောင် ဖန်ဆင်းခြင်းခံကြရပါသည်။ "ဖန်ဆင်းတော်မူသောအရာများကိုအုပ်စိုးစေ၍–––မြေတိရစ္ဆာန်၊ မိုးကောင်းကင်ငှက်၊ ပင်လယ်ငါးနှင့်ပင်လယ်လမ်း၌သွားသောတိရစ္ဆာန်မှစ၍ ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ချထားတော်မူပြီ" ဟု ဆာလံဆရာကြီးကဖွင့်ဆိုထားပါသည်။ (ဆာလံ ၈း၆–၈)။

လူသားများသည် အပြင်ပန်းပုံသဏ္ဌာန်တွင်သော်လည်းကောင်း၊ အကျင့်စာရိတ္တပိုင်းတွင်လည်းကောင်း ဘုရားသခင်၏ပုံသဏ္ဌာန်ကိုဆောင်ကြရန်ဖြစ်ပါသည်။ ခရစ်တော်တစ်ပါးတည်းသာလျှင် အဘခမည်းတော်၏ "ဇာတိအဖြစ်တော်၏ပုံသဏ္ဌာန်တော်နှင့်အညီ" ဖန်ဆင်းတော်မူခဲ့ပါသည်။ လူ၏သဘာဝသည် ဘုရားသခင်၏အလိုတော်နှင့်သဟဇာတဖြစ်ခဲ့ပါသည်။

လူသည် မြင့်မြတ်သောအရာများကိုသိမြင်နားလည်နိုင်စွမ်းရှိခဲ့ပါသည်။ သူ၏ချစ်ခင်စုံမက်မှုသည် သန့်စင်၍ သူ၏ခံတွင်းတောင့်တမှုနှင့်စိတ်ဇောများသည် ဆင်ခြင်တုံတရား၏ထိန်းချုပ်မှုအောက်တွင်ရှိခဲ့ပါသည်။ သူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုဆောင်ရာတွင်လည်းကောင်း၊ အလိုတော်ကို စုံလင်စွာလိုက်လျှောက်ရာတွင်လည်းကောင်း သန့်ရှင်း၍ ပျော်ရွှင်ဝမ်းမြောက်ခဲ့ပါသည်။

လူသည် ဖန်ဆင်းရှင်၏လက်ထဲမှထွက်ခွာလာခဲ့စဉ်အချိန်က ခန့်ညားမြင့်မား၍ အချိုးအစားအလွန်ကျနလှပါသည်။ သူ၏မျက်နှာသည် ကျန်းမာရေးနှင့်ပြည့်စုံသည့်နီတီတီအရောင်ရှိပြီး ဝမ်းမြောက်ပျော်ရွှင်မှုများနှင့်တောက်ပနေပါသည်။ အာဒံ၏အရပ်အမောင်းသည် ယနေ့ကမ္ဘာလောကတွင် အသက်ရှင်နေထိုင်လျက်ရှိကြသော ယောကျာ်းကြီးများထက် များစွာမြင့်မားကြီးထွားလှပါသည်။ ဧဝ၏ခန္ဓာကိုယ်အရွယ်အစားသည် အာဒံထက်အနည်းငယ်သေးငယ်သော်လည်း လှပတင့်တယ်မှုနှင့်ပြည့်စုံလှပါသည်။ အပြစ်ကင်းသောထိုဇနီးမောင်နှံသည် လူသားများဖန်တီးထားသောအဝတ်များကိုမဝတ်ဘဲ ကောင်းကင်တမန်များကဲ့သို့ ဘုန်းရောင်ခြည်နှင့်လွှမ်းခြုံခြင်းကိုခံခဲ့ကြရပါသည်။ သူတို့သည် ဘုရားသခင်၏အလိုတော်ကိုဝန်ခံနေသမျှကာလပတ်လုံး ထိုဘုန်းဝတ်ရုံကြီးသည် သူတို့အားဆက်လက်ပတ်ရစ်နေခဲ့လိမ့်မည်သာတည်း။

အာဒံကိုဖန်ဆင်းပြီးနောက် ဖန်ဆင်းခြင်းခံရသည့်သားရဲ၊ သားယဉ်နှင့်ငှက်အပေါင်းတို့အား အမည်နာမမှည့်ပေးရန် ၎င်း၏ရှေ့မှောက်တွင်စုရုံးစေခဲ့ရာ သတ္တဝါမျိုးနွယ်တိုင်း၌ အထီးအမအစုံလိုက်ရှိကြောင်း သူတွေ့မြင်ခဲ့ရပါသည်။ “သို့သော်လည်း လူနှင့်တော်သောအထောက်အမမပေါ်မရှိသေး။” ကမ္ဘာပေါ်တွင် ဘုရားသခင်ဖန်ဆင်းသမျှသောသတ္တဝါအပေါင်းတို့တွင် လူနှင့်ဂုဏ်ရည်တူသောသတ္တဝါတစ်ကောင်မျှမရှိပါချေ။ ထို့ကြောင့် “ထာဝရဘုရားသခင်ကလည်း ယောကျာ်းသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်တော်သောအထောက်အမကို သူ့ဖို့ငါလုပ်ဦးမည်” ဟုမိန့်တော်မူ၏။ လူဆိုသည်မှာ အထီးကျန်ဘဝဖြင့်နေထိုင်အသက်ရှင်ရန်မဟုတ်ဘဲ အသိုက်အဝန်းနှင့်နေထိုင်



ရမည့်သတ္တဝါတစ်မျိုးဖြစ်ပါသည်။ လူ၌အဖော်မစုံခဲ့ပါလျှင် ဧဒင်ဥယျာဉ်၏လှပတင့်တယ်သောရှုခင်းများနှင့် နှစ်လိုဖွယ်သောလက်ရာသည် စုံလင်သောပျော်ရွှင်မှုကိုပေးစွမ်းနိုင်လိမ့်မည်မဟုတ်ချေ။ ကောင်းကင်တမန်များနှင့်မိတ်သဟာယဖွဲ့ခြင်းသည်ပင် သူ၏အပေါ်တောင့်တမှုကိုကျေနပ်ရောင့်ရဲစေလိမ့်မည်မဟုတ်ချေ။ မေတ္တာပေးမည့်သူ၊ မေတ္တာကိုရယူမည့်သူတို့၏သဘာဝနှင့်တူသောအရာဟူ၍မရှိပါချေ။

ထာဝရဘုရားသခင်ကိုယ်တော်တိုင် အာဒံအားအထောက်အမတစ်ဦးပေးသနားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် သူနှင့်တော်သည့်အထောက်အမတစ်ဦးကိုစီစဉ်ပေးခဲ့ပါသည်။ ထိုအထောက်အမသည် သူနှင့်အချိတ်အဆက်မိသော၊ သူ့အတွက်အထောက်အမဖြစ်ရန်သင့်လျော်သော၊ ချစ်ခင်ယုယမှုတွင် သူနှင့်တစ်လုံးတစ်ဝတည်းဖြစ်နိုင်သော အထောက်အမမျိုးဖြစ်ပါသည်။ ဧဝသည် အာဒံ၏နံရိုးဖြင့် ဖန်ဆင်းခြင်းခံခဲ့ရပါသည်။ အဓိပ္ပါယ်မှာ သူမသည် ဦးဆောင်သူတစ်ဦးအနေဖြင့် အာဒံအားအုပ်စိုးရန်မဟုတ်သကဲ့သို့ နိမ့်ကျသူတစ်ဦးအနေဖြင့် အာဒံ၏ခြေထောက်အောက်တွင် နင်းပြားဖြစ်ရန်မဟုတ်ဘဲ အာဒံနှင့်တန်းတူရည်တူရပ်တည်ကာ အာဒံ၏ချစ်ခင်မှုနှင့်ကာကွယ်စောင့်ရှောက်မှုကိုခံယူရန်ဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးအကြားတည်ရှိသည့် ချစ်ခင်တွယ်တာမှုများနှင့်ရင်းနှီးဖော်ရွေမှုများကိုဖော်ပြခြင်းအားဖြင့် ယောကျာ်း၏အစိတ်အပိုင်းတစ်ခုအနေဖြင့် အာဒံ၏အရိုးထဲကအရိုး၊ အသားထဲကအသားဖြစ်သောသူမသည် အာဒံ၏ကိုယ်ပွားတစ်ဦးဖြစ်ကြောင်း သိသာစေခဲ့ပါသည်။ “ကိုယ်အသားကိုမုန်းသောသူတစ်ယောက်မျှမရှိ---ခပ်သိမ်းသောသူတို့သည် မိမိတို့အသားကိုကျွေးမွေးပြုစုတတ်ကြ၏။” “ထိုအကြောင်းကြောင့် ယောကျာ်းသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်းနှင့်မှီဝဲသဖြင့် ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်။” ဧဖက် ၅း၂၉။ ကမ္ဘာ ၂း၂၄။

ဘုရားသခင်သည် ပထမဆုံးသောလက်ထပ်မင်္ဂလာပွဲကိုကျင်းပတော်မူခဲ့ပါသည်။ ထို့ကြောင့် လက်ထပ်ထိမ်းမြားခြင်းကိုအစပျိုးခဲ့သည့်ပုဂ္ဂိုလ်မှာ စကြဝဠာကိုဖန်ဆင်းတော်မူခဲ့သည့် ဘုရားသခင်ပင်ဖြစ်ပါသည်။

မင်္ဂလာဆောင်ခြင်းအမှုသည် အသရေရှိ၏။ လက်ထပ်ထိမ်းမြားခြင်းအမှုသည် လူသားများကို ဘုရားသခင်ရေးဦးပထမပေးတော်မူသည့်ဆုကျေးဇူးများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အပြစ်တွင်ကျဆုံးပြီးနောက် ဧဒင်ဥယျာဉ်မှအာဒံ ယူဆောင်လာနိုင်ခဲ့သောအရာနှစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဇနီးမောင်နှံနှစ်ဦး၏ဆက်ဆံရေးတွင် ဘုရားသခင်ချမှတ်သည့်စည်းမျဉ်းဥပဒေများကို အသိအမှတ်ပြုကာ လိုက်လျှောက်နေသောအချိန်တွင် အိမ်ထောင်ပြုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါသည်။ လူသားများ၏သန့်ရှင်းစင်ကြယ်မှုနှင့်ပျော်ရွှင်မှုကို ကာကွယ်ပါသည်။ လူသားများ၏ပေါင်းသင်းဆက်ဆံရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးပါသည်။ ခန္ဓာကိုယ်သဘာဝအသိဉာဏ်အဆင့်အတန်းနှင့် ကိုယ်ကျင့်တရားများကိုမြှင့်တင်ပေးပါသည်။

"ထာဝရအရှင်ဘုရားသခင်သည်လည်း အရှေ့မျက်နှာဧဒင်အရပ်၌ ဥယျာဉ်ကိုစိုက်ပျိုးပြီးလျှင် ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်၌နေရာချတော်မူ၏။" သန့်ရှင်းသော ဤဇနီးမောင်နှံ၏ပျော်ရွှင်မှုကိုပေးစွမ်းရန် လိုအပ်သည့်အရာဟူ၍မရှိသလောက်အောင် ဘုရားသခင်ဖန်ဆင်းတော်မူသောအရာရာသည် လှပတင့်တယ်မှုတွင်စုံလင်မှုရှိလှပါသည်။ သို့ရာတွင် ၎င်းတို့၏နေအိမ်ဖြစ်သောဧဒင်ဥယျာဉ်ကိုပြင်ဆင်စေခြင်းဖြင့် ဘုရားသခင်သည် မိမိ၏မေတ္တာတော်အထိမ်းအမှတ်တစ်ခုကို ၎င်းတို့အားပေးသနားတော်မူခဲ့ပါသည်။ ဤဥယျာဉ်တွင် အနံ့အရသာနှင့်ပြည့်စုံသောအသီးများကိုသီးသည့်အပင်များနှင့်ပြည့်လျက်ရှိပါသည်။ မတ်မတ်ထောင်၍ ပေါက်ရောက်လျက်ရှိသောစပျစ်ပင်များသည် နှစ်လိုဖွယ်သောသဏ္ဍာန်နှင့်ပြည့်စုံလျက် အရောင်မျိုးစုံနှင့်ပြွတ်နေအောင်သီးသည့် စပျစ်သီးများဖြင့်အကိုင်းများသည် မြေပေါ်သို့ညွတ်ကျနေပါသည်။ အာဒံနှင့်ဧဝတို့၏တာဝန်မှာ အသီးအရွက်များနှင့်အုပ်ဆိုင်းထားသောအပင်များအောက်တွင် မိမိတို့နေစရာကိုဖန်တီးရန် ထိုကဲ့သို့သောစပျစ်ပင်များကိုတိဖြတ်ပြီး ပန်းချုံများ၊ သစ်ပင်ရိပ်များပြုလုပ်ကြရန်ဖြစ်ပါသည်။ အရောင်မျိုးစုံရှိသောအမွှေးရနံ့နှင့်ပြည့်စုံသည့်ပန်းမန်များသည်လည်း အလျှံပယ်များပြားလှပါသည်။ အခြားအပင်များထက် အသရေတင့်တယ်သောအသက်ပင်



သည် ဥယျာဉ်အလယ်တွင်ရှိပါသည်။ ထိုအပင်၏အသီးသည် ရွှေသား၊ ငွေသားဖြင့်ပြုလုပ်ထားသည့်ပန်းသီးနှင့်တူပြီး ထာဝရအသက်ရှည်စေနိုင်သည့်တန်ခိုးရှိပါသည်။

ဖန်ဆင်းခြင်းအမှုသည် ယခုတွင်စုံလင်စွာပြီးမြောက်ခဲ့ချေပြီ။ "ကောင်းကင်မြေကြီးနှင့်တကွ ခပ်သိမ်းသောတန်ဆာတို့သည်ပြီးစီးလျက်ရှိကြ၏။" "ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကိုကြည့်ရှုလျက် အလွန်ကောင်းသည်ကိုမြင်တော်မူ၏။" ဧဒင်ဥယျာဉ်သည် ကမ္ဘာပေါ်တွင်စိုပြည်တင့်တယ်လျက်ရှိပါသည်။ အာဒံနှင့်ဧဝတို့သည် အသက်ပင်နားသို့သွားလိုကသွားနိုင်ကြပါသည်။ အပြစ်၏မည်သည့်အစွန်းအထင်းကမျှ(ဝါ)သေခြင်း၏မည်သည့်အရိပ်ကမျှ လှပတင့်တယ်စွာဖန်ဆင်းထားသည့်ကမ္ဘာကြီးအားမပျက်ယွင်းစေခဲ့ပါ။ "နံနက်ကြယ်တို့သည် တညီတညွတ်တည်းသီးချင်းဆို၍ ဘုရားသခင်၏သားအပေါင်းတို့သည် ဝမ်းမြောက်စွာကြွေးကြော်ကြ၏။"

ထာဝရဘုရားသခင်သည် မြေကြီးတိုက်မြစ်ကိုချပေးတော်မူခဲ့ပါသည်။ ကမ္ဘာလောကတစ်ခုလုံးကိုလှပတင့်တယ်မှုများနှင့်ဆင်မြန်းတော်မူ၍ လူသားများကိုအကျိုးပြုမည့်အရာများနှင့် ပြည့်ဝစေတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မြေကြီးနှင့်ပင်လယ်တို့၏အံ့ဖွယ်အရာခပ်သိမ်းတို့ကိုဖန်ဆင်းတော်မူခဲ့ပါသည်။ ဖန်ဆင်းခြင်းလုပ်ငန်းကို ခြောက်ရက်အတွင်းပြီးစီးအောင်ဆောင်ရွက်တော်မူခဲ့ပါသည်။ "သတ္တမနေ့ရက်ရောက်လျှင် ဘုရားသခင်သည် ဖန်ဆင်းသောအမှုကိုလက်စသတ်တော်မူခဲ့ပြီးသည်ဖြစ်၍ ထိုသတ္တမနေ့၌ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။ အကြောင်းမူကား ဖန်ဆင်းပြုပြင်တော်မူသောအမှုအရာအလုံးစုံတို့သည် ပြီးစီးသောကြောင့် ထိုနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။" ဘုရားသခင်သည် မိမိ၏လက်ရာများကိုကျေနပ်နှစ်သိမ့်စွာဖြင့် ကြည့်ရှုတော်မူ၏။ အရာခပ်သိမ်းတို့သည် စုံလင်တော်မူ၍ ဖန်ဆင်းရှင်အတွက် ဂုဏ်အသရေတင့်တယ်စေခဲ့ပါသည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်းအမှုပြီးဆုံးသောအချိန်တွင် နားနေတော်မူရခြင်းမှာ မောပန်းနွမ်းနယ်ခြင်းကြောင့်မဟုတ်ဘဲ မိမိ၏ဉာဏ်တော်၊

မိမိ၏ကောင်းမြတ်ခြင်းနှင့်မိမိ၏ဘုန်းတန်ခိုးတော်ကိုထင်ရှားစေသည့်လက်ရာတော်များကို အလွန်နှစ်ခြိုက်သောကြောင့်ဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် သတ္တမနေ့ရက်တွင်နားနေပြီးနောက် ထိုနေ့ရက်ကိုသန့်ရှင်းစေလျက် လူသားများနားနေရန်နေ့ရက်တစ်ရက်အဖြစ် သီးခြားသတ်မှတ်တော်မူခဲ့ပါသည်။ ဖန်ဆင်းရှင်၏ပုံသက်သေကိုလိုက်လျှောက်လျက် လူသည် ကောင်းကင်နှင့်မြေကြီးတို့ကိုမျှော်၍ကြည့်ရှုစဉ် ဘုရားသခင်၏ကြီးမြတ်သောဖန်ဆင်းခြင်းအမှုကို သူတစ်ပါးတို့အား ပြန်လည်ဝေငှနိုင်ရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်၏ဉာဏ်ပညာတော်နှင့်ကောင်းမြတ်ခြင်းများနှင့်စပ်ဆိုင်သည့်သက်သေအထောက်အထားများကိုကြည့်ရှုစဉ် ၎င်း၏စိတ်နှလုံးထဲတွင် ဘုရားသခင်အား ကြောက်ချစ်ရိုသေမှုများနှင့်ပြည့်ဝလာစေနိုင်ရန်အတွက်သော်လည်းကောင်း သူသည် ဖန်ဆင်းရှင်၏ပုံသက်သေအတိုင်း ဤသန့်ရှင်းသောနေ့မြတ်မဟာတွင်နားနေရပါမည်။

ဘုရားသခင်သည် သတ္တမနေ့ကိုကောင်းချီးပေးခြင်းအားဖြင့် ဖန်ဆင်းခြင်းအမှုအတွက် အထိမ်းအမှတ်တစ်ခုကို ဧဒင်ဥယျာဉ်တွင်တည်ထောင်တော်မူခဲ့ပါသည်။ လူသားမျိုးနွယ်တစ်ခုလုံး၏ဖခင်ဖြစ်သောအာဒံအား ထိုဥပုသ်နေ့ကိုအပ်နှင်းခဲ့ပါသည်။ ကမ္ဘာပေါ်တွင်နေထိုင်လျက်ရှိကြသောလူသားများအားလုံးသည် ထိုနေ့တွင်နားနေ၍ ဥပုသ်စောင့်ခြင်းသည် ဘုရားသခင်အား မိမိတို့၏ဖန်ဆင်းရှင်နှင့်တရားသောအရှင်သခင်ဖြစ်ကြောင်း၊ အရာခပ်သိမ်းတို့သည် ကိုယ်တော်၏လက်ရာတော်များဖြစ်၍ ကိုယ်တော်၏အာဏာတော်ကိုဝန်ခံသောအရာများဖြစ်ကြောင်းကို နှစ်မြို့ဖွယ်သောအသိအမှတ်ပြုခြင်းအတွက် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါသည်။ ဤနည်းအားဖြင့် သတ္တမနေ့ဥပုသ်စောင့်ခြင်းကို ပြည့်စုံစွာအောက်မေ့သတိရစေခဲ့ပါသည်။ လူသားအားလုံးစောင့်ရှောက်ကြရန် ပေးအပ်တော်မူခဲ့ပါသည်။ ထိုအရာတွင် လူသားများအတွက်မထင်မရှားသောအရာ(ဝါ)ကျဉ်းမြောင်းသောတောင်းဆိုချက်များလုံးဝမပါရှိပါချေ။

ဥပုသ်တော်နေ့တစ်နေ့သည် ပရဒိသုဘုံမှာပင် လူသားများအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်ကြောင်း ဘုရားသခင်မြင်တွေ့ထားပါသည်။



လူသည် ဘုရားသခင်၏လက်ရာတော်များကိုပြည့်ဝစွာအာရုံပြုနိုင်စေရန်နှင့် ကိုယ်တော်၏တန်ခိုးတော်နှင့်ကောင်းမြတ်ခြင်းများကိုဆင်ခြင်သုံးသပ်နိုင်ရန်အလို့ငှါ မိမိ၏ကိုယ်ရေးကိုယ်တာကိစ္စများကို ခုနစ်ရက်မှတစ်ရက်ရက်တွင် ဘေးဖယ်စွန့်ပစ်ထားဖို့လိုအပ်ခဲ့ပါသည်။ မိမိခံစားရသောကောင်းချီးမင်္ဂလာအဖြာဖြာသည် ဘုရားသခင်ထံမှလာသည်ဖြစ်၍ ကိုယ်တော်အားကျေးဇူးတင်လိုစိတ်နိုးကြားလာစေရန်နှင့် ဘုရားသခင်၏အကြောင်းကိုကွက်ကွက်ကွင်းကွင်းပြန်လည်အောက်မေ့သတိရစေရန် သူ၌ဥပုသ်နေ့တစ်နေ့ရှိဖို့လိုအပ်ပါသည်။

ဥပုသ်တော်နေ့သည် လူသားများ၏စိတ်နှလုံးများကို ကိုယ်တော်ဖန်ဆင်းထားသည့်အရာများအပေါ်အာရုံပြုလာရန် ပြည့်ဆွန်ပေးဖို့ ဘုရားသခင်ကြံရွယ်တော်မူခဲ့ပါသည်။ အသက်ရှင်လျက်ရှိသောဖန်ဆင်းရှင်ဘုရားတစ်ပါးရှိတော်မူကြောင်းကို သဘာဝတရားသည် သူတို့အားအသိပေးပြောကြားရန်ဖြစ်ပါသည်။ “မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကိုကြားပြော၍ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကိုပြသ၏။ တစ်နေ့ကိုတစ်နေ့မြွက်ဆို၍ တစ်ညကိုတစ်ညသွန်သင်၏။” ကမ္ဘာကြီးကိုလွှမ်းခြုံထားသော ဘုရားသခင်၏အလှသည် ဘုရားသခင့်မေတ္တာတော်၏အထိမ်းအမှတ်တစ်ခုဖြစ်ပါသည်။ ထိုမေတ္တာတော်ကို တောင်ကုန်းများတွင်သော်လည်းကောင်း၊ မြင့်မားသောသစ်ပင်ကြီးများတွင်သော်လည်းကောင်း၊ ပွင့်လန်းနေသောပန်းကလေးများ၌သော်လည်းကောင်း ကျွန်ုပ်တို့တွေ့နိုင်ကြပါသည်။ အရာခပ်သိမ်းတို့သည် ကျွန်ုပ်တို့အား ဘုရားသခင်၏အကြောင်းကိုကြားပြောနေကြပါသည်။ ၎င်းတို့အားလုံးကိုဖန်ဆင်းတော်မူသော ကိုယ်တော်ရှင်အား ထာဝစဉ်ပြည့်ဆွန်လျက်ရှိသော ထိုဥပုသ်တော်နေ့သည် သဘာဝဓမ္မစာအုပ်ကြီးကိုဖွင့်ကာ ထိုအထဲတွင်ဖန်ဆင်းရှင်၏ဉာဏ်တော်တန်ခိုးတော်နှင့်မေတ္တာတော်ကိုရှာဖွေကြရန် လူသားများအားဖိတ်ခေါ်နေပါသည်။

ကျွန်ုပ်တို့၏မိဦးဘဦးတို့ကို အပြစ်ကင်း၍ သန့်ရှင်းသောသူများအဖြစ် ဖန်ဆင်းတော်မူခဲ့သော်လည်း ဒုစရိုက်အမှုကို ကျူးလွန်ခြင်းငှါ မဖြစ်

နိုင်သည့်အခြေအနေမျိုးတွင် ထားရှိတော်မူခဲ့ခြင်းမဟုတ်ပါ။ ဘုရားသခင်သည် လူသားများကို ကိုယ်တော်၏ဉာဏ်တော်နှင့်စာရိတ္တတော်၏ကောင်းမြတ်ခြင်းများကိုလည်းကောင်း၊ စေခိုင်းတော်မူသမျှတွင် တရားမျှတမှုရှိကြောင်းကိုလည်းကောင်း အလေးအမြတ်ပြုနိုင်သောအခြေအနေတွင် ဖန်ဆင်းထားတော်မူပါသည်။ ၎င်းတို့သည် မိမိအလိုအတိုင်း ကိုယ်တော်ရှင်၏မိန့်မှာချက်များကို လိုက်လျှောက်လိုက လိုက်လျှောက်နိုင်၍ ငြင်းပယ်လိုကငြင်းပယ်နိုင်သော လွတ်လပ်မှုအပြည့်ဖြင့် ဖန်ဆင်းထားခြင်းခံကြရပါသည်။ လူတို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ သန့်ရှင်းသောကောင်းကင်တမန်များနှင့်လည်းကောင်း မိတ်သဟာယဖွဲ့ခြင်းအမှုကို မွေ့လျော်ကြရန်ဖြစ်သော်လည်း ထိုအခွင့်အရေးကို ထာဝရပေးအပ်မှုမပြုမီ ၎င်းတို့၏သစ္စာစောင့်သိမှုကိုစမ်းသပ်စစ်ဆေးရမည်ဖြစ်ပါသည်။ လူသားများကိုဖန်ဆင်းပြီးစအချိန်တွင် စာတန်ကျဆုံးခြင်း၏အဓိကစိတ်ထားဖြစ်သော ကိုယ်ကြိုက်နှစ်သက်ရာကိုလိုက်စားလိုသောဆန္ဒအပေါ် စမ်းသပ်မှုပြုလုပ်ခဲ့ပါသည်။ ဥယျာဉ်အလယ်တွင်ရှိနေသောအသက်ပင်၏အနီးတွင်တည်ရှိနေသည့် ကောင်းမကောင်းသိကျွမ်းရာအပင်သည် ကျွန်ုပ်တို့မိဦးဘဦးတို့၏နားထောင်မှုရှိခြင်း၊ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာရှိခြင်းတို့ကိုစမ်းသပ်ရန် အရာတစ်ခုဖြစ်ပါသည်။ ၎င်းတို့သည် ဥယျာဉ်အတွင်းရှိအပင်အားလုံး၏အသီးများကို စားသုံးခွင့်ရှိကြသော်လည်း ထိုအပင်၏အသီးကိုမူ စားခွင့်မရရှိခဲ့ကြချေ။ စားလျှင်သေမည်ဟူ၍သတိပေးခြင်းခံခဲ့ကြရပါသည်။ ၎င်းတို့သည် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းရန်ကိုခံရမည့်အခြေတွင်ရှိခဲ့ကြသော်လည်း ထိုစုံစမ်းနှောင့်ယှက်ခြင်းကိုကျော်လွှားနိုင်ခဲ့မည်ဆိုလျှင် နောက်ဆုံးတွင် ၎င်း၏ရန်မှကင်းဝေးသည့် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို ထာဝရကာလမွေ့လျော်ကြရပါလိမ့်မည်။

မလွဲမရှောင်သာသောအခြေအနေတစ်ရပ်အနေဖြင့် ဘုရားသခင်သည် လူသားများအား ပညတ်တော်၏လက်တွင်ထားရှိခဲ့ပါသည်။ သူသည် ဘုရားသခင်၏အအုပ်အချုပ်ခံတစ်ယောက်ဖြစ်ခဲ့ပါသည်။ ဥပဒေမရှိသောအစိုးရဟူ၍ လောကတွင်မရှိပါချေ။ ဘုရားသခင်သည် လူသားများအားအပြစ်မကျူးလွန်



နိုင်သည့် အခြေအနေမျိုးဖြင့်ဖန်ဆင်းမည်ဆိုလျှင် ဖန်ဆင်းနိုင်တော်မူပါသည်။ တားမြစ်ထားသောထိုအပင်၏အသီးကိုမတို့ထိနိုင်အောင် အာဒံ၏လက်ကို ဆွဲထားမည်ဆိုလျှင် ဆွဲထားနိုင်တော်မူပါသည်။ သို့ရာတွင် ထိုသို့လုပ်ဆောင်ခဲ့လိမ့်မည်ဆိုလျှင် လူသည် လွတ်လပ်စွာတွေးခေါ်လုပ်ဆောင်နိုင်သော သတ္တဝါတစ်ဦးမဖြစ်နိုင်တော့ဘဲ စက်ရုပ်တစ်ရုပ်သာဖြစ်သွားပေလိမ့်မည်။ လွတ်လပ်စွာရွေးချယ်ခွင့်မရရှိလျှင် ၎င်း၏နားထောင်လိုက်လျှောက်မှုသည် မိမိသဘောအရလုပ်ဆောင်ခြင်းမဟုတ်တော့ဘဲ အတင်းအကျပ်ခိုင်းစေမှုကြောင့်သာဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် စာရိတ္တဖွံ့ဖြိုးမှုလည်းရှိလာနိုင်တော့မည်မဟုတ်ချေ။ ဤလုပ်ရပ်မျိုးသည် လောကီသားများအပေါ်ထားရှိသည့် ဘုရားသခင်၏အကြံအစည်တော်နှင့်ဆန့်ကျင်နေပါသည်။ အသိဉာဏ်ရှိသောလူသားတစ်ဦးအားလည်း အသရေယုတ်စေခဲ့လိမ့်မည်ဖြစ်သည့်ပြင် ဘုရားသခင်သည် နိုင်ထက်စီးနင်းလုပ်တတ်သည်ဟူသော စာတန်၏စွဲဆိုချက်ကိုလည်း ထောက်ခံရာရောက်သွားခဲ့ပေလိမ့်မည်။

ထာဝရဘုရားသခင်သည် လူသားများအားဖြောင့်မတ်မှုရှိသည့်အခြေတွင် ဖန်ဆင်းခဲ့ပါသည်။ ဒုစရိုက်လုပ်ရန် ယိမ်းယိုင်မှုမရှိသည့်မြင့်မြတ်သောအကျင့်စာရိတ္တများနှင့်လည်း ပြည့်စုံစေခဲ့ပါသည်။ ကြီးမြတ်သောအသိဉာဏ်များနှင့်စုံလင်စေခဲ့ပြီး ကိုယ်တော်အားသစ္စာစောင့်သိမှုရှိရန် တတ်အားသမျှသွေးဆောင်လှုံ့ဆော်ခဲ့ပါသည်။ စုံလင်၍မြဲမြံသောနားထောင်မှုရှိခြင်းသည် ထာဝရပျော်ရွှင်မှုအတွက် အခြေခံတစ်ရပ်ဖြစ်ခဲ့ပါသည်။ ဤအခြေအနေအပေါ်မူတည်၍ သူသည် အသက်ပင်သို့ချဉ်းကပ်ခွင့်ရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိဦးဘဦးများနေထိုင်ခဲ့ကြသောနေအိမ်သည် ကမ္ဘာအနှံ့တွင်နေထိုင်နေကြသည့် ၎င်းတို့၏သားသမီးများအတွက် နမူနာယူစရာတစ်ခုဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏လက်တော်ဖြင့်တင့်တယ်စေခဲ့သောထိုအိမ်သည် အလွန်ခမ်းနားသောနန်းတော်တစ်ခုမဟုတ်ခဲ့ပါ။ လူအပေါင်းတို့သည် ခမ်းနားကြီးကျယ်၍ အဖိုးသားနားကြီးသည့်အဆောက်အအုံများနှင့် မိမိတို့လုပ်ဆောင်ခဲ့သောလက်ရာများကို ဂုဏ်ယူဝင့်ကြွားကာ နှစ်ခြိုက်တတ်ကြပါသည်။ သို့သော်

ဘုရားသခင်သည် အာဒံအား ဥယျာဉ်တစ်ခုထဲတွင်နေထိုင်ရန် နေရာချထားခဲ့ပါသည်။ ထိုဥယျာဉ်သည် ၎င်းနေထိုင်ရန်နေရာဖြစ်ပါသည်။ ကောင်းကင်ပြာပြာကြီးသည် ထိုအိမ်၏အမိုးဖြစ်ခဲ့ပြီး အစိမ်းရောင်ကမ္ဗလာအခင်းတွင် ပန်းမန်များနှင့်လှပလျက်ရှိသောကမ္ဘာမြေကြီးသည် ၎င်းတို့နေအိမ်၏ကြမ်းပြင်ဖြစ်ခဲ့ပါသည်။ ကောင်းမွန်စွာပေါက်ရောက်နေသောသစ်ပင်များ၏အရွက်နှင့်ပြည့်စုံသောအကိုင်းအခက်များသည် ထိုအိမ်၏မျက်နှာကြက်ဖြစ်ခဲ့ပါသည်။ ထိုအိမ်၏နံရံများတွင် မဟာပန်းချီဆရာကြီး၏သားနားခန့်ညားလှသောလက်ရာတော်များဖြင့် စီခြယ်ချိတ်ဆွဲထားခဲ့ပါသည်။ ဇိမ်ခံပစ္စည်းများနှင့် မာနထောင်လွှားမှုများကြောင့်မဟုတ်ဘဲ ဖန်ဆင်းထားသည့်လက်ရာတော်များမှတစ်ဆင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းအားဖြင့် စစ်မှန်သောပျော်ရွှင်မှုကိုတွေ့ရှိခံစားနိုင်ရန်အလို့ငှာ ထိုဧနီးမောင်နှံ၏ဝန်းကျင်တွင် ခေတ်အဆက်ဆက်အတွက် သင်ခန်းစာတစ်ခုရှိနေခဲ့ပါသည်။ အကယ်၍သာ လူတို့သည် တီထွင်ဖန်ဆင်းထားသောအရာများအပေါ်လျှော့ပေါ့၍အာရုံပြုကာ စစ်မှန်သောအရာများကိုပို၍ပြုခဲ့မည်ဆိုလျှင် ဖန်ဆင်းခြင်းအမှုတွင်ထားရှိသည့် ဘုရားသခင်၏အကြံတော်နှင့်အလွန့်အလွန်နီးကပ်စွာကိုက်ညီလာခဲ့ပါလိမ့်မည်။ မာနထောင်လွှား၍ ရည်မှန်းချက်ကြီးမားလွန်းသူများသည် မည်သည့်အခါမျှကျေနပ်ရောင့်ရဲမှုကိုရရှိကြမည်မဟုတ်ချေ။ သို့ရာတွင် အမှန်တကယ် အမြော်အမြင်နှင့်ပြည့်စုံသူများသည် လက်လှမ်းမီလောက်သောနေရာတွင် ဘုရားသခင်ထားတော်မူခဲ့သည့် စစ်မှန်၍ မြင့်မြတ်သောပျော်ရွှင်ချမ်းမြေ့မှုကို တွေ့ရှိကြပါလိမ့်မည်။

ဧဒင်ဥယျာဉ်တွင်နေထိုင်ကြသည့်ဇနီးမောင်နှံအား ဥယျာဉ်ကိုပြုစုစောင့်ရှောက်ရန်တာဝန်ပေးထားခဲ့ပါသည်။ ထိုလုပ်ငန်းသည် သူတို့အားမောပန်းနွမ်းနယ်မှုကိုမဖြစ်စေဘဲ ပျော်ရွှင်ကြည်နူးမှုနှင့်သန်မာကြံ့ခိုင်မှုကိုဖြစ်စေခဲ့ပါသည်။ လူ၏စိတ်အာရုံများမပြန့်လွင့်ရန်၊ ခန္ဓာကိုယ်ခွန်အားတိုးပွားရန်နှင့် စွမ်းအားများဖွံ့ဖြိုးလာရန်အတွက် အလုပ်လုပ်ခြင်းကို ကောင်းချီးမင်္ဂလာတစ်ခုအနေဖြင့် ဘုရားသခင်သတ်မှတ်တော်မူခဲ့ပါသည်။ အာဒံသည်





အပြစ်မကျူးလွန်မီအချိန်က ကိုယ်စိတ်နှလုံး၏လှုပ်ရှားလုပ်ဆောင်မှုများ၌အထူးနှစ်ထောင်းအားရရှိခဲ့ပါသည်။ သို့ရာတွင် နားမထောင်မှုကြောင့် လှပသောထိုအိမ်မှနှင်ထုတ်ခြင်းကိုခံရသည့်ပြင် တစ်နေ့စာအစာကလေးကိုရရှိရန်ခက်ခဲသောမြေ၌ရုန်းကန်လှုပ်ရှားရန်စေခိုင်းခြင်းခံခဲ့ရပါသည်။ ဧဒင်ဥယျာဉ်တွင်လုပ်ဆောင်ခဲ့ရသောနှစ်သက်ဖွယ်သောအလုပ်နှင့်အလွန့်အလွန်ခြားနားလျက်ရှိသော ထိုရုန်းကန်လှုပ်ရှားလုပ်ဆောင်မှုသည်ပင် စုံစမ်းနှောင့်ယှက်ခြင်းနှင့်တကွ ပျော်ရွှင်မှု၏မူလအရင်းအမြစ်ကိုကာကွယ်မှုတစ်ခုဖြစ်ခဲ့ပါသည်။ အလုပ်သည်ပင်ပန်းနွမ်းလျမှု၊ ထိခိုက်နာကျင်မှုနှင့်ပြည့်ဝနေစေကာမူ ထိုအလုပ်ကိုမင်္ဂလာတစ်ခုအနေဖြင့် သဘောထားသောသူများသည် မှားယွင်းမှုတစ်ခုကိုမြတ်နိုးတွယ်တာနေကြခြင်းဖြစ်ပါသည်။ သူဌေး၊ သူကြွယ်များသည် အလုပ်သမားလူတန်းစားများအပေါ် အထင်သေးသောအကြည့်ဖြင့်ကြည့်ကြပါသည်။ သို့ရာတွင် ထိုလုပ်ရပ်သည် လူကိုဖန်ဆင်းရာတွင် ဘုရားသခင်ထားတော်မူသည့်အကြံတော်နှင့်လုံးလုံးကွဲပြားခြားနားနေပါသည်။ အာဒံအားပေးအပ်ခဲ့သောအမွေဥစ္စာနှင့်နှိုင်းယှဉ်ကြည့်လျှင် လူချမ်းသာများပိုင်ဆိုင်သောအရာများသည် မည်မျှများပြားသောဥစ္စာများဖြစ်ပါသလဲ။ အာဒံပိုင်ဆိုင်ထားသည့်အရာများသည် အထူးကြွယ်သော်လည်း သူသည် အလုပ်မလုပ်ဘဲနေခွင့်မရခဲ့ချေ။ မည်သည့်အရာသည် လူသားများအတွက် စစ်မှန်သောပျော်ရွှင်မှုဖြစ်ကြောင်းသိရှိနားလည်တော်မူသောဘုရားသခင်သည် အာဒံအားလုပ်ဆောင်ရန် အလုပ်ကိုပေးထားတော်မူခဲ့ပါသည်။ အသက်တာ၏စစ်မှန်သောပျော်ရွှင်မှုကို အလုပ်လုပ်သောယောကျ်ား၊ မိန်းမများကသာတွေ့ရှိကြပါသည်။ ကောင်းကင်တမန်များသည် မနားမနေလုပ်ဆောင်လျက်ရှိသောအလုပ်သမားများဖြစ်ကြပါသည်။ ၎င်းတို့သည် လူအပေါင်းတို့အတွက် ဘုရားသခင်အသုံးပြုတော်မူသည့်ကိုယ်တော်၏အစေခံနံ့ဝိညာဉ်များဖြစ်ကြပါသည်။ လူပျင်းများအတွက် မည်သည့်နေရာတစ်စုံတစ်ခုကိုမျှ ဘုရားသခင်ပြင်ဆင်ထားတော်မမူပါချေ။

အာဒံနှင့်ဧဝတို့သည် ထာဝရဘုရားသခင်အပေါ်သစ္စာစောင့်သိနေသောအချိန်တွင် ဖန်ဆင်းထားသောကမ္ဘာကြီးကို အုပ်စိုးခွင့်ရခဲ့ကြပါသည်။

ဝေနေယျသတ္တဝါအားလုံးကိုအုပ်စိုးရန် အတိုင်းအဆမရှိသောအခွင့်အာဏာကို ၎င်းတို့အားပေးထားတော်မူခဲ့ပါသည်။ ခြင်္သေ့နှင့်သိုးသငယ်တို့သည် သူတို့နားတွင် အေးချမ်းစွာဆော့ကစားနေကြပါသည်။ သူတို့၏ခြေရင်းတွင် အတူတကွဝပ်တွားနေခဲ့ကြပါသည်။ မြူးထူးနေသည့်ငှက်ကလေးများသည် စိုးရိမ်ကြောက်ရွံ့မှုကင်းစွာဖြင့် သူတို့အနားတွင်ပျံဝဲနေကြပါသည်။ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းသည့် ထိုငှက်ကလေးများ၏မြည်တွန်သံများသည် အာကာယံထက်တွင်ပျံလွင့်နေစဉ် အာဒံနှင့်ဧဝတို့သည်လည်း ၎င်းတို့နှင့်အတူ ခမည်းတော်ဘုရားနှင့်သားတော်ဘုရားတို့အား ကျေးဇူးတော်ချီးမွမ်းခဲ့ကြပါသည်။

သန့်ရှင်းသောထိုဇနီးမောင်နှံသည် ထာဝရဘုရားသခင်ထံမှ ဖခင်တစ်ဦးကဲ့သို့သော ပြုစုစောင့်ရှောက်မှုမျိုးကိုသာမက ထာဝရဉာဏ်တော်နှင့်ပြည့်စုံသောဆရာသမားကဲ့သို့သော သွန်သင်ပြသမှုများကိုလည်း ခံယူရရှိခဲ့ကြပါသည်။ ဖန်ဆင်းရှင်နှင့်တကွ ကောင်းကင်တမန်တို့သည် သူတို့ထံသို့ အတားအဆီးမရှိလာရောက်လည်ပတ်ကာ မိတ်သဟာယဖွဲ့ခဲ့ကြပါသည်။ သူတို့သည် အသက်ပင်မှရရှိသည့်ခွန်အားများဖြင့် အင်အားပြည့်ဖြိုးနေကြပါသည်။ ၎င်းတို့၏ဉာဏ်ရည်ဉာဏ်စွမ်းများသည် ကောင်းကင်တမန်များထက် မဆိုစလောက်သာလျော့နည်းခဲ့ပါသည်။ မျက်မြင်ရသောစကြဝဠာကြီးထဲတွင်ရှိနေကြသည့် "ပညာစုံလင်သောဘုရားသခင်၏အံ့ဖွယ်သောအမှုတော်" သည် ၎င်းတို့အတွက်မကုန်ခန်းနိုင်သောသွန်သင်ချက်တစ်ခုဖြစ်သည့်ပြင် နှစ်ခြိုက်စရာကောင်းသောအရာတစ်ခုလည်းဖြစ်ခဲ့ပါသည်။ နှစ်ပေါင်းခြောက်ထောင်မျှ လူသားများအားအာရုံပြုလေ့လာခဲ့ရသောသဘာဝတရားများနှင့်တကွ ဖြစ်ပေါ်သက်ရောက်နေသောအရာများကိုသိရှိနားလည်စေရန် ဖန်ဆင်းရှင်သည် ၎င်းတို့၏ဉာဏ်မျက်စိကိုဖွင့်ပေးတော်မူခဲ့ပါသည်။ သူတို့သည် သစ်ပင်အမျိုးမျိုးမှ အသီးအရွက်များကိုလည်း အကျွမ်းတဝင်သိရှိခဲ့ကြပါသည်။ အာဒံသည် ပင်လယ်ထဲတွင်ကျက်စားနေသောငါးကြီးများမှစ၍ နေရောင်ခြည်တွင်လွင့်ပါးနေသောမြူမှုန်တမျှငယ်သောပိုးမွှားကလေးများအထိ အကျွမ်းတဝင်ရှိခဲ့ပါသည်။ သူသည် ဖန်ဆင်းထားတော်မူသမျှသောအရာတိုင်းအား အမည်ပေးခဲ့ပြီး အားလုံး



သောအရာများ၏သဘာဝနှင့်စရိုက်ကိုလည်း အကျွမ်းတဝင်ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏မိဦးဘဦးတို့သည် ကောင်းကင်တွင်ရှိသောဘုရားသခင်၏ဘုန်းအသရေကိုလည်းကောင်း၊ အစီအစဉ်ကျနစွာဖြင့် လှည့်ပတ်လှုပ်ရှားနေသောမရေတွက်နိုင်အောင်များပြားသည့်ကမ္ဘာများ၊ "မပေါ့မလေး၊ မှန်မှန်မိုးလျက်ရှိသောမိုးတိမ်များ" နေ့နှင့်ညတို့တွင်ဖြစ်ပေါ်နေသည့်အလင်းနှင့်အသံတို့၏နက်နဲမှုများကိုလည်းကောင်း၊ လေ့လာခဲ့ကြရပါသည်။ သစ်တောကြီးများထဲမှ သစ်ရွက်များပေါ်တွင်လည်းကောင်း၊ တောင်များပေါ်မှကျောက်တုံးကြီးများတွင်လည်းကောင်း၊ တောက်ပနေသောကြယ်များတွင်လည်းကောင်း၊ ကောင်းကင်မြေကြီးနှင့်လေထုတွင်လည်းကောင်း ဘုရားသခင်၏နာမတော်ကိုရေးသားထားတော်မူပါသည်။ ဖန်ဆင်းခြင်းတွင်တွေ့ရှိသောအစီအစဉ်ကျနမှုနှင့်သဟဇာတရှိမှုများသည် ထာဝရဉာဏ်တော်နှင့်တန်ခိုးတော်ကို ၎င်းတို့အားပြောပြနေပါသည်။ သူတို့သည် စွဲလမ်းစရာများကို တစ်စထက်တစ်စတွေ့ရှိလာသောကြောင့် ကိုယ်တော်ရှင်အပေါ်ထားရှိသည့် ၎င်းတို့၏မေတ္တာစိတ်သည် ပို၍နက်ရှိုင်းလာကာ အသစ်သောကျေးဇူးတော်ချီးမွမ်းမှုများကိုပြုလာခဲ့ကြပါသည်။

သူတို့သည် ဘုရားသခင်၏စည်းမျဉ်းဥပဒေများကို သစ္စာစောင့်သိနေသမျှကာလပတ်လုံး သူတို့၏အသိစွမ်းအားပျော်ရွှင်မှုများနှင့်မေတ္တာတရားများသည် ဆက်လက်၍တိုးပွားနေမည်သာဖြစ်ပါသည်။ သူတို့သည် အသိပညာများဆက်လက်တိုးပွားနေမည်သာတည်း။ အသစ်အသစ်သောပျော်ရွှင်မှုများကိုလည်း အဆက်မပြတ်ခံစားကြရမည်ဖြစ်ပြီး ဘုရားသခင်၏မကုန်ခန်းနိုင်သောမေတ္တာတော်အကြောင်းကိုလည်း ရှင်းရှင်းလင်းလင်းကွက်ကွက်ကွင်းကွင်း သိမြင်လာကြလိမ့်မည်သာတည်း။

* * *

# (၃)
# စုံစမ်းနှောင့်ယှက်ခြင်းနှင့် ကျဆုံးခြင်း

ကောင်းကင်နိုင်ငံတွင် ပုန်ကန်ထကြွမှုကိုနှိုးဆွပြီး၍ မကြာမီမှာပင် စာတန်သည် လူသားများအားပျက်စီးဆုံးရှုံးစေရန် လျှို့ဝှက်စွာကြံစည်ခြင်းအားဖြင့် ဘုရားသခင်ကိုရန်ငြိုးဖွဲ့ဖို့နေရာသစ်တစ်ခုကိုတွေ့ရှိခဲ့ပါသည်။ သူသည် ထာဝစဉ်လက်လွှတ်ဆုံးရှုံးခဲ့ရသော သုခချမ်းသာမြင်ကွင်းတစ်ခုကို ဧဒင်ဥယျာဉ်တွင်နေထိုင်လျက်ရှိသော သန့်ရှင်းသောဇနီးမောင်နှံခံစားနေရသောပျော်ရွှင်ချမ်းမြေ့မှုနှင့်ငြိမ်သက်မှုများတွင်မြင်တွေ့ခဲ့ပါသည်။ မနာလိုဝန်တိုသောစိတ်၏ တိုက်တွန်းမှုအရ ၎င်းတို့အား ဘုရားသခင်၏စကားကိုနားထောင်မှုမပြုဖို့ လှုံ့ဆော်ပေးကာ အပြစ်၏အခကို ၎င်းတို့ခံစားစေဖို့လုပ်ဆောင်ရန် သူစိတ်ဆုံးဖြတ်ခဲ့ပါသည်။ ထိုဇနီးမောင်နှံတို့တွင်ရှိနေသည့်ချစ်ခြင်းမေတ္တာစိတ်ကို မယုံကြည်မကိုးစားမှုအသွင်သို့လည်းကောင်း၊ ဘုရားသခင်ဂုဏ်တော်ချီးမွမ်းမှုကို ဘုရားသခင်အားအပြစ်တင်ပြောဆိုမှုအသွင်သို့လည်းကောင်း သူပြောင်းလဲပစ်ခဲ့ပါသည်။ ဤနည်းအားဖြင့် ၎င်းခံစားနေရသောအတိဒုက္ခထဲသို့ အပြစ်မဲ့သော ဤဇနီးမောင်နှံအားဆွဲသွင်းခဲ့ရုံသာမက ဘုရားသခင်ကိုအသရေယုတ်စေ၍ ကောင်းကင်နိုင်ငံတစ်ခုလုံး၌လည်း ဝမ်းနည်းမှုကိုဖြစ်စေခဲ့ပါသည်။

ကျွန်ုပ်တို့၏မိဦးဘဦးတို့သည် ၎င်းတို့အားခြိမ်းခြောက်မည့် ထိုအန္တရာယ်နှင့်ပတ်သက်၍ သတိပေးခြင်းမခံခဲ့ရသည်မဟုတ်ပါ။ ကောင်းကင်မှ စေတမန်များသည် ထိုဒုစရိုက်သခင်စိုးမိုးရန် ကြိုးစားခဲ့သောဘုရားသခင့်နိုင်ငံတော်၏သဘာဝအကြောင်းကို ပြည့်ပြည့်စုံစုံဖေါ်ပြလျက် စာတန်ကျဆုံးသွားရသည့်အကြောင်းနှင့် ၎င်းတို့အားပျက်စီးဆုံးရှုံးစေမည့် စာတန်၏အကြံအစည်များကိုဖွင့်ဟပြောကြားခဲ့ကြပါသည်။ စာတန်နှင့်သူ၏အပေါင်းပါများသည် ဘုရားသခင်၏တရားမျှတမှုရှိသောအမိန့်တော်များကို နားမထောင်ခြင်းအားဖြင့် ကျဆုံးသွားခဲ့ကြပါသည်။ အာဒံနှင့်ဧဝတို့သည် စနစ်တကျရှိမှုနှင့်တော်တည့်ဖြောင့်မတ်မှုများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် တစ်ခု



တည်းသောနည်းလမ်းဖြစ်သည့် ပညတ်တော်ကိုလေးစားလိုက်နာရန်မှာ အလွန်အရေးကြီးလှပါသည်။

ဘုရားသခင်၏ပညတ်တော်သည် ကိုယ်တော်တမျှသန့်ရှင်းလှပါသည်။ ထိုပညတ်တော်သည် ကိုယ်တော်၏ဆန္ဒကိုထုတ်ဖေါ်ချက်တစ်ရပ်လည်းဖြစ်ပါသည်။ စာရိတ္တတော်၏မိတ္တူတစ်ခုလည်းဖြစ်ပါသည်။ ၎င်းပြင် မဟာမေတ္တာတော်နှင့်ထာဝရဉာဏ်တော်၏ဖွင့်ဟချက်တစ်ရပ်လည်းဖြစ်ပါသည်။ ဖန်ဆင်းခြင်းခံရသောအရာများ၏သွေးစည်းညီညွတ်မှုသည် ဘုရားသခင်၏ပညတ်တော်အား ထိုသက်ရှိသက်မဲ့အရာအသီးသီးတို့က စုံလင်စွာလိုက်နာကျင့်ဆောင်မှုအပေါ်တွင်မူတည်နေပါသည်။ ဘုရားသခင်သည် သက်ရှိသတ္တဝါများအတွက်သာမက သဘာဝလောကကြီးတစ်ခုလုံး၏လှုပ်ရှားလုပ်ဆောင်မှုများအတွက်လည်း ဥပဒေစည်းမျဉ်းများကိုခွဲခန့်ထားတော်မူပါသည်။ အရာခပ်သိမ်းတို့သည် လျစ်လျူရှုထားရန်မဖြစ်နိုင်သောတိတိကျကျသတ်မှတ်ထားသောဥပဒေစည်းမျဉ်းအောက်တွင်ရှိနေကြပါသည်။ သဘာဝလောကတွင်ရှိနေကြသောအရာခပ်သိမ်းတို့သည် သဘာဝတရားနှင့်အုပ်ချုပ်ထားခြင်းခံကြရသော်လည်း ကမ္ဘာမြေကြီးပေါ်တွင်နေထိုင်ကြသောလူသားတစ်မျိုးတည်းသာလျှင် ပညတ်တော်ဆယ်ပါးကိုလိုက်လျှောက်ရန် တာဝန်ရှိနေကြပါသည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်း၏အထွတ်ဖြစ်သောလူသားများအား ကိုယ်တော်၏စေခိုင်းတောင်းဆိုချက်များကိုနားလည်နိုင်ရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်၏ပညတ်တော်သည် တရားမျှတမှုရှိသည့်ပြင် ထိုပညတ်တော်ကိုလိုက်လျှောက်ခြင်းအားဖြင့် အကျိုးကျေးဇူးများရနိုင်ကြောင်း၊ ထိုကြောင့် လူသားများသည် တစ်သဝေမတိမ်းလိုက်လျှောက်ကြရန်လိုကြောင်းများကို သိရှိနားလည်ဖို့ရန်အတွက်သော်လည်းကောင်း တန်ခိုးပေးထားတော်မူပါသည်။

ဧဒင်ဥယျာဉ်မှထိုလူသားများသည် ကောင်းကင်တမန်များကဲ့သို့ပင် စမ်းသပ်စစ်ဆေးမှုကိုခံခဲ့ကြရပါသည်။ ၎င်းတို့၏ပျော်ရွှင်သာယာလျက်ရှိသောအခြေအနေကို ဘုရားသခင်၏ပညတ်တော်အားသစ္စာစောင့်ခြင်းအားဖြင့်သာ ဆက်လက်ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။ ၎င်းတို့အနေဖြင့် ထိုပညတ်တော်ကို

နားထောင်လိုက်လျှောက်၍ အသက်ရှင်လိုပါက အသက်ရှင်နေထိုင်နိုင်ကြသကဲ့သို့ နားထောင်လိုက်လျှောက်ခြင်းမပြုဘဲ ပျက်စီးခြင်းထဲသို့ရောက်လိုကရောက်နိုင်ကြသည့်အခွင့်ရှိကြပါသည်။ ထာဝရဘုရားသခင်သည် လူသားများအား ကောင်းချီးမင်္ဂလာခံစားရယူမည့်သူများအဖြစ် ဖန်ဆင်းတော်မူခဲ့သော်လည်း သူတို့သည် ကိုယ်တော်၏အလိုတော်ကိုလျစ်လျူရှုခဲ့ကြမည်ဆိုလျှင် အပြစ်ပြုသောကောင်းကင်တမန်များကိုပင် နှမြောတော်မူလိမ့်မည်မဟုတ်ချေ။ ပညတ်တော်လွန်ကျူးခြင်းသည် ကိုယ်တော်ပေးတော်မူသည့်ဆုကျေးဇူးများကိုလက်လွှတ်ဆုံးရှုံးစေ၍ ဆင်းရဲဒုက္ခနှင့်ပျက်စီးခြင်းတို့ကိုဖြစ်စေခဲ့ပါသည်။

စာတန်၏ဥပါယ်တံမျဉ်ပြုမူမှုများကိုကာကွယ်ကြရန် ကောင်းကင်တမန်များက ၎င်းတို့အားသတိပေးထားခဲ့ကြပါသည်။ အကြောင်းမှာ ထိုသူသည် ၎င်းတို့အားမမောတမ်းမပန်းတမ်းကြိုးစား၍ဖြားယောင်းမည်ဖြစ်သောကြောင့်သာတည်း။ ထိုဇနီးမောင်နှံသည် ဘုရားသခင်၏အမိန့်တော်ကိုနာခံလိုက်လျှောက်နေသောအချိန်တွင် လိုအပ်သမျှကူညီစောင့်ရှောက်ရန် ကောင်းကင်နိုင်ငံရှိကောင်းကင်တမန်များအား စေလွှတ်ထားတော်မူသဖြင့် ထိုနတ်ဆိုးသည် ၎င်းတို့အားထိခိုက်နာကျင်အောင်မလုပ်နိုင်ပါချေ။ အကယ်၍ သူတို့သည် စာတန်၏ပထမအကြိမ်သွေးဆောင်မှုကို မြဲမြံစွာငြင်းဆန်ခဲ့မည်ဆိုလျှင် ကောင်းကင်သားများကဲ့သို့ပင် လုံခြုံမှုရရှိပေလိမ့်မည်။ သို့ရာတွင် စုံစမ်းနှောင့်ယှက်ခြင်းသို့တစ်ကြိမ်လိုက်ပါမိခဲ့ပါလျှင် ၎င်းတို့၏သဘာဝသည် အလွန်ဆိုးရွားယုတ်ညံ့သွားမည်ဖြစ်သောကြောင့် စာတန်အားတွန်းလှန်ရန် သူတို့၌မည်သည့်တန်ခိုးမျှရှိတော့မည်မဟုတ်ချေ။

ဘုရားသခင်အပေါ်ထားရှိသော ၎င်းတို့၏နာခံမှုနှင့်ချစ်ခြင်းမေတ္တာများကိုစမ်းသပ်မှုပြုလုပ်ရန် ကောင်းမကောင်းသိကျွမ်းရာအပင်ကို ဖန်ဆင်းထားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဥယျာဉ်တွင်ရှိသမျှသောအရာအားလုံးကိုအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ တစ်ခုတည်းသောအပင်ကိုအသုံးမပြုရန်တားမြစ်ခြင်းတစ်ခုကိုပြုလုပ်ခြင်းသည် သင့်လျော်ကြောင်းတွေ့မြင်တော်မူသည်။ ထိုတားမြစ်ချက်ကို သူတို့လျစ်လျူရှုခဲ့ကြလျှင် ၎င်းတို့၌ပညတ်တော်လွန်ကျူး



ခြင်းအပြစ်သင့်ရောက်ကြပေလိမ့်မည်။ စာတန်သည် ၎င်းတို့နောက်မှတောက်လျှောက်လိုက်၍စုံစမ်းရမည်မဟုတ်ပါချေ။ သူသည် တားမြစ်ထားသောအပင်နားတွင်သာ ၎င်းတို့ထံသို့ချဉ်းကပ်ခွင့်ရခဲ့ပါသည်။ အကယ်၍ သူတို့သည် ထိုအပင်၏သဘာဝကိုအစုံအစမ်းပြုဖို့ကြိုးစားခဲ့ကြလျှင် စာတန်၏လှည့်ဖြားခြင်းခံရမည့်အခြေအနေတွင်ကျရောက်စေကြလိမ့်မည်သာတည်း။ ဘုရားသခင်ပေးတော်မူခဲ့သောသတိပေးချက်ကို သေချာစွာနားထောင်ကြရန်သင့်လျော်သည်ထင်သဖြင့် ကိုယ်တော်ပေးထားသည့်ထိုညွှန်ကြားချက်အပေါ်ကျေနပ်နှစ်သိမ့်ကြရန် ၎င်းတို့အားဆုံးမပဲ့ပြင်ထားပြီးဖြစ်ပါသည်။

စာတန်သည် မိမိ၏အကြံအစည်ကိုသူတစ်ပါးမသိဘဲ အကောင်အထည်ဖော်နိုင်ရန်အလို့ငှါ ကြားခံပစ္စည်းတစ်ခုအနေဖြင့် မြွေကိုအသုံးပြုရန်ရွေးချယ်ခဲ့ပါသည်။ မြွေသည် စာတန်၏ထိုလှည့်ဖြားမှုလုပ်ငန်းအတွက်အသင့်လျော်ဆုံးသောအယောင်အဆောင်တစ်ခုဖြစ်ပါသည်။ ထိုအချိန်ကမြွေသည် ကမ္ဘာပေါ်ရှိအလှပဆုံးနှင့်ဉာဏ်ပညာအကြွယ်ဝဆုံးသတ္တဝါများအနက်တစ်ကောင်အပါအဝင်ဖြစ်ပါသည်။ မြွေ၌အတောင်များရှိကာ မိုးကောင်းကင်ယံတွင်ပျံသွားသောအချိန်များတွင် အရောင်အဝါများနှင့်တောက်ပနေပါသည်။ ရွှေရောင်များနှင့်လည်းတောက်ပနေပါသည်။ တားမြစ်ထားသောထိုသစ်ပင်၏အကိုင်းအခက်နှင့်စားချင်စဖွယ်အသီးများတို့သည် ရှုမြင်ရသူများအား အာရုံစွဲငြိစေခဲ့ပါသည်။ ဤနည်းအားဖြင့် စာတန်သည် ငြိမ်းချမ်းသောထိုဥယျာဉ်ထဲတွင် မိမိသားကောင်ကိုဖမ်းယူရန် ချောင်းမြောင်းစောင့်စားလျက်ရှိပါသည်။

ဥယျာဉ်ထဲ၌နေ့စဉ်အလုပ်လုပ်စဉ်တွင် မိမိ၏ခင်ပွန်းနှင့်ခွဲခွာ၍မနေမိဖို့ဂရုပြုရန် ဧဝအား ကောင်းကင်တမန်များကသတိပေးခဲ့ပါသည်။ အကြောင်းမှုကား အာဒံနှင့်အတူရှိနေခြင်းသည် တစ်ယောက်တည်းနေခြင်းထက် ဧဝအတွက်အန္တရာယ်ကင်းစေပါသည်။ သို့ရာတွင် သူမသည် မိမိ၏နှစ်သက်ဖွယ်သောလုပ်ငန်းထဲတွင်နစ်မျောသွားကာ ဂရုမထားမိဘဲ အာဒံ၏နံဘေးမှထွက်ခွာသွားခဲ့မိပါသည်။ သူမသည် မိမိတစ်ယောက်တည်းရှိနေမှန်းသိသောအခါ အန္တရာယ်ရှိမှန်းသိသော်လည်း ကြောက်စိတ်ကိုဖျောက်ဖျက်ပစ်ကာ

မိမိ၌ဒုစရိုက်ကိုခွဲခြားသိမြင်နိုင်သောအစွမ်းနှင့် ထိုဒုစရိုက်ကိုကြံ့ကြံ့ခိုင်ခံနိုင်သောခွန်အားအလုံအလောက်ရှိသည်ဟုမှတ်ယူခဲ့ပါသည်။ သူမသည် ထိုကောင်းကင်တမန်များ၏သတိပေးချက်ကိုဂရုမထားဘဲ မကြာမီမှာပင် တားမြစ်ထားသောအပင်ကို တအံ့တသြချီးမွမ်းလျက်ကြည့်နေလျက်သားဖြစ်နေပါသည်။ ထိုအပင်မှအသီးသည် အလွန်စားချင်စရာကောင်းသဖြင့် "ဘုရားသခင်သည် ထိုအသီးကိုမစားရန် ဘာကြောင့်မိမိတို့အားတားမြစ်တော်မူရာသနည်း" ဟု ကိုယ့်ကိုကိုယ်သူမမေးခွန်းထုတ်ခဲ့ပါသည်။ ထိုအချိန်တွင် စာတန်အတွက် အခွင့်အလမ်းပေါ်သွားခဲ့ပါသည်။ သူမသည် မည်သည့်အရာကိုတွေးနေကြောင်းကို သူသိသလိုလိုနှင့်ဧဝအား၊ "သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကိုမစားရဟု ဧကန်စင်စစ်ဘုရားသခင်မိန့်တော်မူသလော" ဟုမေးလေ၏။ ဧဝသည် မိမိစိတ်ထဲတွင်တွေးနေသည့်အရာများကိုကြားလိုက်ရသဖြင့် အံ့အားသင့်ကာ လန့်ဖျပ်သွားခဲ့ပါသည်။ သို့သော် မြွေသည် သူမ၏ထူးကဲသောချစ်ခင်နှစ်လိုဖွယ်ကောင်းသည့်အရာများကို သာယာနာပျော်ဖွယ်သောအသံဖြင့် ဆက်လက်၍မြှောက်ပင့်ချီးမွမ်းခဲ့ပါသည်။ မြွေပြောသောစကားများသည် မနှစ်သက်စရာတစ်ကွက်မျှမပါရှိချေ။ ဧဝသည် ထိုနေရာမှထွက်ပြေးသွားရမည့်အစား မြွေပြောသောစကားများကိုနားထောင်ရန် အံ့သြစွာဖြင့် ထိုနေရာ၌ပင်ဆက်လက်နေခဲ့ပါသည်။ ကောင်းကင်တမန်များနှင့်တူသည့်ပုဂ္ဂိုလ်တစ်ဦးက သူမထံလာ၍ စကားပြောခဲ့မည်ဆိုလျှင် သူမသည် ကြောက်ရွံ့တုန်လှုပ်မှုများဖြစ်ပေါ်လာခဲ့ပေလိမ့်မည်။ သို့ရာတွင် ချစ်ခင်မြတ်နိုးဖွယ်သောထိုမြွေသည် ကျဆုံးသွားသည့်ရန်သူစာတန်၏အသုံးခံသတ္တဝါတစ်ကောင်ဖြစ်နေသည်ကိုမူ သူမအနေဖြင့်မစဉ်းစားမိခဲ့ပါချေ။

စာတန်၏သွေးဆောင်ဖြားယောင်းသည့်အမေးကို တုံ့ပြန်သည့်အနေဖြင့် "မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသောအပင်တို့၏အသီးကိုစားရသောအခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသောအပင်၏အသီးကိုကား သင်တို့သည်မကိုင်မစားဘဲနေလော့။ သို့မဟုတ်သေမည်ဟု ဘုရားသခင်အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။ မြွေကလည်း သင်တို့သည် ဧကန်အမှန်



သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြမည်ကို ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။"

သူတို့သည် ထိုအပင်၏အသီးကိုယူ၍စားသုံးခြင်းဖြင့် ပိုမိုမြင့်မြတ်သောအသက်တာကိုရရှိလာကာ အသိပညာများလည်း ပိုမိုကျယ်ပြန့်စွာတိုးပွားလာလိမ့်မည်။ သူကိုယ်တိုင်လည်း ဤအပင်မှအသီးကိုယူ၍စားသဖြင့် စကားပြောခြင်းအစွမ်းကိုရရှိလာခဲ့သည်ဟု စာတန်ကမြွေမှတစ်ဆင့်ဖွင့်ဆိုခဲ့၏။ သူတို့အား ဘုရားသခင်ကဲ့သို့ဖြစ်လာမည်စိုးသဖြင့် ဘုရားသခင်သည် မနာလိုဝန်တိုစွာဖြင့် ထိုအပင်၏အသီးကိုမစားရန်တားမြစ်ထားခြင်းဖြစ်ကြောင်း အယုံသွင်းခဲ့ပါသည်။ ထိုအသီးများသည် အံ့သြဖွယ်သောဉာဏ်ပညာများနှင့်တန်ခိုးအစွမ်းများကိုပေးစွမ်းနိုင်သောကြောင့် ဘုရားသခင်သည် ၎င်းတို့အားမတို့မထိမစားမသောက်ရန် တားမြစ်ထားတော်မူခြင်းဖြစ်ကြောင်း၊ ဘုရားသခင်၏သတိပေးချက်များသည် ပြောသည့်အတိုင်းတကယ်ဖြစ်မှာမဟုတ်ကြောင်း၊ ခြိမ်းခြောက်မှုသက်သက်အတွက်သာ စီမံထားခြင်းဖြစ်ကြောင်း စာတန်ကကြိမ်းဝါးလာပါသည်။ သူတို့အား မည်သို့နည်းဖြင့်သေစေနိုင်လိမ့်မည်နည်း။ သူတို့သည် အသက်ပင်၏အသီးကိုစားဖူးကြသည်မဟုတ်ပါလား။ ပို၍မြင့်မြတ်သောဖွံ့ဖြိုးမှုရှိလာပြီး ကြီးမားသောပျော်ရွှင်မှုများကိုမတွေ့ရှိနိုင်အောင် ဘုရားသခင်ကတားဆီးထားခြင်းသာဖြစ်သည်ဟု စာတန်က သွေးဆောင်ပြောကြားခဲ့ပါသည်။

အာဒံ၏နေ့ရက်များမှသည် ယခုအချိန်တိုင်အောင် စာတန်သည် ထိုကဲ့သို့သောလုပ်ရပ်များကိုလုပ်ဆောင်ခဲ့ရာ များစွာအောင်မြင်မှုရရှိခဲ့ပါသည်။ ဘုရားသခင်၏မေတ္တာတော်ကိုမကိုးစားရန်နှင့် ကိုယ်တော်၏ဉာဏ်ပညာတော်ကိုဒွိဟဖြစ်ရန် လူများအားသူစုံစမ်းခဲ့ပါသည်။ ဘုရားသခင်၏ဉာဏ်တော်နှင့်တန်ခိုးတော်၏ လျှို့ဝှက်ချက်များကိုထိုးဖေါက်ရန် မရိုသေ၊ မလေးစားတတ်သော၊ ဂနာမငြိမ်သော၊ စပ်စုတတ်သောစိတ်ကို နှိုးဆွပေးရန် သူအမြဲတမ်းကြိုးစားလျက်ရှိပါသည်။ လူအပေါင်းတို့သည် ဘုရားသခင်မနှစ်သက်သော

အရာများကို ကြိုးစားရှာဖွေစဉ်မှာ ကယ်တင်ခြင်းအတွက် ပဓာနကျသော ကိုယ်တော်ဖေါ်ပြတော်မူခဲ့သည့်သမ္မာတရားများကို မျက်စိမှောက်နေတတ်ပါသည်။ လူများသည် အံ့ဩဖွယ်ကောင်းသောအသိပညာဗဟုသုတနယ်ပယ်ထဲသို့ဝင်ရောက်နေကြပြီဖြစ်ကြောင်း ယုံကြည်အောင်ဆွဲဆောင်လျက် ၎င်းတို့အား ဘုရားသခင်၏စကားကိုနားမထောင်စေရန် စာတန်စုံစမ်းခဲ့ပါသည်။ သို့ရာတွင် ဤအရာသည် လုံးလုံးလိမ်ညာမှုတစ်ခုသာဖြစ်ပါသည်။ သူတို့သည် တိုးတက်ကြီးပွားဖို့အကြံအစည်များဖြင့် အကြည်ဆိုက်နေပြီး ဘုရားသခင်၏တောင်းဆိုခိုင်းစေချက်များကိုနင်းချေကာ ယုတ်ညံ့နိမ့်ကျ၍ သေခြင်းသို့ပို့ဆောင်မည့်လမ်းသို့ခြေဦးလှည့်နေကြပါသည်။

သူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုချိုးဖေါက်ခြင်းအားဖြင့် အမျက်ထွက်သောသူများဖြစ်ကြလိမ့်မည်ဟု သန့်ရှင်းသောဧဒင်ဥယျာဉ်မောင်နှံအား စာတန်ရုပ်လုံးဖေါ်ခဲ့ပါသည်။ ဤကဲ့သို့သောအကြောင်းပြချက်မျိုးကို ကျွန်ုပ်တို့ယနေ့ကြားနေရပါသလား။ လူများစွာတို့သည် ဘုရားသခင်၏ပညတ်တော်များကိုလိုက်လျှောက်ကြသူများ၏အမြင်ကျဉ်းမှုများကိုပြောကြားနေကြစဉ်မှာပင် ၎င်းတို့ကိုယ်တိုင်မှာမူ ပို၍ကျယ်ပြန့်သောအတွေးအခေါ်များရရှိထားကြောင်း၊ ပို၍များပြားသောလွတ်လပ်မှုကိုခံစားနေကြရကြောင်း အခိုင်အမာပြောဆိုနေကြပါသည်။ ဧဒင်ဥယျာဉ်မှပဲ့တင်ထပ်လာသောအသံတစ်ခုမှာ "ထိုအသီးကိုစားသောနေ့၌၊ ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးသောနေ့၌ သင်တို့သည် ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့" ဟူ၍ဖြစ်၏။ တားမြစ်ထားသောအသီးကိုစားခြင်းအားဖြင့် ကောင်းသောအရာများကိုရရှိမည်ဟု စာတန်ပြောဆိုခဲ့သော်လည်း ဘုရားသခင်၏အမိန့်တော်ကိုလွန်ကျူးခဲ့ခြင်းအားဖြင့် ၎င်းကိုယ်တိုင်ကောင်းကင်မှနှင်ထုတ်ခြင်းခံခဲ့ရသည်ကိုမူ ဖုံးဖိ၍ထားခဲ့ပါသည်။ သူသည် ကြီးကျယ်သောဆုံးရှုံးမှုကိုဖြစ်စေသည့်အပြစ်တရားကိုတွေ့ရှိခဲ့သော်လည်း အခြားသူများအား မိမိနှင့်တစ်တန်းတစ်စားတည်းဖြစ်အောင် ဆွဲဆောင်နိုင်ရန် အလို့ငှာ ယုတ်ညံ့နိမ့်ကျမှုကိုဖုံးဖိထားခဲ့ပါသည်။ ထို့ကြောင့် စာတန်သည် မိမိ၏ဇာတိရုပ်မှန်ကို သူတစ်ပါးမသိနိုင်အောင် အရေခြုံရုပ်ဖျက်ရန် ကြိုးစား



နေပါသည်။ သူသည် မိမိကိုယ်ကိုသန့်ရှင်းသည်ဟု ကြွေးကြော်ကောင်း ကြွေးကြော်နိုင်မည်ဖြစ်သော်လည်း ထိုကဲ့သို့စိတ်နေမြင့်မားသောဖွင့်ဟမှုသည် သူ့အားလိမ်လည်လှည့်ဖြားသူတစ်ဦးကဲ့သို့သော ပို၍အန္တရာယ်များသည့်သူတစ်ဦးဖြစ်စေပါသည်။ မြွေသည် စာတန်၏ဘက်တော်သားဖြစ်နေခဲ့ပြီး ဘုရားသခင်၏ပညတ်တော်ကိုနင်းချေကာ လူအပေါင်းတို့အား သူကဲ့သို့လုပ်ဆောင်စေ၍ ထာဝရပျက်စီးခြင်းထဲသို့ပို့ဆောင်လျက်ရှိပါသည်။

ဧဝသည် စာတန်ပြောသောစကားများကို တကယ်ယုံကြည်ခဲ့ပါသည်။ သို့ရာတွင် သူမ၏ယုံကြည်ခြင်းသည် အပြစ်၏အစမှသူမအားမလွတ်ကင်းစေနိုင်ခဲ့ချေ။ သူမသည် ဘုရားသခင်၏မိန့်မှာစကားများကို မယုံကြည်ခဲ့ချေ။ ဤအရာသည် သူမအားကျဆုံးခြင်းသို့ပို့ဆောင်ခဲ့ပါသည်။ လူအပေါင်းတို့သည် တရားစီရင်ရာတွင် ဩတ္တပ္ပစိတ်နှိုးဆော်ရာသို့လိုက်၍ မုသားစကားတစ်လုံးကိုယုံကြည်ခဲ့မိသောကြောင့် တရားစီရင်အပြစ်ပေးခြင်းခံရမည်ဖြစ်သည့်ပြင် သမ္မာတရားကိုမယုံကြည်ခဲ့မိခြင်း၊ သမ္မာတရားကိုလေ့ကျက်ခွင့်ရသည်ကိုလျစ်လျူရှုခဲ့မိခြင်းများကြောင့်လည်း အပြစ်ဒဏ်စီရင်ခြင်းကိုခံကြရပါလိမ့်မည်။ ကျွန်ုပ်တို့သည် စာတန်၏လီဆယ်ဖြားယောင်းမှုများကို ဆန့်ကျင်လင့်ကစား ဘုရားသခင်၏စကားကိုနားမထောင်ပါက အမြဲတမ်းအန္တရာယ်ရှိလှပါသည်။ ကျွန်ုပ်တို့သည် သမ္မာတရားကိုသိရှိနားလည်ရန် စိတ်ပြဌာန်းကြရမည်။ သမ္မာကျမ်းစာတွင် ဘုရားသခင်မှတ်တမ်းတင်ထားစေသည့် သင်ခန်းစာအားလုံးသည် ကျွန်ုပ်တို့အတွက် သတိပေးချက်များ၊ ညွှန်ကြားချက်များဖြစ်ကြပါသည်။ ထိုနှုတ်ထွက်စကားများကို ကျွန်ုပ်တို့အား လိမ်ညာလှည့်ဖြားမခံရစေရန် ပေးအပ်ထားတော်မူပါသည်။ ထိုအရာများကိုလျစ်လျူရှုခြင်းသည် မိမိကိုယ်ကိုပျက်စီးခြင်းသို့ရောက်စေခြင်းဖြစ်ပါလိမ့်မည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့်ဆန့်ကျင်သောသွန်သင်ချက်များသည် စာတန်ထံမှလာသောအရာများဖြစ်သည်ဟု ကျွန်ုပ်တို့သေချာပေါက်မှတ်ယူကြရမည်။

ထိုမြွေသည် တားမြစ်ထားသောအပင်မှအသီးကိုခူးလိုက်ကာ တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေသော ဧဝလက်ထဲသို့ထည့်ပေးလိုက်ပါသည်။ ထိုနောက်

၎င်းတို့အားသေမည်စိုးသဖြင့် ထိုအပင်မှအသီးကိုမထိရန် ဘုရားသခင်တားမြစ်သည်ဟူသော သူမပြောခဲ့သောစကားများကိုပြန်ပြောကာ မြွေသည် ဧဝအား သတိပေးခဲ့ပါသည်။ ထိုအသီးကိုထိသောချိန်တွင် ဘာမျှမဖြစ်သကဲ့သို့ စားသောအခါတွင်လည်း ဘာမျှဖြစ်လိမ့်မည်မဟုတ်ဟု သူကဖွင့်ဟခဲ့ပါသည်။ ပြောသည့်အတိုင်းလုပ်ဆောင်ခဲ့ရာ မည်သည့်ဒုက္ခမျှမတွေ့ကြုံရသဖြင့် ဧဝသည် ပို၍အတင့်ရဲလာခဲ့ပါသည်။ "ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှာ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကို မိန်းမမြင်လျှင် အသီးကိုယူ၍စား၏။" ထိုအသီးသည်အလွန်အရသာရှိပြီး စားလိုက်စဉ်တွင် တန်ခိုးများရရှိလာသကဲ့သို့ခံစားရပါသည်။ သူမကိုယ်ကိုပို၍မြင့်မြတ်သောအဆင့်အတန်းသို့ဝင်စားသွားသယောင်စိတ်ထင်လိုက်ရပါသည်။ သူမသည် ကြောက်လန့်စိုးရိမ်မှုမရှိတော့ဘဲ အသီးကိုခူး၍စားလိုက်သည်။ ယခုအချိန်တွင် အပြစ်လွန်ကျူးပြီးပြီဖြစ်သောသူမသည် မိမိ၏လင်ယောကျာ်းအားဖျက်ဆီးရန် လုပ်ဆောင်ရာတွင် စာတန်၏ကိုယ်စားလှယ်တစ်ဦးဖြစ်လာခဲ့ပါသည်။ သူမသည် တစ်ခါမျှမခံစားခဲ့ဖူးသည့်စိတ်လှုပ်ရှားမှုမျိုးနှင့် တားမြစ်ထားသောအပင်မှအသီးကို လက်ထဲတွင်အပြည့်ဆုပ်ကိုင်ထားပြီး အာဒံကိုရှာကာ ဖြစ်ပျက်သမျှအလုံးစုံကိုပြောပြခဲ့ပါသည်။

အာဒံ၏မျက်နှာပေါ်ဝယ် ဝမ်းနည်းသည့်အရိပ်လက္ခဏာတစ်ခုပေါ်လာခဲ့ပါသည်။ သူသည်ကြားလိုက်ရသောစကားများကြောင့် အံ့အားသင့်ပုံ၊ ထိတ်လန့်သွားပုံပေါ်နေပါသည်။ ထိုသူသည် မိမိတို့အား ဘုရားသခင်သတိပေးထားသည့်ရန်သူကြီးဖြစ်ရမည်ဟု အာဒံက ဧဝအားတုံ့ပြန်ခဲ့ပါသည်။ ဘုရားသခင်၏စီရင်ချက်အရ သူမသည် ဧကန်အမှန်သေရပေတော့မည်။ မိမိတို့သည် အမှန်တကယ်သေရမည်မဟုတ်ကြောင်းဖွင့်ဆိုခဲ့သည့်မြွေ၏စကားများကို ဧဝသည် အထပ်ထပ်ပြောဆိုလျက် အာဒံအား ထိုအသီးကိုစားရန် တိုက်တွန်းခဲ့ပါသည်။ မိမိအနေဖြင့် ဘုရားသခင်နှစ်သက်တော်မမူကြောင်းဖော်ပြသည့်အထောက်အထားတစ်စုံတစ်ခုကိုမျှမခံစားရသည့်ပြင် သူမအထင် အသစ်သောအသက်တာဖြင့်စွမ်းအားအပေါင်းကို ထထကြွကြွရှိစေလျက်



အထူးနှစ်မြို့ဖွယ်သောစိတ်နှလုံးရွှင်ပျမှုများကိုခံစားနေရသဖြင့် စာတန်ပြောသည့်အတိုင်း အမှန်ဖြစ်မည်ဟု သူမဆင်ခြင်မိခဲ့ပါသည်။

မိမိ၏ကြင်ဖော်သည် ဘုရားသခင်၏အမိန့်တော်ကိုလွန်ကျူးခဲ့ပြီး မိမိတို့၏သစ္စာရှိမှုနှင့် မိမိတို့၏ချစ်ခြင်းမေတ္တာကိုစမ်းသပ်ချက်တစ်ရပ်အနေဖြင့်ထားရှိသည့်တစ်ခုတည်းသောတားမြစ်ချက်ကို လျစ်လျူရှုခဲ့ပြီးဖြစ်ကြောင်း အာဒံနားလည်ခဲ့ပါသည်။ သူ၏စိတ်ထဲတွင် ပြင်းထန်သောရုန်းကန်မှုတစ်ခုဖြစ်ပေါ်ခဲ့ပါသည်။ ဧဝအားတစ်ဦးတည်းသွားခွင့်ပြုခဲ့မိသည့်အတွက် သူဝမ်းနည်းပူဆွေးခဲ့မိပါသည်။ သို့ရာတွင် ယခု၌မူ အမှားများကိုကျူးလွန်မိခဲ့ပြီးဖြစ်သောကြောင့် ပျော်ရွှင်သာယာစွာအတူနေခဲ့ရသောသူမနှင့်ခွဲခွါရပေတော့မည်။ မည်ကဲ့သို့ခွဲခွာနိုင်ပါမည်နည်း။ အာဒံသည် ဘုရားသခင်နှင့် သန့်ရှင်းသောကောင်းကင်တမန်များ၏ရင်းနှီးသောမိတ်သဟာယဖွဲ့မှုကိုခံစားခဲ့ဖူးပါသည်။ ကယ်တင်ရှင်၏ဘုန်းတော်ကိုလည်း ဖူးတွေ့ခဲ့ဖူးပါသည်။ ဘုရားသခင်အား သစ္စာရှိလူသားအပေါင်းအတွက် စီစဉ်ထားသည့်မြင့်မြတ်သောကံကြမ္မာကိုလည်း သူနားလည်ထားပါသည်။ သို့စေကာမူ ခပ်သိမ်းသောအရာတို့ထက် သူ၏မျက်စိတွင်တန်ဖိုးထားသည့် ဧဝကိုဆုံးရှုံးသွားမှာစိုးသဖြင့် ဤကောင်းချီးမင်္ဂလာအပေါင်းကို သူမျက်ခြည်ပြတ်သွားပါသည်။ ဧဝအားထားရှိသည့်ချစ်ခြင်းမေတ္တာသည် ဖန်ဆင်းရှင်အပေါ်ထားရှိသည့် ၎င်း၏မေတ္တာ၊ ကျေးဇူးတင်ခြင်းနှင့် သစ္စာစောင့်သိမှုများအပေါ် အနိုင်အထက်ပြုသွားခဲ့ပါသည်။ သူမသည် မိမိ၏အစိတ်အပိုင်းတစ်ခုဖြစ်နေသောကြောင့် သူမနှင့်ခွဲခွာရန်စိတ်ကူးဖို့ပင်မစွမ်းနိုင်ပါချေ။ မြေမှုန့်အားဖြင့် ၎င်းအား ဖန်ဆင်းတော်မူခဲ့ကာ လှပ၍အသက်ရှင်သောကြင်ဖော်တစ်ဦးအား ၎င်းကိုပေးတော်မူခဲ့သော ထိုအနန္တတန်ခိုးရှင်သည် သူမနေရာတွင်အခြားတစ်ဦးအား အစားထိုးဖန်ဆင်းပေးနိုင်တော်မူကြောင်းကို သူမသိရှိခဲ့ချေ။ သူမသေလျှင် သူလည်း သူမနှင့်အတူအသေခံမည်ဟူ၍ သူမ၏ကြမ္မာကိုမျှဝေခံစားရန် အာဒံဆုံးဖြတ်ချက်ချခဲ့ပါသည်။ ပညာရှိသောမြွေပြောကြားခဲ့သည့်စကားများသည် မှန်များမှန်နေရော့လားဟု နောက်ဆုံးတွင်သူဆင်ခြင်မိခဲ့ပါသည်။ အကြောင်းမှာ

ဧဝသည် သူ့ရှေ့တွင်ရှိနေပြီး နားမထောင်သည့်လုပ်ရပ်ကိုမလုပ်မီကကဲ့သို့ပင် လှမြဲတိုင်းလှကာ အပြစ်ကင်းတိုင်းကင်းလျက်ရှိနေသောကြောင့်တည်း။ သူမသည် ယခင်ကထက်ပင် သူ့အားပို၍ချစ်ခင်နေပါသည်။ သူမ၌ သေခြင်း၏အရိပ် တစ်စုံတစ်ခုကိုမျှမတွေ့ရသဖြင့် အကျိုးဆက်များကိုပမာမပြုဘဲ လုပ်ဆောင်ရန် အာဒံဆုံးဖြတ်ခဲ့ပါသည်။ ထိုနောက် သူသည် ထိုအသီးကိုဆုပ်ကိုင်လိုက်ကာ အမြန်စားပစ်လိုက်သည်။

အာဒံသည် အပြစ်ကျူးလွန်ပြီးနောက် အစပထမတွင် မိမိကိုယ်ကို ပို၍မြင့်မြတ်သောအသက်တာကိုဝင်စားနေသည်ဟု ထင်မှတ်ခဲ့ရပါသည်။ သို့ရာတွင် မကြာမီမှာပင် အပြစ်ကျူးလွန်ခဲ့ပြီးဟူသောအသိသည် ၎င်းအား ကြောက်လန့်စိတ်များနှင့်ပြည့်ဝစေခဲ့ပါသည်။ ထိုအချိန်အခါအထိ တော်သင့်၍ မျှတမှုရှိသောအပူချိန်ရှိသည့်လေထုကြီးသည် အပြစ်ကျူးလွန်ခဲ့သော ထိုဇနီးမောင်နှံအား အေးစိမ့်သွားစေခဲ့သယောင်ဖြစ်ခဲ့ပါသည်။ ချစ်ခြင်းမေတ္တာနှင့် ငြိမ်သက်ခြင်းများသည် သူတို့ထံမှကွယ်ပျောက်သွားခဲ့ပြီး ထိုအရာများ၏ နေရာတွင် အပြစ်တရားနှင့်ပတ်သက်သောခံစားမှု၊ အနာဂတ်အတွက်စိုးရိမ်ကြောက်ရွံ့မှုနှင့် အသက်ဝိညာဉ်၏အချည်းစည်းဖြစ်မှုများကို သူတို့ခံစားခဲ့ကြရပါသည်။ ၎င်းတို့အားရစ်ပတ်လွှမ်းခြုံခဲ့သောဘုန်းတန်ခိုးတော်ဝတ်ရုံသည်လည်း ယခုတွင်ကွယ်ပျောက်သွားခဲ့ချေပြီ။ သူတို့သည် အဝတ်ချည်းစည်းဖြင့် ဘုရားသခင်နှင့်တကွ ကောင်းကင်တမန်များကိုတွေ့ဆုံခြင်းငှာမစွမ်းနိုင်သဖြင့် ထိုဝတ်ရုံအစားဝတ်ဆင်ရန် ဆင်တူအဖုံးအကွယ်တစ်ခုကို ၎င်းတို့ဘာသာ ကြိုးစားလုပ်ဆောင်ခဲ့ကြပါသည်။

ယခုအချိန်တွင်မူ သူတို့သည် မိမိကျူးလွန်ခဲ့သောအပြစ်၏ဇာတိရုပ်မှန်ကို စတင်တွေ့မြင်ခဲ့ကြပါသည်။ မိမိထံမှထွက်ခွာသွားကာ မြွေ၏လှည့်ဖြားမှုကိုခံရန် ကိုယ့်ကိုကိုယ်ခွင့်ပြုခဲ့သည့်မိုက်မဲသောလုပ်ရပ်အတွက် ဧဝအား အာဒံဆုံးမပြစ်တင်ခဲ့ပါသည်။ သို့ရာတွင် မိမိတို့အား အမျိုးမျိုးမေတ္တာပြခဲ့သော ကိုယ်တော်ရှင်သည် ဤအပြစ်ကလေးတစ်ခုကိုခွင့်လွှတ်တော်မူလိမ့်မည်။ (သို့မဟုတ်) မိမိတို့အလွန်ကြောက်ရွံ့သည့် ကြောက်မက်ဖွယ်သောအပြစ်ဒဏ်



ပေးမှုတစ်ခုသည် မိမိတို့အပေါ်သို့ကျရောက်လိမ့်မည်မဟုတ်ဟု သူတို့နှစ်ဦးစလုံးက ကိုယ့်ကိုကိုယ်နှစ်သိမ့်စေခဲ့ပါသည်။

စာတန်သည် မိမိရရှိခဲ့သောအောင်မြင်မှုအတွက် နှစ်ထောင်းအားရရှိခဲ့ပါသည်။ သူသည် ဧဝအား ဘုရားသခင်၏မေတ္တာတော်ကိုယုံကြည်ရန်၊ ကိုယ်တော်၏ဉာဏ်ပညာတော်ကိုဒွိဟဖြစ်ရန်နှင့် ကိုယ်တော်၏ပညတ်တော်ကို ချိုးဖေါက်ရန်စုံစမ်းခဲ့ပြီး သူမှတစ်ဆင့် အာဒံကိုမှောက်လှန်သွားအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။

သို့ရာတွင် ထာဝရဘုရားသခင်သည် အာဒံနှင့်ဧဝတို့အား ၎င်းတို့ကျူးလွန်ခဲ့သောအပြစ်၏အဖိုးအခများကို အသိပေးလုဆဲဆဲဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် ဒေင်ဥယျာဉ်ထဲသို့ တစ်ဖန်ကြွလာတော်မူခဲ့ပါသည်။ အပြစ်ကင်းမဲ့၍ သန့်ရှင်းသောအသက်တာ၌ရှိစဉ်က သူတို့သည် ဖန်ဆင်းရှင်၏ကြွလာတော်မူခြင်းကို ဝမ်းပန်းတသာကြိုဆိုခဲ့ကြသော်လည်း ယခုတွင်မူ ကြောက်အားလန့်အားဖြင့်ထွက်ပြေးကာ ဥယျာဉ်၏ချောင်ကြိုချောင်ကြားနေရာများတွင်ပုန်းအောင်းရန် ကြိုးစားခဲ့ကြပါသည်။ သို့သော် "ထာဝရအရှင်ဘုရားသခင်ကလည်း သင်သည် အဘယ်မှာရှိသနည်းဟု လူကိုခေါ်တော်မူ၏။ လူကလည်း ဥယျာဉ်၌ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင် အဝတ်အချည်းစည်းရှိသောကြောင့် ကြောက်၍ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း သင်၌အဝတ်အချည်းစည်းရှိသည်ကို သင့်အားအဘယ်သူပြောသနည်း။ မစားရဟု ငါပညတ်သောအပင်၏အသီးကို စားပြီလောဟု မေးတော်မူ၏။"

အာဒံသည် မိမိကျူးလွန်ခဲ့သောအပြစ်အတွက် ငြင်းကွယ်ခြင်းမပြုနိုင်သည့်အပြင် ဆင်ခြေတက်စရာလည်းအကြောင်းမရှိတော့ချေ။ သို့ရာတွင် သူသည် နောင်တရကြောင်းဖေါ်ပြရမည့်အစား၊ မိမိဇနီးအပေါ်တွင် အပြစ်ပုံရန် ကြိုးစားခဲ့ပါသည်။ "ကျွန်တော်၌အပ်ပေးတော်မူသောမိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်" ဟုလျှောက်ထားကာ ဘုရားသခင်အပေါ်တွင်လည်းအပြစ်ပုံခဲ့ပါသည်။ ဧဝကိုချစ်အားကြီးကာ ဘုရားသခင်၏

အလိုတော်ကိုလည်းကောင်း၊ ပါရဒိသုဘုံမှာရှိသော ၎င်း၏အိမ်တော်နှင့် ထာဝရအသက်၏မွေ့လျော်မှုများကိုလည်းကောင်း လက်လွှတ်အဆုံးရှုံးခံရန် သေသေချာချာစဉ်းစား၍ ရွေးချယ်ခဲ့သောအာဒံသည် ယခုတွင် အပြစ်၌ ကျဆုံးပြီးနောက် ကျူးလွန်မိခဲ့သောအပြစ်အတွက် မိမိဇနီးနှင့်ဘုရားသခင် ကိုယ်တော်တိုင်တွင် တာဝန်ရှိကြောင်းအပြစ်ပုံရန် ကြိုးစားနေပါသည်။ အပြစ်၏ တန်ခိုးသည် အလွန်တရာကြောက်စရာကောင်းလှစွတကား။

"ထာဝရအရှင်ဘုရားသခင်ကလည်း သင်သည် အဘယ်သို့ပြုပြီ သနည်းဟု မိန်းမအားမေးတော်မူလျှင် မိန်းမက မြွေသည် ကျွန်တော်မကို လှည့်စား၍ ကျွန်တော်မစားမိပါပြီဟုလျှောက်၏။" မိမိကျူးလွန်ခဲ့သောအပြစ် အတွက် ထိုကဲ့သို့ဆင်ခြင်ပေးရာတွင် "ကိုယ်တော်သည် အဘယ်ကြောင့် မြွေကိုဖန်ဆင်းထားတော်မူခဲ့သနည်း" "အဘယ်ကြောင့်မြွေကိုဥယျာဉ်ထဲသို့ အဝင်ခံတော်မူခဲ့သနည်း" ဟူသောမေးခွန်းများပါဝင်နေကြောင်း အဓိပ္ပါယ် သက်ရောက်နေပါသည်။ ဧဝသည်လည်း ထိုနည်းအားဖြင့် အာဒံပြုသကဲ့သို့ အပြစ်တွင်မိမိတို့ကျဆုံးရခြင်းသည် ဘုရားသခင်၌တာဝန်ရှိကြောင်း အပြစ်ပုံ ခဲ့ပါသည်။ မိမိလုပ်ဆောင်သောအရာများအားလုံးသည် မှန်ကန်မှုရှိသည်ဟု စွဲလမ်းသောစိတ်ထားသည် မုသား၏အဘထံမှအစပြုခဲ့ပါသည်။ ကျွန်ုပ်တို့၏ မိဦးဘဦးသည် စာတန်အား အညံ့ခံလိုက်လျှောပြီး၍ မကြာမီမှာပင် ထိုစိတ် ထားမျိုးကိုလိုက်စားကျင့်သုံးလာကြပါသည်။ ၎င်းပြင် အာဒံ၏သားသမီး အားလုံးသည် ထိုစိတ်ဓါတ်မျိုးကိုထင်ရှားစေလျက်ရှိကြပါသည်။ မိမိ၏အပြစ် များကို နှိမ့်ချစွာဖြင့် ဝန်ချတောင်းပန်ကြရမည့်အစား၊ အခြားသူများနှင့် အခြေအနေအရပ်ရပ်အပေါ်အပြစ်ပုံခြင်းအားဖြင့်လည်းကောင်း၊ ပေးတော်မူသည့် ကောင်းချီးမင်္ဂလာများကိုပင် ညည်းတွားစရာအခြေအနေတစ်ခုဖြစ်စေလျက် ဘုရားသခင့်အပေါ်အပြစ်ပုံခြင်းအားဖြင့်လည်းကောင်း မိမိကိုယ်ကိုကာကွယ်ရန် ကြိုးစားနေကြပါသည်။

ထိုအချိန်တွင် ဘုရားသခင်သည် မြွေအားပြစ်ဒဏ်စီရင်ခဲ့ပါသည်။ "ထာဝရအရှင်ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည် ဤအမှုကိုပြုသော





ကြောင့် သားယဉ်၊ သားရဲအပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်သည် ဝမ်းဖြင့်သွား၍ မြေမှုန့်ကိုတစ်သက်လုံးစားရမည်" ဟုမိန့်တော်မူ၏။ မြွေသည် စာတန်၏ကြားခံသတ္တဝါတစ်ကောင်အနေဖြင့် အသုံးခံခဲ့သောကြောင့် စာတန် ခံစားရမည့်အပြစ်ဒဏ်ကို မျှဝေခံစားရပါမည်။ ထိုသတ္တဝါကလေးသည် မြေကြီးပေါ်ရှိတိရစ္ဆာန်တို့ထက် အဆင်းတင့်တယ်၍ လိမ္မာသောသတ္တဝါအဆင်းမှ ထိုတိရစ္ဆာန်တို့တွင် အယုတ်ညံ့ဆုံး၊ ရွံမုန်းစရာအကောင်းဆုံးသတ္တဝါဖြစ်လာကာ လူနှင့်တိရစ္ဆာန်နှစ်မျိုးစလုံး၏ကြောက်ရွံ့မုန်းတီးမှုကိုခံရသည့်အဆင့်သို့ရောက်ရှိ လာခဲ့ပါသည်။ ထိုမြွေအား ဆက်လက်၍မြွက်ဆိုခဲ့သော "သင်နှင့်မိန်းမကို လည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမအမျိုးအနွယ်ကိုလည်းကောင်း ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင့်ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည် သူ့ဖနောင့်ကိုကြိတ်လိမ့်မည်" ဟူသောစကားများသည် စာတန်အား ၎င်း၏ အဆုံးစွန်ဖျက်ဆီးခြင်းခံရမည့်အရေးကို တိုက်ရိုက်မိန့်ဆိုထားခြင်းဖြစ်ပါသည်။

"ကိုယ်ခင်ပွန်း၏အလိုသို့လိုက်၍ သူ၏အုပ်စိုးခြင်းကိုလည်းခံရမည်" ဟူ၍ ထိုအချိန်မှစ၍ ခံစားရမည့်ဝမ်းနည်းနာကျင်ဖွယ်ရာအငန်းအတာကိုလည်း ဧဝအားမိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်းအချိန်က သူမကို အာဒံနှင့်တန်းတူရည်တူဖန်ဆင်းတော်မူခဲ့ပါသည်။ သူတို့သည် မေတ္တာကို အခြေခံထားသည့်မဟာပညတ်တော်နှင့်ဆီလျော်စွာနားထောင်မှုရှိခဲ့ကြမည်ဆိုလျှင် သူတို့အချင်းချင်းအမြဲတမ်းသဟဇာတတည့်နေခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် အပြစ်တရားသည် ညီညွတ်မှုကိုပျက်ပြားစေခဲ့ပြီး ယခုတွင်မူ ၎င်းတို့အချင်းချင်းညီညွတ်မှုရရှိရန် တစ်ဦး၏အလိုကိုတစ်ဦးကလိုက်၍ လုပ်ဆောင်ခြင်းအားဖြင့်သာဖြစ်နိုင်ပါတော့သည်။ ဧဝသည် ပညတ်တော် လွန်ကျူးမှုကို ရှေးဦးပထမပြုခဲ့ပါသည်။ ဘုရားသခင်၏ညွှန်ကြားချက်ကို ဆန့်ကျင်ကာ မိမိ၏ခင်ပွန်းနှင့်ခွဲခွာ၍နေခဲ့ခြင်းအားဖြင့် သူမသည် စုံစမ်း ခြင်းထဲသို့ကျရောက်ခဲ့ပါသည်။ သူမ၏သွေးဆောင်မြှူဆွယ်မှုကြောင့် အာဒံ သည် အပြစ်ပြုခဲ့ပါသည်။ ထို့ကြောင့်ယခုတွင် သူမအား ကိုယ်ခင်ပွန်း၏ အလိုသို့လိုက်၍ သူ၏အုပ်စိုးခြင်းကိုခံစေခဲ့ပါသည်။ အပြစ်တွင်ကျဆုံးခဲ့သော

လူသားမျိုးနွယ်များသည် ဘုရားသခင်၏ပညတ်တော်တွင်ပြဋ္ဌာန်းထားသော ထိုစည်းမျဉ်းများကို နှစ်သက်မြတ်နိုးခဲ့ကြလျှင် အပြစ်ကျူးလွန်မှုကြောင့် ဖြစ်ပေါ်လာသော ဤအပြစ်ဒဏ်စီရင်မှုသည်ပင် ၎င်းတို့အတွက်ကောင်းချီး မင်္ဂလာတစ်ခုဖြစ်လာနိုင်ပါသည်။ သို့ရာတွင် ဘုရားသခင်ပေးထားတော်မူသည့် အုပ်စိုးခွင့်ကို ယောကျာ်းများက တလွဲအသုံးပြုခဲ့ကြခြင်းသည် အမျိုးသမီး အများစုအား ခါးသီးမှုကိုမကြာခဏဖြစ်စေပြီး ၎င်းတို့အသက်တာအား ဝန်ထုပ် ဝန်ပိုးတစ်ခုဖြစ်လာစေခဲ့ပါသည်။

ဧဝသည် ဧဒင်ဥယျာဉ်ရှိနေအိမ်တွင် မိမိခင်ပွန်း၏နံဘေး၌ စုံလင်သောပျော်ရွှင်မှုကိုရရှိခံစားခဲ့ပါသည်။ သို့သော် သူမသည် မတည်ငြိမ်သော ယခုခေတ်အမျိုးသမီးများကဲ့သို့ပင် သူမအတွက် ဘုရားသခင်သတ်မှတ်ထားသည့်အခြေအနေထက် ပို၍ကောင်းမွန်သောအခြေအနေသို့ဝင်စားရန် မျှော်လင့်ချက်ဖြင့်ကျေနပ်ခဲ့ပါသည်။ မူလအခြေအနေထက်မြင့်တက်ရန် သူမကြိုးစားမိခဲ့သဖြင့် နဂိုအခြေအနေထက်များစွာနိမ့်ကျသောအခြေအနေသို့ကျဆင်းသွားခဲ့ပါသည်။ ဘုရားသခင်၏အကြံအစည်တော်အရ ပေးအပ်ထားသောတာဝန်များကို ရွှင်လန်းအားရစွာလုပ်ဆောင်ရန် ဆန္ဒမရှိသောသူအပေါင်းတို့သည် ထိုကဲ့သို့သောဆိုးကျိုးများကိုရရှိကြပေလိမ့်မည်။ လူအများတို့သည် မိမိနှင့်မသင့်လျော်သောရာထူးအဆင့်များကိုရောက်အောင်ကြိုးစားလုပ်ဆောင်စဉ် သူတို့အား ကောင်းချီးမင်္ဂလာဖြစ်စေနိုင်သည့် ရာထူးနေရာကိုချန်ထားတတ်ကြပါသည်။ များစွာသောအမျိုးသမီးများသည် ပို၍မြင့်မြတ်သောအခြေအနေသို့ရောက်လိုသောဆန္ဒကြောင့် အမျိုးသမီးပီသသော သိက္ခာများနှင့်စာရိတ္တ၏မြင့်မြတ်မှုများကိုစွန့်လွှတ်ကြကာ သူတို့ဆောင်ရွက်ရန် ဘုရားသခင်ခန့်အပ်ထားသည့် အလုပ်တာဝန်များကိုလည်းမလုပ်ဘဲပစ်ထားတတ်ကြပါသည်။

"ယောကျာ်းကိုလည်း ထိုအပင်၏အသီးကိုမစားရဟု ငါပညတ်သော်လည်း သင်သည် မယား၏စကားကိုနားထောင်၍ စားမိသောကြောင့် မြေသည် သင့်အတွက်ကျိန်ခြင်းကိုခံလျက်ရှိ၏။ မြေ၏အသီးကိုတစ်သက်လုံး ပင်ပန်းစွာစားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင့်အဖို့မြေ၌ပေါက်စေ



မည်။ လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့မပြန်မီတိုင်အောင် သင်၏မျက်နှာမှချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ပြန်ရမည်" ဟု ထာဝရဘုရားသခင်သည် အာဒံအားမိန့်တော်မူ၏။

အပြစ်မဲ့သော ဤဧနီးမောင်နှံသည် ဒုစရိုက်အပြစ်တစ်စုံတစ်ခုကိုပင် သိရှိရန် ထာဝရဘုရားသခင်အလိုတော်မရှိပါ။ ကိုယ်တော်သည် ၎င်းတို့အား ကောင်းသောအရာများကိုရက်ရောစွာပေးကမ်းတော်မူ၍ မကောင်းသောအရာများကိုမူ ပေးကမ်းတော်မမူခဲ့ချေ။ သို့ရာတွင် ၎င်းတို့သည် အလိုတော်နှင့်ဆန့်ကျင်ကာ တားမြစ်ထားသောအပင်မှအသီးကိုစားမိခဲ့ကြချေပြီ။ ယခုတွင်မူ သူတို့သည် ထိုအပင်၏အသီးကိုတစ်သက်လုံးဆက်လက်စားသောက်ကြလိမ့်မည်။ လူသားမျိုးနွယ်များသည် ထိုအချိန်မှစ၍ စာတန်စုံစမ်းခြင်းများ၏ ဒုက္ခပေးမှုကိုခံခဲ့ကြရပါသည်။ ၎င်းတို့အားပျော်ရွှင်မှုရစေဖို့ ခန့်အပ်ထားသော အလုပ်များသည် ယခုအချိန်တွင် စိတ်သောကရောက်စရာ၊ ပင်ပန်းဆင်းရဲစရာ အလုပ်များဖြစ်လာခဲ့ပါသည်။ သူတို့သည် စိတ်ပျက်ဝမ်းနည်းကာ နာကျင်မှုများကိုခံစားခဲ့ကြရပြီး နောက်ဆုံးတွင် သေဒဏ်သင့်သောသူများဖြစ်လာခဲ့ကြပါသည်။

အားလုံးသောသဘာဝလောကကြီးသည် အပြစ်၏ကျိန်ဒဏ်အောက်တွင် ဘုရားသခင်ကိုပုန်ကန်ခြားနားမှုကြောင့် ဖြစ်ပေါ်လာသောနောက်ဆက်တွဲဆိုးကျိုးများကို လူသားများအားသက်သေခံရန်ဖြစ်ပါသည်။ ဘုရားသခင်သည် လူသားများကိုဖန်ဆင်းစဉ်အချိန်က ဝေနေယျသတ္တဝါများနှင့်တကွ ကမ္ဘာလောကကြီးတစ်ခုလုံးအားအုပ်စိုးရန် ခန့်အပ်ထားတော်မူခဲ့ပါသည်။ အာဒံသည် ဘုရားသခင်အပေါ်သစ္စာစောင့်သိနေသမျှကာလပတ်လုံး သဘာဝလောကကြီးသည် ၎င်းတို့အားအစေခံရမည်သာတည်း။ သို့ရာတွင် သူသည် ဘုရားသခင်၏ပညတ်တော်ကိုနားမထောင်တော့သည့်အချိန်တွင် ထိုလက်အောက်ခံသဘာဝဝတ္ထုပစ္စည်းများသည် ၎င်း၏အုပ်ချုပ်မှုကိုဆန့်ကျင်လာခဲ့ကြပါသည်။ ဤနည်းအားဖြင့် ဘုရားသခင်သည် မဟာကရုဏာတော်အားဖြင့် မိမိပညတ်တော်၏သန့်ရှင်းခြင်းကို လူသားများအားဖော်ပြတော်မူ၍ ၎င်းတို့၏

ကိုယ်တွေ့ဗဟုသုတအားဖြင့် ပညတ်တော်အား မသိမသာကလေးငြင်းပယ်ခြင်းသည်ပင် အန္တရာယ်ရှိကြောင်း ၎င်းတို့အားမြင်တွေ့စေခဲ့ပါသည်။

၎င်းပြင် ထိုအချိန်မှစ၍ လူသားများ၏အငန်းအတာအဖြစ် ပင်ပန်းဆင်းရဲသောအသက်တာကို မေတ္တာရှေ့ထား၍ ခန့်အပ်တော်မူခဲ့ပါသည်။ ခံတွင်းအလိုလိုက်မှုကို ထိန်းချုပ်မှုပြုလုပ်ရန်နှင့် ချုပ်တည်းခြင်းအကျင့်ဖွံ့ဖြိုးလာစေရန် ကျူးလွန်သောအပြစ်အတွက် အရေးယူအပြစ်ပေးဖို့လိုအပ်လာပါသည်။ သို့ရာတွင် လူသားများအား အပြစ်ကြောင့်ဖြစ်ပေါ်လာသောဆုံးရှုံးမှုများနှင့် ယုတ်ညံ့မှုများမှပြန်လည်ကယ်တင်ရန်မှာ ဘုရားသခင်ပြုတော်မူသောမဟာစီမံကိန်းကြီး၏ကဏ္ဍတစ်ခုဖြစ်ခဲ့ပါသည်။ "စားသောနေ့တွင်ဧကန်အမှန်သေရမည်" ဟူ၍ ကျွန်ုပ်တို့၏မိဦးဘဦးအားပေးတော်မူခဲ့သောသတိပေးချက်သည် တားမြစ်ထားသောအပင်မှအသီးကိုခူး၍စားသောထိုနေ့၌ပင် ချက်ချင်းသေလိမ့်မည်ဟုမဆိုလိုပါချေ။ သို့ရာတွင် ထိုနေ့တွင်ပြန်လည်ရုပ်သိမ်းခြင်းငှာမဖြစ်နိုင်တော့သည့်စီရင်ချက်တစ်ခုကို ချမှတ်တော်မူခဲ့ပါသည်။ မရဏာနိုင်ငံနှင့်ကင်းလွတ်ခြင်းအခွင့်ကို နာခံထောင်မှုရှိသည့်အပေါ်တွင်မူတည်၍ ၎င်းတို့အားကတိထားတော်မူခဲ့ပါသည်။ ပညတ်တော်ကိုလွန်ကျူးခြင်းအားဖြင့် ထာဝရအသက်ကို သူတို့လက်လွှတ်ခဲ့ကြရပါသည်။ ထိုနေ့တွင် သူတို့သည် သေဒဏ်စီရင်ချက်ချခြင်းကိုခံခဲ့ကြရပါသည်။

လူသားများသည် အဆုံးမရှိသောအသက်တာကိုရရှိနိုင်စေရန်အလို့ငှာ အသက်ပင်၏အသီးကိုဆက်လက်၍စားကြရပါမည်။ အသက်ပင်၏အသီးကိုမစားရန် တားဆီးထားခြင်းအားဖြင့် အသက်ရှင်စေနိုင်သည့်တန်ခိုးစွမ်းအားကလေးသည် တဖြည်းဖြည်းလျော့ပါးသွားကာ နောက်ဆုံးတွင်သေဆုံးသွားလိမ့်မည်ဖြစ်ပါသည်။ အာဒံနှင့်ဧဝတို့သည် နာခံထောင်မှုမရှိခြင်းအားဖြင့် ဘုရားသခင်၏ကြည်ဖြူမှုကိုမခံရစေရန် စာတန်အကြံရှိပါသည်။ ၎င်းပြင် ထိုဇနီးမောင်နှံသည် ဘုရားသခင့်ထံမှ အပြစ်လွှတ်ခြင်းအခွင့်ကိုမရယူခဲ့ကြလျှင် အသက်ပင်၏အသီးကိုစားကာ၊ အပြစ်နှင့်ပြည့်ဝကာ ဆင်းရဲဒုက္ခနှင့်ပြီးသောအသက်တာဖြင့် ထာဝရအသက်ရှင်သွားကြလိမ့်မည်ဟုလည်း သူမျှော်လင့်ခဲ့ပါသည်။ သို့သော် အပြစ်တွင်၎င်းတို့ကျဆုံးသွားပြီးနောက် ဘုရားသခင်သည်



အသက်ပင်ကိုကာကွယ်စောင့်ရှောက်ရန် သန့်ရှင်းသောကောင်းကင်တမန်များအားချက်ချင်းအမိန့်ပေးတော်မူခဲ့ပါသည်။ ထိုကောင်းကင်တမန်များ၏ပတ်လည်တွင် ဓါးတစ်ချောင်းမှအရောင်များတဖိတ်ဖိတ်တောက်နေသကဲ့သို့ ရောင်ခြည်ထွန်းတောက်နေပါသည်။ အာဒံမိသားစုများသည် အသက်ရှင်ခြင်းတန်ခိုးကိုပေးစွမ်းနိုင်သော ထိုအပင်၏အသီးများကိုသွားရောက်ခူးယူစားသောက်ခွင့်မရကြတော့ချေ။ ထို့ကြောင့်ထာဝရအသက်ရှင်နေမည့်အပြစ်သားဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါချေ။

မိဦးဘဦး၏အပြစ်ကြောင့်ဖြစ်ပေါ်လာသောအမင်္ဂလာများသည် ကျူးလွန်ခဲ့သောအသေးအမွှားအပြစ်ကလေးနှင့်နှိုင်းစာလျှင် ခံယူရမည့်အကျိုးအပြစ်သည် အလွန်ကြီးမားလွန်းသည်ဟု အများစုကမှတ်ယူခဲ့ကြပါသည်။ ထို့ကြောင့် သူတို့သည် လူသားများနှင့်ဆက်ဆံရေးတွင်အသုံးပြုသည့် ဘုရားသခင်၏ဉာဏ်ပညာတော်နှင့် တရားမျှတမှုကိုအယုံအကြည်မရှိကြောင်း ဖွင့်ဟလာကြပါသည်။ သို့သော် သူတို့သည် ဤကိစ္စကိုနက်နက်နဲနဲရှုကြည့်ခဲ့ကြပါလျှင် မိမိတို့၏အမှားများကိုသိရှိလာနိုင်ကြပါမည်။ ဘုရားသခင်သည် လူကိုမိမိပုံသဏ္ဍာန်တော်နှင့်အညီ အပြစ်အနာအဆာကင်းစွာဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်။ ကမ္ဘာမြေကြီးသည် ကောင်းကင်တမန်များထက် မဆိုသလောက်သာနိမ့်ကျသောလူသားများနှင့်ပြည့်နေဖို့ဖြစ်သော်လည်း ၎င်းတို့၌နာခံထောင်မှုမရှိမှုကိုမူ စမ်းသပ်မှုပြုရပေဦးမည်။ အကြောင်းမှာ ဘုရားသခင်သည် ကမ္ဘာမြေကြီးအား ပညတ်တော်ကိုဂရုမထားသူများနှင့်ပြည့်ဝရန် ခွင့်ပြုတော်မူလိမ့်မည်မဟုတ်ချေ။ သို့စေကာမူ ကိုယ်တော်သည် မဟာကရုဏာတော်အားဖြင့် အာဒံအား ပြင်းထန်သောစစ်ဆေးမှုတစ်ခုမျှမပြုလုပ်ခဲ့ပါ။ အလွန်ပေါ့တန်သောတားမြစ်ပိတ်ပင်ခြင်းတစ်ရပ်သည် ကျူးလွန်သောအပြစ်အားအလွန်ကြီးလေးမှုကိုဖြစ်စေခဲ့ပါသည်။ အာဒံသည် သေးငယ်သောစစ်ဆေးမှုကိုမခံနိုင်ခဲ့လျှင် ပိုမိုကြီးမားသောတာဝန်ကိုအပ်နှင်းသောအချိန်တွင် ပို၍ပြင်းထန်သောစစ်ဆေးမှုကိုခံရပ်နိုင်လိမ့်မည်မဟုတ်ချေ။

အကယ်၍ အာဒံအား ကြီးမားသောစစ်ဆေးမှုတစ်ခုပြုလုပ်ခဲ့မိလျှင် အပြစ်ပြုလိုစိတ်ရှိသောသူများက "ဒါဟာအသေးအဖွဲ့ကိစ္စပါ။ ဘုရားသခင်

သည် အသေးအဖွဲကိစ္စများကိုဂရုမထားပါ ” ဟုဆင်ခြေတက်လာကြပေလိမ့်မည်။ ထိုကြောင့် သေးငယ်သောအရာများဟုမှတ်ယူထားသည့်အရာများကို ဆက်လက်လွန်ကျူးကာ အဟန့်အတားမရှိဘဲ လူအများကျင့်ဆောင်ကြပေလိမ့်မည်။ သို့ရာတွင် အပြစ်ဟူသည် မည်မျှပင်သေးငယ်စေကာမူ ကိုယ်တော်အတွက် မနှစ်မြို့စရာဖြစ်ကြောင်းကို ထင်ရှားစေတော်မူခဲ့ပါသည်။

တားမြစ်ထားသောအပင်မှအသီးကိုစားခြင်းဖြင့် ဘုရားသခင်၏စကားကိုနားထောင်မှုမရှိခြင်းနှင့် သူမ၏ခင်ပွန်းအားအပြစ်ပြုရန် သွေးဆောင်ခြင်းများသည် ဧဝအတွက်သေးငယ်သောအရာတစ်ခုဖြစ်သည်ဟုထင်ကောင်းထင်မည်ဖြစ်ပါသည်။ သို့ရာတွင် ၎င်းကျူးလွန်ခဲ့သောအပြစ်ကလေးသည် တစ်ကမ္ဘာလုံးအား အမင်္ဂလာရေတံခါးကိုဖွင့်ပေးခဲ့ခြင်းဖြစ်ပါသည်။ စုံစမ်းခြင်းနှင့်ရင်ဆိုင်နေရသောတစ်ခဏတွင် မှားယွင်းသောခြေတစ်လှမ်းကြောင့်ဖြစ်ပေါ်လာမည့်ကြောက်လန့်ဖွယ်ဆိုးကျိုးများကို မည်သူသိရှိနိုင်ပါမည်နည်း။

လူသားများအနေဖြင့် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်ရန်တာဝန်မရှိဟု သွန်သင်ကြသည့်လူအများသည် ပညတ်တော်ကိုစောင့်ထိန်းရန်မဖြစ်နိုင်သောအရာဖြစ်သည်ဟု တိုက်တွန်းပြောဆိုနေကြပါသည်။ အကယ်၍ထိုစကားသည် မှန်ကန်ခဲ့ပါလျှင် အဘယ်ကြောင့် အာဒံသည် အပြစ်၏အဖိုးအခကိုခံယူခဲ့ရပါသနည်း။ ကျွန်ုပ်တို့၏မိဦးဘဦးကျူးလွန်ခဲ့သည့်အပြစ်များသည် လောကသားအားလုံးအပေါ်အပြစ်ရောက်၍ ဝမ်းနည်းစေခဲ့ပါသည်။ ထိုအရာသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ကရုဏာတော်များသာမစွက်ဖက်လျှင် လူသားရပ်တစ်ခုလုံးသည် မျှော်လင့်ချက်မဲ့သောစိတ်ပျက်စရာအခြေသို့ဆိုက်ရောက်သွားပေလိမ့်မည်။ မည်သူမျှမိမိကိုယ်ကိုမလှည့်ဖြားပါစေနှင့်။ အပြစ်၏အခသည် သေခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးမှုတွင် မိဦးဘဦးအားပြစ်ဒဏ်စီရင်ခဲ့သောအချိန်ကကဲ့သို့ပင် ယခုအချိန်တွင်လည်း အပြစ်ဒဏ်နှင့်လွတ်ကင်းနိုင်ခြင်းမရှိပါချေ။

အာဒံနှင့်ဧဝတို့သည် အပြစ်ကျူးလွန်ပြီးသည့်နောက်ပိုင်းတွင် ဧဒင်ဥယျာဉ်တွင်ဆက်လက်နေထိုင်ခွင့်မရကြတော့ချေ။ သူတို့သည် မိမိတို့၏



အိမ်သာယာတွင် ဆက်လက်နေထိုင်ခွင့်ပြုရန် လှိုက်လှဲစွာအသနားခံခဲ့ကြပါသည်။ မိမိတို့သည် သာယာသောထိုအိမ်တွင်နေထိုင်ခွင့်ကိုလက်လွှတ်ဆုံးရှုံးခဲ့ကြပြီဟုဝန်ခံကာ နောင်တွင်ဘုရားသခင်၏စကားတော်ကို တိတိကျကျနားထောင်ပါမည်ဟု အာမဝန်ခံခဲ့ကြပါသည်။ သို့ရာတွင် ၎င်းတို့၏သဘာဝသည် အပြစ်ကြောင့်ယုတ်ညံ့နိမ့်ကျလာခဲ့ပြီဖြစ်ကြောင်း၊ ၎င်းတို့၌ဒုစရိုက်ကိုတွန်းလှန်ရန်ခွန်အားနည်းလာပြီဖြစ်ကြောင်း၊ ၎င်းတို့သည် စာတန်အားချဉ်းကပ်ရန် လမ်းဖွင့်ပေးခဲ့ကြပြီဖြစ်ကြောင်း ဘုရားသခင်ကမိန့်တော်မူခဲ့ပါသည်။ သူတို့သည်အပြစ်ကင်းသောအသက်တာမှာပင် စုံစမ်းခြင်းနောက်သို့လိုက်ပါခဲ့ကြပါသည်။ ယခုတွင်ဒုစရိုက်ကိုသိတတ်သောအခြေ၌ သူတို့သည် စုံလင်မှုကိုထိန်းသိမ်းနိုင်ရန် ယခင်ကလောက်တန်ခိုးမရှိကြတော့ချေ။

သူတို့သည် မဖေါ်ပြနိုင်သောဝမ်းနည်းကြေကွဲမှုများကိုခံစားလျက်၎င်းတို့၏လှပသောအိမ်ကလေးကိုနှုတ်ဆက်ကာ အပြစ်၏ကျိန်ခြင်းနှင့်ပြည့်ဝသောဤကမ္ဘာထဲသို့ထွက်လှမ်းခဲ့ကြပါသည်။ တစ်ချိန်က အပူချိန်ဒီဂရီသင့်တင့်မျှတမှုရှိလှသောပတ်ဝန်းကျင်လေထုကြီးသည် ယခုတွင်ထင်ရှားသောပြောင်းလဲမှုများဖြစ်ပေါ်နေပါသည်။ သို့ရာတွင် ဘုရားသခင်သည် အပူ၊ အအေးလွန်ကဲမှုများကို အကာအကွယ်ရစေရန်အလို့ငှာ သားရေဖြင့်ပြုလုပ်ထားသောဝတ်ရုံတစ်ခုကို ကရုဏာစိတ်ကြီးစွာဖြင့်ပြင်ဆင်တော်မူခဲ့ပါသည်။

အာဒံနှင့်ဧဝတို့သည် ပျက်ယွင်းမှုအထိမ်းအမှတ်များအဖြစ် ပန်းပင်ကလေးများနှင့်သစ်ရွက်ကလေးများကြွေကျနေသည်ကို ပထမဦးစွာမြင်တွေ့ရသောအချိန်တွင် လူသေသောအခါ ယနေ့လူသားများဝမ်းနည်းပူဆွေးသည်ထက် ပို၍ပြင်းထန်စွာဝမ်းနည်းပူဆွေးခဲ့ကြပါသည်။ နူးညံ့လှပသည့်ပန်းပွင့်ကလေးများ၏ပျက်စီးခြင်းသည် ဝမ်းနည်းစရာအကြောင်းတစ်ရပ်အမှန်တကယ်ဖြစ်ခဲ့ပါသည်။ ၎င်းပြင် လှပတင့်တယ်သောအပင်ကြီးများအရွက်ချနေသည်ကိုမြင်ရသောအခါ မြင်ကွင်းကပျက်စီးခြင်းတရားသည် သက်ရှိအရာအားလုံးတွေ့ကြုံရမည့်အင်္ဂနဲ့အတာတစ်ခုဖြစ်ကြောင်း မြင်ရသူများ၏စိတ်၌ထင်ရှားစွာပေါ်လွင်စေခဲ့ပါသည်။

ဒေဝဥယျာဉ်ကြီးသည် လူသားများထွက်လာခဲ့သည့်နောက်ပိုင်းတွင် အချိန်ကြာမြင့်စွာ ဤကမ္ဘာပေါ်၌ဆက်လက်တည်ရှိခဲ့ပါသည်။ (ကမ္ဘာ ၄း၁၆)။ အပြစ်တွင်ကျဆုံးခဲ့သောလူသားများသည် အပြစ်နှင့်ကင်းသောထိုအိမ်တော်ကို အချိန်ကြာမြင့်စွာကြည့်ရှုခွင့်ရခဲ့ကြပြီး အဝင်လမ်းတစ်ခုကိုသာ ကောင်းကင်တမန်များတပ်ချစောင့်ကြပ်ခဲ့ကြပါသည်။ ခေရုဗိမ်များစောင့်ကြပ်နေသော ထိုပရဒိသုဘုံ၏ဂိတ်တံခါးဝယ် ကြီးမြတ်သောဘုန်းရောင်ခြည်များထွန်းတောက်ခဲ့ပါသည်။ အာဒံနှင့်သူ၏သားများသည် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန် ထိုနေရာသို့လာခဲ့ကြပါသည်။ ဤနေရာတွင် မိမိတို့အား ဒေဝဥယျာဉ်အပြင်သို့ ရောက်စေခဲ့သောပညတ်တော်လွန်ကျူးခြင်းအမှုကို နောင်တွင်မပြုကြတော့မည့် အကြောင်း အသစ်တစ်ဖန်ကတိကဝတ်ပြုခဲ့ကြပါသည်။ ဒုစရိုက်မှုများသည် ကမ္ဘာကိုလွှမ်းမိုးကာ လူသားများ၏ဆိုးသွမ်းမှုများသည် ရေအားဖြင့်ဖျက်ဆီးခံရမည့်အခြေသို့ရောက်လာသောအချိန်တွင် ဒေဝဥယျာဉ်ကိုတည်ထောင်ခဲ့သော ထိုလက်တော်သည် ဤကမ္ဘာမှပြန်လည်ရုပ်သိမ်းသွားခဲ့ပါသည်။ သို့သော် မူလအခြေအနေမှန်သို့ပို့ဆောင်ရာတွင် ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို တည်ထောင်သောအခါ အစအဦးတွင်ရှိခဲ့သောအခြေအနေထက် အသရေနှင့်တင့်တယ်အောင်ပြင်ဆင်ပြီး အသစ်ဖန်ဆင်းပေးရန်ဖြစ်ပါသည်။

ထိုအချိန်တွင် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်သူတို့သည် အသက်ပင်၏အောက်တွင် အသက်နှင့်ပြည့်စုံပြီး ခွန်အားနှင့်ပြည့်စုံသောလေထုတွင် အသက်ရှူကြရပါမည်။ အပြစ်မကျူးလွန်ဖူးသောကမ္ဘာများက သက်ရှိသတ္တဝါများသည် အပြစ်၏ကျိန်ခြင်းနှင့်မညစ်ညမ်းတော့သည့် ဘုရားသခင်ပြုတော်မူသောဖန်ဆင်းခြင်းနှင့်စပ်ဆိုင်သည့် စုံလင်သောလက်ရာတော်၏ နမူနာပုံစံတစ်ခုကို နှစ်သက်ဖွယ်ဒေဝဥယျာဉ်တွင် ခေတ်အဆက်ဆက်တွေ့မြင်ကြရပါလိမ့်မည်။ လူသားများသည် ကယ်တင်ရှင်၏အသရေနှင့်တင့်တယ်သော အစီအစဉ်ကိုလိုက်လျှောက်ရုံနှင့် တစ်ကမ္ဘာလုံးသည် ထိုနမူနာပုံစံအတိုင်းဖြစ်လာပါလိမ့်မည်။

* * *



# (၄)
# ကယ်တင်ခြင်းစီမံကိန်း

အပြစ်တွင်လူသားများကျဆုံးမှုကြောင့် ကောင်းကင်နိုင်ငံတစ်ခုလုံးသည် ဝမ်းနည်းပူဆွေးခဲ့ကြရပါသည်။ ဘုရားသခင်ဖန်ဆင်းထားတော်မူသော ဤကမ္ဘာကြီးသည် အပြစ်၏ကျိန်ခြင်းအမင်္ဂလာကြောင့် ပျက်ယွင်းခဲ့ရပြီး သေမိန့်စီရင်ခြင်းခံရသော သတ္တဝါများ၏နေထိုင်ရာဖြစ်ခဲ့ပါသည်။ ပညတ်တော်ကိုလွန်ကျူးသောသူများအတွက် လွတ်မြောက်ခွင့်မရှိသကဲ့သို့ဖြစ်နေပါသည်။ ကောင်းကင်တမန်များ၏သီချင်းသံများသည်လည်း စဲခဲ့ချေပြီ။ ကောင်းကင်ဌာနန်းတစ်ခုလုံးတွင် အပြစ်ကြောင့်ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှုအတွက် ဝမ်းနည်းပူဆွေးလျက်ရှိပါသည်။

ကောင်းကင်နိုင်ငံတော်၏ဗိုလ်မင်းဖြစ်သော သားတော်ဘုရားသခင်သည် အပြစ်တွင်ကျဆုံးခဲ့သောလူသားများအား သနားကြင်နာတော်မူပါသည်။ မိမိရှေ့မှောက်တွင်ပေါ်ထွန်းလာခဲ့သည့် ပျောက်ဆုံးသောကမ္ဘာကြီးက ခံစားရမည့်အမင်္ဂလာများကြောင့် ရွှေနှလုံးတော်သည် အလွန်ကြင်နာသနားစွာဖြင့် လှုပ်ရှားခဲ့ပါသည်။ သို့နှင့် လူသားများကိုကယ်တင်နိုင်ရန်အလို့ငှာ မေတ္တာတော်အားဖြင့် စီမံကိန်းတစ်ခုကိုချမှတ်တော်မူခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တော်ကိုချိုးဖေါက်ခြင်းသည် ကျူးလွန်သူထိုအပြစ်သား၏အသက်ကို တောင်းနေပါသည်။ စကြဝဠာကြီးတစ်ခုလုံးတွင် အပြစ်သားများကိုယ်စား ပညတ်တော်၏တောင်းဆိုချက်ကို ဖြည့်စွမ်းပေးနိုင်သောပုဂ္ဂိုလ်မှာ တစ်ပါးတည်းသာရှိတော်မူပါသည်။ ပညတ်တော်သည် ဘုရားသခင်ကိုယ်တော်တိုင်က မျှတသန့်ရှင်းတော်မူသောကြောင့် ဘုရားသခင်နှင့်တန်းတူရည်တူဖြစ်တော်မူသော သူတစ်ပါးတည်းသာလျှင် ပညတ်တော်ကိုလွန်ကျူးမှုအတွက် အပြစ်ဖြေခြင်းအမှုကို ပြုနိုင်တော်မူပါသည်။ ခရစ်တော်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ လူသားများကို ပညတ်တော်၏ကျိန်ခြင်းမှကယ်တင်ကာ ဘုရားသခင်နှင့်ပြန်လည်၍သဟဇာတဖြစ်သွားအောင် လုပ်မပေးနိုင်ကြပါချေ။

ခရစ်တော်သည် အဘဘုရားသခင်နှင့်သားတော်ဘုရားသခင်တို့အား ကွဲကွာစေခဲ့သော၊ သန့်ရှင်းသောထာဝရဘုရားသခင်ရွံရှာတော်မူသောအပြစ်၏ ရက်ကြောက်ဖွယ်များကို မိမိအလိုအတိုင်းယူတင်ဝတ်ဆောင်တော်မူပါသည်။ ပျက်စီးခြင်းသို့ရောက်တော့မည့် လူသားများကိုကယ်တင်ရန် ခရစ်တော်သည် အတိုင်းမရှိသောဆင်းရဲဒုက္ခများကိုခံစားရပါလိမ့်မည်။

ကောင်းကင်သားများသည် စကားတစ်လုံးမျှမပြောနိုင်လောက်အောင် စိတ်ဝင်တစားဖြင့်ဖြစ်ပေါ်လာမည့်ရလဒ်ကို စောင့်စားနေကြစဉ်တွင် ကိုယ်တော်သည် အပြစ်သားများကိုယ်စား၊ ဘုရားသခင်ရှေ့မှောက်တွင် လျှောက်လဲတော်မူခဲ့ပါသည်။ ထိုနှစ်ပါးတို့သည် ကျဆုံးခဲ့သောလူသားများအတွက် "မိတ်သဟာယပဋိညာဉ်" ကိုအချိန်ကြာမြင့်စွာဖွဲ့ခဲ့ကြပါသည်။ ခရစ်တော်သည် ကမ္ဘာဦးကပင် ကွပ်မျက်ခြင်းခံရသောသိုးသငယ်ဖြစ်တော်မူသောကြောင့် ကယ်တင်ခြင်းစီမံကိန်းသည် ကမ္ဘာကြီးကိုမဖန်ဆင်းမီကပင် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့စေကာမူ ဒုစရိုက်သားများအတွက်အသေခံရန် သားတော်ကိုပေးအပ်ဖို့ရန်မှာ စကြဝဠာအရှင်၊ ထာဝရဘုရားသခင်အတွက် ရုန်းကန်မှုတစ်ခုဖြစ်ခဲ့ပါသည်။ သို့သော် "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားများကိုချစ်တော်မူ၏။" ကယ်တင်ခြင်းစီမံကိန်းသည် နက်နဲလှပါတကား။ ကိုယ်တော်အားမချစ်သည့်ကမ္ဘာတစ်ခုအပေါ်တွင် ထားရှိသည့်ဘုရားသခင်၏မေတ္တာတော်သည် နက်နဲလှစွတကား။ ကိုယ်ပိုင်ဉာဏ်နှင့်မသိနိုင်သော မဟာမေတ္တာတော်၏နက်နဲမှုကို မည်သူသိရှိနိုင်မည်နည်း။ သိရှိနားလည်ခြင်းငှာ မစွမ်းသောမေတ္တာတော်၏နက်နဲမှုကိုသိရှိရန် ကြိုးစားနေကြသော မဖေါက်ပြန်မပျက်စီးနိုင်သောစိတ်ထားများသည် ထာဝရကာလတစ်လျှောက်လုံးအံ့သြချီးမွမ်းကြပေလိမ့်မည်။

ဘုရားသခင်သည် လောကီသားတို့၏အပြစ်များကို မှတ်တော်မမူဘဲရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေလျက် ခရစ်တော်၌ထင်ရှား



ရန်ဖြစ်ပါသည်။ လူသားများသည် အပြစ်တရားကြောင့် အလွန်ယုတ်ညံ့နိမ့်ကျလာခဲ့သဖြင့် သန့်ရှင်းဖြူစင်၍ ကောင်းမြတ်ခြင်းနှင့်ပြည့်စုံသောကိုယ်တော်နှင့်သဟဇာတတည့်ရန် မိမိဘာသာကြိုးစား၍မဖြစ်နိုင်တော့ချေ။ သို့ရာတွင် ခရစ်တော်သည် လူသားများကို ပညတ်တော်၏ပြစ်ဒဏ်စီရင်ချက်မှကယ်တင်ပြီးသောအချိန်တွင် လူသား၏ကြိုးစားမှုနှင့်ပေါင်းစည်းရန် ဘုရားသခင်တန်ခိုးတော်ကို မျှဝေပေးကမ်းနိုင်တော်မူပါသည်။ ထို့ကြောင့် အာဒံ၏သားသမီးများသည် ဘုရားသခင်ထံတွင် နောင်တရခြင်းနှင့် ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် နောက်တစ်ဖန် ဘုရားသခင်၏သားသမီးများဖြစ်လာနိုင်ကြပါသည်။

လူသားများ၏ကယ်တင်ခြင်းကိုဖြစ်စေနိုင်သည့် တစ်ခုတည်းသော ဤစီမံကိန်းသည် အတိုင်းမသိသောအနစ်နာခံမှုအားဖြင့် ကောင်းကင်နိုင်ငံတစ်ခုလုံးသည် ပါဝင်ပတ်သက်နေပါသည်။ ခရစ်တော်သည် ကယ်တင်ခြင်းစီမံကိန်းအကြောင်းကို ၎င်းတို့အားပြောပြတော်မူသောအချိန်တွင် ကောင်းကင်တမန်များသည် မပျော်ပိုက်နိုင်ခဲ့ကြပါချေ။ အကြောင်းမှာ လူသားများကိုကယ်တင်ခြင်းပေးရန် ၎င်းတို့ချစ်လှစွာသော ဗိုလ်မင်းအား မပြောပြနိုင်လောက်အောင် ဆိုးရွားသောအမင်္ဂလာဖြစ်စေရမည်ဖြစ်သောကြောင့်တည်း။ မိမိသည် ကောင်းကင်၏သန့်ရှင်းငြိမ်သက်မှုနှင့် ကောင်းကင်၏ပျော်ရွှင်သာယာ၍ မရဏာနှင့်ကင်းလွတ်သောအသက်တာများမှ မည်ကဲ့သို့နှိမ့်ချသက်ဆင်းကာ ဝမ်းနည်းမှုရက်ကြောက်စရာများနှင့်တကွ သေပြစ်ကိုခံရန် ယုတ်ညံ့နိမ့်ကျသော ဤကမ္ဘာနှင့်မည်ကဲ့သို့ထိတွေ့လုပ်ဆောင်ရမည်ဆိုသည်ကို ခရစ်တော်ပြောပြတော်မူစဉ်တွင် ကောင်းကင်သားများသည် ဝမ်းနည်းစွာဖြင့် ကိုယ်တော်၏စကားများကို နားထောင်နေခဲ့ကြပါသည်။ သူသည် အပြစ်သားနှင့်အပြစ်၏အဖိုးအခအကြား ရပ်တည်ရန်ဖြစ်သော်လည်း လူနည်းစုကသာ ကိုယ်တော်အား ဘုရားသခင်၏သားတော်အဖြစ် လက်ခံကြလိမ့်မည်။ ကိုယ်တော်သည် မိမိ၏ကြီးမြတ်သောရာထူးကိုစွန့်ပစ်ခဲ့ကာ၊ လူသားတစ်ဦးအဖြစ် မိမိကိုယ်ကိုနှိမ့်ချကာ ဤကမ္ဘာပေါ်တွင်ပေါ်ထွန်းရလိမ့်မည်။ မိမိ၏

ကိုယ်တွေ့ဗဟုသုတများအားဖြင့် လူသားများခံစားရမည့်စုံစမ်းနှောင့်ယှက်မှုများနှင့် ဝမ်းနည်းစရာများကို ရင်းနှီးလာရလိမ့်မည်။ စုံစမ်းခြင်းခံရသူများအား ရိုင်းပင်းကူညီနိုင်စေရန်အလို့ငှာ ဤဗဟုသုတများသည် မရှိမဖြစ်လိုအပ်ပါလိမ့်မည်။ သွန်သင်သူတစ်ဦးအနေဖြင့် ဆောင်ရွက်သောမိမိ၏အမှုတော်ပြီးဆုံးသည့်အချိန်တွင် ကိုယ်တော်သည် လူဆိုးများလက်သို့အပ်နှံခြင်းခံရကာ စာတန်နှိုးဆွပေးသည့်အတိုင်း ထိုလူဆိုးများက ပြုကျင့်သောနှိပ်စက်မှုများနှင့် စော်ကားမှုအထွေထွေကိုခံရမည်ဖြစ်ပါသည်။ ကိုယ်တော်သည် ကောင်းကင်နှင့် မြေကြီးအကြား အပြစ်သားတစ်ဦးကဲ့သို့ မြှောက်ထားခြင်းခံရကာ အရက်စက်ဆုံးသောအသေခံနည်းဖြင့် အသေခံရမည်ဖြစ်ပါသည်။ ကောင်းကင်တမန်များသည် မကြည့်ရက်၍ မျက်နှာများကို အတောင်နှင့်ကွယ်ထားရလောက်သည်အထိ ကြောက်လန့်စရာကောင်းသည့်ဒုက္ခဆင်းရဲခြင်းအချိန်များကို ကြာမြင့်စွာခံစားရပါမည်။ ကမ္ဘာလောကတစ်ခုလုံး၏အပြစ်ဝန်ထုပ်များတည်းဟူသော ပညတ်တော်ကျူးလွန်မှု၏ဒုစရိုက်မှုသည် ကိုယ်တော်အပေါ်သို့ ကျရောက်နေစဉ်တွင် ကိုယ်တော်သည် စိတ်ဝိညာဉ်ပြင်းထန်သောဝေဒနာနှင့် အဘဘုရားသခင်၏မျက်နှာလွှဲခြင်းကိုခံရပါလိမ့်မည်။

ကောင်းကင်တမန်များသည် ခရစ်တော်၏ခြေတော်ရင်းတွင်ပျပ်ဝပ်ကြကာ လူသားများအတွက် မိမိတို့သွားရောက်အသေခံခွင့်ပြုရန် တောင်းခံခဲ့ကြပါသည်။ သို့ရာတွင် ကောင်းကင်တမန်တစ်ဦး၏အသက်သည် ပေးဆပ်ရမည့်အပြစ်၏အဖိုးအခကိုမကြေနိုင်ပါချေ။ လူသားများကိုဖန်ဆင်းတော်မူခဲ့သော ကိုယ်တော်တစ်ပါးတည်း၌သာ ကယ်တင်ရန်တန်ခိုးရှိပါသည်။ သို့စေကာမူ ကောင်းကင်တမန်များသည် ကယ်တင်ခြင်းစီမံကိန်းတွင်ပါဝင်လုပ်ဆောင်ရန် အခန်းကဏ္ဍတစ်ခုရှိပါသည်။ "ယေရှုသည်---လူအပေါင်းတို့အတွက်ကြောင့် အသေခံရသောအခွင့်ရှိစေခြင်းငှာ ကောင်းကင်တမန်တို့အောက်၌အနည်းငယ်နိမ့်" ၍မွေးဖွားခြင်းကိုခံရပါမည်။ ကိုယ်တော်သည် လူသားဇာတိကိုယူတင်ဝတ်ဆောင်သောကြောင့် သူ၏ခွန်အားသည် ကောင်းကင်သားများ၏ခွန်အားနှင့်မတူညီနိုင်ပါချေ။ ထို့ကြောင့် ကောင်းကင်သားများသည်



ကိုယ်တော်အားအလုပ်အကျွေးပြုကာ ဒုက္ခဝေဒနာခံစားနေရသောအချိန်တွင် အားပေးမှုများပေးကာ နှစ်သိမ့်မှုပေးဖို့လိုပါသည်။ ၎င်းပြင် ကောင်းကင်တမန်များသည် ကယ်တင်တော်မူခြင်းကျေးဇူးတော်ကို အမွေခံရလတ္တံ့သော သူတို့ကို ပြုစုစေခြင်းငှာ စေလွှတ်တော်မူသောအစေခံနံဝိညာဉ်များဖြစ်ကြပါသည်။ သူတို့သည် ကရုဏာတော်အောက်တွင်ရှိသောယုံကြည်သူများကို နတ်ဆိုးတို့၏တန်ခိုးမှလည်းကောင်း၊ စာတန်ဖန်တီးထားသည့် ယုံကြည်သူများ၏ပတ်လည်တွင် ထာဝစဉ်ရှိနေသော မှောင်မိုက်၏တန်ခိုးများမှလည်းကောင်း ကာကွယ်ပေးကြပါလိမ့်မည်။

ထိုကောင်းကင်တမန်များသည် ၎င်းတို့၏ဘုရားသခင်ခံစားနေရသော ဒုက္ခဝေဒနာများကိုမြင်တွေ့ကြသောအချိန်တွင် သူတို့သည် ဝမ်းနည်းမှုများနှင့် နာကြည်းမှုများကိုခံစားကြရပေလိမ့်မည်။ ၎င်းပြင် ကိုယ်တော်ရှင်အား လူသတ်သမားများ၏လက်မှကယ်ဆယ်ရန် ဆန္ဒရှိကြလိမ့်မည်ဖြစ်သော်လည်း သူတို့သည် အဟန့်အတားပြုရန်အလို့ငှာ ကြားဝင်စွက်ဖက်ကြရမည်မဟုတ်ချေ။ ခရစ်တော်သည် လူဆိုးများ၏မတရားရက်စက်စော်ကားမှုများကို ခရစ်တော်ခံရခြင်းသည် ကယ်တင်ခြင်းစီမံကိန်း၏တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ ထို့အပြင် လူသားများ၏ကယ်တင်ရှင်ဖြစ်လာသောအချိန်တွင် ဤအရာအားလုံးကိုခံယူရန် ကိုယ်တော်ရှင်အလိုတူတော်မူခဲ့ပါသည်။

မိမိအသေခံလိုက်ခြင်းအားဖြင့် လူပေါင်းများစွာတို့ကို ပြန်လည်ရွေးနုတ်နိုင်မည့်အပြင် သေမင်း၏တန်ခိုးရှိသောသူကိုလည်း ချေမှုန်းနိုင်လိမ့်မည်ဖြစ်ကြောင်း ကောင်းကင်တမန်များအား ခရစ်တော်အခိုင်အမာမိန့်တော်မူခဲ့ပါသည်။ ပညတ်တော်လွန်ကျူးမှုကြောင့် လူသားများဆုံးရှုံးခဲ့ရသော ဤလောကီနိုင်ငံကို ကိုယ်တော်ရှင်ပြန်လည်ရယူကာ ကယ်တင်ခြင်းခံရသူများသည် ကိုယ်တော်နှင့်အတူ နိုင်ငံတော်ကိုအမွေဆက်ခံလျက်၊ ထိုနိုင်ငံတွင် ထာဝရစိုးစံကြရန်ဖြစ်ပါသည်။ အပြစ်တရားနှင့်တကွ အပြစ်သားများကို သုတ်သင်ပယ်ရှင်းပစ်လိမ့်မည်။ ကောင်းကင်နှင့်မြေကြီးတို့၏ငြိမ်သက်သာယာမှုကိုဖျက်ဆီးရန် အပြစ်တရားသည်မရှိတော့ပြီ။ ကောင်းကင်တမန်များသည်

အဘဘုရားသခင်လက်ခံအတည်ပြုထားသည့်အစီအစဉ်အတိုင်း တညီတညွတ်တည်းရှိကြရန်နှင့် မိမိအသေခံခြင်းအားဖြင့် ကျဆုံးနေသောလူသားများနှင့် ဘုရားသခင့်အကြား ရန်ငြိမ်းသွားမှုအတွက် ဝမ်းမြောက်ဝမ်းသာရှိကြရန် ကိုယ်တော်ရှင်မိန့်မှာတော်မူခဲ့ပါသည်။

ထိုအချိန်တွင် ဖေါ်ပြခြင်းငှာမစွမ်းနိုင်သည့် ဝမ်းသာကြည်နူးမှုများဖြင့် ကောင်းကင်နိုင်ငံတော်တွင်ပြည့်လျှံသွားခဲ့ပါသည်။ ကယ်တင်ခြင်းခံရသော ကမ္ဘာတစ်ခု၏ဘုန်းအသရေနှင့် ကောင်းချီးမင်္ဂလာရရှိမှုများသည် အသက်ပေးပိုင်ရှင်သခင်မြတ်ခံစားခဲ့ရသော ဒုက္ခဝေဒနာနှင့်အနစ်နာခံမှုများနှင့်နှိုင်းစာလျှင် အတိုင်းအဆမရှိ ပိုမိုသာလွန်ခဲ့ပါသည်။ ဇက်လင်မြို့၏တောင်ကုန်းများထက်ဝယ်ပွဲတင်ထပ်ခဲ့သော “ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အားမေတ္တာကရုဏာရှိစေသတည်း” ဟူသော ချီးမွမ်းထောမနာပြုသံသည် ကောင်းကင်ရွှေနန်းအနှံ့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ပွဲတင်ထပ်ခဲ့ပါသည်။ ယခုတွင် လိုက်လှဲသောဝမ်းမြောက်မှုများဖြင့် “နံနက်ကြယ်တို့သည် တညီတညွတ်တည်းသီချင်းဆို၍ ဘုရားသခင်သားအပေါင်းတို့သည် ကြွေးကြော်ကြ၏။”

လူသားများအား ကယ်တင်ခြင်းနှင့်ပတ်သက်သည့် ပထမဦးဆုံးသော အရိပ်အမြွက်စကားကို ဥယျာဉ်ထဲတွင် စာတန်အားမိန့်ဆိုခဲ့သည့် “သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်” ဟူသောစီရင်ချက်ထဲတွင် ထာဝရဘုရားသခင်ဖွင့်ဟတော်မူခဲ့ပါသည်။ အာဒံနှင့်ဧဝနှစ်ဦးကြားနိုင်လောက်အောင် မိန့်ဆိုခဲ့သည့်ဤစီရင်ချက်သည် ၎င်းတို့နှစ်ဦးအတွက် ကတိတော်တစ်ခုလည်းဖြစ်ပါသည်။ လူသားနှင့်စာတန်အကြားဖြစ်ပွားနေမည့် တိုက်လှန်ပွဲအကြောင်းကို ဤဖွင့်ဆိုချက်က ကြိုတင်ဟောကိန်းထုတ်ထားသည့် တစ်ချိန်တည်းမှာပင် မဟာရန်သူကြီး၏တန်ခိုးသည် နောက်ဆုံးတွင် ချိုးနှိမ်



ခြင်းခံရမည့်အကြောင်းကိုလည်း ဖွင့်ဟထားပါသည်။ အာဒံနှင့်ဧဝသည် မိမိတို့ကျူးလွန်ခဲ့သောပြစ်မှုအတွက် ခံယူရမည့်အပြစ်ဒဏ်စီရင်ချက်ကို စောင့်စားရင်း ဖြောင့်မတ်တော်မူသော တရားသူကြီးမင်း၏ရှေ့မှောက်တွင် ရာဇဝတ်သားများကဲ့သို့ရပ်တည်ခဲ့ကြသော်လည်း ၎င်းတို့၏အငန်းအတာဖြစ်သည့် ဝမ်းနည်းပင်ပန်းဖွယ်သောအသက်တာအကြောင်း (သို့မဟုတ်) မြေမှုန့်သို့ သူတို့ပြန်ရမည်ဟူသောစီရင်ချက်ကို သူတို့မကြားနာမီ မျှော်လင့်ချက်နှင့် အမှန်တကယ်ပြည့်စုံသောနှုတ်တော်ထွက်စကားများကို သူတို့နားထောင်ခဲ့ကြရပါသည်။ သူတို့သည် ခွန်အားကြီးသောရန်သူကြီး၏နှောင့်ယှက်မှုများကို အမှန်ခံရမည်ဖြစ်သော်လည်း နောက်ဆုံးတွင် အောင်မြင်ခြင်းသရဖူကိုဆွတ်ခူးရန် မျှော်လင့်ချက်ရှိလာခဲ့ပါသည်။

မိမိနှင့်မိန်းမအကြားတွင်လည်းကောင်း၊ မိမိ၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်များအကြားတွင်လည်းကောင်း ရန်ငြိုးဖွဲ့မှုများရှိနေမည်ဖြစ်ကြောင်း စာတန်ကြားရသောအခါ လူသားများအား အကျင့်စရိုက်ဆိုးရွားယုတ်ညံ့လာအောင် လုပ်ဆောင်မှုတွင် အတားအဆီးများရှိနေပြီဖြစ်ကြောင်း၊ လူသားများသည် တစ်နည်းနည်းအားဖြင့် မိမိ၏တန်ခိုးကိုခုခံတားဆီးနိုင်စွမ်းရှိလာကြလိမ့်မည်ဖြစ်ကြောင်း သူသိရှိထားပါသည်။ သို့ရာတွင် ကယ်တင်ခြင်းစီမံကိန်းကိုပြည့်ပြည့်စုံစုံဖွင့်ပြထားခဲ့ပြီးဖြစ်သောကြောင့် လူသားများကို အပြစ်တွင်ကျဆုံးစေခဲ့ပြီး သားတော်ဘုရားသခင်ကို မြင့်မားသောအဆင့်မှဆွဲချနိုင်ခဲ့ပြီဖြစ်သဖြင့် စာတန်သည် ၎င်း၏အပေါင်းအပါများနှင့်အတူ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပါသည်။ မိမိ၏ကြံရွယ်လုပ်ဆောင်ချက်များသည် ဤအခြေအနေရောက်သည်အထိ အောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း ခရစ်တော်သည် လူဇာတိကိုခံယူသောအခါ မိမိအနေဖြင့် ကိုယ်တော်အပေါ်တွင်အောင်ပွဲဆင်လိမ့်မည်ဖြစ်ကြောင်း၊ ထိုနည်းအားဖြင့် လူသားများ၏ကယ်တင်ခြင်းစီမံကိန်းကို မအောင်မြင်အောင်တားဆီးနိုင်လိမ့်မည်ဖြစ်ကြောင်း စာတန်ကြွေးကြော်ခဲ့ပါသည်။

ကောင်းကင်တမန်များသည် အာဒံနှင့်ဧဝအား ၎င်းတို့အတွက် ပြင်ဆင်ပြုလုပ်ထားသောကယ်တင်ခြင်းစီမံကိန်းအကြောင်းကို ပြည့်ပြည့်စုံစုံပြောပြခဲ့ကြ

ပါသည်။ သူတို့သည် ကြီးမားသောအပြစ်ကိုကျူးလွန်ခဲ့ကြသော်ငြားလည်း စာတန်၏လက်သို့ ဝကွက်အပ်လိမ့်မည်မဟုတ်ကြောင်းကိုလည်းကောင်း ကောင်းကင်တမန်များက ထိုဇနီးမောင်နှံအား စိတ်ချစေခဲ့ကြပါသည်။ ဘုရားသခင်၏သားတော်သည် ၎င်းတို့ကျူးလွန်ခဲ့သောအပြစ်များအတွက် အပြစ်ဖြေရန် မိမိအသက်ကိုပေးတော်မူခဲ့ပါသည်။ ၎င်းတို့အား ကရုဏာအချိန်ပေးထားတော်မူခဲ့ရာ ၎င်းတို့သည် နောင်တရခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်၏သားသမီးများအဖြစ် တစ်ဖန်ရပ်တည်နိုင်ခွင့်ရှိလာကြပါသည်။

၎င်းတို့ကျူးလွန်သောအပြစ်များကြောင့် အသေခံရန်တောင်းဆိုမှုသည် ဘုရားသခင်၏ပညတ်တော်၏သန့်ရှင်းမှုကို ၎င်းတို့အားထင်ရှားစွာသိမြင်စေခဲ့ပါသည်။ ၎င်းပြင် ထိုဇနီးမောင်နှံသည် ၎င်းတို့တစ်ခါမျှမမြင်ဖူးသည့် အပြစ်၏ဒုစရိုက်မှုများနှင့် ၎င်း၏ဆိုးကျိုးများကိုလည်း တွေ့မြင်ခဲ့ကြရပါသည်။ ဝမ်းမြောက်မှုအပေါင်း၏မြစ်ဖျားခံရာဖြစ်သော မေတ္တာတော်ကိုပိုင်ဆိုင်သည့် ကိုယ်တော်အပေါ်သို့ ထိုအပြစ်၏အဖိုးအခအားမကျရောက်စေဘဲ မိမိတို့နှင့်တကွ မိမိတို့၏သားမြေးများအပေါ်သို့ကျရောက်စေရန် ကရုဏာသက်စွာ၊ စိတ်နှလုံးကြေကွဲစွာဖြင့် တောင်းပန်ခဲ့ကြပါသည်။

ဘုရားသခင်၏ပညတ်တော်သည် ဤကမ္ဘာလောကကိုအုပ်ချုပ်စိုးမိုးရာတွင် အခြေခံကျသောအရာဖြစ်သကဲ့သို့ ကောင်းကင်နိုင်ငံတော်ရှိအုပ်ချုပ်မှုယန္တရားအတွက်လည်း အခြေခံကျသောအရာတစ်ခုဖြစ်ပါသည်။ ထိုပညတ်တော်ကိုကျူးလွန်သည့်အတွက် ပေးဆပ်ရမည့်ဆက်ကပ်ပူဇော်မှုအတွက် ကောင်းကင်တမန်တစ်ဦး၏အသက်ကိုပင် လက်ခံနိုင်ဖွယ်မရှိပါချေ။ လူသားများ၏ကျဆုံးနေသောအခြေအနေနှင့်ကိုက်ညီအောင် ထိုပညတ်တော်၏ပညတ်ချက်တစ်ခုကိုမျှ ဖျက်သိမ်းခြင်း (သို့မဟုတ်) ပြောင်းလဲခြင်းငှာမဖြစ်နိုင်ပါချေ။ သို့ရာတွင် လူသားများကိုဖန်ဆင်းတော်မူခဲ့သောသားတော်ဘုရားသခင်သည် ထိုလူသားအတွက်အပြစ်ဖြေခြင်းငှာတတ်စွမ်းနိုင်တော်မူပါသည်။ အာဒံ၏အပြစ်သည် သေခြင်းသို့ပို့ဆောင်ခဲ့သည့်နည်းတူ ခရစ်တော်၏





အသေခံတော်မူခြင်းသည် အသက်နှင့်ပြည့်စုံသောအခွင့်၊ မရဏာနိုင်ငံနှင့်ကင်းလွတ်သောအခွင့်ကိုဖြစ်စေပါလိမ့်မည်။

အပြစ်ကျူးလွန်မှုကြောင့် လူသားများသာမက ကမ္ဘာလောကတစ်ခုလုံးပါ စာတန်၏အုပ်စိုးမှုအောက်သို့ကျရောက်လာသဖြင့် ထိုအရာအားလုံးကို ကယ်တင်ခြင်းစီမံကိန်းအားဖြင့် ပုံမှန်အနေအထားသို့ရောက်အောင် လုပ်ဆောင်ရန်ဖြစ်ပါသည်။ ဖန်ဆင်းခြင်းအချိန်တွင် အာဒံအား ကမ္ဘာလောကတစ်ခုလုံးကို အုပ်စိုးခွင့်ပေးထားခဲ့သော်လည်း စုံစမ်းခြင်းနောက်သို့လိုက်ပါခြင်းအားဖြင့် သူသည် စာတန်၏စိုးမိုးမှုအောက်သို့ရောက်ရှိသွားခဲ့ပါသည်။ “လွှတ်ခြင်းအခွင့်ရှိသည်ဟု ဝန်ခံလျက်ပင်၊ ကိုယ်တိုင်ပုပ်ပျက်ခြင်း၏ကျွန်ဖြစ်ကြ၏။” လူသည် စာတန်၏ကျွန်ဖြစ်လာသောအခါ သူရရှိခဲ့သောအုပ်စိုးခွင့်ကို အောင်နိုင်သူစာတန်အား လက်လွှဲပေးအပ်ခဲ့ပါသည်။ ဤနည်းအားဖြင့် စာတန်သည် ဤလောကကို အစိုးရသောဘုရားသခင်ဖြစ်လာခဲ့ပါသည်။ သူသည် မူလက အာဒံအား ပေးထားတော်မူသည့်ကမ္ဘာလောကအပေါ်အုပ်စိုးခြင်းအခွင့်ကို အတင်းအဓမ္မသိမ်းယူခဲ့ပါသည်။ သို့ရာတွင် ခရစ်တော်သည် အပြစ်၏အဖိုးအခကိုပေးဆပ်သည့်အသေခံတော်မူခြင်းအားဖြင့် လူသားများကိုကယ်တင်တော်မူခဲ့သည့်အပြင် လက်လွှတ်ဆုံးရှုံးခဲ့ရသောအုပ်စိုးခွင့်အာဏာကိုလည်း ပြန်လည်ရယူတော်မူခဲ့ပါသည်။ ပထမအာဒံကြောင့်ဆုံးရှုံးခဲ့သမျှကို ဒုတိယအာဒံအားဖြင့် ပြန်လည်ရယူပါလိမ့်မည်။ “အိုဒေါလင့်စင်၊ ဇိအုန်သတို့သမီးနေရာကုန်း၊ သင်သည် အစိုးရလိမ့်မည်။ အရင်တည်သောအာဏာတည်ပြန်လိမ့်မည်” (မိက္ခာ ၄း၈) ဟုမိက္ခာပုရောဖက်က အနာဂတ်ပြုထားပါသည်။ ရှင်ပေါလုကလည်း “ပိုင်ထိုက်သောသူတို့သည် ဘုန်းတော်ကိုချီးမွမ်းခြင်းအကြောင်းနှင့်ရွေးနုတ်တော်မူခဲ့ခြင်း” အကြောင်းရှိသည်ဆိုသည့်အချက်များကိုဖော်ညွှန်းရေးသားခဲ့ပါသည်။ ဘုရားသခင်သည် သန့်ရှင်း၍ ပျော်ရွှင်ဝမ်းမြောက်သောသတ္တဝါများနေထိုင်ရန်အတွက် ဤကမ္ဘာလောကကိုဖန်ဆင်းခဲ့ပါသည်။ “မိုးကောင်းကင်ကိုဖန်ဆင်းတော်မူသော ထာဝရဘုရားသခင်၊ မြေကြီးကိုဖန်ဆင်း၍ အမြဲတည်စေတော်မူသောအရှင်၊ အချည်းနှီးဖန်ဆင်းသည်မဟုတ်၊ သတ္တဝါနေစရာဖို့

ဖန်ဆင်းတော်မူခဲ့သည်” ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဤကမ္ဘာကို အသစ်ပြုပြင်ကာ အပြစ်အနာအဆာများကိုကင်းစင်စေလျက် ကယ်တင်ခြင်းခံရသူများအတွက် ထာဝရအိမ်တော်ဖြစ်လာသောအချိန်တွင် ထိုအကြံအစည်တော်သည် ပြည့်စုံသွားလိမ့်မည်။ “ထို့ကြောင့်ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကိုအမွေခံ၍ အစဉ်အမြဲနေရကြလိမ့်မည်။” “နောက်တစ်ဖန်ကျိန်ခြင်းဘေးတစ်စုံတစ်ခုမျှမရှိ။ ထိုမြို့၌ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ရှိ၍ ဘုရားသခင်၏ကျွန်တို့သည် ဘုရားသခင်ဝတ်ကိုပြုကြလိမ့်မည်။”

အာဒံသည် အပြစ်ကင်းမဲ့စဉ်က ဖန်ဆင်းရှင်နှင့်လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံရခြင်းကိုနှစ်ထောင်းအားရရှိခဲ့သော်လည်း အပြစ်တရားသည် ဘုရားသခင်နှင့်လူသားများအကြားကွဲကွာစေခဲ့သဖြင့် ခရစ်တော်၏အပြစ်ဖြေခြင်းတစ်ခုတည်းကသာ ထိုချောက်ကမ်းပါးကြီးကိုပေါင်းကူးပေးကာ ကောင်းကင်နိုင်ငံတော်မှကောင်းချီးမင်္ဂလာများနှင့် ကယ်တင်ခြင်းဆုကျေးဇူးကို မြေကြီးသားအပေါင်းထံပို့ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

ဤနည်းအားဖြင့် ဧဒင်ဥယျာဉ်တွင် ၎င်းအားအပြစ်ဒဏ်စီရင်ပြီးသည့်အချိန်မှ ရေလွှမ်းမိုးခြင်းအချိန်နှင့် ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းအချိန်များအား ဖြစ်ပျက်မည့်ကမ္ဘာ့ရာဇဝင်၏အရေးကြီးသောဖြစ်ရပ်များအကြောင်းကို အာဒံအားဖော်ပြတော်မူခဲ့ပါသည်။ ခရစ်တော်၏အသေခံခြင်းသည် ကမ္ဘာလောကတစ်ခုလုံးကိုကယ်တင်ရန် လုံလောက်သောအဖိုးအခဖြစ်ခဲ့သော်လည်း များစွာသောသူတို့သည် နောင်တရခြင်း၊ နားထောင်မှုရှိခြင်းအသက်တာထက် ဒုစရိုက်နှင့်ပြီးသောအသက်တာကို ရွေးချယ်ကြပါလိမ့်မည်။ ရာဇဝတ်မှုများသည် တစ်နေ့တခြားတိုးပွားလာကာ အပြစ်၏ကျိန်ခြင်းဘေးသည် လူသားမျိုးနွယ်စုအပေါ်သို့လည်းကောင်း၊ တိရစ္ဆာန်များအပေါ်သို့လည်းကောင်း၊ ကမ္ဘာမြေကြီးအပေါ်သို့လည်းကောင်း ပို၍ပို၍လေးလံစွာကျရောက်ပါလိမ့်မည်။ မိမိတို့၏ဒုစရိုက်လုပ်ရပ်များကြောင့် လူသက်တမ်းများသည် တိုလာပါလိမ့်မည်။ ဤကမ္ဘာကြီးသည် အဘက်ဘက်ဆင်းရဲဒုက္ခနှင့်ပြည့်နေသည့်အခြေသို့ရောက်သည်တိုင်အောင် လူ၏ခန္ဓာကိုယ်အရပ်



အမောင်းနှင့်ခံနိုင်ရည်စွမ်းအားများ၊ ကိုယ်ကျင့်တရားနှင့်ဉာဏ်ပညာစွမ်းအားများတို့သည် ယုတ်လျော့ညှိုးဖျင်းလာပါလိမ့်မည်။ လူတို့သည် ခံတွင်းအလိုလိုက်ခြင်းနှင့် ကာမဂုဏ်ခံစားမှုတို့ကိုလိုက်စားခြင်းအားဖြင့် ကယ်တင်ခြင်းစီမံကိန်း၏မဟာတရားတော်များကို အလေးအမြတ်ပြုနိုင်စွမ်းမရှိကြတော့ချေ။ သို့စေကာမူ ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်မှ မိမိဆင်းလာခဲ့ရသည့်ရည်မှန်းချက်နှင့်အညီ လူသားများအား ဂရုစိုက်မြဲတိုင်းဂရုစိုက်ကာ ၎င်းတို့၏အားနည်းချက်များနှင့်ချို့တဲ့မှုများကို ကိုယ်တော်၌လာရောက်ဖုံးကွယ်ရန်ဖိတ်ခေါ်နေဆဲဖြစ်ပါသည်။ ကိုယ်တော်သည် ယုံကြည်ခြင်းအားဖြင့် မိမိထံချဉ်းကပ်လာကြသူအပေါင်း၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးတော်မူလိမ့်မည်။ သို့ရာတွင် ဘုရားသခင်အားသိခြင်းပညာကို ဆက်လက်ထိန်းသိမ်းကာ ဒုစရိုက်မှုလွှမ်းမိုးနေသူများအလယ်တွင် မညစ်ညူး၊ မပျက်ယွင်းဘဲဆက်လက်တည်ရှိနေမည့်သူများသည် လူအနည်းငယ်သာဖြစ်ပေလိမ့်မည်။

ယဇ်ပူဇော်ခြင်းနှင့်ပတ်သက်သောပူဇော်သကာများသည် လူသားများအတွက် ၎င်းတို့၏အပြစ်ကို ထာဝစဉ်သတိရစရာတစ်ခုဖြစ်ကာ နောင်တနှင့်ဆိုင်သောအသိအမှတ်ပြုချက်တစ်ခုဖြစ်ရန်နှင့် ကတိထားတော်မူသောကယ်တင်ရှင်အပေါ်ယုံကြည်ကြောင်း ဝန်ခံချက်တစ်ရပ်ဖြစ်စေရန် ဘုရားသခင်ခန့်ခွဲထားတော်မူပါသည်။ အပြစ်တရားသည် သေခြင်းကိုဖြစ်စေခဲ့သည်ဟူသော သမ္မာတရားကိုလူသားတို့၏စိတ်နှလုံးထဲဝယ်မှတ်မိစွဲလမ်းသွားစေဖို့ ထိုယဇ်ပူဇော်ခြင်းအစီအစဉ်များကိုရည်ရွယ်၍ ကျင်းပစေခဲ့ပါသည်။ ပထမဦးဆုံးအကြိမ်ယဇ်ပူဇော်ခြင်းအတွက် ပူဇော်သကာဝတ်ပြုခြင်းသည် အာဒံအတွက် စိတ်နှလုံးအနာကျင်ဆုံးအခမ်းအနားတစ်ခုဖြစ်ခဲ့ပါသည်။ ဘုရားသခင်တစ်ပါးတည်းသာပေးစွမ်းနိုင်သည့်အသက်ကိုသတ်ရန် သူ့လက်ဖြင့်ရိုက်ပုတ်ထိုးသတ်ရပေတော့မည်။ သူ့အနေဖြင့် သေခြင်းတရားကိုပထမဦးဆုံးအကြိမ်အဖြစ်တွေ့မြင်ခဲ့ရပါသည်။ အကယ်၍ မိမိသည် ဘုရားသခင့်စကားကိုနားထောင်မိခဲ့လျှင် လူသားများနှင့်တိရစ္ဆာန်များပါ မရဏာနိုင်ငံမှကင်းဝေးခဲ့ကြလိမ့်မည်ဟုလည်း သူအသိတရားရခဲ့ပါသည်။ အပြစ်ကင်းမဲ့သောထိုသားကောင်ကို သူသတ်စဉ်

တွင် သူ၏အပြစ်သည် ဘုရားသခင်၏အပြစ်ကင်းစင်သောသိုးသငယ်၏ အသွေးကိုသွန်းစေခဲ့ပြီဟူသောအတွေးကြောင့် သူတုန်လှုပ်ချောက်ချားခဲ့ပါသည်။ ဘုရားသခင်ချစ်တော်မူသည့်သားတော်ဘုရားသခင်၏အသေခံခြင်းမှတစ်ပါး အခြားမည်သည့်အရာကမျှအစားထိုးကာ အလျော်မပေးနိုင်သော သူကျူးလွန်ခဲ့သည့်အပြစ်၏ကြီးမားမှုကို ထိုမြင်ကွင်းက သူ့အားပို၍နက်နဲထင်ရှားစွာတွေ့မြင်စေခဲ့ပါသည်။ ထိုအပြစ်ဒုစရိုက်မှကယ်တင်ရန် ထိုကဲ့သို့သောအဖိုးအခကိုပေး၍ ရွေးတော်မူခဲ့သောမဟာကောင်းမြတ်ခြင်းအတွက်လည်း သူအံ့အားသင့်ခဲ့ပါသည်။ မျှော်လင့်ချက်ရောင်ခြည်ကလေးတစ်ခုသည် မှောင်မိုက်ဆိုးရွားနေသောအနာဂတ်တွင် ထွန်းတောက်လာခဲ့ပြီး လူသားမျိုးနွယ်တစ်ခုလုံးအား ပြုတ်ပြုတ်ပြုန်းအောင်ပျက်စီးမည့်အရေးမှ သက်သာစေခဲ့ပါသည်။

သို့ရာတွင် ကယ်တင်ခြင်းစီမံကိန်း၌ လူသားများကိုကယ်တင်ရန် ရည်ရွယ်ချက်အပြင် ပို၍ကျယ်ပြန့်နက်နဲသောရည်ရွယ်ချက်တစ်ခုလည်းရှိပါသေးသည်။ လူသားများကိုကယ်တင်ရန်အတွက်သာ ခရစ်တော်သည် ဤကမ္ဘာသို့ကြွဆင်းခဲ့သည်မဟုတ်ချေ။ သေးငယ်သောဤကမ္ဘာကလေးမှ ကမ္ဘာသူကမ္ဘာသားများသည် ဘုရားသခင်၏ပညတ်တော်ကိုဂရုပြုသင့်သည့်အတိုင်း ဂရုပြုနိုင်စေရန်အတွက်သာ ဤကမ္ဘာသို့ခရစ်တော်ကြွဆင်းလာတော်မူခဲ့သည်မဟုတ်ဘဲ စကြဝဠာရှေ့မှောက်တွင် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေရန်အတွက်လည်း ကြွဆင်းလာခဲ့ခြင်းဖြစ်ပါသည်။ လူသားများအပေါ်တွင် ဩဇာသက်ရောက်သကဲ့သို့ အခြားကမ္ဘာများမှအသိဉာဏ်ရှိသောသတ္တဝါများအပေါ်အကျိုးသြဇာသက်ရောက်စေမည့် ဤမဟာဆက်ကပ်ပူဇော်ခြင်း၏အကျိုးဆက်ကိုမျှော်ကြည့်ကာ ကပ်တိုင်အတင်မခံရမီကလေးတွင် ကိုယ်တော်ရှင်မိန့်တော်မူသည်ကား "ယခုတွင် ဤလောကသည် တရားစီရင်ခြင်းကိုခံရ၏။ ယခုတွင် ဤလောကကိုအစိုးရသောမင်းသည် ပြင်သို့နှင်ထုတ်ခြင်းကိုခံရလိမ့်မည်။ ငါသည်လည်း မြေကြီးနှင့်ခွာ၍ မြှောက်ထားခြင်းကိုခံရလျှင် လူအပေါင်းတို့ကိုငါ့ထံသို့ငါဆွဲမည်" ဟူ၏။ လူသားများကို ကယ်တင်ရန် အသေခံတော်မူသောခရစ်တော်၏လုပ်ဆောင်ချက်သည် လူသား



များအား ကောင်းကင်နိုင်ငံသို့ဝင်စားရန် လွယ်ကူစေရုံမျှသာမကဘဲ စာတန်၏ပုန်ကန်မှုအပေါ် အဘဘုရားသခင်နှင့်သားတော်ဘုရားသခင်တို့၏လုပ်ဆောင်မှုများသည် မှန်ကန်မှုရှိကြောင်း ထင်ရှားစေပါလိမ့်မည်။ ထိုအသေခံခြင်းသည် ဘုရားသခင်ပညတ်တော်၏မပျောက်မပျက်တည်ရှိခြင်းကို တည်ဆောက်ပေးလိမ့်မည်ဖြစ်ပြီး အပြစ်၏သဘာဝနှင့်ဆိုးကျိုးများကိုလည်း ဖော်ပြပေးပါလိမ့်မည်။

အစအဦးမှစ၍ ဘုရားသခင်၏ပညတ်တော်အပေါ်ဝယ် ကြီးမားသောအငြင်းပွားမှုများရှိခဲ့ပါသည်။ ဘုရားသခင်သည် တရားမျှတမှုမရှိကြောင်း၊ ကိုယ်တော်၏ပညတ်တော်၌လည်း ချို့ယွင်းချက်များရှိနေကြောင်း၊ စကြဝဠာ၏အကျိုးကိုရှေးရှု၍ ထိုပညတ်တော်ကိုပြုပြင်ပေးရန်လိုအပ်ကြောင်း သက်သေပြရန် စာတန်ကြိုးစားခဲ့ပါသည်။ သူသည် ထိုပညတ်တော်ကိုပြဋ္ဌာန်းခဲ့သူ၏တန်ခိုးအာဏာကိုစိုးမိုးရယူရန်ရည်ရွယ်ချက်ဖြင့် ပညတ်တော်ကိုတိုက်ခိုက်ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တော်သည် ချို့ယွင်းချက်ရှိသဖြင့် ပြုပြင်ပြောင်းလဲရန်လိုသည်။ (သို့မဟုတ်) စုံလင်ပြီးဖြစ်၍ ပြုပြင်ပြောင်းလဲရန်မလိုပါဟူသည့်အချက်များကို ထင်ရှားပေါ်လွင်စေရန် ငြင်းခုံတိုက်လှန်ခဲ့ကြပါသည်။

စာတန်သည် ကောင်းကင်နိုင်ငံမှနှင်ထုတ်ခံရသောအချိန်တွင် ဤကမ္ဘာအား ၎င်း၏နိုင်ငံဖြစ်အောင်လုပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။ အာဒံနှင့်ဧဝကိုစုံစမ်းနှောင့်ယှက်ပြီး အောင်နိုင်ခဲ့သောအချိန်တွင် ဤကမ္ဘာလောကကိုပိုင်ပြီဟုသူအထင်ရှိခဲ့ပါသည်။ အကြောင်းမှာ "သူတို့သည် ကျွန်ုပ်အားသူတို့၏ဘုရင်အဖြစ်ရွေးချယ်ခဲ့ကြပြီ" ဟုသူဆိုခဲ့၏။ အပြစ်လွှတ်ခြင်းအခွင့်ကိုအပြစ်သားအားပေးရန်မှာ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အပြစ်တွင်ကျဆုံးနေသောထိုလူသားများသည် မိမိ၏လက်အောက်ခံများဖြစ်ပြီး ဤကမ္ဘာကိုလည်း မိမိပိုင်ဆိုင်ကြောင်း စာတန်ကအခိုင်အမာဖွင့်ဆိုလာခဲ့ပါသည်။ သို့ရာတွင် ဘုရားသခင်သည် မိမိနှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူသော မိမိ၏သားတော်ကိုအပြစ်၏အဖိုးအခခံယူရန် စေလွှတ်တော်မူခဲ့ပါသည်။

ဤနည်းအားဖြင့် ၎င်းတို့အား မိမိထံတွင်ပြန်လည်၍မျက်နှာသာရနိုင်စေရန် လမ်းဖွင့်ကာ ဧဒင်ဂေဟာသို့ပြန်လည်ခေါ်ယူတော်မူခဲ့ပါသည်။ ခရစ်တော်သည် လူသားများကိုကယ်တင်ရန်နှင့် ဤကမ္ဘာအား စာတန်၏လက်မှ ပြန်လည်ရယူရန်အတွက် တာဝန်ယူဆောင်ရွက်တော်မူခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်တွင်အစပျိုးခဲ့သောမဟာတိုက်လှန်ပွဲကြီး၏အရှုံးအနိုင်ကို မိမိပိုင်ဖြစ်သည်ဟု စာတန်ပြောဆိုနေသည့်ဤကမ္ဘာကြီးပေါ်၌ပင် အဆုံးအဖြတ်ပေးရပါမည်။

အပြစ်တွင်ကျဆုံးလျက်ရှိသောလူသားများအားကယ်တင်ရန် ခရစ်တော်သည် မိမိကိုယ်ကိုနှိမ့်ချသည်ဟူသောအချက်သည် စကြဝဠာကြီးတစ်ခုလုံးအား အံ့အားသင့်စေခဲ့ပါသည်။ ဖန်ဆင်းတော်မူခဲ့သောအရာများ၏လိုအပ်ချက်များကို မိမိ၏စီစဉ်ဆောင်ရွက်မှုအားဖြင့်ဖြည့်စွမ်းကာ အရာခပ်သိမ်းတို့အား ကြပ်မတ်ကွပ်ကဲလျက် ကြယ်တစ်လုံးမှတစ်လုံးသို့လည်းကောင်း၊ ကမ္ဘာတစ်ခုမှတစ်ခုသို့လည်းကောင်း ဒေသစာရီသွားလာတော်မူခဲ့သောကိုယ်တော်သည် မိမိ၏ဘုန်းစည်းစိမ်များကိုစွန့်ပစ်ကာ လူသားဇာတိကိုခံယူမည်ဟူသောအချက်မှာ အခြားကမ္ဘာများမှအပြစ်ကင်းသောသက်ရှိသတ္တဝါများအဖို့ နားလည်ရန်ဆန္ဒပြင်းပြနေသောနက်နဲသည့်အရာတစ်ခုဖြစ်နေပါသည်။ ခရစ်တော်သည် လူသားပုံသဏ္ဌာန်ကိုဆောင်ကာ ဤလောကသို့ကြွလာတော်မူသောအချိန်တွင် နွားစားခွက်မှသည် ကရာနီကုန်းသို့တိုင်အောင် သွေးစွန်းသောလမ်းအတိုင်း လျှောက်လှမ်းခဲ့သော ကိုယ်တော်၏ခြေလှမ်းတိုင်းကို ထိုသူအပေါင်းတို့က စိတ်ဝင်တစားကြည့်ရှုကြပြီး ကိုယ်တော်ခံစားခဲ့ရသောစော်ကားမှုများနှင့် ပြောင်လှောင်သရော်မှုများကို ကောင်းကင်နိုင်ငံတွင်မှတ်တမ်းတင်ထားခဲ့ကြပါသည်။ ထိုလုပ်ဆောင်ချက်များကိုလှုံ့ဆော်ပေးသူမှာ စာတန်ဖြစ်ကြောင်းကိုလည်း သူတို့သိရှိခဲ့ကြပါသည်။ ရှေ့သို့တိုးကာ ဆန့်ကျင်လုပ်ဆောင်နေသူများ၏လုပ်ဆောင်မှုများကိုလည်း ကောင်းကင်နိုင်ငံကမှတ်တမ်းတင်ထားခဲ့ပါသည်။ စာတန်သည် လူသားများအား အမှောင်ကျအောင်၊ ဝမ်းနည်းအောင်၊ ဒုက္ခရောက်အောင် အစဉ်လုပ်ဆောင်နေပါသည်။ ခရစ်တော်ကမူ



ထိုအရာများကိုချေဖျက်ပစ်လျက်ရှိပါသည်။ ပိုမို၍ပြင်းထန်လာသောအလင်းနှင့် အမှောင်တို့၏တိုက်လှန်ပွဲကြီးကို သူတို့စောင့်ကြည့်နေခဲ့ကြပါသည်။ ခရစ်တော်သည် ကပ်တိုင်ထက်မှာ အသက်တော်ချုပ်ခါနီးတွင် “အမှုပြီးပြီ” ဟူ၍ ဟစ်အော်လိုက်စဉ် ထိုအောင်မြင်မှုကြွေးကြော်သံသည် အခြားကမ္ဘာအသီးသီးနှင့်တကွ ကောင်းကင်နိုင်ငံတော်၌ပင် ပဲ့တင်ထပ်သွားခဲ့ပါသည်။ ဤကမ္ဘာတွင်အချိန်ကြာမြင့်စွာကြီးထွားလာလျက်ရှိသော မဟာအငြင်းအခုံပွဲကြီး၏အနိုင်အရှုံးကို ယခုတွင်ဆုံးဖြတ်ခဲ့ရာ ခရစ်တော်သည် အောင်နိုင်သူအဖြစ်ရပ်တည်နိုင်ခဲ့ပါသည်။ အဘဘုရားသခင်နှင့်သားတော်ဘုရားတို့၌ ကိုယ်အလိုကိုငြင်းပယ်သောစိတ်နှင့် အနစ်နာခံသောစိတ်ထားများကိုကျင့်သုံးရန် လူသားများအပေါ် လုံလောက်သောမေတ္တာတော်ရှိသည်၊ မရှိသည်ဟူသည့်သံသယစိတ်ကို ကိုယ်တော်ရှင်သည် အသေခံခြင်းအားဖြင့် အဖြေပေးခဲ့ပါသည်။ စာတန်သည် လူလိမ်လူညာ၊ လူသတ်သမားတစ်ဦးအဖြစ် မိမိ၏ဇာတိရုပ်မှန်ကိုထုတ်ဖော်ခဲ့ပါသည်။ အကယ်၍ ၎င်းအားကောင်းကင်သားများကို အုပ်စိုးခွင့်ပြုတော်မူခဲ့မည်ဆိုလျှင် ၎င်းလက်အောက်ခံဖြစ်နေကြသောလူသားများအပေါ် ဆက်ဆံခဲ့သောထိုစိတ်ထားမျိုးနှင့်ပင် အုပ်စိုးခဲ့မည်မှာထင်ရှားနေပါသည်။ သစ္စာရှိသောစကြဝဠာသားများသည် ဘုရားသခင်၏အုပ်ချုပ်မှုကို တစ်သံတည်းဖြင့်ညီညီညာညာချီးမွမ်းထောမနာပြုခဲ့ကြပါသည်။

ပညတ်တော်ကိုပြုပြင်ပြောင်းလဲနိုင်ခဲ့ပါလျှင် ခရစ်တော်အသေမခံဘဲ လူသားများကိုကယ်တင်နိုင်ခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ဘုရားသခင်၏ ပညတ်တော်စောင့်ရှောက်ခြင်းမှ လူသားများအားကင်းလွတ်ခွင့်မပြုကြောင်းကို အပြစ်တွင်ကျဆုံးနေသောလူသားများအတွက် မိမိအသက်တော်ကို ခရစ်တော်ပေးဆပ်ခဲ့ခြင်းက ထင်ရှားစေခဲ့ပါသည်။ ဤအရာအားဖြင့် အပြစ်၏အခသည် သေခြင်းဖြစ်ကြောင်း သရုပ်ဖော်ခဲ့ပါသည်။ ခရစ်တော်အသေခံတော်မူသောအချိန်တွင် စာတန်သည် ဧကန်အမှန်အဖျက်ဆီးခံရတော့မည်မှာ သေချာသွားခဲ့ပါသည်။ လူအများပြောဆိုနေကြသကဲ့သို့ ပညတ်တော်အားဖျက်သိမ်းခဲ့ပြီဆိုလျှင် ထိုအချိန်တွင် ခရစ်တော်ခံစားခဲ့ရသောဒုက္ခဝေဒနာနှင့်အသေခံ

ခြင်းသည် စာတန်တောင်းဆိုသမျှကိုပေးဆပ်ရန်သာခံစားခဲ့ခြင်းဖြစ်ခဲ့လိမ့်မည်။ ထို့ပြင် ထိုဒုစရိုက်အရှင်သည် အောင်ပွဲဆင်မြန်းကာ ဘုရားသခင်၏အုပ်စိုးမှုအပေါ် ၎င်းပြုလုပ်ထားသောစွပ်စွဲချက်များကိုလည်း ဆက်လက်တည်တံ့စေခဲ့လိမ့်မည်ဖြစ်သည်။ ပညတ်တော်သည် ပြုပြင်ပြောင်းလဲ၍မရသောအရာဖြစ်ကြောင်းကိုလည်းကောင်း၊ ဘုရားသခင်သည် ဖြောင့်မတ်ခြင်း၊ ကရုဏာရှိခြင်း၊ ကိုယ်အလိုကိုငြင်းပယ်ခြင်းများ၏အရှင်ဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ ဘုရားသခင်၏အုပ်စိုးမှုတွင် တရားမျှတမှုနှင့် ကရုဏာတော်ပေါင်းစပ်ထားကြောင်းကိုလည်းကောင်း လူသားများခံယူရမည့်အပြစ်အခကို ခရစ်တော်ခံယူတော်မူခဲ့သည်ဟူသောအချက်က အသိတရားနှင့်ပြည့်ဝသောသက်ရှိသတ္တဝါအပေါင်းတို့အား ထင်ရှားစွာဖော်ပြနေပါသည်။

* * *



## (၅)
## ကာဣနနှင့်အာဗေလတို့အစမ်းသပ်ခံရခြင်း

အာဒံ၏သားဖြစ်ကြသော ကာဣနနှင့်အာဗေလတို့သည် အကျင့်စာရိတ္တပိုင်းတွင် များစွာကွာခြားမှုရှိကြပါသည်။ အာဗေလသည် ဘုရားသခင့်အပေါ်သစ္စာရှိသောစိတ်ဓါတ်နှင့်ပြည့်စုံခဲ့ပါသည်။ လူသားများအတွက် ဘုရားသခင်၏ပြုလုပ်ဆောင်ရွက်မှုတွင် တရားမျှတမှုရှိကြောင်း၊ ကရုဏာတရားနှင့်ပြည့်ဝကြောင်း သူမြင်တွေ့ခဲ့ပါသည်။ ၎င်းပြင် ကယ်တင်ခြင်းနှင့်စပ်ဆိုင်သောမျှော်လင့်ချက်ကိုလည်း ကျေးဇူးဥပကာယတင်ရှိစွာဖြင့်လက်ခံခဲ့ပါသည်။ ကာဣနမူကား ပုန်ကန်ခြားနားလိုသောစိတ်ဓါတ်ရှိကာ အာဒံ၏အပြစ်ကြောင့် လူသားများနှင့်တကွ ကမ္ဘာလောကကြီးအား ကျိန်ခြင်းအမင်္ဂလာပေးခဲ့ခြင်းအတွက် ဘုရားသခင်အပေါ်အပြစ်ပုံခဲ့ပါသည်။ သူသည် ကိုယ့်ကိုကိုယ်မြှောက်စားမှုကိုလိုက်စားကာ ဘုရားသခင်၏တရားမျှတမှုနှင့် အာဏာတော်ကိုဒွိဟဖြစ်သည့် စာတန်အားကျဆုံးစေခဲ့သောစိတ်ဓါတ်မျိုးကိုကျင့်သုံးခဲ့ပါသည်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကိုယုံကြည်နားထောင်မှုရှိမရှိထင်ရှားစေရန် အာဒံအစမ်းသပ်ခံခဲ့ရသကဲ့သို့ ဤညီအစ်ကိုနှစ်ယောက်လည်း အစမ်းသပ်ခံခဲ့ရပါသည်။ သူတို့သည် လူသားများ၏ကယ်တင်ခြင်းနှင့်ပတ်သက်သောအစီအစဉ်ကိုကောင်းမွန်စွာသိထားကြပါသည်။ ဘုရားသခင်ခွဲခန့်တော်မူသည့်ပူဇော်သကာနှင့်ဆိုင်သောစနစ်ကိုလည်း နားလည်ထားကြပါသည်။ ပူဇော်သကာများကို တင်လှူပူဇော်ခြင်းအားဖြင့် ထိုပူဇော်သကာများကပုံဆောင်ထားသောကယ်တင်ရှင်ကိုယုံကြည်ခြင်းရှိကြောင်း ဖော်ပြရမည်ကိုလည်း သူတို့သိရှိထားကြပါသည်။ တစ်ချိန်တည်းမှာပင် အပြစ်လွှတ်ခွင့်ရရန်အတွက် ကိုယ်တော်အပေါ်လုံးလုံးမှီခိုအားထားမှုရှိရမည်ကိုလည်း အသိအမှတ်ပြုရန် ဤကဲ့သို့ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော ဘုရားသခင်၏ထိုအစီအစဉ်ကို လိုက်နာခြင်းအားဖြင့် မိမိတို့သည် အလိုတော်အတိုင်း လိုက်လျှောက်လျက်ရှိကြောင်းကို သက်သေပြနေခြင်းဖြစ်သည်ကိုလည်း သူတို့သိရှိထားကြပါသည်။

အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိနိုင်ချေ။ သူတို့သည် အိမ်တွင်မွေးထားသည့်တိရစ္ဆာန်သားဦးများကို ယဇ်ပူဇော်ခြင်းအားဖြင့် ကတိတော်နှင့်ဆိုင်သောအပြစ်ဖြေရာတစ်ခုအနေဖြင့် ခရစ်တော်၏အသွေးတော်၌ ယုံကြည်ခြင်းရှိကြောင်းဖော်ပြကြရန်ဖြစ်ပါသည်။ ထို့အပြင် မြေ၌သီးသောအဦးသီးများကိုလည်း ကျေးဇူးတင်ခြင်းပူဇော်သကာတစ်ခုအနေဖြင့် ဘုရားသခင်ထံတော်တွင်ပေးလှူကြရန်ဖြစ်ပါသည်။

ဤညီနောင်နှစ်ဦးသည် ပုံစံတူသောယဇ်ပလ္လင်နှစ်ခုကိုတည်ဆောက်ခဲ့ကြပါသည်။ နှစ်ဦးစလုံးသည် ပူဇော်သကာများကိုအသီးသီးယူဆောင်ခဲ့ကြပါသည်။ အာဗေလသည် ဘုရားသခင်၏ညွှန်ကြားချက်နှင့်အညီ မိမိသိုးစုထဲမှအဦးဖွားသောသိုးတစ်ကောင်ကို ယဇ်ပူဇော်ခဲ့ပါသည်။ “ထာဝရဘုရားသခင်သည် အာဗေလနှင့်သူ၏ပူဇော်သကာကိုပမာဏပြုတော်မူ၏။” ကောင်းကင်မှမီးကျလာကာ ထိုပူဇော်သကာကိုလောင်ကျွမ်းစေတော်မူခဲ့သည်။ ကာဣနမှာမူ ဘုရားသခင်၏လမ်းညွှန်မှုနှင့်ရိုးရှင်းသောအမိန့်တော်ကိုဂရုမစိုက်ဘဲ အသီးအနှံများဖြင့်သာပူဇော်ခဲ့ပါသည်။ ထိုပူဇော်သကာကိုလက်ခံကြောင်း မည်သည့်အထိမ်းအမှတ်တစ်စုံတစ်ခုမျှ ကောင်းကင်မှမဖော်ပြခဲ့ချေ။ ဖော်ပြထားတော်မူသည့်နည်းလမ်းအတိုင်း ဘုရားသခင်ထံချဉ်းကပ်ရန် အာဗေလက မိမိအစ်ကိုအားတောင်းပန်ခဲ့သော်လည်း ၎င်း၏အသနားခံတောင်းပန်ခြင်းသည် ကာဣနအား မိမိအလိုအတိုင်းလုပ်ဆောင်ရန် ပို၍စိတ်နှလုံးခိုင်မာစေခဲ့ပါသည်။ သူသည် အစ်ကိုကြီးတစ်ယောက်ဖြစ်သောကြောင့် မိမိညီငယ်၏သွန်သင်မှုကိုမခံယူဘဲ ပေးသောအကြံကိုလည်း မထီမဲ့မြင်ပြုခဲ့ပါသည်။

ကာဣနသည် ကတိတော်နှင့်ဆိုင်သောယဇ်ပူဇော်ခြင်းနှင့် ယဇ်ပူဇော်ခြင်းဆိုင်ရာပူဇော်သကာများ၏ပဓါနကျမှုများနှင့်စပ်လျဉ်း၍ ညည်းတွားသောစိတ်၊ မကြည်ညိုသောစိတ်ထားဖြင့် ဘုရားသခင့်ရှေ့တော်မှောက်သို့ရောက်လာခဲ့ပါသည်။ သူ၏ပူဇော်သကာသည် အပြစ်အတွက်နောင်တရခြင်းကို ဖော်ပြထားခြင်းလုံးဝမရှိချေ။ ကတိတော်နှင့်ဆိုင်သောကယ်တင်ရှင်၏အပြစ်ဖြေခြင်းအပေါ်တွင် မိမိ၏ကယ်တင်ခြင်းအတွက် လုံးလုံးလျားလျားယုံကြည်အားကိုး၍



ဘုရားသခင်ပြဋ္ဌာန်းတော်မူသည့်အစီအစဉ်အတိုင်း တစ်သဝေမတိမ်းလိုက်လျှောက်ခြင်းသည် ယခုခေတ်လူသားအများစုခံယူနေကြသကဲ့သို့ မိမိ၏အားနည်းချက်ကိုအသိအမှတ်ပြုခြင်းတစ်ခုဖြစ်သည်ဟု သူခံယူခဲ့ပါသည်။ ကိုယ့်ကိုကိုယ်အားကိုးသောလုပ်နည်းလုပ်ဟန်ကို သူရွေးချယ်ခဲ့ပါသည်။ မိမိ၏ကောင်းမှုကုသိုလ်ကိုအမှီပြု၍ သူရောက်လာခဲ့ပါသည်။ သူသည် သိုးသငယ်ကိုလည်းကောင်း၊ သိုးသငယ်၏အသွေးတော်နှင့်ရောသည့်ပူဇော်သကာကိုလည်းကောင်း၊ မယူဆောင်ခဲ့ဘဲ သူ၏အသီးအနှံများကိုလည်းကောင်း၊ သူ့လုပ်ငန်းကြောင့်ရရှိလာသောအရာများကိုလည်းကောင်း ပူဇော်ခဲ့ပါသည်။ သူသည် မိမိပူဇော်သကာတစ်ခုကဲ့သို့ပေးလှူခဲ့ပါသည်။ ထိုပူဇော်သကာအားဖြင့် ဘုရားသခင်၏မျက်နှာသာပေးခြင်းကိုခံရမည်ဟုသူမျှော်လင့်ထားခဲ့ပါသည်။ ကာဣနသည် ယဇ်ပလ္လင်တစ်ခုတည်ဆောက်ရန် ခိုင်းစေချက်ကိုနားထောင်မှုရှိခဲ့ပါသည်။ ပူဇော်သကာတစ်ခုယူဆောင်လာရန် ညွှန်ကြားချက်ကိုလည်း နားထောင်မှုရှိခဲ့ပါသည်။ သို့ရာတွင် သူသည် တစ်ပိုင်းတစ်စသာနားထောင်မှုရှိခဲ့ပါသည်။ ကယ်တင်ရှင်တစ်ပါးလိုအပ်ကြောင်း အသိအမှတ်ပြုသည့် ပဓါနကျသောကဏ္ဍကိုမူမလုပ်ဆောင်ဘဲ ချန်လှပ်ထားခဲ့ပါသည်။

ညီအစ်ကိုနှစ်ယောက်သည် မျိုးရိုးဗီဇတူညီကြပါသည်။ ဘာသာရေးသွန်သင်ချက်များကိုလည်း တူညီစွာကြားနာခွင့်ရခဲ့ကြပါသည်။ နှစ်ဦးစလုံးသည် အပြစ်သားများဖြစ်ကြပြီး နှစ်ဦးစလုံးသည် ဘုရားသခင်ကိုကြောက်ချစ်ရိုသေရန်၊ ဝတ်ပြုကိုးကွယ်ရန် အသိအမှတ်ပြုခဲ့ကြပါသည်။ အပေါ်ယံရုပ်အသွင်အားဖြင့် ၎င်းတို့ခံယူထားသောဘာသာအယူဝါဒသည် တစ်စုံတစ်ခုသောအင်န်းအတာအထိ အတူတူပင်ဖြစ်ခဲ့သော်လည်း ထိုအမှတ်ကိုကျော်လွန်သောအချိန်တွင် ၎င်းတို့နှစ်ဦးအကြားရှိကွာဟချက်မှာ ကြီးမားလှပါသည်။

“အာဗေလသည် ကာဣနပူဇော်သောယဇ်ထက်သာ၍မြတ်သောယဇ်ကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အားပူဇော်၏။” အာဗေလသည် ကယ်တင်ခြင်းနှင့်ပတ်သက်သော မဟာနိယာမများကိုဆုပ်ကိုင်ထားခဲ့ကြပါသည်။ သူသည် မိမိအသက်ဝိညာဉ်နှင့်ဘုရားသခင်အကြားတွင်ရပ်တည်လျက်

မိမိကိုယ်ကိုအပြစ်သားဖြစ်ကြောင်းကိုလည်းကောင်း၊ အပြစ်တရားကိုလည်းကောင်း၊ အပြစ်အခဖြစ်သောသေခြင်းကိုလည်းကောင်း မြင်တွေ့ခဲ့ပါသည်။ သူသည် ကျူးလွန်ချိုးဖေါက်ခြင်းခံခဲ့ရသောပညတ်တော်၏တောင်းဆိုချက်ကို အသိအမှတ်ပြုလျက်ယဇ်ပူဇော်ရန်သတ်မှတ်ထားသည့်ယဇ်ကောင်ကို သယ်ဆောင်လာခဲ့ပါသည်။ သူသည် သွန်းခဲ့သောထိုအသွေးမှတစ်ဆင့် ကရာနီကုန်းထက်ရှိ ကပ်တိုင်ပေါ်တွင် အသေခံမည့်ခရစ်တော်တည်းဟူသော အနာဂတ်ယဇ်ကောင်ကိုမျှော်ကြည့်ခဲ့ပါသည်။ ၎င်းပြင်ထိုနေရာတွင်ပြုတော်မူမည့်အပြစ်ဖြေခြင်းကို ကိုးစားလျက် သူသည် ဖြောင့်မတ်ခြင်းသို့ရောက်ကာ သူ၏ပူဇော်သကာသည်လည်း ဘုရားသခင်လက်ခံတော်မူကြောင်း သူ၌သက်သေခံချက်ကို သူရရှိခဲ့ပါသည်။

ကာဣနသည်လည်း အာဗေလကဲ့သို့ပင် ဤတရားတော်များကို လက်ခံရန်နှင့်လေ့ကျက်ရန် တူညီသောအခွင့်အရေးကိုရရှိခဲ့ပါသည်။ အာဗေလသည် ယုံကြည်၍နားထောင်ရန်ရွေးချယ်ခဲ့ပြီး ကာဣနမှာမူ ယုံကြည်မှုမရှိဘဲ ဘုရားသခင်ကိုပုန်ကန်ခြားနားခဲ့ပါသည်။ ဤနေရာတွင် ဤအကြောင်းအရာတစ်ခုလုံးသည် အဆုံးသတ်သွားခဲ့ပါသည်။ ကာဣနနှင့်အာဗေလတို့သည် ကပ်ကမ္ဘာဆုံးသည့်အချိန်တိုင်အောင် ကမ္ဘာပေါ်တွင်အသက်ရှင်နေထိုင်ကြမည့် လူအမျိုးအစားနှစ်ခုကိုပုံဆောင်ထားပါသည်။ တစ်ဖွဲ့သည် အပြစ်အတွက် သတ်မှတ်ထားသောပူဇော်သကာကိုပူဇော်ခြင်းအားဖြင့် မိမိကိုယ်ကိုအကျိုးရှိစေပါသည်။ ကျန်တစ်ဖွဲ့မှာမူ မိမိ၏ကုသိုလ်ကောင်းမှုများအပေါ်တွင် မှီခိုအားကိုးရန် စွန့်စားပါသည်။ ထိုသူများပြုလုပ်သောကောင်းမှုကုသိုလ်များသည် ဘုရားသခင်၏ကြားဝင်ဆောင်ရွက်သောတန်ခိုးတော်မပါရှိသောအနစ်နာခံမှုတစ်ခုသာဖြစ်နေပါသည်။ ထို့ကြောင့် ထိုကောင်းမှုကုသိုလ်သည် လူသားများအား ဘုရားသခင်ရှေ့တော်တွင်မျက်နှာမရစေနိုင်ပါ။ ခရစ်တော်၏ကုသိုလ်ကောင်းမှုအားဖြင့်သာ ကျွန်ုပ်တို့၏အပြစ်များကိုခွင့်လွှတ်နိုင်တော်မူပါသည်။ ခရစ်တော်အသွေးတော်ကိုမလိုအပ်ဟုအထင်ရှိနေသောသူများနှင့် ဘုရားသခင်၏ကျေးဇူးတော်မပါဘဲ မိမိအကျင့်အားဖြင့် ဘုရားသခင်၏



နှစ်ခြိုက်သဘောကျမှုကိုရရှိနိုင်သည်ဟုအထင်ရှိနေကြသူများသည် ကာဣနကျူးလွန်ခဲ့သောအပြစ်မျိုးကို ကျူးလွန်နေကြခြင်းဖြစ်ပါသည်။ သူတို့သည် အပြစ်ကိုဆေးကြောပေးသည့်အသွေးတော်ကိုလက်မခံကြလျှင် အပြစ်စီရင်ခြင်းအောက်တွင် ရှိနေဆဲဖြစ်ပါသည်။ ၎င်းတို့အားအပြစ်ကျေးကျွန်ဘဝမှ လွတ်မြောက်စေမည့်အခြားနည်းလမ်းမရှိတော့ပြီ။

ကာဣန၏ပုံသက်သေနောက်သို့လိုက်ပါလုပ်ဆောင်ကြသည့် ဝတ်ပြုသူများတွင် ကမ္ဘာသူကမ္ဘာသားအများစုပါဝင်နေပါသည်။ အကြောင်းမှာ မှားယွင်းသောဘာသာအယူဝါဒအားလုံးနီးပါးသည် အကျင့်တရားအားဖြင့် ကယ်တင်ခြင်းရနိုင်သည်ဟူသောနိယာမအပေါ်တွင် အခြေခံထားကြပါသည်။ လူသားမျိုးနွယ်များလိုအပ်နေသောအရာမှာ ကယ်တင်ခြင်းမဟုတ်ဘဲ သန့်စင်မှုကိုပေးနိုင်သော၊ မြှင့်တင်ပေးနိုင်သော၊ ခွန်အားကိုပေးနိုင်သော ဖွံ့ဖြိုးတိုးတက်မှုသာဖြစ်သည်ဟု တချို့ကအတိအလင်းဖွင့်ဆိုလာကြပါသည်။ ယဇ်ကောင်တစ်ကောင်၏သွေးမပါသောပူဇော်သကာကို လှူဒါန်းခြင်းအားဖြင့် ဘုရားသခင်နှစ်ခြိုက်မှုကိုရယူနိုင်သည်ဟု ကာဣနမြင်သကဲ့သို့ ဤပုဂ္ဂိုလ်များသည်လည်း ထိုအပြစ်ဖြေခြင်းအပေါ်မှီခိုအားထားမှုမရှိဘဲ ဘုရားသခင်၏စံကိုမှီဖို့ လူသားတို့၏စံကိုမြှင့်တင်ရန်မျှော်လင့်ခဲ့ကြပါသည်။ ထိုကဲ့သို့လုပ်ဆောင်ပါကမည်သည့်အကျိုးဆက်နှင့်ရင်ဆိုင်ရမည်ကို ကာဣန၏အဖြစ်အပျက်ကဖော်ပြနေပါသည်။ လူသည် ဘုရားသခင်နှင့်တသီးတခြားစီဖြစ်လာခဲ့သည့်အကြောင်းကိုလည်း ထိုအဖြစ်အပျက်ကဖော်ပြထားပါသည်။ လူသားဇာတိ၌ မိမိကိုယ်ကို အသစ်မွေးဖွားစေနိုင်သည့်တန်ခိုးမရှိပါချေ။ လူသားဇာတိသည် အထက်အရပ်ရှိဘုရားသခင်နှင့်ဆိုင်သောအရာများကိုမလိုက်ပါတတ်ဘဲ အောက်အရပ်ရှိစာတန်နှင့်ဆိုင်သောအရာများဘက်သို့သာလိုက်ပါတတ်ပါသည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏တစ်ခုတည်းသောမျှော်လင့်ရာဖြစ်တော်မူပါသည်။ “ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ။”

ခရစ်တော်အပေါ်လုံးလုံးလျားလျားမှီခိုအားကိုးသောယုံကြည်ခြင်းအစစ်သည် ဘုရားသခင်ပညတ်တော်အားလုံးကိုနားထောင်ခြင်းဖြင့် ထင်ရှား

စေပါလိမ့်မည်။ အာဒံ၏ခေတ်မှသည် ယခုခေတ်တိုင်အောင်ဖြစ်ပေါ်နေသော မဟာတိုက်လှန်ပွဲကြီးသည် ဘုရားသခင်၏ပညတ်တော်ကိုနားထောင်မှုရှိခြင်းနှင့် ပတ်သက်နေပါသည်။ ခေတ်အဆက်ဆက်တွင် မိမိတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကိုခံယူပိုင်ခွင့်ရှိသည်ဟုပြောဆိုနေသည့်တစ်ချိန်တည်းမှာပင် ကိုယ်တော်၏ပညတ်တော်အချို့ကိုလျစ်လျူရှုခဲ့ကြပါသည်။ သို့ရာတွင် ယုံကြည်ခြင်းသည် အကျင့်အားဖြင့်ပြည့်စုံကြောင်း အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့် အသေဖြစ်ကြောင်းကို သမ္မာကျမ်းစာတွင်ဖွင့်ဆိုထားပါသည်။ "ဘုရားသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကိုမစောင့်ဘဲလျက်ဆိုသောသူသည် မုသားကိုသုံးသောသူဖြစ်၍ ထိုသူ၌ သစ္စာမရှိချေ။"

ကာဣနသည် မိမိ၏ပူဇော်သကာကို ဘုရားသခင်ငြင်းပယ်ကြောင်း တွေ့မြင်သောအခါ ထာဝရဘုရားသခင်ကိုလည်းကောင်း၊ အာဗေလကိုလည်းကောင်း စိတ်ဆိုးခဲ့ပါသည်။ ဘုရားသခင်သည် ကိုယ်တော်တိုင်ခန့်ခွဲထားသောယဇ်ပူဇော်ခြင်းနေရာတွင် လူပြင်ဆင်သောအရာကို အစားထိုးခြင်းအား လက်မခံသောကြောင့်လည်းကောင်း၊ အာဗေလသည် မိမိနှင့်အတူပေါင်းဖက်၍ ဘုရားသခင်အားဆန့်ကျင်ရမည့်အစား၊ ဘုရားသခင်၏စကားတော်ကို နားထောင်လိုက်လျှောက်ရန် ရွေးချယ်ခဲ့ခြင်းကြောင့်တစ်ကြောင်း ထိုပုဂ္ဂိုလ်အသီးသီးအား ကာဣနစိတ်ဆိုးခဲ့ပါသည်။ ကာဣနသည် ဘုရားသခင်၏ မိန့်တော်မူချက်ကိုလျစ်လျူရှုခဲ့သော်လည်း ကိုယ်တော်သည် ၎င်းအားစွန့်ပစ်ထားတော်မမူဘဲ ဆင်ခြင်တိုင်းထွာမှုမရှိကြောင်း မိမိအားအပြစ်တင်နေသောထိုလူကို အကျိုးအကြောင်းဖော်ပြ၍ဖျောင်းဖျရန် ကိုယ့်ကိုနှိမ့်ချတော်မူ၏။ ထိုနောက် ထာဝရဘုရားသခင်က ကာဣနအား "သင်သည် အဘယ်ကြောင့် စိတ်ဆိုးသနည်း။ အဘယ်ကြောင့်မျက်နှာပျက်သနည်း" ဟုမေးတော်မူ၏။ သင်သည်ကောင်းမွန်စွာပြုလျှင် အခွင့်မရလော။ ကောင်းမွန်စွာမပြုလျှင် အပြစ်ဖြေသောယဇ်ကောင်သည် တံခါးနားမှာဝပ်လျက်ရှိ၏" ဟူ၍လည်း ကောင်းကင်တမန်အားဖြင့် သတိပေးစကားကိုပြောကြားထားပြီးဖြစ်ပါသည်။



ရွေးချယ်မှုကို ကာဣနကိုယ်တိုင်ပြုလုပ်ရပေတော့မည်။ သူသည် ကတိထားတော်မူသောကယ်တင်ရှင်၏ကုသိုလ်ကောင်းမှုများကို ယုံကြည်ကိုးစားလိမ့်မည်ဆိုလျှင် ဘုရားသခင်ခိုင်းစေသည့်အတိုင်း လိုက်နာလုပ်ဆောင်ပါလိမ့်မည်။ သို့ရာတွင် မယုံကြည်မှုကြောင့်ငြင်းဆန်၍ အပြစ်ကျူးလွန်ခဲ့လျှင် ၎င်း၏ညည်းညူမှုအတွက် အခြေအမြစ်ရှိတော့မည်မဟုတ်ချေ။ အကြောင်းမှာ ဘုရားသခင်သည် ၎င်းအားငြင်းပယ်တော်မူပြီ။

သို့ရာတွင် ကာဣနသည် ကိုယ့်အပြစ်ကိုဝန်ခံရမည့်အစား၊ ဘုရားသခင်အား တရားမျှတမှုမရှိဟုအပြစ်တင်ကာ အာဗေလအား မုန်းတီးမနာလိုဖြစ်ခဲ့ပါသည်။ သူသည် မိမိ၏ညီအား စိတ်ဆိုးမာန်ဆိုးဖြင့် အပြစ်တင်စကားပြောဆိုကာ ၎င်းတို့အပေါ်ဘုရားသခင်လုပ်ဆောင်ခဲ့ခြင်းနှင့်ပတ်သက်၍ အငြင်းအခုံပြုရန် ကြိုးစားခဲ့ပါသည်။ အာဗေလသည် ဘုရားသခင်၏တရားမျှတမှုရှိခြင်းနှင့်ကောင်းမြတ်ခြင်းများအတွက် ရဲဝံ့ခိုင်မာသော်လည်း နူးညံ့သိမ်မွေ့သောသဘောဖြင့် အကာအကွယ်ပြုခဲ့ပါသည်။ သူသည် ကာဣန၏ အမှားများကိုထောက်ပြခဲ့ပြီး မှားယွင်းစွာလုပ်ဆောင်မှုကို အစ်ကိုကြီးကိုယ်တိုင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သဘောပေါက်နားလည်အောင်ကြိုးစားခဲ့ပါသည်။ ၎င်းတို့၏မိဘနှစ်ပါးသည် ချက်ချင်းအသေခံဖို့အပြစ်ဒဏ်ခံရမည်ဖြစ်သော်လည်း ချက်ချင်းမသေစေရန် ခြွင်းချန်ထားတော်မူသည့် ဘုရားသခင်၏ သနားခြင်းကရုဏာတော်ကိုသူထောက်ပြခဲ့ပါသည်။ ၎င်းပြင် ဘုရားသခင်သည် မိမိတို့အားချစ်တော်မူကြောင်း၊ သို့မဟုတ်လျှင် ၎င်းတို့ခံယူရမည့်အပြစ်၏ အဖိုးအခကိုခံစားရန်အပြစ်ကင်း၍ သန့်ရှင်းသောမိမိ၏သားတော်ကို ကိုယ်တော်ပေးတော်မူလိမ့်မည်မဟုတ်ကြောင်းကိုလည်း သူအားပေးတိုက်တွန်းခဲ့ပါသည်။ ဤအားပေးစကားအလုံးစုံသည် ကာဣန၏ဒေါသအားပို၍ပြင်းထန်စေခဲ့ပါသည်။ ဆင်ခြင်တုံတရားနှင့်သြတ္တပ္ပစိတ်တို့က အာဗေလ၏ဖွင့်ဆိုချက်သည် မှန်နေသည့်အနေအထားတွင်ရှိကြောင်း ကာဣနအားပြောခဲ့သော်လည်း တစ်ချိန်လုံးမိမိ၏စကားကိုနားထောင်မှုရှိခဲ့သူတစ်ဦးသည် ယခုတွင် ၎င်း၏ အလိုကိုဆန့်ကျင်ရဲလာသောကြောင့်လည်းကောင်း၊ ၎င်း၏ဆန့်ကျင်လုပ်ဆောင်မှု

တွင် မည်သည့်ကရုဏာသက်မှုများမှမရရှိခဲ့သောကြောင့်တစ်ကြောင်း၊ သူစိတ်ဆိုးခဲ့ပါသည်။ ထို့ကြောင့် သူသည် စိတ်ဆိုးမာန်ဆိုးဖြင့် မိမိ၏ညီငယ်အားသတ်ပစ်လိုက်ပါသည်။

အာဗေလသည် အမှားပြုမိသောကြောင့်မဟုတ်ဘဲ "မိမိအကျင့်သည်ဆိုးယုတ်၍ ညီ၏အကျင့်သည်ဖြောင့်မတ်သောကြောင့်" ကာဠုနသည် ထိုညီငယ်အားမုန်းတီးကာ သတ်ဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုနည်းအတူခေတ်အဆက်ဆက်တွင်လည်း ဆိုးယုတ်သောသူများသည် မိမိထက်ဖြောင့်မတ်ကောင်းမွန်သောသူများအား မုန်းတီးခဲ့ကြပါသည်။ နားထောင်မှုရှိ၍ ခိုင်မြဲသည့်ယုံကြည်ခြင်းရှိသော အာဗေလ၏အသက်တာသည် ကာဠုနအတွက်အဆက်မပြတ်ပြုလုပ်နေသောဆိုဆုံးမမှုတစ်ရပ်ဖြစ်ခဲ့ပါသည်။ "ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူအပေါင်းတို့သည် အလင်းကိုမြင်ပျင်း၍ မိမိတို့အကျင့်၌အပြစ်ပါသည်ကိုမထင်ရှားစေခြင်းငှာ အလင်းသို့မချဉ်းကပ်ကြ။" ဘုရားသခင်၏သစ္စာရှိသောကျွန်များ၏အကျင့်စာရိတ္တများမှ ရောင်ပြန်ဟပ်လာသောကောင်းကင်မှအလင်းတော်သည် ပို၍ထွန်းတောက်လေလေ၊ ဆိုးယုတ်သောသူ၏အပြစ်များသည် ပို၍ထင်ရှားစွာပေါ်လွင်လေလေဖြစ်နေပါသည်။ အပြစ်ထင်ရှားစွာပေါ်လွင်လေလေ၊ ၎င်းတို့အားလာရောက်နှောင့်ယှက်သူများအားသုတ်သင်ဖျက်ဆီးရန် သူတို့ကြိုးစားလေလေဖြစ်နေပါသည်။

အာဗေလအားလုပ်ကြံသတ်ဖြတ်မှုသည် မြွေနှင့်မိန်းမ၏အမျိုးအနွယ်အကြား (တစ်နည်းအားဖြင့် စာတန်ဦးဆောင်သောအဖွဲ့နှင့် ခရစ်တော်၏နောက်လိုက်များအကြား) ဖြစ်ပွားမည်ဟု ဘုရားသခင်မိန့်ကြားတော်မူခဲ့သည့်ရန်ငြိုးဖွဲ့မှုအတွက် ပထမဦးဆုံးသောပုံသက်သေတစ်ခုဖြစ်ခဲ့ပါသည်။ လူသားများ၏ဒုစရိုက်ကျူးလွန်မှုများကြောင့် စာတန်သည် လူသားမျိုးနွယ်စုကိုထိန်းချုပ်နိုင်ခွင့်ရခဲ့သော်လည်း ခရစ်တော်သည် ၎င်းတို့အား စာတန်၏စိုးမိုးအုပ်ချုပ်မှုကိုစွန့်ပစ်ရန် တတ်နိုင်စေတော်မူခဲ့ပါသည်။ အသက်ဝိညာဉ်တစ်ခုသည် ဘုရားသခင်၏သိုးသငယ်ကိုယုံကြည်ခြင်းအားဖြင့် အပြစ်ပြုရန်ငြင်းဆိုလာသောအချိန်တိုင်း၌ စာတန်သည် ဒေါသအမျက်ခြောင်းခြောင်းထွက်





ပါသည်။ လူသားများအတွက် ပညတ်တော်ကိုစောင့်ထိန်းဖို့မဖြစ်နိုင်ပါဟူသောစာတန်၏ဖွင့်ဆိုချက်သည် မှားယွင်းကြောင်း အာဗေလ၏သန့်ရှင်းသောအသက်တာကသက်သေခံခဲ့ပါသည်။ ဆိုးသွမ်းသောဝိညာဉ်တစ်ခု၏လုပ်ဆောင်မှုကိုခံနေရသော ကာဠုနသည် အာဗေလအား မိမိမထိန်းချုပ်နိုင်တော့ကြောင်းမြင်တွေ့သောအခါ အလွန်အမျက်ထွက်လာပြီး မိမိညီအားလုပ်ကြံသတ်ဖြတ်ခဲ့ပါသည်။ ဘုရားသခင်ပညတ်တော်၏ဖြောင့်မတ်ခြင်းသည် အပြစ်တင်ခွင့်နှင့်ကင်းလွတ်ကြောင်းထင်ရှားအောင်ပါဝင်ကူညီသောသူများရှိသည့်နေရာတိုင်းတွင်ကာဠုန၏ထိုစိတ်ဓါတ်မျိုးသည်လည်း ထင်ရှားပေါ်ထွန်းပါလိမ့်မည်။ ထိုစိတ်ဓါတ်ပိုင်ရှင်များသည် ခေတ်အဆက်ဆက်တွင် မီးရှို့သတ်ရန် မီးလောင်တိုက်များကိုတည်ဆောက်ခဲ့ပြီး ခရစ်တော်၏နောက်လိုက်များအား လောင်တိုက်သွင်းမည့်ထင်းများကိုမီးရှို့ခဲ့ကြပါသည်။ ခရစ်တော်၏တပည့်တော်တစ်ယောက်အပေါ်ကျရောက်နေသော ရက်စက်ကြမ်းကြုတ်မှုများကို စာတန်နှင့်အပေါင်းပါတို့က ဆွပေးခဲ့ကြပါသည်။ အကြောင်းမှာ သူတို့သည် ထိုတပည့်တော်ကိုမိမိတို့ထံ၌အညံ့ခံလာအောင်မစွမ်းဆောင်နိုင်ကြသောကြောင့်ဖြစ်ပါသည်။ ထိုအရာသည် အောင်နိုင်သူရန်သူကြီး၏ပြင်းထန်သောအမျက်ဒေါသပင်ဖြစ်ပါသည်။ ခရစ်တော်၏အာဇာနည်တိုင်းသည် အောင်နိုင်သူများအဖြစ်ဖြင့်သေပွဲဝင်ခဲ့ကြပါသည်။ "ထိုသူတို့သည် သိုးသငယ်၏အသွေးတော်အားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံချက်နှုတ်တော်ထွက်စကားအားဖြင့်လည်းကောင်း စာတန်အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသောနဂါးကြီးကိုအောင်မြင်၍ အသေခံသည်တိုင်အောင် ကိုယ်အသက်ကိုမနှမြောကြချေ။"

လူသတ်သမားကာဠုနသည် မကြာမီမှာပင် မိမိကျူးလွန်သောရာဇဝတ်မှုအတွက် ဖြောင့်ချက်ပေးရန် ဆင့်ဆိုခြင်းကိုခံခဲ့ရပါသည်။ "ထာဝရဘုရားသခင်ကလည်း သင့်ညီအာဗေလသည် အဘယ်မှာရှိသနည်းဟု ကာဠုနကိုမေးတော်မူလျှင် အကျွန်ုပ်မသိပါ။ အကျွန်ုပ်သည် ညီကိုစောင့်ရသောသူဖြစ်သလောဟုလျှောက်ဆို၏။" ကာဠုနသည် အပြစ်တရားကိုအလွန်အကျွံစွဲလမ်းလိုက်စားခဲ့သဖြင့် ဘုရားသခင်အတူရှိခြင်း၊ ကိုယ်တော်၏ကြီးမြတ်ခြင်း

နှင့်အနန္တဉာဏ်တော်များကိုပင် မသိရှိတော့ချေ။ ထိုကြောင့် မိမိအပြစ်ကိုဖုံးဖိရန် မုသားစကားများကိုအသုံးပြုခဲ့ပါသည်။

ထိုနောက်တစ်ဖန်ဘုရားသခင်က "သင်သည် အဘယ်သို့ပြုပြီး သနည်း။ သင့်ညီအသွေး၏အသံသည် မြေထဲကငါ့ကိုအော်ဟစ်လျက်ရှိသည် တကား" ဟု ကာဣနအားမိန့်တော်မူ၏။ အမှန်မှာ ဘုရားသခင်သည် ကာဣနကျူးလွန်ခဲ့သောအပြစ်များကိုဝန်ချတောင်းပန်ရန် အခွင့်အရေးပေးနေခြင်းဖြစ်ပါသည်။ ကာဣန၌တန်ပြန်ရန်အချိန်ရခဲ့ပါသည်။ သူသည် မိမိကျူးလွန်မိခဲ့သောအပြစ်များနှင့် ထိုအပြစ်များကိုဖုံးကွယ်ရန်ပြောခဲ့သောမုသားစကားများ၏စက်ဆုပ်ရွံရှာစရာကောင်းပုံများကိုသိရှိထားပါသည်။ သို့ရာတွင် သူသည် ကိုယ်တော်အားဆက်လက်စော်ကားခဲ့သဖြင့် ကျခံရမည့်စီရင်ချက်ကို ဆက်၍အချိန်မဆွဲထားနိုင်တော့ချေ။ ထိုနောက် "သို့ဖြစ်၍ သင့်ညီ၏အသွေးကိုခံယူခြင်းငှာ မိမိပါးစပ်ကိုဖွင့်သောမြေကြီး၏ကျိန်ခြင်းကို သင်သည်ခံရသောကြောင့် ယခုမှစ၍ မြေ၌လုပ်သောအခါ ပကတိအတိုင်းအသီးအနှံကိုမရရ။ မြေကြီးပေါ်မှာပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူဖြစ်လိမ့်မည်" ဟူသောကြောက်မက်ဖွယ်ရာစကားများကိုဖွင့်ဆိုသည့် ဘုရားသခင်၏အသံတော်ကို သူကြားခဲ့ရပါသည်။

ကာဣနသည် မိမိကျူးလွန်ခဲ့သောအပြစ်ကြောင့် သေပြစ်ထိုက်သောသူတစ်ဦးဖြစ်ခဲ့သော်လည်း ကရုဏာတော်နှင့်ပြည့်ဝတော်မူသည့်ဘုရားသခင်သည် သူ၏ဇီဝိန်ကိုချွေတော်မမူသေးဘဲ နောင်တရနိုင်ရန် အခွင့်ပေးသနားတော်မူခဲ့ပါသည်။ သို့သော် ကာဣနသည် စိတ်နှလုံးခိုင်မာသဖြင့် ဘုရားသခင်၏အာဏာတော်ကိုဆန့်ကျင်တိုက်လှန်ကြဖို့အားပေးရန်နှင့် ဆိုးသွမ်းသောအပြစ်သားများ၏ခေါင်းဆောင်တစ်ဦးဖြစ်လာရန်သာ အသက်ရှင်နေထိုင်ခဲ့ပါသည်။ ဤဖေါက်ပြန်သူတစ်ဦးသည် စာတန်၏ဆက်လက်လမ်းပြမှုကြောင့် အခြားသူများအတွက် စုံစမ်းနှောင့်ယှက်သူတစ်ဦးဖြစ်လာခဲ့ပါသည်။ သူ၏ပုံသက်သေနှင့်ဩဇာသက်ရောက်မှုများသည် ကမ္ဘာကြီးအားပျက်သုဉ်းစေနိုင်သည့်အကြမ်းဖက်မှုများနှင့်ပြည့်ဝသွားသည့်တိုင်အောင် ထိုသူများ၌အကျင့်စရိုက်ပျက်ပြားစေသည့်တန်ခိုးကို အရှိန်အဟုန်ကြီးမားစေခဲ့ပါသည်။



ဘုရားသခင်သည် ပထမဦးဆုံးသောလူသတ်သမား၏အသက်ကို ချမ်းသာမှုပေးခဲ့ခြင်းဖြင့် စကြဝဠာ၏ရှေ့မှောက်တွင် မဟာတိုက်လှန်ပွဲကြီးနှင့် ပတ်သက်သောသင်ခန်းစာတစ်ခုကို တင်ဆက်ထားပါသည်။ အပြစ်သားများကိုဆက်လက်အသက်ရှင်ခွင့်ပေးကာ ဘုရားသခင်အားဆန့်ကျင်တိုက်လှန်ရေးလုပ်ငန်းများကိုလုပ်ဆောင်ခွင့်ပြုခြင်း၏ရလဒ်များအတွက် ကာဣနနှင့်၎င်း၏သားစဉ်မြေးဆက်များ၏အမှောင်ဖုံးသောရာဇဝင်သည် သာဓကတစ်ခုဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏စိတ်ရှည်သည်းခံမှုသည် ထိုလူဆိုးများအား မကောင်းမှုများကိုလုပ်ရန် ပိုမိုရဲတင်းလာစေကာ အာခံမှုများကိုသာပို၍ဖြစ်စေခဲ့ပါသည်။ ကာဣနအား ပြစ်ဒဏ်စီရင်ချက်ချပြီးနောက် နှစ်ပေါင်းတစ်ထောင့်ငါးရာအကြာတွင် ကမ္ဘာကြီးအားလွှမ်းမိုးသွားသည့်ရာဇဝတ်မှုများနှင့်ညစ်ညမ်းမှုများ၌ ၎င်း၏ဩဇာသက်ရောက်မှုနှင့်ပုံသက်သေများ၏အသီးအပွင့်များကို စကြဝဠာက မြင်တွေ့ခဲ့ရပါသည်။ ပညတ်တော်လွန်ကျူးမှုကြောင့် အပြစ်တွင်ကျဆုံးခဲ့သော လူသားများအပေါ် သေဒဏ်ပေးခြင်းသည် တရားမျှတမှုရှိ၍ ကရုဏာတော်နှင့်ပြည့်စုံကြောင်း၊ ထိုအရာကထင်ရှားစေခဲ့ပါသည်။ လူသည် အပြစ်တွင် ပို၍ကြာရှည်စွာအသက်ရှင်လေလေ၊ ပို၍ဆိုးသွမ်းလာလေလေဖြစ်ပါသည်။ အဟန့်အတားမဲ့အပြစ်ကျူးလွန်ခြင်းနှင့်ပြီးသောဘဝတစ်ခုကိုတိုစေ၍ ဘုရားသခင်အားဆန့်ကျင်မှုတွင် စိတ်နှလုံးခိုင်မာလာသည့်သူများ၏ဩဇာသက်ရောက်မှုများမှ ကမ္ဘာသားများအားကင်းလွတ်စေသော ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုသည် ကျိန်ခြင်းအမင်္ဂလာတစ်ခုဖြစ်သည်ထက် မင်္ဂလာတစ်ပါးဖြစ်ခဲ့ပါသည်။

စာတန်သည် ဘုရားသခင်၏ဘုန်းတော်နှင့်အုပ်စိုးမှုကို မှားယွင်းစွာရုပ်လုံးဖေါ်ရန် ပုံစံအမျိုးမျိုးဖြင့် ခွန်အားအပြည့်အဝပြုကာ မနားမနေလုပ်ဆောင်နေပါသည်။ သူသည် လောကီသားများအား မိမိ၏လိမ်ညာမှုတွင်ထိန်းချုပ်ထားနိုင်ရန် ကျယ်ပြန့်၍ ကောင်းမွန်စွာစီမံထားသောအစီအစဉ်များနှင့်အံ့ဩဖွယ်သောတန်ခိုးများကိုအသုံးပြုကာ လုပ်ဆောင်လျက်ရှိပါသည်။ ဉာဏ်တော်အနန္တနှင့်ပြည့်စုံကြွယ်ဝတော်မူသောထာဝရဘုရားသခင်သည် အစမှအဆုံးတိုင်မြင်တွေ့တော်မူကာ ဒုစရိုက်ကိုဖြေရှင်းရာတွင် အသုံးပြုခဲ့သော

ကိုယ်တော်၏အကြံအစည်တော်များသည် ထိရောက်မှုရှိ၍ ကျယ်ပြောလှပါသည်။ ကိုယ်တော်၏အကြံအစည်တော်မှာ ဆန့်ကျင်တော်လှန်မှုကို ချေမှုန်းရုံသက်သက်မဟုတ်ဘဲ ထိုဆန့်ကျင်ပုန်ကန်မှု၏သဘာဝကို စကြဝဠာအားဖော်ပြရန်လည်းဖြစ်ပါသည်။ ဘုရားသခင်၏အကြံအစည်တော်သည် ကိုယ်တော်၏တရားမျှတမှုနှင့် ကရုဏာတော်ကိုထင်ရှားစေလျက် ဒုစရိုက်မှုများကိုဖြေရှင်းရာတွင် အသုံးပြုသည့်ကိုယ်တော်၏ဉာဏ်တော်နှင့်ဖြောင့်မတ်ခြင်းတရားသည် အပြစ်တင်ခွင့်နှင့်ကင်းလျက်ရှိကြောင်း ဖွင့်ဟထုတ်ဖော်လျက်ရှိပါသည်။

အခြားကမ္ဘာများမှအပြစ်မကျူးလွန်သေးသည့်ကမ္ဘာသားများသည် ဤကမ္ဘာတွင်ဖြစ်ပျက်နေသောအကြောင်းအရာများကို အလွန်စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေခဲ့ကြပါသည်။ ခရစ်တော်၏အာဏာတော်ကိုငြင်းပယ်ကာ ဘုရားသခင်၏ပညတ်တော်ကိုပစ်ပယ်မှုတွင် ကောင်းကင်နိုင်ငံတော်၌ လူစီဖါ တည်ထောင်ရန် ကြိုးစားခဲ့သောစီမံအုပ်ချုပ်မှု၏သရုပ်ဖော်အကျိုးဆက်များကို ရေမလွှမ်းမိုးမီက တည်ရှိခဲ့သောကမ္ဘာကြီးတွင် သူတို့တွေ့မြင်ခဲ့ကြရပါသည်။ သူတို့သည် ရေမလွှမ်းမိုးမီ ကမ္ဘာမှမာနကြီးသောအပြစ်သားများတွင် စာတန်အုပ်စိုးမှုကိုဝန်ခံသောသူများအား တွေ့ခဲ့ကြရပါသည်။ ထိုသူတို့၏စိတ်နှလုံးအကြံအစည်တို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်သာရှိကြပါသည်။ တွေးသမျှ၊ ကြံသမျှ၊ စဉ်းစားသမျှတို့သည် သန့်ရှင်းခြင်း၊ ငြိမ်သက်ခြင်း၊ ချစ်ခြင်းမေတ္တာစည်းမျဉ်းများနှင့်လုံးဝဆန့်ကျင်နေကြပါသည်။ ထိုအရာသည် ဘုရားသခင်ဖန်ဆင်းထားသည့်ဝေနေယျသတ္တဝါများထံမှ ကိုယ်တော်၏သန့်ရှင်းသောပညတ်တော်၏အထိန်းအကွပ်ပြုမှုကိုဖယ်ရှားလိုသည့် စာတန်၏ဝါဒမှထွက်ပေါ်လာသောကြောက်စရာကောင်းလှသည့်အကျင့်စာရိတ္တဖေါက်ပြန်မှု၏ ပုံသက်သေတစ်ခုဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် မဟာတိုက်လှန်ပွဲကြီးတွင် ဖြစ်ပျက်နေသောအရာများအားဖြင့် စာတန်နှင့်တကွ ၎င်းအပေါင်းပါများက မှားယွင်းသည်ဟုဖေါ်ညွှန်းထားသောအုပ်ချုပ်မှုစည်းမျဉ်းများ၏နိယာမများကိုဖေါ်ပြတော်မူပါလိမ့်မည်။ ဘုရားသခင်၏တရားမျှတမှုကို နောက်ဆုံးတွင်တစ်ကမ္ဘာလုံးက အသိအမှတ်ပြုလာကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ထိုအသိအမှတ်ပြုမှုသည် ဆန့်ကျင်အန်တုသောထိုသူများကိုကယ်တင်ရန် အလွန်နောက်ကျနေလိမ့်မည်ဖြစ်ပါသည်။ ကိုယ်တော်၏မဟာစီမံကိန်းကြီးသည် လုံးဝဥဿုံပြီးမြောက်သည့်တိုင်အောင် တစ်ထစ်ချင်းတိုးတက်ကြီးပွားလာစဉ်တွင် ဘုရားသခင်သည် စကြဝဠာတစ်ခုလုံး၏ကရုဏာသက်မှုနှင့်သဘောတူညီချက်များကို ရယူတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုဆန့်ကျင်တော်လှန်မှုကို နောက်ဆုံးတွင်အမြစ်ပါမကျန်သုတ်သင်သည့်အချိန်တိုင်အောင် ထိုအရာများကိုစိတ်ပါလက်ပါဖျောင်းဖျပြောဆိုတော်မူပါလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်များကိုပစ်ပယ်ခဲ့သူအပေါင်းတို့သည် ခရစ်တော်အားဆိုင်ပြိုင်တိုက်လှန်နေသည့်တိုက်ပွဲကြီးတွင် စာတန်၏ဘက်၌ရောက်ရှိနေကြောင်း ကိုယ့်ကိုကိုယ်တွေ့မြင်ကြရပါလိမ့်မည်။ ဤလောကကိုအစိုးရသောမင်းအား အပြစ်ဒဏ်စီရင်ခြင်းကိုခံရသောအချိန်တွင် စီရင်ချက်ချမှတ်နေသည်ကို စကြဝဠာတစ်ခုလုံးက ကြည့်ရှုနေကြစဉ်တွင် "ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏" ဟုကြွေးကြော်ကြပါလိမ့်မည်။

* * *

## (၆)
## ရှေသနှင့်ဇနောက်

ဘုရားသခင်၏ကတိတော်နှင့်ဝိညာဉ်ရေးဆိုင်ရာသားဦးအမွေများကိုခံယူရန် နောက်ထပ်သားတစ်ဦးကို အာဒံအားပေးသနားတော်မူခဲ့ပါသည်။ ထိုသားကို "ရှေသဟူသောအမည်ဖြင့်မှည့်လေ၏။ အကြောင်းမူကား ကာဣနသတ်သောအာဗေလကိုယ်စား၊ တစ်ပါးသောအနွယ်ကို အကျွန်ုပ်အဖို့ ဘုရားသခင်ခန့်ထားတော်မူပြီဟုဆိုသတည်း။" ရှေသသည် ကာဣနနှင့်အာဗေလတို့ထက် ခန္ဓာကိုယ်အချိုးအစားပိုမိုလှပပြီး အာဒံနှင့်ပို၍ဆင်တူပါသည်။ သူသည် အာဗေလ၏ခြေရာကိုလိုက်လျက် လေးစားထိုက်သောအကျင့်စာရိတ္တရှိသူတစ်ဦးဖြစ်ပါသည်။ သို့စေကာမူ သူသည် ကာဣနထက်ပို၍ကောင်းမြတ်သောသဘာဝနှင့်မွေးဖွားလာခဲ့သည်တော့မဟုတ်ပါချေ။ ဘုရားသခင်မိန့်တော်မူသည်ကား၊ "လူကိုဖန်ဆင်းတော်မူသောကာလ၌ မိမိ၏ပုံသဏ္ဍာန်နှင့်အညီ ဘုရားသခင်ဖန်ဆင်းတော်မူ၏။" သို့ရာတွင် အပြစ်တွင်ကျဆုံးပြီးနောက် "အာဒံသည်---မိမိပုံသဏ္ဍာန်နှင့်တညီ တစ်သဏ္ဍာန်တည်း သားကိုမြင်ရ၏" ဟူ၍ဖြစ်၏။ အာဒံအား ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ အပြစ်ကင်းစင်စွာဖြင့် ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သော်လည်း ရှေသမှာမူ ကာဣနကဲ့သို့ပင် ၎င်း၏မိဘများ၏အပြစ်များသောသဘာဝကို အမွေဆက်ခံခဲ့ရပါသည်။ သို့ရာတွင် သူသည် ကယ်တင်ရှင်နှင့်ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း၊ ဖြောင့်မတ်ခြင်းနှင့်ယှဉ်သောသွန်သင်ချက်များကိုလည်းကောင်း သိရှိခဲ့ပါသည်။ သူသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဘုရားသခင်အားအလုပ်အကျွေးပြုကာ ရိုသေကိုင်းရှိုင်းခဲ့ပါသည်။ အာဗေလသာဆက်လက်အသက်ဆက်ရှင်ခဲ့လျှင် လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ သူသည်လည်းလူအပေါင်းအား ကယ်တင်ရှင်ကိုရိုသေကိုင်းရှိုင်းကာ နှုတ်တော်ထွက်စကားများကိုနားထောင်လိုက်လျှောက်ကြရန် အပြစ်သားများအား သွန်သင်လမ်းပြခဲ့ပါသည်။



"ရှေသသည်လည်း သားကိုရ၍ ဧနောတ်ဟူသောအမည်ဖြင့်မှည့်လေ၏။ ထိုကာလ၌ ထာဝရဘုရားသခင်၏နာမတော်ကိုအမှီပြု၍ ကိုးကွယ်စပြုကြလေ၏။" ယခင်အချိန်များတွင် သစ္စာရှိသောသူများသည် ထာဝရဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခဲ့ကြသော်လည်း လူဦးရေများပြားလာသည့်နှင့်အမျှ ဘုရားသခင်ကိုကိုးကွယ်သူများနှင့် ဘုရားသခင်ကိုမကိုးကွယ်သူများအကြား ထူးခြားမှုများသည် ပို၍ထင်ရှားလာခဲ့ပါသည်။ တစ်ဖက်တွင် ဘုရားသခင်အားသစ္စာရှိကြောင်း ပွင့်လင်းစွာဝန်ခံကြသော်လည်း တစ်ဖက်တွင်မူ ဘုရားသခင်အားမခန့်မညားလုပ်ကာ နှုတ်တော်ထွက်စကားများကိုနားထောင်လိုက်လျှောက်မှုမပြုခဲ့ကြချေ။

အပြစ်တွင်မကျဆုံးမီအချိန်၌ ကျွန်ုပ်တို့၏မိဦးဘဦးတို့သည် ဧဒင်ဥယျာဉ်တွင် ဘုရားသခင်တည်ထောင်တော်မူခဲ့သော ဥပုသ်တော်နေ့ကိုစောင့်ထိန်းခဲ့ကြပါသည်။ ပါရဒိသုဘုံမှနှင်ထုတ်ခြင်းခံပြီးသည့်အချိန်မှာပင် ထိုဥပုသ်နေ့ကိုဆက်လက်တည်ဆောက်ခဲ့ကြပါသည်။ သူတို့သည် နားမထောင်မှု၏ခါးသီးသောအသီးများကို အရသာခံကြည့်ပြီးခဲ့ကြချေပြီ။ ပညတ်တော်သည် သန့်ရှင်း၍ပြောင်းလဲမှုမရှိကြောင်းကိုလည်းကောင်း၊ ပညတ်တော်လွန်ကျူးခြင်း၏အဖိုးအခကိုဧကန်အမှန်ခံစားရမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ပညတ်တော်ကိုနင်းချေသူများ၊ အနေးနှင့်အမြန်ကြုံတွေ့ရမည့်အရာကိုလည်းကောင်း သူတို့လေ့ကျက်ပြီးခဲ့ချေပြီ။ ဘုရားသခင့်အပေါ်သစ္စာရှိဆဲဖြစ်သောအာဒံ၏သားသမီးအပေါင်းတို့သည် ဥပုသ်တော်နေ့ကို အလေးအမြတ်ပြုခဲ့ကြပါသည်။ သို့ရာတွင် ကာဣနနှင့်တကွ ၎င်း၏သားမြေးများသည် ဘုရားသခင်နားနေတော်မူခဲ့သောထိုနေ့ရက်ကို မလေးမစားပြုခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်အမိန့်တော်ကိုဂရုမထားကြဘဲ အလုပ်လုပ်ရန်နှင့်နားရန်နေ့ရက်အချိန်များကို မိမိတို့စိတ်ကြိုက်ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။

ကာဣနသည် ဘုရားသခင့်ထံမှကျိန်ခြင်းအမင်္ဂလာကိုရယူပြီးနောက် အဘဖြစ်သူ အာဒံ၏အိမ်ထောင်စုမှထွက်ခွာသွားခဲ့ပါသည်။ သူသည်

ထွန်ယက်စိုက်ပျိုးခြင်းအလုပ်ကိုရွေးချယ်လုပ်ကိုင်ခဲ့ပါသည်။ ထိုနောက် မြို့တစ်မြို့ကိုတည်ထောင်ကာ သားအကြီးဆုံး၏နာမည်ကိုယူ၍သမုတ်ခဲ့ပါသည်။ သူသည် ဧဒင်ဥယျာဉ်ကိုပြန်လည်ရရှိခြင်းနှင့်ဆိုင်သောကတိတော်ကို စွန့်ပစ်ကာ အပြစ်၏ကျိန်ခြင်းအောက်တွင်ရှိနေသောကမ္ဘာကြီးတွင် ပျော်ရွှင်မှုများနှင့်ဥစ္စာပစ္စည်းများကိုရှာဖွေရန် ဘုရားသခင်ကိုကျောခိုင်းခဲ့ပါသည်။ သူသည် ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် လောကကိုအစိုးရသောထာဝရဘုရားသခင်မဟုတ်သည့်ဘုရားသခင်ကိုကိုးကွယ်သော မဟာလူတန်းစားတစ်ခု၏ခေါင်းဆောင်နေရာတွင်ရပ်တည်ခဲ့ပါသည်။ သူ၏သားစဉ်မြေးဆက်များသည် လောကနှင့်ပတ်သက်သောရုပ်ဝတ္ထုဆိုင်ရာတိုးတက်မှုသက်သက်နှင့်သာစပ်ဆိုင်သောအရာများတွင် ထင်ပေါ်ကျော်စောလာခဲ့ကြပါသည်။ သို့ရာတွင် သူတို့သည် ထာဝရဘုရားသခင်ကိုဂရုမထားကြဘဲ လူသားများအပေါ်တွင်ထားရှိသည့် ကိုယ်တော်၏အကြံတော်ကိုလည်း ဆန့်ကျင်ခဲ့ကြပါသည်။ ကာဣန၏ငါးဆက်မြောက်မြေးတစ်ဦးဖြစ်သူလာမက်သည် အဆိုး၏လမ်းစဉ်အတိုင်း လူသတ်မှုကိုကျူးလွန်ရုံသာမကဘဲ မယားငယ်များစွာယူခဲ့ပါသည်။ ၎င်းပြင် မောက်မာစွာဖြင့် ကလန်ကဆန်လုပ်ခဲ့ကာ ကာဣနပြုခဲ့သောကလဲ့စားချေခြင်းမှ မိမိ၏လုံခြုံမှုအတွက် အာမခံချက်တစ်ခုကိုရရှိရန်သာ သူသည် ဘုရားသခင်ကိုအသိအမှတ်ပြုခဲ့ပါသည်။ အာဗေလမှာမူ တဲများတွင်နေထိုင်လျက် သိုးထိန်းဘဝဖြင့်အသက်တာကိုကုန်လွန်စေခဲ့ပါသည်။ ရှေသ၏သားမြေးများသည် ထိုလမ်းစဉ်ကိုလိုက်ကာ မိမိတို့ကိုယ်ကိုမြေကြီးပေါ်မှတစ်ကျွန်းသူတစ်နိုင်ငံသားညေ့သည်အာဂန္တုများအဖြစ်ဝန်ခံလျက် သာ၍မြတ်သောပြည်ကိုတောင့်တခဲ့ကြပါသည်။

ဤလူတန်းစားနှစ်မျိုးတို့သည် အချိန်အတန်ကြာစွာကွဲပြားခြားနားစွာနေထိုင်ခဲ့ကြပါသည်။ မိမိတို့နေထိုင်ရာဒေသများမှပျံ့လွင့်လာသောကာဣန၏အနွယ်များသည် ရှေသ၏သားမြေးများနေထိုင်သည့်လွှိုမြောင်ချိုင့်ဝှမ်းများတွင် အနှံ့အပြားနေထိုင်လာကြပါသည်။ ထိုအခါ ရှေသ၏အနွယ်များသည် ညစ်ညမ်းသောဩဇာသက်ရောက်မှုများမှကင်းဝေးစေရန် ထိုနေရာများမှ



ဆုတ်ခွာကာ တောတောင်များတွင် သွားရောက်နေထိုင်ခဲ့ကြပါသည်။ ကာဣန၏အနွယ်များနှင့်ကင်းကင်းရှင်းရှင်းနေနိုင်သမျှကာလပတ်လုံးတွင် သူတို့သည် ဘုရားသခင်ကို သန့်ရှင်းစင်ကြယ်မှုအပြည့်အဝဖြင့်ဝတ်ပြုကိုးကွယ်နိုင်ခဲ့ကြပါသည်။ သို့သော် နှစ်ပရိစ္ဆေဒကြာညောင်းလာသောအခါ သူတို့သည် လွင်ပြင်များတွင်နေထိုင်သည့်ကာဣန၏အနွယ်များနှင့် တစ်စထက်တစ်စ ရောယှက်ပေါင်းသင်းရန် အရဲစွန့်လာကြပါသည်။ ဤကဲ့သို့သောပေါင်းဖက်ဆက်ဆံခြင်းသည် အများယွင်းဆုံးအကျိုးဆက်များကိုဖြစ်ထွန်းစေခဲ့ပါသည်။ "ဘုရားသခင်၏သားတို့သည် လူ့သမီးတို့လှကြောင်းကိုမြင်ကြ၏။" ကာဣန၏အနွယ်မှအမျိုးသမီးများ၏လှပမှုကို စွဲလမ်းနေကြသော ရှေသ၏သားများသည် ထိုအမျိုးသမီးများနှင့်လက်ထပ်ထိမ်းမြားကြခြင်းအားဖြင့် ဘုရားသခင်အား စိတ်တော်နှင့်မတွေ့အောင်လုပ်ဆောင်ခဲ့ကြပါသည်။ ဘုရားသခင်ကိုကိုးကွယ်သူအများစုသည် ယခုအချိန်တွင် ၎င်းတို့၏ရှေ့မှောက်၌ အမြဲတမ်းရှိနေသောသွေးဆောင်မြှူဆွယ်မှုများကြောင့် အပြစ်ကျူးလွန်မှုများကိုပြုရန် အလှည့်စားခံလိုက်ကြရပါသည်။ သူတို့သည် အကျင့်စာရိတ္တပျက်ပြားနေသူများနှင့်အိမ်ထောင်ပြုခြင်းအားဖြင့် စိတ်နေစိတ်ထားနှင့်တကွ လုပ်ပုံကိုင်ပုံများတွင် ၎င်းတို့နှင့်တူလာကြပြီး သတ္တမပညတ်ချက်၏တားမြစ်ချက်ကို ဂရုမထားကြတော့ဘဲ "ကိုယ်စိတ်ရှိသည့်အတိုင်းစုံဖက်ကြ၏။" ရှေသ၏သားမြေးများတို့သည် "ကာဣနနောက်သို့လိုက်ခဲ့ကြကာ လောကီစည်းစိမ်ဥစ္စာများနှင့်ပျော်ရွှင်မှုများအတွက်သာ အာရုံပြုလာကြပြီး ဘုရားသခင်၏မိန့်တော်မူချက်များကို လျစ်လျူရှုခဲ့ကြပါသည်။ ထိုသူတို့သည် ဘုရားသခင်ကိုသိလျက်ပင်---ချီးမွမ်းသင့်သည့်အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်း မသိမမှတ်၊ အချည်းနှီးတွေးဆခြင်းသတိမရှိသောစိတ်နှလုံးမိုက်မဲခြင်းသို့ ရောက်ကြ၏။" "ထိုကြောင့် ဘုရားသခင်သည် သူတို့ကိုမောဟလက်သို့အပ်လိုက်တော်မူသည်။" အပြစ်တရားသည် အလွန်ကြောက်စရာကောင်းသည့်အနာကြီးရောဂါကဲ့သို့ ကမ္ဘာလောကတစ်ခွင်လုံးသို့ပျံ့နှံ့သွားခဲ့ပါသည်။

အာဒံသည် အပြစ်တရား၏အကျိုးဆက်များအတွက် သက်သေခံတစ်ဦးအနေဖြင့် လူသားများအလယ်တွင် နှစ်ပေါင်းတစ်ထောင်နီးပါးအသက်ရှင်

နေထိုင်ခဲ့ပါသည်။ သူသည် ဒုစရိုက်၏ဒဏ်ကိုကြွကြွခံတွန်းလှန်ရန် သတ္တိရှိစွာဖြင့်ကြိုးစားခဲ့ပါသည်။ သူသည် ဘုရားသခင်၏လမ်းစဉ်အတိုင်း သားမြေးများကိုသွန်သင်ရန် မိန့်တော်မူခြင်းကိုခံခဲ့ရသဖြင့် ကိုယ်တော်ရှင်ဖော်ပြသမှုကို သေချာစွာမှတ်သားနာယူကာ သားစဉ်မြေးဆက်အား တောက်လျှောက်လက်ဆင့်ကမ်းခဲ့ပါသည်။ သူသည် မိမိ၏သားမြေးနဝမဆက်တိုင်အောင် ပရဒိသုဘုံတွင်နေထိုင်ခဲ့ရသော လူသားအသက်တာ၏ သန့်ရှင်းပုံ၊ ပျော်ရွှင်စရာကောင်းပုံများကိုဖော်ပြခဲ့ပါသည်။ ၎င်းပြင် ဘုရားသခင်၏ပညတ်တော်ကိုတိတိကျကျလိုက်နာမှုသည် ပဓာနကျကြောင်း သွန်သင်ရန် မိမိတို့အား ကိုယ်တော်ရှင်ခံစားစေခဲ့သောဒုက္ခဝေဒနာများ အကြောင်းကိုပြောပြလျက် ၎င်းတို့၏ကယ်တင်ခြင်းအတွက် သနားခြင်းကရုဏာစိတ်ဖြင့် ပြင်ဆင်ထားသည့်အရာများကို ၎င်းတို့အားရှင်းလင်းပြောပြလျက် အပြစ်တွင်ကျဆုံးခဲ့သည့် ၎င်းတို့၏အတိတ်ဇာတ်ကြောင်းများကို အထပ်ထပ်ပြောပြခဲ့ပါသည်။ သို့ရာတွင် လူနည်းစုကသာ ၎င်း၏စကားများကို နားထောင်လိုက်လျှောက်ခဲ့ကြပါသည်။ သူသည် မိမိ၏သားမြေးများအပေါ် ထိုကဲ့သို့သောအမင်္ဂလာများကိုကျရောက်စေခဲ့မှုဖြင့် ခါးသီးသောအပြစ်တင်မှုများကို မကြာခဏရင်ဆိုင်ခဲ့ရပါသည်။

အာဒံ၏အသက်တာသည် ဝမ်းနည်းဖွယ်ကောင်းသော၊ အသရေယုတ်သော၊ ကြေကွဲဖွယ်ကောင်းသောအသက်တာတစ်ခုဖြစ်ပါသည်။ ဧဒင်ဥယျာဉ်မှသူထွက်လာရသောအချိန်၌ ဧကန်အမှန်သေရတော့မည်ဟူသော အသိစိတ်ဓါတ်က သူ့အားကြောက်လန့်စေခဲ့ပါသည်။ မိမိ၏သားဦးဖြစ်သူက ၎င်း၏ညီအားသတ်ဖြတ်ပစ်လိုက်သောအချိန်တွင် သူသည် လူသားမိသားစုတွင် အမှန်တကယ်ဖြစ်ပေါ်လာသည့်သေခြင်းတရားကို ပထမဦးစွာတွေ့ကြုံခွင့်ရခဲ့ပါသည်။ အာဒံသည် မိမိကိုယ်တိုင်ကျူးလွန်ခဲ့သောအပြစ်ကြောင့်လည်းကောင်း၊ အာဗေလသေဆုံးမှုနှင့်ကာဣန၏ငြင်းပယ်မှုများကြောင့်ဖြစ်ပေါ်လာသည့်နှစ်ထပ်ကွမ်းဆုံးရှုံးမှုကြောင့်လည်းကောင်း စိတ်နှလုံးထိခိုက်စွာဖြင့် ခေါင်းငိုက်စိုက်ကျခဲ့ပါသည်။ ကမ္ဘာကြီးအား နောက်ဆုံးတွင်



ရေအားဖြင့်ဖျက်ဆီးပစ်ရမည့်အခြေသို့ရောက်သွားစေသည့် ကျယ်ပြန့်စွာဖြစ်ပေါ်နေသောစာရိတ္တပျက်ပြားမှုများကို သူကိုယ်တိုင်မြင်တွေ့ခဲ့ရပါသည်။ ဖန်ဆင်းရှင်က မိမိအပေါ်သေဒဏ်ချမှတ်ခဲ့ခြင်းသည် အစပထမတွင် သူ့အတွက်ကြောက်လန့်စရာဖြစ်ခဲ့သော်လည်း အပြစ်၏အဖိုးအခများကို နှစ်ပေါင်းတစ်ထောင်နီးပါးမြင်တွေ့ခဲ့ပြီးနောက် ဒုက္ခဝေဒနာများနှင့်ပြည့်ဝသော အသက်တာကို ချုပ်ငြိမ်းစေမှုအပေါ်တွင် ထားရှိသော ဘုရားသခင်၏ကရုဏာတော်ကိုသူသိရှိခဲ့ပါသည်။

ရေမလွှမ်းမိုးမီအချိန်က ဤကမ္ဘာကြီးတွင် ဆိုးသွမ်းမှုများနှင့်ပြည့်ဝနေသော်ငြားလည်း ထိုခေတ်သည်အများအထင်ရှိကြသည့်အတိုင်း အသိပညာကင်းမဲ့ခြင်းနှင့်ရက်စက်ကြမ်းကြုတ်မှုများ၏ခေတ်ဦးမဟုတ်ပါချေ။ ထိုလူသားများသည် အကျင့်စာရိတ္တနှင့်အတတ်ပညာဆိုင်ရာအမြင့်ဆုံးစံကိုရောက်နိုင်သည့် အခွင့်အရေးရရှိခဲ့ကြပါသည်။ သူတို့၌ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ဆိုင်ရာ ခွန်အားများပြည့်စုံခဲ့ကြပြီး ဘာသာရေးဆိုင်ရာနှင့်သိပ္ပံအတတ်ဆိုင်ရာနည်းပညာများကိုရယူရန် သူမတူအောင်အခွင့်အရေးရခဲ့ကြပါသည်။ ထိုသူများ၏ သက်တမ်းသည် အလွန်ရှည်သဖြင့် ၎င်းတို့သည် စိတ်ဓါတ်ရင့်သန်မှုအပိုင်းတွင် နှေးကွေးသည်ဟုအထင်ရှိခဲ့ခြင်းမှာ မှားယွင်းမှုတစ်ရပ်ဖြစ်ပါသည်။ ၎င်းတို့၏စိတ်တန်ခိုးများသည် ဆောလျင်စွာဖွံ့ဖြိုးခဲ့ကြပြီး ထာဝရဘုရားသခင်ကိုကြောက်ရွံ့ရိုသေကာ အလိုတော်အတိုင်းအသက်ရှင်နေထိုင်ခဲ့သူများ၌ အသိပညာများသည် တစ်သက်ပတ်လုံးဆက်လက်တိုးပွားမှုရှိခဲ့ပါသည်။ ကျွန်ုပ်တို့ခေတ်မှထင်ရှားကျော်ကြားသော ပညာရှိတစ်ယောက်ကို ရေမလွှမ်းမီအချိန်က အသက်ရှင်နေထိုင်ခဲ့သော ၎င်းနှင့်သက်တမ်းတူပုဂ္ဂိုလ်တစ်ဦးနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ထိုပညာရှိသည် ကိုယ်စိတ်နှစ်ပါး၏တန်ခိုးခွန်အားများတွင် ထိုရှေးခေတ်လူသားထက် များစွာနိမ့်ကျလျက်ရှိကြောင်း တွေ့ရပါလိမ့်မည်။ လူသားများ၏သက်တမ်းသည် တိုတောင်းလာသည်နှင့်အမျှ ကိုယ်ခန္ဓာခွန်အားများလျော့နည်းလာကာ စိတ်ဓါတ်စွမ်းအားများလည်း နည်းပါးလာခဲ့ပါသည်။ ယခုခေတ်တွင် မိမိတို့သက်တမ်း၏အနှစ်နှစ်ဆယ်မှ

အနှစ်ငါးဆယ်အထိ အချိန်အတိုင်းအတာကို ပညာရေးအတွက်အသုံးပြုလျက်ရှိကြသောသူများစွာရှိကြပါသည်။ ၎င်းတို့၏အောင်မြင်မှုများကိုလည်း ကမ္ဘာကချီးမွမ်းထောမနာပြုခဲ့ကြပါသည်။ သို့ရာတွင် ၎င်းတို့၏အောင်မြင်မှုများကို ရာစုနှစ်နှင့်ချီ၍ ကိုယ်စိတ်နှစ်ပါးတိုးတက်ဖွံ့ဖြိုးခဲ့သော ရှေးခေတ်လူသားများ၏အောင်မြင်မှုများနှင့်နှိုင်းစာလိုက်လျှင် အလွန့်အလွန်နည်းပါးကြောင်းတွေ့ရှိရပါသည်။

ယခုခေတ်လူသားများသည် ၎င်းတို့ဘိုးဘေးများ၏အောင်မြင်မှုများမှ အကျိုးကျေးဇူးများကို ခံစားနေရသည်ဆိုသည်မှာ မှန်ကန်လှပါသည်။ စီမံဖန်တီးနိုင်သည့်စွမ်းရည်ရှိသောထိုသူများသည် ၎င်းတို့စီမံခဲ့သောအလုပ်လေ့လာခဲ့သောအရာများနှင့်ရေးသားခဲ့သောစာပေများကို နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းခဲ့ကြပါသည်။ ဤအရာနှင့်စပ်လျဉ်း၍ လူသားများ၏အသိပညာများနှင့်ပတ်သက်သမျှတွင် ရှေးခေတ်လူသားများသည် များစွာအခွင့်အရေးသာခဲ့ပါသည်။ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီဖန်ဆင်းရပြီး "ကောင်းသည်" ဟုချီးမွမ်းခြင်းခံရသည့် ဤရုပ်ဝတ္ထုကမ္ဘာကြီးနှင့်ပတ်သက်သည့်အသိပညာအားလုံးကို ဘုရားသခင်ထံတွင် လေ့ကျက်နာယူခွင့်ရခဲ့သောလူတစ်ယောက်သည် ၎င်းတို့နှင့်အတူ နှစ်ပေါင်းများစွာနေထိုင်ခဲ့ပါသည်။ အာဒံဟုခေါ်ဝေါ်ခြင်းခံရသည့်ထိုပုဂ္ဂိုလ်သည် ဖန်ဆင်းခြင်းအတ္ထုပ္ပတ္တိကို ဖန်ဆင်းရှင်ထံမှလေ့ကျက်ခဲ့ရပါသည်။ နှစ်ပေါင်းကိုးရာအတွင်းဖြစ်ပျက်ခဲ့သောအရာများကို သူကိုယ်တိုင်မြင်တွေ့ခဲ့ရပါသည်။ ထိုအသိပညာဗဟုသုတများကို နောင်လာနောက်သားများအားမျှဝေပေးခဲ့ပါသည်။ ရေမလွှမ်းမိုးမီအချိန်ကာလ၌ စာအုပ်စာပေမရှိပါ။ မှတ်တမ်းမှတ်ရာမရှိပါ။ သို့သော် ထိုခေတ်လူသားများ၏ကိုယ်စိတ်နှစ်ပါး၏ကြီးမားသောစွမ်းအားများကြောင့် မှတ်ဉာဏ်ကောင်းကြပါသည်။ ကြားသမျှမြင်သမျှကိုသဘောပေါက်ကာ စိတ်ထဲတွင်မှတ်ထားနိုင်ကြပါသည်။ ၎င်းအပြင် နောင်လာနောက်သားများကိုလည်း ကြားသမျှမြင်သမျှအတိုင်း အပိုအလိုမရှိလက်ဆင့်ကမ်းပြောပြနိုင်ကြပါသည်။ လူသားမျိုးဆက်ခုနစ်ဆက်တို့သည် အတူတကွ



တိုင်ပင်ဆွေးနွေးခွင့်ကိုရရှိလျက် တစ်ဦးနှင့်တစ်ဦးဗဟုသုတအတွေ့အကြုံများကိုဖလှယ်ကာ တစ်ဦးကိုတစ်ဦးအကျိုးပြုလျက် နှစ်ပေါင်းရာနှင့်ချီ၍ ဤကမ္ဘာပေါ်တွင်တစ်ချိန်တည်းတွင်နေထိုင်ခဲ့ကြပါသည်။

လက်ရာတော်များမှတစ်ဆင့် ဘုရားသခင်ကိုသိကျွမ်းခြင်းအခွင့်ကိုထိုခေတ်လူသားများလောက် မည်သည့်လူသားမျှမရရှိခဲ့ဖူးချေ။ ထိုခေတ်ထိုအခါသည် ဘာသာတရားမှောင်မိုက်ကျသောခေတ်မဟုတ်ရုံသာမက ဘာသာတရားအထူးထွန်းလင်းခဲ့သောခေတ်တစ်ခေတ်လည်းဖြစ်ခဲ့ပါသည်။ လူသားအားလုံးသည် အာဒံထံမှသွန်သင်မှုကိုရယူရန် အခွင့်အရေးရရှိခဲ့ကြပါသည်။ ဘုရားသခင်ကိုချစ်ကြောက်ရိုသေသူများအတွက် ခရစ်တော်နှင့်ကောင်းကင်တမန်များသည် သွန်သင်လမ်းပြခဲ့ကြပါသည်။ ၎င်းပြင် ဘုရားသခင်၏ဥယျာဉ်တော်တွင် သမ္မာတရားအတွက်စကားမပြောသောသက်သေခံတစ်ခုကို သူတို့ရရှိခဲ့ကြပါသည်။ ထိုသက်သေခံသည် လူသားများအလယ်တွင် ရာစုနှစ်ပေါင်းများစွာဆက်လက်တည်ရှိခဲ့ပါသည်။ ဘုရားသခင်၏လင်းရောင်တော်များသည် ခေရုဗိမ်များစောင့်ကြပ်နေသော ပရဒိသုဘုံဂိတ်တံခါးဝမှပေါ်ထွန်းခဲ့ပြီး ထိုနေရာမှထာဝရဘုရားသခင်ကိုကိုးကွယ်သူများပထမဦးစွာပေါ်ထွန်းလာခဲ့ပါသည်။ ဤနေရာတွင် ယဇ်ပလ္လင်များကိုတည်ဆောက်ခဲ့ပြီး ၎င်းတို့၏ပူဇော်သကာများကို ပူဇော်ခဲ့ကြပါသည်။ ကာဣနနှင့်အာဗေလတို့သည် ၎င်းတို့၏ပူဇော်သကာများကို ဤနေရာသို့ယူဆောင်ခဲ့ကြပြီး ဘုရားသခင်သည် ၎င်းတို့နှင့်မိတ်သဟာယဖွဲ့ရန် ကိုယ်ကိုနှိမ့်ချကာ ဤနေရာသို့ကြွဆင်းတော်မူခဲ့ပါသည်။

မြင်သာသောနေရာတွင်တည်ရှိလျက် အဝင်ဝတွင် ကောင်းကင်တမန်များ၏တပ်ချစောင့်ကြပ်မှုကိုခံရသော ဧဒင်ဥယျာဉ်ကြီးတည်ရှိခြင်းအကြောင်းကိုဘုရားသခင်ကိုမယုံကြည်သောသူများပင်လျှင် မငြင်းကွယ်နိုင်ပါချေ။ ဖန်ဆင်းခြင်းအစီအစဉ်သည်လည်းကောင်း၊ ထိုဥယျာဉ်၏အမှန်တကယ်တည်ရှိမှုသည်လည်းကောင်း၊ လူသားများ၏ကံကြမ္မာနှင့်အထူးဆက်စပ်နေသောထိုဥယျာဉ်မှသစ်ပင်နှစ်ပင်၏ရာဇဝင်သည်လည်းကောင်း ငြင်းချက်

ထုတ်စရာမလိုသောအဖြစ်မှန်များဖြစ်ကြပါသည်။ ၎င်းပြင် ဘုရားသခင်ရှိတော်မူခြင်းနှင့် အာဏာတော်၏ကြီးမြတ်မှုသည်လည်းကောင်း၊ ကိုယ်တော်၏ပညတ်တော်ကိုစောင့်ရှောက်ရန် တာဝန်ရှိသည်ဟူသည့်အချက်သည်လည်းကောင်း ၎င်းတို့အလယ်တွင်အာဒံရှိနေစဉ် လူသားများမေးခွန်းထုတ်ရန်ဝန်လေးခဲ့သောအမှန်တရားများဖြစ်ကြပါသည်။ ကမ္ဘာလောကသည် ဒုစရိုက်မှုများနှင့်လွှမ်းမိုးနေငြားသော်လည်း ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းအားဖြင့်မြင့်မြတ်ကောင်းမွန်၍ သန့်ရှင်းသောလူတစ်စုသည် အသက်ရှင်နေထိုင်ခဲ့ကြပါသည်။ ထိုသူများသည် ကြွယ်ဝသောအသိပညာများနှင့်ပြည့်စုံပြီး အံ့သြဖွယ်သောအောင်မြင်မှုများကိုရရှိခဲ့သူများဖြစ်ကြပါသည်။ သူတို့၌ ကြီးမား၍သန့်ရှင်းသောအမှုတော်တစ်ခုလုပ်ဆောင်ရန်ရှိပါသည်။ ယင်းမှာ ၎င်းတို့ခေတ်တွင်အသက်ရှင်လျက်ရှိသောလူသားများနှင့်တကွ နောင်လာနောက်သားများအား ဖြောင့်မတ်သောစာရိတ္တဖွံ့ဖြိုးလာအောင်လုပ်ဆောင်ရန်နှင့် ဘုရားဝတ်၌မွေ့လျော်သောအသက်တာကိုရရှိစေဖို့ သွန်သင်ပေးရန်ဖြစ်ပါသည်။ ခေတ်အဆက်ဆက်တွင် ဘုရားသခင်ကိုစိတ်နှလုံးဖြူစင်စွာဖြင့် ကိုးကွယ်ခဲ့သူများ၊ သစ္စာရှိသောသက်သေခံများရှိခဲ့ငြားသော်လည်း ထိုသူများထဲမှ အလွန်ထင်ရှားသောလူနည်းစုကိုသာ သမ္မာကျမ်းစာတွင်ဖော်ပြထားခဲ့ပါသည်။

ဇနောက်သည် အသက်ခြောက်ဆယ်ငါးနှစ်ရှိသော် သားတစ်ယောက်ကိုမြင်ခဲ့၏။ ထိုနောက် နှစ်ပေါင်းသုံးရာတိုင်တိုင် ဘုရားသခင်နှင့်အတူသွားလာ၏ဟု ကျမ်းစာတွင်ရေးသားဖော်ပြထားပါသည်။ ဇနောက်သည် အသက်ငယ်ရွယ်စဉ်အချိန်၌ ဘုရားသခင်ကိုကြောက်ချစ်ရိုသေကာ ပညတ်တော်များကိုစောင့်ရှောက်ခဲ့ပါသည်။ သူသည် သန့်ရှင်းသူများအထဲတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး စစ်မှန်သောယုံကြည်ခြင်းကိုဆက်လက်ထိန်းသိမ်းသူတစ်ဦးဖြစ်ကာ ကတိတော်နှင့်ဆိုင်သောအမျိုးအနွယ်တည်းဟူသော သခင်ယေရှု၏ဘိုးဘေးတစ်ဦးလည်းဖြစ်ခဲ့ပါသည်။ သူသည် အပြစ်တွင်ကျဆုံးခဲ့သည့်လူသားများ၏အကြောင်းအရာနှင့်ကတိတော်တွင်တွေ့မြင်ရသောဘုရားသခင်ကျေးဇူးတော်၏ဝမ်းမြောက်ရွှင်လန်းစရာတစ်ခုအကြောင်းကို



အာဒံ၏နှုတ်ထွက်စကားမှတစ်ဆင့် လေ့ကျက်ခဲ့ရပါသည်။ ထို့ကြောင့်ကြွလာမည့်ကယ်တင်ရှင်အပေါ် သူအားကိုးမှီခိုခဲ့ပါသည်။ သို့ရာတွင် ပထမသားဦးကလေးကိုမြင်ရပြီးနောက် ဇနောက်သည် ပို၍မြင့်မြတ်သောအတွေ့အကြုံတစ်ခုကိုခံစားခဲ့ရပါသည်။ ထိုအချိန်တွင် သူသည် ဘုရားသခင်နှင့်ပို၍ရင်းနှီးစွာဆက်ဆံရန် ဆွဲယူတော်မူခြင်းကိုခံခဲ့ရပါသည်။ မိမိသည်ဘုရားသခင်၏သားတစ်ဦးအနေဖြင့် လုပ်ဆောင်ရမည့်တာဝန်နှင့်ဝတ္တရားများကိုပိုမိုပြည့်စုံစွာသူသိရှိနားလည်ခဲ့ပါသည်။ သားငယ်တစ်ဦးက ၎င်း၏ဖခင်အပေါ်ထားသည့်မေတ္တာကိုလည်းကောင်း၊ ဖခင်၏ကာကွယ်စောင့်ရှောက်မှုအပေါ်ထားရှိသည့် ရိုးရိုးသားသားအားကိုးမှုမျိုးကိုလည်းကောင်း သူမြင်တွေ့ရစဉ်မိမိ၏သားငယ်အတွက် နှစ်နှစ်ကာကာတမ်းတသောနူးညွှတ်ခြင်းကို သူခံစားရစဉ်များ၌ မိမိ၏သားတော်ကိုစွန့်ရာတွင် လူသားများအပေါ်ထားတော်မူသည့်ဘုရားသခင်၏အံ့ဖွယ်မေတ္တာတော်နှင့်ပတ်သက်သည့် အဖိုးတန်သင်ခန်းစာတစ်ခုကိုလည်းကောင်း၊ ဘုရားသခင်၏သားသမီးများသည် မိမိတို့၏အဘဘုရားသခင်အား စိတ်ချအားကိုးနိုင်ကြောင်းကိုလည်းကောင်း သူလေ့ကျက်နာယူခဲ့ပါသည်။ ခရစ်တော်အားဖြင့်ဖော်ပြခဲ့သော ဘုရားသခင်၏အတိုင်းမရှိသောမေတ္တာတော်သည် ၎င်းအတွက်နေ့ညမပြတ်ဆင်ခြင်သုံးသပ်စရာတစ်ခုဖြစ်လာခဲ့ပါသည်။ ၎င်းပြင်အတူနေထိုင်ကြသောလူများအား ထိုမေတ္တာတော်ကိုဖော်ပြရန် သူစိတ်အားထက်သန်စွာဖြင့် ကြိုးစားခဲ့ပါသည်။

ဇနောက်သည် ဘုရားသခင်နှင့်အတူလမ်းလျှောက်သည်ဆိုခြင်းမှာ စိတ်ကူးယဉ်ထဲတွင်လည်းကောင်း၊ ရူပါရုံထဲတွင်လည်းကောင်း လမ်းလျှောက်နေခြင်းကိုဆိုလိုခြင်းမဟုတ်ပါ။ နေ့စဉ်အသက်တာ၏လုပ်ဆောင်ရန် ဘုရားသခင်ဝတ်များကို ကျေပွန်စွာထမ်းဆောင်ခြင်းကိုဆိုလိုခြင်းဖြစ်ပါသည်။ သူသည် လူသူကင်းဝေးသည့်နေရာတွင် တစ်ကိုယ်တည်းနေထိုင်ခဲ့သောရသေ့တစ်ပါးကဲ့သို့လည်းဖြစ်မလာခဲ့ပါချေ။ အကြောင်းမှာ သူ၌ဘုရားသခင်အတွက်ဤလောကတွင်အမှုတော်ဆောင်စရာများရှိနေခြင်းကြောင့်ဖြစ်ပါသည်။ သူသည် မိသားစုအသိုက်အဝန်းထဲတွင်လည်းကောင်း၊ လူမှုပေါင်းသင်းဆက်ဆံရာတွင်

လည်းကောင်း ခင်ပွန်းတစ်ဦးနှင့်ဖခင်တစ်ဦးအနေဖြင့်သာမက မိတ်ဆွေတစ်ဦးနှင့်နိုင်ငံသားတစ်ဦးအနေဖြင့်ပါ ဘုရားသခင်အတွက် မြဲမြံစွာတည်ကြည်သော ကျွန်တစ်ယောက်ဖြစ်ခဲ့ပါသည်။

သူ၏စိတ်နှလုံးသည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီခဲ့ပါသည်။ "လူနှစ်ဦးသည် သဘောမတူလျှင် ပေါင်းဖေါ်၍ ခရီးသွားနိုင်သလော။" သူသည် နှစ်ပေါင်းသုံးရာတိုင်တိုင် ဘုရားသခင်နှင့်အတူလမ်းလျှောက်ခဲ့ပါသည်။ အကယ်၍ မိမိတို့၌အသက်ရှင်ရန် အချိန်အနည်းငယ်သာကျန်တော့သည်ကိုလည်းကောင်း၊ ခရစ်တော်မကြာမီကလေးတွင် ကြွလာတော့မည်ကိုလည်းကောင်း သိကြလျှင် မဆိုစလောက်သောခရစ်ယာန်များကသာ မဆက်ကပ်မကြိုးစားဘဲ နေကြမည်ဖြစ်ပါသည်။ သို့ရာတွင် ဧနောက်၏ယုံကြည်ခြင်းမှာမူ ရာစုနှစ်ပေါင်းများစွာအတွင်း ကြံ့ခိုင်ကြီးပွားကာ ၎င်း၏မေတ္တာတရားများမှာလည်း ပို၍ပြင်းထန်လာခဲ့ပါသည်။

ဧနောက်သည် စိတ်နေသဘောထားမြင့်မြတ်ကြံ့ခိုင်၍ အသိပညာကြွယ်ဝသူတစ်ဦးဖြစ်ပါသည်။ ဘုရားသခင်သည် အထူးသောကြိုတင်ဟောတရားရူပါရုံများကိုပေးကာ ၎င်းအားဂုဏ်ပြုခဲ့ပါသည်။ ကောင်းကင်နိုင်ငံနှင့်အဆက်မပြတ်မိတ်သဟာယဖွဲ့မှုကြောင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်ပြည့်စုံခြင်းများကိုခံစားသိရှိခဲ့သော်ငြားလည်း သူသည် အနှိမ့်ချဆုံးသောသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါသည်။ ဘုရားသခင်နှင့်ဆက်နွယ်မှုနီးကပ်လာလေလေ၊ မိမိအသက်တာ၏အားနည်းမှုများနှင့်မစုံလင်မှုများကို သိရှိလာလေလေဖြစ်ခဲ့ပါသည်။

ဘာသာတရားမရှိသောသူများ၏တိုးတက်လုပ်ဆောင်လာသည့်ဆိုးသွမ်းမှုများကြောင့် ပူပင်သောကရောက်လာကာ ၎င်းတို့၏မယုံကြည်ခြင်းများကြောင့် ဘုရားသခင်အပေါ်တွင်ထားရှိသည့် မိမိ၏ရိုသေကိုင်းရှိုင်းမှုကိုလျော့ပါးသွားမည်စိုးသဖြင့် ဧနောက်သည် ထိုသူများနှင့်တစ်ချိန်လုံးပေါင်းသင်းဆက်ဆံခြင်းမပြုတော့ဘဲ ဆိတ်ငြိမ်သောနေရာများတွင် တစ်ကိုယ်တည်းဆုတောင်းခြင်း၊ ဘာသာတရားအကြောင်းကို ဆင်ခြင်အောက်မေ့ခြင်းများ၌





အချိန်များစွာအသုံးပြုခဲ့ပါသည်။ ဤနည်းအားဖြင့် သူသည် အလိုတော်ကိုလိုက်လျှောက်နိုင်ရန် ကိုယ်တော်၏အလိုတော်ကိုပိုမိုရှင်းလင်းစွာသိကျွမ်းဖို့ကြိုးစားလျက် အဘဘုရားသခင်၏ရှေ့မှောက်တွင် မျှော်လင့်စောင့်စားခဲ့ပါသည်။ သူ့အတွက်ဆုတောင်းခြင်းအမှုသည် အသက်ဝိညာဉ်၏အသက်တမျှအရေးပါခဲ့ပါသည်။ သူသည် ကောင်းကင်နိုင်ငံတော်၏ပတ်ဝန်းကျင်တွင်အသက်ရှင်နေထိုင်ခဲ့ပါသည်။

ထာဝရဘုရားသခင်သည် ကောင်းကင်တမန်များမှတစ်ဆင့် ကမ္ဘာကြီးကိုရေအားဖြင့်ဖျက်ဆီးမည့်အကြံတော်ကို ဧနောက်အားဖေါ်ပြတော်မူခဲ့ပါသည်။ ၎င်းပြင် ကယ်တင်ခြင်းစီမံကိန်းကိုလည်း ပို၍ပြည့်စုံစွာသူ့အားဖေါ်ပြတော်မူခဲ့ပါသည်။ ရေလွှမ်းမိုးပြီးနောက် အသက်ရှင်နေထိုင်ကြမည့်မျိုးနွယ်ဆက်များတစ်လျှောက်လုံးတွင် ပို့ဆောင်တော်မူလျက် ဒုတိယအကြိမ်ကြွလာခြင်းနှင့်လည်းကောင်း၊ ကပ်ကမ္ဘာဆုံးသောအချိန်နှင့်လည်းကောင်း ပတ်သက်သည့်အဖြစ်အပျက်ကြီးများအကြောင်းကိုလည်း ကိုယ်တော်သည် သူ့အားဝိညာဉ်တော်အားဖြင့် ဖေါ်ပြတော်မူခဲ့ပါသည်။

လူသေများနှင့်စပ်လျဉ်း၍ ဧနောက်သည် စိတ်ဒုက္ခရောက်ခဲ့ရပါသည်။ လူကောင်းများရော၊ လူဆိုးများပါ မြေမှုန့်သို့အတူတကွပြန်သွားကာ သေခြင်းသည် ၎င်းတို့၏ခရီးဆုံးဖြစ်လိမ့်မည်ဟု သူအထင်ရှိခဲ့ပါသည်။ သေခြင်း၏တစ်ဖက်တွင်ရှိသော ဖြောင့်မတ်သူများ၏အသက်တာကို သူမြင်တွေ့နိုင်စွမ်းမရှိခဲ့ပါ။ ရူပါရုံများအားဖြင့် ခရစ်တော်၏အသေခံခြင်းအကြောင်းကို သူ့အားဖေါ်ပြခဲ့ပါသည်။ သချိုင်းတွင်းမှာရှိနေကြသော ကိုယ်တော်၏လူများကိုရွေးနုတ်ရန် သန့်ရှင်းသောကောင်းကင်တမန်အားလုံးခြံရံလျက် တန်ခိုးတော်နှင့်ခရစ်တော်ကြွလာမည့်အကြောင်းကိုလည်း သူ့အားပြတော်မူခဲ့ပါသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအချိန်တွင် ပျက်စီးယိုယွင်းလျက်ရှိသော ဤကမ္ဘာကြီး၏အခြေအနေကိုလည်း သူမြင်တွေ့ခဲ့ရပါသည်။ ထိုအချိန်တွင် ဘုရားသခင်နှင့်သခင်ယေရှုခရစ်တော်အားငြင်းပယ်သော၊ ပညတ်တော်ကိုနင်းချေသည့် ခရစ်တော်၏အပြစ်ဖြေခြင်းကိုမထီမဲ့မြင်ပြုသော ကြွားဝါရဲတင်း

လွန်းကာ ကိုယ်ကြိုက်သလိုသွားလာနေထိုင်စားသောက်တတ်သောလူသားများ နေထိုင်လျက်ရှိကြပါလိမ့်မည်။ ဖြောင့်မတ်သူများအား တန်ခိုးတော်နှင့်ဂုဏ်ပြု နေသည်ကိုလည်းကောင်း၊ ဆိုးသွမ်းသောသူများသည် ရှေ့တော်မှနှင်ထုတ် ခြင်းခံရကာ အလင်းမီးကြောင့် ပျက်စီးဆုံးရှုံးသွားကြသည်ကိုလည်းကောင်း သူမြင်တွေ့ခဲ့ရပါသည်။

ဇနောက်သည် မိမိအား ဘုရားသခင်ဖော်ပြတော်မူသမျှကို လူသား များအားအသိပေးဟောကြားသည့် ဖြောင့်မတ်ခြင်း၏တရားဟောဆရာတစ်ဦး ဖြစ်လာခဲ့ပါသည်။ ဘုရားသခင်ကိုကြောက်ချစ်သောသူများသည် သွန်သင် ချက်များနှင့်ဆုတောင်းချက်များကိုခံယူရန် ဤသန့်ရှင်းသူကြီးအား ကြိုးစား ရှာဖွေခဲ့ကြပါသည်။ သူသည် သတိပေးစကားများကိုနာယူကြားနာကြမည့် သူအပေါင်းတို့ထံသို့ ဘုရားသခင့်ထံမှလာသောသတင်းစကားများကို လူသိ ရှင်ကြားဟောကြားခဲ့ပါသည်။ သူသည် ရှေသအမျိုးအနွယ်များထဲမှာသာမက ဘုရားသခင့်ထံမှ ကာဣနထွက်ပြေးရန်ကြိုးစားခဲ့သောမြို့ရွာများတွင်လည်း မိမိမြင်တွေ့ခဲ့ရသောအံ့ဩဖွယ်ရူပါရုံများနှင့်မြင်ကွင်းများကိုအသိပေးခဲ့ပါသည်။ “ထာဝရဘုရားသခင်သည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူ၍ မတရားသောသူတို့သည် မတရားသဖြင့်ပြုသော အဓမ္မအမှုရှိသမျှတို့၏အပြစ် ကိုလည်းကောင်း၊ မတရားသောလူဆိုးတို့သည် ဘုရားသခင်ကိုပြစ်မှား၍ ပြောသောကြမ်းတမ်းသည့်စကားရှိသမျှတို့၏အပြစ်ကိုလည်းကောင်း ဖော်ပြ ခြင်းငှာ အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူ လိမ့်မည်” ဟု ဇနောက်ဖွင့်ဆိုခဲ့ပါသည်။

သူသည် မကြောက်မရွံ့တမ်းအပြစ်ပြသွန်သင်တတ်သူတစ်ဦးဖြစ်ပါ သည်။ ဇနောက်သည် သူ့ခေတ်သူ့အခါတွင်အသက်ရှင်နေထိုင်ခဲ့သော လူသားများအား ခရစ်တော်၌ဖော်ပြသောဘုရားသခင်၏မေတ္တာတော်အကြောင်း ကိုဟောကြားနေသည့်တစ်ချိန်တည်းမှာပင် ဒုစရိုက်လုပ်ငန်းများကိုစွန့်ပစ်ကြရန် ၎င်းတို့အားတောင်းပန်ခဲ့ပါသည်။ နေရာအနှံ့ဖြစ်ပွားနေသော ဒုစရိုက်မှုများကို ဆုံးမပဲ့ပြင်ခဲ့ပါသည်။ အပြစ်ကျူးလွန်သူများအပေါ် ဇကန်အမှန်ကျရောက်မည့်



တရားစီရင်ခြင်းအကြောင်းကို ထိုခေတ်လူသားများအား သူသတိပေးခဲ့ပါသည်။ ခရစ်တော်၏သန့်ရှင်းသောဝိညာဉ်တော်သည် ဇနောက်အားဖြင့် မိန့်တော်မူ ခဲ့ပါသည်။ ဝိညာဉ်တော်ကို မေတ္တာစကားများ၊ ကြင်နာမှုစကားများနှင့် အသနားခံသည့်စကားများအားဖြင့်သာ ထင်ရှားစေခဲ့သည်မဟုတ်ပါ။ သန့်ရှင်းသူများပြောဆိုခဲ့သောစကားများသည် နားဝင်ချိုသောစကားများသာ မဟုတ်ခဲ့ပါ။ ဘုရားသခင်သည် နှစ်ဖက်အသွားရှိသောဓါးကဲ့သို့ထက်သည့် သမ္မာတရားများကို ကိုယ်တော့်စေတမန်များ၏နှလုံးသားနှင့်နှုတ်ခမ်းများတွင် သွတ်သွင်းပေးတော်မူခဲ့ပါသည်။

ကြားနာခဲ့ရသူများသည် ထိုကျွန်အားဖြင့် ပြုတော်မူခဲ့သောဘုရား သခင်၏တန်ခိုးတော်ကို ခံစားခဲ့ကြရပါသည်။ အချို့သောပုဂ္ဂိုလ်များသည် ထိုသတိပေးစကားကိုနာယူခဲ့ကြပြီး မိမိတို့၏အပြစ်များကို စွန့်လွှတ်ခဲ့ကြပါ သည်။ သို့သော် လူအများစုမှာမူ အရေးကြီးသောထိုသတင်းစကားကို ပြက်ရယ်ပြုခဲ့ကြပြီး ၎င်းတို့ပြုသောဒုစရိုက်များကို ပို၍ပင်ရဲတင်းစွာလုပ်ဆောင် လာခဲ့ကြပါသည်။ ဘုရားသခင်၏အစေခံကျွန်များသည် နောက်ဆုံးသော ခေတ်ကာလအချိန်တွင် ထိုကဲ့သို့သောသတင်းစကားများကို ကမ္ဘာသို့ဆောင်ယူ သွားကြရန်ဖြစ်ပါသည်။ ထိုသတင်းစကားကိုမယုံကြည်သောစိတ်၊ ပြက်ရယ် ပြုသောစိတ်နှင့်လက်ခံကြပေလိမ့်မည်။ ရေမလွှမ်းမီအချိန်က လူသားများသည် ဘုရားသခင်နှင့်အတူတကွလမ်းလျှောက်ခဲ့သောဇနောက်၏သတိပေးစကား များကိုငြင်းပယ်ခဲ့ပါသည်။ ထိုနည်းအတူ ဤခေတ်လူသားများသည် ဘုရား သခင့်စေတမန်များ၏သတိပေးစကားများကို မထီလေးစားလုပ်ကြပါလိမ့်မည်။

ဇနောက်သည် တက်ကြွစွာလုပ်ဆောင်နေစဉ်မှာပင် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့မှုကိုလည်း အဆက်မပြတ်လုပ်ဆောင်ခဲ့ပါသည်။ သူသည် အမှုတော်ကိုပို၍ကြိုးစားလုပ်ဆောင်လေလေ၊ ဘုရားသခင့်ထံတွင် စိတ်အား ထက်သန်စွာ အမြဲမပြတ်ဆုတောင်းလေလေဖြစ်ခဲ့ပါသည်။ အချို့အချိန်များတွင် သူသည် လူ့အသိုက်အဝန်းမှသီးသန့်နေထိုင်ခဲ့ပါသည်။ သူသည် လူသား များကိုအကျိုးဖြစ်စေမည့်သွန်သင်မှုများကိုပြုလျက် ၎င်းတို့နှင့်အခိုက်အတန့်

နေထိုင်ပြီးနောက် ဘုရားသခင်တစ်ပါးတည်းသာပေးစွမ်းနိုင်သည့် မြင့်မြတ်သောအသိပညာများကို ဆာငတ်ခင်မွတ်လျက် တစ်ကိုယ်တည်းဘုရားသခင်ထံဆုတောင်းရန် ဆိတ်ငြိမ်သောနေရာသို့သွားရောက်အချိန်ကုန်လွန်စေခဲ့ပါသည်။ ဇနောက်သည် ဘုရားသခင်နှင့်ထိုကဲ့သို့သောမိတ်သဟာယဖွဲ့ခြင်းအားဖြင့် ဘုရားသခင်၏ရုပ်လုံးတော်ကို ပို၍ပို၍ထင်ဟပ်လာခဲ့ပါသည်။ သူ၏မျက်နှာပေါ်တွင် ခရစ်တော်၏မျက်နှာတော်၌ထွန်းလင်းခဲ့သောရောင်ခြည်မျိုးနှင့်ထွန်းတောက်ခဲ့ပါသည်။ သူသည် ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့၍ ပြန်လာသောအချိန်တွင် လူဆိုးများပင်လျှင် ၎င်း၏မျက်နှာပေါ်၌ပေါ်လွင်နေသောကောင်းကင်မှရှိသေဖွယ်အမှတ်တံဆိပ်ကို တွေ့မြင်ခဲ့ကြရပါသည်။

ထိုလူသားများ၏ဆိုးသွမ်းမှုသည် ၎င်းတို့အားဖျက်ဆီးပစ်ရန် အမိန့်ချမှတ်ရမည့်အခြေသို့ရောက်သည်အထိ မြင့်မားခဲ့ပါသည်။ တစ်နှစ်ပြီးတစ်နှစ်ကုန်လွန်သွားသည်နှင့်အမျှ လူသားများ၏ဒုစရိုက်ဒီရေသည် ပို၍ပို၍နက်ရှိုင်းလာကာ ဘုရားသခင်၏တရားစီရင်ခြင်းဆိုင်ရာတိမ်တိုက်ကြီးသည်လည်း ပို၍ပို၍မည်းမှောင်လာခဲ့ပါသည်။ သို့စေကာမူ ယုံကြည်ခြင်းအတွက်သက်သေခံတစ်ဦးဖြစ်သူဇနောက်သည် မိမိလုပ်ဆောင်ရမည့်လုပ်ငန်းများဖြစ်သည့် သတိပေးခြင်း၊ တောင်းပန်ခြင်း၊ အသနားခံခြင်း၊ ၎င်းတို့အားဒုစရိုက်မှုများကိုကျော်ခိုင်းရန်ကြိုးစားခြင်းများနှင့်တကွ အမျက်တော်မိုးကြိုးသွားကိုတန့်ထားရန် လုပ်ဆောင်မှုကိုဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ မိမိပြောကြားခဲ့သောသတိပေးစကားများကို အပျော်အပါးကိုသာနှစ်သက်ကြသည့်ဒုစရိုက်သားတစ်ဦးတစ်ယောက်ကမျှ ဂရုမထားခဲ့ကြသော်လည်း ထာဝရဘုရားသခင်ကအသိအမှတ်ပြုခဲ့ကြောင်း သက်သေပြချက်များကိုသူရရှိခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် မိမိအား ဤဒုစရိုက်ကမ္ဘာမှပျော်ရွှင်မှုအစစ်ရှိသောကောင်းကင်အိမ်တော်သို့မခေါ်ဆောင်မချင်း၊ ဒုစရိုက်မှုများကိုသစ္စာရှိစွာဖြင့် ဆက်လက်၍တိုက်ပွဲဝင်ခဲ့ပါသည်။

ရွှေငွေဥစ္စာစည်းစိမ်များကိုမစုဆောင်းခဲ့သော ၎င်း၏မိုက်မဲမှုအတွက် ထိုခေတ်လူသားများက ၎င်းအားပြက်ရယ်ပြုခဲ့ကြပါသည်။ သို့ရာတွင် ဇနောက်၏



စိတ်သည် ထာဝရဘဏ္ဍာများအပေါ်တွင်သာစွဲလမ်းမှုရှိခဲ့ပါသည်။ ကောင်းကင်ရွှေမြို့တော်ကိုသာ သူမျှော်ကြည့်ခဲ့ပါသည်။ သူသည် ဇိအုန်တောင်ပေါ်တွင် ဘုန်းတော်နှင့်ပြည့်စုံသောထာဝရဘုရားသခင်ကို ဖူးမြင်ခဲ့ဖူးပါသည်။ သူသည် ကောင်းကင်နိုင်ငံအကြောင်းကိုသာတွေးပြီး ကောင်းကင်နိုင်ငံတွင်သာစိတ်ရောက်နေကာ ထိုပြည်တော်အကြောင်းကိုသာပြောဆိုခဲ့ပါသည်။ ကမ္ဘာလောကတွင် ဒုစရိုက်များများပြားလာလေလေ၊ ဘုရားသခင်၏အိမ်တော်ကိုသွားလိုစိတ်များ ပို၍ပြင်းထန်လာလေလေဖြစ်ခဲ့ပါသည်။ သူသည် ဤကမ္ဘာပေါ်တွင်ရှိနေစဉ်မှာပင် ယုံကြည်ခြင်းအားဖြင့် အလင်းတော်၏အုပ်စိုးရာနယ်တွင်နေထိုင်ခဲ့ရပါသည်။

စိတ်နှလုံးဖြူစင်သောသူသည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုဖူးမြင်ကြရလတ္တံ့။ ဇနောက်သည် ဘုရားသခင်နှင့်သင့်မြတ်မှုရနိုင်ရန် အသက်ဝိညာဉ်၏ဖြူစင်မှုကို နှစ်ပေါင်းသုံးရာခန့်ကြိုးစားရှာဖွေခဲ့ပါသည်။ ရာစုနှစ်သုံးခုလုံးလုံး ဘုရားသခင်နှင့်အတူလမ်းလျှောက်ခဲ့ပါသည်။ သူသည် ဘုရားသခင်နှင့်ပိုမိုရင်းနှီးမှုရရှိရန် နေ့စဉ်နေ့တိုင်းတောင့်တခဲ့ပါသည်။ မိမိအား ဘုရားသခင်ချီဆောင်သွားတော်မူသည့်တိုင်အောင် နီးကပ်စွာမိတ်သဟာယဖွဲ့မှုများကို တိုးတက်လုပ်ဆောင်ခဲ့ပါသည်။ သူသည် ထာဝရနိုင်ငံတော်၏တံခါးဝနှင့်ခြေတစ်လှမ်းသာလိုတော့သည့်နေရာတွင် ရပ်ထခဲ့ပါသည်။ ယခုတွင်မူ ကောင်းကင်ဂိတ်တံခါးပွင့်သွားခဲ့ချေပြီ။ ကမ္ဘာပေါ်တွင် အချိန်ကြာမြင့်စွာလုပ်ဆောင်ခဲ့သည့်အတိုင်း ဘုရားသခင်နှင့်အတူလမ်းလျှောက်လျက် သန့်ရှင်းသောမြို့တော်၏ဂိတ်တံခါးကိုဖြတ်ကျော်ကာသူဝင်သွားခဲ့ပါသည်။ သူသည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားရသောသူများတွင် အဦးဆုံးသောသူဖြစ်ပါသည်။

သူပျောက်ကွယ်သွားခြင်းသည် ဤကမ္ဘာကြီး၌သိသာစေခဲ့ပါသည်။ နေ့စဉ်နေ့တိုင်းသတိပေးစကားများ၊ သွန်သင်မှုများကိုပြောဆိုခဲ့သောအသံကိုလွမ်းဆွတ်ခဲ့ကြရပါသည်။ ဖြောင့်မတ်သူနှင့်ဆိုးယုတ်သူတချို့တို့သည် ၎င်း၏ထွက်ခွာသွားခြင်းကိုမြင်တွေ့ခဲ့ရပါသည်။ နားနေရန်တစ်နေရာသို့ခေါ်ဆောင်

သွားတော်မူသည်အထင်နှင့် ဧလိယကို ပုရောဖက်၏သားများနောက်ပိုင်းတွင် ရှာဖွေခဲ့ကြသကဲ့သို့ ချစ်ခင်သူများက ၎င်းအားမရမနေရှာဖွေခဲ့ကြပါသည်။ သို့သော် မည်သည့်နေရာတွင်မှရှာ၍မတွေ့ခဲ့တော့ချေ။ ဘုရားသခင်သည် ၎င်းအားခေါ်ဆောင်သွားပြီးဖြစ်သောကြောင့် သူမရှိတော့ပြီဟု သူတို့သတင်းပို့ခဲ့ကြပါသည်။

ဧနောက်အား ဘဝပြောင်းခြင်းအမှုတွင် ကျွန်ုပ်တို့အား သင်ခန်းစာတစ်ခုကိုသွန်သင်ရန် ထာဝရဘုရားသခင်၌အကြံအစည်ရှိတော်မူသည်။ အာဒံကျူးလွန်ခဲ့သည့်အပြစ်မှပေါက်ဖွားလာသည့် ကြောက်လန့်ဖွယ်ဆိုးကျိုးများကြောင့် လူသားများစိတ်ဓါတ်ကျနေခြင်းသည် အန္တရာယ်ရှိပါသည်။ “ဘုရားသခင်ကိုကြောက်ရွံ့၍ စီရင်တော်မူချက်တို့ကိုစောင့်ရှောက်ခြင်းသည် အဘယ်အကျိုးကျေးဇူးရှိနိုင်မည်နည်း။ အကြောင်းမူကား၊ လူသားများအပေါ်တွင် ကြီးလေးသောကျိန်ခြင်းအမင်္ဂလာသည် ကျရောက်လျက်ရှိပြီး သေခြင်းသည် ကျွန်ုပ်တို့အားလုံးခံယူရမည့်အငန်းအတာဖြစ်နေသောကြောင့်တည်း။” သို့ရာတွင် အာဒံအားဘုရားသခင်ပေးတော်မူခဲ့ပြီး ရှေသကနောင်လာနောက်သားများကို တစ်ဆင့်ပြန်လည်သွန်သင်ကာ ဧနောက်က ပိုမိုထင်ရှားစေခဲ့သောသွန်သင်ချက်များသည် ထိုဝမ်းနည်းစရာခံစားချက်ကိုပျောက်လွင့်သွားစေခဲ့ပါသည်။ အာဒံအားဖြင့် သေခြင်းသည် ကျွန်ုပ်တို့ထံသို့ရောက်ရှိလာသကဲ့သို့ ကတိထားတော်မူသောကယ်တင်ရှင်အားဖြင့် မသေနိုင်သည့်ထာဝရအသက်ကို ရရှိမည်ဟူသောမျှော်လင့်ချက်ကိုလည်း ထာဝရဘုရားသခင်သည် လူသားများအားပေးတော်မူခဲ့ပါသည်။ ဖြောင့်မတ်သူများအတွက် အကျိုးကျေးဇူးမရှိသကဲ့သို့ ဆိုးယုတ်သူများအတွက်လည်း အပြစ်ဒဏ်မရှိကြောင်း လူသားများအနေဖြင့် ဘုရားသခင်၏ပညတ်တော်များကိုစောင့်ရှောက်ရန်မဖြစ်နိုင်ကြောင်း စသည့်ယုံကြည်မှုများကို စာတန်ကလှုံ့ဆော်ပေးလျက်ရှိခဲ့ပါသည်။ သို့ရာတွင် ဧနောက်၏ဖြစ်ရပ်တွင် “ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း” ဖွင့်ပြထားပါသည်။ ပညတ်တော်ကိုစောင့်ထိန်းသူများအတွက် ကိုယ်တော်ပြု



တော်မူသည့်အရာကိုဖေါ်ပြတော်မူပါသည်။ ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်ရန်ဖြစ်နိုင်ကြောင်း၊ လူများသည် အပြစ်ဒုစရိုက်ကျူးလွန်သူများအလယ်တွင်နေထိုင်စဉ်မှာပင် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် စုံစမ်းနှောင့်ယှက်ခြင်းများကိုတွန်းလှန်နိုင်ကာ ဖြူစင်သန့်ရှင်းသောအသက်တာကို ရနိုင်ကြောင်း လူသားများကိုသွန်သင်တော်မူခဲ့ပါသည်။ ထိုသူတို့သည် ထိုသို့သောအသက်တာမျိုးတွင် ကောင်းချီးမင်္ဂလာရရှိနိုင်ကြောင်းကို ဧနောက်အသက်တာတွင်တွေ့မြင်ခဲ့ကြပါသည်။ ဧနောက်၏ဘဝပြောင်းခြင်းသတင်းစကားသည်လည်း နားထောင်မှုရှိသူများအား ပျော်ရွှင်သာယာ၍ ထာဝရအသက်ရှင်ခြင်းအခွင့်ကိုပေးကာ ပညတ်တော်လွန်ကျူးသူများအား အပြစ်စီရင်ခြင်းအမင်္ဂလာနှင့်သေခြင်းများကိုပေးဆပ်မည်ဟူသော တစ်မလွန်ဘဝနှင့်ပတ်သက်သောကိုယ်တော်၏အနာဂတ္တိဆိုင်ရာသမ္မာတရား၏သာဓကတစ်ခုဖြစ်ပါသည်။

ဧနောက်သည် ယုံကြည်ခြင်းအားဖြင့် သေခြင်းနှင့်လွတ်၍ ဘဝပြောင်းရ၏။---သူသည် ဘဝမပြောင်းမီ ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဖြစ်သည်ဟု သက်သေခံခြင်းကိုရလေ၏။ ဒုစရိုက်မှုများကြောင့် ဖျက်ဆီးပစ်ရန် စီရင်ချက်အချခံထားရသည့်ဤကမ္ဘာကြီးတွင် ဧနောက်သည် သေမင်း၏အရိပ်လွှမ်းမိုးခြင်းမခံရစေရန် ဘုရားသခင်နှင့်ထိုကဲ့သို့နီးကပ်စွာမိတ်သဟာယဖွဲ့သည့်အသက်တာတွင်နေထိုင်ခဲ့ပါသည်။ ဤပုရောဖက်ကြီး၏ကောင်းမြတ်သောအကျင့်စာရိတ္တသည် ခရစ်တော်ကြွလာသောအချိန်တွင် “လူတို့အထဲကရွေးနုတ်ခြင်း” ခံရမည့်သူများ ရယူပိုင်ဆိုင်ထားရမည့်သန့်ရှင်းခြင်းနှင့်ပြည့်ဝသောအခြေအနေကိုရုပ်လုံးဖေါ်ထားပါသည်။ ကိုယ်တော်ရှင်ဒုတိယအကြိမ်ကြွလာသောအချိန်တွင် ရေမလွှမ်းမိုးမီအချိန်ကကဲ့သို့ပင် ဒုစရိုက်မှုများသည် နေရာအနှံ့ဖြစ်ပွားလိမ့်မည်။ လူသားများသည် ဖေါက်ပြန်နေသောစိတ်နှလုံးများ၏လှုံ့ဆော်မှုနှင့်လှည့်ဖြားသောဒဿနများ၏သွန်သင်ချက်များနောက်လိုက်လျှောက်လျက် ဘုရားသခင်၏အာဏာတော်ကိုဆန့်ကျင်ကြပါလိမ့်မည်။ သို့သော် ဘုရားသခင်၏သားသမီးများသည် ခရစ်တော်နှင့်

တူသောအသက်တာရရှိသည့်တိုင်အောင် စိတ်နှလုံး၏ဖြူစင်ခြင်းနှင့် အလိုတော်နှင့်ကိုက်ညီသောအသက်တာကိုရရှိအောင် ကြိုးစားကြပါလိမ့်မည်။ သူတို့သည် ဇနောက်ကဲ့သို့ပင် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းနှင့်ပညတ်တော်လွန်ကျူးမှုများအား တရားစီရင်မည့်အကြောင်းများကို လောကသားများအားသတိပေးဟောကြားကြပါလိမ့်မည်။ ၎င်းတို့၏သန့်ရှင်းသောပြောဆိုမှုနှင့်ပုံသက်သေများအားဖြင့် ဆိုးယုတ်သူများ၏အပြစ်များကို အပြစ်စီရင်ကြပါလိမ့်မည်။ ရေလွှမ်းမိုးခြင်းအားဖြင့် ကမ္ဘာကြီးကိုမဖျက်ဆီးမီတွင် ဇနောက်အား ကောင်းကင်သို့ယူဆောင်တော်မူသကဲ့သို့ ဘုန်းတော်မီးအားဖြင့် ဤကမ္ဘာကြီးအားမဖျက်ဆီးမီ အသက်ရှင်လျက်ရှိသောဖြောင့်မတ်သူများအား ကယ်တင်တော်မူပါလိမ့်မည်။ "ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော် နောက်ဆုံးသောတံပိုးမှုတ်သောအခါ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။" "ဘုရားသခင်သည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်လိမ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင့်ထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကိုခံရသောအားဖြင့် ဘုရားသခင်နှင့်အတူအစဉ်မပြတ်နေရကြလိမ့်မည်။ သို့ဖြစ်၍ ဤစကားများအားဖြင့် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်သက်သာစေကြလော့။"

* * *



# (၇)
# ရေလွှမ်းမိုးခြင်း

အာဒံပြုခဲ့သောပညတ်တော်လွန်ကျူးခြင်းအပြစ်နှင့် ကာဣနကျူးလွန်ခဲ့သောလူသတ်မှုကြောင့် နောဇခေတ်တွင် ကမ္ဘာကြီးပေါ်သို့ အမင်္ဂလာနှစ်ထပ်ကွမ်းကျရောက်ခဲ့ပါသည်။ သို့စေကာမူ သဘာဝပုံပန်းအသွင်အပြင်များသည် ထိုအမင်္ဂလာများကြောင့် များစွာပြောင်းလဲမှုမရှိခဲ့ပါချေ။ ပျက်ယွင်းမှု၏အထိမ်းအမှတ်များသည် အထင်အရှားရှိခဲ့သော်လည်း ဤကမ္ဘာကြီးသည် ဘုရားသခင်ပေးသနားတော်မူသည့်ဆုကျေးဇူးများဖြင့် ကြွယ်ဝမြဲကြွယ်ဝကာတင့်တယ်မြဲတင့်တယ်လျက်ရှိခဲ့ပါသည်။ တောင်ကုန်းများကိုအသီးများညွတ်ကျနေအောင်သီးလျက်ရှိသော စပျစ်ပင်များကိုထောက်မထားသောသစ်ပင်ကြီးများနှင့်ဖုံးလွှမ်းထားပါသည်။ ဥယျာဉ်ကြီးများကဲ့သို့ကျယ်ပြန့်သောလွင်ပြင်ကြီးများကိုစိမ်းလန်းသောသစ်ပင်များ၊ မွှေးရနံ့သင်းသောပန်းမန်များနှင့်ဖုံးအုပ်ထားပါသည်။ မြေတွင်သီးသောအသီးများသည် မရေတွက်နိုင်အောင်အမျိုးအမည်များပြားလှပါသည်။ ထိုသစ်ပင်များသည် ယနေ့တွင်တွေ့မြင်နေရသောသစ်ပင်များထက် အရွယ်အစားတွင်လည်းကောင်း၊ လှပမှုတွင်လည်းကောင်း၊ အချိုးအစားပြည့်စုံမှုတွင်လည်းကောင်း များစွာသာလွန်ပါသည်။ ထိုသစ်ပင်များမှသစ်သားများသည် အကြောအမျှင်များကောင်းမွန်ပြီး ကျောက်သားပကတိကဲ့သို့မာကျောကာ ကျောက်သားတမျှခိုင်ခံ့ပါသည်။ ရွှေ၊ ငွေနှင့်အဖိုးတန်ကျောက်မျက်ရတနာများသည်လည်း ကြွယ်ဝပေါများလျက်ရှိပါသည်။

ထိုလူသားမျိုးနွယ်စုများသည် ရှေးဦးလူသားများ၌ရှိသောတန်ခိုးအစွမ်းများမှအများစုကို ဆက်လက်ထိန်းသိမ်းထားကြဆဲဖြစ်ပါသည်။ သို့ရာတွင် အသက်ပင်သို့အာဒံချဉ်းကပ်ခဲ့သောအချိန်မှစ၍ လူသားမျိုးနွယ်အနည်းငယ်သည် အခြေအနေပြောင်းလဲမှုရှိခဲ့ပါသည်။ ၎င်းတို့၏သက်တမ်းကိုရာစုနှစ်နှင့်တိုင်းတာပါသည်။ စီမံလုပ်ဆောင်ရာတွင် ထူးခြားသောတန်ခိုးနှင့်ပြည့်စုံကြသော အသက်ရှည်စွာနေထိုင်ခဲ့ရသည့်ထိုသူများသည် ဘုရားသခင်၏

အမှုတော်အတွက် မိမိကိုယ်ကိုဆက်ကပ်ခဲ့ကြမည်ဆိုလျှင် သူတို့သည် ကယ်တင်ရှင်၏နာမတော်ကို အခြားလူများချီးမွမ်းစရာဖြစ်စေခဲ့ကြလိမ့်မည်ဖြစ်ပြီး မိမိတို့အား ဘုရားသခင်အသက်ရှင်စေခဲ့သည့်အကြံတော်ကိုလည်း ထမြောက်စေခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ သို့သော် ၎င်းတို့သည် ထိုသို့လုပ်ဆောင်ရန်ပျက်ကွက်ခဲ့ကြပါသည်။ လူများသည် ခန္ဓာကိုယ်ထွားကျိုင်းပြီး ခွန်အားနှင့်ပြည့်စုံကြကာ အံ့သြဖွယ်အရာများကိုတီထွင်ကြံဆမှုတွင် ကျွမ်းကျင်မှုနှင့်ဉာဏ်ပညာရှိမှုများအတွက် ကျော်စောကိတ္တိရှိကြပါသည်။ သို့သော် ဒုစရိုက်များကိုအဟန့်အတားမရှိကျူးလွန်မှုများသည် ၎င်းတို့၏ထက်မြက်သောစိတ်ဓါတ်စွမ်းရည်များနှင့်အချိုးအစားညီမျှခဲ့ပါသည်။

ထာဝရဘုရားသခင်သည် ရေမလွှမ်းမိုးမီခေတ်မှလူသားများအား ကြွယ်ဝသောဆုကျေးဇူးများနှင့်သွန်းလောင်းမစတော်မူခဲ့ပါသည်။ သို့သော် ထိုသူများသည် မိမိကိုယ်ကိုကျော်စောကိတ္တိဖြစ်အောင်သာ ထိုအရာများကိုအသုံးပြုခဲ့ကြပါသည်။ ဆုကျေးဇူးများကိုပေးသောအရှင်အား ချစ်ခင်စွဲလမ်းရမည့်အစား၊ ဆုကျေးဇူးများအပေါ်တွင်စွဲလမ်းမှုရှိခဲ့ခြင်းကြောင့် ထိုအရာများကိုအမင်္ဂလာဖြစ်စေခဲ့ပါသည်။ သူတို့သည် ရွှေ၊ ငွေ၊ အဖိုးတန်ကျောက်မျက်များနှင့် လက်ရွေးစဉ်သစ်သားများကို မိမိတို့၏အသုံးအဆောင်များအတွက် အသုံးပြုခဲ့ကြပြီး ကျွမ်းကျင်သောလက်ရာများဖြင့် နေအိမ်များကိုအလှဆင်ကာ တစ်ဦးထက်တစ်ဦးသာအောင်ကြိုးစားခဲ့ကြပါသည်။ သူတို့သည် မိမိတို့၏ထောင်လွှားသောစိတ်နှလုံး၏အလိုအတိုင်း လုပ်ဆောင်ကြရန်နှင့် အပျော်အပါးနှင့်ဆိုးယုတ်မှုများကိုလိုက်စားရန်သာ ကြိုးစားခဲ့ကြပါသည်။ ၎င်းတို့၏အသိစိတ်ထဲတွင် ဘုရားသခင်ကိုမစွဲလမ်းလိုကြသောကြောင့် ဘုရားသခင်ရှိသည်ဆိုသည့်အချက်ကို မကြာမီတွင်သူတို့ငြင်းဆိုလာခဲ့ကြပါသည်။ သူတို့သည် သဘာဝကိုဖန်ဆင်းသောထာဝရဘုရားသခင်ကိုကိုးကွယ်ရမည့်အစား သဘာဝဝတ္ထုပစ္စည်းများကို ကိုးကွယ်ခဲ့ကြပါသည်။ သူတို့သည် လူသားများ၏ထူးကဲသောဉာဏ်များကိုချီးမွမ်းခဲ့ကြပြီး ၎င်းတို့၏လက်ဖြင့်တီထွင်ထားသောလက်ရာများကိုဝတ်ပြုကိုးကွယ်ခဲ့ကြကာ ရုပ်တုများကိုဦးချကန်တော့ကြရန် ၎င်းတို့၏သားသမီးများအား သင်ကြားပေးခဲ့ကြပါသည်။



စိမ်းလန်းသောလယ်ကွင်းပြင်များတွင်လည်းကောင်း၊ အရိပ်ကောင်းသောအပင်များ၏အောက်တွင်လည်းကောင်း ထိုရုပ်တုများအတွက် ယဇ်ပလ္လင်များကိုသူတို့တည်ထောင်ခဲ့ကြပါသည်။ တစ်နှစ်ပတ်လုံးအရွက်များနှင့်ပြည့်စုံသောကျယ်ဝန်းပြန့်ပြောသည့်သစ်တောအုပ်များကို မှားယွင်းသောဘုရားသခင်များအားကိုးကွယ်ရန် ရည်စူးသတ်မှတ်ခဲ့ကြပါသည်။ ထိုသစ်တောငယ်များသည် ပုံစံအမျိုးမျိုးရှိသောအသီးများသီးနေသည့်အပင်များကမိုးထားသောရှည်လျားရစ်ဝိုင်းနေသောလမ်းများဖြင့်ပြီးသည့် ဥယျာဉ်များနှင့်တစ်ဆက်တည်းတည်ရှိနေကြပါသည်။ အသီးသီးနေသောထိုအပင်များအား ပန်းပုထုထားသောရုပ်တုများနှင့်စီခြယ်ထားပြီး မျက်စိပသာဒဖြစ်စေသည့်အရာများ၊ လူသားများ၏ကိလေသာစိတ်ကိုနှိုးကြွစေသည့်အရုပ်များဖြင့် အလှဆင်ထားကြပါသည်။ ဤနည်းအားဖြင့် ၎င်းတို့အား ရုပ်တုကိုးကွယ်ခြင်းတွင်ပါဝင်လာအောင် မြူဆွယ်ခဲ့ကြပါသည်။

လူသားများသည် ထာဝရဘုရားသခင်ကိုသိသည့်စိတ်များကိုထုတ်ပယ်ခဲ့ကြကာ မိမိတို့ကောင်းမည်ထင်သည့်အရာများကို ကိုးကွယ်ခဲ့ကြပါသည်။ ထို့ကြောင့်သူတို့သည် ပို၍ပို၍ယုတ်ညံ့လာခဲ့ကြပါသည်။ ရုပ်တုကိုးကွယ်ခြင်းအားဖြင့် ထိုသူများအပေါ်ဖြစ်ပေါ်လာသည့်အကျိုးသက်ရောက်မှုကို ဆာလံဆရာကဖွင့်ဆိုထားသည်မှာ "လုပ်ဆောင်သောသူတို့လည်းအတူတူ၊ ကိုးစားသောသူအပေါင်းတို့လည်းအတူတူပါတကား" ဟူ၍ဖြစ်၏။ (ဆာလံ ၁၁၅း၈) ကြည့်ခြင်းအားဖြင့် ပြောင်းလဲလာသည်ဆိုသည်မှာ လူသားများ၏စိတ်ပိုင်းဆိုင်ရာနိယာမတစ်ခုဖြစ်ပါသည်။ လူသားများသည် သမ္မာတရား၊ စင်ကြယ်ခြင်း၊ သန့်ရှင်းခြင်းများနှင့်စပ်ဆိုင်သော ၎င်း၏ထင်မြင်ယူဆချက်များထက် ပို၍ကြီးမြတ်နိုင်လိမ့်မည်မဟုတ်ချေ။ စိတ်ကိုလူသားအဆင့်အတန်း၏အထက်တွင် မည်သည့်အခါမျှမမြှောက်တင်လျှင်သော်လည်းကောင်း၊ ထိုစိတ်ကိုယုံကြည်ခြင်းအားဖြင့် ထာဝရဉာဏ်တော်နှင့်ထာဝရမေတ္တာတော်ကိုဆင်ခြင်သုံးသပ်ရန်မမြှင့်တင်လျှင်သော်လည်းကောင်း ထိုသူသည် အဆက်မပြတ်နိမ့်ကျယုတ်ညံ့သွားပေလိမ့်မည်။ အတုအယောင်ဖြစ်သောဘုရားသခင်များကို

ကိုးကွယ်ကြသူများသည် ၎င်းတို့၏ဘုရားသခင်များကို လူသားဂုဏ်အင်္ဂါလက္ခဏာများဖြင့်ဆင်မြန်းပေးကြပါသည်။ ထိုနည်းအားဖြင့် ထိုအရာများ၏ စာရိတ္တပိုင်းဆိုင်ရာစံသည် အပြစ်ဒုစရိုက်နှင့်ပြည့်ဝသောလူသားများနှင့်တူသည်အထိ ယုတ်ညံ့လာကြပါသည်။ အကျိုးဆက်အားဖြင့် သူတို့သည်ညစ်ညူးလာကြပါသည်။ "မြေကြီးပေါ်မှာလူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို ဘုရားသခင်မြင်တွေ့တော်မူ၏။ မြေကြီးသည် အဓမ္မအမှုနှင့်ပြည့်စုံလေ၏။ မြေကြီးသည် ဘုရားသခင်ရှေ့မှာပုပ်စပ်လျက်ရှိ၏။" (ကမ္ဘာဦး ၆း၅၊၁၁)။

ဘုရားသခင်သည် ပညတ်တော်ကိုအသက်တာစည်းမျဉ်းတစ်ခုအနေဖြင့် လူသားများအားပေးအပ်ထားခဲ့သော်လည်း သူတို့သည် ပညတ်တော်ကို လွန်ကျူးခဲ့ကြကာ စိတ်တွင်ကြံဆ၍ရနိုင်သမျှသောအပြစ်များကိုကျူးလွန်ခဲ့ကြပါသည်။ လူသားများသည် မကောင်းမှုများကို ဖြောင်ကျကျဖြင့် ရဲတင်းစွာလုပ်ဆောင်ခဲ့ကြပြီး တရားမျှတမှုကို မြေတွင်နင်းချေခဲ့ကြပါသည်။ ထိုကြောင့် အဖိနှိပ်ခံရသူများ၏အော်ဟစ်သံများသည် ကောင်းကင်နိုင်ငံသို့တိုင်ရောက်ရှိသွားခဲ့ပါသည်။

နဂိုမူလက ဘုရားသခင်စီစဉ်တော်မူခဲ့သည့်အရာနှင့်ဆန့်ကျင်၍ မယားအများယူသည့်ဝါဒကို ခေတ်ဦးပိုင်းမှစ၍ ကျင့်သုံးခဲ့ကြပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိ၏အမိန့်တော်ကိုဖော်ပြလျက် ဘုရားသခင်သည် အာဒံအား ဇနီးတစ်ဦးကိုသာပေးအပ်တော်မူခဲ့ပါသည်။ သို့ရာတွင် အပြစ်တွင်ကျဆုံးပြီးနောက် လူသားများသည် မိမိတို့၏ဒုစရိုက်အလိုဆန္ဒများအတိုင်း လိုက်လျှောက်ရန် ရွေးချယ်ခဲ့ကြပါသည်။ မိသားစုဆက်နွယ်မှုတွင်လည်းကောင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင်လည်းကောင်း လေးစားမှုမရှိကြတော့ချေ။ မည်သူမဆိုအိမ်နီးချင်း၏ဇနီး (သို့မဟုတ်) ပစ္စည်းဥစ္စာများကိုလိုချင်လာပါက အတင်းအဓမ္မလုယူကြပါတော့သည်။ ထိုအဓမ္မလုပ်ရပ်များအတွက် သူတို့ဝမ်းမြောက်ရွှင်လန်းခဲ့ကြပါသည်။ တိရစ္ဆာန်များအားသတ်ဖြတ်ခြင်းအမှုကို သူတို့နှစ်ခြိုက်ခဲ့ကြပါသည်။ တိရစ္ဆာန်အသားများကိုစားသုံးခြင်းသည် ၎င်းတို့အား



ပို၍ရက်စက်ကြမ်းကြုတ်လာစေပြီး သတ်ဖြတ်လိုစိတ်များကိုပို၍ဖြစ်ပေါ်စေခဲ့ပါသည်။ နောက်ဆုံးတွင် လူ့အသက်ကိုပင် အံ့သြဖွယ်ကောင်းလောက်အောင် တန်ဖိုးမထားသည့်အခြေသို့ရောက်ရှိလာခဲ့ပါသည်။

ဤကမ္ဘာကြီးသည် သက်တမ်းနုနယ်သေးသော်လည်း ထာဝရဘုရားသခင်သည်းမခံနိုင်တော့လောက်အောင် ဒုစရိုက်မှုများသည် အလွန်နက်ရှိုင်းကျယ်ပြန့်စွာပျံ့နှံ့ခဲ့ပါသည်။ ထို့ကြောင့် "ထာဝရဘုရားသခင်ကလည်း ငါဖန်ဆင်းသောသူကို---မြေကြီးမျက်နှာမှငါသုတ်သင်ပယ်ရှင်းမည်" ဟု မိန့်တော်မူခဲ့၏။ ကိုယ်တော်၏ဝိညာဉ်တော်သည် ဒုစရိုက်အပြစ်သားဖြစ်သောလူသားများတွင် အစဉ်အဆုံးမရဟုလည်း မိန့်မြွက်ခဲ့ပါသည်။ ထိုသူများသည် ဤကမ္ဘာကြီးနှင့်တကွ ကြွယ်ဝသောဘဏ္ဍာပစ္စည်းများကို အပြစ်နှင့်ညစ်ညူးစေသည့်လုပ်ရပ်များကိုမရပ်တန့်ခဲ့လျှင် ကိုယ်တော်သည် ထိုအရာများကို မိမိဖန်ဆင်းထားသောအရာများထဲမှဖျောက်ဖျက်ပစ်ကာ ၎င်းတို့အားကောင်းချီးပေးရာတွင် အသုံးပြုရန်ရည်စူးထားသည့် ထိုအရာများကိုဖျက်ဆီးပစ်တော်မူလိမ့်မည်။ ကိုယ်တော်သည် တိရစ္ဆာန်များနှင့်တကွ လူသားများ၏အစာများအဖြစ်အသုံးဝင်ခဲ့သောဟင်းသီးဟင်းရွက်များကိုပါ သုတ်သင်ဖျက်ဆီးပစ်တော်မူပြီး လှပသောကမ္ဘာကြီးကိုပျက်စီးယိုယွင်းနေသောမြင်ကွင်းကြီးတစ်ခုအသွင်သို့ပြောင်းလဲပစ်တော်မူလိမ့်မည်။

ပျက်ယွင်းနေသောဤကမ္ဘာကြီးတွင် မသုရှလ၊ နောဧနှင့်တကွ များစွာသောဘိုးဘေးများသည် စစ်မှန်သောဘုရားသခင်အားသိသည့်အသိစိတ်ကလေးကို ဆက်လက်ထိန်းသိမ်းရန်နှင့် စာရိတ္တဖေါက်ပြန်မှုဒီရေလှိုင်းကြီးကို ဟန့်တားရန် ကြိုးစားလုပ်ဆောင်ခဲ့ကြပါသည်။ ထာဝရဘုရားသခင်သည် သန့်ရှင်းသောကောင်းကင်တမန်တစ်ပါးအားဖြင့် ရေမလွှမ်းမိုးမီ နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်ကြိုတင်၍ မိမိအကြံအစည်ကို နောဧအားပြောပြတော်မူခဲ့ပြီး သင်္ဘောတစ်စင်းတည်ဆောက်ရန် ညွှန်ကြားတော်မူခဲ့ပါသည်။ ဘုရားသခင်သည် ဆိုးသွမ်းသူများအားဖျက်ဆီးရန် ကမ္ဘာကြီးအားရေလွှမ်းမိုးစေလိမ့်မည်ဖြစ်ကြောင်းကိုလည်း သင်္ဘောတည်ဆောက်နေစဉ်ဟောကြားရန် သူ့အား

မိန့်တော်မူခဲ့ပါသည်။ ထိုသတင်းစကားကိုယုံကြည်သောသူအပေါင်းတို့သည် နောင်တရခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းအားဖြင့် ထိုဖြစ်ရပ်ကြီးအတွက် ပြင်ဆင်ကြလိမ့်မည်ဖြစ်သည်။ ထိုသို့ပြင်ဆင်သောသူများသည် အပြစ်လွတ်ခြင်းကို ခံရကာ ကယ်တင်ခြင်းခံကြရမည်ဖြစ်ပါသည်။ ရေလွှမ်းမိုးခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ဘုရားသခင်ဖော်ပြခဲ့သမျှကို ဧနောက်သည် သူ၏သားသမီးများအား ပြန်လည်ပြောပြခဲ့ပါသည်။ နောဧဟောကြားခဲ့သည့်သတင်းစကားများကိုကြားနာခဲ့ရသော မသုရှလနှင့်သားများသည် သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းတွင် ကူညီခဲ့ကြပါသည်။

ထာဝရဘုရားသခင်သည် နောဧအား သင်္ဘောအတွက်တိကျသောအတိုင်းအတာကိုပေးတော်မူခဲ့ပြီး တည်ဆောက်ခြင်းနှင့်စပ်လျဉ်းသောညွှန်ကြားချက်များကိုလည်း အနုစိတ်ရှင်းလင်းမိန့်ကြားတော်မူခဲ့ပါသည်။ အလွန်မတန်ခိုင်ခံ့ကောင်းမွန်သည့် အဆောက်အအုံတစ်ခုကိုတည်ဆောက်ရန် လူ့ဉာဏ်သည်စွမ်းဆောင်နိုင်မည်မဟုတ်ချေ။ ထာဝရဘုရားသခင်သည် စီမံသူဖြစ်ပြီး နောဧမှာမူ ကျွမ်းကျင်သောတည်ဆောက်သူတစ်ဦးဖြစ်ခဲ့ပါသည်။ ထိုအဆောက်အအုံကြီးကိုရေတွင်မျောပါသွားနိုင်စေရန် သင်္ဘောတစ်စင်း၏ကိုယ်ထည်နှင့်တူအောင်တည်ဆောက်ထားသော်လည်း အချို့အစိတ်အပိုင်းများတွင် အိမ်တစ်လုံးနှင့်များစွာတူနေပါသည်။ ထိုသင်္ဘောကြီးတွင် အထပ်သုံးထပ်ရှိသော်လည်း တံခါးတစ်ပေါက်သာရှိပါသည်။ ထိုတံခါးသည် သင်္ဘော၏နံဘေးတွင်ရှိပါသည်။ အလင်းရောင်ကိုခေါင်မိုးမှဝင်နိုင်အောင်ပြုပြင်ထားပါသည်။ အခန်းတိုင်းအလင်းရရှိနိုင်အောင် စီစဉ်တည်ဆောက်ထားပါသည်။ ထိုသင်္ဘောကြီးကိုတည်ဆောက်ရာတွင် အသုံးပြုသောပစ္စည်းမှာ နှစ်ပေါင်းရာနှင့်ချီ၍မပျက်စီး၊ မယိုယွင်းနိုင်သောဂေါဖရသားနှင့်ကုပရသစ်သားများဖြစ်ကြပါသည်။ အလွန်ကြီးမားသောဤအဆောက်အအုံကို ဖြည်းဖြည်းချင်းပင်ပန်းစွာတည်ဆောက်ခဲ့ကြရပါသည်။ ထိုခေတ်လူသားများသည် ခွန်အားကောင်းသောသူများဖြစ်ကြသော်လည်း သစ်ပင်များ၏ကြီးမားသောအရွယ်အစားနှင့်သစ်သား၏သဘာဝကြောင့် သစ်ခွဲရန်အတွက် ယခုခေတ်ထက်ပို၍



လုပ်အားများစွာလိုအပ်ခဲ့ပါသည်။ ထိုလုပ်ငန်းကြီးကိုပြီးမြောက်သွားစေရန် လူလုပ်နိုင်သမျှအတိုင်းအတာအားလုံးကို လုပ်ကိုင်ပြီးစီးခဲ့သော်လည်း ထိုသင်္ဘောကြီးသည် ဤကမ္ဘာပေါ်တွင်ကျရောက်လာမည့်ထိုမုန်တိုင်းကြီး၏ဒဏ်ကိုခံနိုင်ရည်မရှိသေးပါချေ။ လှိုင်းလေထန်သောရေပြင်ကြီးပေါ်တွင် ကိုယ်တော်ကျွန်များအား ကိုယ်တော်တစ်ပါးတည်းကသာ မသေမပျောက်အောင်ကာကွယ်ပေးနိုင်တော်မူပါသည်။

“နောဧသည် မမြင်သေးသောအမှုအရာတို့ကို ဖော်ပြသောကြိုတင်ဟောထားတရားတော်ကိုခံရပြီးမှ ယုံကြည်ခြင်းအားဖြင့်ကြောက်ရွံ့သောစိတ်ရှိ၍ မိမိအိမ်သူအိမ်သားတို့ကိုကယ်တင်ခြင်းငှာ သင်္ဘောကိုတည်လေ၏။ ထိုယုံကြည်ခြင်းအားဖြင့် လောကီသားတို့ကိုအပြစ်တင်၍ ယုံကြည်ခြင်းနှင့်ယှဉ်သောဖြောင့်မတ်ခြင်းကိုလည်း အမွေခံရ၏။” (ဟေဗြဲ ၁၁း၇)။ နောဧသည် လောကီသားများအား သတိပေးစကားပြောကြားနေစဉ်တွင် ၎င်း၏လုပ်ဆောင်မှုများက ၎င်း၏ရိုးသားတည်ကြည်မှုကိုသက်သေခံနေပါသည်။ ထိုနည်းအားဖြင့် သူ၏ယုံကြည်ခြင်းကို စုံလင်ခြင်းသို့ရောက်စေ၍ သက်သေထင်ရှားစေခဲ့ပါသည်။ သူသည် ဘုရားသခင်မိန့်တော်မူသမျှတို့အား ယုံကြည်ခြင်းနှင့်ပတ်သက်သည့်ပုံသက်သေတစ်ခုကို ကမ္ဘာအားဟောကြားခဲ့ပါသည်။ သူသည် မိမိပိုင်ဆိုင်သမျှအရာအားလုံးကို သင်္ဘောတည်ဆောက်မှုတွင်အသုံးပြုခဲ့ပါသည်။ ခြောက်သွေ့သောမြေပေါ်တွင် အလွန်ကြီးမားသည့်ထိုသင်္ဘောကြီးကို သူစတင်တည်ဆောက်သောအချိန်၌ အရပ်ရပ်မှလူအများတို့သည် ထူးဆန်းသောထိုမြင်ကွင်းနှင့်ထူးခြားသည့်တရားဟောဆရာကြီး၏နှုတ်ထွက်စကားများကိုကြားနာကြရန် ရောက်ရှိလာခဲ့ကြပါသည်။ သင်္ဘောကြီးတည်ဆောက်မှုမှထွက်ပေါ်လာသောခုတ်သံ၊ ရိုက်သံ၊ ဖြတ်သံများတို့သည် ထိုလူများအတွက် သက်သေခံတစ်ခုဖြစ်ခဲ့ပါသည်။

ရှေးဦးပထမတွင် လူပေါင်းများစွာသည် ထိုသတိပေးစကားကို လက်ခံသယောင်ဖြစ်ခဲ့သော်လည်း သူတို့သည် စစ်မှန်သောနောင်တဖြင့် ထာဝရဘုရားသခင်ထံသို့ပြန်၍ဦးမလှည့်ခဲ့ကြချေ။ အပြစ်ကျူးလွန်မှုများကိုငြင်းဆန်ရန်

သူတို့ဆန္ဒမရှိကြချေ။ ရေမလွှမ်းမိုးမီကုန်ဆုံးခဲ့သောအချိန်များတွင် သူတို့၏ယုံကြည်ခြင်းကိုစမ်းသပ်တော်မူခဲ့ရာ ထိုစမ်းသပ်မှုကိုသူတို့ခံနိုင်ရည်မရှိခဲ့ကြချေ။ တိုးပွားပျံ့နှံ့နေသောမယုံကြည်မှုများ၏လွှမ်းမိုးမှုကြောင့် သူတို့သည်နောက်ဆုံးတွင် ယခင်မိတ်ဆွေဟောင်းများနှင့်ပြန်လည်ဆက်သွယ်ခဲ့ကြကာအရေးကြီးသောသတင်းစကားကိုငြင်းပယ်ခဲ့ကြပါသည်။ အချို့သောပုဂ္ဂိုလ်များသည် မိမိတို့၌အပြစ်ရှိကြောင်း ထင်ရှားစွာသိရှိကြကာ သတိပေးစကားများကိုနားထောင်ခဲ့ကြသော်လည်း လူအများကပြောင်လှောင်သရော်ကြသဖြင့်သူတို့သည်လည်း ထိုစိတ်ဓါတ်ဖြစ်ပေါ်လာကာ ကရုဏာတော်၏ဖိတ်ခေါ်မှုကိုလက်မခံကြတော့ချေ။ မကြာမီမှာပင် သူတို့သည် အရဲတင်းဆုံး၊ ကလန်ကဆန်အလုပ်ဆုံး ပြက်ရယ်ပြုသူများထဲတွင် အပါအဝင်ဖြစ်လာကြပါသည်။ တစ်ချိန်တစ်ခါက အလင်းတရားရရှိခဲ့ဖူးသူများသည် ပမာမခန့်အလုပ်ဆုံးသူများမခန့်မပြုကြချေ။ ထိုမျှလောက်သောအတိုင်းအတာအထိ အလင်းတရားမရရှိသေးသူများ အပြစ်မကျူးလွန်တတ်ကြချေ။ ထိုသူများလောက် မည်သူမျှအပြစ်ကိုဖေါ်ပြပေးနေသောဘုရားသခင်၏ဝိညာဉ်တော်ကို မဆန့်ကျင်ခဲ့ဖူးကြချေ။

ထိုခေတ်လူသားအားလုံးသည် ရုပ်တုကိုးကွယ်သူများလုံးလုံးဖြစ်သည်ဟူ၍မဆိုနိုင်ပါချေ။ များစွာသောသူများက မိမိတို့သည် ထာဝရဘုရားသခင်ကိုကိုးကွယ်သူများဖြစ်သည်ဟု ဖွင့်ဆိုခဲ့ကြပါသည်။ ၎င်းတို့ကိုးကွယ်နေသောရုပ်တုများသည် ထာဝရဘုရားသခင်ကိုရုပ်လုံးပေါ်စေသည့်အရာများဖြစ်ကြောင်း၊ ထိုအရာများအားဖြင့် ဘုရားသခင့်ကိုရှင်းလင်းစွာဆင်ခြင်သုံးသပ်နိုင်မည်ဖြစ်ကြောင်း သူတို့ဖွင့်ဆိုခဲ့ကြပါသည်။ ဤအဖွဲ့သည် နောဧ၏ဟောကြားချက်ကိုအဦးဆုံးငြင်းပယ်သောအဖွဲ့ဖြစ်ပါသည်။ ၎င်းတို့သည် ထာဝရဘုရားသခင်အား ရုပ်ဝတ္ထုပစ္စည်းများဖြင့် ပုံဖေါ်ရန်ကြိုးစားကြစဉ် ကိုယ်တော်၏ကြီးမြတ်မှုနှင့်တန်ခိုးတော်များကို အသိအမြင်ကင်းမဲ့ခဲ့ကြပါသည်။ ကိုယ့်တော့်စာရိတ္တတော်၏သန့်ရှင်းခြင်းကိုလည်းကောင်း၊ ကိုယ်တော့်ပညတ်တော်၏သန့်ရှင်း၍မပြောင်းလဲနိုင်သောသဘာဝကိုလည်းကောင်း သူတို့မသိ





မမြင်ကြတော့ချေ။ အပြစ်တရားသည် လူတိုင်းနေရာတိုင်းတွင်ပျံ့နှံ့လာသောအခါ အပြစ်ကျူးလွန်မှုလျော့နည်းလာသည့်ပုံမျိုးပေါ်လာကာ ဘုရားသခင်၏ပညတ်တော်သည် အကျိုးသက်ရောက်မှုမရှိတော့ကြောင်း၊ ပညတ်တော်လွန်ကျူးခြင်းအတွက် အပြစ်ဒဏ်ပေးခြင်းသည် ဘုရားသခင်၏စာရိတ္တတော်နှင့်ဆန့်ကျင်ဖီလာနေကြောင်း နောက်ဆုံးတွင် သူတို့ဖွင့်ဆိုခဲ့ကြပါသည်။ ၎င်းပြင်ကိုယ်တော်၏ပြစ်ဒဏ်စီရင်မှုများသည် ဤကမ္ဘာလောကအပေါ်သို့မကျရောက်ခဲ့ပါဟူ၍လည်း သူတို့ငြင်းဆန်ခဲ့ကြပါသည်။ ထိုခေတ်လူသားများသည်ဘုရားသခင်၏ပညတ်တော်ကို လိုက်နာစောင့်ရှောက်ခဲ့ကြမည်ဆိုလျှင်ကိုယ်တော့်အစေခံကျွန်ကြီးပြောဟောခဲ့သောသတိပေးစကားထဲတွင် ဘုရားသခင်၏အသံတော်ကိုမှတ်မိခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် အလင်းတော်ကိုငြင်းဆန်ခြင်းကြောင့် ၎င်းတို့၏စိတ်များသည် အသိအမြင်ကင်းမဲ့လာကာနောဧ၏သတင်းစကားကို လှည့်စားမှုတစ်ရပ်ဖြစ်သည်ဟု အမှန်တကယ်သူတို့ယုံကြည်ခဲ့ကြပါသည်။

လူများစုသည် အမှန်တရားဘက်မှမရပ်တည်ခဲ့ကြပါ။ ဤကမ္ဘာကြီးသည် ဘုရားသခင်၏တရားမျှတမှုနှင့်ပညတ်တော်တို့အား တိုက်ပွဲဝင်ရန်တပ်ပြင်ခဲ့ပါသည်။ နောဧအားလည်း တစ်ယူသန်သူတစ်ဦးအနေဖြင့် မှတ်ယူခဲ့ကြပါသည်။ စာတန်သည် ဧဝအား ဘုရားသခင်၏စကားကိုနားမထောင်ရန် စုံစမ်းသွေးဆောင်စဉ်က “သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်” ဟုပြောခဲ့ပါသည်။ ထိုစကားများကို ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များနှင့် မဟာပညာရှင်ကြီးများက အထပ်ထပ်မြွက်ဆိုခဲ့ကြပါသည်။ “ဘုရားသခင်၏ခြိမ်းခြောက်မှုများသည် ခြောက်လှန့်ဖို့အတွက်သာဖြစ်ပြီး တကယ်ဖြစ်လာမည်ဟုယုံကြည်စိတ်ချရသောသက်သေအထောက်အထား မည်သည့်အခါမျှမပြနိုင်ကြောင်း၊ ထိုကြောင့် သင်တို့သည် ထိတ်လန့်စရာမလိုကြောင်း၊ ဘုရားသခင်သည် မိမိကိုယ်တိုင်ဖန်ဆင်းခဲ့သော ဤကမ္ဘာကြီးကိုဖျက်ဆီးပစ်မည်၊ သူကိုယ်တိုင်ဖန်ဆင်းထားသောလူသားများကို အပြစ်ဒဏ်ပေးမည်ဆိုသည့်ဖြစ်ရပ်သည် မည်သည့်အခါမျှဖြစ်ပေါ်လိမ့်မည်မဟုတ်ကြောင်း၊

ထိုကြောင့်စိတ်အေးအေးထားပြီး စိုးရိမ်ကြောက်လန့်ခြင်းမရှိရန်နှင့် နောဧသည် အလွန်ဆိုးသည့်တစ်ယူသန်သမားတစ်ဦးဖြစ်ကြောင်း” ထိုသူတို့ကဖွင့်ဆိုခဲ့ကြပါသည်။ ထိုကမ္ဘာသူကမ္ဘာသားများသည် နောဧ၏လုပ်ဆောင်မှုများကို မိုက်မဲသောလုပ်ဆောင်မှုများအဖြစ်မှတ်ယူကာ ပြောင်လှောင်သရော်ခဲ့ကြပါသည်။ ၎င်းတို့သည် ထာဝရဘုရားသခင်ရှေ့တော်၌ စိတ်နှလုံးနှိမ့်ချကြရမည့်အစား၊ ဘုရားသခင်ထံမှမည်သည့်သတိပေးစကားများမျှ မကြားခဲ့ရသည့်နှယ် နားကောက်မြဲနားကောက်ကာ ဆိုးသွမ်းမြဲဆိုးသွမ်းခဲ့ကြပါသည်။

သို့သော်နောဧသည် လှိုင်းလေထန်သောပင်လယ်ကြီးမှကျောက်ဆောင်ကြီးတစ်ခုအလား၊ မြဲမြံတည်ကြည်စွာရပ်တည်ခဲ့ပါသည်။ သူသည် မခန့်လေးစားပြုမှုများနှင့်ပြက်ရယ်ပြုမှုများအလယ်တွင် ၎င်းတို့၏သန့်ရှင်းတည်ကြည်မှုနှင့်မယိုင်လဲသောသစ္စာရှိမှုများကို ထင်ရှားပေါ်လွင်စေခဲ့ပါသည်။ သူပြောသောစကားများတွင် တန်ခိုးပါခဲ့ပါသည်။ အကြောင်းမှာ ထာဝရဘုရားသခင်သည် မိမိ၏အစေခံကျွန်မှတစ်ဆင့် လူသားများအားမိန့်တော်မူနေသောကြောင့်တည်း။ ဘုရားသခင်နှင့်ဆက်သွယ်မှုရရှိနေခြင်းသည် ၎င်းအတွက် ထာဝရတန်ခိုးတော်၏ခွန်အားနှင့်ပြည့်ဝစေခဲ့ပါသည်။ ထိုသို့ခွန်အားနှင့်ပြည့်ဝနေသောအချိန်များတွင် နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်လုံးလုံး၊ လူသားများ၏အသိဉာဏ်များအရမဖြစ်နိုင်ပါဟုအထင်ရှိနေသောဖြစ်ရပ်များနှင့်စပ်လျဉ်းပြီး ထိုခေတ်လူသားများကို သူဟောကြားခဲ့ပါသည်။

သဘာဝတရားများသည် ရာစုနှစ်ပေါင်းများစွာမပြောင်းမလဲတည်လျက်နေသည်ဟု ရေမလွှမ်းမီခေတ်က လူသားများကဆင်ခြင်တွေးဆခဲ့ကြပါသည်။ ဥတုရာသီများသည်လည်း အဖန်တလဲလဲမပြောင်းမလဲကျရောက်ခဲ့ပေပြီ။ ထိုအချိန်အထိ မိုးစက်တစ်စက်မျှမရွာခဲ့ဖူးသေးချေ။ ဤကမ္ဘာကြီးအား နှင်းမှုန်များဖြင့်သာစိုစွတ်စေခဲ့ပါသည်။ မြစ်ချောင်းများသည်လည်း မည်သည့်အခါမျှ ရေမလျှံခဲ့ဖူးသော်လည်း ပင်လယ်ကြီးထဲသို့စီးမြဲတိုင်းစီးဆင်းလျက်နေကြပါသည်။ မပြောင်းလဲသောအမိန့်တော်တစ်ခုသည် ထိုမြစ်ရေများကို စီးမြဲတိုင်းစီးစေခဲ့ပါသည်။ သို့ရာတွင် “သင်တို့သည် ဤအရပ်တိုင်အောင်လာရ၏။



တိုး၍မလွန်ရ” ဟုမိန့်တော်မူလျက် ရေများကိုရပ်တန့်စေခဲ့သောကိုယ်တော်ရှင်၏လက်တော်ကို ဤဆင်ခြင်တုံတရားများသတိမေ့လျော့ခဲ့ကြပါသည်။

သဘာဝတွင်ထင်ရှားသောပြောင်းလဲမှုများမရှိဘဲနှင့် ဥတုရာသီများ ကုန်ဆုံးကျော်လွန်ခဲ့ရာ ရံဖန်ရံခါစိုးရိမ်ကြောက်လန့်တတ်သောလူသားများကို အာမခံချက်များထပ်မံပေးစပြုခဲ့ပါသည်။ သဘာဝတရားသည် လောကဓါတ်၏အရှင်ဘုရားသခင်၏အထက်တွင်ရှိသည်ဟူ၍လည်းကောင်း၊ ဓမ္မတာတရားများသည် ဘုရားသခင်ကိုယ်တော်တိုင်ပြောင်းလဲခြင်းငှာမစွမ်းနိုင်အောင် ခိုင်မြဲမှုရှိလှသည်ဟူ၍လည်းကောင်း ယခုခေတ်လူများစုဆင်ခြင်သုံးသပ်နေကြသကဲ့သို့ ထိုသူများက ဆင်ခြင်သုံးသပ်ခဲ့ကြပါသည်။ အကယ်၍ နောဧဟောကြားနေသည့်သတင်းစကားသည် မှန်ကန်ခဲ့လျှင် ဓမ္မတာတရားများသည် ဖေါက်ပြန်လာကြလိမ့်မည်ဟုဆင်ခြင်သုံးသပ်ကာ လောကသားများ၏စိတ်တွင် ထိုသတင်းစကားအား လိမ်ညာမှုကြီးတစ်ခုအဖြစ်မှတ်ယူခဲ့ကြပါသည်။ သူတို့သည် ထိုသတင်းစကားကိုမကြားနာဖူးမီအချိန်ကကဲ့သို့ပင် နေထိုင်စားသောက်ခြင်းအားဖြင့် ဘုရားသခင်ပေးတော်မူသောသတင်းစကားကို မထီမဲ့မြင်ပြုကြောင်း ထင်ရှားစေခဲ့ပါသည်။ သူတို့သည် ပျော်ပွဲရွှင်ပွဲများနှင့် စားသောက်ပွဲများကို အဆက်မပြတ်ကျင်းပခဲ့ကြပါသည်။ အနာဂတ်အတွက် အကျိုးရှိမည်ဟုထင်သည့်စီမံကိန်းများကိုချမှတ်လျက် ပျော်ပါးစားသောက်ခဲ့ကြပြီး ဥယျာဉ်ခြံများကိုစိုက်ပျိုးကာ အိမ်များကိုတည်ဆောက်ခဲ့ကြပါသည်။ မိမိတို့သည် ထာဝရတန်ခိုးရှင်ကို ကြောက်ချစ်ရိုသေမှုမရှိကြောင်းထင်ရှားစေရန် ဆိုးသွမ်းမှုနှင့်ဘုရားသခင်၏ပညတ်တော်ကိုအာခံအရေးမထားမှုများတွင် ပိုမိုကျယ်ပြန့်စွာကျူးလွန်ခဲ့ကြပါသည်။ အကယ်၍နောဧပြောခဲ့သောသတင်းစကားများတွင် သမ္မာတရားတစ်စုံတစ်ခုပါဝင်ခဲ့လျှင် ထင်ရှားကျော်စောသောခေါင်းဆောင်ကြီးများနှင့်ပညာရှိကြီးများသည် ထိုအရာကိုသိရှိနားလည်ခဲ့ကြလိမ့်မည်ဟု သူတို့တပ်အပ်ပြောဆိုခဲ့ကြပါသည်။

ရေမလွှမ်းမီအချိန်က ထိုလူသားများသည် ထိုသတိပေးစကားကို ယုံကြည်လက်ခံကာ မိမိတို့၏ဒုစရိုက်အကျင့်များမှ နောင်တရခဲ့ကြမည်ဆိုလျှင်

နောက်ပိုင်းတွင် နိနေဝေမြို့ကိုပြုတော်မူခဲ့သကဲ့သို့ ထာဝရဘုရားသခင်သည် မိမိ၏အမျက်တော်ကို လွှဲပစ်တော်မူခဲ့လိမ့်မည်။ သို့ရာတွင် ဩတ္တပ္ပစိတ်၏ ပဲ့ပြင်မှုနှင့် ဘုရားသခင်၏ပုရောဖက်ဟောကြားသည့် ထိုသတိပေးစကားများကို ခေါင်းမာမာဖြင့်ဆန့်ကျင်တွန်းလှန်နေခြင်းအားဖြင့် ထိုလူသားများသည် ၎င်းတို့၏ဆိုးညစ်မှုအတိုင်းအတာများကိုပြည့်ဝစေခဲ့ကြပြီး ကမ္ဘာကြီး၏ ပျက်သုဉ်းမှုအတွက် အသင့်ဖြစ်လာစေခဲ့ကြပါသည်။

ထိုသူများအတွက်ထားရှိသောကရုဏာအချိန်သည် ကုန်လုဆဲဆဲ အခြေတွင်ရှိပါသည်။ နောဧသည် ဘုရားသခင်ထံမှရရှိထားသည့်ညွှန်ကြားချက်များအတိုင်း တစ်သဝေမတိမ်းလိုက်နာလုပ်ဆောင်ခဲ့ပါသည်။ သင်္ဘောကြီးကို ထာဝရဘုရားသခင်ညွှန်ကြားတော်မူသည့်အတိုင်း အစစအရာရာတွင် လက်စသတ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များစားရန်အစာများကိုလည်း သင်္ဘောပေါ်တွင် သိုလှောင်ထားခဲ့ပါသည်။ ယခုတွင် ဘုရားသခင်၏ကျွန်သည် ထိုလူသားများအား နောက်ဆုံးအရေးကြီးသောတောင်းပန်မှုတစ်ခုကိုပြုခဲ့ပါသည်။ ခိုလှုံရာတစ်ခုကိုတွေ့နိုင်သည့်ကာလတွင်ရှာကြရန် သူသည် ထိုသူများအား ဆို့နစ်သောအသံဖြင့် အနူးအညွတ်အသနားခံခဲ့ပါသည်။ သို့ရာတွင် ထိုသူတို့သည် ၎င်း၏အသနားခံမှုကိုငြင်းပယ်ခဲ့ကြပြီး ကျယ်လောင်သောအသံများဖြင့် ပြက်ရယ်ပြုကာ လှောင်ပြောင်ခဲ့ကြပါသည်။ ထိုစဉ်တွင် မြင်ကွင်းတစ်ခုကြောင့် ထိုလူအုပ်ကြီးသည် ရုတ်တရက်ဆိတ်ငြိမ်သွားခဲ့ပါသည်။ ပုံစံအမျိုးမျိုးရှိသော သားယဉ်သားရဲများသည် တောတောင်များထဲမှထွက်လာကြပြီး သင်္ဘောကြီးဆီသို့ဦးတည်ကာသွားနေကြသည်ကို သူတို့မြင်တွေ့လိုက်ရပါသည်။ ထိုအချိန်တွင် လေတိုက်သံကဲ့သို့သောအသံတစ်သံကိုသူကြားလိုက်ရသဖြင့် မော့ကြည့်လိုက်ရာ အရပ်ရပ်မှငှက်ကလေးများသည် သင်္ဘောကြီးဆီသို့ ဦးတည်၍ပျံသန်းလာကြသည်ကိုမြင်တွေ့ကြရပါသည်။ ထိုငှက်များ၏ အရေအတွက်များပြားမှုကြောင့် ၎င်းတို့ပျံသန်းလာစဉ်တွင် ကောင်းကင်ယံတစ်ခုလုံး၌မှောင်မည်းသွားခဲ့ပါသည်။ လူသားများသည် ဘုရားသခင်၏ အမိန့်တော်ကိုနားထောင်မှုမရှိကြစဉ်တွင် တိရစ္ဆာန်များကမူ ကိုယ်တော်၏



အမိန့်တော်ကိုနားထောင်လိုက်နာခဲ့ကြပါသည်။ စင်ကြယ်သောသားမျိုးတစ်မျိုးစီမှ အထီးအမခုနစ်စုံစီနှင့် မစင်ကြယ်သောသားမျိုးတစ်မျိုးစီမှ အထီးအမနှစ်စုံစီတို့သည် အထီးအမအစုံအလိုက် နောဧနှင့်အတူသင်္ဘောထဲသို့ဝင်ကြ၏။ ထိုသူအပေါင်းတို့သည် အံ့ဩတွေဝေစွာ၊ ကြောက်လန့်စွာဖြင့် ထိုမြင်ကွင်းကို ကြည့်နေကြပါသည်။ ဒဿနပညာရှင်များအား ထိုဖြစ်အင်တစ်ခုစီဖြစ်ပျက်ရခြင်း၏အကြောင်းရင်းကိုရှင်းပြခိုင်းခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ပါသည်။ ထိုအရာသည် ၎င်းတို့ဉာဏ်မမီနိုင်လောက်အောင် နက်နဲသောအရာတစ်ခုဖြစ်ခဲ့ပါသည်။ သို့ရာတွင် လူအပေါင်းတို့သည် အလင်းတော်ကိုမနားမနေ ငြင်းပယ်ခြင်းအားဖြင့် စိတ်နှလုံးသည် အလွန်ခိုင်မာလာခဲ့ကာ ဤမြင်ကွင်းအတွက် တစ်ခဏသာခံစားမှုရှိခဲ့ကြပါသည်။ ပြစ်ဒဏ်စီရင်ခြင်းခံထားရသော ထိုလူသားမျိုးနွယ်များသည် အရောင်အဝါတောက်ပနေသောနေမင်းကြီးနှင့်တကွ ဧဒင်၏အလှအပတမျှတင့်တယ်သောအလှအပများနှင့်ခြယ်သထားသော ဤကမ္ဘာကြီးကိုမြင်တွေ့ကြရသောအခါ အလွန်ကြမ်းတမ်းသောမြူးထူးပျော်ရွှင်မှုများအားဖြင့် ကြောက်စိတ်များကိုလွင့်ပါးစေခဲ့ကြကာ ၎င်းတို့၏အကြမ်းဖက်သောလုပ်ရပ်များအားဖြင့် ဘုရားသခင်၏အမျက်တော်ကို ၎င်းတို့အပေါ်သို့ ကျရောက်အောင် ဖိတ်ခေါ်နေကြသယောင်ဖြစ်ခဲ့ပါသည်။

ထိုနောက် ထာဝရဘုရားသခင်သည် နောဧကိုတစ်ဖန်မိန့်တော်မူပြန်သည်ကား "ဤကာလမျိုးတွင် သင်သည် ငါ့ရှေ့၌ဖြောင့်မတ်ကြောင်းကို ငါသိမြင်သည်ဖြစ်၍ သင်၏အိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ သင်္ဘောထဲသို့ဝင်ကြလော့" ဟုမိန့်တော်မူ၏။ နောဧပြောကြားခဲ့သောသတင်းစကားများကို လောကီသားအပေါင်းက ငြင်းပယ်ခဲ့ကြသော်လည်း သူ၏ဩဇာသက်ရောက်မှုနှင့်ပုံသက်သေတို့သည် ၎င်း၏မိသားစုအတွက် ကောင်းချီးမင်္ဂလာဖြစ်စေခဲ့ပါသည်။ သူ၏သစ္စာရှိမှု၊ တည်ကြည်မှုများအတွက် မင်္ဂလာတစ်ရပ်အနေဖြင့် ဘုရားသခင်သည် သူ၏အိမ်သူအိမ်သားများအားလုံးကို ကယ်တင်တော်မူခဲ့ပါသည်။ မိဘများ၏သစ္စာစောင့်သိမှုများသည် အားတက်စရာကောင်းလေစွတကား။

ဒုစရိုက်လူသားများအတွက် ကရုဏာတော်၏တောင်းခံသံသည် ရပ်စဲသွားခဲ့ချေပြီ။ မြေပေါ်တွင်သွားလာနေသောတိရစ္ဆာန်များနှင့် မိုးကောင်းကင်တွင်ကျက်စားနေသောငှက်များသည် လုံခြုံရာနေရာသို့ခိုဝင်ခဲ့ကြချေပြီ။ နောဧနှင့်မိသားစုများသည် သင်္ဘောထဲသို့ရောက်ခဲ့ကြချေပြီ။ ထာဝရဘုရားသခင်သည် နောဧအား သင်္ဘောထဲတွင်ထည့်ကာ တံခါးပိတ်ထားခဲ့ချေပြီ။ အလွန်ထွန်းတောက်သောအလင်းရောင်တစ်ခုကိုမြင်တွေ့လိုက်ကြရပါသည်။ လျှပ်စစ်ပြက်ခြင်းထက်ပိုမိုထင်ရှားသောဘုန်းတော်မိုးတိမ်တစ်ခုသည် ကောင်းကင်မှသက်ဆင်းလာကာ သင်္ဘော၏အဝင်တံခါးရှေ့တွင်ဝဲပျံလျက်ရှိနေပါသည်။ သင်္ဘောထဲတွင်ရောက်ရှိနေကြသော၊ လူများပိတ်ရန်မစွမ်းနိုင်သော၊ အလွန်ကြီးမားသည့်တံခါးကြီးကို မျက်မြင်မရသောလက်တော်က ဖြည်းညင်းစွာပိတ်လိုက်ပါသည်။ နောဧသည် သင်္ဘောထဲတွင်ပိတ်ခြင်းခံခဲ့ရပြီး ကရုဏာတော်ကိုငြင်းပယ်သူများမှာမူ သင်္ဘော၏အပြင်တွင်ချန်ထားခြင်းကိုခံခဲ့ကြရပါသည်။ ဘုရားသခင်သည် ထိုတံခါးကိုတံဆိပ်ခတ်တော်မူခဲ့ချေပြီ။ ထာဝရဘုရားသခင်သည် ထိုတံခါးကိုပိတ်တော်မူခဲ့ချေပြီ။ ကိုယ်တော်တစ်ပါးတည်းသာ ထိုတံခါးကိုဖွင့်နိုင်တော်မူပါသည်။ ထိုနည်းအတူ ခရစ်တော်သည် မိုးတိမ်ကိုစီး၍ကြွလာတော်မမူမီ ဒုစရိုက်အပြစ်သားများအတွက် ကြားဖျန်ဖြေရေးလုပ်ငန်းကိုအဆုံးသတ်သောအချိန်တွင် ကရုဏာတံခါးသည် ပိတ်သွားပေလိမ့်မည်။ ထိုအချိန်တွင် ဘုရားသခင်၏ကရုဏာတော်သည် ဆိုးယုတ်သူများကိုထိန်းချုပ်မှုမပြုတော့ဘဲ စာတန်သည် ကရုဏာတော်ကိုငြင်းပယ်သောထိုသူများအား လုံးလုံးကြီးအုပ်စိုးတော့ပေမည်။ ဆိုးယုတ်သောထိုသူများသည် ဘုရားသခင်၏သားသမီးများကိုဖျက်ဆီးပစ်ရန် ကြိုးစားကြမည်ဖြစ်သော်လည်း နောဧအား သင်္ဘောထဲတွင်ပိတ်ထားတော်မူခဲ့သကဲ့သို့ ဖြောင့်မတ်သောသူများကိုလည်း တန်ခိုးတော်အားဖြင့် ကွယ်ကာတော်မူပါလိမ့်မည်။

နောဧနှင့်မိသားစုအပေါင်းတို့သည် သင်္ဘောထဲသို့ဝင်ကြပြီးနောက် ခုနစ်ရက်ခန့်ကြာသည်အထိ မိုးသက်မုန်တိုင်းကျမည့်အရိပ်အယောင်တစ်စုံတစ်ခုကိုမျှမတွေ့ခဲ့ရချေ။ ထိုအချိန်အတွင်းတွင် သူတို့၏ယုံကြည်ခြင်းသည်



အစမ်းသပ်ခံခဲ့ရပါသည်။ ထိုအချိန်သည် သင်္ဘော၏အပြင်တွင်ရှိနေကြသော လောကီသားအပေါင်းတို့အတွက် အောင်ပွဲဆင်နေသောအချိန်ဖြစ်ပါသည်။ နောဧ၏သတင်းစကားသည် လှည့်ဖြားမှုတစ်ရပ်ဖြစ်ကာ ရေလွှမ်းမိုးခြင်းသည် မည်သည့်အခါမျှမဖြစ်နိုင်ဟူသော ၎င်းတို့၏ယုံကြည်မှုကို ထိုနှောင့်နှေးကြန့်ကြာမှုကခိုင်မြဲစေခဲ့ပါသည်။ တောတိရစ္ဆာန်များနှင့်ငှက်များသင်္ဘောထဲသို့ဝင်နေသည်ကိုလည်းကောင်း၊ ကောင်းကင်တမန်များသည် သင်္ဘောတံခါးကြီးကိုပိတ်နေသည်ကိုလည်းကောင်း သူတို့မြင်နေရသည့်ကြားမှ ဘုရားသခင်၏တန်ခိုးတော်ထင်ရှားမှုကိုပြက်ရယ်ပြုကာ ဆက်လက်၍သောက်စားပျော်ပါးခဲ့ကြပါသည်။ သူတစ်ခါမျှမလုပ်ခဲ့ဖူးသောအကြမ်းဖက်မှုများကိုအသုံးပြုကာ သင်္ဘောထဲတွင်ရှိနေကြသူများအား မထီလေးစားပြုလျက် ထိုသင်္ဘောကြီးကိုဝိုင်းထားကြပါသည်။

သို့သော် ရှစ်ရက်မြောက်သောနေ့တွင် ကောင်းကင်ယံ၌ မိုးတိမ်များအုံ့ဆိုင်းလာခဲ့ပါသည်။ ထိုနောက် မိုးကြိုးများထစ်ချုန်းလာပါသည်။ လျှပ်စီးများလက်လာပါသည်။ ထိုနောက်မကြာမီတွင် မိုးသီးမိုးပေါက်ကြီးများစတင်ကျရောက်လာပါသည်။ ကမ္ဘာကြီးသည် ဤကဲ့သို့သောဖြစ်ရပ်မျိုးကို တစ်ခါမျှမတွေ့ကြုံခဲ့ဖူးသဖြင့် စိုးရိမ်စိတ်များပေါ်လာခဲ့ကြပါသည်။ "နောဧပြောတာများမှန်နေပြီလား၊ ကမ္ဘာကြီးပျက်သုဉ်းသွားတော့မှာလား၊" စသည်ဖြင့် ထိုသူအပေါင်းတို့သည် အချင်းချင်းမေးမြန်းနေကြပါသည်။ ကောင်းကင်ယံတွင်ပို၍မည်းမှောင်လာပြီး မိုးရွာသွန်းမှုသည်လည်း ပို၍ပြင်းထန်လာခဲ့ပါသည်။ တိရစ္ဆာန်များသည် ကြောက်အားလန့်အားဖြင့် ဟိုဟိုဒီဒီပြေးလွှားနေကြပါသည်။ သူတို့၏ဗလုံးဗထွေးဆူညံသံများသည် သူတို့နှင့်တကွ လူသားများ၏ကံကြမ္မာအတွက် ငိုကြွေးမြည်တမ်းနေကြသယောင်ဖြစ်နေပါသည်။ ထိုနောက် "ကြီးစွာသောနက်နဲရာရေပေါက်ရေတွင်းတို့၏အဆီးအတားရှိသမျှတို့ကိုပယ်ရှင်း၍ မိုးကောင်းကင်ပြွန်ဝများကိုဖွင့်လေ၏။" ရေများသည် ကြီးမားသောရေတံခွန်ကြီးများအသွင်ဖြင့် ကျရောက်လာခဲ့ပါသည်။ မြစ်များတွင်ရေလျှံ၍ လွင်ပြင်များတွင်ရေလွှမ်းမိုးခဲ့ပါသည်။ မြေကြီးထဲမှလည်း အလွန်

အားကောင်းသောရေပန်းကြီးများပေါ်ထွက်လာပြီး အလွန်ကြီးမားသော ကျောက်တုံးကြီးများသည် ထိုရေကန်များ၏တွန်းထုတ်မှုကြောင့် လေထဲသို့ ပေပေါင်းများစွာလွင့်တက်သွားခဲ့ပြီး အောက်သို့ကျလာသောအခါ မြေကြီးထဲသို့ အလွန်နက်ရှိုင်းစွာမြုပ်သွားခဲ့ကြပါသည်။

ထိုလူများသည် ၎င်းတို့၏လက်ဖြင့်တည်ဆောက်ထားသောအရာများ၊ အဖျက်ဆီးခံရသည်ကို ရှေးဦးစွာမြင်တွေ့ခဲ့ကြရပါသည်။ သူတို့၏ခမ်းနားသောအိမ်များ၊ ရုပ်တုများတည်ထားသည့်လှပသောဥယျာဉ်ခြံများသည် ကောင်းကင်မှလျှပ်စစ်ပြက်ခြင်း၊ မိုးကြိုးပစ်ခြင်းများကြောင့် ပျက်စီးကုန်ကြပြီး နေရာအနှံ့တွင်အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုရှိခဲ့ပါသည်။ လူသားများ ယဇ်ပူဇော်ခဲ့သောယဇ်ပလ္လင်များသည်လည်း ဖြိုဖျက်ခြင်းကိုခံခဲ့ကြရပါသည်။ ထိုမြင်ကွင်းကြောင့် ယဇ်ပူဇော်ခဲ့ကြသူများအား ဘုရားသခင်၏တန်ခိုးတော်ကို ကြောက်ရွံ့မှုများဖြစ်ပေါ်စေကာ အကျင့်စာရိတ္တဖေါက်ပြန်မှုနှင့် ရုပ်တုကိုးကွယ်မှုသည် ပျက်စီးဆုံးရှုံးမှုကိုဖြစ်စေခဲ့ကြောင်း ၎င်းတို့အားသိရှိစေခဲ့ပါသည်။

မိုးသက်မုန်တိုင်းများသည် ပြင်းထန်လာသည်နှင့်အမျှ သစ်ပင်များ၊ အဆောက်အအုံများ၊ ကျောက်ဆောင်များနှင့်တကွ ကမ္ဘာမြေကြီးသည်လည်း တုန်ခါလာပါသည်။ လူသားများနှင့်တကွ တိရစ္ဆာန်များသည် မဖေါ်ပြနိုင်လောက်အောင် ကြောက်လန့်နေကြပါသည်။ ဘုရားသခင်၏အာဏာတော်ကို မထီလေးစားပြုခဲ့ကြသောသူများ၏ငိုကြွေးမြည်တမ်းသံများသည် လှိုင်းတံပိုးရိုက်ခတ်သံများထက် ကျယ်လောင်စွာကြားနေရပါသည်။ စာတန်ကိုယ်တိုင်လည်း မိမိ၏ဆက်လက်အသက်ရှင်ရေးအတွက် စိုးရိမ်ကြောက်လန့်ခဲ့ပါသည်။ စာတန်သည် ထိုသူများအားအုပ်စိုးရန် အလွန်နှစ်သက်ခဲ့ပြီး စက်ဆုပ်ရွံ့ရှာဖွယ်သောအရာများကို ဆက်လက်ကျင့်သုံး၍ အသက်ရှင်နေထိုင်ကြကာ ဘုရားသခင်အားဆက်လက်ဆန့်ကျင်တော်လှန်ကြစေရန် သူလိုလားခဲ့ပါသည်။ ယခုတွင် သူသည် ဘုရားသခင်အား တရားမျှတမှုမရှိကြောင်း၊ ရက်စက်ကြမ်းကြုတ်ကြောင်းစွပ်စွဲလျက် ဆဲရေးတိုင်းထွာမှုများကိုပြုခဲ့ပါသည်။ လူအများစုသည် စာတန်ကဲ့သို့ပင် ဘုရားသခင်အားပြစ်မှားပြောဆိုခဲ့ကြပါသည်။



သူတို့သည် ဖြစ်နိုင်မည်ဆိုလျှင် ကိုယ်တော်အား ပလ္လင်တော်မှဆွဲချလိမ့်မည်ဖြစ်ပါသည်။ အခြားသူများမှာမူ ကြောက်အားလန့်အားနှင့် သင်္ဘောကြီးကိုကုတ်ခြစ်နေကြပြီး ဝင်ခွင့်တောင်းနေကြပါသည်။ သို့ရာတွင် ၎င်းတို့၏အသနားခံမှုများသည် အချည်းနှီးသာဖြစ်ခဲ့ပါသည်။ နောက်ဆုံးတွင် ကမ္ဘာကိုအုပ်စိုးနေသောဘုရားသခင်တစ်ပါးသည် ကောင်းကင်နိုင်ငံတွင်စိုးစံနေကြောင်း သိရှိရန် ၎င်းတို့၏သြတ္တပ္ပစိတ်ကိုနှိုးဆွကြပါသည်။ သူတို့သည် ကိုယ်တော်အား အနူးအညွတ်တောင်းပန်ခဲ့ကြသော်လည်း ၎င်းတို့၏အော်ဟစ်သံကိုနားညောင်းတော်မမူတော့ချေ။ ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးခြင်းသည် မိမိတို့အားပျက်စီးဆုံးရှုံးစေခဲ့ကြောင်းကို ကြောက်လန့်ဖွယ်ကောင်းလှသည့် ထိုအချိန်တွင် သူတို့မြင်တွေ့ခဲ့ကြပါသည်။ သူတို့သည် အပြစ်ဒဏ်ခံရမည်ကို ကြောက်ရွံ့သဖြင့် မိမိတို့၏အပြစ်သားများကိုဝန်ခံခဲ့ကြသော်လည်း စစ်မှန်သောစိတ်နှလုံးကြေကွဲမှုနှင့် အပြစ်ကိုရွံ့ရှာမှုများမရှိခဲ့ကြချေ။ ထိုအပြစ်ဒဏ်စီရင်ခြင်းကိုဖယ်ရှားခဲ့မည်ဆိုလျှင် သူတို့သည် ထာဝရဘုရားသခင်ကို တစ်ဖန်အန်တုကြလိမ့်ဦးမည်သာတည်း။ ထိုနည်းအတူ မီးအားဖြင့်မဖျက်ဆီးမီ ကမ္ဘာကြီးအပေါ်သို့ တရားစီရင်မှုများကျရောက်လာသောအချိန်တွင် နောင်တမရသောသူများသည် ဘုရားသခင်၏ပညတ်တော်ကိုမထီမဲ့မြင်ပြုခဲ့မိသော မိမိတို့၏အပြစ်များကိုသိရှိလာကြပေလိမ့်မည်။ သို့ရာတွင် ၎င်းတို့သည် ကမ္ဘာဟောင်းမှအပြစ်သားများကဲ့သို့ပင် စစ်မှန်သောနောင်တရခဲ့ကြလိမ့်မည်မဟုတ်ချေ။

အချို့သူများသည် သင်္ဘောထဲသို့ဝင်နိုင်ရန် အပြင်းအထန်ကျားကုတ်ကျားခဲကြိုးစားခဲ့ကြသော်လည်း အခိုင်အမာတည်ဆောက်ထားသောသင်္ဘောကြီးထဲသို့ သူတို့မဝင်ရောက်နိုင်ခဲ့ကြချေ။ အချို့သောသူများသည် လှိုင်းတံပိုးများ၏သယ်ဆောင်သွားမှုကိုခံရသည့်အချိန်တိုင်အောင် သင်္ဘောကြီးကိုတွယ်ကပ်ထားခဲ့ကြပါသည်။ အချို့မှာ သင်္ဘောကြီးသည် ကျောက်ဆောင်များ၊ သစ်ပင်များနှင့်တိုက်မိသည်အထိ သူတို့တွယ်ကပ်ထားကြပါသည်။ အလွန်ကြီးမားသောထိုသင်္ဘောကြီးသည် ပြင်းထန်လှသောလေတိုက်ခတ်မှုကြောင့် သိမ့်သိမ့်

တုန်ခါနေပါသည်။ သင်္ဘောထဲမှတိရစ္ဆာန်များ၏အော်ဟစ်သံများသည် ၎င်းတို့၏စိုးရိမ်ကြောက်ရွံ့မှုနှင့်နာကျင်မှုဝေဒနာများကိုဖော်ပြနေပါသည်။ သို့သော် လေပြင်းမုန်တိုင်းတိုက်ခတ်နေသည့်အလယ်တွင် သင်္ဘောကြီးသည် ဘေးမသီ ရန်မခဆက်လက်မျောပါနေပါသည်။ ခွန်အားကြီးသောကောင်းကင်တမန်များသည် ထိုသင်္ဘောကြီးကိုကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးထားခြင်းကို ခံခဲ့ကြရပါသည်။

လှိုင်းတံပိုးကြီးများကိုမြင်ရသဖြင့် တိရစ္ဆာန်များသည် အကူအညီရမည့်အထင်နှင့် လူများထံသို့ချဉ်းကပ်လာခဲ့ကြပါသည်။ အချို့သူများသည် အသက်တာအတွက်အားကိုးအားထားများဟုမှတ်ယူလျက် မိမိတို့၏သားသမီးများနှင့်တကွ မိမိတို့ကိုယ်တိုင် ခွန်အားကောင်းသောတိရစ္ဆာန်များကိုစီးကာ ရေလွတ်မည်ဟုထင်ရသောအမြင့်ဆုံးသောနေရာများသို့တက်သွားခဲ့ကြပါသည်။ အချို့သူများမှာမူ တောင်ထိပ်များပေါ်ရှိသစ်ပင်ထိပ်ဖျားများတွင် တွယ်ကပ်နေခဲ့ကြပါသည်။ သို့သော် ထိုသစ်ပင်များသည် အမြစ်မှပြုတ်ထွက်သွားကာ သစ်ပင်ခေါင်ဖျားတွင်ခိုလျက်ရှိသောလူများနှင့်အတူ လှိုင်းလေပြင်းထန်နေသောရေထဲတွင်မျောပါသွားခဲ့ကြပါသည်။ လုံခြုံမှုရှိသည်ဟုထင်ရသောနေရာ တစ်ခုပြီးတစ်ခုကို လက်လွှတ်ခဲ့ကြရပါသည်။ ရေသည် တဖြည်းဖြည်းမြင့်တက်လာသည်နှင့်အမျှ လူများသည် ခိုလှုံရာနေရာကိုရရှိရန်အတွက် တောင်ထိပ်များပေါ်သို့ထွက်ပြေးခဲ့ကြရပါသည်။ မကြာခဏဆိုသလို လူနှင့်တိရစ္ဆာန်များသည် ခြေကုပ်ကလေးတစ်နေရာရရှိရန် အလုအယက်တိုက်ခိုက်ခဲ့ကြရပြီး နောက်ဆုံးတွင် အားလုံးသည် ရေတွင်မျောပါသေဆုံးသွားခဲ့ကြပါသည်။

ထိုလူသားများသည် အမြင့်ဆုံးသောတောင်ထိပ်ပေါ်မှနေ၍ အပြောကျယ်သောသမုဒ္ဒရာကြီးကိုကြည့်ရှုခဲ့ကြပါသည်။ ဘုရားသခင့်ကျွန်၏အရေးကြီးသောသတိပေးစကားသည် ၎င်းတို့အတွက်ပြက်ရယ်ပြုစရာတစ်ခုမဟုတ်တော့ပြီ။ ထိုသူများသည် မိမိတို့အရေးတယူမထားခဲ့ကြသည့်အခွင့်ထူးများကို ပြန်လည်၍တောင့်တခဲ့ကြပါသည်။ ထိုသူတို့သည် ကရုဏာတော်အချိန်ကလေးအနည်းငယ်ရရှိဖို့တောင်းခံခဲ့ကြပါသည်။ ကရုဏာတော်နှင့်ဆိုင်သော



နောက်ထပ်အခွင့်အရေးတစ်ခုနှင့် နောဧ၏နှုတ်ဖျားမှခေါ်သံများကိုတောင်းလျှောက်ခဲ့ကြပါသည်။ သို့သော်သူတို့သည် ကရုဏာတော်၏ချိုသာသောအသံကို နောက်ထပ်မကြားရတော့ချေ။ တရားမျှတမှုထက်လျော့နည်းမှုမရှိသောချစ်ခြင်းမေတ္တာသည် အပြစ်ဒဏ်စီရင်ခြင်းအားဖြင့် အပြစ်တရားကိုအဟန့်အတားပြုတော်မူရန် ဘုရားသခင်အားတောင်းဆိုခဲ့ပါသည်။ နောက်ဆုံးသောအသနားခံသံများသည် ရေတွင်ပျောက်ကွယ်သွားခဲ့ကြပြီး ဘုရားသခင်ကိုစော်ကားခဲ့သူများသည် ရေနက်ကြီးထဲတွင်သေကြေပျက်စီးခဲ့ကြရပါသည်။ “ဘုရားသခင်၏နှုတ်ထွက်စကားတော်သည်---ဖြစ်ဖူးသောလောကဓါတ်ကို---ရေနှင့်လွှမ်းမြှုပ်၍ဖျက်ဆီးတော်မူခဲ့၏။ ယခုရှိနေသောမိုးကောင်းကင်နှင့်မြေကြီးကိုမူကား တရားဆုံးဖြတ်၍ အဓမ္မလူတို့ကိုဖျက်ဆီးသောနေ့ရက်တိုင်အောင် ထိုနှုတ်ထွက်စကားတော်အားဖြင့်သိုထားလျက်ရှိ၍ မီးရှို့ခြင်းအဖို့အလိုငှာ နေရစ်သတည်း။” နောက်ထပ်မုန်တိုင်းတစ်ခုသည် ကျရောက်လာလိမ့်ဦးမည်။ ဤကမ္ဘာကြီးကို ဘုရားသခင်၏ပျက်ပြုန်းစေသည့်အမျက်တော်အားဖြင့် နောက်တစ်ဖန်ဆေးကြောတော်မူလိမ့်ဦးမည်။ အပြစ်နှင့်တကွ အပြစ်သားများသည် ဖျက်ဆီးခြင်းခံကြရလိမ့်မည်။

ရေမလွှမ်းမိုးမီအချိန်က လူသားများအပေါ်အမျက်တော်ကျရောက်စေခဲ့သည့်အပြစ်ဒုစရိုက်များသည် ယနေ့ကမ္ဘာ၌လည်းတည်ရှိနေပါသည်။ ဘုရားသခင်ကိုကြောက်ချစ်ရိုသေသောစိတ်ဓါတ်သည် လူသားများ၏နှလုံးသားတွင်မရှိကြတော့ချေ။ ကိုယ်တော်၏ပညတ်တော်ကိုလည်း အလေးတယူမပြုကြတော့ဘဲ မထီလေးစားလုပ်နေကြပါသည်။ ထိုခေတ်လူသားများနှင့် ယခုခေတ်လူသားများသည် လောကီအကျိုးစည်းစိမ်ကိုစိတ်ဝင်စားမှုပြင်းထန်သည့်နေရာတွင်တူညီကြပါသည်။ “ရေလွှမ်းမိုးခြင်းမဖြစ်မီကာလ၌ နောဧသည်သင်္ဘောထဲသို့ဝင်သောနေ့တိုင်အောင် လူများတို့သည် စားသောက်လျက်၊ ထိမ်းမြားစုံဖက်လျက်နေ၍ ရေလွှမ်းမိုးခြင်းရောက်သဖြင့် လူခပ်သိမ်းတို့ကို သုတ်သင်ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည်နည်းတူ၊ လူသားကြွလာသောအခါ၌ဖြစ်လိမ့်မည်” ဟူ၍ ခရစ်တော်မိန့်တော်မူခဲ့ပါသည်။

နောဧခေတ်မှလူသားများကို စားခဲ့သောက်ခဲ့သည့်အတွက် ဘုရားသခင်ပြစ်ဒဏ်စီရင်ခဲ့ခြင်းမဟုတ်ပါ။ ကိုယ်တော်သည် ၎င်းတို့၏ခန္ဓာကိုယ်လိုအပ်ချက်များကို ဖြည့်စွမ်းရန် မြေကြီးအသီးအနှံများကို အလျှံပယ်ပေးသနားတော်မူခဲ့ပါသည်။ ၎င်းတို့၏အပြစ်မှာ ဤဆုကျေးဇူးများကို ဘုရားသခင်အားကျေးဇူးကန်းစွာဖြင့် ရယူသုံးဆောင်ခြင်းနှင့်ချုပ်တည်းမှုမရှိဘဲ ခံတွင်းအလိုလိုက်ကာ မိမိကိုယ်ကို ယုတ်ညံ့နိမ့်ကျအောင်လုပ်ဆောင်ခြင်းများပင်ဖြစ်ပါသည်။ ၎င်းတို့တွင် လက်ထပ်ထိမ်းမြားခွင့်ရှိကြပါသည်။ လက်ထပ်ထိမ်းမြားခြင်းသည် ထာဝရဘုရားသခင်၏ အစီအမံတစ်ခုဖြစ်ပါသည်။ ကိုယ်တော်ရှင်တည်ထောင်ခဲ့သော ပထမဦးဆုံးသောအစီအစဉ်များအနက် လက်ထပ်ထိမ်းမြားခြင်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ လက်ထပ်ထိမ်းမြားခြင်းကို သန့်ရှင်းတင့်တယ်မှုများနှင့်လွှမ်းခြုံလျက် ကိုယ်တော်သည် ထိုကိစ္စနှင့်စပ်လျဉ်း၍ အထူးညွှန်ကြားချက်များကို ပေးသနားတော်မူခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့သည် ထိုညွှန်ကြားချက်များကို မေ့လျော့ကာ အိမ်ထောင်ပြုခြင်း၏အဓိပ္ပါယ်ကိုလမ်းလွဲစေပြီး ကာမဂုဏ်ခံစားမှုအတွက်သာဖြစ်စေခဲ့ကြပါသည်။

ထိုအရာများနှင့်ဆင်တူယိုးမှားအခြေအနေမျိုးတစ်ခုသည် ယခုအချိန်တွင်တည်ရှိနေပါသည်။ ပညတ်တော်နှင့်ကိုက်ညီသည်ဟုထင်သည့်အရာကို တရားလွန်လုပ်ဆောင်လျက်ရှိကြပါသည်။ ခံတွင်းအလိုလိုက်မှုကို အထိန်းအချုပ်မရှိလိုက်စားနေကြပါသည်။ ခရစ်တော်၏နောက်လိုက်များပါဟု ဖွင့်ဟဝန်ခံနေကြသောသူများသည် မိမိတို့၏အမည်များအား အသင်းတော်စာရင်းတွင်မှတ်တမ်းတင်ထားသည့်တစ်ချိန်တည်းမှာပင် ယနေ့တွင် အရက်သမားများနှင့်အတူသောက်စားမူးယစ်လျက်ရှိကြပါသည်။ ချုပ်တည်းမှုမရှိခြင်းသည် အကျင့်စာရိတ္တနှင့် ဝိညာဉ်ရေးတန်ခိုးများကိုထုံထိုင်းစေပြီး နိမ့်ကျသောကာမဂုဏ်ခံစားမှုများကိုလိုက်စားရန် လမ်းဖွင့်ပေးနေခြင်းဖြစ်နေပါသည်။ လူများစွာတို့က ကာမဂုဏ်ခံစားလိုသည့်စိတ်များကို ထိန်းချုပ်တားဆီးရန် မိမိတို့၌တာဝန်မရှိဟုထင်နေကြပြီး သူတို့သည် အလိုရမ္မက်၏ကျေးကျွန်များဖြစ်နေကြပါသည်။ ဤအသက်တာတွင် လောကစည်းစိမ်ခံစားရန်အတွက်သာ



သူတို့အသက်ရှင်နေထိုင်ကြပါတော့သည်။ စည်းမဲ့ကမ်းမဲ့လုပ်ဆောင်မှုများသည် လူမှုအသိုက်အဝန်းတွင်လွှမ်းမိုးနေပါသည်။ စည်းစိမ်ခံခြင်းနှင့်ပလွှားမှုများအတွက် ဖြောင့်မတ်ခြင်းလမ်းစဉ်ကို လက်လွှတ်အရှုံးခံနေကြပါသည်။ ချမ်းသာကြွယ်ဝရန်တက်သုတ်နှင်ခဲ့ကြသောသူများသည် တရားမျှတမှုများကို လမ်းလွဲစေခဲ့ကြပြီး ဆင်းရဲသားများကိုဖိနှိပ်ခဲ့ကြပါသည်။ “အစေခံကျွန်၊ လူဝိညာဉ်” တို့ကိုရောင်းကြဝယ်ကြဆဲဖြစ်ပါသည်။ လိမ်လည်မှု၊ တံစိုးလက်ဆောင်ပေးမှုနှင့် ခိုးမှုများသည် လူထုလူတန်းစားအသီးသီးတွင် မဆီးတားနိုင်လောက်အောင်ဖြစ်ပွားလျက်ရှိပါသည်။ သတင်းစကားများတွင် လူစိတ်မရှိတော့ဟုထင်ရလောက်အောင် သွေးအေးအေးဖြင့်အကြောင်းမဲ့သတ်ဖြတ်ခဲ့သောလူသတ်မှုသတင်းများဖြင့်ပြည့်နေပါသည်။ ဤယုတ်မာမှုများသည် နေရာတိုင်းလိုလိုတွင်ဖြစ်ပျက်နေသဖြင့် အံ့အားသင့်စရာ၊ ထင်မြင်ချက်ပေးစရာမလိုလောက်အောင်ဖြစ်ပါသည်။ ဤမင်းမဲ့စရိုက်များသည် တိုင်းပြည်အားလုံး၌စိမ့်ဝင်လျက်ရှိပါသည်။ ကမ္ဘာကြီးအား မကြာခဏကြောက်လန့်စိုးရိမ်မှုများကိုဖြစ်စေသော အဓိကရုဏ်းပြုမှုများသည် ကိလေသာစိတ်များနှင့် တရားလက်လွှတ်လုပ်ဆောင်စိတ်များကို အောင့်အည်းထားခြင်းများအတွက် ဖေါ်ညွှန်းမှုများသာဖြစ်ပါသည်။ ထိုအရာများကိုတစ်ကြိမ်တည်းထိန်းချုပ်မှုလွတ်သွားပါလျှင် ကမ္ဘာကြီးသည် အမင်္ဂလာများ၊ ပျက်သုဉ်းမှုများနှင့်ပြည့်ဝပေလိမ့်မည်။ ရေမလွှမ်းမိုးမီကတည်ရှိခဲ့သောကမ္ဘာကြီးအကြောင်းကိုဖွင့်ဆိုထားသည့်ရုပ်ပုံလွှာသည် ယခုခေတ်လူသားများအလျင်အမြန်ချဉ်းကပ်နေသောအခြေအနေနှင့်တစ်ထပ်တည်းရုပ်လုံးပေါ်လျက်ရှိပါသည်။ ဤရာစုနှစ်တွင်တည်ရှိနေကြသော ခရစ်ယာန်နိုင်ငံများ၌ပင် ကမ္ဘာဟောင်းမှလူသားများအားပျက်စီးဆုံးပါးစေခဲ့သည့်ကြောက်လန့်စရာပြစ်မှုမျိုးကို နေ့စဉ်နှင့်အမျှကြောက်ခမန်းလိလိကျူးလွန်နေကြပါသည်။

ရေမလွှမ်းမိုးမီခေတ်အချိန်က လူသားများအား နောင်တရ၍ ပျက်စီးဆုံးရှုံးခြင်းမှကင်းလွတ်စေရန် သတိပေးစကားများပြောကြားရန် ဘုရားသခင်သည် နောဧအားစေလွှတ်တော်မူခဲ့ပါသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခါနီး

အချိန်တွင် ထာဝရဘုရားသခင်သည် လူသားများအား ထိုနေ့ရက်ကြီးအတွက်ပြင်ဆင်ပေးရန် မိမိ၏ကျွန်များကိုစေလွှတ်တော်မူပါသည်။ လူအပေါင်းတို့သည် ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးလျက်ရှိကြပါသည်။ ကိုယ်တော်သည် ၎င်းတို့အား ပညတ်တော်အတိုင်းကျင့်ဆောင်ကြရန် ကရုဏာတော်အားဖြင့် ဆင့်ခေါ်တော်မူပါသည်။ ထာဝရဘုရားသခင်ထံတွင် နောင်တရကာ ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် မိမိတို့၏အပြစ်များကို စွန့်ပစ်သူအပေါင်းတို့အား အပြစ်လွှတ်ခြင်းအခွင့်ကိုပေးတော်မူနေပါသည်။ သို့ရာတွင် ထိုအပြစ်များကိုမစွန့်လွှတ်နိုင်လောက်အောင် ပညတ်တော်သည် ကြီးမားသောအနစ်နာခံမှုများကိုတောင်းဆိုနေသည်ဟု လူများစွာတို့ကအထင်ရှိနေကြပါသည်။ ၎င်းတို့၏အသက်တာများသည် ဘုရားသခင့်နိုင်ငံတော်၏ စင်ကြယ်သောစည်းမျဉ်းများနှင့်ဆီလျော်မှုမရှိကြသောကြောင့် ကိုယ်တော်၏ သတိပေးစကားများကို သူတို့ငြင်းပယ်ကြကာ ပညတ်တော်၏အာဏာတော်ကိုငြင်းပယ်နေကြပါသည်။

ရေမလွှမ်းမိုးမီအချိန်က အသက်ရှင်နေထိုင်ခဲ့ကြသောလူအပေါင်းများစွာထဲမှ လူရှစ်ယောက်သာလျှင် နောဧမှတစ်ဆင့်မိန့်ဆိုခဲ့သော ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုယုံကြည်နားထောင်ခဲ့ကြပါသည်။ ဖြောင့်မတ်သောထိုတရားဟောဆရာသည် ကမ္ဘာကြီးပျက်စီးတော့မည့်အကြောင်းကို နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်လုံးလုံးသတိပေးခဲ့သော်လည်း သူဟောပြောခဲ့သောသတင်းစကားကိုငြင်းပယ်ကာ မထီမဲ့မြင်ပြုခဲ့ကြပါသည်။ ယခုအချိန်တွင်လည်း ထိုနည်းနှင်နှင်ဖြစ်ပျက်ပါလိမ့်မည်။ ထာဝရဘုရားသခင်သည် နားမထောင်သူများအား အပြစ်ဒဏ်စီရင်ရန်ကြွမလာမီတွင် ပညတ်တော်လွန်ကျူးသူများကို နောင်တရ၍ ထာဝရဘုရားသခင်ကိုပြန်လည်သစ္စာစောင့်သိကြရန် သတိပေးတော်မူခဲ့သော်လည်း လူအများစုအတွက် ဤသတင်းစကားများသည် အချည်းနှီးသာဖြစ်သွားပေလိမ့်မည်။ "နောက်ဆုံးသောကာလ၌ ပြက်ရယ်ပြုတတ်သောသူများသည် မိမိတို့၏တပ်မက်ခြင်းအတိုင်းကျင့်နေ၍ ဘုရားသခင်ကြွလာမည်ဟူသောကတိတော်သည် အဘယ်မှာရှိသနည်း။ ဘိုးဘေးများအိပ်ပျော်



သည်နောက် ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြသည်ဟုဆိုလျက် ကဲ့ရဲ့ခြင်းနှင့်တကွပေါ်လာလိမ့်မည်" ဟုတမန်တော်ပေတရုကဖွင့်ဆိုခဲ့ပါသည်။ ဤစကားများကို ဘာသာတရားမရှိသောသူများကသာမက ကျွန်ုပ်တို့နိုင်ငံ(အမေရိကန်နိုင်ငံ)မှတရားဟောစင်မြင့်များထက်တွင် တရားဟောခွင့်ရသူများကပင် ထပ်ခါတလဲလဲပြောနေကြသည်ကို ကျွန်ုပ်တို့ကြားနေရသည်မဟုတ်ပါလား။ "ကြောက်လန့်စိုးရိမ်စရာအကြောင်းမရှိပါ။ ခရစ်တော်ကြွလာတော်မမူမီတွင် တစ်ကမ္ဘာလုံးသည် ပြောင်းလဲခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်သူများသည် နှစ်ပေါင်းတစ်ထောင်စိုးစံကြလိမ့်မည်။ ငြိမ်သက်ခြင်းရှိကြပါ၊ ငြိမ်သက်ခြင်းရှိကြပါ၊ အရာခပ်သိမ်းတို့သည် ကမ္ဘာဦးမှစ၍ဖြစ်ခဲ့ကြသကဲ့သို့ ဆက်လက်ဖြစ်ပျက်ကြလိမ့်မည်။ ဤခြောက်လန့်မှုများ၏စိတ်လှုပ်ရှားဖွယ်သတင်းစကားများကြောင့် မည်သူမျှစိတ်အနှောင့်အယှက်မဖြစ်ကြပါနှင့်" ဟု သူတို့ကအော်ဟစ်ကြွေးကြော်ကြပါသည်။ သို့ရာတွင် နှစ်ပေါင်းတစ်ထောင်နှင့်ပတ်သက်သော ဤဩဝါဒသည် ခရစ်တော်နှင့်တမန်တော်များတို့၏သွန်သင်ချက်များနှင့်ဆီလျော်မှုမရှိကြပါ။ "လူသားသည်ကြွလာသောအခါ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာတွေ့မည်လော" ဟူသောအရေးကြီးသည့်မေးခွန်းတစ်ခုကို ခရစ်တော်မေးခဲ့ပါသည်။ ၎င်းပြင် ကမ္ဘာကြီးသည် နောဧခေတ်မှာကဲ့သို့ဖြစ်လိမ့်မည်ဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့သည့်အတိုင်း ဖြစ်ပျက်လျက်ရှိကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြရပါသည်။ "ဝိညာဉ်တော်သည် အတိအလင်းကြိုတင်ဟောထားတော်မူသည်ကား၊ နောင်ကာလ၌ ဩတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်းကိုခံပြီးလျှင် မုသားစကားကိုပြောတတ်သောသူတို့၏လျှို့ဝှက်ခြင်းအားဖြင့် လူအချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍ လှည့်ဖြားတတ်သောစိတ်ဝိညာဉ်တို့၌လည်းကောင်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သောဩဝါဒတို့၌လည်းကောင်း မှီဝဲဆည်းကပ်ကြလိမ့်မည်" ဟူ၍ ကပ်ကမ္ဘာကုန်ဆုံးခါနီးအချိန်တွင် တိုးပွားလာမည့်ဆိုးယုတ်မှုများကို ရှင်ပေါလုကကျွန်ုပ်တို့အားအသိပေးထားပါသည်။ "နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်လိမ့်မည်" ဟုလည်း ထိုတမန်တော်ကြီးက ဖွင့်ဆိုထားပါသည်။ ၎င်းပြင်

ဘုရားသခင်ဝတ်၌မွေ့လျော်ယောင်ဆောင်သူများထဲတွင် တွေ့မြင်ကြရမည့်ကြောက်လန့်ဖွယ်ရာအပြစ်ဒုစရိုက်စာရင်းကိုလည်း ဆက်လက်ဖေါ်ပြထားပါသည်။

ရေမလွှမ်းမိုးမီခေတ်မှလူသားများသည် ၎င်းတို့အတွက်ကရုဏာတော်အချိန်ကုန်ဆုံးလုဆဲဆဲကလေးတွင် စိတ်လှုပ်ရှားဖွယ်သောအပျော်အပါးများနှင့်ပွဲလမ်းသဘင်များကိုသာလိုက်စားခဲ့ကြပါသည်။ လူအချို့သည် အရေးကြီးသောထိုနောက်ဆုံးသတိပေးချက်ကိုစွဲလမ်းသွားမည်စိုးသဖြင့် သြဇာတိက္ကမရှိသူများက၎င်းတို့အား ပျော်ပွဲရွှင်ပွဲများနှင့် အပျော်အပါးများတွင် စိတ်စွဲလမ်းသွားစေရန်လူများ၏စိတ်ကိုထိန်းထားလိုကြပါသည်။ ထိုကဲ့သို့သောဖြစ်ရပ်များ ယနေ့တွင်လည်းဖြစ်ပျက်လျက်ရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်ကြရသည်မဟုတ်ပါလား။ ဘုရားသခင်၏အစေခံကျွန်များသည် အရာခပ်သိမ်းတို့၏အဆုံးသည်ရောက်တော့မည်ဟုဟောကြားနေစဉ်တွင် ကမ္ဘာကြီးသည် အပျော်အပါးနှင့်ကာမဂုဏ်ခံစားမှုများတွင် နစ်မျောနေပါသည်။ ထာဝရဘုရားသခင်ကိုစိတ်မဝင်စားစေသည့်အပြင် ပျက်စီးခြင်းမှလွတ်မြောက်စေမည့်တစ်ခုတည်းသောသမ္မာတရားကို လူအများအားစိတ်စွဲလမ်းမှုမရှိစေသည့် စိတ်လှုပ်ရှားစရာများသည် အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိပါသည်။

နောဧလက်ထက်က ဒဿနပညာရှင်များသည် ကမ္ဘာကြီးအားရေအားဖြင့်ဖျက်ဆီးမည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်းဖွင့်ဆိုကြသည်နည်းတူယခုခေတ်တွင်လည်း ကမ္ဘာကြီးသည် မီးအားဖြင့်ဖျက်ဆီးခြင်းခံရမည်ဆိုသည်မှာမဖြစ်နိုင်ကြောင်း၊ ထိုအရာသည် သဘာဝတရားများနှင့်ဆီလျော်မှုမရှိကြောင်းသက်သေပြရန် ကြိုးစားနေကြသည့်သိပ္ပံပညာရှင်များရှိကြပါသည်။ သို့ရာတွင်သဘာဝပစ္စည်းများကို ပိုင်သတော်မူသောဘုရားသခင်၊ သဘာဝတရားများကိုထိန်းချုပ်တော်မူသောထိုအရှင်သည် မိမိအလိုတော်အတိုင်းလုပ်ဆောင်ရန်မိမိဖန်ဆင်းတော်မူသည့်အရာများကို အသုံးပြုနိုင်တော်မူပါသည်။

ကမ္ဘာကြီးအား ရေအားဖြင့်ဖျက်ဆီးမည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်းပညာရှင်များက မိမိတို့အလိုပြည့်ရန်သက်သေထူနေသောအချိန်တွင်





လူသားများ၏ကြောက်ရွံ့ရှိသေစိတ်၊ လှုပ်ရှားမှုမရှိသောအချိန်များတွင် နောဧဟောကြားသည့်ကြိုတင်ဟောထားချက်စကားကိုလှည့်ဖြားမှုတစ်ရပ်ဖြစ်သည်ဟုအားလုံးကမှတ်ယူကာ နောဧအားတစ်ယူသန်သမားတစ်ဦးဟု ရှုမြင်နေကြစဉ်၌ထာဝရဘုရားသခင်၏အချိန်သည်ရောက်ရှိလာခဲ့ပါသည်။ ကြီးစွာသောနက်နဲရာရေပေါက်ရေတွင်းတို့၏အဆီးအတားရှိသမျှကိုပယ်ရှင်း၍ မိုးကောင်းကင်ပြွန်ဝများကိုဖွင့်သဖြင့် "ပြက်ရယ်ပြုသောသူများသည် ရေလွှမ်းမိုးမှုဒဏ်ကိုခံခဲ့ကြရပါသည်။ လူသားများသည် ၎င်းတို့၏ကြွားဝါနေသောဒဿနများကြောင့်၎င်းတို့၏ဉာဏ်ပညာများသည် မိုက်မဲမှုများသာဖြစ်ကြောင်း၊ သဘာဝတရားကိုဖန်ဆင်းတော်မူသောထာဝရဘုရားသခင်သည် သဘာဝတရားထက်ကြီးမြတ်ကြောင်း၊ ထာဝရတန်ခိုးရှင်သည် မိမိအကြံအစည်တော်ကိုပြီးမြောက်အောင်ဆောင်ရွက်ရန် နည်းလမ်းများအတွက် အကြံအိုက်တော်မမူကြောင်း သူတို့အသိနောက်ကျခဲ့ပါသည်။ 'နောဧလက်ထက်၌ဖြစ်သကဲ့သို့ လူသား၏လက်ထက်၌ဖြစ်လိမ့်မည်၊ လူသားပေါ်ထွန်းသောနေ့၌ဖြစ်လိမ့်မည်။' သူခိုးသည် ညအခါလာသကဲ့သို့ ထာဝရဘုရားသခင်၏နေ့ရက်သည်လာလိမ့်မည်။ ထိုနေ့၌မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓါတ်တို့သည်ပူအားကြီး၍ ပျက်ကြလိမ့်မည်၊ မြေကြီးကိုယ်မှစ၍မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။" ဒဿနပညာရှင်များ၏ဆင်ခြင်သုံးသပ်မှုများသည် ဘုရားသခင်၏အပြစ်ဒဏ်စီရင်မှုကို ကြောက်ရွံ့မှုမရှိသောအချိန်တွင် ဘာသာရေးဆရာများသည်သာယာဝပြောမှုနှင့်ပြည့်စုံသော ရှည်လျားသောခေတ်များကိုပြညွှန်လျက်ရှိပြီးကမ္ဘာကြီးသည် စီးပွားရေးလုပ်ငန်းများ၊ အပျော်အပါးလိုက်စားမှုများ၊ ဥယျာဉ်ခြံများတည်ထောင်ခြင်း၊ အိမ်ဆောက်ခြင်း၊ စားပွဲသောက်ပွဲများကျင်းပခြင်း၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်း၊ ဘုရားသခင်၏သတိပေးစကားများကိုငြင်းပယ်လျက်ကိုယ်တော်၏စေတမန်များအားပြက်ရယ်ပြုမှုများနှင့်သာ အချိန်ကုန်နေစဉ်တွင်ထိုသူတို့အပေါ်သို့လျင်မြန်စွာပျက်စီးခြင်းရောက်၍ သူတို့သည် လွတ်ခြင်းအခွင့်ကိုရရှိကြတော့မည်မဟုတ်ချေ။

* * *

## (၈)
# ရေလွှမ်းမိုးပြီးကာလ

ရေထုသည် အမြင့်ဆုံးသောတောင်ထိပ်၏အထက်တစ်ဆယ့်ငါးတောင်ခန့်လွှမ်းမိုးထားပါသည်။ သင်္ဘောထဲတွင်ရှိနေသော နောဧတို့မိသားစုမှာ ပျက်စီးဆုံးရှုံးကြတော့မယောင်ဖြစ်နေပါသည်။ အကြောင်းမှာ ၎င်းတို့၏သင်္ဘောကြီးသည် လှိုင်းလေများကြားဝယ် ငါးလလုံးလုံးလူးလာခတ်နေခဲ့ပါသည်။ ထိုအရာသည် ပြင်းထန်သောစမ်းသပ်မှုတစ်ခုဖြစ်ခဲ့သော်လည်း လက်တော်သည် သင်္ဘော၏ပဲ့ကိုကိုင်ထားတော်မူကြောင်း အာမခံချက်ရရှိထားသောကြောင့် နောဧ၏ယုံကြည်ခြင်းသည် လှုပ်ရှားတိမ်းယိုင်မှုမရှိခဲ့ပါချေ။

ရေကျစပြုလာသောအချိန်တွင် ထာဝရဘုရားသခင်သည် မိမိ၏တန်ခိုးတော်အားဖြင့် ဆက်လက်တည်ရှိစေခဲ့သောတောင်တန်းကြီးများက အကာအကွယ်ပေးနိုင်မည့်နေရာတစ်ခုဆီသို့ သင်္ဘောအားမျောပါသွားစေခဲ့ပါသည်။ ဤတောင်တန်းကြီးများသည် တစ်တောင်နှင့်တစ်တောင်မလှမ်းမကမ်းသာဝေးပြီး ထိုသင်္ဘောကြီးသည် ဘေးကင်းရာဤနေရာတစ်ဝိုက်တွင်သာ လှုပ်ရှားမျောပါနေခဲ့ပြီး ထိုနေရာ၌ပင်သောင်တင်ခဲ့ပါသည်။ ဤအရာသည် မုန်တိုင်းဒဏ်ခံခဲ့ရသောထိုခရီးသွားများအား ကြီးမားသောစိတ်သက်သာမှုကို ဖြစ်စေခဲ့ပါသည်။

နောဧနှင့်မိသားစုများသည် ကမ္ဘာမြေပြင်ပေါ်တွင် တစ်ဖန်ခြေချလိုကြသည့်အတွက် ရေကျသွားမည့်အချိန်ကိုစိုးရိမ်တကြီးစောင့်စားခဲ့ကြပါသည်။ တောင်ထိပ်များပေါ်လာပြီးနောက် ရက်ပေါင်းလေးဆယ်အကြာတွင် ကမ္ဘာမြေပေါ်တွင်ရေခြောက်မခြောက်သိရှိနိုင်ရန် ကျီးအတစ်ကောင်ကိုစေလွှတ်ခဲ့ပါသည်။ ဤငှက်သည် ရေမှလွဲ၍ မည်သည့်အရာကိုမျှမတွေ့ရှိသဖြင့် သင်္ဘောကြီးဆီသို့ပြန်လာခဲ့ပါသည်။ ခုနစ်ရက်လွန်သော် ချိုးငှက်တစ်ကောင်ကိုတစ်ဖန်စေလွှတ်ခဲ့ရာ ခြေချစရာနေရာမတွေ့ရှိသည့်အတွက် သင်္ဘောဆီသို့ ပြန်လာခဲ့ပါသည်။ နောဧသည် နောက်ထပ်ခုနစ်ရက်တိတိစောင့်ဆိုင်းပြီးနောက်



ချိုးငှက်တစ်ကောင်ကိုနောက်တစ်ဖန်လွှတ်လိုက်ပြန်သည်။ ညနေပိုင်းသို့ရောက်သောအခါ ထိုချိုးငှက်ကလေးသည် သံလွင်ရွက်တစ်ရွက်ကိုချီ၍ ပျံသန်းလာသည်ကိုတွေ့ကြရသဖြင့် သူတို့ဝမ်းမြောက်ကြပါသည်။ ထိုနောက် "နောဧသည် သင်္ဘောမိုးကိုပယ်ဖျက်၍ကြည့်ရှုသောအခါ မြေမျက်နှာသွေ့ခြောက်စရှိသည်ကိုမြင်၏။" သူသည် သင်္ဘောထဲသို့ဝင်စဉ်က ဘုရားသခင်၏အမိန့်တော်အားဖြင့် ဝင်ခဲ့သည့်နည်းတူ သင်္ဘောမှထွက်ခွာရန်အတွက်လည်း ဘုရားသခင်ထံမှအထူးညွှန်ကြားချက်ကိုစောင့်စားရင်း ထိုသင်္ဘောထဲမှာပင် ဆက်လက်၍သည်းခံပြီးစောင့်စားခဲ့ပါသည်။

အဆုံးတွင် ကောင်းကင်တမန်တစ်ပါးသည် ကောင်းကင်နိုင်ငံမှ ဆင်းကြွလာကာ ကြီးမားသောသင်္ဘောတံခါးကြီးကိုဖွင့်လိုက်ပြီး နောဧနှင့်တကွ မိသားစုများအား အသက်ရှင်လျက်ရှိသောသတ္တဝါများနှင့်အတူ မြေပြင်ပေါ်သို့ ဆင်းကြရန် အမိန့်ပေးလိုက်ပါသည်။ သင်္ဘောထဲမှထွက်လာခွင့်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဝမ်းသာဖြစ်နေသောနောဧသည် ၎င်းတို့အားမစောင့်ရှောက်သောကိုယ်တော်ရှင်အား မမေ့လျော့ခဲ့ချေ။ သင်္ဘောမှဆင်းလာပြီးနောက် ပထမဦးဆုံးသူလုပ်ဆောင်သည့်အရာမှာ ယဇ်ပလ္လင်တည်ဆောက်၍ စင်ကြယ်သောသားရဲသားယဉ်နှင့်ငှက်တစ်မျိုးစီမှ အပြစ်အနာအဆာကင်းသော အကောင်များကို ယဇ်ပူဇော်ခြင်းပင်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ကယ်လွှတ်ခြင်းအတွက် ဘုရားသခင်အားကျေးဇူးတင်ကြောင်းနှင့် မဟာယဇ်ကောင်ကြီးဖြစ်သည့်ခရစ်တော်အပေါ်ထားရှိသည့်ယုံကြည်ခြင်းအကြောင်းကို ထင်ရှားစေခဲ့ပါသည်။ ဤပူဇော်သကာကို ထာဝရဘုရားသခင်နှစ်သက်တော်မူသဖြင့် နောဧနှင့်မိသားစုများအတွက်သာမက ကမ္ဘာပေါ်တွင်အသက်ရှင်နေထိုင်ကြမည့် လူသားအားလုံးအတွက်ပါ ကောင်းချီးမင်္ဂလာတစ်ခုဖြစ်စေခဲ့ပါသည်။ "ထာဝရဘုရားသခင်သည်လည်း မွှေးကြိုင်သောအနံ့ကိုခံယူ၍ ငါသည် နောက်တစ်ဖန်လူတို့အတွက် မြေကြီးကိုမကျိန်---မြေကြီးမကုန်မီတိုင်အောင် မျိုးစေ့ကြဲရသောကာလ၊ အသီးအနှံကိုသိမ်းရသောကာလ၊ ချမ်းသောကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလမပြတ်ရဟုမိန့်တော်မူ၏။" ဤနေရာတွင်

နောင်လာနောက်သားများအတွက် သင်ခန်းစာတစ်ခုရှိပါသည်။ နောဧသည် ပျက်ပြုန်းနေသောကမ္ဘာကြီးပေါ်သို့ဆင်းသက်လာခဲ့ပြီး မိမိတို့နေထိုင်စရာနေအိမ်များကိုမဆောက်လုပ်မီ ဘုရားသခင်အတွက် ယဇ်ပလ္လင်တစ်ခုကို တည်ဆောက်ခဲ့ပါသည်။ သိုးနွားများသည် အနည်းငယ်သာရှိနေသော်လည်း ထိုတိရစ္ဆာန်များသည် ကိုယ်တော်ရှင်ပိုင်သောအရာများအဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် အချို့တစ်ဝက်ကို ထာဝရဘုရားသခင်ထံသို့ ဝမ်းပန်းတသာလှူဒါန်းခဲ့ပါသည်။ ထိုနည်းနှင်နှင် ကျွန်ုပ်တို့သည်လည်း ထာဝရဘုရားသခင်ထံသို့ ရှေးဦးစွာလှူဒါန်းပူဇော်မှုများကိုပြုလုပ်သင့်ကြပါသည်။ “ကျွန်ုပ်တို့အပေါ်ထင်ရှားလျက်ရှိသော ကိုယ်တော်ရှင်၏ကရုဏာတော်နှင့်မေတ္တာတော်ကို ဝတ်ပြုမှုဆိုင်ရာလုပ်ဆောင်မှုများနှင့်အမှုတော်အတွက် လှူဖွယ်ဝတ္ထုများကို ပေးလှူခြင်းအားဖြင့် ဝမ်းပန်းတသာအသိအမှတ်ပြုနိုင်ကြပါသည်။

မိုးတိမ်များတက်လာခြင်းနှင့်မိုးရွာသွန်းမှုများကြောင့် နောက်တစ်ခါရေလွှမ်းမိုးခြင်းဖြစ်မည်ကို လူသားတို့စိုးရွံ့ကြောက်လန့်နေမည်စိုးသဖြင့် ထာဝရဘုရားသခင်သည် နောဧတို့မိသားစုအား ကတိထားတော်မူသည်မှာ “သင်တို့နှင့်ငါပြုသောပဋိညာဉ်ဟူမူကား ရေလွှမ်းမိုးခြင်းအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တစ်ဖန်မဆုံးရကြ။ မြေကြီးကိုဖျက်ဆီးဖို့ရာ နောက်တစ်ဖန်ရေလွှမ်းမိုးခြင်းမရှိရ။ ထိုမှတစ်ပါး ငါ့တစ်ဖက် သင်တို့နှင့် သင်တို့ထံမှာအသက်ရှင်သမျှသောတိရစ္ဆာန်တို့တစ်ဖက်၌---ငါပြုသော ပဋိညာဉ်၏လက္ခဏာသက်သေဟူမူကား၊ ငါ၏သက်တံကို မိုးတိမ်မှာ ငါထား၏။ ထိုသက်တံသည် မြေကြီးနှင့်ငါပြုသောပဋိညာဉ်၏သက်သေဖြစ်လိမ့်မည်။---မိုးတိမ်၌သက်တံရှိသည်ကိုငါကြည့်ရှုသဖြင့် ဘုရားသခင်နှင့်မြေကြီးပေါ်မှာအသက်ရှင်သောသတ္တဝါတိရစ္ဆာန်အပေါင်းတို့စပ်ကြားမှာရှိသော ထာဝရပဋိညာဉ်ကိုငါအောက်မေ့မည်” ဟူ၍ဖြစ်၏။

လူသားများနှင့်ပြုသည့် ကိုယ်တော်၏ပဋိညာဉ်အထိမ်းအမှတ်တစ်ခုအဖြစ် မိုးတိမ်ထဲတွင်လှပသောသက်တံတစ်ခုကိုတည်ရှိစေခြင်းအမှုတွင် ထာဝရဘုရားသခင်၏နှိမ့်ချမှုနှင့်လမ်းမှန်မှသွေဖည်သွားသောသက်ရှိသတ္တဝါများအပေါ်



ထားရှိသည့် ကိုယ်တော်၏မေတ္တာတော်သည် ကြီးမြတ်လှစွတကား။ ထာဝရဘုရားသခင်သည် ထိုသက်တံကိုကြည့်ရှုသည့်အခါတွင် ကိုယ်တော်၏ပဋိညာဉ်ကိုသတိရအောက်မေ့တော်မူမည်အကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။ ထိုသို့မိန့်တော်မူရာတွင် ကိုယ်တော်သည် မေ့လျော့တတ်သည်ဟုမဆိုလိုပါ။ သို့ရာတွင် ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်အားပိုမိုနားလည်မှုရှိစေရန် ကျွန်ုပ်တို့၏စကားအသုံးအနှုန်းဖြင့်ပြောဆိုနေခြင်းသာဖြစ်ပါသည်။ နောင်လာနောက်သားများသည် ကောင်းကင်ယံတွင်ပေါ်ထွန်းသည့်သက်တံကွေးကွေး၏ အဓိပ္ပါယ်ကိုမေးသောအခါ ရေလွှမ်းမိုးခြင်းအတ္ထုပ္ပတ္တိအကြောင်းကိုလည်းကောင်း၊ ကမ္ဘာကြီးအား နောက်တစ်ဖန်ရေလွှမ်းမိုးခြင်းအားဖြင့် ဖျက်ဆီးတော့မည် မဟုတ်ကြောင်း အာမခံတစ်ခုအနေဖြင့် မိုးတိမ်ယံတွင် သက်တံကိုထားခဲ့ခြင်းဖြစ်ကြောင်းကိုလည်းကောင်း မိဘများကပြန်လည်ပြောပြကြရန် ထာဝရဘုရားသခင်ရည်ရွယ်တော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် ထိုသက်တံသည် နောင်လာနောက်သားများအား လူသားများအပေါ်ထားရှိသည့် ထာဝရဘုရားသခင်၏မဟာမေတ္တာတော်ကိုသက်သေခံကာ ထာဝရဘုရားသခင်အပေါ် ယုံကြည်စိတ်ချမှုတိုးပွားစေပါလိမ့်မည်။

ကောင်းကင်နိုင်ငံတော်တွင် သက်တံနှင့်တူသည့်အရာတစ်ခုသည် ပလ္လင်နှင့်တကွ ခရစ်တော်၏ဦးခေါင်းတော်ကိုပတ်ရစ်ထားပါသည်။ “ထိုသို့ထွန်းတောက်သောအရောင်သည် မိုးရွာသောနေ့တွင် မိုးတိမ်၌ပေါ်သော သက်တံ၏အရောင်ကဲ့သို့ဖြစ်၏။ ဤရွေ့ကား ထာဝရဘုရားသခင်၏ဘုန်းတော်သဏ္ဌာန်အဆင်းအရောင်ဖြစ်သတည်း” ဟူ၍ ပုရောဖက်ယေဇကျေလဖွင့်ဆိုထားပါသည်။ “ကောင်းကင်ဘုံ၌ ပလ္လင်တစ်ခုတည်လျက်ရှိ၏။ ပလ္လင်ပေါ်မှာထိုင်သောသူသည်လည်းရှိ၏။---ပလ္လင်၏ပတ်ဝန်းကျင်၌ကား မြကျောက်အဆင်းအရောင်နှင့်တူသောသက်တံရှိ၏” ဟူ၍လည်း ရှင်ယောဟန်က ဖွင့်ဆိုထားပါသည်။ လူသားများသည် မိမိတို့၏မကောင်းမှုလုပ်ရပ်များအားဖြင့် ဘုရားသခင်၏အမျက်တော်ကိုနှိုးဆွသောအချိန်တွင် ကယ်တင်ရှင်သည် နောင်တရသောအပြစ်သားများအပေါ်ထားရှိသည့် ဘုရားသခင်၏ကရုဏာတော်၏

အထိမ်းအမှတ်တစ်ခုအနေဖြင့် မိုးတိမ်ထက်တွင်ရှိနေသောသက်တံကိုလည်းကောင်း၊ ပလ္လင်တော်နှင့်ဦးခေါင်းတော်ထက်တွင်ရှိနေသောသက်တံကိုလည်းကောင်း ပြည့်ဝန်လျက် ကြားဖျန်ဖြေရေးအမှုတော်ကိုဆောင်ရွက်ပါသည်။

ထာဝရဘုရားသခင်သည် ရေလွှမ်းမိုးခြင်းနှင့်ပတ်သက်၍ နောဧအား အာမခံချက်ပေးတော်မူရာတွင် မိမိ၏ကျေးဇူးတော်နှင့်ယှဉ်သော အဖိုးတန်သည့် ကတိတော်များမှတစ်ခုကို ဆက်စပ်ဖော်ပြတော်မူခဲ့ပါသည်။ ၎င်းမှာ "နောဧလက်ထက်၌လွှမ်းမိုးသောရေကို ငါသည်မှတ်၍ ထိုရေသည် မြေကြီးကိုနောက်တစ်ဖန်မလွှမ်းမိုးရဟု ကျိန်ဆိုခြင်းကိုပြုသည်နည်းတူ သင့်ကိုအမျက်မထွက်မဆုံးမဟုကျိန်ဆိုခြင်းကိုပြုပြီ။ တောင်ကြီးတို့သည်ရွေ့၍ တောင်ငယ်တို့သည်လှုပ်ရှားသော်လည်း ငါ၏မေတ္တာသည် သင်မှမရွေ့ရ။ ငါ၏ငြိမ်သက်ခြင်းပဋိညာဉ်လည်းမလှုပ်ရှားရဟု သင်၌ သနားခြင်းကရုဏာစိတ်ရှိတော်မူသောထာဝရဘုရားသခင်မိန့်တော်မူ၏။"

နောဧသည် သင်္ဘောထဲမှ မိမိနှင့်အတူဆင်းလာခဲ့သော သားရဲတိရစ္ဆာန်များကိုကြည့်ရင်း အရေအတွက်အားဖြင့်ရှစ်ဦးသာရှိသော မိမိတို့၏မိသားစုအား ရန်ပြုမည်ကိုစိုးရိမ်လာခဲ့ပါသည်။ သို့သော် ထာဝရဘုရားသခင်သည် အာမခံချက်ပေးသောသတင်းစကားကိုပါးရန် နောဧထံသို့ ကောင်းကင်တမန်တစ်ပါးကိုစေလွှတ်ကာ "မြေတိရစ္ဆာန်၊ မိုးကောင်းကင်ငှက်အစရှိသော မြေပေါ်မှာလှုပ်ရှားတတ်သမျှနှင့် ပင်လယ်ငါးအပေါင်းတို့သည် သင်တို့ရှေ့မှာကြောက်ရွံ့တုန်လှုပ်ခြင်းသဘောရှိရကြလိမ့်မည်။ ထိုတိရစ္ဆာန်တို့ကို သင်တို့လက်၌ငါအပ်၏။ အသက်ရှင်၍လှုပ်ရှားတတ်သမျှသည် အသီးအရွက်ကဲ့သို့ သင်တို့စားစရာဖို့ဖြစ်ရလိမ့်မည်။ ခပ်သိမ်းသောအရာတို့ကို သင်တို့၌ငါအပ်ပေး၏" ဟုမိန့်တော်မူ၏။ ထိုအချိန်မတိုင်မီတွင် ဘုရားသခင်သည် လူသားများအား တိရစ္ဆာန်အသားများကိုစားခွင့်မပြုခဲ့ချေ။ လူသားတို့သည် မြေအသီးအနှံများကိုသာမှီဝဲ၍ အသက်မွေးကြရန် ရည်ရွယ်တော်မူခဲ့သော်လည်း ယခုတွင် စိမ်းသောအပင်တိုင်းသည် ပျက်စီးကုန်ကြပြီးဖြစ်သဖြင့် သင်္ဘောထဲတွင်အသက်မသေဘဲ ကျန်ရစ်ခဲ့သည့်စင်ကြယ်သောတိရစ္ဆာန်များ၏အသားများကိုစားခွင့်ပြုတော်မူခဲ့ပါသည်။



ရေလွှမ်းမိုးမှုကြောင့် ကမ္ဘာမြေမျက်နှာပြင်တစ်ခုလုံးသည် ပြောင်းလဲမှုရှိသွားခဲ့ပါသည်။ အပြစ်တရားကြောင့် တတိယမြောက်ကြောက်လန့်ဖွယ်ရာကျိန်ခြင်းအမင်္ဂလာသည် ကမ္ဘာပေါ်သို့ကျရောက်ခဲ့ပါသည်။ ရေကျစပြုသောအချိန်တွင် တောင်ကုန်းများကိုနောက်ကျိနေသောရေပြင်ကျယ်ကြီးဖြင့်ဝန်းရံထားပါသည်။ နေရာတကာတွင် လူသေလောင်းများ၊ တိရစ္ဆာန်အသေကောင်များနှင့်ပြန့်ကြဲနေပါသည်။ ထာဝရဘုရားသခင်သည် ဤအလောင်းများ၏ပုပ်သိုးနံစော်မှုကြောင့် လေထုညစ်ညမ်းမှုမဖြစ်စေလိုသောကြောင့် ဤကမ္ဘာကြီးအား သင်္ချိုင်းတစပြင်ကြီးအသွင်သို့ကူးပြောင်းစေခဲ့ပါသည်။ ရေများကိုခြောက်သွေ့သွားစေရန်ရည်ရွယ်ချက်ဖြင့် တိုက်ခတ်စေခဲ့သောပြင်းထန်သည့်လေတိုက်ခိုက်မှုကြောင့် ကြီးမားသောအဟုန်ဖြင့် တောင်များမှအပေါ်ယံမြေများသည် လွင့်ပါသွားကာ သစ်ပင်များ၊ ကျောက်တုံးများကိုလည်း ထိုအသေကောင်များအပေါ်တွင် စုပုံစေခဲ့ပါသည်။ ကမ္ဘာကြီးကိုရေမလွှမ်းမိုးမီကအလှဆင်ခဲ့သောရွှေငွေရတနာများ၊ လူကြိုက်များသောသစ်ပင်များနှင့် လူသားများရုပ်တုလုပ်ခဲ့သောသစ်ပင်များသည် ထိုနည်းအားဖြင့် လူသားများမမြင်နိုင်၊ လက်လှမ်းမမီနိုင်သည့်နေရာသို့ရောက်ရှိသွားခဲ့ကြပါသည်။ ရေထု၏ပြင်းထန်သောလှုပ်ရှားမှုကြောင့် ထိုရတနာများအပေါ်တွင် ကျောက်တုံး၊ ကျောက်ခဲများစုပုံခဲ့ကြသဖြင့် အချို့နေရာများတွင် ထိုရတနာများပေါ်၌ တောင်များပင်ဖြစ်ပေါ်တည်ရှိနေကြောင်းတွေ့ရပါသည်။ ဒုစရိုက်ကျူးလွန်သောလူသားများအား ကြွယ်ဝချမ်းသာမှုများကိုပေးသနားလေလေ၊ လူသားများသည် မိမိ၏ရှေ့တွင်ဖေါက်ပြန်သောလမ်းများကိုလိုက်လေလေဖြစ်ကြောင်း ထာဝရဘုရားသခင်မြင်တွေ့တော်မူခဲ့ပါသည်။ ၎င်းတို့ကိုရက်ရောစွာပေးသနားတော်မူသည့် ထာဝရဘုရားသခင်အား ချီးမွမ်းထောမနာပြုစေမည့် ထိုရတနာများကို သူတို့ဝတ်ပြုကိုးကွယ်နေခဲ့ကြသည့်တစ်ချိန်တည်းမှာပင် ထာဝရဘုရားသခင်ကို သူတို့ရှုတ်ချကာ မခန့်မညားပြုခဲ့ကြပါသည်။

ကမ္ဘာမြေကြီးပြင်၏ပုံပန်းလက္ခဏာမှာ ဖော်ပြခြင်းငှာမစွမ်းနိုင်လောက်အောင် အရုပ်ဆိုးလျက်ရှိပါသည်။ တစ်ချိန်ကအချိုးအစားကျနစွာဖြင့် လှပ

တင့်တယ်သောတောင်များသည် ကျိုးပဲ့ပျက်စီးကာ ပုံသဏ္ဌာန်မမှန်ကြတော့ချေ။ ယခုအချိန်တွင် ကမ္ဘာကြီး၏မျက်နှာပြင်ပေါ်ဝယ် ကျောက်တုံးများ၊ ကျောက်ဆောင်များ၊ ကျောက်ကြမ်းများပေါ်ထွက်လာခဲ့ချေပြီ။ နေရာအတော်များများတွင် တောင်ကုန်းများ၊ တောင်တန်းကြီးများလုံးလုံးပျောက်ကွယ်သွားပြီး တစ်ချိန်ကတည်ရှိခဲ့မှုအတွက် အစအနကိုမျှရှာ၍မတွေ့တော့ဘဲ လွင်ပြင်များတွင် တောင်တန်းကြီးများပေါ်ထွန်းလာခဲ့ပါသည်။ ဤပြောင်းလဲမှုကို အချို့နေရာများတွင် ထင်ထင်ရှားရှားတွေ့မြင်နေရပါသည်။ တစ်ချိန်က ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများနှင့်ပေါကြွယ်ဝခဲ့သောကမ္ဘာကြီးတွင် ကျိန်ခြင်းအမင်္ဂလာ၏ကြီးမားသောအမှတ်အသားများကိုတွေ့မြင်နေရပါသည်။ လူသူမနေထိုင်ခဲ့သောနေရာများနှင့် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသောနေရာများတွင် ကျိန်ခြင်းအမင်္ဂလာကျရောက်မှုနည်းပါးခဲ့ပါသည်။

ဤအချိန်တွင် အလွန်ထူထပ်သောသစ်တောကြီးများသည် မြေကြီးအောက်သို့ရောက်ရှိသွားခဲ့ပါသည်။ ဤသစ်ပင်များသည် ထိုအချိန်မှစတင်၍ မီးသွေးအသွင်သို့ကူးပြောင်းသွားကာ ထုထည်ကြီးမားသည့်ကျောက်မီးသွေးပြင်ကြီးကိုဖွဲ့စည်းလျက်၊ ကြီးမားသောရေနံသိုက်ကြီးများကိုဖြစ်စေလျက်ရှိခဲ့ပါသည်။ ထိုကျောက်မီးသွေးများနှင့်ရေနံများသည် ကမ္ဘာမြေမျက်နှာပြင်၏အောက်တွင် မကြာခဏမီးစွဲလောင်ကျွမ်းနေတတ်ပါသည်။ ထိုကြောင့်ကျောက်များသည် ပူအားကြီး၍ ထုံးကျောက်များသည် တောက်လောင်ကာသံသတ္တုများသည် အရည်ပျော်ခဲ့ပါသည်။ ထုံးမြေများပေါ်သို့ရေစက်ရေပေါက်များကျဆင်းခြင်းအားဖြင့် ပြင်းထန်သောအပူရှိန်ကိုဖြစ်ပွားစေကာ မြေငလျင်လှုပ်ခြင်းနှင့် မီးတောင်ပေါက်ကွဲမှုများကိုဖြစ်ပွားစေခဲ့ပါသည်။ မီးနှင့်ရေသည် ကျောက်စွန်းများ၊ တွင်းထွက်သတ္တုရိုင်းများနှင့်တွေ့ထိသောအခါ မြေအောက်တွင်ကြီးမားသောပေါက်ကွဲမှုကြီးဖြစ်ပွားလာပါသည်။ ထိုပေါက်ကွဲသံများသည် ခပ်အုပ်အုပ်မိုးချုန်းသံမျိုးနှင့်တူပါသည်။ လေထုသည် ပူနွေး၍ အသက်ရှူကျပ်စေလျက်ရှိပါသည်။ ထိုနောက် မီးတောင်ပေါက်ကွဲမှုများကိုဆက်လက်ဖြစ်ပေါ်စေပါသည်။ မြေအောက်တွင်လောင်ကျွမ်းနေသည့်အရာများအတွက်



မကြာခဏဆိုသလို လုံလောက်သောထွက်ပေါက်များမရခဲ့ကြသည့်အတွက် ကမ္ဘာမြေကြီးသည် အပြင်းအထန်လှုပ်ရှားသွားခဲ့ပြီး မို့မောက်လာကာ လှိုင်းတံပိုးများနှယ်ဖေါင်းကြွလာပါသည်။ ထိုနောက် အက်ကွဲကြောင်းကြီးများပေါ်လာပြီး တစ်ခါတစ်ရံတွင် မြို့ကြီးများ၊ ရွာများနှင့် မီးတောင်လောင်နေသောတောင်များကိုမျိုသွားတတ်ပါသည်။ အံ့သြဖွယ်ရာကောင်းသည့် ထိုအဖြစ်အပျက်များသည် လျင်မြန်စွာချဉ်းကပ်လာလျက်ရှိသော ပျက်စီးဆုံးရှုံးမှုများအတွက် အထိမ်းအမှတ်များအဖြစ် ခရစ်တော်ဒုတိယအကြိမ်ကြွမလာမီ အချိန်ကလေးတွင် ယခင်ကထက်ပို၍ဖြစ်ပျက်မှုများပြားပြီး ပို၍ကြောက်စရာကောင်းလာပါလိမ့်မည်။

ကမ္ဘာမြေကြီး၏နက်ရှိုင်းရာဒေသများသည် ထာဝရဘုရားသခင်၏လက်နက်တိုက်များဖြစ်ကြပါသည်။ ရှေးခေတ်ကမ္ဘာကြီးကိုဖျက်ဆီးရာတွင် ထိုနေရာမှလက်နက်များကိုဆွဲယူအသုံးပြုတော်မူခဲ့ပါသည်။ ကမ္ဘာကြီးအားရေအားဖြင့်ဖျက်ဆီးရန် မြေကြီးထဲမှပန်းထွက်နေသောရေများသည် မိုးကောင်းကင်ထက်မှရေများနှင့်ပေါင်းစပ်ခဲ့ကြပါသည်။ ရေလွှမ်းမိုးခြင်းအားဖြင့် ကမ္ဘာကြီးအားဖျက်ဆီးခဲ့သောအချိန်မှအစပြု၍ ဆိုးယုတ်သောမြို့များကိုဖျက်ဆီးရန်အတွက် ရေကဲ့သို့ပင် မီးသည်လည်း ဘုရားသခင်၏အသုံးခံပစ္စည်းဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တော်ကို ပေါ့ပေါ့တန်တန်သာအလေးထားခဲ့ကြပြီး ကိုယ်တော်၏အာဏာတော်ကိုမလေးမစားငြင်းပယ်ခဲ့သူများအား ကိုယ်တော်၏တန်ခိုးတော်ရှေ့တွင် ကြောက်ရွံ့တုန်လှုပ်သွားစေရန်နှင့် ကိုယ်တော်၏ဖြောင့်မတ်သည့်အာဏာတော်ကိုဝန်ခံကြစေရန် ဤအပြစ်ဒုစရိုက်မှုများကိုဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ပါသည်။ လူများသည် မီးတောက်မီးလျှံများနှင့်တောက်လောင်နေသောတောင်များကိုလည်းကောင်း၊ အရည်ပျော်နေသည့်သတ္တုရည်များစီးကျနေသည့်သတ္တုရည်စီးချောင်းများ၊ မြစ်ရေခြောက်သွေ့သွားခြင်းများ၊ လူနေကျပ်သိပ်ခြင်းများ၊ နေရာတိုင်းတွင်ဖြစ်ပေါ်နေသည့်ပျက်စီးယိုယွင်းမှုများကိုလည်းကောင်း မြင်တွေ့ရသောအခါ စိတ်ဓါတ်အခိုင်အမာဆုံးပုဂ္ဂိုလ်များပင်လျှင် ကြောက်စိတ်များဝင်လာပြီး မယုံကြည်သောသူများနှင့် ဘုရားသခင်

ကိုနူတ်အားဖြင့်စော်ကားသည့်သူများသည် ထာဝရဘုရားသခင်၏ထာဝရတန်ခိုးတော်ကိုအသိအမှတ်မပြုဘဲ မနေနိုင်သည့်အခြေသို့ရောက်ရှိလာခဲ့ပါသည်။

ဤကဲ့သို့သောမြင်ကွင်းများကိုရည်ညွှန်းလျက် ပုရောဖက်များအားဖြင့် မိန့်မြွက်သည်မှာ "ကိုယ်တော်သည် မိုးကောင်းကင်ကိုဖွင့်လှစ်၍ ဆင်းသက်တော်မူပါစေသော။ ရှေ့တော်၌ တောင်တို့သည်လှုပ်ကြပါစေသော။ မီးသည် အမှိုက်ကိုလောင်သကဲ့သို့လည်းကောင်း၊ ရေကိုဆူစေသကဲ့သို့လည်းကောင်း ဖြစ်ပါစေသော။ သို့ဖြစ်၍ ကိုယ်တော်၏ရန်သူတို့သည် နာမတော်ကိုသိ၍ ရှေ့တော်၌လူအမျိုးမျိုးတို့သည် တုန်လှုပ်ကြပါလိမ့်မည်။ အကျွန်ုပ်တို့မျှော်လင့်ကြသည်ထက် အံ့ဖွယ်သောအမှုတို့ကိုပြုတော်မူသောအခါ ဆင်းသက်တော်မူ၍ တောင်တို့သည် ရှေ့တော်၌လှုပ်ကြပါ၏။" "ထာဝရဘုရားသခင်သည် လေပွေ၌လည်းကောင်း၊ မိုးသက်မုန်တိုင်း၌လည်းကောင်း ကြွတော်မူ၍ မိုးတိမ်တို့သည် စက်တော်အောက်၌ မြေမှုန့်ကဲ့သို့ဖြစ်ကြ၏။ ပင်လယ်ကို ဆုံးမ၍ ခန်းခြောက်တော်မူ၏။ ခပ်သိမ်းသောမြစ်ရေကိုလည်း ကုန်စေတော်မူ၏" ဟူ၍ဖြစ်၏။

ကမ္ဘာသူကမ္ဘာသားများမြင်ဖူးသည့်အရာများထက် ကြောက်စရာကောင်းသောမြင်ကွင်းများကို ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအချိန်တွင် တွေ့မြင်ရပါလိမ့်မည်။ "ကိုယ်တော်ကြောင့် တောင်တို့သည်တုန်လှုပ်လျက်၊ ကုန်းတို့သည် အရည်ကျိုလျက် ရှေ့တော်၌မြေကြီးနှင့်လောကဓါတ်မှစ၍ လောကသားအပေါင်းတို့သည် ရွေ့လျက်ရှိကြ၏။ အမျက်တော်ရှေ့မှာ အဘယ်သူရပ်နိုင်သနည်း။ အမျက်တော်အရှိန်ကို အဘယ်သူဆီးတားနိုင်သနည်း။" "အိုထာဝရဘုရားသခင်၊ ကိုယ်တော်၏မိုးကောင်းကင်ကိုညွှတ်၍ ဆင်းသက်တော်မူပါ။ တောင်တို့ကိုတို့တော်မူပါ။ သူတို့သည် မီးခိုးထွက်ကြပါလိမ့်မည်။ လျှပ်စစ်ပြက်စေ၍ လေးမြားတော်တို့ကိုပစ်သဖြင့် ရန်သူတို့ကို အရပ်ရပ်သို့ကွဲပြားစေ၍ နှိပ်စက်တော်မူပါ။" "အထက်မိုးကောင်းကင်၌ အံ့ဖွယ်သောအရာတို့ကိုလည်းကောင်း၊ အောက်အရပ်မြေကြီးပေါ်၌ သွေး၊ မီးလျှံ၊ မီးခိုးတည်းဟူသော ပုဗ္ဗနိမိတ်တို့ကိုလည်းကောင်း ငါပြမည်။"



"လျှပ်စစ်ပြက်ခြင်း၊ အသံမြည်ခြင်း၊ မိုးချုန်းခြင်း၊ ကြီးစွာသောမြေလှုပ်ခြင်းဖြစ်ကြ၏။ မြေကြီးပေါ်မှာလူတို့ဖြစ်သည်ကာလမှစ၍ ထိုသို့သောလက္ခဏာနှင့်ထိုမျှလောက်ပြင်းထန်စွာသောမြေလှုပ်ခြင်းသည် မဖြစ်စဖူး––ကျွန်းရှိသမျှတို့သည် လွင့်ပြေးကြ၏။ တောင်များတို့သည် ကွယ်ပျောက်ကြ၏။ အချိန်အခွက်တစ်ဆယ်ရှိသောမိုးသီးသည် ကောင်းကင်မှကျလာပြီး လူတို့အပေါ်သို့ကျလေ၏။"

ကောင်းကင်မှလျှပ်စစ်ပြက်ခြင်းများနှင့် မြေကြီးမှမီးလျှံများပေါင်းစည်းသွားသောအချိန်တွင် တောင်များသည် မီးဖိုကြီးတစ်ခုကဲ့သို့မီးတောက်လောင်ကာ ကြောက်စရာကောင်းသောချော်ရည်များသည် စီးထွက်လာပါလိမ့်မည်။ ထိုချော်ရည်များသည် ဥယျာဉ်များ၊ လယ်ကွင်းပြင်များနှင့် မြို့များရွာများကို ဖုံးလွှမ်းသွားကြပါလိမ့်မည်။ ပူအားကြီးသောထိုအရာများသည် မြစ်ထဲသို့ဆင်းသွားသဖြင့် မြစ်ရေများသည် ဆူပွက်လာပါလိမ့်မည်။ ကြီးမားသောကျောက်တုံးကြီးများသည် အရှိန်အဟုန်ပြင်းထန်စွာဖြင့်ပျံ့လွင့်သွားကြပြီး ကျောက်အကျိုးအပဲ့များသည် မြေပြင်ပေါ်တွင်ပျံ့နှံ့သွားကြပါလိမ့်မည်။ မြစ်ရေများသည်လည်း ခန်းခြောက်ကုန်ကြပါလိမ့်မည်။ ကမ္ဘာမြေကြီးသည် တုန်ခါနေကာ နေရာတကာတွင် မြေငလျင်လှုပ်ခြင်းများ၊ ပေါက်ကွဲခြင်းများဖြစ်ပေါ်လာပါလိမ့်မည်။

ထာဝရဘုရားသခင်သည် ဤသို့သောနည်းများအားဖြင့် ဆိုးယုတ်သောသူများကို ကမ္ဘာမြေပြင်မှသုတ်သင်ဖယ်ရှားပစ်တော်မူလိမ့်မည်။ သို့ရာတွင် နောဧအား သင်္ဘောထဲတွင်ဆက်လက်အသက်ရှင်စေတော်မူသကဲ့သို့ ဤကဲ့သို့ဆိုးယုတ်သောအခြေအနေများအလယ်တွင် ဖြောင့်မတ်သူများကိုဆက်လက်အသက်ရှင်စေတော်မူလိမ့်မည်။ ထာဝရဘုရားသခင်သည် ထိုသန့်ရှင်းသူများအတွက် ခိုလှုံရာဖြစ်တော်မူပြီး ကိုယ်တော်၏အတောင်တော်အောက်တွင် သူတို့သည် ယုံကြည်ကိုးစားကြလိမ့်မည်။ "ထာဝရဘုရားသခင်သည် ငါခိုလှုံရာဖြစ်တော်မူ၏ဟု သင်တို့ဆို၍ အမြင့်ဆုံးသောဘုရားသခင်၏နေရာကျသောကြောင့် သင်၏မကောင်းသောအနိဋ္ဌါရုံမကပ်မရောက်။"

“အကြောင်းမူကား၊ ဘေးအန္တရာယ်ရောက်သည့်ကာလ၊ တဲတော်တွင် ငါ့ကို ကာကွယ်တော်မူမည်။ ဗိမာန်တော်အတွင်းအရပ်၌ ငါ့ကိုဝှက်ထားတော်မူမည်။” “သူသည် ငါ့ကိုချစ်သောကြောင့် သူကိုငါကယ်နုတ်မည်။ ငါ၏နာမကို သိသောကြောင့် သူ့ကိုငါချီးမြှောက်မည်။”

* * *



## (၉)
## တိုက်ရိုက်အဓိပ္ပါယ်ရှိသောသီတင်းပတ်

ခုနစ်ရက်တစ်သီတင်းတည်းဟူသောသီတင်းပတ်သည် ဥပုသ်တော်နေ့ကဲ့သို့ပင် ဖန်ဆင်းခြင်းအချိန်မှအစပျိုးခဲ့ပါသည်။ ထိုသီတင်းပတ်များကို သမ္မာကျမ်းစာ၏သမိုင်းစဉ်တစ်လျှောက်လုံးတွင် ဆက်လက်ထိန်းသိမ်းခဲ့ကြပြီး ကျွန်ုပ်တို့ခေတ်အချိန်တိုင်အောင် ဆက်လက်ကျင့်သုံးနေကြပါသည်။ ကမ္ဘာဆုံးတိုင်အောင်အစဉ်တစိုက်အသုံးပြုရန်အတွက် ပုံစံနမူနာတစ်ခုအနေဖြင့် ဤပထမသီတင်းပတ်ကို ဘုရားသခင်ကိုယ်တော်တိုင်တိုင်းတာသတ်မှတ်ခဲ့ပါသည်။ ထိုပထမသီတင်းပတ်သည် အခြားသီတင်းပတ်များကဲ့သို့ပင် နှစ်ဆယ့်လေးနာရီဖြင့် ဖွဲ့စည်းထားသောရက်ပေါင်းခုနစ်ရက်ပါဝင်ပါသည်။ ထိုသီတင်းပတ်မှခြောက်ရက်တိတိကို ဖန်ဆင်းခြင်းအမှုအတွက်အသုံးပြုတော်မူခဲ့ပြီး ခုနစ်ရက်မြောက်သောနေ့တွင် ထာဝရဘုရားသခင်သည် နားနေတော်မူ၍ ဤနေ့ရက်ကိုကောင်းချီးပေးတော်မူကာ လူသားများအတွက်နားနေရန်နေ့တစ်နေ့အဖြစ် သီးသန့်ခွဲခြား၍ သတ်မှတ်တော်မူခဲ့ပါသည်။

ထာဝရဘုရားသခင်သည် သိနာတောင်ပေါ်တွင် ပညတ်တော်ဆယ်ပါးကိုပေးသနားတော်မူသောအချိန်တွင် ထိုသီတင်းပတ်နှင့်တကွ ထိုသီတင်းပတ်ကိုအခြေခံသောအချက်များကို မှတ်မိသတိရတော်မူခဲ့ပါသည်။ “ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့” ဟူသောအမိန့်တော်ကိုပေးအပ်ကာ ခြောက်ရက်ပတ်လုံးမည်သည့်အလုပ်များကိုလုပ်ဆောင်၍ သတ္တမနေ့ရက်တွင် မည်သည့်အရာများကိုမလုပ်ဆောင်ရမည့်အကြောင်း၊ ကွဲကွဲပြားပြားရှင်းလင်းစွာဖော်ပြပြီးနောက် ထိုကဲ့သို့တည်ဆောက်ရခြင်း၏အကြောင်းရပ်များကို “ထာဝရဘုရားသခင်သည် မိုးကောင်းကင်၊ မြေကြီးသမုဒ္ဒရာအရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသခင်သည် သတ္တမနေ့ကို ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏” ဟူ၍ မိမိကိုယ်တိုင်လုပ်ဆောင်ခဲ့သည့်

ပုံသက်သေကိုပြန်လည်ဖော်ညွှန်းလျက် မိန့်တော်မူခဲ့ပါသည်။ ဖန်ဆင်းခြင်းနေ့ရက်များသည် နှစ်ဆယ့်လေးနာရီဖြင့်ဖွဲ့စည်းထားသောနေ့ရက်များဖြစ်ကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်လာသောအချိန်တွင် ဤအကြောင်းပြချက်သည် နှစ်လိုသဘောကျဖွယ်ဖြစ်လာပါသည်။ သီတင်းတစ်ပတ်၏ပထမခြောက်ရက်ကို အလုပ်လုပ်ကိုင်ရန် လူတို့အားပေးသနားတော်မူပါသည်။ အကြောင်းမှာ ဘုရားသခင်ကိုယ်တော်တိုင်သည် ပထမဦးဆုံးသီတင်းပတ်၏ပထမခြောက်ရက်ကို ဖန်ဆင်းခြင်းအလုပ်အတွက် အသုံးပြုတော်မူခဲ့ပါသည်။ သတ္တမနေ့ရက်တွင် ဖန်ဆင်းရှင်၏နားနေမှုကိုသတိရအောက်မေ့သည့်အနေဖြင့် လူသားများသည် အလုပ်လုပ်ခြင်းမှနားနေကြရန်ဖြစ်ပါသည်။

သို့ရာတွင် ပထမသီတင်းပတ်တွင်ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များအတွက် နှစ်ပေါင်းထောင်နှင့်ထောင်နှင့်ချီ၍ကြာသည်ဟူသောယူဆချက်သည် စတုတ္ထပညတ်၏အခြေအမြစ်ကိုတိုက်ရိုက်တိုက်ခိုက်ခြင်းသာဖြစ်ပါသည်။ ဖန်ဆင်းရှင်သည် အငန်းအတာမရှိသောနေ့ရက်များကို သတိရအောက်မေ့စေရန်အတွက် ရိုးရိုးနေ့ရက်များနှင့်ဖွဲ့စည်းထားသည့်သီတင်းပတ်ကိုစောင့်ထိန်းရန် လူသားများအားခိုင်းစေနေသကဲ့သို့ ထိုယူဆချက်က ရုပ်လုံးဖော်ထားပါသည်။ ဤအရာသည် သက်ရှိသတ္တဝါများအတွက် ကိုယ်တော်အသုံးပြုသည့်နည်းစနစ်နှင့်ကွဲပြားခြားနားနေပါသည်။ ကိုယ်တော်ရှင်က အလွန်ရှင်းလင်းပြတ်သားအောင်လုပ်ဆောင်ခဲ့သောအရာကို ထိုယူဆချက်က မသေမချာမရေမရာဖြစ်စေခဲ့ပါသည်။ ထိုအရာသည် လျှို့ဝှက်မှုနှင့်ပြီးသောမယုံကြည်မှုတစ်ခုဖြစ်ပြီး အလွန်အန္တရာယ်များသောယူဆချက်တစ်ခုလည်းဖြစ်နေပါသည်။ ၎င်းပြင် ထိုယူဆချက်များ၏ဇာတိရုပ်မှန်ကို အထူးရုပ်ဖျက်ထားသဖြင့် သမ္မာကျမ်းစာကိုယုံကြည်ပါသည်ဟုဖွင့်ဟနေသောသူများစွာတို့သည်ပင် ထိုယူဆချက်ကိုဆွဲကိုင်သင်ကြားပေးနေကြပါသည်။

"ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်အားဖြင့် မိုးကောင်းကင်ကိုလည်းကောင်း၊ နှုတ်တော်အားဖြင့် မိုးကောင်းကင်တန်ဆာများကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။–––အကြောင်းမူကား ထာဝရဘုရားသခင်



မြွက်ဆို၍ မြွက်ဆိုတော်မူသည်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍ မိန့်တော်မူသည့်အတိုင်းတည်လျက်နေ၏။" ကမ္ဘာကြီးသည်လွတ်လပ်လဟာအခြေအနေမှ တဖြည်းဖြည်းတိုးတက်ဖြစ်ပေါ်တည်ရှိလာခြင်းမဟုတ်ကြောင်း သမ္မာကျမ်းစာမှ အထက်ပါဖွင့်ဆိုချက်က အသိအမှတ်ပြုထားပါသည်။ ဖန်ဆင်းခြင်းနေ့ရက်များသည် နှောင်းခေတ်နေ့ရက်များမှာကဲ့သို့ နံနက်နှင့်ညနေတို့ပေါင်းစပ်ဖွဲ့စည်းထားကြောင်းကို ဖန်ဆင်းခြင်းနေ့ရက်အစဉ်အတိုင်း သမ္မာကျမ်းစာတွင် ဖွင့်ဆိုထားပါသည်။ နေ့ရက်တစ်ရက်ကုန်ဆုံးသွားတိုင်း ဖန်ဆင်းရှင်၏လက်ရာတော်၏အကျိုးဖြစ်ထွန်းမှုများကိုဖော်ပြထားပါသည်။ "ဤအကြောင်းအရာကား ထာဝရအရှင်ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသောနေ့၊ ဖန်ဆင်းရာကာလ၌ ကောင်းကင်မြေကြီး၏မူလအတ္ထုပ္ပတ္တိပေတည်း" ဟူ၍ အဦးသီတင်းပတ်၏မှတ်တမ်းအဆုံးတွင် ထိုကဲ့သို့ဖော်ပြထားပါသည်။ ဖန်ဆင်းခြင်းနေ့ရက်များသည် ရိုးရိုးနေ့ရက်များနှင့်မတူဟု ဤဖော်ပြချက်ကမဆိုလိုပါ။ နေ့တိုင်းနေ့တိုင်းကို အတ္ထုပ္ပတ္တိတစ်ခုအဖြစ်သမုတ်ခဲ့ပါသည်။ အကြောင်းမှာ ဘုရားသခင်သည် နေ့ရက်တစ်ရက်တိုင်းတွင် မိမိဖန်ဆင်းခြင်းအလုပ်၏အသစ်သောအခန်းကဏ္ဍကိုဖြစ်ပွားစေခဲ့သောကြောင့်ဖြစ်ပါသည်။

ကမ္ဘာကြီးသည် မောရှေ၏မှတ်တမ်းများတွင် သွန်သင်ထားသည့်ထက်အသက်ကြီးနေကြောင်း သက်သေအထောက်အထားများတွေ့ရှိထားသည်ဟု ဘူမိဗေဒပညာရှင်များက ဖွင့်ဆိုနေကြပါသည်။ ယခုခေတ်(သို့မဟုတ်)လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကတည်ရှိခဲ့သောအရိုးများ၊ အပင်များထက်များစွာကြီးမားသောလူနှင့်တိရစ္ဆာန်တို့၏အရိုးများ၊ လက်နက်ခဲယမ်းများနှင့်ကျောက်သားပကတိဖြစ်နေသောသစ်ပင်ရုပ်ကြွင်းများကိုရှာဖွေတွေ့ရှိခဲ့ရာ ထိုအရာများကိုထောက်ရှု၍ ကမ္ဘာကြီးသည် ဖန်ဆင်းခြင်းအတ္ထုပ္ပတ္တိကိုမှတ်တမ်းတင်ခဲ့သောအချိန်ကထက်များစွာစော၍ လူများနေထိုင်ခဲ့ကြောင်းဆင်ခြင်မှတ်ယူကြပါသည်။ ထိုလူများသည် ယခုခေတ်တွင်အသက်ရှင်နေထိုင်လျက်ရှိသောလူသားများထက် အရွယ်အစားများစွာကြီးမားကြောင်း

မှတ်ယူကြပါသည်။ ဖန်ဆင်းခြင်းနေ့ရက်များသည် အငန်းအတာမရှိအောင် ကြာမြင့်ကြောင်း ကျမ်းစာကိုယုံကြည်သူများလက်ခံလာအောင် ထိုကဲ့သို့သော ဆင်ခြင်သုံးသပ်မှုများက ပို့ဆောင်ခဲ့ပါသည်။

သို့ရာတွင် သမ္မာကျမ်းစာ၏အတ္ထုပ္ပတ္တိနှင့်တသီးတခြားဖြစ်နေလျှင် ဘူမိဗေဒပညာသည် မည်သည့်အရာကိုမျှဟုတ်မှန်ခိုင်မြဲကြောင်းမဖော်ပြနိုင်ချေ။ မိမိတို့ရှာဖွေတွေ့ရှိချက်များအပေါ် အထူးယုံကြည်စိတ်ချစွာဖြင့် ဆင်ခြင်သုံးသပ်နေသောထိုသူများ၌ ရေမလွှမ်းမိုးမီအချိန်က အသက်ရှင်ခဲ့သော လူ၊တိရစ္ဆာန်များနှင့်သစ်ပင်များ၏အရွယ်အစားနှင့်ပတ်သက်၍ လုံလောက်သောအရည်အချင်းနှင့်ပြည့်စုံသည့်အတွေးအခေါ်များလုံးဝမရှိကြပါ။ ထိုအရာများ၏အရွယ်အစားများသည် မည်သည့်အချိန်တွင်ပြောင်းလဲလာသည်ကိုလည်း သူတို့မသိရှိကြပါ။ ယခုလက်ရှိအခြေအနေမှများစွာသောအရာများသည် ကမ္ဘာဦးမှအရာများနှင့်မတူကြကြောင်းကို မြေကြီးထဲမှရှာဖွေတူးဖော်ရရှိသည့် ရုပ်ကြွင်းများက အထင်အရှားဖော်ပြနေကြပါသည်။ သို့ရာတွင် ဤအခြေအနေများသည် မည်သည့်အချိန်တွင်တည်ရှိခဲ့သည်ကိုမူ သမ္မာကျမ်းစာတစ်ခုတည်း၌သာ လေ့လာသိရှိနိုင်ပါသည်။ ဘူမိဗေဒတစ်ခုတည်းဖြင့် ဉာဏ်မမီနိုင်သောအရာများကို ရေလွှမ်းမိုးခြင်း၏အတ္ထုပ္ပတ္တိထဲတွင် ဝိညာဉ်တော်လှုံ့ဆော်မှုအားဖြင့် ရှင်းလင်းတင်ပြထားပါသည်။ ယခုခေတ်တွင် အသက်ရှင်နေထိုင်ကြသော လူ၊ တိရစ္ဆာန်နှင့် သစ်ပင်များထက် အဆပေါင်းများစွာကြီးမားသော လူ၊ တိရစ္ဆာန်နှင့်သစ်ပင်များသည် နောဧ၏အချိန်၌ မြေတွင်မြှုပ်နှံခြင်းကိုခံခဲ့ကြရပါသည်။ ဤသို့ရေလွှမ်းမိုးခြင်းအားဖြင့် ကမ္ဘာဦးလူသားများသည် သေကျေပျက်စီးခဲ့ရကြောင်းကို နောင်လာနောက်သားများအတွက် သက်သေအထောက်အထားတစ်ခုကိုထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ ရှာဖွေတွေ့ရှိချက်များအရ၊ ဝိညာဉ်တော်လှုံ့ဆော်မှုအားဖြင့် မှတ်တမ်းတင်ထားသော အတ္ထုပ္ပတ္တိများကိုယုံကြည်မှုရှိလာစေရန် ဘုရားသခင်ကြံရွယ်တော်မူခဲ့သော်လည်း လူသားများသည် အကျိုးမရှိသောဆင်ခြင်တုံတရားများကိုအသုံးပြုလျက် ရေမလွှမ်းမိုးမီခေတ်က လူသားများကဲ့သို့ပင် မှားယွင်းသွေဖည်သောလမ်းစဉ်ကို





လိုက်လျှောက်ခဲ့ကြပါသည်။ ဘုရားသခင်သည် ၎င်းတို့အတွက် အကျိုးရှိသောအရာတစ်ခုအဖြစ်ပေးသနားတော်မူသောအရာများကို သူတို့သည် မှားယွင်းစွာအသုံးပြုခြင်းအားဖြင့် ထိုအရာများကို ကျိန်ခြင်းအမင်္ဂလာအသွင်သို့ ပြောင်းလဲစေခဲ့ကြပါသည်။

လူတို့အားမယုံကြည်မှုနှင့်ဆိုင်သော ယုံတမ်းစကားများကိုလက်ခံလာအောင် လမ်းပြပို့ဆောင်ရန်မှာ စာတန်၏အကြံအစည်တစ်ခုဖြစ်ပါသည်။ အကြောင်းမှာ သူသည် ဤနည်းအားဖြင့် အလွန်ရှင်းလင်းပြတ်သားစွာ သိမြင်နားလည်နိုင်သော ဘုရားသခင်၏ပညတ်တော်ကို မထင်မရှားဝိုးတဝါးဖြစ်သွားအောင် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ဘုရားသခင်၏အစိုးတရပြုမှုကို ဆန့်ကျင်မှုများလုပ်ဆောင်ကြရန် လူသားများအား ပို၍ရဲတင်းလာအောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ သူ၏ကြိုးပမ်းလုပ်ဆောင်မှု၏အဓိကဦးတည်ချက်မှာ စတုတ္ထပညတ်ကိုဆန့်ကျင်မှုပြုရန်ပင်ဖြစ်ပါသည်။ အကြောင်းမူကား ထိုပညတ်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသည့် အသက်ရှင်လျက်ရှိသော ထာဝရဘုရားသခင်ကို ရှင်းလင်းစွာညွှန်ပြနေသောကြောင့်ဖြစ်ပါသည်။

ဖန်ဆင်းခြင်း၏လက်ရာတော်များကို သဘာဝအကြောင်းရင်းများ၏ ရလဒ်များအဖြစ် ရှင်းလင်းတင်ပြကြရန် မနားမနေကြိုးစားလုပ်ဆောင်နေခဲ့ကြပါသည်။ ခရစ်ယာန်များကပင် သမ္မာကျမ်းစာနှင့်ဆန့်ကျင်တင်ပြထားသည့် လူသားများ၏ဆင်ခြင်တွေးခေါ်ချက်များကိုလက်ခံခဲ့ကြပါသည်။ များစွာသောလူတို့က အနာဂတ္တိစကားများသည် သိရှိနားလည်ရန်မဖြစ်နိုင်လောက်အောင် ခက်ခဲသည်ဟုကြွေးကြော်လျက် အထူးသဖြင့် ဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့ကဲ့သို့သောအနာဂတ္တိကျမ်းများအား စူးစမ်းလေ့လာမှုကို ဆန့်ကျင်ကြပါသည်။ သို့သော် တစ်ချိန်တည်းမှာပင် ထိုသူများသည် မောရှေ၏ကျမ်းများနှင့်ဆန့်ကျင်ဖီလာဖြစ်သော ဘူမိဗေဒပညာရှင်များ၏ထင်မြင်သုံးသပ်ချက်များကို လှိုက်လှဲစွာကြိုဆိုလက်ခံခဲ့ကြပါသည်။ သို့ရာတွင် ဘုရားသခင်ဖော်ပြခဲ့သောအရာများသည် နားမလည်နိုင်လောက်အောင် ခက်ခဲသည်ဆိုလျှင် ကိုယ်တော်ရှင်

ဖေါ်ပြတော်မမူသောအရာများနှင့်စပ်လျဉ်းသည့်ထင်မြင်ယူဆချက်များကို လက်ခံခြင်းသည် အလွန်ရှေ့နောက်မဆီလျော်သောအချက်တစ်ခုဖြစ်ပါသည်။

"မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင့်ထာဝရဘုရားသခင်၏ အင်န်းအတာဖြစ်ကြ၏။ ဖေါ်ပြတော်မူရာတို့သည် ကာလအစဉ်မပြတ် ငါတို့နှင့် ငါတို့၏သားသမီးတို့၏အင်န်းအတာဖြစ်ကြ၏။" ဘုရားသခင်သည် ဖန်ဆင်းခြင်းအမှုကို မည်သို့မည်ပုံပြီးစီးအောင်ဆောင်ရွက်တော်မူကြောင်းကို လူသားများအား မည်သည့်အခါကမျှဖေါ်ပြတော်မမူခဲ့ဖူးသဖြင့် လူသားများ၏သိပ္ပံအတတ်သည် ထာဝရဘုရားသခင်၏မထင်မရှားသောအရာများကိုသိရှိရန် လက်လှမ်းမမီနိုင်ပါချေ။ ကိုယ်တော်၏ဖန်ဆင်းခြင်းတန်ခိုးတော်သည် ကိုယ်တော်၏တည်ရှိခြင်းကဲ့သို့ပင် နားမလည်နိုင်သောအရာတစ်ခုဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် သိပ္ပံနှင့်ဝိဇ္ဇာပညာရပ်နှစ်မျိုးစလုံးအားဖြင့် ဤကမ္ဘာကြီးအပေါ်သို့ အသိပညာများပေးအပ်တော်မူခဲ့ပါသည်။ သို့ရာတွင် ထိုသိပ္ပံပညာရှင်များ၏အတိအလင်းထုတ်ဖေါ်ပြောဆိုချက်အရ လူသားရှုထောင့်တစ်ခုတည်းကသာ ထိုဘာသာရပ်များကိုရှုမှတ်ခဲ့ကြမည်ဆိုလျှင် သူတို့သည် ဧကန်မုချမှားယွင်းစွာဆင်ခြင်သုံးသပ်နေခြင်းသာဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့၏သီအိုရီများသည် သမ္မာကျမ်းစာတွင်အခြေခံထားသည့်အချက်အလက်များနှင့် ဆန့်ကျင်မှုမရှိလျှင် နှုတ်ထွက်စကားတော်တွင်ဖေါ်ပြထားသည့်အရာများထက် ကျော်၍ ဆင်ခြင်သုံးသပ်ခြင်းသည် အပြစ်တင်ခွင့်နှင့်ကင်းနိုင်ပါသည်။ သို့ရာတွင် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုစွန့်ပစ်ကာ ဖန်ဆင်းခြင်းအမှုကို သိပ္ပံနည်းကျကျဖေါ်ပြရန်ကြိုးစားခြင်းသည် အပြောကျယ်သမုဒ္ဒရာကြီးထဲတွင် မြေပုံ (သို့မဟုတ်) သံလိုက်အိမ်မြှောင်မပါဘဲ မျောနေခြင်းသာဖြစ်ပါသည်။ ပညာရှိကြီးများသည် ၎င်းတို့၏လေ့လာမှုများတွင် နှုတ်ထွက်စကားတော်၏ လမ်းပြမှုမပါခဲ့လျှင် ဘုရားသခင်ဖေါ်ပြထားသောအရာများနှင့် သိပ္ပံပညာတို့အကြားတွင် ဆက်နွှယ်မှုကိုခြေရာကောက်ဖို့ ကြိုးစားမှုတွင်မျက်စိလည်ကုန်ကြပေလိမ့်မည်။ ကယ်တင်ရှင်နှင့်ကယ်တင်ရှင်၏လက်ရာတော်များသည် သဘာဝတရားများအားဖြင့် ရှင်းလင်းဖေါ်ပြရန်မဖြစ်နိုင်လောက်အောင် နက်နဲ



သိမ်မွေ့သောကြောင့် သမ္မာကျမ်းစာ၏အတ္တုပ္ပတ္တိများကို အားမကိုးနိုင်သောအရာများအဖြစ် သူတို့မှတ်ယူထားကြပါသည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းများတွင် မှတ်တမ်းတင်ထားသောအရာများကို ယုံကြည်အားထားလောက်သောအရာများမဖြစ်နိုင်ကြောင်း သံသယရှိသူများသည် ခြေတစ်လှမ်းဝေးကွာသွားကာ ထာဝရဘုရားသခင်၏တည်ရှိခြင်းကို သံသယဝင်လာပေလိမ့်မည်။ ထိုအချိန်တွင် ကျောက်ဆူးပျောက်ဆုံးသွားသောသင်္ဘောတစ်စင်းပမာ ထိုသူများသည် မယုံကြည်ခြင်းကျောက်ဆောင်အပေါ်တွင် တိုက်မိပျက်စီးသွားရန် စွန့်ပစ်ခြင်းကိုခံရပါသည်။

ဤပုဂ္ဂိုလ်များသည် သန့်စင်သောယုံကြည်ခြင်းကိုဆုံးရှုံးခဲ့ကြပေပြီ။ ဘုရားသခင်၏သန့်ရှင်းသောနှုတ်ထွက်စကားတော်၏မြင့်မြတ်သောအာဏာတော်၌ မြဲမြံတည်ငြိမ်သောယုံကြည်မှုများရှိသင့်လှပါသည်။ သမ္မာကျမ်းစာကို လူသားများ၏သိပ္ပံအတွေးအခေါ်များဖြင့်စမ်းသပ်မည်မဟုတ်ပါချေ။ လူသားအသိပညာသည် အားကိုးလောက်သောလမ်းပြတစ်ခုမဟုတ်ပါချေ။ သမ္မာကျမ်းစာကိုအသားလွှတ်အပြစ်ရှာရန်အတွက် ဖတ်ရှုလေ့လာသောမယုံကြည်သူများသည် သိပ္ပံပညာနှင့် ကြိုတင်ဟောထားချက်များကို စုံလင်စွာနားမလည်မှုကြောင့် ကျမ်းချက်များအကြား ဆန့်ကျင်ဖီလာမှုများကိုတွေ့ရှိရကြောင်းဖွင့်ဆိုကောင်းဖွင့်ဆိုကြမည်ဖြစ်ပါသည်။ သို့ရာတွင် မှန်ကန်စွာနားလည်သဘောပေါက်ကြပါလျှင် ထိုကျမ်းချက်များသည် တစ်ချက်နှင့်တစ်ချက် စုံလင်ဆီလျော်ညီညွတ်မှုများရှိကြောင်းတွေ့ရပါမည်။ မောရှေသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုအောက်တွင် ကျမ်းစာများကိုရေးသားခဲ့ပါသည်။ မှန်ကန်သောဘူမိဗေဒသီအိုရီများသည် မောရှေ၏ကျမ်းများနှင့်သဘောထားမကိုက်ညီသောအရာများကိုတွေ့ရှိကြောင်း မည်သည့်အခါမျှဖွင့်ဆိုကြလိမ့်မည်မဟုတ်ချေ။ သဘာဝတွင်လည်းကောင်း၊ ကြိုတင်ဟောထားချက်တွင်လည်းကောင်း ဖေါ်ပြထားသောသမ္မာတရားအားလုံးတို့သည် ထိုအရာများတွင်ဖေါ်ပြထားသည့်အချက်အလက်များနှင့်ဆီလျော်မှုရှိကြပါသည်။

ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင် ပညာရှိကြီးများပင်ဖြေဆိုနိုင်စွမ်းလုံးဝမရှိသော ဒွိဟဖြစ်စရာများစွာထွက်ပေါ်လာပါသည်။ နေ့စဉ်

အသက်တာ၏သာမန်အရာများ၌ပင် မိမိကိုယ်ကိုပညာရှိသည်ဟုကြွားဝါနေသော အသိပညာနည်းပါးသည့်သူများ၊ ပြည့်စုံစွာနားမလည်နိုင်သည့်အရာများသည် မည်ရွေ့မည်မျှရှိနေကြောင်းကို ကျွန်ုပ်တို့အားဖော်ပြရန် ဤအကြောင်းအရာများကို အာရုံပြုစေခြင်းဖြစ်ပါသည်။

သို့ရာတွင် သိပ္ပံပညာရှိများက မိမိတို့သည် ဘုရားသခင်၏ဉာဏ်ပညာတော်ကိုလည်းကောင်း၊ ကိုယ်တော်ပြုတော်မူခဲ့သောအရာများနှင့်ပြုတော်မူနိုင်သောအရာများကိုလည်းကောင်း သိရှိနားလည်နိုင်သည်ဟု ထင်မြင်ယူဆနေကြပါသည်။ ကိုယ်တော်သည် မိမိကိုယ်တိုင်တီထွင်ထားသောစည်းကမ်းဥပဒေများအားဖြင့် ထိန်းချုပ်မှုခံနေရသည်ဟူသောအတွေးအခေါ်သည် ကျယ်ပြန့်စွာပျံ့နှံ့နေပါသည်။ လူသားများသည် ထာဝရဘုရားသခင်၏တည်ရှိနေခြင်းကို လျစ်လျူရှုတတ်ကြပါသည်။ သို့မဟုတ်လျှင်လည်း လူသားများ၏နှလုံးသားဝယ်လုပ်ဆောင်နေသောသန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကိုပင် ရှင်းလင်းတင်ပြရန် ကြံစည်တတ်ကြပါသည်။ သူတို့သည် ကိုယ်တော်၏နာမတော်ကိုကိုင်းရှိုင်းမှုမရှိ၊ တန်ခိုးကိုလည်းမကြောက်ရွံ့ကြတော့ချေ။ ဘုရားသခင်၏ပညတ်တော်နှင့်တကွ ၎င်းတို့အားဖြင့် အလိုတော်ကိုလုပ်ဆောင်သည့်မဟာတန်ခိုးတော်ကိုနားမလည်ကြသောကြောင့် သဘာဝလွန်တန်ခိုးကိုမယုံကြည်ကြတော့ချေ။ အများအသုံးပြုနေသည့် "သဘာဝ၏စည်းမျဉ်းများ" ဟူသောစကားရပ်တွင် လူသားများရှာဖွေတွေ့ရှိခဲ့ကြသော ဤရုပ်ဝတ္ထုကမ္ဘာကြီးနှင့်စပ်လျဉ်းသည့်စည်းမျဉ်းဥပဒေများအကျုံးဝင်နေပါသည်။ သို့ရာတွင် ၎င်းတို့၏အသိပညာသည် အလွန်နည်းပါးသေးငယ်ပြီး ဖန်ဆင်းရှင်သည် မိမိ၏စည်းမျဉ်းဥပဒေများနှင့်ဆီလျော်စွာအလွန်ကျယ်ပြောသောအင်န်းအတာကြီးကို လုပ်ဆောင်နိုင်တော်မူ၏။ ဉာဏ်နည်းပါးသောလူသားများသည် လုံးလုံးဉာဏ်မမီသောသူများဖြစ်ကြပါသည်တကား။

ရုပ်ဝတ္ထုပစ္စည်းများ၌ အလွန်အရေးပါသောတန်ခိုးများရှိနေကြောင်း၊ အများစုကသွန်သင်တတ်ကြပါသည်။ အချို့သောသဘာဝသတ္တိများကို ရုပ်ဝတ္ထုပစ္စည်းများတွင် မျှဝေထားတော်မူသည်။ ရရှိထားသောထိုစွမ်းအင်



များကိုအသုံးပြု၍ ထိုအချိန်တွင် ထိုရုပ်ဝတ္ထုပစ္စည်းများအား လှုပ်ရှားလုပ်ဆောင်စေခဲ့သည်။ သဘာဝတရား၏လုပ်ဆောင်မှုများသည် တရားသောစည်းမျဉ်းများအားဖြင့် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ထိုစည်းမျဉ်းများကို ဘုရားသခင်ကိုယ်တော်တိုင်ပင် မဟန့်တားနိုင်ဟု အများစုကသွန်သင်နေကြပါသည်။ ဤအရာသည် မှားယွင်းသောသိပ္ပံအတတ်ဖြစ်ပြီး နှုတ်ထွက်စကားတော်၏ထောက်မမှုကိုလည်းမရရှိပါ။ သဘာဝတရားသည် ၎င်းတို့ဖန်ဆင်းသောအရှင်၏ကျေးကျွန်ဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် မိမိတည်ထောင်ထားသည့်စည်းမျဉ်းဥပဒေများကိုဖျက်သိမ်းတော်မမူသည့်အပြင် ဆန့်ကျင်၍လည်းလုပ်ဆောင်တော်မမူဘဲ ထိုသဘာဝတရားများကို အသုံးခံပစ္စည်းများအဖြစ်အမြဲတမ်းအသုံးပြုတော်မူလျက်ရှိသည်။ သဘာဝတရားသည် ၎င်း၏စည်းမျဉ်းများတွင်လည်းကောင်း၊ စည်းမျဉ်းများအားဖြင့်လည်းကောင်း လုပ်ဆောင်နေသည့်အသိပညာနှင့်ပြည့်စုံ၍ တက်ကြွစွာလုပ်ဆောင်နေသောစွမ်းအင်တော်တစ်ခုအကြောင်းကို သက်သေခံနေပါသည်။ သဘာဝတရားတွင် ခမည်းတော်ဘုရားသခင်နှင့်သားတော်ဘုရားသခင်တို့၏လုပ်ဆောင်မှုများသည် အဆက်မပြတ်တည်ရှိနေပါသည်။ "ယနေ့တိုင်အောင်ကလည်း ငါ့ခမည်းတော်သည် ယခုတိုင်အောင်အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းလုပ်၏" ဟုပြန်ပြောတော်မူ၏။

"ကိုယ်တော်သာလျှင် ထာဝရဘုရားသခင်ဖြစ်တော်မူ၏။ အမြင့်ဆုံးသောကောင်းကင်နှင့်ကောင်းကင်ဗိုလ်ခြေအပေါင်းတို့ကိုလည်းကောင်း၊ မြေကြီးနှင့်မြေကြီးပေါ်မှာရှိရှိသမျှတို့ကိုလည်းကောင်း၊ ပင်လယ်နှင့်ပင်လယ်၌ပါသမျှတို့ကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။ အလုံးစုံတို့ကိုစောင့်မတော်မူ၏" ဟူသောနေဟမိမှတ်တမ်းတင်ထားသောဓမ္မသီချင်းကို လေဝိအမျိုးသားများသီဆိုချီးမွမ်းခဲ့ကြ၏။ ဤကမ္ဘာကြီးနှင့်စပ်လျဉ်း၍ ဘုရားသခင်ဖန်ဆင်းခြင်းအမှုအရာသည် လုံးလုံးလျားလျားပြီးမြောက်ခဲ့ပါသည်။ "ကမ္ဘာဦးကပင်အမှုအရာတို့သည် ပြီးစီးလျက်" ရှိကြ၏။ သို့ရာတွင် ဖန်ဆင်းထားသောအရာများကိုထောက်မခြင်းအမှုတွင် ကိုယ်တော်သည် စွမ်းအင်များကိုအားစိုက်

ထုတ်ပေးရဆဲဖြစ်သည်။ တစ်ခါသံပတ်ပေးထားရုံနှင့် မိမိရရှိထားသည့် စွမ်းအင်အားဖြင့် အဆက်မပြတ်လှုပ်ရှားကာ သွေးခုန်ခြင်း၊ အသက်ရှူခြင်းများ ပြုလုပ်သည့်စက်ရုပ်တစ်ရုပ်ကဲ့သို့မဟုတ်ဘဲ ထွက်သက်ဝင်သက်တိုင်းနှင့် နှလုံးခုန်မှုတိုင်းသည် “ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိ” ကြောင်းကိုထင်ရှားစေသည့်အထောက်အထားတစ်ခုဖြစ်ပါသည်။ ဤကမ္ဘာကြီးသည် မိမိ၏ရှိရင်းစွဲတန်ခိုးအစွမ်းများကြောင့် မြေ၏အသီးအနှံ သယံဇာတပစ္စည်းများကိုထုတ်လုပ်ပေးကာ နေမင်းကြီးကိုအဆက်မပြတ် လှည့်ပတ်နေခြင်းမဟုတ်ပါချေ။ ဘုရားသခင်၏လက်တော်သည် ထိုဂြိုဟ်များကိုလမ်းပြတော်မူ၍ ကောင်းကင်ယံအနှံ့တွင် အစီအစဉ်တကျလှည့်ပတ်သွားလာစေရန် စောင့်ထိန်းပေးတော်မူနေပါသည်။ “ထိုသူသည် သူတို့အလုံး အရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကို နာမည်ဖြင့်ခေါ်တော်မူ၏။ ခွန်အားကြီး၍ တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့် တစ်စုံတစ်ခုမျှမပေါ်ဘဲမနေရ။” ကိုယ်တော်ရှင်၏တန်ခိုးတော်ကြောင့် ဟင်းသီးဟင်းရွက်များသည် ရှင်သန်ကြီးထွားနေကြပါသည်။ အရွက်များစည်ကား၍ အဖူးအပွင့်များပွင့်လန်းနေကြပါသည်။ ကိုယ်တော်သည် “တောင်များပေါ်မှာ မြက်ပင်ကိုပေါက်စေတော်မူ၏။” ၎င်းပြင် လျှိုမြောင်လွင်ပြင်များတွင် ကိုယ်တော်အားဖြင့် အသီးအနှံများနှင့်ပြည့်စုံလျက်ရှိ၏။ တောသားရဲအပေါင်းတို့သည် ဘုရားသခင်ထံမှာ အစာကိုရှာကြ၏။ အသေးငယ်ဆုံးပိုးမွှားကလေး မှသည် လူသားများအထိအသက်ရှင်လှုပ်ရှားလျက်ရှိနေကြသောသတ္တဝါ အပေါင်းတို့သည် ဘုရားသခင်၏စောင်မထိန်းသိမ်းမှုအပေါ်တွင် နေ့စဉ် နေ့တိုင်းမှီခိုနေကြရပါသည်။ “တိရစ္ဆာန်အပေါင်းတို့သည် အချိန်တန်လျှင် အစာကျွေးတော်မူစေခြင်းငှာ ကိုယ်တော်ကိုမျှော်လင့်လျက်နေကြပါသည်။ ကိုယ်တော်ချထားတော်မူသည့်အတိုင်း သူတို့သည် သိမ်းယူကြပါသည်။ လက်တော်ကိုဖွင့်တော်မူသောအားဖြင့် သူတို့သည် ကောင်းသောအရာနှင့် ရောင့်ရဲကြပါ၏” ဟူ၍ ဆာလံဆရာက စာသားလှလှကလေးများဖြင့် ဖွင့်ဆိုထားပါသည်။ ကိုယ်တော်၏နှုတ်တော်ထွက်စကားများအားဖြင့် လောကဓါတ်



ကိုထိန်းချုပ်တော်မူ၏။ ကိုယ်တော်သည် ကောင်းကင်ယံကို တိမ်များနှင့် ဖုံးအုပ်ကာ မြေကြီးအတွက်မိုးကိုပြင်ဆင်ပေးတော်မူပါသည်။ “မိုးပွင့်ကို သိုးမွေးကဲ့သို့ချတော်မူ၏။ နှင်းခဲကိုလည်း ပြာကဲ့သို့ဆွတ်ဖြူးတော်မူ၏။” “အသံတော်ကိုလွှတ်တော်မူသောအခါ မိုးရေအသံဗလံဖြစ်တတ်၏။ မြေကြီးစွန်းမှ မိုးတိမ်ကိုတက်စေတော်မူ၏။ မိုးရွာသည်နှင့် လျှပ်စစ်ပြက်စေတော်မူ၏။ လေကိုလည်း ဘဏ္ဍာတော်တိုက်ထဲကထုတ်တော်မူ၏။”

ထာဝရဘုရားသခင်သည် အရာခပ်သိမ်းတို့၏မူလအစဖြစ်တော်မူ၏။ စစ်မှန်သောသိပ္ပံအတတ်ပညာတိုင်းသည် ကိုယ်တော်၏လက်ရာတော်များနှင့် ဆီလျော်ပါသည်။ စစ်မှန်သောပညာရေးသည် ကိုယ်တော်၏အုပ်စိုးမှုကိုနာခံရန် လမ်းပြပါသည်။ သိပ္ပံပညာသည် ကျွန်ုပ်တို့အား အသစ်အဆန်းများကို မြင်တွေ့စေသည်။ ထိုပညာသည် အမြင့်သို့ပျံတက်သလို နက်နဲရာတွင်လည်း စူးစမ်းရှာဖွေတတ်ပါသည်။ သို့ရာတွင် မြင့်မြတ်သောကြိုတင်ဟောထားချက်နှင့်ဆန့်ကျင်သောမည်သည့်အရာတစ်စုံတစ်ခုကိုမျှ သူမ၏စူးစမ်းလေ့လာမှုမှ မထုတ်ဖေါ်တတ်ပါချေ။ အသိပညာကင်းမဲ့သောသူများက သိပ္ပံပညာကို အားကိုးအားထားပြုလျက် ဘုရားသခင်နှင့်ပတ်သက်၍ မှားယွင်းသည့်ရှုထောင့်များကိုထောက်ခံရန် ကြိုးစားကောင်းကြိုးစားကြလိမ့်မည်။ သို့ရာတွင် သဘာဝစာအုပ်ကြီးနှင့်မှတ်တမ်းတင်ထားသောနှုတ်တော်ထွက်စကားတို့သည် ထိုသူတစ်ယောက်စီတိုင်းအပေါ်သို့ အလင်းတော်ကိုထွန်းလင်းစေခဲ့ပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့အား ဖန်ဆင်းရှင်ကိုကြည်ညိုကိုးကွယ်စေပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားတော်ကို ယုံကြည်ကိုးစားမှုရှိလာစေပါသည်။

ဉာဏ်ပညာအကန့်အသတ်ရှိသောလူသားများသည် ထာဝရတန်ခိုးရှင်၏တည်ရှိနေခြင်းကိုလည်းကောင်း၊ တန်ခိုးတော်၊ ဉာဏ်တော်နှင့် အမှုတော်များကိုလည်းကောင်း ပြည့်စုံစွာနားလည်နိုင်စွမ်းမရှိကြပါ။ “သင်သည် ဘုရားသခင်၏ဇာတိတော်ကိုစစ်၍တွေ့နိုင်သလော။ ထာဝရတန်ခိုးရှင်၏ဇာတိကို စစ်၍ အကုန်အစင်နားလည်နိုင်သလော။ မိုးကောင်းကင်ကိုမီသည်ဖြစ်၍ သင်သည် အဘယ်သို့ပြုနိုင်သနည်း။ မရဏာနိုင်ငံထက်နက်သည်ဖြစ်၍

သင်သည် အဘယ်သို့သိနိုင်သနည်း။ အတိုင်းအရှည်သည် မြေကြီးကိုလွန်လျက် သမုဒ္ဒရာထက်သာ၍ကျယ်ဝန်းလျက်ရှိ၏" ဟူ၍ ယောဘကဖွင့်ဆိုပါသည်။ ဤကမ္ဘာလောကမှအထက်မြက်ဆုံးသောပညာရှိကြီးများသည် ဘုရားသခင်၏ အကြောင်းကိုသိမြင်နားလည်နိုင်စွမ်းမရှိကြပါ။ လူသားများသည် အမြဲတမ်း စူးစမ်းလေ့လာလျက်၊ အမြဲတမ်းလေ့ကျက်လျက်ရှိကြမည်ဖြစ်ပြီး ထိုထက်ပို၍ စူးစမ်းလေ့ကျက်စရာများကို တစ်ပုံတစ်ခေါင်းကြီးရှိနေဆဲဖြစ်ပါသည်။

သို့စေကာမူ ဖန်ဆင်းခြင်းလက်ရာတော်များသည် ဘုရားသခင်၏ တန်ခိုးတော်နှင့်ကြီးမြတ်တော်မူခြင်းအကြောင်းကို သက်သေခံနေကြပါသည်။ "မိုးကောင်းကင်သည် ဘုရားသခင်၏အသရေတော်ကိုကြားပြော၍ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကိုပြသ၏။ မှတ်တမ်းတင်ထားသောနှုတ်ထွက်စကားတော်ကို အကြံပေးချက်များအဖြစ်လက်ခံမှတ်ယူကြသူများသည် ဘုရားသခင်၏အကြောင်းကိုသိရှိနားလည်ရန် သိပ္ပံပညာရပ်တွင် အမအစတစ်ခုကိုတွေ့ရှိကြလိမ့်မည်။ "ဖန်ဆင်းသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့်ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။"

* * *



# (၁၀)
# ဗာဗုလုန်ရဲတိုက်

စာရိတ္တပျက်ပြားမှုများကို ရေအားဖြင့်သန့်စင်စေခဲ့သဖြင့် လူသူကင်းမဲ့လျက်ရှိသောကမ္ဘာကြီးအား နေထိုင်ရမည့်လူသားများနှင့်ပြန်လည်စည်ကားလာစေရန် ထာဝရဘုရားသခင်သည် "ဤကာလအမျိုးတွင် သင်သည် ငါ့ရှေ့၌ဖြောင့်မတ်ကြောင်းကိုငါသိမြင်သည်" ဟု ကိုယ်တိုင်မိန့်တော်မူခဲ့သော နောဧနှင့်မိသားစုတစ်စုတည်းကိုသာ စောင်မတော်မူခဲ့ပါသည်။ သို့စေကာမူ ရေမလွှမ်းမိုးမီအချိန်က လူသားများတွင်မြင်တွေ့ခဲ့ရသောထူးခြားချက်မျိုးကို နောဧ၏သားသုံးယောက်တို့၏အသက်တာတွင် လျင်မြန်စွာကြီးထွားဖွံ့ဖြိုးလာခဲ့ပါသည်။ လူသားမျိုးနွယ်စုတစ်ဖန်ပြန်လည်တည်ထောင်ခဲ့သူများဖြစ်သည့် ရှေမ၊ ဟာမ၊ ယာဖက်တို့တွင် ၎င်းတို့၏နောင်လာနောက်သားများ၏စာရိတ္တများကို အရိပ်အယောင်ပြနေကြပါသည်။

နောဧသည် ဝိညာဉ်တော်၏လှုံ့ဆော်မှုအားဖြင့် ဤပုဂ္ဂိုလ်သုံးဦးမှ ပေါက်ဖွားလာမည့်မဟာလူမျိုးစုသုံးစု၏အတ္တုပ္ပတ္တိကိုကြိုတင်ပြောကြားခဲ့ပါသည်။ ဟာမ၏သားမြေးများကိုဆန်းစစ်ကြည့်ရှုလျက်၊ "ခါနာန်သည် ကျိန်ခြင်းကို ခံရပါစေ။ အစ်ကိုတို့၏ကျွန်တို့၌ကျွန်ဖြစ်ပါစေ" ဟုသူပြောဆိုခဲ့၏။ သားသမီးများနှင့်ဆိုင်သောရိုသေကိုင်းရှိုင်းမှုသည် ရှေးယခင်နှစ်ပေါင်းများစွာကပင် ၎င်း၏အသက်ဝိညာဉ်မှစွန့်ပယ်ခြင်းခံခဲ့ရကြောင်း ဟာမ၏သဘာဝမကျသော ရာဇဝတ်မှုကဖေါ်ပြနေပါသည်။ ထိုအရာသည် ၎င်း၏အကျင့်စာရိတ္တဆိုးသွမ်းမှုကိုထင်ရှားစေပါသည်။ မကောင်းသောဤအကျင့်စရိုက်များသည် ခါနာန်နှင့်တကွ ၎င်း၏သားစဉ်မြေးဆက်များ၏အသက်တာတွင် အဆက်မပြတ်တည်ရှိခဲ့ပါသည်။ အဆက်မပြတ်ကျူးလွန်ခဲ့သော ၎င်းတို့၏ဒုစရိုက်မှုများသည် ၎င်းတို့အပေါ်သို့ ဘုရားသခင်၏အပြစ်ဒဏ်စီရင်မှုကျရောက်ရန် ဖိတ်ခေါ်နေပါသည်။

တစ်ဖက်မှာမူ ရှေမနှင့်ယာဖက်တို့သည် ၎င်းတို့၏မိဘများနှင့်တကွ ဘုရားသခင်ပြဋ္ဌာန်းထားသောဥပဒေစည်းမျဉ်းများကို ရိုသေကိုင်းရှိုင်းကြောင်း

ပြသခြင်းအားဖြင့် ၎င်းတို့၏သားမြေးများအတွက် ပို၍သာယာပျော်ရွှင်စရာကောင်းမည့်အနာဂတ်ရေးကိုအတည်ဖြစ်စေခဲ့ကြပါသည်။ ထိုသားနှစ်ယောက်နှင့်ပတ်သက်၍ဖွင့်ဆိုထားသည်မှာ "ရှေမ၏ထာဝရဘုရားသခင်သည် မင်္ဂလာရှိစေတော်မူစေသတည်း။ ခါနာန်သည် ရှေမ၏ကျွန်ဖြစ်ပါစေ၊ ဘုရားသခင်သည် ယာဖက်ကိုကျယ်စေတော်မူသဖြင့် ရှေမ၏တဲတို့တွင်နေပါစေ။ ခါနာန်မူကား၊ သူ၏ကျွန်ဖြစ်ပါစေ" ဟူ၍ဖြစ်၏။ ရှေမ၏အနွယ်မှရွေးချယ်ခြင်းခံရသောလူမျိုး၊ ဘုရားသခင်၏ပဋိညာဉ်နှင့်ဆိုင်သောလူမျိုး၊ ကတိထားတော်မူသည့်ကယ်တင်ရှင်နှင့်ဆိုင်သောလူမျိုးများပေါက်ဖွားခဲ့ပါသည်။ ၎င်း၏အနွယ်မှအာဗြဟံပေါက်ဖွားခဲ့ပါသည်။ ထိုမှတစ်ဆင့် ဣသရေလအနွယ်များပေါက်ဖွားလာခဲ့ပြီး ထိုအမျိုးအနွယ်မှခရစ်တော်ဖွားမြင်ခဲ့ပါသည်။ "ထာဝရဘုရားသခင်သည် အကြင်လူမျိုး၏ဘုရားသခင်ဖြစ်၏။ ထိုလူမျိုးသည် မင်္ဂလာရှိပါ၏။" ယာဖက်သည် ရှေမ၏တဲတို့တွင်နေလိမ့်မည်။ ယာဖက်၏သားမြေးများသည် ဧဝံဂေလိတရားတော်နှင့်ပတ်သက်သော ကောင်းချီးမင်္ဂလာများကို အထူးသဖြင့်မျှဝေခံစားခဲ့ရပါသည်။

ခါနာန်၏သားမြေးများသည် တစ်ပါးအမျိုးသားများ၏အနိမ့်ကျ၊ အယုတ်ညံ့ဆုံးသောအခြေအနေသို့တိုင် ကျဆင်းသွားခဲ့ပါသည်။ အစေကျွန်ခံရန် ကြိုတင်၍ကျိန်ခြင်းပေးတော်မူခဲ့သော်လည်း ထိုစီရင်ချက်ကို ရာစုနှစ်ပေါင်းများစွာဆိုင်းငံ့ထားခဲ့ပါသည်။ ဘုရားသခင်၏သည်းခံနိုင်မှုအဆင့်ကို မကျော်လွန်မချင်း၊ ကိုယ်တော်သည် ၎င်းတို့၏ရိုင်းပျမှုများနှင့် စာရိတ္တပျက်ပြားမှုများကို သည်းခံတော်မူခဲ့ပါသည်။ သည်းခံနိုင်မှုအတိုင်းအတာထက်ကျော်လွန်သွားသောအချိန်တွင်မူ သူတို့သည် စွန့်လွှတ်ခြင်းကိုခံခဲ့ရကာ ရှေမနှင့်ယာဖက်တို့၏သားမြေးထံတွင် ကျွန်ဖြစ်လာခဲ့ကြပါသည်။ နောဧ၏ကြိုတင်ဟောကြားချက်သည် အမျက်ထွက်သဖြင့် စိတ်ထင်တိုင်းစွပ်စွဲပြောဆိုခြင်းမဟုတ်သကဲ့သို့ သဘောထားကိုထုတ်ဖော်နေခြင်းလည်းမဟုတ်ပါ။ ၎င်းပြင်ထိုအရာသည် မိမိသားများ၏ကံကြမ္မာနှင့်စာရိတ္တများကိုလည်း သတ်မှတ်ခဲ့ခြင်းမဟုတ်ပါ။ သူတို့ခွဲခွဲခြားခြားရွေးချယ်ခဲ့သောအသက်တာလမ်းစဉ်၏



အကျိုးဆက်နှင့်၎င်းတို့တည်ဆောက်ခဲ့သောစာရိတ္တတော်များ၏အကျိုးဆက်များသည် မည်သည့်အရာဖြစ်မည်ကိုဖော်ပြခြင်းသာဖြစ်ပါသည်။ ၎င်းတို့၏အကျင့်စာရိတ္တများနှင့်လုပ်ဆောင်မှုများကြောင့် ၎င်းတို့နှင့်တကွ ၎င်းတို့၏သားမြေးများအပေါ်ထားရှိသော ဘုရားသခင်၏ကြိုရွယ်ချက်ကိုဖော်ပြခြင်းတစ်ရပ်သာဖြစ်ပါသည်။ မိဘများ၏အပြစ်ကို သားစဉ်မြေးဆက်တစ်လျှောက်လက်ခံကျင့်သုံးကြရန်အလို့ငှာ သားသမီးများသည် ၎င်းတို့မိဘများ၏ပကတိသဘောထားနှင့်စိတ်နေစိတ်ထားများကိုအမွေခံကာ မိဘများ၏ပုံသက်သေကိုအတုခိုးတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ဟာမ၏ဆိုးယုတ်မှုနှင့်ရိုင်းပျမှုများသည် ၎င်းတို့အတွက်နှစ်ပေါင်းများစွာကျိန်ခြင်းအမင်္ဂလာတစ်ခုဖြစ်စေလျက် ၎င်း၏သားမြေးများအပေါ်သို့လည်း ဆက်လက်ဖြစ်ပေါ်စေခဲ့ပါသည်။ "ဒုစရိုက်ပြုသောသူတစ်ဦးသည် ကောင်းသောအမှုများကိုဖျက်ဆီးတတ်၏။" (ဒေ ၉း၁၈)။

တစ်ဖက်တွင်မူ မိမိ၏ဖခင်အပေါ်ပြခဲ့သောရှေမ၏လေးစားမှုသည် ကြွယ်ဝသောအကျိုးပြုမှုကိုခံရကာ သူ၏သားမြေးများတွင် သန့်ရှင်းသူများ၏အလွန်ထင်ရှားသောမျိုးနွယ်တစ်ဦးပေါ်ထွန်းလာပါသည်။ "ဖြောင့်မတ်သောသူတို့၏နေ့ရက်ကာလကို ထာဝရဘုရားသခင်သိမှတ်တော်မူ၏။---သူ၏သားမြေးတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြ၏။" "သို့ဖြစ်၍ သင်၏ဘုရားသခင်ထာဝရဘုရားသခင်သည် မှန်သောဘုရားသခင်၊ သစ္စာစောင့်သောဘုရားသခင်၊ ကိုယ်တော်ကိုချစ်၍ ပညတ်တော်တို့ကိုစောင့်ရှောက်သောသူတို့၏အမျိုးအစဉ်အဆက်အထောင်အသောင်းတိုင်အောင် ပဋိညာဉ်စကားတည်၍ ကရုဏာကိုပြသောဘုရားသခင်ဖြစ်သည်ကိုသိမှတ်ကြလော့။"

နောဧ၏သားမြေးများသည် သင်္ဘောကြီးသောင်တင်ခဲ့သောတောင်များ၏အလယ်တွင် အချိန်အတန်ကြာအောင်ဆက်လက်နေထိုင်ခဲ့ကြပါသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ မကြာမီမှာပင် ဖေါက်ပြန်မှုများပေါ်ပေါက်လာကာ အချင်းချင်းသွေးကွဲလာခဲ့ပါသည်။ ဖန်ဆင်းရှင်ကိုမေ့ပစ်ကာ ကိုယ်တော်၏ပညတ်တော်တို့ကိုစွန့်ပစ်လိုကြသောသူများသည် ဘုရားသခင်ကို

ချစ်ကြောက်ရိုသေသောမိတ်ဆွေများ၏သွန်သင်မှုများနှင့် ၎င်းတို့၏ဘဝအသက်တာပုံသက်သေများကြောင့် အမြဲတမ်းစိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြရပါသည်။ ထိုကြောင့် ဘုရားသခင်ကိုကိုးကွယ်သူများနှင့်လမ်းခွဲကြရန် သူတို့ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။ သို့ဖြစ်၍ သူတို့သည် ဥဖရတ်မြစ်ကမ်းရှိ ရှိနာလွင်ပြင်သို့ပြောင်းရွှေ့သွားခဲ့ကြပါသည်။ လှပသောရှုခင်းများနှင့်ထက်သန်ကောင်းမွန်သောမြေသြဇာများကြောင့် ထိုလွင်ပြင်များတွင်အခြေချရန် သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။

ဤနေရာတွင် မြို့တစ်မြို့ကိုတည်ထောင်ကာ ထိုမြို့ထဲတွင် ကမ္ဘာ့အံ့ဖွယ်တစ်ခုအဖြစ် သမိုင်းတွင်ကျန်ရစ်မည့် အံ့မခန်းမြင့်မားသောရဲတိုက်တစ်ခုကိုတည်ဆောက်ရန် သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။ အအုပ်အသင်းဖွဲ့၍ လူစုကွဲသွားခြင်းရန်မှကာကွယ်ရန်ရည်ရွယ်ပြီး ထိုရဲတိုက်ကြီးကိုတည်ဆောက်ဖို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် လူသားများကို ကမ္ဘာအနှံ့တွင်သွားရောက်နေထိုင်ကာ ကမ္ဘာကြီးအား လူသားများဖြင့်ပြည့်ဝစေရန် လမ်းညွှန်တော်မူခဲ့သော်လည်း ဗာဗုလုန်ရဲတိုက်တည်ဆောက်သူများသည် ၎င်းတို့၏အသိုက်အဝန်းများကို တစုတည်းတစည်းတည်းဖြစ်အောင်လုပ်ရန်နှင့် အဆုံး၌ကမ္ဘာကြီးတစ်ခုလုံးကိုအကျုံးဝင်စေမည့်သက်ဦးဆံပိုင်ဘုရင်စနစ်ကိုတည်ထောင်ရန် ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့တည်ထောင်မည့်မြို့တော်သည် စကြဝဠာအင်ပါယာကြီး၏မြို့တော်ကြီးဖြစ်လာပေမည်။ ထိုမြို့၏ဘုန်းကိုလည်း ချီးမွမ်းစရာ၊ အရိုအသေပေးစရာဖြစ်လာခဲ့လိမ့်မည်။ ထိုမြို့ကိုတည်ထောင်သောသူများသည်လည်း ထင်ပေါ်ကျော်ကြားလာကြပေလိမ့်မည်။ မိုးထိအောင်မြင့်မားသောခမ်းနားထည်ဝါလှသည့်ထိုရဲတိုက်ကြီးကို တည်ဆောက်သူများ၏တန်ခိုးအစွမ်းများနှင့် ဉာဏ်ပညာများအတွက် အထိမ်းအမှတ်တစ်ခုအဖြစ်ဖြင့် နောက်ဆုံးသောလူသားမျိုးဆက်တိုင်အောင် ၎င်းတို့၏ဂုဏ်သတင်းကို ဆက်လက်တည်တံ့စေရန်ရည်ရွယ်၍ ထိုရဲတိုက်ကြီးကို သူတို့သည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

ရှိနာလွင်ပြင်တွင်နေထိုင်ခဲ့ကြသောထိုသူများသည် ကမ္ဘာကြီးအားနောက်တစ်ဖန်ရေမလွှမ်းမိုးစေတော့ပါဟူသော ဘုရားသခင်ပြုတော်မူသည့်



ပဋိညာဉ်တော်ကိုမယုံကြည်ခဲ့ကြပါ။ ၎င်းတို့အထဲမှလူအများစုသည် ဘုရားသခင်ရှိနေတော်မူသည့်အချက်ကိုငြင်းပယ်ခဲ့ကြပြီး ရေလွှမ်းမိုးခြင်းသည် သဘာဝအကြောင်းရင်းများ၏အကျိုးဖြစ်ထွန်းမှုတစ်ရပ်ဖြစ်သည်ဟု ယိုးမယ်ဖွဲ့ခဲ့ကြပါသည်။ အခြားတစ်ဖွဲ့မှာ တန်ခိုးရှင်တစ်ဦးရှိသည်ကိုလည်းကောင်း၊ ထိုပုဂ္ဂိုလ်သည် ကမ္ဘာကြီးအား ရေအားဖြင့်ဖျက်ဆီးခဲ့သည်ကိုလည်းကောင်း ယုံကြည်ခဲ့ကြသော်လည်း ၎င်းတို့၏စိတ်ထားများသည် ကာဣန၏စိတ်ထားများကဲ့သို့ပင် ကိုယ်တော်ရှင်အားဆန့်ကျင်ခဲ့ကြပါသည်။ ထိုရဲတိုက်ကြီးကိုတည်ဆောက်ခြင်းအတွက် ၎င်းတို့၏ရည်ရွယ်ချက်မှာ ရေလွှမ်းမိုးမှုတစ်ခုနောက်ထပ်ဖြစ်လာခဲ့လျှင် ၎င်းတို့လုံခြုံမှုရရှိရန်အတွက်ပင်ဖြစ်ပါသည်။ ရေလွှမ်းမိုးစဉ်က အမြင့်ဆုံးရေရောက်ခဲ့သောအမြင့်ထက် ပို၍မြင့်သောအဆောက်အအုံကြီးကိုတည်ဆောက်ခြင်းအားဖြင့် အန္တရာယ်ကင်းနိုင်သည့်ထိုနေရာတွင် နေထိုင်ကြရန် သူတို့စဉ်းစားတွေးခေါ်ခဲ့ကြပါသည်။ ၎င်းပြင် တိမ်တိုက်တွေကြားသို့ သူတို့တက်ရောက်နိုင်လိမ့်မည်ဆိုလျှင် ရေလွှမ်းမိုးရခြင်း၏အကြောင်းရင်းကိုစိစစ်ရှာဖွေနိုင်မည်ဟုလည်း သူတို့မျှော်လင့်ခဲ့ကြပါသည်။ ထိုလုပ်ဆောင်မှုတစ်ခုလုံးသည် စီမံကိန်းချမှတ်သူများ၏ပလွှားမှုများကို ပို၍မြှင့်တင်ရန်လည်းကောင်း၊ နောင်လာနောက်သားများအား ဘုရားသခင်နှင့်ဝေးကွာသွားစေကာ ရုပ်တုကိုးကွယ်မှုသို့ပို့ဆောင်ရန်လည်းကောင်း ရည်စူးခဲ့ပါသည်။

ရဲတိုက်ကြီးကို တစ်ပိုင်းတစ်စတည်ဆောက်ပြီးသောအချိန်တွင် အချို့အပိုင်းများကိုတည်ဆောက်သူများအတွက် နေစရာအဖြစ်သတ်မှတ်လိုက်ကြပြီး ကျန်အခန်းများကိုခမ်းနားလှပစွာပြင်ဆင်ခြယ်မှုန်းကာ ၎င်းတို့၏ရုပ်တုများအတွက် သီးသန့်ထားကြပါသည်။ ထိုလူများသည် မိမိတို့ရရှိခဲ့သောအောင်မြင်မှုအတွက် ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြပြီး ရွှေဘုရား၊ ငွေဘုရားများကိုချီးမွမ်းထောမနာပြုကြကာ ကောင်းကင်နှင့်မြေကြီးကိုအုပ်စိုးသောအရှင်အား ဆန့်ကျင်အန်တုခဲ့ကြပါသည်။ သို့ရာတွင် အထူးတိုးတက်အောင်မြင်နေသည့်ထိုလုပ်ငန်းသည် ရုတ်တရက်ဟန့်တားခြင်းကိုခံလိုက်ရပါသည်။ ဘုရားသခင်သည် တည်ဆောက်သူများ၏အကြံအစည်ကိုဖျက်ဆီးပစ်ရန်

ကောင်းကင်တမန်များကိုစေလွှတ်တော်မူခဲ့ပါသည်။ ထိုရဲတိုက်ကြီးသည် အလွန်မြင့်မားလျက်ရှိရာ ထိပ်ဖျားတွင်ရှိသောလုပ်သားများသည် အောက်ခြေတွင်အလုပ်လုပ်နေသည့်လုပ်သားများနှင့်တိုက်ရိုက်ဆက်သွယ်ရန်မဖြစ်နိုင်တော့ချေ။ ထိုကြောင့်လုပ်ငန်းနှင့်ပတ်သက်သောညွှန်ကြားချက်များနှင့် အခြားလိုအပ်သောပစ္စည်းများအတွက် အမှာစကားများကိုသတင်းပေး၊ သတင်းယူလုပ်ပေးရန် ကြားခံလူများကိုနေရာချထားကြရပါသည်။ ထိုသို့သတင်းပေး၊ သတင်းယူပြုလုပ်ရာတွင် ဘာသာစကားများသည် ရှုပ်ထွေးလာခဲ့ပါသည်။ တောင်းခံသောပစ္စည်းများသည် မလိုအပ်သောပစ္စည်းဖြစ်နေကာ ပေးပို့လိုက်သောညွှန်ကြားချက်များသည်လည်း ပြောင်းပြန်ဖြစ်နေပါတော့သည်။ ထိုကြောင့် ရှုပ်ထွေးမှုများနှင့်ကြောက်လန့်မှုများဆက်တိုက်ဖြစ်ပေါ်လာပါသည်။ လုပ်ငန်းအားလုံးသည် ရပ်တန့်သွားခဲ့ပါသည်။ သဟဇာတရှိမှုနှင့်ပူးပေါင်းလုပ်ဆောင်မှုများမရှိနိုင်တော့ပြီ။ တည်ဆောက်သူများသည် မိမိတို့အထဲတွင်ဖြစ်ပွားနေသောထူးဆန်းသည့်နားလည်မှုလွဲမှားခြင်းကို လုံးလုံးရှင်းမပြတတ်အောင်ဖြစ်ခဲ့ကြပြီး အမျက်ဒေါသများ၊ စိတ်ပျက်မှုများကိုခံစားလာရကာ တစ်ဦးကိုတစ်ဦးအပြစ်တင်လာကြပါတော့သည်။ သူတို့၏ပူးပေါင်းကြံစည်မှုသည် ခိုက်ရန်ဖြစ်ပွားမှု၊ သွေးထွက်သံယိုဖြစ်ပွားမှုနှင့်သာအဆုံးသတ်ခဲ့ပါသည်။ ဘုရားသခင်နှစ်မြို့တော်မမူကြောင်း၊ အထောက်အထားတစ်ခုအဖြစ် ကောင်းကင်မှထွက်ပေါ်လာသောလျှပ်စစ်ပြက်ခြင်းများသည် ရဲတိုက်ကြီး၏အထက်ပိုင်းကိုထိမှန်ကာ ထိပ်ဖျားပိုင်းကြီးသည် ပြိုကျကုန်ပါတော့သည်။ အမှန်မှာကောင်းကင်နိုင်ငံတွင် စိုးစံအုပ်ချုပ်တော်မူလျက်ရှိသော ဘုရားသခင်တစ်ပါးရှိတော်မူကြောင်းကို ၎င်းတို့အား အသိပေးခဲ့ခြင်းသာဖြစ်ပါသည်။

ဤအချိန်အထိလူသားအားလုံးသည် ဘာသာစကားတစ်မျိုးတည်းဖြင့် စကားပြောဆိုဆက်သွယ်ခဲ့ကြပါသည်။ ယခုတွင်မူ ဘာသာစကားနားလည်မှုတူသူများအချင်းချင်း အဖွဲ့ကလေးများဖွဲ့စည်းမိကာ သူ့လမ်းနှင့်သူအသီးသီးထွက်ခွာသွားကြပါတော့သည်။ “ထိုသို့ထာဝရဘုရားသခင်သည် မြေကြီးတစ်ပြင်လုံး၌ အရပ်ရပ်ကွဲပြားစေတော်မူ၏။” ဤကဲ့သို့အရပ်ရပ်နှံ့ပြားစေမှုသည် မြေကြီးတစ်ပြင်လုံးတွင် လူများဖြင့်ပြည့်သိပ်စေသောနည်းလမ်းဖြစ်ပါသည်။ ထိုနည်းအားဖြင့် ထာဝရဘုရားသခင်၏အကြံအစည်တော်ကို အထမမြောက်စေရန် လူသားများအသုံးပြုခဲ့သောနည်းကိုအသုံးပြုကာ ကိုယ်တော်သည် မိမိ၏အကြံအစည်တော်ကိုအထမြောက်စေခဲ့ပါသည်။



သို့ရာတွင် ထာဝရဘုရားသခင်ကိုဆန့်ကျင်သူများမှာ မည်မျှအကြံအိုက်သွားခဲ့ကြသနည်း။ လူသားများသည် နိုင်ငံများကိုတည်ထောင်ရန် နေရာအနှံ့သို့ထွက်ခွာသွားသောအခါ ကိုယ်တော်၏အလိုတော်ကို ၎င်းတို့နှင့်အတူသယ်ဆောင်သွားကြရန်နှင့် သမ္မာတရား၏အလင်းကို နောင်လာနောက်သားများအား ခေတ်အဆက်ဆက်တွင်ထင်ရှားစွာထွန်းလင်းကြစေရန် ကိုယ်တော်အကြံအစည်ရှိတော်မူပါသည်။ သစ္စာရှိစွာ၊ တရားဟောကြားခဲ့သူနောဧသည် ရေလွှမ်းမိုးခြင်းပြီးသည့်နောက်နှစ်ပေါင်းသုံးရာ့ငါးဆယ်ခန့် ဆက်လက်အသက်ရှင်နေထိုင်ခဲ့ပြီး ရှေမသည် အနှစ်ငါးရာတိုင်တိုင်ဆက်လက်နေထိုင်ခဲ့ပါသည်။ ထိုကြောင့် ၎င်းတို့၏သားမြေးများသည် ဘုရားသခင်၏စေခိုင်းချက်များနှင့် ၎င်းတို့၏ဖခင်များအပေါ် ဘုရားသခင်ပြုတော်မူသည့်အတ္ထုပ္ပတ္တိများကိုသိကျွမ်းခွင့်ရခဲ့ကြပါသည်။ သို့သော် ၎င်းတို့သည် နှစ်မြို့ဖွယ်မကောင်းသောသမ္မာတရားများကိုနားထောင်ရန် ဆန္ဒမရှိခဲ့ကြချေ။ ဦးနှောက်ထဲတွင် ဘုရားသခင်အားစွဲမှတ်မထားလိုကြချေ။ ဘာသာစကားများရှုပ်ထွေးမှုများကြောင့် ၎င်းတို့အား အလင်းတရားပေးမည့်သူများနှင့်အကြီးအကျယ်အဆက်အသွယ်ဖြတ်တောက်ပစ်ခဲ့ကြပါသည်။

ဗာဗုလုန်ရဲတိုက်ကိုတည်ဆောက်ခဲ့သောထိုသူများသည် ထာဝရဘုရားသခင်ကိုဆန့်ကျင်ကာ ညည်းတွားမှုများကိုပြုခဲ့ကြပါသည်။ သူတို့သည် အာဒံအပေါ်ထားရှိခဲ့သောကိုယ်တော်၏ကရုဏာတော်နှင့် နောဧနှင့်ပြုခဲ့သောကောင်းမြတ်လှသည့်ပဋိညာဉ်ကို ကျေးဇူးတင်စွာဖြင့်သတိရအောက်မေ့ရမည့်အစား အာဒံတို့ဇနီးမောင်နှံအား ဧဒင်ဥယျာဉ်ထဲမှနှင်ထုတ်ခဲ့ခြင်းနှင့် ကမ္ဘာကြီးအား ရေအားဖြင့်ဖျက်ဆီးခဲ့ခြင်းအတွက် ကိုယ်တော်၏ရက်စက်မှုကို သူတို့အပြစ်တင်ခဲ့ကြပါသည်။ သို့ရာတွင် ထိုသူတို့သည် ဘုရားသခင်အား

နိုင်လိုမင်းထက်လုပ်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုအတွက် အပြစ်တင်ဝေဖန်နေသည့်တစ်ချိန်တည်းမှာပင် အကြင်နာကင်းမဲ့သူများ၏အရက်စက်ဆုံးသောစည်းမျဉ်းများကို လက်ခံနေကြပါသည်။ စာတန်သည် ခရစ်တော်၏အသေခံတော်မူခြင်းကိုပုံဆောင်ထားသည့် ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သောပူဇော်သကာများအပေါ် မရှိမသေပြုလုပ်ကြစေရန်ကြိုးစားနေပါသည်။ လူတို့၏စိတ်သည် ရုပ်တုကိုးကွယ်မှုများကြောင့် မှောင်မိုက်ကျနေစဉ်တွင် သူသည် ၎င်းတို့အား ဤပူဇော်သကာများအစား၊ ၎င်းတို့၏သားသမီးများကိုသတ်၍ ယဇ်ပူဇော်ကြရန် လမ်းပြခဲ့ပါသည်။ လူသားများသည် ထာဝရဘုရားသခင်ထံမှထွက်ခွာလာသည်နှင့်အမျှ ဘုရားသခင်၏ကြန်အင်လက္ခဏာများဖြစ်ကြသည့် တရားမျှတခြင်း၊ စင်ကြယ်ခြင်းနှင့် ချစ်ခြင်းမေတ္တာများ၏နေရာတွင် ဖိနှိပ်မှုများ၊ အကြမ်းဖက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများက အစားထိုးနေရာယူလာခဲ့ကြပါသည်။

ဗာဗုလုန်ရဲတိုက်မှလူသားများသည် ထာဝရဘုရားသခင်ကို အားကိုးမှုပြုသောအစိုးရတစ်ခုကိုတည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုလူများထဲတွင် ထာဝရဘုရားသခင်ကိုကြောက်သောသူတချို့ရှိနေကြသော်လည်း ၎င်းတို့သည် ဘာသာတရားမရှိသောသူများ၏ဟန်ဆောင်မှုများအားဖြင့် လိမ်လည်လှည့်ဖြားခြင်းခံရကာ ၎င်းတို့၏ကြံစည်ဖန်တီးမှုများထဲသို့ဆွဲယူခြင်းကိုခံခဲ့ကြရပါသည်။ သစ္စာရှိသောထိုသူများ၏အကျိုးအလို့ငှာ ထာဝရဘုရားသခင်သည် ပြစ်ဒဏ်စီရင်မှုကိုနှောင့်နှေးစေခဲ့ပြီး ထိုသူများအား ၎င်းတို့၏ဇာတိရုပ်မှန်ကိုဖေါ်ပြရန် အချိန်ပေးတော်မူခဲ့ပါသည်။ အခြေအနေကောင်းလာသောအချိန်တွင် ဘုရားသခင်၏သားသမီးများက ထိုသူများအား ၎င်းတို့၏အကြံအစည်များကို လိုက်လျောလာအောင်လုပ်ဆောင်ခဲ့ကြသော်လည်း ထိုသူများသည် ထာဝရဘုရားသခင်ကိုအန်တုလုပ်ဆောင်မှုတွင် လုံးလုံးလျားလျားသွေးစည်းခဲ့ကြပါသည်။ ၎င်းတို့အားဟန့်တားမှုမပြုလုပ်ခဲ့လျှင် အသက်နုသေးသောဤကမ္ဘာကြီးတစ်ခုလုံးကိုအကျင့်စရိုက်ပျက်ပြားစေခဲ့ပါလိမ့်မည်။ ၎င်းတို့၏ပူးပေါင်းကြံစည်မှုသည် ဆန့်ကျင်အာခံမှုတွင်အခြေပြုထားပါသည်။ ထာဝရဘုရားသခင်





အားအုပ်စိုးခွင့်မပြုဘဲ ကိုယ်ကိုကိုယ်ချီးမြှောက်ရန်အတွက် တည်ထောင်မည့်နိုင်ငံတစ်ခုအပေါ်တွင် အခြေပြုထားကြပါသည်။ ဤပူးပေါင်းကြံစည်မှုကိုခွင့်ပြုခဲ့မည်ဆိုလျှင် ခွန်အားကြီးသောတန်ခိုးအာဏာတစ်ခုသည် ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းများနှင့်တကွ ဖြောင့်မတ်ခြင်းများကို ဤကမ္ဘာမှဖျောက်ဖျက်ပစ်ရန် အောင်လံလွှင့်လာခဲ့ပါလိမ့်မည်။ လူသားများသည် မိမိတို့၏အတ္တများ၍ ရက်စက်သောနှလုံး၏အလိုနှင့်ကိုက်ညီသောဥပဒေစည်းမျဉ်းများနှင့် ဘုရားသခင်၏ပညတ်တော်ကိုအစားထိုးပစ်ရန် ကြိုးစားခဲ့ကြပါသည်။

ဘုရားသခင်ကိုကြောက်ရွံ့သောသူအပေါင်းတို့သည် ကြားဝင်ဟန့်တားပေးရန် ကိုယ်တော့်ထံဟစ်အော်တောင်းခံခဲ့ကြပါသည်။ "လူသားတို့တည်လုပ်သော မြို့နှင့်ရဲတိုက်ကိုကြည့်ရှုခြင်းငှာ ထာဝရဘုရားသခင်သည် ဆင်းသက်တော်မူ၏။" ကိုယ်တော်သည် ဤကမ္ဘာကြီးအား ကရုဏာထားတော်မူလျက် ရဲတိုက်တည်ဆောက်သူများ၏အကြံအစည်ကိုချေဖျက်တော်မူကာ ၎င်းတို့၏ဝံ့စားမှုအတွက် သတိရဖွယ်အထိမ်းအမှတ်ကိုလည်း မှောက်လှန်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကရုဏာတော်အားဖြင့် ၎င်းတို့၏ပုန်ကန်ခြားနားလိုသည့်အကြံအစည်များကိုဟန့်တားရန် ၎င်းတို့၏ဘာသာစကားများကိုရှုပ်ထွေးစေခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ၎င်းတို့အားလုံလောက်သောအခွင့်အရေးများကိုပေးလျက် လူသားတို့၏စဉ်းလဲဖေါက်ပြန်မှုများကို အချိန်ကြာမြင့်စွာသည်းခံတော်မူခဲ့သော်လည်း ဖြောင့်မတ်သန့်ရှင်းသောပညတ်တော်၏အာဏာတော်ကိုတွန်းလှန်ရန် ဖန်တီးထားသည့် ၎င်းတို့၏အကြံအစည်များကိုမူ မှတ်တော်မူပါသည်။ အစိုးရမင်းများ၏ရာဇလှံတံကိုကိုင်ဆွဲထားတော်မူသည့် မမြင်နိုင်သောလက်တော်သည် မကြာခဏဆိုသလို ဒုစရိုက်များကိုဟန့်တားရန် ဆန့်တော်မူတတ်ပါသည်။ ထာဝရဥာဏ်တော်၊ ထာဝရမေတ္တာတော်နှင့်ပြည့်စုံတော်မူသောစကြဝဠာ၏ဖန်ဆင်းရှင်သည် ကောင်းကင်နှင့်မြေကြီးကိုပိုင်းစိုးပိုင်သတော်မူသောအရှင်ဖြစ်တော်မူကြောင်း၊ မည်သူမျှအပြစ်ဒဏ်နှင့်ကင်းလွတ်လျက် ကိုယ်တော်၏တန်ခိုးတော်ကိုအန်တုခြင်းငှာမစွမ်းနိုင်ကြောင်း၊ မမှားနိုင်သောအထောက်အထားများပေးထားတော်မူပါသည်။

ရဲတိုက်တည်ဆောက်သူများသည် နောက်ဆုံးတွင် အရှက်တကွဲဖြစ်ကာ အရှုံးနှင့်သာရင်ဆိုင်ခဲ့ကြရပါသည်။ သူတို့၏ဝါကြွားစရာအထိမ်းအမှတ်ကြီးသည် ၎င်းတို့၏မိုက်မဲမှုအတွက် သတိရအောက်မေ့ဖွယ်တစ်ခုဖြစ်လာခဲ့ပါသည်။ သို့စေကာမူ လူများသည် မိမိကိုယ်ကိုအားကိုးလျက်ဘုရားသခင်၏ပညတ်တော်ကိုငြင်းပယ်ကာ ထိုလမ်းစဉ်ကိုပင်အဆက်မပြတ်လိုက်လျှောက်ခဲ့ကြပါသည်။ ထိုနိယာမသည် ကောင်းကင်နိုင်ငံတော်တွင်စာတန်လိုက်နာဆောင်ရွက်ရန် ကြိုးစားခဲ့သောနိယာမဖြစ်ပြီး ပူဇော်သကာတင်ဆက်ရာတွင် ကာဣနအားထိန်းချုပ်ခဲ့သောနိယာမလည်းဖြစ်ပါသည်။

ကျွန်ုပ်တို့ခေတ်တွင်လည်း ဗာဗုလုန်ရဲတိုက်ဆောက်သူများရှိကြပါသည်။ ဘုရားသခင်ကိုမယုံကြည်သူများသည် သိပ္ပံပညာမှကောက်ချက်ချထားသည်ဟုထင်ရသောအတွေးအခေါ်များနှင့်သီအိုရီများကိုလက်ခံယုံကြည်ကာဘုရားသခင်ဖော်ပြတော်မူသည့်နှုတ်ထွက်စကားတော်ကိုငြင်းပယ်ခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်၏သီလနှင့်ပြည့်စုံသော အစိုးတရပြုမှုအပေါ်တွင်ပြစ်ဒဏ်စီရင်ရန်ရဲဝံ့ကြပါသည်။ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုမထီမဲ့မြင်ပြု၍ မိမိတို့၌လုံလောက်သောဆင်ခြင်တုံတရားရှိသည်ဟုဝါကြွားကြပါသည်။ ထိုအချိန်တွင် "အဓမ္မမှုကိုအလျင်အမြန်စစ်ကြော၍ ဒဏ်မပေးသောကြောင့် လူသားတို့သည် အဓမ္မအမှုကိုပြုခြင်းငှာ ခိုင်မာစွာသဘောထားကြ၏။"

အတိအလင်းထုတ်ဖော်ပြောဆိုချက်အရ ခရစ်ယာန်အသိုက်အဝန်းမှလူများစွာတို့သည် သမ္မာကျမ်းစာမှရှင်းလင်းသောသွန်သင်ချက်များကို ကျောခိုင်းခဲ့ကြပြီး လူသားတို့၏ဆင်ခြင်တုံတရားနှင့်နှစ်သက်ဖွယ်ကောင်းသောဒဏ္ဍာရီများမှ ဘာသာအယူဝါဒတစ်ခုကို ဆောက်တည်နေကြပါသည်။ ထိုသူများသည် ကောင်းကင်သို့တက်လှမ်းနိုင်သည့်လမ်းတစ်ခုအဖြစ် မိမိတို့တည်ဆောက်ထားသောရဲတိုက်ကြီးကိုညွှန်ပြနေကြပါသည်။ ပညတ်တော်လွန်ကျူးသူများသည် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်မဟုတ်ကြောင်း၊ ဘုရားသခင်၏ပညတ်တော်မစောင့်ရှောက်ဘဲ ကယ်တင်ခြင်းကိုရယူနိုင်ကြောင်း အပြော



ကောင်းကောင်းနှင့်သွန်သင်နေသူများအား လူအများကချီးမွမ်းဩဘာပေးတတ်ကြပါသည်။ ခရစ်တော်နောက်လိုက်များသည် ဘုရားသခင်ထားခဲ့သောစံကိုလက်ခံကြလိမ့်မည်ဆိုလျှင် သူတို့၏စည်းလုံးညီညွတ်မှုရှိလာကြပါလိမ့်မည်။ သို့ရာတွင် လူသားများ၏ဉာဏ်ပညာများကို ကိုယ်တော်၏သန့်ရှင်းသောပညတ်တော်ထက်ပို၍မြှောက်စားနေသမျှကာလပတ်လုံး အသင်းအဖွဲ့များကွဲပြားမှု၊ စိတ်သဘောထားမတိုက်ဆိုင်မှုများဖြစ်ပေါ်လာပေလိမ့်မည်။ ဖီလာဆန့်ကျင်မှုများရှိနေသောဘာသာအယူဝါဒများနှင့် ဂိုဏ်းဂဏများအကြားဖြစ်ပေါ်နေသောရှုပ်ထွေးမှုကို "ဗာဗုလုန်" ဟူသောဝေါဟာရအားဖြင့် ထိမိစွာရုပ်လုံးဖော်ထားလျက်ရှိပါသည်။ ထိုဝေါဟာရသည် နောက်ဆုံးသောခေတ်ကာလတွင် တည်ရှိနေသောလောကကိုချစ်သည့်အသင်းတော်များကိုဆိုလိုပါသည်။

များစွာသောလူတို့သည် ဥစ္စာပစ္စည်းများနှင့်တန်ခိုးတော်အာဏာများကိုရယူလျက် ၎င်းတို့ကိုယ်တိုင်အတွက် ကောင်းကင်နိုင်ငံတစ်ခုကိုတည်ဆောက်ရန် ကြိုးစားနေကြပါသည်။ သူတို့သည် လူ့အခွင့်အရေးများကိုနင်းချေလျက်၊ ဘုရားသခင်၏အာဏာတော်ကိုလျစ်လျူရှုလျက် ဆိုးသောညှဉ်းဆဲခြင်းကိုပင် ပြက်ရယ်ပြု၍ပြောတတ်ကြ၏။ ထောင်လွှားသောစကားကိုလည်းသုံးတတ်ကြ၏။ မာနထောင်လွှားသောထိုသူများသည် တန်ခိုးအာဏာကြီးမားလာနိုင်ကောင်းကြီးမားလာနိုင်ကြပါမည်။ လုပ်ကိုင်ဆောင်ရွက်သမျှတွင် အောင်မြင်မှုများရရှိကောင်းရရှိမည်ဖြစ်သော်လည်း အဆုံးတွင်ဝမ်းနည်းစိတ်ပျက်ကာ အတိဒုက္ခနှင့်သာရင်ဆိုင်ကြရပါလိမ့်မည်။

ထာဝရဘုရားသခင်၏စုံစမ်းစစ်ဆေးရာကာလသည် ရောက်ရှိနေပါပြီ။ သားသမီးများသည် မည်သည့်အရာကိုတည်ဆောက်နေသည်ကိုကြည့်ရှုရန်ထာဝရဘုရားသခင်သည် ဆင်းသက်ကြွမြန်းလာပေတော့မည်။ ကိုယ်တော်၏အချုပ်အခြာအာဏာတော်ကိုဖော်ပြတော်မူကာ လူသားတို့၏မာန်မာနများကိုနှိမ့်ချပေးတော့မည်။ ထာဝရဘုရားသခင်သည် ကောင်းကင်ဘုံကကြည့်ရှု၍လူသားအပေါင်းတို့ကိုမြင်တော်မူ၏။ ကိန်းဝပ်တော်မူရာအရပ်ကကြည့်ရှု၍

မြေကြီးပေါ်မှာနေသောသတ္တဝါအပေါင်းတို့ကိုမှတ်တော်မူ၏။ ထာဝရဘုရားသခင်သည် တစ်ပါးအမျိုးသားတို့၏တိုင်ပင်ခြင်းကိုပယ်တော်မူ၏။ လူစုတို့၏ကြံစည်ခြင်းကိုလည်း ဖျက်ဆီးတော်မူ၏။ ထာဝရဘုရားသခင်၏ ပြဋ္ဌာန်းတော်မူခြင်းသည် ကာလထာဝရနှင့်ဆိုင်၍ စိတ်နှလုံးတော်၏အကြံအစည်တို့သည် သားစဉ်မြေးဆက်အဆုံးတိုင်အောင်တည်ကြလိမ့်မည်။

* * *



## (၁၁)
## အာဗြဟံကိုခေါ်တော်မူခြင်း

လူသားများသည် ဗာဗုလုန်ရဲတိုက်မှအရပ်ရပ်သို့ကွဲလွင့်သွားခဲ့ကြပြီးနောက် ရုပ်တုကိုးကွယ်မှုသည် တစ်ကမ္ဘာလုံးလိုလိုတွင် တစ်ဖန်ပျံ့နှံ့ခဲ့ပါသည်။ နောက်ဆုံးတွင် ထာဝရဘုရားသခင်သည် စိတ်နှလုံးခိုင်မာသော ပညတ်တော်လွန်ကျူးလိုသူများအား ၎င်းတို့၏ဆိုးညစ်သောလမ်းစဉ်များကို လိုက်လိုက လိုက်ကြရန် စွန့်ပစ်တော်မူကာ ရှေမအနွယ်မှပေါက်ဖွားခဲ့သော အာဗြဟံကိုရွေးချယ်တော်မူပြီး အနာဂတ်လူမျိုးဆက်များအတွက် ကိုယ်တော်၏ ပညတ်တော်ကိုစောင့်ရှောက်ပေးသူအဖြစ် ပြုပြင်တော်မူခဲ့ပါသည်။ အာဗြဟံသည် အစွဲအလမ်းကြီးသူများ၊ ရုပ်တုကိုးကွယ်သူများအကြားတွင် ကြီးပြင်းလာခဲ့ပါသည်။ ဘုရားသခင်ကိုသိခြင်းပညာကိုစောင့်ထိန်းခဲ့သော ၎င်း၏ ဖခင်အိမ်ထောင်စုသည်ပင် ၎င်းတို့၏ပတ်ဝန်းကျင်တွင်ရှိနေသောလှည့်ဖြားတတ်သောဩဇာသက်ရောက်မှုများနောက်သို့လိုက်ပါခဲ့ကြကာ ထာဝရဘုရားသခင်၏နေရာတွင် အခြားဘုရားသခင်များကိုကိုးကွယ်ခဲ့ကြပါသည်။ သို့ရာတွင် စစ်မှန်သောယုံကြည်ခြင်းရှိသူများသည် လုံးဝကွယ်ပျောက်သွားခြင်းမရှိပါ။ မိမိအားကိုးကွယ်ရန် ကျန်ကြွင်းသောလူတစ်စုကို ကိုယ်တော်ရှင်သည် အမြဲတမ်းစောင့်မထားတော်မူခဲ့ပါသည်။ အာဒံ၊ ရှေသ၊ ဧနောက်၊ မသုရှလ၊ နောဧ၊ ရှေမ အစရှိသောပုဂ္ဂိုလ်များသည် အပြတ်အတောက်မရှိဘဲ ကိုယ်တော်ရှင်၏အလိုတော်ကိုဖော်ပြထားသည့် တန်ဖိုးရှိလှသောကြိုတင်ဟောကြားသောတရားများကို ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။ တေရ၏သားဖြစ်သော အာဗြဟံသည်လည်း မွန်မြတ်သန့်ရှင်းသော တာဝန်ကိုအမွေဆက်ခံရသူတစ်ဦးဖြစ်လာခဲ့ပါသည်။ ရုပ်တုကိုးကွယ်မှုများသည် အဘက်ဘက်မှ ၎င်းအားလက်ကမ်းကြိုဆိုခဲ့ကြသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ပါသည်။ သူသည် သစ္စာမစောင့်သောသူများအလယ်တွင် သစ္စာရှိစွာဖြင့် ပျံ့နှံ့လျက်ရှိသောဖောက်ပြန်မှုများကြောင့် စာရိတ္တပျက်ယွင်းသွားခြင်းမရှိဘဲ

စစ်မှန်သောတစ်ဆူတည်းသောဘုရားသခင်ကိုသာ တည်ကြည်မြဲမြံစွာဝတ်ပြုကိုးကွယ်ခဲ့ပါသည်။ "ထာဝရဘုရားသခင်သည် ပတ္တနာပြုသောသူအပေါင်း၊ သစ္စာနှင့်တကွ ပတ္တနာပြုသောသူအပေါင်းတို့၏အနီးအပါး၌ရှိတော်မူ၏။" ကိုယ်တော်သည် မိမိ၏အလိုတော်ကို အာဗြဟံအားဖော်ပြကာ ကိုယ်တော်ရှင်၏ ပညတ်တော်နှင့်ပတ်သက်သောတောင်းဆိုချက်များအတွက် ထူးခြားသောအသိပညာများကိုလည်းကောင်း၊ ခရစ်တော်အားဖြင့်ပြီးမြောက်အောင်လုပ်ဆောင်တော်မူမည့်ကယ်တင်ခြင်းစီမံကိန်းအကြောင်းကိုလည်းကောင်း မိန့်တော်မူခဲ့ပါသည်။

ထိုခေတ်လူသားများအတွက် အထူးတန်ဖိုးရှိလှသောအလွန်များပြားသည့် သားစဉ်မြေးဆက်များအကြောင်းကိုလည်းကောင်း၊ လူမျိုးကြီးဖြစ်မည့်အကြောင်းကိုလည်းကောင်း အာဗြဟံအားကတိပေးတော်မူခဲ့ပါသည်။ "သင့်ကိုကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်၊ သင့်ကိုကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်" ဟူ၍လည်းမိန့်တော်မူခဲ့ပါသည်။ ၎င်းပြင် ကယ်တင်ရှင်သည် ၎င်း၏အနွယ်မှပေါက်ဖွားလာမည်ဟူသောအခြားကတိတော်များထက် မွန်မြတ်တန်ဖိုးရှိလှသောအာမခံချက်ကိုလည်း "သင့်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်" ဟူသောကတိတော်အားဖြင့် မိန့်မြွက်တော်မူခဲ့ပါသည်။

"သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဖော်များထဲကထွက်ပြီးလျှင် ငါပြလတ္တံ့သောပြည်သို့သွားလော့" ဟူသောဘုရားသခင်ထံမှ သတင်းစကားသည် အာဗြဟံထံသို့ရောက်ရှိလာခဲ့ပါသည်။ ထာဝရဘုရားသခင်သည် သန့်ရှင်းသောကျိုတင်ဟောတရားကို စောင့်ရှောက်သူတစ်ဦးအဖြစ် ကိုယ်တော်၏ မဟာအမှုတော်အတွက် အရည်အသွေးပြည့်စုံစေရန်အလို့ငှာ အာဗြဟံအား ၎င်း၏ယခင်အသက်တာမှမိတ်ဟောင်းဆွေဟောင်းများနှင့်သီးသန့်စီခွဲခြားထားရမည်ဖြစ်ပါသည်။ ဆွေမျိုးမိတ်ဆွေများ၏ဩဇာသက်ရောက်မှုသည် ၎င်းအားဘုရားသခင်ပေးတော်မူရန်ကြံရွယ်ထားသည့်လေ့ကျင့်ပညာပေးမှုကို အဟန့်အတားပြုလိမ့်မည်ဖြစ်ပါသည်။ ယခုတွင် အာဗြဟံသည် ကောင်းကင်နိုင်ငံနှင့်



ဆက်နွှယ်မှုရှိခဲ့သောကြောင့် ထူးခြားသောခံစားချက်ကိုခံစားလျက် သူစိမ်းတစ်ရံဆံများအလယ်တွင်နေထိုင်ရမည်ဖြစ်ပါသည်။ သူ၏အကျင့်စာရိတ္တသည် လောကသားများနှင့်မတူဘဲ တစ်မူထူးခြားရမည်ဖြစ်ပါသည်။ လုပ်ဆောင်မှုအရပ်ရပ်ကို မိတ်ဆွေများနားလည်သဘောပေါက်စေရန် သူရှင်းပြနိုင်စွမ်းမရှိပါချေ။ ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများကို ဝိညာဉ်တော်အားဖြင့်သာ သိစွမ်းနိုင်သဖြင့် သူ၏ရည်မှန်းချက်နှင့်လုပ်ဆောင်မှုများကို ရုပ်တုကိုးကွယ်သူဆွေမျိုးသားချင်းများက သိရှိနားလည်ခြင်းမရှိခဲ့ကြချေ။

"အာဗြဟံသည် အမွေခံရလတ္တံ့သောပြည်သို့ထွက်သွားမည့်အကြောင်း ဘုရားသခင်ခေါ်တော်မူသောအခါ သူသည် ဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက် ယုံကြည်ခြင်းအားဖြင့် နားထောင်၍ထွက်သွားလေ၏။" ဒွိဟကင်းသောအာဗြဟံ၏ယုံကြည်ခြင်းသည် သမ္မာကျမ်းစာတွင်တွေ့ရမည့်ယုံကြည်ခြင်းအတွက် အထိရောက်ဆုံးသောအထောက်အထားများအနက်တစ်ခုဖြစ်ပါသည်။ သူ့အတွက် "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကိုမျက်မှောက်ပြုခြင်းဖြစ်၏။" ပြည့်စုံလိမ့်မည်ဟု အပြင်ပန်းအရိပ်အယောင်တစ်စုံတစ်ခုမျှမတွေ့ရသော ဘုရားသခင်၏ကတိတော်အပေါ်တွင် လုံးလုံးယုံကြည်အားကိုးလျက် မိမိ၏နေအိမ်၊ မိဘဆွေမျိုးနှင့် မိမိနိုင်ငံကိုစွန့်ခွာကာ မည်သည့်နေရာမှာရှိသည်ကိုမိမိမသိရှိသော ဘုရားသခင်ပို့ဆောင်တော်မူသည့်နေရာသို့သူထွက်ခွာခဲ့ပါသည်။ သူတစ်ပါးပိုင်သောပြည်၌ ဧည့်သည်နေသကဲ့သို့ ကတိတော်နှင့်စပ်ဆိုင်သောပြည်၌ ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်၍နေ၏။ ထိုကတိတော်ကိုအမွေခံရသောအဖော်အဖက်တည်းဟူသော ဣဇက်၊ ယာကုပ်တို့နှင့်အတူ တဲ၌နေလေ၏။

အာဗြဟံအပေါ်ပြုခဲ့သောစမ်းသပ်မှုသည် ပေါ့တန်သောစမ်းသပ်မှုတစ်ခုမဟုတ်ပါချေ။ သူ့အားစွန့်လွှတ်ရန်တောင်းဆိုခဲ့သောအရာများသည်လည်း အသေးအဖွဲများမဟုတ်ပါချေ။ သူသည် မိမိတိုင်းပြည်ဆွေမျိုးသားချင်းများနှင့်နေအိမ်အပေါ်တွင် ခိုင်မာသောနှောင်ဖွဲ့မှုများရှိခဲ့ပါသည်။ သို့သော် ခေါ်တော်မူခြင်းကိုလက်ခံရန် သူမနှောင့်နှေးခဲ့ပါ။ ကတိထားတော်မူသောပြည်နှင့်

ပတ်သက်၍ မြေဩဇာကောင်းမှကောင်းရဲ့လား။ ရာသီဥတုသည် ကျန်းမာရေးအတွက် သင့်လျော်မှသင့်လျော်ရဲ့လား။ ပတ်ဝန်းကျင်အသိုက်အဝန်း ကောင်းမှကောင်းရဲ့လား။ ပစ္စည်းဥစ္စာစုဆောင်းရန် အခွင့်အရေးသာမှသာပါ့မလားစသည့်အချက်များကိုမေးရန် သူ၌မေးခွန်းတစ်စုံတစ်ခုမျှမရှိခဲ့ပါချေ။ ဘုရားသခင်မိန့်တော်မူခဲ့သည့်အတိုင်း ကိုယ်တော်၏ကျွန်သည် နားထောင်မှုရှိရပါသည်။ ကမ္ဘာပေါ်တွင် သူ့အတွက်ပျော်ရွှင်စရာအကောင်းဆုံးနေရာသည် သူ့အား ဘုရားသခင်ထားတော်မူသည့်နေရာပင်ဖြစ်ခဲ့ပါသည်။

များစွာသောလူများသည် အာဗြဟံအစမ်းသပ်ခံခဲ့ရသကဲ့သို့ ယခုအချိန်တွင် အစမ်းသပ်ခံနေရဆဲဖြစ်ပါသည်။ ကောင်းကင်မှတိုက်ရိုက်မိန့်တော်မူနေသည့် ဘုရားသခင်၏အသံတော်ကို ထိုသူများနားမထောင်ခဲ့ကြသော်လည်း ကိုယ်တော်သည် နှုတ်ထွက်စကားတော်၏သွန်သင်ချက်များနှင့် ကိုယ်တော်၏စီမံမှုကြောင့် ဖြစ်ပေါ်နေသောအဖြစ်အပျက်များအားဖြင့် ၎င်းတို့အားခေါ်တော်မူနေပါသည်။ ထိုသူများသည် ဒုက္ခဆင်းရဲခြင်း၊ အနစ်နာခံခြင်း၊ ကိုယ့်အလိုကိုငြင်းပယ်ခြင်းများနှင့်သာပြည့်ဝနေသယောင်ဖြစ်သည့် လမ်းကိုကျော်ဖြတ်ရန် ဥစ္စာဓနနှင့်ရာထူးဌာနန္တရများအတွက် အာမခံချက်ရှိသောအလုပ်အကိုင်များကိုစွန့်လွှတ်ရကောင်းစွန့်လွှတ်ကြရပါမည်။ နှစ်မြို့ဖွယ်ကောင်းပြီး အကျိုးပြုသောမိတ်ဆွေအပေါင်းအသင်းများကိုစွန့်ခွာကာ ဆွေမျိုးသားချင်းများနှင့်ခွဲခွာရကောင်းခွဲခွာကြရမည်ဖြစ်ပါသည်။ ထာဝရဘုရားသခင်ထံတော်၌ ၎င်းတို့လုပ်ဆောင်ရန်အလုပ်တစ်ခုရှိပါသည်။ သက်သောင့်သက်သာရှိလှသောအသက်တာနှင့်ဆွေမျိုးသားချင်း၊ မိတ်ဆွေများ၏ဩဇာသက်ရောက်မှုရှိသောအသက်တာသည် ထိုလုပ်ငန်းကိုပြီးမြောက်ရန်အတွက် မရှိမဖြစ်လိုအပ်သောထူးခြားသည့်စာရိတ္တများ၊ တိုးတက်ဖွံ့ဖြိုးမှုကိုဟန့်တားနှောင့်ယှက်ပါလိမ့်မည်။ သူသည် ကိုယ်တော်၏ရုပ်လွှာကို ထိုသူများအားဖော်ပြနိုင်ရန်အလို့ငှာ ထာဝရဘုရားသခင်တစ်ပါးတည်းကိုသာ မှီခိုအားကိုးရန်နှင့် ကိုယ်တော်ရှင်ထံမှအမအစများကိုလိုအပ်ကြောင်းသိရှိစေရန် လူသားများ၏ဩဇာသက်ရောက်မှုနှင့်အကူအညီများမှကင်းဝေးသောနေရာသို့ ၎င်းတို့အား



ခေါ်တော်မူကာ လမ်းပြပို့ဆောင်တော်မူခဲ့ပါသည်။ မည်သူသည် မြတ်နိုးတွယ်တာစရာကောင်းသည့်စီမံကိန်းများနှင့်ရင်းနှီးသောမိတ်ဆွေအသိုက်အဝန်းများကိုစွန့်ပစ်ကာ ဘုရားသခင်၏ခေါ်တော်မူသံကိုလက်ခံရန် အဆင်သင့်ရှိပါသည်။ မည်သူသည် ခရစ်တော်အတွက်ဆုံးရှုံးမှုများကို အကျိုးအမြတ်များဟုမှတ်ယူကာ ဘုရားသခင်၏အမှုတော်ကို ခိုင်မြဲတက်ကြွသောစိတ်နှလုံးဖြင့်ထမ်းဆောင်လျက် နေရာသစ်များသို့ဝင်ရောက်၍ အသစ်သောတာဝန်ဝတ္တရားများကိုလက်ခံထမ်းဆောင်ကြလိမ့်မည်နည်း။ ထိုသို့လုပ်ဆောင်မည့်သူများ၌ အာဗြဟံ၏ယုံကြည်ခြင်းမျိုးရှိ၍ ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခနှင့်မနှိုင်းစာထိုက်အောင် အတိုင်းထက်အလွန်များပြားသောနိစ္စထာဝရဘုန်းအသရေတော်ကို အာဗြဟံနှင့်အတူဝင်စားကြရလိမ့်မည်။

အာဗြဟံသည် ခါလဒဲပြည်၊ ဥရမြို့တွင်နေထိုင်စဉ် ဘုရားသခင်၏ခေါ်တော်မူသံသည် ပထမဦးဆုံးအကြိမ်အဖြစ် သူ့ထံသို့ရောက်ရှိလာကာ ထိုခေါ်တော်မူသံကိုလက်ခံသောအားဖြင့် ခါရန်မြို့သို့သူပြောင်းရွှေ့သွားခဲ့ပါသည်။ ထိုအချိန်အထိသူ့ဖခင်၏မိသားစုသည် သူနှင့်အတူလိုက်ပါနေထိုင်ကြဆဲဖြစ်ပါသည်။ သူတို့သည် ၎င်းတို့၏ရုပ်တုကိုးကွယ်မှုနှင့်စစ်မှန်သောဘုရားသခင်ကိုကိုးကွယ်မှုများကိုပေါင်းစပ်ကျင့်သုံးခဲ့ကြပါသည်။ အာဗြဟံသည် ခါရန်မြို့တွင် ဖခင်တေရသေဆုံးသည့်တိုင်အောင် ဆက်လက်နေထိုင်ခဲ့ပါသည်။ သို့ရာတွင် သူ့ဖခင်သေဆုံးသွားပြီးနောက် ရှေ့သို့ဆက်လက်ခရီးနှင်ရန် သူ့အားဘုရားသခင်မိန့်ဆိုခဲ့ပါသည်။ သူ၏ညီဖြစ်သူနာခေါ်နှင့်မိသားစုများမှာမူ ၎င်းတို့၏အိမ်ရာများနှင့်ရုပ်တုများကို စွဲလမ်းတွယ်တာခဲ့ကြပါသည်။ ဇနီးသည်ဖြစ်သူ စာရဲနှင့်သေဆုံးသွားခဲ့သည့် ညီဖြစ်သူခါရန်၏သားလောတတို့နှစ်ဦးသာလျှင် အာဗြဟံနှင့်အတူလိုက်ပါရန် ရွေးချယ်ခဲ့ပါသည်။ သို့စေကာမူ မေသောပေါတာမိတိုင်းမှခရီးနှင်ခဲ့ကြသော ၎င်းတို့၏အဖွဲ့သည် ကြီးမားသောအဖွဲ့တစ်ဖွဲ့ဖြစ်ခဲ့ပါသည်။ အာဗြဟံသည် ကျွဲနွားတိရစ္ဆာန်များစွာနှင့် ဥစ္စာဓနများကြွယ်ဝသူဖြစ်ရကား၊ သူ့တပည့်တပန်းနှင့်အခြွေအရံအသင်းအပင်းများစွာရှိနေပါသည်။ သူသည် ရတတ်သမျှဥစ္စာပစ္စည်းများကိုလည်းကောင်း၊

ခါရန်မြို့၌ရသောလူတို့ကိုလည်းကောင်း ဆောင်ယူကာ ဘိုးဘေးများ၏ပြည်မှ ထွက်ခွာလာခဲ့ပါသည်။ ထိုပြည်သို့တစ်ခါမျှသူပြန်မရောက်တော့ချေ။ အာဗြဟံနှင့်စာရဲတို့သည် ခါရန်ပြည်၌နေထိုင်စဉ်အတောအတွင်း၌ အခြားလူများအား စစ်မှန်သောဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ကြရန် လမ်းပြခဲ့ကြပါသည်။ လမ်းပြခြင်းခံခဲ့ရသောထိုသူများသည် အာဗြဟံ၏မိသားစုနှင့်အတူ ကတိထားတော်မူသောပြည်သို့လိုက်ပါလာခဲ့ကြပါသည်။ သူတို့သည် ခါနာန်ပြည်သို့ရောက်ခြင်းငှာထွက်သွား၍ ထိုပြည်သို့ရောက်ကြ၏။

ခါနာန်ပြည်တွင် သူတို့ပထမဦးဆုံးရပ်နားသောနေရာမှာ ရှေခင်အရပ်ဖြစ်ပါသည်။ အာဗြဟံသည် ဧဗလတောင်နှင့်ဂေရဇိမ်တောင်နှစ်လုံးအကြားရှိ စမ်းရေချောင်းများနှင့် သံလွင်ပင်များနှင့်ပြီးသောကျယ်ပြန့်၍ စိမ်းစိုနေသည့်လွင်ပြင်ရှိမောရေသပိတ်ပင်အောက်တွင် စခန်းချခဲ့ပါသည်။ အာဗြဟံဝင်ရောက်ခဲ့သောထိုပြည်သည် "မြစ်ချောင်း၊ စမ်းရေတွင်း၊ ရေကန်များနှင့်ပြည့်စုံသောပြည်၊ ဂျုံ၊ မုယော၊ စပျစ်ပင်၊ သင်္ဘောသဖန်းပင်၊ သလဲပင်နှင့်ပြည့်စုံသောပြည်၊ သံလွင်ဆီ၊ ပျားရည်နှင့်ပြည့်စုံသောပြည်တစ်ပြည်ဖြစ်ပါသည်။" သို့သော် ထာဝရဘုရားသခင်ကိုကိုးကွယ်သူများအတွက် သစ်တောဖုံးလွှမ်းထားသည့်တောင်ကုန်းများပေါ်တွင်လည်းကောင်း၊ အသီးအနှံများနှင့်ပြည့်စုံသောလွင်ပြင်များပေါ်တွင်လည်းကောင်း အရိပ်မည်းကြီးတစ်ခုကျရောက်လျက်ရှိခဲ့ပါသည်။ ၎င်းမှာ ထိုအချိန်တွင် ခါနာန်အမျိုးသားများသည် ထိုလွင်ပြင်၌နေထိုင်လျက်ရှိနေကြခြင်းပင်ဖြစ်ပါသည်။ တိုင်းတစ်ပါးသားများအုပ်စိုးထားပြီး နေရာအနှံ့တွင် ရုပ်တုကိုးကွယ်မှုများရှိနေသောတိုင်းပြည်တစ်ပြည်ကိုရှာဖွေတွေ့ရှိရန် မျှော်လင့်ချက်၏ပန်းတိုင်ကို အာဗြဟံရောက်ရှိသွားခဲ့ပါသည်။ သစ်တောကလေးများတွင် ဘုရားသခင်အတုအယောင်များအတွက် ယဇ်ပလ္လင်များကိုတည်ဆောက်ခဲ့ကြပြီး အနီးအနားရှိတောင်ကုန်းများပေါ်တွင် လူများကိုသတ်၍ ယဇ်ပူဇော်ခဲ့ကြပါသည်။ သူသည် ပြုတော်မူသည့်ကတိတော်ကိုစွဲမြဲခဲ့သော်လည်း ထိုနေရာတွင်စခန်းချမိသည့်အတွက် ပူပန်သောကရောက်စေသည့် စိတ်ထင်ခြင်းနှင့်ကင်းလွတ်ခဲ့သည်တော့မရှိခဲ့ပါ။



ထိုအချိန်တွင် ထာဝရဘုရားသခင်သည် အာဗြဟံအားထင်ရှား၍ ဤပြည်ကိုသင်၏အမျိုးအနွယ်အား ငါပေးမည်ဟုမိန့်တော်မူ၏။ ထာဝရဘုရားသခင်သည် မိမိနှင့်အတူရှိနေကြောင်း၊ မိမိအားလူယုတ်မာများလက်သို့ဝကွက်မအပ်သေးကြောင်း ထင်ရှားစေသည့်အာမခံချက်ကြောင့် သူ၏ယုံကြည်ခြင်းခွန်အားများသည် တိုးပွားလာခဲ့ပါသည်။ ထိုနောက် ထင်ရှားတော်မူသောထာဝရဘုရားသခင်အဖို့ ထိုအရပ်၌ယဇ်ပလ္လင်ကိုတည်ခဲ့လေ၏။ ခရီးသွားတစ်ဦးဖြစ်ဆဲဖြစ်သော အာဗြဟံသည် ဗေသလမြို့အနီးရှိတစ်နေရာသို့ပြောင်းရွှေ့သွားကာ ယဇ်ပလ္လင်တစ်ခုကိုတည်ဆောက်ပြီး ထာဝရဘုရားသခင်၏နာမတော်ကိုပဌနာပြုပြန်၏။

ဘုရားသခင်၏အဆွေဟုခေါ်ဝေါ်ခြင်းခံရသောအာဗြဟံသည် ကျွန်ုပ်တို့အတွက် တန်ဖိုးရှိသောပုံသက်သေတစ်ခုကိုထားရစ်ခဲ့ပါသည်။ သူ၏အသက်တာသည် ဆုတောင်းခြင်းနှင့်ပြည့်ဝသောအသက်တာဖြစ်ခဲ့ပါသည်။ သူသည် တဲထိုးသောနေရာတိုင်းသည် ယဇ်ပလ္လင်တစ်ခုကိုကပ်လျက်တည်ဆောက်ပြီး ၎င်း၏စခန်းအတွင်းရှိလူအားလုံးအား နံနက်အချိန်နှင့်ညနေအချိန်များတွင် ယဇ်ပူဇော်ကြရန် ဆင့်ဆိုခဲ့ပါသည်။ သူ၏စခန်းများပြောင်းရွှေ့သွားသောအခါ ယဇ်ပလ္လင်များသည် ထိုနေရာတွင်ကျန်ရစ်ခဲ့ပါသည်။ နောက်ပိုင်းနှစ်များစွာလှည့်လည်သွားလာကြသော ခါနာန်အမျိုးသားများမှအချို့တို့သည် အာဗြဟံထံမှသွန်သင်ချက်များကိုရရှိခဲ့ကြပါသည်။ ထိုသူများထဲမှ တစ်စုံတစ်ယောက်သည် အာဗြဟံအားချန်ထားခဲ့သော ထိုယဇ်ပလ္လင်သို့ရောက်ရှိလာသောအခါတိုင်းတွင် မိမိမရောက်မီ ထိုနေရာ၌နေထိုင်ခဲ့သောသူကို သူတို့သိရှိခဲ့ကြပါသည်။ ထိုနေရာအနီးတွင် တဲထိုးပြီးသောအခါ ထိုယဇ်ပလ္လင်ကိုပြုပြင်ကာ ထိုနေရာတွင်ပင် အသက်ရှင်တော်မူသောဘုရားသခင်ကို သူတို့ဝတ်ပြုကိုးကွယ်ခဲ့ကြပါသည်။

အာဗြဟံသည် တောင်အရပ်သို့ဆက်လက်၍ခရီးနှင်ခဲ့ရာ သူ၏ယုံကြည်ခြင်းကို တစ်ဖန်အစမ်းသပ်ခံခဲ့ရပြန်ပါသည်။ ထိုဒေသတွင် မိုးခေါင်သဖြင့် မြစ်ချောင်းများခန်းခြောက်နေပြီး လွင်ပြင်ရှိမြက်ပင်များခြောက်သွေ့

နေကြပါသည်။ သိုးနွားတိရစ္ဆာန်များအတွက် စားကျက်များကိုရှာ၍မတွေ့တော့ဘဲ ငတ်မွတ်ခြင်းဘေးသည် အာဗြဟံတို့၏စခန်းတစ်ခုလုံးအား ခြိမ်းခြောက်နေပါသည်။ သူသည် ထာဝရဘုရားသခင်၏လမ်းပြပို့ဆောင်မှုကိုသံသယဖြစ်ခဲ့ပါသလား။ ခါလဒဲလွင်ပြင်များရှိ ပေါများကြွယ်ဝမှုများကိုတောင့်တသောစိတ်နှင့်ပြန်လည်တမ်းတနေမိပါသလား။ တစ်စခန်းလုံးတွင် ဒုက္ခပင်လယ်ဝေနေသောအချိန်တွင် အာဗြဟံဘာလုပ်မည်ကို လူတိုင်းကစောင့်ကြည့်နေကြပါသည်။ ၎င်း၏ယုံကြည်စိတ်ချမှုသည် ခိုင်မာနေသမျှကာလပတ်လုံး မျှော်လင့်ချက်ရှိသေးသည်ဟု သူတို့သိရှိထားကြပါသည်။ ထာဝရဘုရားသခင်သည် မိမိ၏အဆွေဖြစ်ကြောင်း၊ ကိုယ်တော်သည် မိမိအားဆက်လက်လမ်းပြလျက်ရှိသေးကြောင်း အာဗြဟံက ၎င်းတို့အားစိတ်ချစေခဲ့ပါသည်။

အာဗြဟံသည် ထာဝရဘုရားသခင်၏လမ်းပြပို့ဆောင်မှုများအကြောင်းကို ရှင်းပြနိုင်စွမ်းမရှိခဲ့ပါ။ ၎င်းတို့အပေါ်ထားရှိသည့် ကိုယ်တော်၏မျှော်မှန်းချက်များကိုလည်း သူမသိရှိခဲ့ပါ။ သို့သော် “ငါသည် သင့်ကိုလူမျိုးကြီးဖြစ်စေမည်၊ ငါကောင်းချီးပေး၍ သင်၏နာမကိုကြီးမြတ်စေမည်၊ သင်သည်ကောင်းချီးခံရသောသူဖြစ်လိမ့်မည်” ဟူသောကတိတော်ကို သူခိုင်မြဲစွာဆုပ်ကိုင်ခဲ့ပါသည်။ သူသည် မိမိလူတို့နှင့်တိရစ္ဆာန်များအတွက် ဆက်လက်အသက်ရှင်စေနိုင်မည့်နည်းလမ်းများကို စိတ်အားတကြီးဆုတောင်းလျက်ဆင်ခြင်စဉ်းစားခဲ့သော်လည်း နှုတ်ထွက်စကားတော်တွင်ထားရှိသည့် မိမိ၏ယုံကြည်ခြင်းကိုတုန်လှုပ်သွားစေသည်အထိ ဖြစ်ပေါ်နေသောထိုအခြေအနေကိုခွင့်မပြုခဲ့ချေ။ အစာခေါင်းပါးခြင်းဘေးမှလွတ်ကင်းရန် အဲဂုတ္တုပြည်သို့သူထွက်သွားခဲ့ပါသည်။ သူသည် ခါနာန်ပြည်ကိုမစွန့်ပစ်ခဲ့ပါချေ။ သို့မဟုတ်လျှင်အစာမရှားပါးသောခါလဒဲပြည်သို့သုတ်ခြေတင်၍ ပြေးခဲ့လိမ့်မည်သာတည်း။ ထာဝရဘုရားသခင်က သူ့အားထားခဲ့သောနေရာသို့ မကြာမီတွင်ပြန်လာမည်ဟူသောရည်ရွယ်ချက်ဖြင့် ကတိထားတော်မူသောထိုပြည်နှင့်အနီးကပ်ဆုံးသောအဲဂုတ္တုပြည်ကို ယာယီခိုလှုံရာနေရာတစ်ခုအဖြစ် သူရွေးချယ်ခဲ့ပါသည်။

ထာဝရဘုရားသခင်သည် မိမိ၏အစီအစဉ်အတိုင်း ကျိုးနွံခြင်း၊ သည်းခံခြင်း၊ ယုံကြည်ခြင်းနှင့်ဆိုင်သောသင်ခန်းစာများကို သင်ကြားရန်



အာဗြဟံအား ထိုကဲ့သို့စမ်းသပ်ခဲ့ခြင်းဖြစ်ပါသည်။ နောက်ပိုင်းခေတ်များတွင် ဒုက္ခဝေဒနာများကိုခံစားရန် ခေါ်တော်မူခြင်းခံကြရမည့်သူများအားလုံး၏အကျိုးအလို့ငှာ ထိုသင်ခန်းစာများကိုမှတ်တမ်းတင်ထားခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ၎င်းတို့မသိရှိသောနည်းတစ်နည်းကိုအသုံးပြု၍ ၎င်းတို့ကိုလမ်းပြတော်မူပါသည်။ ကိုယ်တော်အား ကိုးစားသောထိုသူများကိုစွန့်ပစ်တော်မမူပါ။ မေ့လျော့တော်မမူပါ။ ကိုယ်တော်သည် ယောဘအား ရောဂါဝေဒနာများခံစားခွင့်ပြုခဲ့ပါသည်။ သို့သော် ၎င်းအား စွန့်ပစ်တော်မမူခဲ့ပါ။ ကိုယ်တော်သည် ချစ်သောယောဟန်အား ပတ်မုကျွန်းတွင် တစ်ကျွန်းအကျခံခွင့်ပေးခဲ့သော်လည်း သားတော်ဘုရားသခင်သည် ၎င်းအား ထိုကျွန်းတွင်သွားရောက်တွေ့ဆုံတော်မူခဲ့ပါသည်။ သူသည် ထာဝရဘုန်းတော်နှင့်ပြည့်စုံသောရူပါရုံများကိုမြင်တွေ့ခဲ့ရပါသည်။ ကိုယ်တော်၏သားသမီးများသည် ၎င်းတို့၏တည်ကြည်မြဲမြံခြင်းနှင့်နားထောင်မှုရှိခြင်းများအားဖြင့် မိမိတို့ကိုယ်ကို ဝိညာဉ်ရေးတန်ခိုးနှင့်ကြွယ်ဝလာစေရန်အတွက်သော်လည်းကောင်း၊ ၎င်းတို့၏ပုံသက်သေများသည် အခြားသူများအတွက် ခွန်အားဖြစ်စရာဖြစ်နိုင်စေရန်အတွက်သော်လည်းကောင်း ဘုရားသခင်သည် ၎င်းတို့အားစိတ်ချောက်ချားစေသည့်စမ်းသပ်မှုများကို ခွင့်ပြုတော်မူတတ်ပါသည်။ “ငါသည် သင်တို့ကိုအကျိုးနည်းစေခြင်းငှာ ကြံစည်သောအကြံမဟုတ်ဘဲ သင်တို့သည် မျှော်လင့်သောအကျိုးကိုရမည်အကြောင်း ငြိမ်ဝပ်စေခြင်းငှာ သင်တို့အဖို့ကြံစည်သောအကြံတို့ကိုငါသိ၏” ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အလွန်ပြင်းထန်စွာအားစိုက်စေသည့်ပြင် ဘုရားသခင်သည် ကျွန်ုပ်တို့အားစွန့်ပစ်ထားသည့်ပုံပေါ်လွင်နေသော ဤစမ်းသပ်မှုများသည် ကျွန်ုပ်တို့အား ခရစ်တော်နှင့်ပိုမိုနီးကပ်စေပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ခြေတော်ရင်းတွင် ဝန်လေး၍ပင်ပန်းသမျှကိုချထားကာ ထိုအရာများအစားပေးတော်မူမည့်ငြိမ်သက်ခြင်းအတွေ့အကြုံကို ခံစားနိုင်ကြမည်ဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် မိမိ၏သားသမီးများအား ဒုက္ခမီးအိုင်ကြီးထဲတွင် စမ်းသပ်မှုပြုလေ့ရှိပါသည်။ ထိုမီးအိုင်ကြီး၏အပူဒဏ်ကြောင့် ခရစ်ယာန်

အကျင့်စာရိတ္တတည်းဟူသော ရွှေစင်များကို အညစ်အကြေးများနှင့်ကင်းစင်စေခဲ့ပါသည်။ ခရစ်တော်သည် ထိုစမ်းသပ်မှုကိုကြည့်ရှုတော်မူပါသည်။ မိမိ၏မေတ္တာတော်ကို ရောင်ပြန်ဟပ်စေနိုင်ရန် အဖိုးတန်သောထိုရွှေကို သန့်စင်ရန်လိုအပ်သောအရာကို ကိုယ်တော်သိရှိတော်မူပါသည်။ ထာဝရဘုရားသခင်သည် အနီးကပ်စမ်းသပ်လျက်ရှိသောစုံစမ်းစစ်ဆေးမှုအားဖြင့် ကိုယ်တော်၏ကျွန်များကို စည်းကမ်းသေဝပ်အောင်လေ့ကျင့်ပေးတော်မူပါသည်။ အချို့သူများ၌ အမှုတော်ကြီးကြီးပွားတိုးတက်မှုအတွက် အသုံးပြုနိုင်သည့်အစွမ်းသတ္တိများရှိကြကြောင်း ကိုယ်တော်မြင်တွေ့တော်မူပါသည်။ မိမိ၏အစီအစဉ်အားဖြင့် ထိုသူများကို ၎င်းတို့၏စာရိတ္တများအား အစမ်းအသပ်ပြုမည့်အနေအထားသို့ပို့ဆောင်တော်မူကာ ၎င်းတို့ကိုယ်တိုင်မသိရှိကြသော ၎င်းတို့၏ချို့ယွင်းချက်များ၊ အားနည်းချက်များကို ဖော်ပြတော်မူပါသည်။ ကိုယ်တော်သည် ဤချို့ယွင်းချက်များကိုပြုပြင်ကာ အမှုတော်နှင့်ထိုက်တန်သောသူများဖြစ်လာဖို့ပြင်ဆင်ကြရန် ၎င်းတို့အားအခွင့်အရေးပေးတော်မူပါသည်။ ၎င်းတို့၏အားနည်းချက်များကိုဖော်ပြကာ ကိုယ်တော်အပေါ်တွင်မှီခိုရန် သွန်သင်တော်မူပါသည်။ အကြောင်းမူကား ကိုယ်တော်တစ်ပါးတည်းသာ ၎င်းတို့၏အမအစ၊ ၎င်းတို့အတွက်လုံခြုံရာဖြစ်တော်မူ၏။ ဤနည်းအားဖြင့် ကိုယ်တော်ရည်မှန်းတော်မူသည့်အတိုင်း ဖြစ်မြောက်စေခဲ့ပါသည်။ ဤမဟာအကြံအစည်တော်ကိုဖြည့်စွမ်းရန် ၎င်းတို့အားပညာပေးပါသည်။ လေ့ကျင့်သင်ကြားပေးပါသည်။ စည်းကမ်းသေဝပ်အောင် လေ့ကျင့်ပေးပါသည်။ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးပါသည်။ ထာဝရဘုရားသခင်သည် ၎င်းတို့အားပါဝင်လုပ်ဆောင်ရန် ခေါ်တော်မူသောအချိန်တွင် သူတို့သည် အဆင်သင့်ဖြစ်နေကြသဖြင့် ကောင်းကင်တမန်များသည်လည်း ဤကမ္ဘာလောကကြီးတွင်ပြီးမြောက်အောင်လုပ်ဆောင်ရမည့်အမှုတော်တွင် ၎င်းတို့နှင့်အတူပါဝင်လုပ်ဆောင်နိုင်ကြပါသည်။

အာဗြဟံသည် လူသားအားနည်းချက်များ၊ အပြစ်အနာအဆာများနှင့်မကင်းလွတ်ကြောင်းကို အဲဂုတ္တုပြည်တွင် ခေတ္တနေထိုင်စဉ် ၎င်း၏အသက်တာက



ထင်ရှားစေခဲ့ပါသည်။ စာရာသည် မိမိ၏ဇနီးဖြစ်ကြောင်းကို ဖုံးကွယ်မှုတွင် ထာဝရဘုရားသခင်၏စောင့်ရှောက်မှုကိုမကိုးစားကြောင်း၊ ၎င်း၏အသက်တာတွင် မကြာခဏအထင်ကရဖြစ်စေခဲ့သော ယုံကြည်ခြင်းနှင့်ရဲစွမ်းသတ္တိများလျော့ပါးနေကြောင်းကို သူဖော်ပြခဲ့ပါသည်။ စာရာသည် ပုံပြင်ယဉ်ကျေးသောသူတစ်ဦးဖြစ်ရကား အသားအရေမည်းနက်သော အဲဂုတ္တုဘုရင်သည် ချောမောလှပသောသူမအား တပ်မက်လိမ့်မည်ဖြစ်ကြောင်း၊ သူမကိုအရယူရန် သူမ၏လင်အားသုတ်သင်ဖို့ လက်နှေးလိမ့်မည်မဟုတ်ကြောင်း၊ သူတထစ်ချယူဆခဲ့ပါသည်။ စာရာသည် မိမိနှင့်ဖအေတူအမေကွဲဆွေမျိုးတော်စပ်သူဖြစ်သောကြောင့် မိမိ၏ညီမပါဟုဖော်ပြခြင်းသည် လိမ်ညာခြင်းအပြစ်ကိုကျူးလွန်ခြင်းမဟုတ်ကြောင်း သူဆင်ခြင်သုံးသပ်ခဲ့ပါသည်။ သို့ရာတွင် မိမိတို့သည် လင်မယားဖြစ်ကြောင်း မသိစေရန် ဖုံးကွယ်ခြင်းသည် လိမ်ညာမှုတစ်ရပ်ဖြစ်ပါသည်။ တိကျသောသမာဓိရှိခြင်းမှ သွေဖည်မှုမှန်သမျှသည် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်ပါချေ။ အာဗြဟံ၏မပြည့်စုံသောယုံကြည်ခြင်းကြောင့် စာရာဒုက္ခရောက်ခဲ့ရပါသည်။ သူမ၏လှပတင့်တယ်မှုအကြောင်းကိုသိပြီးဖြစ်သော ဖါရောဘုရင်သည် မိဖုရားမြှောက်ရန် ၎င်းအားနန်းတော်သို့သွင်းစေခဲ့ပါသည်။ သို့ရာတွင် ထာဝရဘုရားသခင်သည် ဖါရောဘုရင်မှစ၍ နန်းတော်သားတို့ကို ကြီးစွာသောဘေးဒဏ်ဖြင့်ဆုံးမတော်မူ၏။ ဤနည်းအားဖြင့် ဖါရောဘုရင်သည် အဖြစ်မှန်ကိုသိရှိလာကာ မိမိအပေါ်တွင်ပြုခဲ့သောလိမ်ညာမှုကိုစိတ်ဆိုးပြီး၊ "သင်သည် ငါ၌ပြုသောအမှုကား အဘယ်သို့နည်း၊ သူသည် သင်၏မယားဖြစ်ကြောင်းကို ငါ့အားအဘယ်ကြောင့်မပြောသနည်း။---ငါ့နှမဖြစ်သည်ဟု အဘယ်ကြောင့်ဆိုသနည်း။---သင်၏မယားကိုယခုယူ၍သွားလော့" ဟုဆိုလျက် အာဗြဟံအားဆုံးမခဲ့၏။

အာဗြဟံသည် ဖါရောဘုရင်၏မျက်နှာသာပေးမှုကို အကြီးအကျယ်ခံခဲ့ရပါသည်။ ယခုတိုင်အောင် ဖါရောမင်းသည် အာဗြဟံနှင့်တကွ ၎င်း၏လူတို့၌ထိခိုက်နစ်နာမှုတစ်စုံတစ်ခုမျှမကျရောက်စေရန် ကာကွယ်စောင့်ရှောက်ကာ မိမိ၏တိုင်းပြည်မှလုံခြုံစွာပြန်လည်ထွက်ခွာသွားနိုင်ရန်

စစ်သည်တော်တစ်ဖွဲ့ကိုပို့ဆောင်စေခဲ့ပါသည်။ တိုင်းတစ်ပါးသားသိုးထိန်းများနှင့်အတူ စားသောက်ခြင်းမှအစ ပေါင်းသင်းဆက်ဆံမှုများကို အဲဂုတ္တုအမျိုးသားများမပြုလုပ်ကြရန် ထိုအချိန်က ဥပဒေသတစ်ခုအားဖြင့် တားမြစ်ပိတ်ပင်ထားပါသည်။ ဖါရောဘုရင်သည် အာဗြဟံအား ထွက်ခွာသွားခွင့်ပြုရာတွင် ကြင်နာမှု၊ ရက်ရောမှုရှိခဲ့သော်လည်း ဆက်လက်နေထိုင်ခွင့်မပေးဝံ့သဖြင့် ၎င်းအား အဲဂုတ္တုပြည်မှထွက်ခွာသွားရန် အမိန့်ပေးခဲ့ပါသည်။ ဖါရောဘုရင်သည် အာဗြဟံ၏ဇနီးမှန်းမသိသောကြောင့် စာရာအားသိမ်းပိုက်မည့်ဆဲဆဲတွင် ထာဝရဘုရားသခင်သည် ကြီးကျယ်သောအပြစ်တစ်ခုကို လွန်ကျူးခြင်းမှ ထိုဘုရင်အား ကယ်မတော်မူခဲ့ပါသည်။ ဖါရောသည် ထိုသူ၌ ထာဝရဘုရားသခင်ဂုဏ်ပြုတော်မူခဲ့ကြောင်းတွေ့ရှိသဖြင့် ထင်ရှားစွာဘုရားသခင်မျက်နှာသာပေးခြင်းခံရသောသူတစ်ဦးကို မိမိ၏နိုင်ငံထဲတွင် ထားရမည်ကိုစိုးရိမ်ခဲ့မိပါသည်။ အာဗြဟံကို အဲဂုတ္တုပြည်တွင် ဆက်လက်နေထိုင်ခွင့်ပေးခဲ့မည်ဆိုလျှင် ကြီးပွားတိုးတက်နေသော သူ၏ဥစ္စာဓနနှင့်ဂုဏ်သတင်းများသည် အဲဂုတ္တုလူများ၏မနာလိုဝန်တိုစိတ်များနှင့်တပ်မက်စိတ်များကို နှိုးဆွပေးဖို့များလိမ့်မည်။ မဖြစ်စေရပါဟု ဖါရောမင်းအာမခံထားသည့် ထိခိုက်နစ်နာမှုအချို့ကို ထိုနှိုးဆွမှုများကြောင့် ပြုလုပ်ကောင်းပြုလုပ်နိုင်လာကြပါမည်။ ထိုသို့ပြုလုပ်လိုက်လျှင် ဖါရောဘုရင်နှင့်တကွ နန်းတွင်းသားအပေါင်းတို့အပေါ်သို့ ကြီးသောဘေးဒဏ်များတစ်ဖန်ကျရောက်လာနိုင်ပါသည်။ ထို့ကြောင့် ဖါရောဘုရင်သည် အာဗြဟံအား သူ့နိုင်ငံထဲတွင် ဆက်လက်၍ မထားဝံ့ခြင်းဖြစ်ပါသည်။

ဖါရောဘုရင်အားပေးတော်မူခဲ့သောသတိပေးချက်သည် တစ်ပါးအမျိုးသားများနှင့်ပေါင်းသင်းဆက်ဆံနေရသောအာဗြဟံအတွက် အကာအကွယ်တစ်ခုဖြစ်ကြောင်း ထင်ရှားနေပါသည်။ အကြောင်းမှာ ထိုကိစ္စကိုလျှို့ဝှက်ထားခြင်းငှာ မစွမ်းနိုင်သည့်ပြင် အာဗြဟံကိုးကွယ်သောဘုရားသခင်သည် မိမိကျွန်အား ကာကွယ်စောင့်ရှောက်ကြောင်းနှင့် သူ့အားထိခိုက်နစ်နာစေမှုများအား တန်ပြန်သက်ရောက်စေမည်ဖြစ်ကြောင်းများကို သိသာစေခဲ့ပါသည်။





ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၏သားသမီးတစ်ဦးကို မှားယွင်းစေခြင်းအမှုမှာ အန္တရာယ်များသောအရာတစ်ခုဖြစ်ပါသည်။ ဆာလံဆရာသည် ရွေးချယ်ခြင်းခံရသောလူမျိုးအကြောင်းကိုရည်ဆောင်၍ ဖွင့်ဆိုထားသည်မှာ "ငါ့ထံ၌ဘိသိက်ခံသောသူတို့ကို မထိမခိုက်နှင့်၊ ငါ၏ပုရောဖက်တို့ကို အပြစ်မပြုနှင့်" ဟူ၍ဖြစ်၏။

အဲဂုတ္တုပြည်တွင် အာဗြဟံတွေ့ကြုံခဲ့ရသောအတွေ့အကြုံနှင့် နောက်ပိုင်းရာစုနှစ်များတွင် အသက်ရှင်နေထိုင်ခဲ့ကြသော ၎င်း၏သားစဉ်မြေးဆက်များအကြားတွင် တူညီသည့်အချက်တစ်ခုရှိပါသည်။ ၎င်းအချက်မှာ သူတို့နှစ်ဖွဲ့စလုံးသည် ငတ်မွတ်ခေါင်းပါးခြင်းဘေးကြောင့် အဲဂုတ္တုပြည်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကာ ထိုနေရာတွင် ခေတ္တတည်းခိုခဲ့ကြရပါသည်။ သူတို့ကိုယ်စား ဘုရားသခင်ပြုတော်မူသည့် ကြီးသောဘေးဒဏ်များထင်ရှားစေခြင်းအားဖြင့် အဲဂုတ္တုလူများသည် ၎င်းတို့ကိုကြောက်ရွံ့ကာ လက်ဆောင်ပစ္စည်းများပေးခဲ့ကြသဖြင့် ထိုသူတို့သည် ချမ်းသာကြွယ်ဝခဲ့ကြ၏။ ထိုနောက် ထိုဥစ္စာဓနများကိုဆောင်ကြဉ်းကာ အဲဂုတ္တုပြည်မှထွက်ခွာသွားခဲ့ကြပါသည်။

* * *

## (၁၂)
## ခါနာန်ပြည်ရောက်အာဗြဟံ

အာဗြဟံသည် သိုး၊ နွား၊ ရွှေ၊ ငွေများကြွယ်ဝစွာဖြင့် ခါနာန်ပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ လောတသည်လည်း ယခုတိုင်အောင် သူနှင့် အတူနေထိုင်လျက်ရှိသောကြောင့် သူတို့သည် ဗေသလသို့ပြန်လာကြကာ ယခင်ကသူတို့တည်ဆောက်ခဲ့ကြသည့် ယဇ်ပလ္လင်များအနီးတွင် တဲများကို တည်ဆောက်ခဲ့ကြပါသည်။ ဥစ္စာဓနပေါကြွယ်ဝခြင်းကြောင့် ပြဿနာများ ပို၍များပြားလာကြောင်းကို မကြာမီတွင်ပင် သူတို့တွေ့ရှိခဲ့ရပါသည်။ ဒုက္ခ ဆင်းရဲခြင်းနှင့်ရင်ဆိုင်ရသောအချိန်တွင် သူတို့သည် တည့်တည့်ရှုရှုနှင့်နေထိုင် ခဲ့ကြသော်လည်း ချမ်းသာကြွယ်ဝလာသောအခါ တစ်ဦးနှင့်တစ်ဦးရန်ပြုမည့် အန္တရာယ်များရှိလာခဲ့ပါသည်။ သူတို့နှစ်ဦးပိုင်ဆိုင်ထားသည့် သိုး၊ နွားများ အတွက် စားကျက်မြေသည် မလုံမလောက်ဖြစ်ခဲ့သဖြင့် နွားကျောင်းသားများ အကြားဖြစ်ပွားသည့်အငြင်းပွားမှုများကိုဖြေရှင်းပေးရန် ထိုပြဿနာများကို မကြာခဏဆိုသလို ၎င်းတို့ထံသို့ယူဆောင်လာတတ်ပါသည်။ ထို့ကြောင့် သူတို့သည် ဆက်၍အတူနေထိုင်ရန်မဖြစ်နိုင်ကြောင်း ထင်ရှားနေပါသည်။ အာဗြဟံသည် လောတထက်အသက်လည်းကြီးသည်၊ ချမ်းလည်းချမ်းသာ သည်၊ ပို၍လည်းဩဇာရှိသည်။ သို့စေကာမူ သူသည် ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် အစီအစဉ်တစ်ခုကို ရှေးဦးစွာတင်ပြခဲ့ပါ သည်။ ထာဝရဘုရားသခင်သည် ထိုတစ်နိုင်ငံလုံးအား သူ့အားပေးထား တော်မူခဲ့သော်လည်း သူသည် ထိုအခွင့်အရေးကို ယဉ်ကျေးပျူငှာစွာဖြင့် အသုံးမပြုခဲ့ပါချေ။

"အာဗြဟံကလည်း ငါတို့သည် ညီအစ်ကိုချင်းဖြစ်လျက် ငါနှင့် သင်၌လည်းကောင်း၊ ငါ့နွားကျောင်းသားတို့နှင့် သင့်နွားကျောင်းသားတို့၌ လည်းကောင်း ခိုက်ရန်မရှိပါစေနှင့်။ မြေတစ်ပြင်လုံးသည် သင့်ရှေ့မှာရှိသည် မဟုတ်လော။ ငါနှင့်ခွာ၍နေပါလော့။ သင်သည် လက်ဝဲဘက်သို့သွားလျှင်



ငါသည် လက်ယာဘက်သို့သွားမည်။ သင်သည် လက်ယာဘက်သို့သွားလျှင် ငါသည် လက်ဝဲဘက်သို့သွားမည်ဟုဆို၏။"

ဤနေရာတွင် အာဗြဟံ၏မြင့်မြတ်၍ တစ်ကိုယ်ကောင်းမဆန်သော စိတ်ဓါတ်သည် ထင်ရှားနေပါသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် မည်သို့ပင်ဖြစ်စေကာမူ မိမိတို့၏ပုဂ္ဂလိကအခွင့်အရေးနှင့်ဦးစားပေးမှုများကို မည်သူသည် စွဲလမ်းခင်တွယ်နေကြလိမ့်မည်နည်း။ အိမ်ထောင်စုမည်ရွေ့ မည်မျှသည် ဤကဲ့သို့ကွဲပြားကုန်ကြသနည်း။ သမ္မာတရား၏အရင်းခံအချက် များကို ဆိုးယုတ်သောသူများအကြား ကဲ့ရဲ့ပြက်ရယ်ခြင်းပြုပြီး ပုံခိုင်းသော အရာတစ်ခုအဖြစ် ဆုံးမပဲ့ပြင်စရာတစ်ခုအဖြစ် လုပ်ဆောင်ခြင်းကြောင့် အသင်းတော်မည်ရွေ့မည်မျှကွဲပြားကုန်ခဲ့ကြပါသနည်း။ ငါတို့သည် ညီအစ်ကို ချင်းဖြစ်ရုံသာမက ထာဝရဘုရားသခင်ကိုကိုးကွယ်သူချင်းလည်းဖြစ်သောကြောင့် ငါနှင့်သင့်အကြား၌ ခိုက်ရန်မရှိပါစေနှင့်ဟု အာဗြဟံပြောခဲ့၏။ ကမ္ဘာပေါ်တွင် ရှိနေကြသော ဘုရားသခင်၏သားသမီးများသည် မိသားစုတစ်စုတည်းသာ ဖြစ်သဖြင့် ထိုကဲ့သို့သောမေတ္တာစိတ်များ၊ ကျေအေးစေလိုသောစိတ်များက ၎င်းတို့အပေါ်တွင်စိုးမိုးထားသင့်ပါသည်။ "ညီအစ်ကိုချစ်ခြင်းအရာမှာ ပကတိ အတိုင်းပေါက်ဖော်ကဲ့သို့ တစ်ယောက်ကိုတစ်ယောက်စုံမက်ကြလော့။ ချီးမွမ်း ခြင်းအရာမှာ သူတစ်ပါးကို ကိုယ်ထက်ချီးမြှောက်ကြလော့" ဟူ၍ ခရစ်တော် ဘုရားသခင်ကသွန်သင်ထားတော်မူပါသည်။ ရောမ ၁၂း၁၀။

ဆီလျော်ညီညွတ်သောဖော်ရွေမှုကိုပျိုးထောင်ခြင်းနှင့် ကိုယ်၌ သူတစ်ပါး ပြုစေလိုသည့်အတိုင်း၊ သူတစ်ပါး၌ပြုလိုသောဆန္ဒများသည် အသက်တာ၏ ဘေးအန္တရာယ်တစ်ဝက်ခန့်ကို ချေမှုန်းပစ်ပါလိမ့်မည်။ ကိုယ့်ကိုကိုယ်ကြီးမြတ် စေလိုသောစိတ်ဓါတ်သည် စာတန်၏သဘောထားမျိုးဖြစ်သော်လည်း ခရစ်တော်၏မေတ္တာတော်ကို တွယ်တာမြတ်နိုးသောသူ၌မူ မိမိကိုယ်ကျိုး အတွက်သာမကြည့်တတ်သော မေတ္တာတရားနှင့်ပြည့်စုံ၏။ ထိုသူများသည် "ကိုယ်အမှုအရာကိုသာမရှုမမှတ်ဘဲ သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့" ဟူသော ဘုရားသခင်၏ပညတ်ချက်ကိုလိုက်လျှောက်ကြပေလိမ့်မည်။

လောတသည် အာဗြဟံနှင့်အတူတကွနေထိုင်လုပ်ကိုင်ခဲ့သောကြောင့် ကြီးပွားချမ်းသာလာခဲ့သော်လည်း မိမိ၏ကျေးဇူးရှင်ကို ကျေးဇူးမတင်ခဲ့ပါချေ။ သူသည် အာဗြဟံအားဦးစားပေးရွေးချယ်ခွင့်ပြုသည့် လောကဝတ်စကားများကို ပြောဆိုရမည့်အစား တစ်ကိုယ်ကောင်းစိတ်ဖြင့် ရသမျှအခွင့်အရေးအားလုံးကို ယူရန် ကြိုးစားခဲ့ပါသည်။ "ဇောရမြို့သို့သွားသောလမ်း၊ ယော်ဒန်မြစ်ပတ်ဝန်းကျင်အရပ်ရပ်၌ ရေများ၍ ထာဝရဘုရားသခင်၏ဥယျာဉ်တော်ကဲ့သို့လည်းကောင်း၊ အဲဂုတ္တုပြည်ကဲ့သို့လည်းကောင်းဖြစ်သည်ကို လောတမြော်ကြည့်၍မြင်လျှင် ယော်ဒန်ချိုင့်တစ်လျှောက်လုံးကိုရွေးချယ်၏။ ပါလေတ္တိနပြည်တစ်ပြည်လုံးတွင် ယော်ဒန်မြစ်ဝှမ်းသည် မြေဩဇာအကောင်းဆုံးဖြစ်ပြီး ထိုနေရာသည် ပျောက်ဆုံးခဲ့ရသောပရဒိသုဘုံကိုရှုကြည့်သူများအား သတိရစေလျက် မကြာမီကလေးကမှ ၎င်းတို့ထွက်ခွာလာခဲ့သောမြေဩဇာကောင်းမွန်သည့်နိုင်းမြစ်ဝှမ်း၏လှပမှုနှင့် အသီးအနှံပေါများမှုများတွင် ဆင်တူနေပါသည်။ ထိုဒေသတွင်ရှိသော လှပ၍ချမ်းသာကြွယ်ဝသောမြို့ကြီးများတို့က ၎င်းတို့၏လူစည်ကားသောဈေးများထဲတွင် လာရောက်၍ရောင်းဝယ်ဖေါက်ကားကြရန် ၎င်းတို့အားမြူဆွယ်ဖိတ်ခေါ်နေပါသည်။ လောတသည် အထူးလှပလျက်ရှိသောအဆောင်အယောင်များကြောင့် ထိုအရပ်တွင် မိမိရင်ဆိုင်ရမည့်စာရိတ္တပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာမကောင်းမှုများကို မျက်စိမှောက်ခဲ့ပါသည်။ ထိုလွင်ပြင်၌နေထိုင်လျက်ရှိကြသောသူများသည် ဆိုးသောသူ၊ အလွန်အပြစ်များသောသူများဖြစ်ကြသည်ကို သူမသိ၍ဘဲလား၊ (သို့မဟုတ်) သိလျက်နှင့်ပဲလားမသိ၊ ယော်ဒန်မြစ်ပတ်ဝန်းကျင်ရှိမြို့တို့တွင်နေထိုင်ကာ တဲကိုဆောက်လုပ်ခဲ့ပါသည်။ သူသည် မိမိ၏တစ်ကိုယ်ကောင်းဆန်သောရွေးချယ်မှု၏ကြောက်စရာကောင်းသောဆိုးကျိုးများကို ကြိုတင်မမြင်ခဲ့ပါတကား။

အာဗြဟံသည် လောတနှင့်ခွဲခွာခဲ့ပြီးသည့်နောက်တွင် ခါနာန်ပြည်တစ်ခုလုံးကိုပေးတော်မူမည်ဟူသော ထာဝရဘုရားသခင်ထံမှကတိတော်ကို ရရှိခဲ့ပြန်ပါသည်။ မကြာမီတွင် သူသည် ဟေဗြုန်မြို့မံရေသပိတ်တောသို့ ရောက်၍ တဲများကိုဆောက်လုပ်ကာ ထာဝရဘုရားသခင်အတွက် ယဇ်ပလ္လင်



တစ်ခုကိုတည်ခဲ့၏။ သူသည် လောတအား သောဒုံမြို့၏အန္တရာယ်များသောအပျော်အပါးများတွင် စွန့်ပစ်ခဲ့ကာ သံလွင်ပင်များ၊ စပျစ်ပင်များ၊ ဂျုံစပါးပင်များ၊ ကျယ်ပြန့်သောစားကျက်မြေများနှင့်ပြီးသော တစ်ခါမျှလူသူမရောက်မပေါက်သေးသော လွင်ပြင်ကြီး၏လေဝင်လေထွက်ကောင်းသည့်ကွင်းထဲတွင် အခြေချနေထိုင်ခဲ့ပါသည်။

အာဗြဟံအား ခွန်အားကောင်းသောမင်းတစ်ပါးအနေဖြင့်လည်းကောင်း၊ ပညာရှိသောခေါင်းဆောင်တစ်ဦးအနေဖြင့်လည်းကောင်း ပတ်ဝန်းကျင်တိုင်းပြည်များက လေးစားရိုသေခဲ့ကြပါသည်။ သူသည် ကိုယ်နှင့်စပ်ဆိုင်သောသူများနှင့်အဆက်မဖြတ်ခဲ့ချေ။ ရုပ်တုကိုးကွယ်သောထိုသူများနှင့် ထင်ထင်ရှားရှားကွဲပြားနေသော ၎င်း၏အသက်တာနှင့်စာရိတ္တများသည် စစ်မှန်သောယုံကြည်ခြင်းအကြောင်းကို ထောက်ခံပြောဆိုရာတွင် ၎င်းအားအကျိုးသက်ရောက်စေခဲ့ပါသည်။ သူသည် ထာဝရဘုရားသခင်အပေါ်ထားရှိသော မိမိ၏သစ္စာစောင့်သိမှုကို မယိမ်းယိုင်စေခဲ့ချေ။ တစ်ချိန်တည်းမှာပင် ၎င်း၏ဖေါ်ရွေမှုနှင့်သဒ္ဓါတရားရှိမှုများသည် ယုံကြည်စိတ်ချစိတ်များနှင့်မိတ်သဟာယဖွဲ့လိုစိတ်များကိုနှိုးဆွပေးကာ သူ၏ဟန်ဆောင်မှုကင်းသောကြီးမြတ်မှုသည် သူ့အားဂုဏ်တင့်စေခဲ့ပါသည်။

သူယုံကြည်သောဘာသာအယူဝါဒအကြောင်းကို အဖိုးထိုက်တန်သောရတနာတစ်ခုအဖြစ်ဖြင့် မိမိတစ်ဦးတည်းခံစားဖို့ မနာလိုဝန်တိုသောစိတ်ဖြင့် သိမ်းဆည်းကွယ်ဝှက်ထားရန် အောင့်အည်းထိန်းချုပ်ထားခြင်းမပြုခဲ့ပါ။ စစ်မှန်သောဘာသာအယူဝါဒတစ်ခုကို ထိုကဲ့သို့ထိန်းချုပ်ထားခြင်းငှာ မစွမ်းနိုင်ပါချေ။ အကြောင်းမှာ ထိုကဲ့သို့သောစိတ်ထားမျိုးသည် ဧဝံဂေလိတရားတော်၏နိယာမများနှင့်ဆန့်ကျင်ဖီလာနေပါသည်။ စိတ်နှလုံးထဲတွင် ခရစ်တော်စိုးစံနေသောအချိန်တွင် ကိုယ်တော်ရှင်အတူရှိနေခြင်း၏အလင်းတော်ကိုဖုံးကွယ်ထားရန်သော်လည်းကောင်း၊ မှေးမှိန်သွားစေရန်သော်လည်းကောင်း မတတ်နိုင်ပါချေ။ ထိုအလင်းတော်သည် တစ်နေ့တခြားထွန်းတောက်လာကာ အသက်ဝိညာဉ်အားအုပ်ဆိုင်းထားသောအတ္တအမှောင်အရိပ်များကို တရားတော်နေမင်း၏လင်းရောင်ခြည်အားဖြင့် ပျောက်လွင့်သွားစေမည်ဖြစ်ပါသည်။

ဘုရားသခင်၏သားသမီးများသည် ဤကမ္ဘာလောကတွင် ကိုယ်တော်၏ကိုယ်စားလှယ်များဖြစ်ကြပြီး ဤကမ္ဘာကြီး၏စာရိတ္တအမှောင်ထုတွင် အလင်းများဖြစ်စေဖို့ ကိုယ်တော်ရှင်ရည်ရွယ်ထားတော်မူပါသည်။ တိုင်းပြည်အတွင်း အမြို့မြို့အရွာရွာသို့ပျံ့လွင့်သွားကြသော ၎င်းတို့သည် ဘုရားသခင်၏သက်သေခံများဖြစ်ကြပြီး ၎င်းတို့မှတစ်ဆင့် မယုံကြည်သူများအား ကိုယ်တော်၏အလိုတော်နှင့်ကျေးဇူးတော်၏အံ့ဖွယ်ရာများကို ဆက်သွယ်ပြောဆိုရန်ဖြစ်ပါသည်။ ကယ်တင်ခြင်းကိုမျှဝေခံစားကြသူအပေါင်းသည် ကိုယ်တော့်အတွက် သာသနာပြုများဖြစ်လာရန်မှာ ကိုယ်တော်၏အကြံတော်ပင်ဖြစ်ပါသည်။ လောကီအမှုကိုစွဲလမ်းသူများက ခရစ်ယာန်များ၏ဘာသာတရားကိုင်းရှိုင်းမှုအားဖြင့် တည်ဆောက်ထားသည့်စံအရ ဧဝံဂေလိတရားတော်ကို တရားဆုံးဖြတ်ကြပါသည်။ သည်းခံလျက် ခံစားကြသောစုံစမ်းစစ်ဆေးခြင်းများ၊ ဝမ်းမြောက်ဝမ်းသာစွာဖြင့်ခံယူရရှိကြသော ကောင်းချီးမင်္ဂလာများ၊ အမြဲဖော်ပြတတ်သောနူးညံ့သိမ်မွေ့ခြင်း၊ ကြင်နာသနားခြင်း၊ ကရုဏာရှိခြင်းနှင့်ချစ်ခြင်းမေတ္တာများသည် တစ်ကိုယ်ကောင်းဆန်၍ ဇာတိပကတိ၌ ကျင်လည်သောစိတ်နှလုံးမှထွက်ပေါ်လာသည့်အမှောင်ထုနှင့်လုံးဝကွဲပြားခြားနားသောအကျင့်စာရိတ္တအားဖြင့် လောကီသားများရှေ့တွင် ထွန်းလင်းကြမည့်အလင်းများဖြစ်ကြပါသည်။ ယုံကြည်ခြင်း၌ကြွယ်ဝသော၊ ရက်ရောမှု၌မြင့်မြတ်သော၊ နားထောင်မှု၌မယိမ်းယိုင်သော အသက်တာ၏ရိုးဖြောင့်မှုတွင် နှိမ့်ချမှုရှိသော အာဗြဟံသည် လူသားအချင်းချင်းပေါင်းသင်းဆက်ဆံမှု၌ အမြော်အမြင်ရှိခဲ့ပြီး စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိကာ ကျွမ်းကျင်မှုရှိခဲ့ပါသည်။ သူသည် အသစ်သောဘာသာအယူဝါဒတစ်ခု၏ဆရာတစ်ဦးအနေဖြင့် လူသိများသည့်အပြင် ၎င်းနေထိုင်လျက်ရှိသော အာမောရိလွင်ပြင်ရှိ မင်းညီမင်းသားသုံးဦးတို့က အကြမ်းဖက်မှုများ၊ ဖိနှိပ်ချုပ်ချယ်မှုများနှင့်ပြည့်ဝနေသော ၎င်းတို့နိုင်ငံ၏ကြီးမားသောလုံခြုံရေးအတွက် ၎င်းတို့နှင့်မဟာမိတ်ပြုရန် အာဗြဟံအားဖိတ်ခေါ်လျက် မိတ်သဟာယဖွဲ့ခဲ့ကြပါသည်။ မကြာမီတွင် ဤမိတ်သဟာယဖွဲ့ခြင်းအတွက် သူ၌အကျိုးအမြတ်ရရှိရန် အကြောင်းတစ်ရပ်ပေါ်ပေါက်လာခဲ့ပါသည်။



လွန်ခဲ့သောနှစ်ပေါင်းတစ်ဆယ့်လေးနှစ်အချိန်က ဧလံမင်းကြီးခေဒေါရလောမာသည် ခါနာန်ပြည်ထဲသို့ချဉ်းနင်းဝင်ရောက်သိမ်းပိုက်ကာ ထိုတိုင်းပြည်အား မိမိထံသို့လက်ဆောင်ပဏ္ဏာများဆက်သစေခဲ့ပါသည်။ များစွာသောမင်းညီမင်းသားများက ပုန်ကန်ထကြွသောကြောင့် ဧလံမင်းကြီးသည် တိုက်ခိုက်ချေမှုန်းရန် အခြားမဟာမိတ်လေးဦးနှင့်အတူ ထိုတိုင်းပြည်သို့တစ်ဖန်စစ်ချီလာခဲ့ပါသည်။ ဤမင်းကြီးငါးပါးတို့သည် စစ်အင်အားများကိုစုစည်းကာ စိဒ္ဒိမ်ချိုင့်အနီးတွင်ပုန်ကန်ချင်းနင်းလာသူများအားတိုက်ခိုက်ခဲ့ရာအောင်ပွဲဆင်ခဲ့ကြရပါသည်။ တစ်ဖက်တပ်မကြီးမှစစ်သည်တော်များစွာတို့သည် ချေမှုန်းခြင်းကိုခံလိုက်ကြရပြီး မသေဘဲကျန်ရစ်သူများသည် လုံခြုံမှုရရှိရန်အတွက် တောင်များပေါ်သို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ စစ်နိုင်သူများသည် ထိုလွင်ပြင်ရှိမြို့ရွာများကိုဖျက်ဆီးပစ်ကာ များစွာသောလက်ရပစ္စည်းများနှင့်စစ်သုံ့ပန်းများကိုသိမ်းပိုက်ခေါ်ဆောင်ကာ ထွက်ခွာသွားကြပါသည်။ ထိုစစ်သုံ့ပန်းများထဲတွင် လောတတို့မိသားစုလည်းပါဝင်ခဲ့ကြပါသည်။

မံရေ၏သပိတ်တောနားမှာအေးချမ်းသာယာစွာနေထိုင်လျက်ရှိသော အာဗြဟံသည် ထိုဘေးမှထွက်ပြေးလွတ်မြောက်လာသူတစ်ဦးထံမှ ထိုတိုက်ပွဲသတင်းအကြောင်းကိုလည်းကောင်း၊ မိမိ၏တူအပေါ်သို့ကျရောက်လျက်ရှိသောဘေးဒုက္ခများကိုလည်းကောင်း ကြားသိခဲ့ရပါသည်။ လောတ၏ကျေးဇူးကန်းမှုအတွက် တေးမှတ်ထားခြင်းတစ်စုံတစ်ခုမျှမရှိဘဲ လောတအပေါ်သနားသောစိတ်များပေါ်လာကာ သူ့အားကယ်တင်မည်ဟု အာဗြဟံဆုံးဖြတ်ချက်ချခဲ့ပါသည်။ ရှေးဦးပထမအနေဖြင့် ထာဝရဘုရားသခင်ထံဆုတောင်းပတ္ထနာပြုပြီးနောက်မှစစ်တိုက်ရန် အာဗြဟံပြင်ဆင်ခဲ့ပါသည်။ ဘုရားသခင်အားကြောက်ရွံ့ခြင်းအမှုတွင်လည်းကောင်း၊ ၎င်း၏လုပ်ငန်းဆောင်တာများအတွက်လည်းကောင်း၊ လက်နက်ခဲယမ်းများကိုအသုံးပြုခြင်းတွင်လည်းကောင်း လေ့ကျင့်ပညာပေးထားသည့် မိမိစခန်းရှိယောကျ်ားပေါင်းသုံးရာ့တစ်ဆယ့်ရှစ်ယောက်ကို သူဆင့်ခေါ်ခဲ့ပါသည်။ သူ၏မိတ်ဆွေများဖြစ်ကြသော မံရေ၊ ဧရှကောလနှင့် အာနေရတို့သည်လည်း ၎င်းတို့နှင့်အတူလာရောက်ပူးပေါင်းပြီး ချင်းနင်း

ဝင်ရောက်လာသူများအား စတင်၍လိုက်လံတိုက်ခိုက်ကြပါသည်။ ဧလံမင်းကြီးနှင့်အပေါင်းပါများသည် ခါနာန်ပြည်၏မြောက်ဘက်နယ်စပ်တွင်တည်ရှိသော ဒန်မြို့တွင် စခန်းချထားကြပါသည်။ သူတို့သည် အောင်ပွဲဆင်လိုက်ရသဖြင့် စိတ်မာန်တက်ကြွကာ ရန်သူများ၏တိုက်ခိုက်မှုများအတွက် မစိုးရိမ်ရတော့ပြီဖြစ်သဖြင့် ပျော်ရွှင်မြူးထူးနေကြပါသည်။ အာဗြဟံသည် မိမိ၏တပ်များကို အရပ်လေးမျက်နှာမှတပ်ဖြန့်ကာ ထိုစခန်းကိုညအချိန်တွင်ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ သူ၏တိုက်ခိုက်မှုသည် ပြင်းထန်၍ မထင်မမှတ်သောအချိန်တွင် ပြုခဲ့သဖြင့် အချိန်တိုအတွင်းမှာပင် အောင်ပွဲဆင်နိုင်ခဲ့ပါသည်။ ဧလံမင်းကြီးသည် ထိုတိုက်ပွဲတွင်ကျဆုံးခဲ့ပြီး ကြောက်အားလန့်အားဖြင့် ကျိုးကန်းတောင်းမှောက်ဖြစ်နေသောသူ၏တပ်များသည် အကြီးအကျယ်အရေးနိမ့်ခဲ့ကြပါသည်။ လောတနှင့်မိသားစုများကိုလည်းကောင်း၊ ၎င်းနှင့်အတူစစ်သုံ့ပန်းအားလုံးနှင့်တကွ သိမ်းဆည်းသွားသောပစ္စည်းများကိုလည်းကောင်း ပြန်လည်ရရှိသည့်အပြင် လက်ရပစ္စည်းများစွာကိုလည်း အာဗြဟံတို့သိမ်းပိုက်ရရှိခဲ့ကြပါသည်။ ထာဝရဘုရားသခင်၏လမ်းပြပို့ဆောင်မှုအောက်တွင် အာဗြဟံသည် အောင်ပွဲဆင်ခဲ့ပါသည်။ ထာဝရဘုရားသခင်ကိုကိုးကွယ်သူအာဗြဟံသည် တိုင်းပြည်အတွက်ကြီးမြတ်သောအမှုတော်ကိုဆောင်ရွက်ခဲ့ရုံသာမက မိမိသည် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသူတစ်ဦးဖြစ်ကြောင်းကိုလည်း ထင်ရှားစေခဲ့ပါသည်။ ဖြောင့်မတ်ခြင်းတရားသည် သူရဲဘောကြောင်ခြင်းမဟုတ်ကြောင်း၊ အမှန်တရားကိုဆက်လက်ထိန်းသိမ်းကာ အဖိနှိပ်ခံများကိုကာကွယ်ခြင်းအမှုတွင် အာဗြဟံယုံကြည်သက်ဝင်သောဘာသာအယူဝါဒက သူ့အားရဲဆေးတင်ပေးကြောင်းများကိုသိသာထင်ရှားစေခဲ့ပါသည်။ သူ၏သူရဲကောင်းဆန်သောလုပ်ဆောင်မှုသည် ပတ်ဝန်းကျင်လူများအပေါ် ကျယ်ပြန့်သောဩဇာသက်ရောက်မှုကို ဖြစ်စေခဲ့ပါသည်။ အာဗြဟံသည် တိုက်ပွဲမှပြန်လာသောအခါ သောဒုံမင်းကြီးသည် ၎င်း၏အခြွေအရံအသင်းအပင်းများနှင့်အတူ ခရီးဦးကြိုပြုကာ စစ်သုံ့ပန်းအဖြစ်ဖမ်းဆီးခဲ့သူများကိုသာ မိမိအားပေး၍ ဥစ္စာပစ္စည်းများကိုကား ကိုယ်တိုင်ယူရန်တောင်းပန်လေ၏။ စစ်၏ထုံးစံအရ လက်ရသိမ်းမိခဲ့သောပစ္စည်းများကို



အောင်ပွဲဆင်သူများကပိုင်ဆိုင်ခွင့်ရှိသော်လည်း အာဗြဟံသည် အမြတ်အစွန်းရလိုမှုကြောင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ခဲ့သဖြင့် မိမိအပေါင်းပါများရသင့်ရထိုက်သောအဖို့ကိုသာခွဲဝေပေးကာ မည်သည့်အရာကိုမျှမယူလိုကြောင်း ငြင်းဆိုခဲ့ပါသည်။

ဤကဲ့သို့စမ်းသပ်မှုကိုခံရလျှင် လူအနည်းငယ်ကသာ အာဗြဟံကဲ့သို့ မြင့်မြတ်သောစိတ်ထားများကိုပြသနိုင်ကြပါလိမ့်မည်။ လူအနည်းစုကသာ သိမ်းဆည်းလာသည့်လက်ရပစ္စည်းများကိုရယူရန် သွေးဆောင်မှုကို တွန်းလှန်နိုင်ကြပါလိမ့်မည်။ သူပြခဲ့သောပုံသက်သေသည် ကိုယ်ကျိုးရှာ၍ ငွေကြေးတပ်မက်သည့်သဘောထားများအတွက် ဆုံးမမှုတစ်ရပ်ဖြစ်ပါသည်။ အာဗြဟံသည် တရားမျှတမှုနှင့်လူ့ယဉ်ကျေးမှု၏တောင်းဆိုချက်များကိုအလေးထားခဲ့ပါသည်။ သူ၏အပြုအမူသည် "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဟူသောကျမ်းစာမှဆိုရိုးစကားတစ်ခုကို သာဓကတစ်ခုပြုခဲ့ပါသည်။ "မင်းကြီးသည် အာဗြဟံကိုရတတ်စေပြီဟုပြောစရာမရှိစေခြင်းငှာ––––မင်းကြီး၏ဥစ္စာအပ်ချည်တစ်မျှင်မျှဖြစ်စေ၊ ခြေနင်းကြိုးတစ်ပင်ဖြစ်စေ၊ တစ်စုံတစ်ခုကိုမျှ ငါမယူဟု ကောင်းကင်မြေကြီးအရှင် အမြင့်ဆုံးသောဘုရားသခင်ထာဝရဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်သည်လက်အုပ်ချီ၍ အဓိဋ္ဌာန်ပြုပါပြီဟု အာဗြဟံဆို၏။ မိမိသည် အမြတ်အစွန်းရရှိရန်အတွက် တိုက်ပွဲဝင်ခဲ့သည်ဟု ၎င်းတို့အထင်ရှိသွားဖို့ သူအခွင့်အရေးမပေးခဲ့ချေ။ သို့မဟုတ်လျှင် ၎င်းတို့ပေးသောလက်ဆောင်ပစ္စည်းများကြောင့် သူကြီးပွားချမ်းသာလာသည်ဟု ယိုးမယ်ဖွဲ့ကြပေလိမ့်မည်။ ထာဝရဘုရားသခင်သည် အာဗြဟံအားကောင်းချီးပေးရန် ကတိတော်ထားတော်မူပြီးဖြစ်သဖြင့် သူ့အတွက်ဘုန်းစည်းစိမ်ကို သတ်မှတ်ထားပြီးဖြစ်ပါလိမ့်မည်။

အောင်ပွဲဆင်ခဲ့သူအာဗြဟံအား ကြိုဆိုရန်ထွက်လာသူ နောက်တစ်ဦးမှာ ရှာလင်မင်းကြီးမေလခိဇေဒက်ပင်ဖြစ်ပါသည်။ သူသည် စစ်သားများကိုကျွေးရန် မုန့်နှင့်စပျစ်ရည်ကိုလည်းယူဆောင်ခဲ့ပါသည်။ သူသည် အမြင့်ဆုံးသောဘုရားသခင်၏ယဇ်ပုရောဟိတ်မင်းကြီးအနေဖြင့် အာဗြဟံအပေါ်ကောင်းချီးချပေးခဲ့ပြီး ထိုကျွန်အားဖြင့် မစကယ်တင်မှုတစ်ခုကိုလုပ်ဆောင်တော်မူခဲ့သော ထာဝရ

ဘုရားသခင်ကိုလည်း ကျေးဇူးတင်ချီးမွမ်းခဲ့ပါသည်။ "အာဗြဟံသည်လည်း ဥစ္စာရှိသမျှတို့ကို ထိုမင်းအားဆယ်ဖို့တစ်ဖို့လှူလေ၏။"

အာဗြဟံသည် သူ၏စခန်းရှိရာသို့ ဝမ်းသာအားရဖြင့် ပြန်လာခဲ့သော်လည်း စိတ်ညစ်စရာအကြောင်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေပါသည်။ သူသည် အေးအေးဆေးဆေးနေလိုသူတစ်ဦးဖြစ်ပါသည်။ ရန်ငြိုးဖွဲ့မှုများနှင့်တိုက်ခိုက်ငြင်းခုံမှုများကို တတ်နိုင်သလောက်ရှောင်ရှားတတ်သူတစ်ဦးဖြစ်ပါသည်။ မိမိတွေ့မြင်ခဲ့ရသောလူသတ်ပွဲမြင်ကွင်းကို စိတ်ချောက်ချားစွာဖြင့် သူပြန်လည်စဉ်းစားမိခဲ့ပါသည်။ စစ်ရှုံးသွားသည့်ထိုသူများသည် ခါနာန်ပြည်ကို နောက်တစ်ကျော့စစ်ထိုးကာ မိမိအားပစ်မှတ်ထား၍ ကလဲ့စားချေမည်မှာ သံသယဖြစ်စရာလိုလိမ့်မည်မဟုတ်ချေ။ ထိုကဲ့သို့နိုင်ငံနှင့်အဝန်းဖြစ်လာမည့် ရန်ပွဲကြီးသည် သာယာအေးဆေးသောသူ၏အသက်တာကို ဖျက်ဆီးပေလိမ့်မည်။ ထိုထက်မက သူ့အနေဖြင့် ခါနာန်ပြည်ကိုလည်း မသိမ်းပိုက်ရသေးသည့်အပြင် ကတိတော်ကိုပြည့်စုံစေမည့်အမွေခံတစ်ဦးအတွက်လည်း ယခုတွင် မျှော်လင့်ချက်မရှိနိုင်သေးချေ။

ထိုညတွင် ရူပါရုံရနေစဉ် "အချင်းအာဗြဟံ၊ မစိုးရိမ်နှင့်။ ငါသည် သင်၏အကာအကွယ်ဖြစ်၏။ သင်၏အကျိုးသည် အလွန်ကြီးလှ၏" ဟူ၍ မိန့်မြွက်သောထာဝရဘုရားသခင်၏အသံတော်ကို တစ်ဖန်ကြားခဲ့ရပါသည်။ သို့ရာတွင် သူ၏စိတ်နှလုံးသည် မကောင်းသောအတိတ်နိမိတ်များကြောင့် အထူးလေးလံနေသဖြင့် ထိုအချိန်အထိဆုပ်ကိုင်ခဲ့သောကတိတော်ကို ယခုအချိန်တွင်ဒွိဟကင်းသောစိတ်ချယုံကြည်မှုဖြင့် မဆုပ်ကိုင်နိုင်တော့ချေ။ ထိုကတိတော်ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း လက်ဆုပ်လက်ကိုင်ပြနိုင်မည့် အထောက်အထားများကိုရရှိရန် သူဆုတောင်းခဲ့ပါသည်။ သားတစ်ယောက်နှင့် ပတ်သက်သောဆုမင်္ဂလာကိုမပေးဘဲနေမည်ဆိုလျှင် ပဋိညာဉ်ဆိုင်ရာ ဤကတိတော်သည် အဘယ်သို့အကောင်အထည်ပေါ်နိုင်ပါမည်နည်း။ ထို့ကြောင့် အာဗြဟံက "အရှင်ထာဝရဘုရားသခင်၊ အကျွန်ုပ်သည် သားမရှိဘဲသွားရပါ၏။---ကျွန်ုပ်အိမ်၌ဖွားသောသူသည် အကျွန်ုပ်၏အမွေခံဖြစ်ရပါ



သည်တကား" ဟုလျှောက်ဆိုလေ၏။ သူ၏ကျွန်ဖြစ်သူ ဧလျာဇာအား သားအဖြစ်မွေးစားကာ အမွေခံအဖြစ်သတ်မှတ်ပေးရန် သူတင်ပြခဲ့ပါသည်။ သို့ရာတွင် သူ၏သားအရင်းတစ်ဦးသည် သူ့၏အမွေခံဖြစ်ရမည်ဖြစ်ကြောင်း ထာဝရဘုရားသခင်သည် သူ့အားစိတ်ချစေခဲ့ပါသည်။ ထို့နောက် ကိုယ်တော်သည် ၎င်းအား တဲအပြင်သို့ခေါ်သွားကာ ကောင်းကင်ယံတွင်ထွန်းလင်းတောက်ပနေသောမရေမတွက်နိုင်အောင်များပြားသည့်ကြယ်များကိုမော့၍ကြည့်စေခဲ့ပါသည်။ မိန့်တော်မူသည့်အတိုင်း အထက်သို့မော့၍ကြည့်ရှုနေစဉ် "သင်၏အမျိုးအနွယ်သည် ထိုသို့ဖြစ်လိမ့်မည်" ဟုမိန့်တော်မူ၏။ "အာဗြဟံသည် ထာဝရဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။"

သို့တိုင်အောင် မိမိ၏ယုံကြည်ခြင်းအတွက် အတည်ပြုချက်တစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ နောင်လာနောက်သားများအပေါ်ထားရှိသည့် ဘုရားသခင်၏အကြံတော်သည် အထမြောက်လိမ့်မည်ဖြစ်ကြောင်း၊ အထောက်အထားတစ်ခုအနေဖြင့်သော်လည်းကောင်း မြင်သာသောအထိမ်းအမှတ်တစ်ခုကိုသူတောင်းခံနေဆဲဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် ကြီးမြတ်သောသဘောတူညီမှုတစ်ခုကို အတည်ပြုချက်တစ်ရပ်အတွက် လူများအလယ်တွင် သမားရိုးကျဖြစ်သောပုံစံများကိုအသုံးပြုလျက် မိမိ၏ကျွန်နှင့် ပဋိညာဉ်ပြုရန် ကိုယ်ကိုကိုယ်နှိမ့်ချတော်မူခဲ့ပါသည်။ အာဗြဟံသည် ဘုရားသခင်၏ညွှန်ကြားချက်အရ သုံးနှစ်သားအရွယ်ရှိ နွားမတမ်းတစ်ကောင်၊ ဆိတ်မတစ်ကောင်နှင့် သိုးထီးကြီးတစ်ကောင်ကို ထက်ဝက်စီပိုင်းခုတ်လှီးဖြတ်လိုက်ပြီး ခွဲသောအသားများကို ယဇ်ပလ္လင်၏တစ်ဖက်တစ်ချက်စီတွင် ယဇ်ပူဇော်လေ၏။ ထိုယဇ်ကောင်များအပြင် ချိုးတစ်ကောင်နှင့်ခိုတစ်ကောင်ကိုလည်းသတ်၍ မပိုင်းမဖြတ်ဘဲယဇ်ပူဇော်ခဲ့ပါသည်။ ထိုနောက်သူသည် ထိုယဇ်ကောင်များအလယ်သို့သွားရောက်ကာ နှုတ်ထွက်စကားများကို ကာလအစဉ်နားထောင်လိုက်လျှောက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ပြုခဲ့ပါသည်။ ငှက်ရဲတို့သည် ထိုအသေကောင်ယဇ်များကို မညစ်ညူးစေရန်နှင့် မထိုးမသုတ်

စေခြင်းငှာ အာဗြဟံသည် ထိုတိရစ္ဆာန်အသေကောင်များနံဘေးတွင် နေဝင်သည့်တိုင်အောင်စောင့်ကြပ်ပေးခဲ့ပါသည်။ "နေဝင်သောအခါ အာဗြဟံသည် ကြီးသောအိပ်ခြင်းနှင့်အိပ်ပျော်လျက် ထူသောမှောင်မိုက်နှင့်တွေ့၍ ထိတ်လန့်ခြင်းသို့ရောက်လေ၏။" ၎င်းပြင် ကတိထားတော်မူသောပြည်ကို ချက်ချင်းပိုင်ဆိုင်ခွင့်ရမည်ဟု မမျှော်လင့်ရန်မိန့်မှာကာ ခါနာန်ပြည်ကိုမဝင်စားမီ သူ၏သားမြေးများခံစားကြရမည့်ဆင်းရဲဒုက္ခများအကြောင်းကိုမိန့်မြွက်နေသော ဘုရားသခင်၏အသံတော်ကို သူကြားခဲ့ရပါသည်။ မဟာယဇ်ကောင်ကြီးဖြစ်သော ခရစ်တော်၏အသေခံခြင်းအားဖြင့် ပြုတော်မူမည့်ကယ်တင်ခြင်းစီမံကိန်းနှင့် ကိုယ်တော်၏ဘုန်းတော်ဖြင့်ကြွလာခြင်းအကြောင်းများကို သူ့အားဖော်ပြတော်မူခဲ့ပါသည်။ ထိုကတိတော်သည် အပြီးသတ်ပြည့်စုံမှုတစ်ရပ်အနေဖြင့် ထာဝရပိုင်ဆိုင်မှုအဖြစ် ၎င်းအားပေးမည့် ဧဒင်၏အလှနှင့်ပြည့်စုံသောကမ္ဘာကြီးကိုလည်း အာဗြဟံမြင်တွေ့ခဲ့ရပါသည်။

ထာဝရဘုရားသခင်ရောက်ရှိနေတော်မူကြောင်း အထိမ်းအမှတ်ဖြစ်သော မီးခိုးထွက်နေသည့်မီးဖိုနှင့် မီးထွန်းလင်းနေသောမီးခွက်တို့သည် လူသားများနှင့်ချုပ်ဆိုခဲ့သော ဘုရားသခင်၏ပဋိညာဉ်အတွက် ကတိခံဝန်ချက်တစ်ခုအဖြစ် ခုတ်ပိုင်းထားသော ထိုယဇ်ကောင်များအလယ်တွင် လျှောက်ကြွတော်မူ၍ ပူဇော်သကာအားလုံးကိုလောင်ကျွမ်းခဲ့ပါသည်။ "အဲဂုတ္တုမြစ်မှစ၍ မြစ်ကြီးတည်းဟူသော ဥဖရတ်မြစ်တိုင်အောင်" ကျယ်ဝန်းသောခါနာန်ပြည်ကို ၎င်း၏သားမြေးများအားပေးသနားတော်မူမည်ဖြစ်ကြောင်း အတည်ပြုပြောဆိုသံကို နောက်ထပ်တစ်ဖန်အာဗြဟံကြားခဲ့ရပြန်ပါသည်။

အာဗြဟံသည် နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်နီးပါး ခါနာန်ပြည်တွင် နေထိုင်ခဲ့ပြီးသောအချိန်တွင် "ထာဝရဘုရားသခင်သည် အာဗြဟံအား ထင်ရှားတော်မူ၍ ငါသည် ထာဝရတန်ခိုးရှင်ဘုရားသခင်ဖြစ်၏။ ငါ့ရှေ့မှာသွားလာ၍ စုံလင်ခြင်းရှိလော့" ဟုမိန့်တော်မူ၏။ အာဗြဟံသည်လည်း ပျပ်ဝပ်လျှင် ဘုရားသခင်က ငါပြုသောပဋိညာဉ်သည် သင်၌ရှိ၏။ သင်သည် လူမျိုးအများတို့၏အဘဖြစ်လိမ့်မည်ဟု ဆက်လက်မိန့်တော်မူခဲ့ပါသည်။



ဤပဋိညာဉ်ပြည့်စုံမှုအတွက် အထိမ်းအမှတ်တစ်ခုအနေဖြင့် ထိုအချိန်အထိ အာဗြံခေါ်ခဲ့သော ၎င်း၏နာမည်ကို "များစွာသောလူမျိုးတို့၏အဘ" ဟု အနက်ရှိသော အာဗြဟံဟူ၍လည်းကောင်း၊ စာရဲအား "မိဖုရား" ဟုအနက်ရှိသော စာရာဟူ၍လည်းကောင်း ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ အကြောင်းမူကား၊ သူမသည် လူမျိုးအပေါင်းတို့၏မိခင်ဖြစ်ကာ သူ့အမျိုးအနွယ်များသည် အပြည်ပြည်တို့၏ရှင်ဘုရင်ဖြစ်ကြပါလိမ့်မည်။

"အရေဖျားလှီးခြင်းကိုမခံဘဲ ယုံကြည်သောသူတို့သည် ဖြောင့်မတ်ခြင်းရှိသည်ဟု မှတ်စရာအကြောင်းရှိစေခြင်းငှာ" ထိုအချိန်တွင် အာဗြဟံအား အရေဖျားလှီးခြင်းအမှုကိုပြုခဲ့ပါသည်။ မိမိတို့အား ထာဝရဘုရားသခင်၏အမှုတော်အတွက် ဆက်ကပ်ထားခြင်းဖြင့် ရုပ်တုကိုးကွယ်သူများနှင့်သီးခြားစီရှိကြောင်း၊ ထာဝရဘုရားသခင်သည် မိမိ၏အဖိုးတန်သောဘဏ္ဍာများအဖြစ် လက်ခံတော်မူကြောင်း အထိမ်းအမှတ်တစ်ခုအနေဖြင့် အရေဖျားလှီးခြင်းအမှုကို အာဗြဟံနှင့်တကွ သူ၏သားမြေးများသည် ဆက်လက်စောင့်ထိန်းကြရန်ဖြစ်ပါသည်။ ၎င်းတို့သည် ဤအထုံးအဖွဲ့အားဖြင့် အာဗြဟံနှင့်ပြုခဲ့သောပဋိညာဉ်ကို မိမိတို့ကဏ္ဍမှဖြည့်ဆည်းရန် ကတိကဝတ်ပြုခဲ့ကြပါသည်။ သူတို့သည် တစ်ပါးအမျိုးသားများနှင့် လက်ထပ်ထိမ်းမြားခြင်းမပြုခဲ့ကြပါသည်။ ထိုသူများနှင့်လက်ထပ်ထိမ်းမြားခြင်းအားဖြင့် ထာဝရဘုရားသခင်နှင့်တကွ ကိုယ်တော်၏သန့်ရှင်းသောပညတ်တော်ကို ရိုသေကိုင်းရှိုင်းမှုပျောက်လွင့်လာကာ ဒုစရိုက်အကျင့်များကိုလိုက်စားရန် စုံစမ်းနှောင့်ယှက်ခြင်းခံရမည်ဖြစ်ပြီး ရုပ်တုကိုးကွယ်မှုကိုပါဝင်လာရန် သွေးဆောင်ခြင်းကိုခံကြရပါလိမ့်မည်။

ထာဝရဘုရားသခင်သည် အာဗြဟံအား အကြီးအကျယ်ဂုဏ်ပြုတော်မူခဲ့ပါသည်။ ကောင်းကင်တမန်များသည် မိတ်ဆွေတစ်ဦးကဲ့သို့ သူနှင့်အတူလျှောက်လှမ်း၍ စကားပြောဆိုခဲ့ပါသည်။ ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုသည် သောဒုံမြို့ပေါ်သို့ကျရောက်ဆဲဆဲကာလတွင် ထိုအချက်ကို ၎င်းထံမှဖုံးကွယ်ထားတော်မမူခဲ့ပါ။ သူသည် အပြစ်သားများအတွက် ဘုရားသခင်ထံတွင် ကြားဖျန်ဖြေသူတစ်ဦးဖြစ်လာခဲ့ပါသည်။ ၎င်းနှင့်ကောင်းကင်တမန်များတွေ့ဆုံ

ခဲ့ခြင်းတွင် ဧည့်ဝတ်ပြုခြင်းနှင့်ဆိုင်သည့် ကောင်းမွန်သောပုံသက်သေတစ်ခုကို တင်ဆက်ထားပါသည်။

ပူပြင်းသောနွေရာသီ၏နေ့လယ်ခင်းတစ်ခုတွင် အာဗြဟံသည် အပြင်ဘက်သို့မျှော်ကြည့်ရင်း မိမိ၏တဲတံခါးဝတွင်ထိုင်နေစဉ်တွင် လူသုံးယောက်သည် မိမိထံသို့ဦးတည်၍လာလျက်ရှိကြောင်းကို လှမ်း၍မြင်တွေ့ခဲ့ရပါသည်။ ထိုဧည့်သည်များသည် ၎င်း၏တဲသို့မရောက်မီ ၎င်းတို့လုပ်ဆောင်ရမည့်ကိစ္စများကိုတိုင်ပင်ကြရန် ခေတ္တရပ်နားခဲ့ကြပါသည်။ ထိုသူများသည် မိမိထံသို့မလာတော့ဘဲ အခြားအရပ်သို့ထွက်သွားတော့မယောင်ဖြစ်နေသဖြင့် အာဗြဟံသည် သူတို့အလာကိုမစောင့်စားတော့ဘဲ လျင်မြန်စွာထလိုက်ပြီး ၎င်းတို့နောက်သို့လိုက်သွားကာ မိမိထံတွင်ခေတ္တတည်းခို၍အနားယူကြရန် ပျူငှာစွာဖြင့်တောင်းပန်ခဲ့ပါသည်။ ၎င်းတို့၏ခြေထောက်များကိုဆေးကြောရန် ရေကိုသူကိုယ်တိုင်ခပ်ပေးခဲ့ပါသည်။ သူသည် ၎င်းတို့အားကျွေးမည့်အစာများကို ကိုယ်တိုင်ရွေးချယ်ပေးခဲ့ပါသည်။ ထိုသူများသည် သစ်ပင်ရိပ်တွင်အနားယူကြစဉ်မှာပင် ၎င်းတို့အားဧည့်ခံကျွေးမွေးရန်ပြင်ဆင်မှုသည် အဆင်သင့်ဖြစ်ခဲ့ပါသည်။ ၎င်း၏ဧည့်ဝတ်ပြုမှုကို ထိုသူများသည် ခံယူနေကြစဉ် သူသည်နံဘေးတွင်လေးလေးစားစားဖြင့် မတ်တတ်ရပ်၍ဧည့်ဝတ်ပြုခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ပျူငှာဖော်ရွေသော ဤလုပ်ဆောင်မှုကို မိမိ၏နှုတ်ထွက်စကားတော်တွင် မှတ်တမ်းတင်လောက်အောင်အရေးပါသောအရာတစ်ခုအဖြစ် မှတ်ယူတော်မူခဲ့ပါသည်။ နှစ်ပေါင်းတစ်ထောင်လောက်အကြာတွင် တမန်တော်တစ်ပါးအားဖြင့် ထိုအရာကို ရည်ဆောင်ဖော်ပြထားသည်မှာ "ဧည့်သည်ဝတ်ပြုခြင်းအမှုကိုမမေ့မလျော့ကြနှင့်။ အချို့သောသူတို့သည် ဧည့်သည်ဝတ်ကိုပြုသည်တွင် ကောင်းကင်တမန်တို့ကို အမှတ်တမဲ့ဧည့်ခံကြပြီ" ဟူ၍ဖြစ်၏။

အာဗြဟံသည် ထိုဧည့်သည်များအား မောပန်းနေသောခရီးသွားသုံးဦးအဖြစ်ဖြင့်သာမြင်တွေ့ခဲ့ပါသည်။ ထိုသူများထဲတွင် ၎င်းဝတ်ပြုကိုးကွယ်နေသည့်ပုဂ္ဂိုလ်တစ်ပါးပါရှိနေကြောင်း သူမသိရှိခဲ့ချေ။ သို့ရာတွင် ၎င်းတို့၏



ဇာတိရုပ်မှန်သည် ယခုတွင်ပေါ်လာခဲ့ပါသည်။ သူတို့သည် အမျက်တော်၏အမှုဆောင်များအဖြစ် ခရီးထွက်ခဲ့သူများဖြစ်နေကြသော်လည်း ယုံကြည်ခြင်းနှင့်ပြည့်စုံလျက်ရှိသောအာဗြဟံအတွက် ကောင်းချီးစကားများကို ရှေးဦးစွာပြောကြားခဲ့ကြပါသည်။ ထာဝရဘုရားသခင်သည် ဒုစရိုက်အမှုများကိုထင်ရှားစေရန်နှင့် ပညတ်တော်လွန်ကျူးမှုများကိုအပြစ်ပေးရန် တိကျစွာလုပ်ဆောင်တတ်သော်လည်း လက်တုံ့ပြန်ခြင်းအမှုကိုမူ နှစ်သက်တော်မမူပါချေ။ ဖျက်ဆီးသုတ်သင်သောအမှုသည် ထာဝရမေတ္တာတော်နှင့်ပြည့်ဝသောကိုယ်တော်အတွက် "ထူးဆန်းသောအမှုတစ်ခု" ဖြစ်နေပါသည်။

"ထာဝရဘုရားသခင်ကိုကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့်မိတ်သဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ်တရားတော်ကိုသိရသောအခွင့်ရှိကြ၏။" အာဗြဟံသည် ထာဝရဘုရားသခင်ကိုဂုဏ်ပြုခဲ့သည့်အတွက် ထာဝရဘုရားသခင်သည် ၎င်းအားမြှောက်စားတော်မူကာ ၎င်းနှင့်အတူဆွေးနွေးပြီး မိမိအကြံအစည်တော်များကို ၎င်းအားဖော်ပြတော်မူခဲ့ပါသည်။ "ထာဝရဘုရားသခင်ကလည်း ငါပြုမည့်အမှုကို အာဗြဟံအားမဖော်ပြဘဲ ဝှက်ထားရမည်လော့ ----သောဒုံမြို့နှင့်ဂေါမောရမြို့၌ ကြွေးကြော်သောအသံသည်ကြီး၍ အလွန်အပြစ်လေးသောကြောင့် ယခုငါသွား၍ ငါ့ရှေ့သို့ရောက်ခဲ့ပြီးသော ကြွေးကြော်ခြင်းရှိသည်အတိုင်း သူတို့သည် အမှန်ပြုသည်မပြုသည်ကို ငါကြည့်ရှုမည်။ မပြုလျှင်မပြုကြောင်းကို ငါသိမည်ဟုမိန့်တော်မူ၏။ ထာဝရဘုရားသခင်သည် သောဒုံမြို့ကျူးလွန်ခဲ့သောဒုစရိုက်အလုံးစုံကို ကောင်းစွာသိရှိတော်မူခဲ့သော်လည်း ကိုယ်တော့်လုပ်ဆောင်မှု၏တရားမျှတမှုကို သူတို့နားလည်သဘောပေါက်စေရန်အလို့ငှာ လူသားများအသုံးပြုသော ပြောနည်းပြောဟန်အတိုင်း မိမိကိုယ်ကိုဖော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ပညတ်တော်လွန်ကျူးသူများအား အပြစ်မစီရင်မီ ၎င်းတို့လုပ်ဆောင်မှုများကို စစ်ဆေးမှုတစ်ခုကို ကိုယ်တိုင်လုပ်ဆောင်တော်မူပါလိမ့်မည်။ ထိုသူများသည် ကရုဏာတော်၏အင်္ကနန်းအတာထက်မကျော်လွန်ကြသေးလျှင် ကိုယ်တော်သည် နောင်တရနိုင်ရန်အချိန်ကို ၎င်းတို့အားပေးထားတော်မူပါလိမ့်ဦးမည်။

ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယခုမှသူသိရှိခဲ့သည့်ကိုယ်တော်ကိုချန်ထားခဲ့ကာ ကောင်းကင်တမန်နှစ်ပါးသည် ထွက်ခွာသွားခဲ့ကြပါသည်။ ထိုအခါယုံကြည်ခြင်းနှင့်ပြည့်ဝသောအာဗြဟံသည် သောဒုံမြို့သားများအတွက်အသနားခံခဲ့ပါသည်။ သူသည် ၎င်းတို့ကိုတစ်ချိန်က မိမိ၏ဓါးအားဖြင့်ကယ်တင်ခဲ့သည်နည်းတူ ယခုအခါတွင်ဆုတောင်းခြင်းအားဖြင့် ကယ်တင်ရန်ကြိုးစားခဲ့ပါသည်။ လောတနှင့်တကွ ၎င်း၏မိသားစုများသည် ထိုမြို့တွင်နေထိုင်ကြဆဲဖြစ်ပါသည်။ ဧလံပြည်သား၏လက်မှ ၎င်းအားကယ်ဆယ်ရန်အာဗြဟံအား နှိုးဆွပေးခဲ့သောတစ်ကိုယ်ကောင်းမဆန်တတ်သောမေတ္တာသည်ဘုရားသခင်အလိုတော်ရှိလျှင် ၎င်းတို့အား ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုမှကယ်ဆယ်ရန် လှုံ့ဆော်ပေးနေပါသည်။ “အကျွန်ုပ်သည် မြေမှုန့်နှင့်ပြာသက်သက်ဖြစ်သော်လည်း ဘုရားသခင်ကိုယခုလျှောက်မည်” ဟုဖွင့်ဟလျက်အလွန်ရိုသေကိုင်းရှိုင်းစွာဖြင့်အသနားခံခဲ့ပါသည်။ သူ၏တောင်းလျှောက်မှုတွင် ကိုယ့်ကိုကိုယ်စိတ်ချယုံကြည်သောသဘော၊ မိမိ၏ဖြောင့်မတ်ခြင်းအတွက်ဝါကြွားသောသဘောမပါရှိခဲ့ချေ။ မိမိနားထောင်မှုများကြောင့်လည်းကောင်း၊ အလိုတော်အတိုင်းမိမိလုပ်ဆောင်ခဲ့သောဝတ်ပြုပူဇော်မှုများကြောင့်လည်းကောင်း မိမိအားအခွင့်အရေးပေးရန် သူတောင်းခံခဲ့ခြင်းမဟုတ်ပါ။ သူကိုယ်တိုင်ကအပြစ်သားတစ်ဦးဖြစ်နေသော်လည်း သူသည် အပြစ်သားများကိုယ်စားအသနားခံခဲ့ပါသည်။ ထာဝရဘုရားသခင်ထံသို့ တိုးဝင်ချဉ်းကပ်မည့်သူအပေါင်းတို့သည် ထိုစိတ်သဘောထားမျိုးရှိသင့်ကြပါသည်။ အာဗြဟံသည်ချစ်လှစွာသောဖခင်တစ်ဦးထံ အသနားခံနေသောကလေးငယ်တစ်ဦး၏စိတ်ချယုံကြည်မှုမျိုးကိုဖော်ပြခဲ့ပါသည်။ သူသည် ကောင်းကင်နိုင်ငံမှ ထိုစေတမန်ကြီးထံချဉ်းကပ်ကာ လိုက်လှဲစွာအသနားခံခဲ့ပါသည်။ လောတသည် သောဒုံမြို့တွင်နေထိုင်သူတစ်ဦးဖြစ်လာခဲ့သော်လည်း သူသည် ထိုမြို့သားများ၏ဆိုးညစ်မှုများတွင် ပါဝင်ဆက်ဆံခြင်းမပြုခဲ့ပါချေ။ ထင်ရှားကျော်စောသောဤမြို့ကြီးထဲတွင် ထာဝရဘုရားသခင်ကိုကိုးကွယ်သူများရှိလိမ့်ဦးမည်ဟုအာဗြဟံအထင်ရှိခဲ့ပါသည်။ ထိုကြောင့် “ဖြောင့်မတ်သောသူတို့ကို မတရား





သောသူတို့နှင့်တကွ ကွပ်မျက်ခြင်းအမှုသည် ကိုယ်တော်နှင့်ဝေးပါစေသတည်း။ ဖြောင့်မတ်သောသူတို့ကို မတရားသောသူတို့ကဲ့သို့ခံစေသောအမှုသည် ကိုယ်တော်နှင့်ဝေးပါစေသတည်း။ မြေကြီးတစ်ခုလုံးကိုစီရင်တော်မူသောသခင်သည် တရားသဖြင့်ပြုတော်မူမည်မဟုတ်လောဟု သူအသနားခံခဲ့ပါသည်။ အာဗြဟံသည် တစ်ကြိမ်သာမက အကြိမ်ကြိမ်အသနားခံခဲ့ပါသည်။ သူ၏တောင်းခံချက်များကို မစပေးသနားတော်မူသည်နှင့်အမျှ သူသည် ပို၍ရဲတင်းလာကာ ဖြောင့်မတ်သူဆယ်ဦးရှိလျှင်ပင် ထိုမြို့ကိုမဖျက်ဆီးပါဟူသောအာမခံချက်ကိုရသည်အထိ သူတောင်းလျှောက်ခဲ့ပါသည်။

ပျက်စီးခြင်းသို့ကျရောက်တော့မည့်အသက်ဝိညာဉ်များအပေါ်ထားရှိသည့်မေတ္တာက အာဗြဟံအား ထိုကဲ့သို့တောင်းလျှောက်ရန် လှုံ့ဆော်ခဲ့ပါသည်။ သူသည် ထိုမြို့သားများ၏ကျူးလွန်ခဲ့သောအပြစ်များကိုရွံမုန်းသော်လည်း ထိုအပြစ်သားများကိုကယ်တင်ရန်ကိုမူအလိုရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် နောင်တသံဝေဂမရသောသူများအပေါ်ထားသင့်သောစိုးရိမ်မှုမျိုးကို သောဒုံမြို့အပေါ်ထားရှိသော အာဗြဟံ၏အထူးစိတ်ဝင်စားမှုက ဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် အပြစ်တရားကိုမုန်းတီးရွံရှာသင့်ကြသော်လည်း အပြစ်သားများကိုချစ်ခင်သနားသင့်ကြပါသည်။ ကျွန်ုပ်တို့၏ဝန်းကျင်တွင်ရှိနေကြသောအသက်ဝိညာဉ်များသည် သောဒုံမြို့အပေါ်သို့ကျရောက်သည့် ကြောက်မက်ဖွယ်ကောင်းသောပျက်စီးခြင်းမျိုးထဲသို့ ကျရောက်လျက်ရှိပါသည်။ နေ့စဉ်နေ့တိုင်းအချို့သူများ၏ကရုဏာတော်အချိန်များသည် ကုန်ဆုံးလျက်ရှိကြပါသည်။ အချို့သူများသည် နာရီတိုင်းလိုလိုကရုဏာတော်လက်လှမ်းမစနိုင်သည့်အခြေသို့ဆိုက်ရောက်ကြလျက်ရှိပါသည်။ ထိုအပြစ်သားများကို ကြောက်လန့်ဖွယ်ရာအပြစ်ဒဏ်စီရင်မှုမှလွတ်ကင်းအောင် ရှောင်ပြေးဖို့တောင်းပန်သည့်သတိပေးစကားများ၊ အသနားခံသံများသည် အဘယ်မှာရောက်နေကြပါသနည်း။ ထိုသူကိုသေခြင်းမှပြန်လည်ဆွဲယူရန် ကမ်းလှမ်းနေသည့်လက်များအဘယ်မှာရောက်နေကြပါသနည်း။ ထိုအပြစ်သားများအတွက် ခိုင်မြဲသောယုံကြည်ခြင်း၊ နှိမ့်ချခြင်းပြည့်ဝသောစိတ်ထားများဖြင့် ဘုရားသခင့်ထံတွင်အသနားခံပေးကြမည့်သူများ အဘယ်မှာရှိကြသနည်း။

အာဗြဟံ၏စိတ်ထားမျိုးသည် ခရစ်တော်၌ရှိသောစိတ်ထားမျိုးပင်ဖြစ်ပါသည်။ သားတော်ဘုရားသခင်ကိုယ်တိုင် အပြစ်သားများကိုယ်စား၊ ကြားဖျန်ဖြေသူတစ်ဦးအဖြစ် ရပ်တည်တော်မူပါသည်။ ထိုအသက်ဝိညာဉ်၏ ကယ်တင်ခြင်းအတွက် အဖိုးအခကိုပေးဆပ်တော်မူခဲ့သောကိုယ်တော်သည် လူသားတစ်ဦး၏တန်ဖိုးကိုသိရှိတော်မူပါသည်။ အပြစ်အနာအဆာနှင့်လုံးဝကင်းစင်သော သဘာဝတစ်ခု၌သာတည်ရှိနိုင်သော ဒုစရိုက်မှုများကိုရန်ဘက်ပြုသည့် ထိုကဲ့သို့သောစိတ်ဖြင့် ခရစ်တော်သည် ထာဝရကောင်းမြတ်ခြင်းတစ်ခုတည်းကသာပေါက်ဖွားနိုင်သောမေတ္တာတော်ကို အပြစ်သားများအား ဖော်ပြတော်မူခဲ့ပါသည်။ ဤလောက၏ အပြစ်ဝန်ထုပ်များ၏လေးလံမှုကြောင့် ကပ်တိုင်ထက်တွင် ဒုက္ခဝေဒနာများကိုခံစားတော်မူရစဉ် "အိုအဘ၊ သူတို့၏အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကိုမသိကြပါ" ဟု ထိုလူသတ်သမားများနှင့်ကဲ့ရဲ့ပြစ်တင်သူများအတွက် ကိုယ်တော်ဆုတောင်းပေးခဲ့ပါသည်။

အာဗြဟံသည် ဘုရားသခင်၏အဆွေဖြစ်သည်ဟူ၍လည်းကောင်း၊ ယုံကြည်သူအပေါင်းတို့၏အဘဟူ၍လည်းကောင်း သမ္မာကျမ်းစာတွင် မော်ကွန်းတင်ထားပါသည်။ "အာဗြဟံသည် ငါ့စကားကိုနားထောင်၍ ငါစီရင်မှာထားတော်မူသောပညတ်တရားအမျိုးမျိုးတို့ကိုစောင့်ရှောက်သတည်း။" "သူသည် မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည့်အရာကိုငါသိ၏။ သူတို့သည်လည်း ထာဝရဘုရားသခင်၏တရားလမ်းသို့လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ကတိတော်ရှိသည့်အတိုင်း ထာဝရဘုရားသခင်သည် အာဗြဟံ၌ပြုရသောအခွင့်ရှိလိမ့်မည်" ဟူ၍ သစ္စာရှိသော ဤဘိုးဘေးကြီးအကြောင်းကို ထာဝရဘုရားသခင်သက်သေခံတော်မူထားပါသည်။ ရာစုနှစ်အဆက်ဆက်အတွက် ထားရှိတော်မူသည့် ဘုရားသခင်၏သမ္မာတရားများကိုစောင့်ထိန်းသူများနှင့် လမ်းပြသူများ၏အဘဟူ၍ အခေါ်ခံခြင်းသည် မြင့်မြတ်သောဂုဏ်ပြုခြင်းတစ်ရပ်ဖြစ်ပါသည်။ ထိုသူများအားဖြင့် ကတိတော်နှင့်ဆိုင်သောမေရှိယကြွလာသောအချိန်တွင်



ကမ္ဘာသူကမ္ဘာသားများသည် ကောင်းချီးခံစားရပါလိမ့်မည်။ အာဗြဟံအားခေါ်တော်မူခဲ့သောကိုယ်တော်သည် ၎င်းအားချီးမွမ်းထိုက်သူတစ်ဦးအဖြစ်ဆုံးဖြတ်တော်မူခဲ့ပါသည်။ မိန့်တော်မူနေသောပုဂ္ဂိုလ်မှာ ထာဝရဘုရားသခင်ဖြစ်ပါသည်။ လူသားများ၏စိတ်သဘောထားများကိုသိရှိ၍ လူသားများကိုမှန်ကန်စွာတန်ဖိုးဖြတ်တတ်တော်မူသော ကိုယ်တော်ရှင်မိန့်တော်မူသည်ကား၊ "သူ့ကိုငါသိ၏" ဟူ၍ဖြစ်၏။ အာဗြဟံအနေဖြင့် မိမိ၏ကိုယ်ကျိုးအတွက် သမ္မာတရားကိုလုံးဝသစ္စာဖေါက်လိမ့်မည်မဟုတ်ချေ။ သူသည် ပညတ်တော်ကိုစောင့်ရှောက်၍ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ဆောင်လိမ့်မည်ဖြစ်ပါသည်။ သူသည် မိမိကိုယ်တိုင်ထာဝရဘုရားသခင်ကိုကြောက်ရွံ့ရုံသာမက မိမိ၏အိမ်ထောင်၌လည်း ဘာသာတရားကိုပြုစုပျိုးထောင်ပေးခဲ့ပါသည်။ အိမ်သားများကို ဖြောင့်မတ်မှန်ကန်စွာညွှန်ကြားခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တော်သည် သူ၏အိမ်ထောင်ကိုအုပ်ချုပ်သည့်စည်းမျဉ်းဥပဒေဖြစ်ပါသည်။

အာဗြဟံ၏အိမ်ထောင်တွင် လူပေါင်းတစ်ထောင်ကျော်ပါဝင်ပါသည်။ တစ်ဆူတည်းရှိတော်မူသောထာဝရဘုရားသခင်ကိုကိုးကွယ်ရန် သွန်သင်ခြင်းကိုခံခဲ့ရသောထိုသူများသည် ၎င်း၏စခန်းထဲတွင် မိသားစုတစ်စုကိုတည်ထောင်ခဲ့ကြပြီး ဤနေရာတွင်ကျောင်းတစ်ကျောင်းမှာကဲ့သို့ စစ်မှန်သောယုံကြည်ခြင်း၏ကိုယ်စားလှယ်များဖြစ်လာအောင် ပြင်ဆင်ပေးမည့် ထိုကဲ့သို့သောညွှန်ကြားချက်များကို သူတို့ရရှိခဲ့ကြပါသည်။ ထိုကြောင့် သူ့အပေါ်တွင်လေးလံကြီးမားသောတာဝန်တစ်ခုကျရောက်ခဲ့ပါသည်။ သူသည် အိမ်ထောင်ဦးစီးများကိုလေ့ကျင့်ပညာပေးခဲ့ပြီး သူ၏အုပ်ချုပ်မှုနည်းစနစ်များကိုလည်း ၎င်းတို့၏အိမ်ထောင်အသီးသီးတွင် ဆက်လက်ကျင့်ဆောင်စေခဲ့ပါသည်။

ရှေးခေတ်အချိန်များ၌ ဖခင်ဖြစ်သူသည် မိသားစုကိုအုပ်ချုပ်ကွပ်ကဲရသူတစ်ဦးဖြစ်သည်သာမက ယဇ်ပုရောဟိတ်တစ်ပါးလည်းဖြစ်ပါသည်။ သူသည် မိမိ၏သားသမီးများအား အိမ်ထောင်ကျပြီးသည်အချိန်အထိပင် ဩဇာရှိဆဲဖြစ်ပါသည်။ လောကီလောကုတ္တရာနှစ်ဖြာသောကိစ္စများတွင် မိမိအား ၎င်းတို့၏ခေါင်းဆောင်အဖြစ်မှတ်ယူကြရန် မိမိ၏သားမြေးများအား သူသွန်သင်

ထားပါသည်။ ကာလအစဉ်တည်မြဲရန် အာဗြဟံကြိုးစားဆောင်ရွက်နေသော လေးစားကြည်ညိုခြင်းခံရသည့်သက်ကြီးရွယ်အိုများနှင့်ဆိုင်သောအုပ်ချုပ်မှုစနစ်သည် ထာဝရဘုရားသခင်အား သိကျွမ်းခြင်းပညာကိုထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ပါသည်။ အထူးကျယ်ပြန့်ကာ နက်ရှိုင်းစွာအမြစ်စွဲလာခဲ့သောရုပ်တုကိုးကွယ်မှုအတွက် အရံအတားတစ်ခုကိုတည်ဆောက်ရန်အလို့ငှာ အိမ်ထောင်သားများအားလုံးကို အတူတကွစုစည်းရန်မှာ အထူးလိုအပ်လှပါသည်။ အာဗြဟံသည် မိမိ၏စခန်းအတွင်း၌နေထိုင်လျက်ရှိကြသောလူအပေါင်းတို့အား ရုပ်တုကိုးကွယ်သူများနှင့်ရောယှက်ခြင်းနှင့် ရုပ်တုကိုးကွယ်မှုဆိုင်ရာအကျင့်ဓလေ့များကိုသက်သေခံခြင်းများကိုမပြုလုပ်နိုင်အောင် တတ်စွမ်းသမျှကြိုးစားခဲ့ပါသည်။ အကြောင်းမှာ ဒုစရိုက်မှုနှင့်အကျွမ်းတဝင်ဖြစ်လာခြင်းအားဖြင့် အခြေခံစည်းမျဉ်းများကိုမသိမသာပျက်ယွင်းဖေါက်ပြန်လာလိမ့်မည်ဖြစ်ကြောင်း သူသိရှိထားသောကြောင့်တည်း။ သူသည် မှားယွင်းသောဘာသာအယူဝါဒများနှင့်ပတ်သက်သည့်ပုံစံတိုင်းကိုဟန့်တားရန်နှင့် ကိုးကွယ်ဝတ်ပြုခြင်း၏ စစ်မှန်သောရည်ရွယ်ချက်တစ်ခုအနေဖြင့် အသက်ရှင်တော်မူလျက်ရှိသော ထာဝရဘုရားသခင်၏ကြီးမြတ်မှုနှင့်ဘုန်းတော်ကို ၎င်းတို့၏စိတ်တွင် စွဲမှတ်သွားစေရန် သတိကြီးစွာထား၍ သူလုပ်ဆောင်ခဲ့ပါသည်။

မိမိ၏လူများအား အခြားလူမျိုးများတွင် ရေတွက်ခြင်းမခံရဘဲ သီးခြားနေထိုင်ကြသူများဖြစ်စေလျက် ရုပ်တုကိုးကွယ်သူများနှင့်တတ်နိုင်သမျှ အဆက်အသွယ်မပြုစေခြင်းသည် ထာဝရဘုရားသခင်ကိုယ်တော်တိုင်ပြုတော်မူခဲ့သည့် ကောင်းမြတ်သောအစီအစဉ်တစ်ခုဖြစ်ပါသည်။ မေသောပေါတာမိတိုင်းရှိ ၎င်း၏ပတ်ဝန်းကျင်တွင်ရှိနေကြသူများ၏ဖြားယောင်းမှုများနှင့်ကင်းရှင်းစွာ အိမ်သူအိမ်သားများအားလေ့ကျင့်ပညာပေးနိုင်ရန်အတွက်သော်လည်းကောင်း၊ လူသားမျိုးနွယ်အဆက်ဆက်တွင် စစ်မှန်သောယုံကြည်ခြင်းကို ဖြူစင်သန့်ရှင်းစွာဖြင့် ဆက်လက်ထိန်းသိမ်းနိုင်စေရန်အတွက်သော်လည်းကောင်း ထာဝရဘုရားသခင်သည် အာဗြဟံအား ၎င်း၏ရုပ်တုကိုးကွယ်သောဆွေမျိုးများထဲမှ သီးသန့်ခွဲထားတော်မူခဲ့ပါသည်။



မိမိ၏သားသမီးများနှင့် အိမ်ထောင်သားများအပေါ်ထားရှိသည့် အာဗြဟံ၏ကြင်နာယုယသောစိတ်သဘောထားက ၎င်းအား ထိုသူများ၏ ဘာသာရေးယုံကြည်ချက်ကိုကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့အား သူပေးဆပ်နိုင်သည့်အဖိုးထိုက်တန်ဆုံးသောအမွေအနှစ်တစ်ခုအဖြစ် ဘုရားသခင်၏ပညတ်တော်ကိုသိခြင်းပညာကိုမျှဝေရန် ပို့ဆောင်ခဲ့ပါသည်။ ၎င်းတို့သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၏အုပ်စိုးမှုအောက်တွင်ရှိနေခဲ့ကြသည်ဟု အာဗြဟံသည် ၎င်းတို့အားလုံးကိုသွန်သင်ထားပါသည်။ မိဘများက သားသမီးများကိုဖိနှိပ်ချုပ်ခြယ်မှုမရှိခဲ့သကဲ့သို့ သားသမီးများဘက်ကလည်း နားထောင်မှုမရှိဟူသောအခြေအနေမရှိခဲ့ပါချေ။ ဘုရားသခင်၏ပညတ်တော်သည် လူတိုင်းလုပ်ဆောင်ရမည့်တာဝန်များကိုသတ်မှတ်ထားခဲ့ပြီးဖြစ်ရာ ထိုပညတ်တော်ကိုနားထောင်လိုက်လျှောက်ခြင်းသည်သာ ပျော်ရွှင်ခြင်းနှင့်ကြီးပွားချမ်းသာခြင်းကိုရရှိနိုင်သည့်တစ်ခုတည်းသောနည်းလမ်းဖြစ်ပါသည်။

သူ့အသက်တာ၏ပုံသက်သေနှင့် စကားမပြောသောသြဇာသက်ရောက်မှုသည် မပြောင်းလဲသောသင်ခန်းစာတစ်ခုဖြစ်ခဲ့ပါသည်။ ဘုရင်များ၏ချီးမွမ်းခြင်းကိုခံခဲ့ရသော သူ၏မယိမ်းယိုင်သောယုံကြည်ခြင်း၊ ကျေးဇူးပြုခြင်းနှင့် အတ္တကင်းသောပျူငှာဖေါ်ရွေမှုများကို သူ၏အိမ်ထောင်သားများအားသိရှိစေခဲ့ပါသည်။ သူသည် ဘုရားသခင်နှင့်ဆက်နွယ်မှုရှိနေကြောင်းကို အသက်တာနှင့်ပတ်သက်သည့်မွှေးရနံ့၊ စာရိတ္တနှင့်ဆိုင်သောမြင့်မြတ်မှုနှင့် နှစ်လိုဖွယ်ရှိမှုများက လူအပေါင်းတို့အားဖေါ်ပြနေပါသည်။ ကိုယ်တော်သည် အနိမ့်ကျဆုံးသောထိုကျွန်၏အသက်ဝိညာဉ်ကို လျစ်လျူရှုထားတော်မမူခဲ့ချေ။ သူ၏အိမ်ထောင်တွင် သခင်အတွက်ဥပဒေတစ်ခု၊ ကျွန်အတွက်ဥပဒေတစ်ခုမရှိသကဲ့သို့ ချမ်းသာသူများအတွက် စည်းမျဉ်းတစ်ခု၊ လူဆင်းရဲများအတွက် စည်းမျဉ်းတစ်ခုမရှိခဲ့ပါချေ။ သူသည် အားလုံးသောသူအပေါင်းတို့အား မိမိနှင့်အတူ ကရုဏာတော်ကိုအမွေခံသူများအဖြစ် တရားမျှတ၍ ချစ်ခင်ယုယစွာပြုမူဆက်ဆံခဲ့ပါသည်။

"သူသည်---အိမ်သူများတို့အားပညတ်မည့်အရာကိုငါသိ၏။" သားသမီးများကို မှားယွင်းစွာသူလျစ်လျူရှုလိမ့်မည်မဟုတ်ချေ။ အမြော်အမြင်

ကင်းမဲ့စွာ ဦးစားပေးသည့်စနစ်ကိုသူကျင့်သုံးလိမ့်မည်မဟုတ်ချေ။ မှားယွင်းသောစွဲလမ်းမှု၏တောင်းဆိုချက်များကိုလုပ်ဆောင်ရန် တာဝန်သိသောစိတ်ကို သူအရှုံးပေးခဲ့လိမ့်မည်မဟုတ်ချေ။ အာဗြဟံသည် မှန်ကန်သောညွှန်ကြားချက်များကိုပေးခဲ့ရုံသာမက ဖြောင့်မတ်၍ဟုတ်မှန်သောတရားတော်၏အခွင့်အာဏာကိုမှန်ကန်စွာဆက်လက်ထိန်းသိမ်းခဲ့ပါသည်။

ကျွန်ုပ်တို့ခေတ်မှ မည်သည့်လူသားများသည် ဤပုံသက်သေကို လိုက်လျှောက်ခဲ့ကြပါသနည်း။ များစွာသောမိဘများ၌ အဆင်ခြေကင်းမဲ့၍ အတ္တများသောအစွဲအလမ်းကြီးမှုများရှိနေကြပါသည်။ ထိုအရာသည် ၎င်းတို့၏ အလိုဆန္ဒများကိုချုပ်တည်းရန် အဆီအငေါ်မတည့်သေးသောဆုံးဖြတ်ချက်များ၊ စည်းကမ်းသေဝပ်အောင်လေ့ကျင့်ပြုပြင်ထားခြင်းမရှိသေးသောစိတ်ဇောများဖြင့် သားသမီးများကိုပစ်ထားမှုတွင် ထင်ရှားနေပါသည်။ ဤအပြုအမူသည် ကလေးသူငယ်များအတွက် အလွန့်အလွန်ရက်စက်ကြမ်းကြုတ်သောအပြုအမူတစ်ခုဖြစ်ပြီး ဤလောကအတွက်ကြီးမားသောမှားယွင်းမှုတစ်ရပ်ဖြစ်ပါသည်။ မိဘများ၏ကာမဂုဏ်လိုက်စားမှုများသည် မိသားစုကိုသာမက လူ့အသိုက်အဝန်းတစ်ခုလုံးကိုပါ ပရမ်းပတာဖြစ်စေပါသည်။ ထိုအရာသည် သားသမီးများ၏ စိတ်တွင် ဘုရားသခင်၏ပညတ်တော်များကိုဝန်ခံစေမည့်အစား မိမိတို့၏ အလိုသို့လိုက်လိုသောဆန္ဒများကိုဖြစ်ပေါ်စေပါသည်။ ဤနည်းအားဖြင့် ထိုသူများသည် ဘုရားသခင်၏အလိုတော်ကိုဆောင်ခြင်းနှင့်ဆန့်ကျင်ဖီလာသောနှလုံးသားများဖြင့်ကြီးပြင်းလာကြကာ ဘာသာတရားမရှိသော အာခံတတ်သည့်ထိုစိတ်ဓါတ်ကို ၎င်းတို့၏သားမြေးများကိုလက်ဆင့်ကမ်းသွားကြပါသည်။ မိဘများသည် အာဗြဟံလုပ်ဆောင်ခဲ့သည့်အတိုင်း၊ ၎င်းတို့ လုပ်ဆောင်ခဲ့သည့်အတိုင်းလိုက်လျှောက်ကြရန် ၎င်းတို့၏အိမ်သားများကို ညွှန်ကြားသင့်ကြပါသည်။ ထာဝရဘုရားသခင်၏အမိန့်တော်ကိုနာခံမှုရှိလာကြစေရန် ပထမခြေလှမ်းအဖြစ် မိဘများ၏အမိန့်ကိုနာခံရန် သားသမီးများကို သွန်သင်ပါ၊ အားပေးပါ။

ထာဝရဘုရားသခင်၏ပညတ်တော်အပေါ် ဘာသာရေးခေါင်းဆောင်များ၏ပေါ့ပေါ့တန်တန်သဘောထားမှုသည် ကြီးမားသောဒုစရိုက်မှုများကို



များပြားစွာဖြစ်ပွားစေသောအရာဖြစ်ပါသည်။ လူသားများအပေါ်တွင် ပညတ်တော်များ၏ချုပ်နှောင်မှုမရှိတော့ဟူသော အထူးကျယ်ပြန့်လာသည့်သွန်သင်ချက်သည် လူသားများ၏စာရိတ္တကို ရုပ်တုကိုးကွယ်မှုများက ထိခိုက်စေသကဲ့သို့ပင် ထိခိုက်စေခဲ့ပါသည်။ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်၏တောင်းဆိုမှုများကို ပေါ့ပေါ့တန်တန်ဖြစ်အောင်လုပ်ဆောင်သူများသည် မိသားစုများနှင့် တိုင်းနိုင်ငံများ၏စီမံအုပ်ချုပ်မှု၏အခြေအမြစ်ကို တိုက်ရိုက်တိုက်ခိုက်နေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တော်များကိုလိုက်လျှောက်ရန် ပျက်ကွက်ကြသောမိဘများသည် ထာဝရဘုရားသခင်၏လမ်းတော်ကိုလိုက်လျှောက်ရန် ၎င်း၏မိသားစုများအား မခိုင်းစေကြပါ။ ဘုရားသခင်၏ပညတ်တော်ကိုလည်း အသက်တာ၏စည်းမျဉ်းဥပဒေဖြစ်စေဖို့ အားမပေးကြချေ။ ထိုသားသမီးများသည် သူတို့ကိုယ်တိုင်တစ်ခါမျှသင်ကြားပို့ချခြင်းမခံခဲ့ရသောအရာများကို မိမိတို့ သားသမီးများအားလည်း သင်ကြားပေးရန်တာဝန်မရှိဟု သဘောထားတတ်ကြပါသည်။ ထို့ကြောင့် ဘာသာတရားမရှိသောမိသားစုများ အထူးများပြားလာခြင်းဖြစ်ပါသည်။ ထိုကြောင့် စာရိတ္တဖေါက်ပြန်မှုများသည် အထူးနက်ရှိုင်းကျယ်ပြန့်စွာဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။

မိဘများကိုယ်တိုင် ဘုရားသခင်၏ပညတ်တော်လမ်းစဉ်ကို စိတ်နှလုံးအကြွင်းမဲ့ဖြင့်မလျှောက်လှမ်းမီ ၎င်းတို့သည် မိမိတို့၏သားသမီးများကို မိမိတို့လုပ်ဆောင်သည့်အတိုင်း လုပ်ဆောင်ကြဖို့ခိုင်းစေရန် အဆင်သင့်ဖြစ်ကြလိမ့်ဦးမည်မဟုတ်ချေ။ ဤကိစ္စနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုတစ်ခုလိုအပ်နေပါသည်။ ထိုပြုပြင်ပြောင်းလဲမှုသည် နက်ရှိုင်း၍ ကျယ်ပြန့်ပါလိမ့်မည်။ မိဘများကိုယ်တိုင်ပြုပြင်ပြောင်းလဲဖို့လိုအပ်နေပါသည်။ တရားဟောဆရာများကိုယ်တိုင်ပြုပြင်ပြောင်းလဲဖို့လိုအပ်နေပါသည်။ သူတို့၏မိသားစုအတွက် သူတို့လိုအပ်နေသောအရာမှာ ဘုရားသခင်ကိုယ်တော်တိုင်ပင်ဖြစ်ပါသည်။ သူတို့သည် ကွဲပြားခြားနားသောအခြေအနေများကိုတွေ့ရှိသောအခါ နှုတ်ထွက်စကားတော်ကို မိသားစုထဲတွင်ဖြစ်ပွားစေလျက်၊ ထိုနှုတ်ထွက်စကားတော်ကို မိမိတို့အားအကြံပေးသောအရာဖြစ်စေကြရပါမည်။ နှုတ်ထွက်စကား

တော်သည် မိမိတို့အား ဘုရားသခင်မိန့်မြွက်နေသောအသံတော်ဖြစ်ပြီး မိမိတို့နားထောင်လိုက်လျှောက်ရမည့်အရာဖြစ်ကြောင်း သူတို့သည် သားသမီးတို့အားသွန်သင်ရပါမည်။ ဘုရားသခင်၏စိတ်တော်နှင့်တွေ့အောင် မည်ကဲ့သို့နေထိုင်ရမည်ဖြစ်ကြောင်းကိုလည်း စိတ်ရှည်သည်းခံကြင်နာယုယစွာဖြင့် မမောတမ်းမပန်းတမ်းသွန်သင်ကြရပါမည်။ ထိုကဲ့သို့သောမိသားစုများမှပေါက်ဖွားလာသောကလေးများသည် မယုံကြည်သူများ၏စဉ်းလဲမှုများကိုရင်ဆိုင်ရန်အဆင်သင့်ရှိကြပါသည်။ သူတို့သည် မိမိတို့ယုံကြည်ခြင်း၏အခြေခံအုတ်မြစ်အဖြစ် သမ္မာကျမ်းစာကိုလက်ခံထားကြသဖြင့် ဖေါက်ပြန်မှုလှိုင်းတံပိုးများ၏ရိုက်ခတ်မှုကြောင့် ပျောက်ပျက်မသွားနိုင်သောအခြေခံတစ်ခုကိုရရှိထားကြပါသည်။

များစွာသောမိသားစုများတွင် ဆုတောင်းခြင်းကို လျစ်လျူရှုထားတတ်ကြပါသည်။ မိမိတို့၌ နံနက်ယံနှင့်ညဦးယံဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်လုပ်ရန် အချိန်မရှိကြဟု မိဘများကသဘောထားတတ်ကြပါသည်။ ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများကိုကြီးထွားစေသည့်နေရောင်ခြည်နှင့်မိုးရေတို့အတွက်သော်လည်းကောင်း၊ သန့်ရှင်းသောကောင်းကင်တမန်များအတွက်သော်လည်းကောင်း ထာဝရဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းခြင်းအတွက်အသုံးပြုရန် အချိန်အနည်းငယ်ကလေးကိုပင်မပေးနိုင်ကြချေ။ ဘုရားသခင်၏အမအစနှင့်လမ်းပြပို့ဆောင်မှုအတွက်သော်လည်းကောင်း၊ မိသားစုအလယ်တွင် ခရစ်တော်လာရောက်စိုးစံရန်အတွက်သော်လည်းကောင်း ဆုတောင်းပတ္ထနာပြုရန် အချိန်မရကြပါချေ။ သူတို့သည် နွားများ၊ ကျွဲများအလားဘုရားသခင်အကြောင်းကို လုံးဝစဉ်းစားဆင်ခြင်ခြင်းမပြုဘဲ လုပ်ငန်းခွင်သို့ဝင်ရန် အလုပ်သွားတတ်ကြပါသည်။ သူတို့၌ခရစ်တော်ကိုယ်တော်တိုင်အသွေးတော်နှင့်ဝယ်ယူထားလောက်အောင် အဖိုးထိုက်တန်သောအသက်ဝိညာဉ်များရှိနေကြသော်လည်း ကိုယ်တော်၏ကောင်းမြတ်ခြင်းကိုအမြတ်ပြုခြင်းအရာတွင် ပျက်စီးဆုံးရှုံးခြင်းထဲသို့ရောက်နေသောတိရစ္ဆာန်များထက်မသာလွန်ကြချေ။



ထာဝရဘုရားသခင်ကိုချစ်ပါသည်ဟုပြောကြသည့်သူများသည် ရှေးဘိုးဘေးများကဲ့သို့ပင် မိမိတို့၏တဲများတည်ဆောက်သောနေရာတိုင်းတွင် ထာဝရဘုရားသခင်အတွက် ယဇ်ပလ္လင်တစ်ခုစီကိုတည်ထောင်သင့်ကြပါသည်။ အိမ်တိုင်းအိမ်တိုင်းသည် ထာဝရဘုရားသခင်အား ဆုတောင်းပတ္ထနာပြုသည့်အိမ်များဖြစ်သင့်သောအချိန်သည် ယခုအချိန်ပင်ဖြစ်ပါသည်။ အမိအဘများသည် မိမိတို့အတွက်သော်လည်းကောင်း၊ သားသမီးများအတွက်သော်လည်းကောင်း ထာဝရဘုရားသခင်ထံမြော်ကြည့်၍ နှိမ့်ချစွာဖြင့်မကြာခဏဆုတောင်းသင့်ကြပါသည်။ ဇနီးသည်နှင့်သားသမီးများက အတူတကွစုပေါင်း၍ ချီးမွမ်းခြင်းနှင့်ဆုတောင်းပတ္ထနာပြုခြင်းများကိုလုပ်ဆောင်နေစဉ်တွင် ဖခင်ဖြစ်သူသည်မိသားစု၏ယဇ်ပုရောဟိတ်တစ်ဦးအနေဖြင့် နံနက်ယံနှင့်ညဦးယံဝတ်ပြုကိုးကွယ်ခြင်းများကိုဦးဆောင်ကြရပါမည်။ ထိုကဲ့သို့သောအိမ်ထောင်မျိုးတွင် ခရစ်တော်သည်စိုးစံရန် နှစ်သက်တော်မူပါလိမ့်မည်။

ခရစ်ယာန်အိမ်ထောင်တိုင်းသည် သန့်ရှင်းသောအလင်းကိုထွန်းလင်းသင့်ကြပါသည်။ အကျင့်အားဖြင့် မေတ္တာကိုဖေါ်ပြသင့်ကြပါသည်။ ထိုမေတ္တာမျိုးသည် ကြင်နာမှု၊ နူးညံ့မှုများနှင့်အတ္တကင်းသောဖေါ်ရွေမှုများကိုထင်ဟပ်စေလျက် မိသားစုဆက်ဆံရေးများတွင် အလျှံပယ်ရှိသင့်လှပါသည်။ ဖေါ်ပြပါစည်းမျဉ်းများကိုကျင့်သုံး၍ ထာဝရဘုရားသခင်ကိုကိုးကွယ်သောအိမ်ထောင်များ၌ အစစ်မှန်ဆုံးသောမေတ္တာသည် စိုးမိုးပါသည်။ ဤအိမ်ထောင်များထံမှ နံနက်ယံနှင့်ညဦးယံဆုတောင်းသံများသည် ထာဝရဘုရားသခင်ထံသို့ မွှေးရနံ့များကဲ့သို့လွင့်တက်လျက်ရှိပါသည်။ ကိုယ်တော်၏ကရုဏာတော်နှင့်ကောင်းချီးမင်္ဂလာများသည်လည်း တောင်းလျှောက်သူများအပေါ်သို့ဝေလီဝေလင်းကျသောဆီးနှင်းများကဲ့သို့ကျရောက်လျက်ရှိကြပါသည်။

စည်းစနစ်ကျနစွာတည်ဆောက်ထားသော ခရစ်ယာန်အိမ်ထောင်တစ်ခုသည် ခရစ်ယာန်အယူဝါဒ၏စစ်မှန်မှုကိုထောက်ခံရန်အတွက် တန်ခိုးကြီးသောအရာတစ်ခုဖြစ်ပါသည်။ ထိုအချက်ကိုမယုံကြည်သူများပင် ဆန့်ကျင်ပြောဆိုခြင်းငှာမစွမ်းနိုင်ပါချေ။ အာဗြဟံ၏ဘုရားသခင်သည် သားသမီးများကို

အကျိုးသက်ရောက်စေ၍ ၎င်းတို့နှင့်အတူရှိတော်မူသော တန်ခိုးတော်တစ်ခုသည် အိမ်ထောင်၌အလုပ်လုပ်နေကြောင်းကို လူအားလုံးကမြင်တွေ့နိုင်ကြပါသည်။ ခရစ်ယာန်မိသားစုများ၌ မှန်ကန်သောဘာသာရေးသဘောထားများရှိခဲ့ပါလျှင် သူတို့သည် ကောင်းသောဘက်တွင်ခွန်အားကြီးသော ဩဇာသက်ရောက်မှုတစ်ခုကိုဖြစ်ပေါ်စေပါလိမ့်မည်။ သူတို့သည် အမှန်တကယ်ပင်လောက၏အလင်းဖြစ်လာကြပါလိမ့်မည်။ “သူသည် မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အားပညတ်မည့်အရာကိုငါသိ၏။ သူတို့သည်လည်း ထာဝရဘုရားသခင်၏တရားလမ်းသို့လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ကတိတော်ရှိသည်အတိုင်း ထာဝရဘုရားသခင်သည် အာဗြဟံနှင့်ပြုသောအခွင့်ရှိလိမ့်မည်ဟုအကြံတော်ရှိ၏” ဟူ၍ အာဗြဟံအား မိန့်မြွက်ခဲ့သောစကားများကို သစ္စာရှိသောဖခင်တိုင်းအား ထာဝရဘုရားသခင် မိန့်မြွက်တော်မူနေပါသည်။

* * *



## (၁၃)
## ယုံကြည်ခြင်းကိုစမ်းသပ်ခြင်း

အာဗြဟံသည် သားတစ်ဦးထွန်းကားမည်ဟူသောကတိတော်ကို ဒွိဟကင်းစွာဖြင့်လက်ခံခဲ့သော်လည်း ထိုကတိတော်ကိုပြည့်စုံစေမည့် ဘုရားသခင်သတ်မှတ်ထားသောအချိန်နှင့်နည်းလမ်းကို သူမစောင့်စားခဲ့ချေ။ ထိုကြန့်ကြာမှုကို ဘုရားသခင်၏တန်ခိုးတော်အပေါ်ထားရှိသည့် ၎င်း၏ယုံကြည်ခြင်းအားစမ်းသပ်ရန်ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သော်လည်း သူသည် ထိုစမ်းသပ်ချက်ကိုမအောင်မြင်နိုင်ခဲ့ပါချေ။ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သောမိမိသည် ကလေးမွေးနိုင်မည်မဟုတ်တော့ဟုအထင်ရှိကာ စာရာသည် ဘုရားသခင်၏အကြံအစည်တော်ကိုဖြည့်စွမ်းပေးရန်အလို့ငှာ အကြံတစ်ခုကို အာဗြဟံအားပေးခဲ့ပါသည်။ ထိုအကြံပေးချက်အရ အာဗြဟံသည် ကျွန်မတစ်ဦးကို မယားငယ်အဖြစ်ပေါင်းသင်းဆက်ဆံရမည်ဖြစ်ပါသည်။ မယားအများကြီးယူခြင်းသည် နေရာတိုင်းတွင်ကျင့်သုံးနေသည့်ဝါဒတစ်ခုဖြစ်သဖြင့် အပြစ်ဟူ၍ပင်မမှတ်ယူကြတော့သော်လည်း ထိုအမှုသည် ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးခြင်းအပြစ်တစ်ခုထက်မသေးငယ်မလျော့နည်းသည့်ပြင် မိသားစုဆက်ဆံရေး၏သန့်ရှင်းစင်ကြယ်ခြင်းနှင့်ငြိမ်းချမ်းခြင်းကိုလည်းပျက်ပြားစေသောအရာတစ်ခုဖြစ်ပါသည်။ အာဗြဟံသည် ဟာဂရနှင့်လက်ထပ်ခဲ့ခြင်းကြောင့် ၎င်း၏မိသားစုအတွင်း၌သာမက အနာဂတ်လူသားမျိုးဆက်များတွင်လည်း မကောင်းသောအကျိုးဆက်များဖြစ်ပေါ်စေခဲ့ပါသည်။

ဟာဂရသည် အာဗြဟံ၏မယားဖြစ်လာသောအခါ လူမျိုးကြီး၏မိခင်ဖြစ်တော့မည်ဟုမျှော်လင့်လျက် ဝင့်ကြွားလာကာ မာနတက်လာခဲ့ပါသည်။ သူမ၏သခင်မကိုလည်း မထီလေးစားပြုမှုဆက်ဆံလာပါသည်။ အပြန်အလှန်မနာလိုဝန်တိုရှိမှုများသည် တစ်ချိန်ကသာယာပျော်ရွှင်ခဲ့သော ထိုအိမ်ထောင်၏ငြိမ်သက်မှုကိုချေဖျက်ခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်၏အပြစ်တင်ဝေဖန်သံများကိုနားထောင်ခဲ့ရသော အာဗြဟံသည် ညီညွတ်မှုပြန်လည်ရရှိအောင် အချည်းနှီး

ကြိုးစားခဲ့ပါသည်။ စာရာ၏အနူးအညွတ်တောင်းပန်မှုကြောင့် သူသည် ဟာဂရကိုယူခဲ့ရသော်လည်း ယခုတွင်မူ သူမသည် အာဗြဟံအားအပြစ်ရှိသူတစ်ဦးကဲ့သို့ အပြစ်တင်ပြောဆိုနေပါသည်။ သူမသည် ဟာဂရအားနှင်ထုတ်ပစ်လိုသော်လည်း အာဗြဟံသည် ထိုသို့လုပ်ဆောင်ရန်ခွင့်မပြုခဲ့ချေ။ အကြောင်းမှာ ဟာဂရသည် သူနှစ်နှစ်ကာကာမျှော်လင့်ထားသောကတိထားတော်မူမည့်သားတည်းဟူသော မိမိသား၏မိခင်ဖြစ်နေခဲ့ခြင်းကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူမသည် စာရာ၏ကျွန်မတစ်ဦးဖြစ်နေဆဲဖြစ်ပြီး စာရာ၏အုပ်စိုးမှုအောက်တွင်ရှိနေဆဲဖြစ်ပါသည်။ မောက်မာမှုကဖြစ်ပွားစေခဲ့သော ခက်ထန်ကြမ်းကြုတ်မှုကို ဟာဂရ၏မာန်မာနထောင်လွှားသောစိတ်က ထိန်းချုပ်မထားနိုင်ခဲ့ချေ။ ထိုကြောင့် သူမအား စာရာကညှဉ်းဆဲသောအခါ သူမသည် သခင်မထံမှထွက်ပြေးသွားခဲ့ပါသည်။

သူမသည် ကန္တာရထဲသို့ထွက်ပြေးသွားခဲ့ပြီး စမ်းရေတွင်းတစ်ခုအနီးတွင် အဖေါ်မပါဘဲတစ်ယောက်တည်းနားနေစဉ်တွင် လူ၏ပုံသဏ္ဍာန်ကိုဆောင်ထားသည့်ကောင်းကင်တမန်တစ်ပါးသည် သူမထံသို့ရောက်ရှိလာခဲ့ပါသည်။ ထိုနောက် သူမ၏တာဝန်ဝတ္တရားကိုပြန်လည်သတိရစေရန် "စာရဲ၏ကျွန်မဟာဂရ" ဟုခေါ်လိုက်ကာ "သင်၏သခင်မထံသို့ပြန်၍ သူ၏အုပ်စိုးခြင်းကိုခံလော့" ဟုဆို၏။ ထိုဆိုဆုံးမစကားကို နှစ်သိမ့်မှုပေးသည့်စကားများနှင့်ပေါင်းစပ်ဖွင့်ဆိုထားသည်မှာ "ထာဝရဘုရားသခင်သည် သင်၏ဆင်းရဲဒုက္ခကိုကြားသိတော်မူပြီ။" "သင်၏အမျိုးအနွယ်ကိုမရေမတွက်နိုင်အောင်ငါအလွန်များပြားစေမည်" ဟူ၍ဖြစ်၏။ ကိုယ်တော်၏ကရုဏာတော်ကိုကာလအစဉ်သတိရစေရန်အလိုငှာ မွေးဖွားလာမည့်သား၏အမည်ကို ဣရှမေလဟူ၍မှည့်ခေါ်ရန်လည်းမြွက်ဆိုလေ၏။ ဣရှမေလ၏အနက်ကား၊ "ထာဝရဘုရားသခင်သည် သင်၏ဆင်းရဲဒုက္ခကိုကြားသိတော်မူပြီ" ဟူ၍ဖြစ်၏။

အာဗြဟံသည် အသက်တစ်ရာအရွယ်နားသို့ရောက်သောအချိန်တွင် စာရာမှမွေးဖွားသောသားသည် အနာဂတ်အမွေခံဖြစ်မည်ဟူသောအာမခံချက်နှင့်အတူ သားတစ်ဦးနှင့်ပတ်သက်သောကတိတော်ကို ထပ်မံမိန့်ဆိုတော်မူခဲ့



ပါသည်။ သို့ရာတွင် အာဗြဟံသည် ထိုကတိတော်ကို နားမလည်သေးချေ။ တစ်ခဏချင်းမှာပင် အာဗြဟံအနေဖြင့် ဘုရားသခင်၏အကြံအစည်တော်သည် ဣရှမေလအားဖြင့်ပြီးမြောက်လိမ့်မည်ဟူသောယုံကြည်ချက်ဖြင့် ဣရှမေလဆီသို့စိတ်ရောက်သွားခဲ့ပါသည်။ သူသည် ဣရှမေလအားချစ်အားကြီး၍ "ဣရှမေလသည် ရှေ့တော်၌အသက်ရှင်ပါစေသော်" ဟုကြွေးကြော်လေ၏။ သို့ရာတွင် ထိုကတိတော်ကို မမှားယွင်းနိုင်သောစကားလုံးများဖြင့် ထပ်မံမိန့်မြွက်တော်မူသည်ကား၊ "သင်၏မယားစာရာသည် သင့်အားသားကိုဖွားလိမ့်မည်၊ ထိုသားကိုဣဇာက်အမည်ဖြင့်မှည့်ရမည်၊ သူ၌ငါ၏ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်"-----"ဣရှမေလအမှု၌ကား၊ သင်၏စကားကိုငါနားထောင်၏။ သူ့ကိုငါကောင်းချီးပေး၏။---ကြီးသောလူမျိုးဖြစ်စေခြင်းငှာငါပြုမည်" ဟူ၍ဖြစ်၏။

၎င်းတို့တန်ဖိုးအထားဆုံး မျှော်လင့်ချက်တစ်ခု၏ပြည့်စုံခြင်းဖြစ်သော နှစ်ပေါင်းများစွာစောင့်စားပြီးမှ မွေးဖွားလာသည့်ဣဇာက်၏ဖွားမြင်ခြင်းသည် အာဗြဟံနှင့်စာရာတို့တဲစုအား ဝမ်းသာရွှင်လန်းစေခဲ့ပါသည်။ သို့ရာတွင် ထာဝရအတွက်မူ ထိုဖြစ်အင်သည် မျှော်လင့်ချက်ပျက်ပြားခဲ့ရခြင်းတစ်ခုဖြစ်နေပါသည်။ ထိုအချိန်တွင် လူငယ်တစ်ဦးသာဖြစ်သေးသည့်ဣရှမေလအား အာဗြဟံ၏စည်းစိမ်ကိုအမွေခံမည့်သူ ၎င်း၏သားစဉ်မြေးဆက်များအတွက် ကတိထားတော်မူသောကောင်းချီးမင်္ဂလာများကိုအမွေခံမည့်သူတစ်ဦးအဖြစ် စခန်းတစ်ခုလုံးကမှတ်ယူခဲ့ကြပါသည်။ ယခုတွင်မူ ရုတ်တရက်ဘေးဖယ်ထားခြင်းခံခဲ့ရပြီး စိတ်ပျက်ဝမ်းနည်းကာ ၎င်းတို့သားအမိသည် စာရာ၏သားကလေးအားမုန်းတီးခဲ့ကြပါသည်။ ဣရှမေလသည် ဘုရားသခင်၏ကတိတော်နှင့်ဆိုင်သောအမွေခံကို ပြောင်ကျကျပြက်ရယ်လာသည့်တိုင်အောင် အများ၏ပျော်ရွှင်မှုသည် ၎င်းတို့၏မနာလိုဝန်တိုမှုကိုတိုးပွားလာစေခဲ့ပါသည်။ စာရာသည် ဣရှမေလ၏ရုန်းရင်းခတ်တတ်သောပကတိသဘောထားတွင် စိတ်နှလုံးကွဲပြားခြားနားမှုများအတွက် ကာလအစဉ်တည်မည့်အရင်းအမြစ်တစ်ခုကိုတွေ့ရှိခဲ့သဖြင့် ဟာဂရနှင့်ဣရှမေလတို့အား စခန်းမှနှင်ထုတ်ပါရန် တောင်းပန်ခဲ့ပါသည်။ အာဗြဟံသည် အကြီးအကျယ်စိတ်ဒုက္ခရောက်ခဲ့ရပါ

သည်။ သူသည် ချစ်စရာကောင်းသောသားငယ်လေးဣရှမေလအား အဘယ်သို့နှင်ထုတ်နိုင်အံ့နည်း။ သူသည် စိတ်နှလုံးရှုပ်ထွေးစွာဖြင့် ဘုရားသခင်၏ လမ်းပြမှုကိုရရှိရန် ဆုတောင်းခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ကောင်းကင်တမန်တစ်ပါးအားဖြင့် စာရာ၏အလိုကိုလိုက်ရန် အာဗြဟံအား ညွှန်ကြားတော်မူခဲ့ပါသည်။ ဣရှမေလနှင့်ဟာဂရတို့အပေါ်တွင် ထားရှိသည့် သူ၏မေတ္တာသည် အတားအဆီးမဖြစ်သင့်ပါချေ။ အကြောင်းမှာ ထိုသို့သောနည်းအားဖြင့်သာ ၎င်း၏မိသားစုတွင် ညီညွတ်မှုနှင့်ပျော်ရွှင်မှုသည် ပြန်လည်ရရှိနိုင်မည်ဖြစ်ပါသည်။ အဘ၏အိမ်မှထွက်ခွာခဲ့ရသော်လည်း ထာဝရဘုရားသခင်သည် ၎င်းကိုစွန့်တော်မူမည်မဟုတ်ကြောင်း၊ သူ၏အသက်တာကိုစောင်မတော်မူလိမ့်မည်ဖြစ်ကြောင်း၊ သူသည် လူမျိုးကြီးတစ်မျိုး၏အဘဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ကောင်းကင်တမန်သည် ဣရှမေလအားနှစ်သိမ့်စကားပြောကြားခဲ့ပါသည်။ အာဗြဟံသည် အလွန်စိတ်ထိခိုက်နာကျင်စွာဖြင့် ကောင်းကင်တမန်ပြောခဲ့သောစကားများကိုနာခံခဲ့ပါသည်။ သူသည် နှုတ်ဖြင့်မဖော်ပြနိုင်လောက်အောင် ကြီးမားသည့်ဝမ်းနည်းကြေကွဲမှုကိုခံစားလျက် ဟာဂရနှင့်သားငယ်ဣရှမေလတို့အား စခန်းမှနှင်ထုတ်လိုက်ရပါတော့သည်။

လက်ထပ်ထိမ်းမြားခြင်း၏သန့်ရှင်းစင်ကြယ်မှုကို မှတ်ကျောက်တင်ထားသောအာဗြဟံအား ပေးတော်မူခဲ့သည့်ညွှန်ကြားချက်သည် ခေတ်အဆက်ဆက်အတွက် သင်ခန်းစာတစ်ခုဖြစ်ပါသည်။ အိမ်ထောင်၏ အခွင့်အရေးများနှင့်ပျော်ရွှင်မှုကို ကြီးမားစွာထိခိုက်နစ်နာစေလျှင်တောင်မှ အိမ်ထောင်ကိုဂရုတစိုက်အကာအကွယ်ပြုကြရန် ထိုသင်ခန်းစာကဖွင့်ဆိုထားပါသည်။ စာရာသာလျှင် အာဗြဟံ၏တစ်ဦးတည်းသောမယားအစစ်အမှန်တစ်ဦးဖြစ်ပါသည်။ ဇနီးတစ်ဦးအဖြစ်အနေဖြင့်သော်လည်းကောင်း၊ မိခင်တစ်ဦးအနေဖြင့်သော်လည်းကောင်း သူရရှိထားသည့်အခွင့်အရေးများကို အခြားမည်သည့်ပုဂ္ဂိုလ်ကမျှ မျှဝေခံစားခွင့်မရှိပါ။ သူမသည် မိမိခင်ပွန်းအား ရိုသေလေးစားခဲ့ပါသည်။ ဤအရာတွင် သူမသည် လေးစားထိုက်သောပုံသက်သေတစ်ခုအဖြစ် ဓမ္မသစ်ကျမ်းတွင်တင်ဆက်ထားခြင်းကိုခံခဲ့ရပါသည်။ သူမအနေဖြင့်



မိမိမှလွဲ၍ အခြားသူတစ်ဦးအား အာဗြဟံချစ်သည်ကိုမလိုလားခဲ့ချေ။ ထာဝရဘုရားသခင်သည် သူမ၏ပြိုင်ဘက်ဖြစ်သူဟာဂရအား အိမ်မှနှင်ထုတ်ရန် တောင်းဆိုမှုတွင် သူမအားပြစ်တင်ဆုံးမတော်မမူခဲ့ချေ။ အာဗြဟံနှင့်စာရာနှစ်ဦးစလုံးသည် ထာဝရဘုရားသခင်၏တန်ခိုးတော်ကိုမကိုးစားခဲ့ကြပါ။ ထိုအမှားသည် ဟာဂရနှင့်အိမ်ထောင်ပြုရန် အကြောင်းတစ်ရပ်ဖြစ်လာခဲ့ပါသည်။ ထာဝရဘုရားသခင်သည် အာဗြဟံအား ယုံကြည်သူများ၏အဘဟုသမုတ်တော်မူခဲ့သဖြင့် သူ့အသက်တာတွင် နောင်လာနောက်သားများအတွက် ယုံကြည်ခြင်းနှင့်ပတ်သက်သော ပုံသက်သေတစ်ခုအဖြစ်ရပ်တည်ရန်ဖြစ်ပါသည်။ သို့ရာတွင် သူ၏ယုံကြည်မှုသည် စုံလင်မှုမရှိခဲ့ပါ။ စာရာသည် မိမိ၏ဇနီးဖြစ်သည်ကိုထိမ်ဝှက်ခြင်းနှင့် ဟာဂရအားလက်ထပ်ခဲ့ခြင်းအမှုတို့တွင် သူသည် ထာဝရဘုရားသခင်ကိုယုံကြည်ကိုးစားမှုမရှိကြောင်း ထင်ရှားစေခဲ့ပါသည်။ အမြင့်ဆုံးသောစံကိုသူမီနိုင်စေရန်အလို့ငှာ ထာဝရဘုရားသခင်သည် သူ့အားနောက်ထပ်စမ်းသပ်မှုတစ်ခုကိုပြုတော်မူခဲ့ပါသည်။ သူသည် ညရူပါရုံထဲတွင် မောရိပြည်သို့သွား၍ ၎င်းအားပြသမည့်တောင်တစ်လုံးပေါ်တွင် မိမိ၏သားကိုမီးရှို့ရာယဇ်အဖြစ်ပူဇော်ရန် ညွှန်ကြားတော်မူခြင်းကိုခံခဲ့ရပါသည်။

ထိုအမိန့်တော်ကိုရရှိသောအချိန်တွင် အာဗြဟံသည် အသက်တစ်ရာ့တစ်ဆယ့်ငါးနှစ်ရှိချေပြီ။ သူ့ခေတ်သူ့အခါကလူများကပင် သူ့အား အဘိုးအိုတစ်ဦးအဖြစ်မှတ်ယူထားကြပါသည်။ အသက်အရွယ်ငယ်စဉ်အခါက သူသည် ဒုက္ခဆင်းရဲများနှင့်အန္တရာယ်များကိုရင်ဆိုင်ကြံ့ကြံ့ခံရန် ခွန်အားနှင့်ပြည့်စုံခဲ့သော်လည်း ယခုတွင်မူ အားအင်များကုန်ခန်းလျက်ရှိချေပြီ။ လူတစ်ဦးတစ်ယောက်သည် အသက်အရွယ်ကြီးရင့်လာပြီး သင်္ချိုင်းသို့ခြေတစ်ဖက်လှမ်းနေသောအချိန်တွင် သူ့အားစိတ်အားလျော့စေမည့်အခက်အခဲများနှင့်ဒုက္ခဆင်းရဲခြင်းများကို အားအင်ပြည့်ဖြိုး၍ ယောကျ်ားပီသသောအရွယ်ကဲ့သို့ ရဲမာန်အပြည့်ဖြင့် ရင်ဆိုင်နိုင်ချင်မှရင်ဆိုင်နိုင်တော့မည်ဖြစ်ပါသည်။ သို့ရာတွင် ဝမ်းနည်းနာကြည်းဖွယ်အချိန်များသည် ၎င်းအပေါ်သို့လေးလံစွာကျရောက်သည့်အခြေအထိ နောက်ဆုံးသောပြင်းထန်သည့်စမ်းသပ်မှုတစ်ခုကို ထာဝရဘုရားသခင်

သီးသန့်ချန်ထားတော်မူခဲ့ပါသည်။ သို့နှင့်အာဗြဟံသည် စိတ်သောကရောက်မှုနှင့်ပင်ပန်းဆင်းရဲမှုများမှအနားရရန် တောင့်တခဲ့ပါသည်။

ထိုဘိုးဘေးကြီးသည် ဥစ္စာပစ္စည်းနှင့်ဂုဏ်သိက္ခာပြည့်စုံစွာဖြင့် ဗေရရှေဘာအရပ်တွင်နေထိုင်ခဲ့ပါသည်။ သူသည်အလွန်ချမ်းသာပြီး ခွန်အားကြီးသောမင်းသားတစ်ပါးအဖြစ် ထိုတိုင်းပြည်မှဘုရင်များ၏လေးစားခြင်းကိုခံခဲ့ရပါသည်။ သူ့စခန်း၏နောက်ကွယ်တွင်တည်ရှိသောကွင်းပြင်ကြီးကို သူ၏သိုးများ၊ နွားများနှင့်ဖုံးလွှမ်းထားပါသည်။ ထိုစခန်း၏တစ်ဖက်တစ်ချက်စီတွင် သူ့အခြွေအရံများ၏တဲတန်းကြီးများနှင့်ဝန်းရံထားပါသည်။ ကတိတော်နှင့်ဆိုင်သော ထိုသားငယ်သည် သူ့နံဘေးမှာပင် လူလားမြောက်လာခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ဆက်ကပ်ပူဇော်မည့်အသက်တစ်ခုကို ကောင်းချီးမင်္ဂလာများနှင့်ဖုံးအုပ်ထားသယောင်ထင်မှတ်ရပါသည်။

အာဗြဟံသည် ယုံကြည်နားထောင်မှုအပြည့်ဖြင့် သူ၏အမိတိုင်းပြည်၊ သူ၏ဘိုးဘေးများခေါင်းချရာ၊ သူ၏ဆွေမျိုးများနေထိုင်ရာနေရာမှထွက်ခွာလာခဲ့ပါသည်။ သူသည် အမွေခံမည့်တိုင်းပြည်တွင် ဧည့်သည်တစ်ဦးအဖြစ်ဖြင့်လှည့်လည်သွားလာခဲ့ပါသည်။ ကတိတော်နှင့်ဆိုင်သော အမွေခံမွေးဖွားမည့်အချိန်ကိုလည်း အချိန်ကြာမြင့်စွာသူစောင့်စားခဲ့ရပါသည်။ ကိုယ်တော်ရှင်၏အမိန့်တော်အရ သားငယ်ဣရှမေလကိုလည်း သူနှင်ထုတ်ခဲ့ပြီးချေပြီ။ ၎င်းပြင်ယခုတွင် အချိန်ကြာမြင့်စွာကတည်းက တောင့်တခဲ့ရသောသားငယ်ကလေးအရွယ်ရောက်လာသောအချိန်၊ မိမိမျှော်လင့်ချက်၏အသီးအပွင့်များကိုမြင်တွေ့ရတော့မည်ဟုအထင်ရှိနေသောအချိန်တွင် အကြီးတကာ့အကြီးဆုံးစုံစမ်းမှုတစ်ခုနှင့်သူရင်ဆိုင်နေရချေပြီ။

ထိုဖခင်ကြီး၏နှလုံးသားကို ထိခိုက်နာကျင်စေသည့်စကားလုံးများဖြင့်အမိန့်တော်ကိုမြွက်ဆိုထားသည်မှာ "သင်သည် အလွန်ချစ်သောတစ်ယောက်တည်းသောသားဣဇာက်ကိုယူ၍---သူ့ကိုမီးရှို့ရာယဇ်ပြု၍ ပူဇော်လော့" ဟူ၍ဖြစ်၏။ ဣဇာက်သည် သူ၏အိမ်ထောင်၏အလင်း၊ အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော၎င်းအတွက် စိတ်သက်သာရာဖြစ်ရုံသာမက ကတိထား





တော်မူသောကောင်းချီးမင်္ဂလာကို အမွေခံမည့်သူလည်းဖြစ်နေပါသည်။ ထိုကဲ့သို့သောသားကလေးသည် မတော်တဆထိခိုက်မှုကြောင့်လည်းကောင်း၊ ရောဂါဘယဖိစီးမှုကြောင့်လည်းကောင်း ဆုံးရှုံးသွားလျှင်ပင် ထိုဖခင်ကြီးခမျာအသည်းကွဲရချေတော့မည်။ ဝမ်းနည်းမှုကြောင့် ဤဆံဖြူသွားကျိုးအဘိုးအိုသည် ဇက်ကျိုးရပေတော့မည်။ ယခုတွင်မူ ထိုသားကလေးကို မိမိကိုယ်တိုင်အသွေးသွန်းသတ်ဖြတ်ရန် သူ့အားအမိန့်ပေးနေပါသည်တကား။ သူ့အတွက်ဤအရာသည် အလွန့်အလွန်မဖြစ်နိုင်သောအရာတစ်ခုကဲ့သို့ဖြစ်နေပါသည်။

ပညတ်တော်က လူ့အသက်ကိုမသတ်ရဟု မိန့်မှာထားသည့်အတွက်သူသည် လှည့်ဖြားမှုကိုခံနေရကြောင်း၊ ဘုရားသခင်သည် တစ်ချိန်ကသူတားမြစ်ထားသည့်အရာကိုလုပ်ဆောင်ရန် ခိုင်းစေလိမ့်မည်မဟုတ်ကြောင်းအကြံပေးရန် စာတန်သည်ချဉ်းကပ်လာခဲ့ပါသည်။ အာဗြဟံသည် တဲအပြင်သို့ထွက်သွားကာ တိမ်တောင်တိမ်လိပ်ကင်းစင်ကာ တည်ငြိမ်ထွန်းတောက်နေသည့်ကောင်းကင်ပြာကြီးကိုမော့ကြည့်လိုက်ပြီး သူ၏အမျိုးအနွယ်သည် မရေမတွက်နိုင်အောင်များပြားသည့်ကြယ်များကဲ့သို့ဖြစ်လိမ့်မည်ဟူသော လွန်ခဲ့သောအနှစ်ငါးဆယ်အချိန်က ပေးတော်မူခဲ့သောကတိတော်ကို ပြန်လည်စဉ်းစားမိပါသည်။ ဤကတိတော်သည် ဣဇာက်အားဖြင့်ပြည့်စုံလိမ့်မည်ဆိုလျှင် သူသည်ဣဇာက်ကို အဘယ်သို့သတ်နိုင်ပါအံ့နည်း။ သူသည် လှည့်ဖြားခံနေရသည်ဟုယုံကြည်ရန် အစုံအစမ်းခံနေရပါသည်။ သူသည် ဒွိဟဖြစ်စွာ၊ စိတ်နှလုံးကြေကွဲစွာဖြင့် မြေကြီးပေါ်သို့ပျပ်ဝပ်လိုက်ကာ ထိုအမှုကိုလုပ်ဆောင်ရမည်၊ မလုပ်ဆောင်ရမည်နှင့်စပ်လျဉ်း၍ တိကျသောအမိန့်တစ်ခုကိုရရှိရန်အတွက်မည်သည့်အခါကနှင့်မျှမတူဘဲ လှိုက်လှဲစွာဆုတောင်းခဲ့ပါသည်။ ဘုရားသခင်သည် သောဒုံမြို့ကိုဖျက်ဆီးမည့်မိမိ၏အကြံကို ၎င်းအားဖော်ပြရန် ကောင်းကင်တမန်တစ်ပါးကိုစေလွှတ်တော်မူခဲ့ကြောင်းကိုလည်းကောင်း၊ ထိုကောင်းကင်တမန်သည် ဣဇာက်နှင့်ပတ်သက်သောကတိတော်ကို ၎င်းထံသို့ယူဆောင်လာခဲ့ကြောင်းကိုလည်းကောင်း အာဗြဟံပြန်ပြောင်းသတိရအောက်မေ့ခဲ့ပါသည်။ သို့နှင့်သူသည် ထိုကောင်းကင်တမန်များနှင့်ပြန်လည်တွေ့ဆုံကာ

နောက်ထပ်ညွှန်ကြားချက်အချို့ကိုရရှိမည်အထင်နှင့် ကောင်းကင်တမန်များနှင့် ကြိမ်ဖန်များစွာတွေ့ဆုံခဲ့ဖူးသောနေရာသို့သွားခဲ့သော်လည်း သူ့အား စိတ်သက်သာမှုပေးရန် မည်သည့်ကောင်းကင်တမန်တစ်ပါးမျှမလာခဲ့ပါချေ။ အမှောင်ထုကြီးသည် သူ့ကိုပိတ်လှောင်ထားသယောင်ဖြစ်ခဲ့သော်လည်း "သင်သည် အလွန်ချစ်သောတစ်ယောက်တည်းသောသား ဣဇာက်ကိုယူ၍ ---ပူဇော်လော့" ဟူသော ထာဝရဘုရားသခင်၏အမိန့်တော်ကိုသာကြားယောင်နေခဲ့ပါသည်။ ထိုအမိန့်တော်ကိုမဆိုင်းမငံ့သူနာခံရပေတော့မည်။ မိန့်ဆိုသောနေ့ရက်သည်နီးကပ်လာပြီဖြစ်သဖြင့် သူသည် အမိန့်တော်အတိုင်းလုပ်ဆောင်ရန် ခရီးထွက်ရပေတော့မည်။

သူသည် တဲရှိရာသို့ပြန်လာကာ အပြစ်ကင်းစင်စွာဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်နေသော ဣဇာက်ရှိရာသို့ချဉ်းကပ်သွားခဲ့ပါသည်။ ထိုဖခင်ကြီးသည် သားလှရင်သွေး၏မျက်နှာကလေးကိုမျှော်ကြည့်လိုက်ကာ တုန်ယင်ချောက်ချားစွာဖြင့် လှည့်ထွက်သွားခဲ့ပါသည်။ ထိုနောက် အိပ်မောကျနေသောစာရာ၏ နံဘေးသို့သွားခဲ့ပါသည်။ သူမသည် သားငယ်ကိုနောက်တစ်ခါပွေ့ဖက်ခွင့်ရရှိရန်အလို့ငှာ သူမကို သူနှိုးလိုက်ရမည်လား။ ဘုရားသခင်၏ခိုင်းစေချက်ကို သူမအားအသိပေးလိုက်ရမည်လား။ သူသည် စိတ်သက်သာယာရစေရန် မိမိပြုရမည့်အလွန်ကြောက်လန့်စရာကောင်းသောတာဝန်ကြီးအကြောင်းကို သူမအားပြောပြလိုပါသော်လည်း သူမကတားဆီးပိတ်ပင်နေမည်စိုးသဖြင့် မပြောဘဲထားရန် သူ့စိတ်ကိုချုပ်တည်းထားခဲ့ပါသည်။ ဣဇာက်သည် သူမ၏ဘဝ၊ သူမအဖို့ဝမ်းမြောက်ရာ၊ သူမအတွက်ဂုဏ်ယူရာဖြစ်နေသဖြင့် ထိုသားကလေးကို သတ်၍ ယဇ်မပူဇော်ရန် မိခင်တစ်ဦးအနေဖြင့် သူမငြင်းဆန်ကောင်းငြင်းဆန်လိမ့်မည်ဖြစ်ပါသည်။

နောက်ဆုံးတွင် အာဗြဟံသည် သားငယ်ကိုနှိုးလိုက်ကာ ဝေးလံသောတောင်တစ်တောင်ပေါ်သို့သွားရောက်၍ယဇ်ပူဇော်ရန် ထာဝရဘုရားသခင်ခိုင်းစေတော်မူကြောင်း ပြောပြလိုက်ပါသည်။ ဣဇာက်သည် အာဗြဟံနှင့်အတူနေရာအတော်များများရှိယဇ်ပလ္လင်များသို့သွားရောက်ကာ မကြာခဏယဇ်ပူဇော်ခဲ့ဖူးလေရာ ထိုစကားကြောင့် မည်သို့မျှအံ့အားသင့်ခြင်းမရှိခဲ့ချေ။ ထိုခရီးစဉ်အတွက် ပြင်ဆင်မှုများကိုလျင်မြန်စွာလုပ်ဆောင်လိုက်ပါသည်။ အဆင်သင့်ရှိသောထင်းများကို မြည်းကလေးအပေါ်တွင်တင်ကာ ကျွန်နှစ်ဦးနှင့်အတူ သူတို့ခရီးထွက်ခဲ့ကြပါသည်။



ထိုသားအဖနှစ်ယောက်တို့သည် နှုတ်ဆိတ်စွာဖြင့် အတူတကွခရီးနှင်ခဲ့ကြပါသည်။ မိမိလျှို့ဝှက်မှုကို အလေးအနက်စဉ်းစားလျက်ရှိသောအာဗြဟံ၌ စကားပြောလိုစိတ်လုံးဝမရှိခဲ့ချေ။ သားငယ်ကိုချစ်အားကြီးပြီး သားငယ်အတွက်ဂုဏ်ယူဝင့်ကြွားနေသောသူ့ဇနီးအကြောင်းနှင့် တစ်ယောက်တည်းပြန်လာရမည့်နေ့ရက်အကြောင်းများကိုသာတွေးနေမိပါသည်။ သားကိုသတ်သောအချိန်တွင် ထိုဓါးသည် သူမ၏နှလုံးကိုခွင်းလိမ့်မည်ဖြစ်ကြောင်းကိုလည်း သူကောင်းစွာသိရှိထားပါသည်။

အာဗြဟံတွေ့ကြုံခဲ့ဖူးသမျှနေ့ရက်များတွင် အရှည်ဆုံးသောနေ့ဟုသတ်မှတ်နိုင်သည့်ထိုနေ့ရက်သည် တဖြည်းဖြည်းနှင့်အဆုံးသို့ရောက်ရှိလာခဲ့ပါသည်။ သားကလေးအား မသေမပျောက်မိခင်လက်ထဲသို့ပြန်လည်ပေးအပ်နိုင်ရန် ဤစမ်းသပ်ချက်သည် ဤမျှဆိုလျှင်တော်လောက်ပြီဖြစ်ကြောင်း လာရောက်ကြားပြောမည့်ကောင်းကင်နိုင်ငံမှစေတမန်တစ်ပါး၏အလာကို စောင့်မျှော်ရင်း အာဗြဟံသည် ဣဇာက်နှင့်ကျွန်နှစ်ယောက်တို့အိပ်ပျော်နေကြစဉ် တစ်ညလုံးဆုတောင်းခြင်းအမှုကိုဆောင်ရွက်နေပါသည်။ သို့ရာတွင် ထွန့်ထွန့်လူးအောင်နာကျင်နေသောသူ၏စိတ်ဝိညာဉ်ကို သက်သာမှုပေးမည့်သူတစ်စုံတစ်ယောက်မျှရောက်ရှိမလာခဲ့ပါချေ။ နောက်တစ်နေ့လုံးလုံး၊ တစ်ညလုံးလုံးတွင် မိမိအား သားနှင့်ဖခင်တစ်ဦးဖြစ်စေမည့်ထိုအမိန့်တော်ကိုသာ ကြားယောင်နေခဲ့သော်လည်း သူသည် နှိမ့်ချစွာဆုတောင်းခဲ့ပါသည်။ စာတန်သည် ဒွိဟရှိမှုများနှင့်မယုံကြည်မှုများကို တိုးတိုးတိတ်တိတ်ပြောကြားရန် သူ့အနီးတွင်ရှိနေသော်လည်း အာဗြဟံသည် ၎င်း၏အကြံပေးချက်များကိုတွန်းလှန်ခဲ့ပါသည်။ တတိယနေ့၏ခရီးစဉ်ကိုအစပြုတော့မည့်အချိန်တွင် အာဗြဟံသည် မြောက်အရပ်သို့လှမ်းကြည့်လိုက်သော် မောရိတောင်ထိပ်တွင်ဆိုင်းနေသော

ကတိတော်အထိမ်းအမှတ်ဖြစ်သည့် ဘုန်းတော်မိုးတိမ်ကိုမြင်တွေ့လိုက်ရသဖြင့် မိမိအားမိန့်တော်မူခဲ့သောထိုအသံတော်သည် ကောင်းကင်မှလာကြောင်း သူသိခဲ့ရပါသည်။ သူသည် ယခုအချိန်တိုင်အောင်ပင် ထာဝရဘုရားသခင်အား အပြစ်တင်စကားပြောကြားခြင်းမရှိဘဲ ထာဝရဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်သစ္စာစောင့်ခြင်းတို့အတွက် ထင်ရှားသောအထောက်အထားများတွင် အာရုံစိုက်ကာ ခွန်အားယူခဲ့ပါသည်။ ဤသားကလေးကိုမမျှော်လင့်ဘဲရခဲ့ကြသည်ဖြစ်၍ ထိုသားကလေးကိုပေးသနားတော်မူခဲ့သောကိုယ်တော်သည် ကိုယ်တော်တိုင်ပိုင်ဆိုင်သည့်ထိုသားကလေးကို ပြန်ခေါ်ခွင့်ရှိသည်မဟုတ်ပါလား။ ဣဇာက်၌သာ သမုဒ္ဒရာသဲလုံးတမျှ၊ မရေမတွက်နိုင်အောင်များသည့်အမျိုးအနွယ်များတည်လိမ့်မည်ဟူသောကတိတော်ကို ယုံကြည်ခြင်းဖြင့် အထပ်ထပ်ရေရွတ်ခဲ့ပါသည်။ ဣဇာက်သည် အံ့သြဖွယ်ရာနိမိတ်လက္ခဏာနှင့်ဆိုင်သောသားငယ်တစ်ဦးဖြစ်သဖြင့် သူ့အားအသက်ပေးခဲ့သောထိုတန်ခိုးတော်သည် နောက်တစ်ဖန်အသက်ရှင်ခြင်းငှာ တတ်နိုင်တော်မမူဘူးလား။ အာဗြဟံသည် မမြင်နိုင်သောအရာများကိုရှုမျှော်လျက် သေခြင်းမှထမြောက်စေခြင်းငှာ ဘုရားသခင်တတ်နိုင်တော်မူသည်ကိုဖေါ်ညွှန်းသောနှုတ်ထွက်စကားတော်များကို ဆုပ်ကိုင်ထားခဲ့ပါသည်။

မိမိ၏သားကိုအသေခံစေရန် ပေးအပ်ခြင်းအမှုသည် ဖခင်တစ်ဦးအတွက် မည်မျှကြီးမားသောဝတ်ပြုမှုဖြစ်ကြောင်းကို ထာဝရဘုရားသခင်တစ်ပါးတည်းကလွဲ၍ မည်သူတစ်စုံတစ်ယောက်မျှနားလည်နိုင်စွမ်းမရှိကြပါချေ။ အာဗြဟံသည် မိမိတို့၏ရင်နှစ်ဖွယ်ရာမြင်ကွင်းကို ဘုရားသခင်မှလွဲ၍ မည်သူ့ကိုမျှမကြည့်စေလိုခဲ့ပါချေ။ ထို့ကြောင့် ငယ်သားနှစ်ယောက်တို့အား "သင်တို့သည် ဤအရပ်၌မြည်းနှင့်အတူနေရစ်ကြလော့။ ငါသည် သားနှင့်အတူ ထိုအရပ်သို့သွား၍ ကိုးကွယ်ခြင်းကိုပြုအံ့။ ထိုအမှုပြီးမှ သင်တို့ဆီသို့ ပြန်လာဦးမည်" ဟုပြောဆိုကာ သူသည် ကျွန်များကိုနောက်တွင်ချန်ထားခဲ့ပါသည်။ ယဇ်ကောင်အဖြစ်ပူဇော်ခြင်းခံရမည့်ဣဇာက်အပေါ်တွင် ထင်းစည်းကိုတင်လိုက်ကာ သူကိုယ်တိုင်က မီးနှင့်ဓါးကိုကိုင်ဆောင်လျက် နှစ်ဦးသား



တောင်ပေါ်သို့တက်သွားခဲ့ကြပါသည်။ သိုးအုပ်သိုးခြံများနှင့် ဤမျှဝေးလံသောနေရာတွင် ပူဇော်သကာသည် မည်သည့်နေရာမှရောက်လာလိမ့်မည်နည်းဟု တိတ်တဆိတ်စဉ်းစားနေမိကာ နောက်ဆုံးတွင် "အဘ၊ မီးပါ၏၊ ထင်းလည်းပါ၏၊ ယဇ်ရှို့စရာဖို့သိုးသငယ်သည် အဘယ်မှာရှိသနည်း" ဟု ဣဇာက်က မေးလေ၏။ အလိုလေ၊ အလွန်ပြင်းထန်သောစမ်းသပ်ချက်တစ်ရပ်ပါတကား။ ချစ်ခင်မြတ်နိုးဖွယ်ရာစကားလုံးများဖြင့် "အဘ" ဟုခေါ်လိုက်သောအသံကလေးသည် အာဗြဟံ၏နှလုံးသားကိုခွင်းလိုက်ပါသည်တကား။ ထိုယဇ်ကောင်ကိုဘယ်ကရမည်ကို ယခုသူမပြောနိုင်သေးသော်လည်း "ငါ့သား၊ ယဇ်ရှို့စရာဖို့သိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ပြင်ဆင်တော်မူလိမ့်မည်" ဟုပြောလိုက်ပါသည်။

သတ်မှတ်ထားသောနေရာသို့ရောက်ကြသော် သူတို့သည် ပလ္လင်ကိုတည်၍ ထင်းများကိုပုံကြ၏။ ထိုနောက်အာဗြဟံသည် တုန်ယင်သောအသံများဖြင့် ဘုရားသခင်၏ခိုင်းစေချက်ကို သားကလေးအားပြောပြလိုက်ပါသည်။ ဣဇာက်သည် ကြောက်ရွံ့စွာအံ့အားသင့်စွာဖြင့် မိမိ၏ကံကြမ္မာကိုနားလည်ခွင့်ရလိုက်ပါသည်။ သို့ရာတွင် သူသည် ငြင်းဆန်မှုတစ်စုံတစ်ခုကိုမျှမပြုလုပ်ခဲ့ချေ။ သူသည်ထွက်ပြေးမည်ဆိုက ထွက်ပြေးလွတ်မြောက်သွားနိုင်ပါသည်။ ဝမ်းနည်းပူဆွေးနေသောသူ့ဖခင်သည် သုံးရက်လုံးလုံးခရီးပြင်းနှင်ခဲ့ရသဖြင့် ခွန်အားပြည့်ဖြိုးနေသည့် ၎င်း၏အလိုကိုဆန့်ကျင်ကာ လုပ်ဆောင်နိုင်လိမ့်မည်မဟုတ်ချေ။ သို့ရာတွင် ဣဇာက်သည် ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ ကိုးစားနားထောင်ရန် လေ့ကျင့်ပညာပေးခြင်းကိုခံခဲ့ရသဖြင့် ဘုရားသခင်၏အကြံအစည်တော်ကို ၎င်းအားပြောပြသောအချိန်တွင် အလိုတော်ကိုလိုက်လျှောက်ရန် သူလိုက်လျောခဲ့ပါသည်။ သူသည် အာဗြဟံ၏ယုံကြည်ခြင်းကိုမျှဝေခံစားခဲ့သူတစ်ဦးဖြစ်ရကား၊ မိမိ၏အသက်ကို ဘုရားသခင်အားပူဇော်ရန် ခေါ်တော်မူခြင်းခံရခြင်းသည် မိမိအားဂုဏ်ပြုခြင်းဖြစ်သည်ဟု သူမှတ်ယူခဲ့ပါသည်။ သူသည် ဖခင်၏ဝမ်းနည်းကြေကွဲမှုကိုသက်သာမှုရစေရန် သိမ်မွေ့စွာဖြင့် မိမိအား ယဇ်ပလ္လင်တွင်ကပ်၍ချုပ်ထားရန် ကြိုးချည်နေသည့် ချည့်နဲ့နေသောဖခင်၏လက်များကိုကူညီမစကာ ချည်နှောင်ပေးခဲ့ပါသည်။

ယခုအချိန်တွင် နောက်ဆုံးသောမေတ္တာစကားကိုပြောပြီး နောက်ဆုံးသောမျက်ရည်ကိုကျကာ နောက်ဆုံးသောဖက်ယမ်းမှုကိုပြုနေကြပါသည်။ ထိုနောက် အဘသည်သားကိုသတ်ရန် ဓါးကိုမြှောက်လိုက်သောအချိန်တွင် သူ၏လက်သည် ရုတ်တရက်တစ်စုံတစ်ယောက်သောသူ၏ဟန့်တားခြင်းကို ခံလိုက်ရပါသည်။ ထိုနောက် ထာဝရဘုရားသခင်၏ကောင်းကင်တမန်တစ်ပါးသည် အာဗြဟံ၊ အာဗြဟံဟု ကောင်းကင်ပေါ်ကခေါ်လေ၏။ အာဗြဟံက "အကျွန်ုပ်ရှိပါသည်" ဟုအလျင်အမြန်ပြန်လည်ဖြေဆိုလိုက်ရာ "ထိုလုလင်ကို မထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။ သင်သည် ဘုရားသခင်ကိုကြောက်ရွံ့သည်ဟု ယခုငါသိ၏။ အကြောင်းမူကား၊ သင်၏သား၊ သင်၌တစ်ယောက်တည်းသောသားကို ငါတောင်း၍ သင်သည် ငါ့ကိုမငြင်းဟုမိန့်တော်မူ၏။"

ထိုအခါ အာဗြဟံသည် မော်ကြည့်၍---ချုံဖုတ်၌ချိုငြိလျက်ရှိသောသိုးကိုမြင်လေ၏။ ထိုသိုးကိုသွား၍ယူပြီးလျှင် မိမိသားကိုယ်စား မီးရှို့ရာယဇ်ပြု၍ပူဇော်လေ၏။ အာဗြဟံသည် ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်စွာဖြင့် ထိုနေရာကို "ယေဟောဝါယိရေ" ဟုအမည်ပေးသမုတ်လေ၏။ အနက်အဓိပ္ပါယ်ကား "ထာဝရဘုရားသခင်ပြင်ဆင်တော်မူမည်" ဟူ၍ဖြစ်၏။

ထာဝရဘုရားသခင်သည် အာဗြဟံနှင့်တကွ သူ၏အမျိုးအနွယ်များအပေါ်တွင် ချပေးမည့်ကောင်းချီးမင်္ဂလာများအတွက် အရေးကြီးသောကျိန်ဆိုမှုတစ်ခုအားဖြင့်အတည်ပြုလျက် ပဋိညာဉ်ပြုပြန်သည်ကား၊ "သင်သည် ဤအမှုကိုပြု၍ သင်၏သား၊ သင်၌တစ်ယောက်တည်းသောသားကို ငါ့အားမငြင်းသောကြောင့် ငါသည် သင့်အားအစဉ်အမြဲကောင်းချီးပေးမည်။ သင်၏အမျိုးအနွယ်ကိုလည်း ကောင်းကင်ကြယ်ကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့လည်းကောင်း အစဉ်အမြဲပွားများစေမည်" ဟူ၍ဖြစ်၏။

ယုံကြည်ခြင်းနှင့်ပတ်သက်၍ အာဗြဟံလုပ်ဆောင်ခဲ့သော ဤလုပ်ဆောင်မှုကြီးသည် ခေတ်အဆက်ဆက်တွင် ဘုရားသခင်၏ကျွန်များ လျှောက်လှမ်းရမည့်လမ်းကို ထိန်လင်းစေသည့်အလင်းမီးတိုင်တစ်ခုအလား ရပ်တည်နေပါသည်။ အာဗြဟံသည် ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်



ခြင်းမှ မိမိကိုယ်ကိုကင်းလွတ်အောင်မကြိုးစားခဲ့ပါချေ။ အကယ်၍သူသည် သံသယဖြစ်လိုသည့်ဆန္ဒရှိခဲ့ပါလျှင် ထာဝရဘုရားသခင်ကိုသံသယဖြစ်ရန်၊ ဆင်ခြေဆင်လက်တက်ရန် ခရီးသွားလာနေစဉ်သုံးရက်အတွင်းတွင် လုံလောက်သောအချိန်ကိုရရှိခဲ့ပါသည်။ မိမိ၏သားကိုသတ်ခြင်းအမှုသည် မိမိအားလူသတ်သမားတစ်ဦးအနေဖြင့်လည်းကောင်း၊ ဒုတိယကာဣနအဖြစ်ဖြင့်လည်းကောင်း မှတ်ယူကြလိမ့်မည်ဖြစ်ကြောင်း၊ ထိုလုပ်ရပ်သည် မိမိ၏သွန်သင်ချက်များအပေါ်ငြင်းပယ်မှု၊ မခန့်လေးစားပြုမှုများကိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ဤနည်းအားဖြင့် မိမိ၏မိတ်ဆွေများအပေါ်သူကောင်းပြုခဲ့သော မိမိ၏တန်ခိုးအာဏာများကိုပျက်စီးဆုံးပါးစေနိုင်ကြောင်း စသည်ဖြင့် သူဆင်ခြေတက်မည်ဆိုက ဆင်ခြေတက်နိုင်ပါသည်။ မိမိ၏အသက်အရွယ်ကြောင့် ထိုအလုပ်ကိုလုပ်ဆောင်ရန်မဖြစ်နိုင်ကြောင်း အသနားခံလိုက သူအသနားခံနိုင်သည့်အခြေတွင်ရှိခဲ့ပါသည်။ သို့ရာတွင် သူသည် မည်သည့်ဆင်ခြေဆင်လက်များကိုမျှအသုံးမပြုခဲ့ပါချေ။ အာဗြဟံသည် လူသားတစ်ဦးဖြစ်ပါသည်။ သူ၏အလိုဆန္ဒများနှင့်စွဲလမ်းမှုများသည် ကျွန်ုပ်တို့၏စိတ်ဆန္ဒများနှင့်အတူတူပင်ဖြစ်သော်လည်း ဣဇာက်ကိုသတ်လိုက်လျှင် ကတိတော်သည် မည်ကဲ့သို့ပြည့်စုံနိုင်လိမ့်မည်နည်းဟု မေးခွန်းထုတ်ရန် သူမကြိုးစားခဲ့ချေ။ သူသည် နာကျင်နေသောနှလုံးသားကိုအသုံးပြုကာ ဆင်ခြေသုံးသပ်ရန် မနှောင့်နှေးခဲ့ပါချေ။ ထာဝရဘုရားသခင်သည် တရားမျှတ၍ ဖြောင့်မတ်သောအရာများကိုသာလုပ်ဆောင်ရန် ခိုင်းစေမည်ဖြစ်ကြောင်း သူသိရှိထားသဖြင့် အမိန့်တော်ကိုတစ်သဝေမတိမ်းသူလိုက်နာခဲ့ပါသည်။

"အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။---ဘုရားသခင်၏အဆွေဟူ၍လည်း ခေါ်ဝေါ်ခြင်းကိုခံရ၏။" "ယုံကြည်ခြင်းရှိသောသူသည် အာဗြဟံ၏သားဖြစ်သည်ဟုအမှန်သိမှတ်ကြလော့" ဟူ၍လည်း ရှင်ပေါလုကမိန့်ဆိုခဲ့ပါသည်။ အာဗြဟံ၏ယုံကြည်ခြင်းသည် သူ၏အကျင့်အားဖြင့်ထင်ရှားခဲ့ပါသည်။ "ငါတို့အဘအာဗြဟံသည် မိမိသားဣဇာက်ကို ယဇ်ပလ္လင်ပေါ်မှာတင်လှူ

ပူဇော်သောအခါ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်လော။ ယုံကြည်ခြင်းသည် အကျင့်နှင့်အတူပြုပြင်၍ အကျင့်အားဖြင့်စုံလင်သည်ကို သိမြင်ရ၏။" ယုံကြည်ခြင်းနှင့်အကျင့်တရားတို့၏ဆက်နွယ်မှုကိုနားမလည်သောသူများစွာရှိကြပါသည်။ "ခရစ်တော်ကိုယုံကြည်ရုံသာယုံကြည်ပါ။ သင်သည် ကယ်တင်ခြင်းသို့ရောက်ပြီ၊ ပညတ်တော်ကိုစောင့်ရှောက်နိုင်ရန် သင့်ခွန်အားအလျှင်းမရှိပြီ။" သို့သော် စစ်မှန်သောယုံကြည်ခြင်းသည် နားထောင်ခြင်းအားဖြင့်ထင်ရှားလိမ့်မည်။ "သင်တို့သည် အာဗြဟံ၏သားမှန်လျှင် အာဗြဟံ၏အကျင့်ကိုကျင့်ကြလိမ့်မည်" ဟု မယုံကြည်သောယုဒလူများအား သခင်ယေရှုမိန့်မြွက်တော်မူခဲ့ပါသည်။ "အာဗြဟံသည် ငါ့စကားကိုနားထောင်၍ ငါစီရင်မှာထားသောပညတ်တရားအမျိုးမျိုးတို့ကိုစောင့်ရှောက်သတည်း" ဟူ၍ အာဗြဟံနှင့်ပတ်သက်၍ ထာဝရဘုရားသခင်မြွက်ဆိုတော်မူခဲ့၏။ "အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့် အသေဖြစ်၏" ဟုလည်း ယာကုပ်ကဖွင့်ဆိုထားပါသည်။ ချစ်သားတပည့်တော်ရှင်ယောဟန်ကမူ "ပညတ်တော်ကိုစောင့်ခြင်းအရာသည် ဘုရားသခင်ကိုချစ်ရာရောက်၏" ဟူ၍ဖွင့်ဆိုထားပါသည်။

ထာဝရဘုရားသခင်သည် ပုံဆောင်မှုနှင့်ကတိတော်များအားဖြင့် "အာဗြဟံအား---ဧဝံဂေလိတရားကိုဟောနှင့်လေ၏။" သူ၏ယုံကြည်ခြင်းကို ကြွလာမည့်ကယ်တင်ရှင်အပေါ်တွင်သာ စွဲမြဲစွာအခြေပြုထားခဲ့ပါသည်။ ထို့ကြောင့် "သင်တို့အဘအာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကို မြော်မြင်ခြင်းငှာ အလွန်အလိုရှိ၏။ မြင်ရသောအခါ ဝမ်းမြောက်ခြင်းသို့ရောက်သည်" ဟုယုဒများအား ခရစ်တော်မိန့်ကြားတော်မူခဲ့ပါသည်။ ဣဇာက်ကိုယ်စား၊ ပူဇော်ခဲ့သောသိုးသငယ်သည် ကျွန်ုပ်တို့ကိုယ်စားအသေခံမည့်သားတော်ဘုရားသခင်ကို ရုပ်လုံးဖေါ်ထားပါသည်။ ပညတ်တော်လွန်ကျူးမှုကြောင့် လူသားများကိုသေဒဏ်ကျခံစေသောအချိန်တွင် ခမည်းတော်ဘုရားသခင်သည် ထိုအပြစ်သားအား သားတော်ဘုရားသခင်ကိုမြော်ကြည့်လျက် "အသက်ရှင်နေထိုင်ပါသည်။ ရွေးစရာအဖိုးအခတစ်ခုကိုငါတွေ့ပြီ" ဟု မိန့်တော်မူခဲ့ပါသည်။



အာဗြဟံ၏ယုံကြည်ခြင်းကိုစမ်းသပ်ရန်အပြင် ၎င်း၏စိတ်ထဲတွင် ဧဝံဂေလိတရားတော်၏စစ်မှန်မှုများကိုစွဲလမ်းနေစေရန် ထာဝရဘုရားသခင်သည် ၎င်းအား သားကလေးကိုသတ်၍ ပူဇော်ရန်မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။ လူသားများကိုကယ်တင်ရန် ထာဝရတန်ခိုးရှင်ဘုရားသခင်ပြုတော်မူမည့်ပူဇော်ဆက်ကပ်မှု၏ကြီးမြတ်မှုတစ်စိတ်တစ်ဒေသကို ၎င်း၏ကိုယ်တွေ့ဗဟုသုတအားဖြင့် နားလည်သဘောပေါက်စေရန် ကြောက်လန့်ဖွယ်ရာစမ်းသပ်မှုနှင့် ရင်ဆိုင်ခဲ့ရသော ဝမ်းနည်းဖွယ်ရာနေ့များတွင် ထိုဒုက္ခဝေဒနာကိုသူခံစားရန် ထာဝရဘုရားသခင်ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်ပါသည်။ မိမိသားကိုသတ်၍ ယဇ်ပူဇော်ခြင်းအမှုလောက် မည်သည့်လုပ်ဆောင်ခြင်းကမျှ အာဗြဟံ၏စိတ်နှလုံးကို ဤမျှလောက်နာကျင်စေခဲ့လိမ့်မည်မဟုတ်ချေ။ ထာဝရဘုရားသခင်သည် မိမိ၏သားကိုဒုက္ခဝေဒနာများ၊ ရှက်ကြောက်ဖွယ်ရာများနှင့်ပြီးသောအသေသတ်ခြင်းကိုခံရန် စွန့်တော်မူခဲ့ပါသည်။ သားတော်ဘုရားသခင်၏အဖြစ်ကိုတွေ့မြင်နေရသောကောင်းကင်တမန်များသည် ဣဇာက်၏အမှုတွင် ပါဝင်စွက်ဖက်ခဲ့သကဲ့သို့ ထိုအမှုတွင်ပါဝင်စွက်ဖက်ခွင့်မရရှိခဲ့ကြချေ။ "တန်ပြီ" ဟုဟစ်အော်နိုင်သည့်အာဏာမရှိပါချေ။ ဘုန်းတော်အရှင်ဘုရင်မင်းမြတ်သည် အပြစ်တွင်ကျဆုံးလျက်ရှိသောသူများကိုကယ်တင်ရန် မိမိ၏အသက်တော်ကို ပေးအပ်တော်မူခဲ့ရပါသည်။ ဘုရားသခင်၏မဟာကရုဏာတော်နှင့်မဟာမေတ္တာတော်ကို အခြားမည်သည့်အရာက ထိုထက်ပို၍ထင်ရှားစေနိုင်ပါသနည်း။ "မိမိသားတော်ရင်းကိုမနှမြောဘဲ ငါတို့ရှိသမျှအဖို့အလိုငှာ စွန့်တော်မူသောသူသည် သားတော်နှင့်တကွခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။"

အာဗြဟံအားလုပ်ဆောင်ရန်ခိုင်းစေခဲ့သောယဇ်ပူဇော်ခြင်းအမှုသည် သူတစ်ဦးတည်းအတွက်နှင့် နောင်လာနောက်သားများ၏ကောင်းကျိုးအတွက်သာမက အခြားကမ္ဘာများမှအပြစ်ကင်းဆဲဖြစ်သောသတ္တဝါများကိုသွန်သင်ရန်အတွက်လည်းဖြစ်ပါသည်။ ခရစ်တော်နှင့်စာတန်အကြားဖြစ်ပွားနေသောတိုက်လှန်ပွဲမြင်ကွင်းသည် စကြဝဠာအတွက် သင်ခန်းစာ စာအုပ်တစ်အုပ်

ဖြစ်နေပါသည်။ အာဗြဟံသည် ဘုရားသခင်၏ကတိတော်ကိုယုံကြည်မှု နည်းပါးကြောင်းဖော်ပြခဲ့သဖြင့် စာတန်သည် ၎င်းအား ဘုရားသခင်နှင့် ကောင်းကင်တမန်များရှေ့တွင် ပဋိညာဉ်၏တောင်းဆိုချက်များကိုလိုက်လျှောရန် ပျက်ကွက်ခဲ့မှုကြောင့် ကောင်းချီးမင်္ဂလာများကိုမခံစားထိုက်ကြောင်း စွပ်စွဲခဲ့ပါသည်။ စုံလင်သောနားထောင်မှုထက်လျော့နည်းမှုရှိသောနားထောင်မှုမျိုးကို လက်ခံနိုင်ဖွယ်မရှိကြောင်းကိုဖော်ပြရန်နှင့် ကယ်တင်ခြင်းစီမံကိန်းကို ၎င်းတို့၏ရှေ့တွင်ပို၍ပြည့်စုံစွာဖော်ပြရန်အတွက် ကောင်းကင်သားများအားလုံးရှေ့မှောက်တွင် မိမိကျွန်အာဗြဟံ၏သစ္စာရှိမှု၊ သစ္စာစောင့်မှုများကိုထင်ရှားအောင်ဖော်ပြရန် ထာဝရဘုရားသခင်အလိုရှိတော်မူပါသည်။

အာဗြဟံ၏ယုံကြည်ခြင်းနှင့် ဣဇာက်၏လိုက်လျှောမှုများကိုစမ်းသပ်နေသောထိုမြင်ကွင်းကို ကောင်းကင်တမန်များသည် မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ကြရပါသည်။ ထိုစမ်းသပ်မှုသည် အာဒံရင်ဆိုင်ခဲ့ရသောစမ်းသပ်မှုထက်များစွာပို၍ပြင်းထန်ခဲ့ပါသည်။ ကျွန်ုပ်တို့၏မိဦးဖဦးများအပေါ်ချမှတ်ခဲ့သည့်တားမြစ်ချက်များကိုလိုက်လျှောက်ရန်အတွက် မည်သည့်ဒုက္ခဆင်းရဲခြင်းမျှ ပါဝင်ပတ်သက်မှုမရှိခဲ့သော်လည်း အာဗြဟံအားလိုက်နာလုပ်ဆောင်ရန်ပေးခဲ့သောအမိန့်တော်တွင် ပြင်းထန်သောဝေဒနာခံစားစေသည့်အနစ်နာခံမှုတစ်ခုကိုတောင်းဆိုနေပါသည်။ ကောင်းကင်သားအားလုံးသည် အာဗြဟံ၏မယိမ်းယိုင်သောနားထောင်မှုကို အံ့ဩချီးမွမ်းစွာဖြင့် ရှုမြင်ခဲ့ကြရပါသည်။ ကောင်းကင်သားအားလုံးက သူ၏သစ္စာစောင့်သိမှုကိုကောင်းချီးဩဘာပေးခဲ့ကြပါသည်။ ‘သင်သည် (စာတန်စွပ်စွဲနေသည့်ကြားမှ) ဘုရားသခင်ကိုကြောက်ရွံ့သည်ဟုငါသိ၏။ အကြောင်းမူကား သင်၏သား၊ သင်၌တစ်ယောက်တည်းသောသားကိုငါတောင်း၍ သင်သည်ငါ့ကိုမငြင်း’ ဟု အာဗြဟံအား ထာဝရဘုရားသခင်မိန့်တော်မူ၏။ အခြားကမ္ဘာသားများရှေ့တွင်တိုင်တည်ပြောဆိုမှုတစ်ခုအားဖြင့် အတည်ဖြစ်စေခဲ့သောထာဝရဘုရားသခင်၏ပဋိညာဉ်က နားထောင်မှုရှိခြင်း၌ အကျိုးကျေးဇူးရှိကြောင်းကို သက်သေခံခဲ့ပါသည်။

ဒုစရိုက်လူသားများအတွက် ကောင်းကင်ဗိုလ်မင်းဖြစ်သော သားတော်ဘုရားသခင်သည် အသေခံရမည်ဆိုသည့်အချက်ကို ကောင်းကင်တမန်များ



သည်ပင် နားလည်သဘောပေါက်ရန် အခက်အခဲရှိခဲ့ကြပါသည်။ မိမိ၏သားကိုပူဇော်ရန် အာဗြဟံအားအမိန့်ပေးသောအချိန်တွင် ကောင်းကင်ဘုံသားအားလုံးက အထူးစိတ်ဝင်စားခဲ့ကြပါသည်။ သူတို့သည် ဤအမိန့်တော်ကိုပြည့်ဝစေမည့်လုပ်ဆောင်မှုအဆင့်ဆင့်အား စိတ်ဝင်တစားစောင့်ကြည့်ခဲ့ကြပါသည်။ “ယဇ်ပူဇော်ရာဖို့သိုးသငယ်သည် အဘယ်မှာရှိသနည်း” ဟူသော ဣဇာက်၏အမေးကို “ယဇ်ရှို့စရာသိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ ပြင်ဆင်တော်မူလိမ့်မည်” ဟု အာဗြဟံကတုံ့ပြန်သောအချိန်တွင်သော်လည်းကောင်း၊ မိမိသားကိုသတ်လုဆဲဆဲ ဖခင်၏လက်ကိုဆွဲထားသောအချိန်တွင်သော်လည်းကောင်း၊ ထာဝရဘုရားသခင်ပြင်ဆင်တော်မူသည့်သိုးကိုသတ်၍ ဣဇာက်ကိုယ်စားပူဇော်သောအချိန်တွင်သော်လည်းကောင်း ကယ်တင်ခြင်း၏နက်နဲမှုအပေါ်သို့ အလင်းကျရောက်ခဲ့ပါသည်။ ကောင်းကင်တမန်များသည်ပင်လည်း လူသားများအားကယ်တင်ရန် ဘုရားသခင်ပြုပြင်တော်မူခဲ့သောအံ့ဩစရာကောင်းသည့်ထိုအစီအစဉ်ကို ပိုမိုရှင်းလင်းစွာနားလည်သဘောပေါက်ခဲ့ကြပါသည်။

* * *

## (၁၄)
## သောဒုံမြို့ကြီးအဖျက်ဆီးခံရခြင်း

ယော်ဒန်မြစ်ဝှမ်းတွင် တည်ရှိနေသောမြို့ကြီးများအနက် မြေဩဇာကောင်း၍လှပသာယာသော "ထာဝရဘုရားသခင်၏ဥယျာဉ်တော်ကဲ့သို့သော" လွင်ပြင်တွင်တည်ရှိသည့်သောဒုံမြို့သည် အလှပဆုံးမြို့တစ်မြို့ဖြစ်ပါသည်။ ဤနေရာ၌အပူပိုင်းဒေသတွင်ပေါက်ရောက်သည့်ဟင်းသီးဟင်းရွက်ပင်များသည် အလျှံပယ်ပေါက်ရောက်လျက်ရှိပါသည်။ ဤနေရာတွင် ထန်းပင်များ၊ သံလွင်ပင်များနှင့်စပျစ်ပင်များအပြင်တစ်နှစ်ပတ်လုံးမွှေးရနံ့နှင့်သင်းပျံ့နေသည့်ပန်းပင်များသည် လှပစွာပေါက်ရောက်နေကြပါသည်။ လယ်ကွင်းပြင်များကို အသီးအနှံများဖြင့်ဖုံးလွှမ်းထားပြီး တောင်ကုန်းများပေါ်တွင် သိုးများ၊ နွားများကျက်စားနေကြပါသည်။ အတတ်ပညာများနှင့်ရောင်းဝယ်ဖေါက်ကားမှုများကြောင့် ထိုလွင်ပြင်တွင်ရှိသော သောဒုံမြို့ကြီးသည် ချမ်းသာကြွယ်ဝလာခဲ့ပါသည်။ အရှေ့ပြည်မှရတနာဘဏ္ဍာများဖြင့် ထိုမြို့တော်ရှိနန်းတော်များကိုခြယ်သထားပြီး ကန္တာရခရီးသည်များသည် ထိုမြို့တွင်ကုန်ကူးသန်းရောင်းဝယ်ရန်အဖိုးတန်ပစ္စည်းများကိုသယ်ဆောင်လာခဲ့ကြပါသည်။ အနည်းငယ်အလုပ်လုပ်ကိုင်ရုံနှင့် အသက်တာ၏လိုအပ်ချက်များကိုဖြည့်စွမ်းနိုင်သည့်အပြင် ပွဲလမ်းသဘင်များကိုလည်း တစ်နှစ်လုံးကျင်းပနေသယောင်ဖြစ်နေပါသည်။

ထိုမြို့တွင်ပစ္စည်းများအလျှံပယ်ပေါများမှုကြောင့် စည်းစိမ်ခံစားမှုများနှင့် မာနထောင်လွှားမှုများသည် တိုးပွားဖြစ်ပေါ်လာခဲ့ပါသည်။ လတ်လျားလတ်လျားဖြစ်နေခြင်းနှင့်ကြွယ်ဝခြင်းများသည် ချို့တဲ့မှုများအားဖြင့် ဖိနှိပ်ရန်သော်လည်းကောင်း၊ ဝမ်းနည်းမှုများအားဖြင့်ဝန်လေးစေရန်လည်းကောင်း မည်သည့်အခါမျှမလုပ်ဆောင်နိုင်တော့အောင် စိတ်နှလုံးများကိုမာကျောစေလျက်ရှိပါသည်။ အပျော်အပါးလိုက်စားလိုစိတ်များသည် ချမ်းသာကြွယ်ဝမှုနှင့်အလုပ်မရှိဘဲအားလပ်နေခြင်းများကြောင့် ပွားများလာစေပြီး လူများတို့သည် ကာမဂုဏ်လိုက်စားမှုနောက်သို့လိုက်ပါသွားခဲ့ကြပါသည်။ "သင့်ညီမ၊ သောဒုံ၏အပြစ်



ဟူမူကား၊ သူနှင့်သူ့သမီးတို့သည် မာနကြီးခြင်း၊ ဝစွာစားသောက်ခြင်း၊ ငြိမ်ဝပ်စွာကောင်းစားခြင်းရှိ၍ ဆင်းရဲငတ်မွတ်သောသူတို့ကိုမထောက်ပံ့ဘဲနေကြ၏။ မာနထောင်လွှား၍ ငါ့ရှေ့မှာစက်ဆုပ်ရွံ့ရှာဖွယ်သောအမှုတို့ကိုပြုကြ၏။ ထိုကြောင့်သင်မြင်သည်အတိုင်း သူ့ကိုငါပယ်ရှင်းပြီ" ဟု ပုရောဖက်ယေဇကျေလအားဖြင့် ဖွင့်ဆိုတော်မူခဲ့ပါသည်။ ထိုမြို့သားများအလိုချင်ဆုံးအရာမှာ ချမ်းသာကြွယ်ဝမှုနှင့်အလုပ်အားလပ်မှုများပင်ဖြစ်ပါသည်။ ထိုအရာများက ထိုမြို့ကြီးအားပျက်စီးခြင်းသို့ရောက်ရှိသွားစေခဲ့သောဒုစရိုက်အပြစ်များကိုဖြစ်ပွားစေခဲ့ပါသည်။ အလုပ်လုပ်ရန်ပျင်းရိပြီး အသုံးမကျသည့်သူတို့၏အသက်တာများသည် ၎င်းတို့အား စာတန်စုံစမ်းနှောင့်ယှက်ခြင်း၏သားကောင်များဖြစ်စေခဲ့ပြီး ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုပျက်ယွင်းစေကာ ဘုရားသခင်နှင့်ဆိုင်သောပုဂ္ဂိုလ်များဖြစ်မလာစေဘဲ စာတန်၏လက်အောက်ခံများဖြစ်လာစေခဲ့ပါသည်။ လူသားများအပေါ်သို့ကျရောက်နိုင်သည့်အရာများတွင် ပျင်းရိခြင်းသည် အကြီးမားဆုံးသောကျိန်ခြင်းအမင်္ဂလာတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ဆိုးသွမ်းမှုများနှင့်ရာဇဝတ်မှုများသည် ၎င်း၏နောက်ဆက်တွဲလုပ်ရပ်များဖြစ်ကြပါသည်။ ပျင်းရိခြင်းသည် စိတ်တန်ခိုးကိုအားနည်းစေ၍ နားလည်မှုကိုလွဲမှားစေကာ အသက်ဝိညာဉ်ကိုယုတ်ညံ့နိမ့်ကျစေပါသည်။ မိမိတို့၏အားလပ်ချိန်များကို စွဲမက်စရာကောင်းသည့်လှည့်ဖြားမှုများအောက်တွင် မိမိကိုယ်ကိုဖြားယောင်းသွေးဆောင်ခွင့်ပြုကာ အမှုမဲ့အမှတ်မဲ့နေတတ်သူများကိုဖျက်ဆီးရန် စာတန်သည် ချုံခိုတိုက်ခိုက်ဖို့အဆင်သင့်ရှိနေပါသည်။

သောဒုံမြို့ထဲတွင် ပျော်ပွဲရွှင်ပွဲများ၊ မြူးထူးကခုန်ပွဲများ၊ သောက်စားမူးယစ်ပွဲများအပြည့်ရှိနေပါသည်။ ထိုမြို့သားများသည် အယုတ်မာဆုံးနှင့်အကြမ်းကြုတ်ဆုံးစိတ်သဘောထားများကိုမထိန်းချုပ်ကြပါ။ ထာဝရဘုရားသခင်နှင့်တကွ ကိုယ်တော်၏ပညတ်တော်တို့ကို ဗြောင်ကျကျညစ်ညူးစေခဲ့ကြပြီး အကြမ်းဖက်သောလုပ်ရပ်များကိုနှစ်သက်ကြပါသည်။ ရေအားဖြင့်ဖျက်ဆီးတော်မူခဲ့သည့်ဘုရားသခင်၏အမျက်တော်ထင်ရှားမှုကို မိမိတို့၏

ရှေ့တွင်ဖြစ်ပွားခဲ့သောရေလွှမ်းမိုးခြင်းမှ သင်ခန်းစာများအရသိရှိခဲ့ကြသော်လည်း သူတို့သည် ထိုသူများ၏ဆိုးညစ်သောလမ်းကိုပင် လိုက်လျှောက်ခဲ့ကြပါသည်။

လောတကို သောဒုံမြို့ထဲမှခေါ်ထုတ်လာသည့်အချိန်က တစ်မြို့လုံးသည် အကျင့်စာရိတ္တဖေါက်ပြန်ပျက်စီးသည့်အခြေသို့မရောက်ရှိသေးသဖြင့် ထာဝရဘုရားသခင်သည် ကရုဏာတော်အားဖြင့် ကိုယ်ကျင့်တရားအမှောင်ထုကျနေသောနေရာတွင် အလင်းတော်ရောင်ခြည်များကို ထွန်းလင်းခွင့်ပြုတော်မူခဲ့ပါသည်။ အာဗြဟံသည် သူ၏လူများကို ဧလံပြည်သားများလက်မှ ကယ်နုတ်သောအချိန်တွင် ထိုသူများအား စစ်မှန်သောယုံကြည်ခြင်းကို အာရုံပြုစေခဲ့ပါသည်။ အာဗြဟံသည် သောဒုံမြို့သားများအလယ်တွင် ဧည့်သည်မျက်နှာစိမ်းတစ်ဦးမဟုတ်သောကြောင့် မျက်မြင်မရသောဘုရားသခင်အား သူကိုးကွယ်နေခြင်းသည် ထိုသူများအလယ်တွင် ပြက်ရယ်ပြုစရာကိစ္စတစ်ခုဖြစ်နေပါသည်။ သို့ရာတွင် မိမိထက်များစွာအင်အားကောင်းသောသူများကို သူအောင်မြင်စွာတိုက်ခိုက်ချေမှုန်းခြင်းနှင့် လက်ရဖမ်းဆီးလာသောစစ်သုံ့ပန်းများ၊ သိမ်းဆည်းလာသောပစ္စည်းဥစ္စာများအပေါ်ထားရှိသည့်သူ၏သဘောထားကြီးမှုသည် အံ့ဩမှုများနှင့်ချီးမွမ်းလေးစားမှုများကိုဖြစ်ပေါ်စေခဲ့ပါသည်။ သူ၏စစ်ရေးကျွမ်းကျင်မှုနှင့်ရဲစွမ်းသတ္တိရှိမှုများကိုချီးကျူးနေကြစဉ်တွင် ဘုရားသခင်၏တန်ခိုးတော်ကြောင့် သူသည် အောင်နိုင်သူတစ်ဦးဖြစ်လာသည်ဆိုသည့်အချက်ကို မည်သူမျှမလွဲရှောင်နိုင်ခဲ့ပါချေ။ တစ်ကိုယ်ကောင်းကြံတတ်သောသောဒုံမြို့သားများအတွက် အလွန်ထူးဆန်းနေသည့် သူ၏မြင့်မြတ်၍ အတ္တကင်းမဲ့သောစိတ်ထားများသည် သူကိုးကွယ်နေသောဘာသာအယူဝါဒ၏ကြီးမြတ်သာလွန်မှုအတွက် အခြားအထောက်အထားတစ်ခုဖြစ်နေပါသည်။

မေလခိဇေဒက်သည် အာဗြဟံအားကောင်းချီးချပေးရာတွင် ထာဝရဘုရားသခင်သည် သူ၏ခွန်အားဖြစ်ကြောင်း၊ သူ့အားအောင်မြင်မှုပေးခဲ့သူဖြစ်ကြောင်းများကို အသိအမှတ်ပြုထားပါသည်။ "ကောင်းကင်မြေကြီးရှင်၊ အမြင့်ဆုံးသောဘုရားသခင်သည် အာဗြဟံအားကောင်းချီးပေးတော်မူပါစေသောဟု အာဗြဟံကိုကောင်းချီးပေး၍ သင်၏ရန်သူတို့ကို သင်၏လက်၌



အပ်နှံတော်မူသော အမြင့်ဆုံးသောဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း" ဟု သူမြွက်ဆိုခဲ့ပါသည်။ ထာဝရဘုရားသခင်သည် မိမိ၏အစီအစဉ်အားဖြင့် ထိုသူများကိုမိန့်တော်မူခဲ့သော်လည်း ယခုလူများအားလုံးပြုသကဲ့သို့ပင် သူတို့သည်လည်း အလင်းတော်၏နောက်ဆုံးရောင်ခြည်တော်ကိုငြင်းပယ်ခဲ့ကြပါသည်။

ယခုတွင်မူ သောဒုံမြို့၏နောက်ဆုံးသောညသည် ရောက်ရှိလာခဲ့ချေပြီ။ အမျက်တော်တိမ်တိုက်သည် ဖျက်ဆီးခြင်းခံရတော့မည့်ထိုမြို့အပေါ်တွင် လွှမ်းမိုးလျက်ရှိချေပြီ။ သို့သော် ထိုမြို့သားများသည် ထိုအကြောင်းအရာများကိုမသိရှိကြချေ။ ကောင်းကင်တမန်များသည် ဖျက်ဆီးခြင်းအမှုကိုဆောင်ရွက်ရန် မြို့တော်သို့ချဉ်းကပ်လာကြစဉ်တွင် မြို့သားများမှာမူ ကြီးပွားချမ်းသာမှုများနှင့်အပျော်အပါးလိုက်စားမှုများကိုသာ စဉ်းစားနေကြပါသည်။ ထိုနောက်ဆုံးသောနေ့ရက်သည်လည်း ပေါ်တုံ၊ ကွယ်တုံဖြစ်ခဲ့သောအခြားနေ့ရက်များနှင့်အတူတူပင်ဖြစ်ခဲ့ပါသည်။ နှစ်လိုဖွယ်ကောင်းပြီး လုံခြုံစိတ်ချရသောထိုမြင်ကွင်းအပေါ်သို့ ညနေချမ်းအချိန်သည် ဆိုက်ရောက်လာခဲ့ပါသည်။ ပြိုင်ဘက်ကင်းသောမြို့၏အလှသည် ဆည်းဆာနေရောင်ခြည်အောက်တွင် လန်းဆန်းသစ်လွင်နေပါသည်။ ညနေချမ်း၏အေးချမ်းသာယာမှုသည် မြို့သူမြို့သားများအား သာယာမှုများကိုဖြစ်ပေါ်စေပြီး ပျော်ပါးမှုများကိုရှာဖွေနေကြသည့်လူထုကြီးသည် ဟိုဟိုဒီဒီသွားလာလျက် ထိုအချိန်နာရီ၏ပျော်ရွှင်မှုကိုအာရုံစူးစိုက်နေကြပါသည်။

ညနေဆည်းဆာအချိန်ကလေးတွင် မျက်နှာစိမ်းဧည့်သည်နှစ်ဦးသည် သောဒုံမြို့ဂိတ်တံခါးဆီသို့ချဉ်းကပ်လာကြပါသည်။ ထိုမြို့တွင် တစ်ညတာတည်းခိုရန်လာနေကြောင်းထင်ရှားနေပါသည်။ ထိုခရီးသည်များသည် ထာဝရဘုရားသခင်စေလွှတ်တော်မူသောသောဒုံမြို့ကိုဖျက်ဆီးမည့်ကောင်းကင်တမန်များဖြစ်သည်ဟု မည်သူမျှမရိပ်မိခဲ့ကြချေ။ ထိုညတွင် ထိုကောင်းကင်တမန်များအား ၎င်းတို့ဆက်ဆံပြုမူပုံသည် ထိုမြို့ကိုအပြစ်ဒဏ်စီရင်စေသည့်ဒုစရိုက်မှုများ၏အထွတ်အထိပ်သို့ရောက်ရှိသွားကြောင်းကိုလည်း ပျော်ရွှင်မြူးထူးကာ

နမော်နမဲ့နေတတ်သောထိုသူများက နည်းနည်းကလေးမျှမစဉ်းစားမိခဲ့ကြချေ။ သို့ရာတွင် ထိုဧည့်သည်များအပေါ် ကြင်နာစွာအရေးတယူပြုကာ သူ၏အိမ်တွင်တည်းခိုရန် ဖိတ်ခေါ်နေသည့်လူတစ်ယောက်ရှိခဲ့ပါသည်။ ထိုသူမှာ လောတဖြစ်ပြီး ထိုခရီးသည်များ၏ဇာတိရုပ်မှန်ကိုသူမသိသော်လည်း ယဉ်ကျေးသိမ်မွေ့မှုနှင့်ဧည့်ဝတ်ကျေပွန်မှုသည် သူ့အတွက်အလေ့အထတစ်ခုဖြစ်နေပါသည်။ ထိုအကျင့်များသည် အာဗြဟံမှသူလေ့ကျက်ခဲ့သောအကျင့်ဓလေ့များဖြစ်ပြီး သူယုံကြည်ကိုးကွယ်သောဘာသာအယူဝါဒ၏အခန်းကဏ္ဍတစ်ခုလည်းဖြစ်နေပါသည်။ ယဉ်ကျေးပျူငှာသောစိတ်ဓါတ်မပျိုးထောင်ခဲ့မိလျှင် သူသည်လည်း အခြားသောသောဒုံမြို့သားများနှင့်အတူ ပျက်စီးခြင်းသို့ရောက်သွားနိုင်ပါသည်။ များစွာသောအိမ်ထောင်များသည် ဧည့်သည်တစ်ဦးမျှမလာရန် အိမ်တံခါးပိတ်ထားခြင်းအားဖြင့် ကောင်းချီးမင်္ဂလာများ၊ မျှော်လင့်ခြင်းနှင့်ငြိမ်သက်ခြင်းများကိုယူဆောင်လာသည့် ဘုရားသခင်၏စေတမန်များကိုအိမ်ထဲသို့ဝင်မလာနိုင်အောင် တားဆီးနေကြပါသည်။

အသက်တာတွင် ပြုမူကျင့်ကြံသမျှတို့၌ (အသေးအဖွဲဖြစ်သည်တိုင်အောင်) ကောင်းသောအကျိုးဆက် (သို့မဟုတ်) ဆိုးသောအကျိုးဆက်တစ်ခုခုရှိနေတတ်ပါသည်။ အထင်အရှားသိမြင်နေရသည့်အသေးအဖွဲတာဝန်ဝတ္တရားများတွင် သစ္စာစောင့်ခြင်း (သို့မဟုတ်) လျစ်လျူရှုခြင်းသည် အသက်တာ၏ကြွယ်ဝသောကောင်းချီးမင်္ဂလာများ (သို့မဟုတ်) အသက်တာ၏အကြီးမားဆုံးသောအတိဒုက္ခများအတွက် တံခါးဖွင့်ပေးခြင်းဖြစ်နိုင်ပါသည်။ အကျင့်စာရိတ္တကိုစမ်းသပ်သောအရာများသည် သေးငယ်သောအရာများပင်ဖြစ်ကြပါသည်။ ထာဝရဘုရားသခင်နှစ်သက်သောအရာများမှာ နေ့စဉ်အသက်တာတွင် ရွှင်ရွှင်ပျပျဖြင့်စိတ်ပါလက်ပါလုပ်ဆောင်သည့်ပရိယာယ်ကင်းပြီး ကိုယ်အလိုကိုငြင်းဆန်သည့်အပြုအမူများပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့အတွက် အသက်ရှင်ကြရန်မဟုတ်ဘဲ သူတစ်ပါးအတွက်အသက်ရှင်ကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကျိုးအတွက်သာမစဉ်းစားတတ်သည့်စိတ်ဓါတ်၊ ချစ်ခင်မြတ်နိုး၍ကူညီမစတတ်သောစိတ်ဓါတ်





များအားဖြင့်သာ ကောင်းချီးမင်္ဂလာဖြစ်စေသည့်အသက်တာကိုတည်ထောင်နိုင်ကြပါမည်။ မေတ္တာသက်ဝင်မှုနှင့်ယဉ်ကျေးပျူငှာမှုနည်းပါးခြင်းသည် အသက်တာ၏ပျော်ရွှင်မှုကိုတည်ဆောက်ရန် အလှမ်းကွာဝေးစေသည့်ပြင်ထိုအရာများကို လျစ်လျူရှုခြင်းသည် လူသားများခံစားနေရသောအတိဒုက္ခများကို မျှဝေခံစားမှုအလွန်နည်းပါးစေပါသည်။

လောတသည် သောဒုံမြို့တွင်ရောက်ရှိလာသောထိုခရီးသည်များအပေါ်ကျရောက်နိုင်သည့်ဘေးအန္တရာယ်များကိုတွေ့မြင်သဖြင့် ၎င်းတို့အားကာကွယ်စောင့်ရှောက်ရန်မှာ မိမိ၏တာဝန်ဖြစ်ကြောင်းမှတ်ယူလျက် ၎င်းတို့မြို့ထဲသို့ဝင်လာသောအချိန်တွင် သူ၏အိမ်၌ဧည့်ဝတ်ပြုရန် ၎င်းတို့အားဖိတ်မန္တကပြုလိုက်ပါသည်။ ထိုဧည့်သည်များမြို့ထဲသို့ဝင်လာသောအချိန်တွင် သူသည် မြို့ဂိတ်တံခါးတွင်ထိုင်နေပါသည်။ ၎င်းတို့အား ဂရုတစိုက်လှမ်းကြည့်လိုက်ပြီး ကြိုဆိုတွေ့ဆုံရန်နေရာမှထသွားကာ ယဉ်ကျေးပျူငှာစွာဖြင့်ဦးညွတ်လျက် အကျွန်ုပ်သခင်တို့၊ “ကိုယ်တော်တို့ကျွန်၏အိမ်သို့ဝင်၍ တစ်ညလုံးနေကြပါ” ဟုဆို၏။ ထိုအခါ ၎င်း၏ဖိတ်ခေါ်ဧည့်ဝတ်ပြုခြင်းကိုငြင်းဆိုသည့်အလား၊ “ငါတို့သည်မဝင်၊ တစ်ညလုံးလမ်း၌နေတော့မည်” ဟုပြန်လည်ဖြေဆိုကြ၏။ ၎င်းတို့၏တုံ့ပြန်မှုတွင် ရည်ရွယ်ချက်နှစ်မျိုးပါဝင်နေပါသည်။ တစ်ခုမှာ လောတ၏ရိုးသားတည်ကြည်မှုကိုစမ်းသပ်ရန်ဖြစ်ပြီး တစ်ခုမှာ သောဒုံမြို့သားများ၏အကျင့်စာရိတ္တကိုမသိသယောင်ပြုကာ မြို့ထဲတွင် ညအခါ၌လုံခြုံမည်ဟူသောသဘောကိုဖေါ်ပြရန်တို့ဖြစ်ပါသည်။ လောတသည် သူတို့၏အဖြေကြောင့် ထိုလူရမ်းကားများလက်ထဲတွင် ၎င်းတို့အားပစ်မထားရန် ပို၍သန္နိဋ္ဌာန်ချခဲ့ပါသည်။ ထိုသူများသည် သူ၏ဖိတ်ခေါ်မှုကိုလိုက်လျောကာ သူနှင့်အတူမလိုက်မချင်း မရမကဖိတ်ခေါ်ခဲ့ပါသည်။

မြို့တံခါးဝတွင်ရှိနေသောသူများမရိပ်မိစေရန်အတွက် ကွေ့လမ်းကွင်းလမ်းမှ ၎င်းတို့အားခေါ်ဆောင်သွားခြင်းကြောင့်တစ်ကြောင်း၊ ၎င်းတို့၏နှောင့်နှေးတုံ့ဆိုင်းမှုကြောင့်တစ်ကြောင်း၊ သူ၏မရမကတိုက်တွန်းနေမှုကြောင့်တစ်ကြောင်း ထိုသူများသည်ရိပ်မိသွားကြပြီး ဧည့်သည်များအိပ်ရာမဝင်မီတွင်

လောတ၏အိမ်ကိုဝိုင်းကြပါတော့သည်။ လူအုပ်ကြီးသည် အလွန်ကြီးမားပြီး ပါဝင်နေကြသောလူကြီးလူငယ်အပေါင်းတို့သည် ကိလေသာမီးတောက်လောင်နေကြပါသည်။ ထိုမြို့၏အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍ သူတို့က လောတအား မေးမြန်းစုံစမ်းနေကြစဉ် အိမ်ထဲတွင်ရှိသောထိုသူနှစ်ယောက်ကို ၎င်းတို့ထံ ထုတ်ပေးရန်တောင်းခံကာ လှောင်ပြောင်သရော်နေသော လူအုပ်ကြီး၏ အော်ဟစ်သံများကိုကြားသောအခါ အိမ်အပြင်သို့မထွက်ကြရန် ၎င်းတို့အား လောတသတိပေးလိုက်ပါသည်။

ရန်းရင်းခတ်မှုကိုဖြစ်စေမည်ဆိုလျှင် ထိုသူများသည် မိမိ၏အိမ်ကို ချိုးဖွဲ့ကာ အိမ်ထဲသို့အလွယ်တကူဝင်ရောက်လာနိုင်ကြောင်းကိုသိရှိထားသဖြင့် လောတသည် အိမ်အပြင်သို့ထွက်၍ "ညီအစ်ကိုတို့၊ အဓမ္မအမှုကို ဤမျှလောက်မပြုကြနှင့်" ဟူ၍ ထိုသူများသည် မိမိတို့၏ယုတ်ညံ့သောအကြံအစည်များအတွက်အရှက်ရကာ ၎င်းတို့နှင့်ဆက်ဆံရေးပြေလည်သွားစေရန် မျှော်လင့်လျက် "ညီအစ်ကိုတို့" ဟူသောရင်းနှီးသောအသုံးအနှုန်းကိုအသုံးပြုလျက် ကြိုးစား၍တောင်းပန်ခဲ့ပါသည်။ သို့ရာတွင် သူ၏စကားများသည် မီးတောက်ပေါ်သို့ကျသွားသောဆီနှင့်တူနေပါသည်။ ၎င်းတို့၏အမျက်ဒေါသသည် ပြင်းထန်သောလှိုင်းတံပိုးတစ်ခု၏မြည်ဟည်းသံနှင့်တူနေပါသည်။ သူတို့သည် မိမိကိုယ်ကိုတရားသူကြီးတစ်ဦးကဲ့သို့ မိမိတို့အားဆက်ဆံနေသော လောတကိုပြက်ရယ်ပြုခဲ့ကြပြီး သူ့အား ဧည့်သည်များထက်ပိုဆိုးအောင်ပြုမူပစ်မည်ဟုကြိမ်းမောင်းခဲ့ကြပါသည်။ သူတို့သည် လောတဆီသို့တစ်ဟုန်ထိုးပြေးလာကြရာ အကယ်၍သာ ဘုရားသခင်၏ကောင်းကင်တမန်များကသာ မကယ်ဆယ်ခဲ့လျှင် သူ၏ခန္ဓာကိုယ်သည် အပိုင်းပိုင်းစုတ်ပြတ်သွားခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့သော် "ကောင်းကင်တမန်တို့သည် လက်ကိုဆန့်၍ လောတကိုမိမိတို့နေရာအိမ်အတွင်းသို့ဆွဲသွင်းပြီးလျှင် တံခါးကိုပိတ်ကြ၏။" နောက်ပိုင်းတွင်ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များသည် ၎င်းဧည့်ခံခဲ့သော ဧည့်သည်များ၏ဇာတိရုပ်မှန်ကိုပေါ်လွင်စေခဲ့ပါသည်။ "အိမ်တံခါးနားမှာရှိသော သူအကြီးအငယ်တို့ကိုမျက်စိကန်းစေခြင်းဒဏ်ခတ်သဖြင့် သူတို့သည် တံခါး



ကိုရှာ၍ ပင်ပန်းခြင်းသို့ရောက်ကြ၏။" ထိုအချိန်တွင် ၎င်းတို့အား စိတ်နှလုံးမာကျောစေလျက် မျက်စိကန်းစေတော်မမူခဲ့လျှင် ထာဝရဘုရားသခင်၏ လုပ်ဆောင်တော်မူချက်သည် ၎င်းတို့အားကြောက်လန့်သွားစေနိုင်သကဲ့သို့ ၎င်းတို့၏ဒုစရိုက်အကျင့်များကိုရပ်တန့်သွားစေနိုင်ပါသည်။ ယခင်ကပြုခဲ့ဖူးသောအပြစ်များထက် ပို၍မကြီးမားသောအပြစ်များအားဖြင့် ထိုနောက်ဆုံးညကိုအထင်ကရဖြစ်စေခဲ့သော်လည်း အချိန်ကြာမြင့်စွာဂရုမူခြင်းမခံရသည့် ကရုဏာတော်၏တောင်းခံမှုသည် နောက်ဆုံးတွင်ရပ်စဲသွားခဲ့ပါသည်။ သောဒုံမြို့သားများသည် ဘုရားသခင်၏သည်းခံမှုအတိုင်းအတာတည်းဟူသော ကိုယ်တော်၏သည်းခံခြင်းနှင့်အမျက်တော်အကြားထိမ်ဝှက်ထားသောနယ်နိမိတ်ကိုကျော်လွှားသွားခဲ့ကြပေပြီ။ ကိုယ်တော်၏အမျက်မီးသည် စိဒ္ဒိမ်ချိုင့်တွင် တောက်လောင်လုဆဲဆဲအခြေအနေတွင်ရှိပါသည်။

ကောင်းကင်တမန်များကလည်း၊ "ဤအရပ်ကိုငါတို့သည်ဖျက်ဆီးရမည့်အကြောင်းမူကား၊ အရပ်သားတို့သည် ထာဝရဘုရားသခင်၏ရှေ့တော်မှာ အလွန်ကြွေးကြော်ခြင်းရှိသည်ဖြစ်၍ ဖျက်ဆီးစေခြင်းငှာ ထာဝရဘုရားသခင်သည် ငါတို့ကိုစေလွှတ်တော်မူပြီ" ဟုပြောဆိုကြ၏။

လောတက ကာကွယ်ရန်ကြိုးစားခဲ့သော ထိုဧည့်သည်များသည် သူ့ကိုကာကွယ်၍ ဆိုးယုတ်သောထိုမြို့မှထွက်ပြေးကြရမည်။ သူ၏အိမ်သူအိမ်သားအပေါင်းတို့ကိုလည်းကယ်တင်ရန် ကတိပြုခဲ့ကြပါသည်။ ထိုလူအုပ်ကြီးသည် ကိုယ့်ကိုကိုယ်မကျေမနပ်ဖြစ်ကာ ထွက်ခွာသွားခဲ့ကြပါသည်။ လောတသည်လည်း ၎င်း၏သားသမီးများကိုသတိပေးရန်ထွက်ခွာသွားခဲ့ပါသည်။ ထိုနောက်ကောင်းကင်တမန်များပြောခဲ့သည့်အတိုင်း "ထကြ၊ ဤအရပ်မှထွက်သွားကြ၊ ဤမြို့ကိုထာဝရဘုရားသခင်ဖျက်ဆီးတော်မူမည်" ဟူ၍ သတိပေးပြောဆိုခဲ့သော်လည်း ကျီစားနေသည်ဟုသူတို့ကထင်ခဲ့ကြပါသည်။ သူ၏အယူသီးသောကြောက်လန့်မှုကိုလည်း လှောင်ပြောင်ခဲ့ကြပါသည်။ သူ၏သမီးများသည် သားမက်များ၏သြဇာခံများဖြစ်နေကြရာ မိမိတို့ရောက်ရှိနေသည့်နေရာ၌ပင် ကျေနပ်အားရနေကြပါသည်။ သူတို့သည် အန္တရာယ်

ကျရောက်မည့်အရိပ်အယောင်တစ်စုံတစ်ခုကိုမျှမမြင်တွေ့ကြဘဲ အရာခပ်သိမ်းတို့သည် ယခင်အတိုင်းပင်ဖြစ်ပျက်လျက်ရှိကြောင်းကိုသာမြင်တွေ့နေကြပါသည်။ သူတို့သည် ဥစ္စာခနေကြွယ်ဝချမ်းသာသူများဖြစ်ကြရာ လှပသော ဤသောဒုံမြို့ကြီးကိုဖျက်ဆီးမည်ဆိုသည့်အချက်မှာ မဖြစ်နိုင်သောအရာတစ်ခုဖြစ်သည်ဟု ယုံကြည်ခဲ့ကြပါသည်။

လောတသည် ဝမ်းနည်းကြေကွဲစွာဖြင့်အိမ်သို့ပြန်လာကာ မအောင်မြင်ခဲ့သောမိမိ၏လုပ်ဆောင်မှုအကြောင်းကို ပြောပြခဲ့ပါသည်။ ထိုအခါ ကောင်းကင်တမန်များက လောတအား ၎င်း၏ဇနီးသည်နှင့်တကွ အိမ်တွင် အတူနေသည့်သမီးပျိုနှစ်ဦးကိုခေါ်ဆောင်ကာ ထိုမြို့မှထွက်ခွာသွားရန် အမိန့်ပေးလိုက်ပါသည်။ သို့ရာတွင် လောတသည် ချက်ချင်းထွက်ခွာမသွားဖြစ်သေးဘဲ ဖင့်နွှဲနေပါသည်။ သူသည် နေ့စဉ်နှင့်အမျှအကြမ်းဖက်သောမြင်ကွင်းများကြောင့် စိတ်ဆင်းရဲခဲ့ရသော်လည်း ဆိုးယုတ်သောထိုမြို့တွင်ကျင့်သုံးနေသောယုတ်ညံ့စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသောအပြစ်ဒုစရိုက်များကို အမြင်မှန်မရသေးပါချေ။ အပြစ်လုပ်ခြင်းများကိုဟန့်တားရန် ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုသည် အထူးလိုအပ်ကြောင်းကိုလည်း သူမသိနားမလည်ခဲ့ပါချေ။ သားသမီးအချို့သည် သောဒုံမြို့ကိုစွဲလမ်းနေကြရာ ဇနီးသည်ကလည်း ထိုသားသမီးများမပါလျှင် ထိုမြို့မှမထွက်ခွာနိုင်ပါဟုငြင်းဆိုနေပါသည်။ မိမိအလွန်ချစ်မြတ်နိုးသော ထိုသားသမီးများကိုထားရစ်ခဲ့ရမည့်အရေးသည် သူမအတွက်မစဉ်းစားရဲအောင် စိတ်ထိခိုက်စေသည့်အရာတစ်ခုဖြစ်နေပါသည်။ သူ၏ဇိမ်ခံအိမ်ကြီးနှင့်တကွ တစ်သက်လုံးအပင်ပန်းခံကာရှာဖွေစုဆောင်းခဲ့ရသောစည်းစိမ်ဥစ္စာများကိုစွန့်၍ ချို့ငဲ့သောခရီးသည်တစ်ဦးကဲ့သို့ထွက်ခွာသွားရန်မှာ ခက်ခဲသောအလုပ်တစ်ခုဖြစ်နေပါသည်။ သူသည် ဝမ်းနည်းမှုကြောင့် ထုံထိုင်းလေးလံနေသဖြင့် ထိုမြို့မှထွက်ခွာသွားရန်ကြန့်ကြာနေပါသည်။ သို့ရာတွင် ဘုရားသခင်၏ ကောင်းကင်တမန်များသည် သောဒုံမြို့တစ်မြို့လုံးကိုဖျက်ဆီးပစ်ရမည်ဖြစ်သဖြင့် သူနှင့်သူ့ဇနီးကိုလည်းကောင်း၊ သူ့သမီးနှစ်ယောက်ကိုလည်းကောင်း လက်နှင့်ဆွဲ၍ မြို့ပြင်သို့ထုတ်ဆောင်ခဲ့ကြပါသည်။



မြို့ပြင်သို့ရောက်သော် ကောင်းကင်တမန်များသည် ၎င်းတို့ကို ထားရစ်ခဲ့ကာ ဖျက်ဆီးခြင်းအမှုကိုဆောင်ရွက်ရန် သောဒုံမြို့ဆီသို့ပြန်သွားခဲ့ကြပါသည်။ ထိုစဉ်တွင် အာဗြဟံအသနားခံခဲ့ဖူးသော ကိုယ်တော်ရှင်သည် လောတအနီးသို့ချဉ်းကပ်လာတော်မူခဲ့ပါသည်။ ထိုလွင်ပြင်တွင်တည်ရှိနေသည့် မြို့များတွင် ဖြောင့်မတ်သောသူဆယ်ဦးပင်မပြည့်သော်လည်း အာဗြဟံ၏ တောင်းလျှောက်သံကိုနားညောင်းသည့်အနေဖြင့် ထာဝရဘုရားသခင်ကို ကြောက်ရွံ့သောသူတစ်ဦးတစ်ယောက်တိုင်းကို ပျက်စီးခြင်းမှကယ်မတော်မူခဲ့ပါသည်။ ထိုနောက် "သင်သည် အသက်ချမ်းသာရခြင်းငှာ ပြေးလော့။ နောက်သို့လှည့်၍မကြည့်နှင့်၊ မြေညီသောအရပ်၌အလျှင်းမနေနှင့်။ တောင်ပေါ်သို့ပြေးလော့။ သို့မဟုတ်လျှင် ဆုံးလိမ့်မည်" ဟုပြင်းထန်သောလေသံဖြင့် အမိန့်ပေးလိုက်ပါသည်။ ယခုအချိန်တွင် နှောင့်နှေးကြန့်ကြာမှုကိုပြုလုပ်ခြင်းသည် သေကျေပျက်စီးမှုကိုဖြစ်စေပါလိမ့်မည်။ အဖျက်ဆီးခံရတော့မည့် မြို့ကြီးကို အချည်းနှီးအကြည့်တစ်ခုကိုကြည့်ခြင်းနှင့် လှပခန့်ညားသောအိမ်များကိုစွန့်ခွာမှုအတွက် သံဝေဂရကာ ကြန့်ကြာနေခြင်းများသည် ၎င်းတို့၏ အသက်ကိုသေဆုံးစေပါလိမ့်မည်။ သနားစရာကောင်းသော ဤမိသားစုအား ထွက်ပြေးလွတ်မြောက်နိုင်ရန်အတွက်သာ ထာဝရဘုရားသခင်၏အမျက်တော် မုန်တိုင်းသည် ကြန့်ကြာနေခြင်းဖြစ်ပါသည်။

သို့ရာတွင် စိတ်နှလုံးရှုပ်ထွေးကာ ကြောက်လန့်နေသောလောတက ဒုစရိုက်မှုများသည် ၎င်းအပေါ်သို့ကျရောက်လာကာ သေဆုံးသွားမည်စိုးသဖြင့် ၎င်းအားစေခိုင်းထားသောအရာကိုလုပ်ကိုင်နိုင်စွမ်းမရှိတော့ကြောင်း အသနားခံခဲ့ပါသည်။ ဆိုးယုတ်သောထိုမြို့ရှိမယုံကြည်သူများအကြားတွင်နေထိုင်ခဲ့ရသောကြောင့် သူ၏ယုံကြည်ခြင်းသည် မှေးမှိန်ခဲ့ရပါသည်။ သခင်ယေရှုကိုယ်တော်တိုင် ၎င်း၏နံဘေးတွင်ရှိနေတော်မူခဲ့သော်လည်း ၎င်းအား စောင့်ရှောက်မှုနှင့်ချစ်ခြင်းမေတ္တာကိုပြတော်မူခဲ့သောထာဝရဘုရားသခင်သည် ၎င်းအားယခုတိုင်အောင်မစတော်မူသကဲ့သို့ မိမိ၏အသက်အတွက်သူတောင်းခံခဲ့ပါသည်။ သူသည် သံသယ၊ ဒွိဟကင်းစွာဖြင့် မိမိ၏အသက်တာနှင့်အလို

ဆန္ဒများကို ထာဝရဘုရားသခင်၏လက်တော်၌အပ်နှံကာ ကိုယ်တော်ရှင်စေလွှတ်တော်မူသည့်စေတမန်များကို လုံးလုံးလျားလျားယုံကြည်ကိုးစားသင့်လှပါသည်။ သို့ရာတွင် လောတသည် ယခုခေတ်လူအများစုကဲ့သို့ပင် မိမိသဘောအတိုင်းစီစဉ်လုပ်ဆောင်ရန်ကြိုးစားကာ "ကြည့်ပါ၊ ထိုမြို့သည်နီးပါ၏။ ပြေးသာပါ၏။ ငယ်သောမြို့လည်းဖြစ်ပါ၏။ ဘေးလွတ်၍ ထိုအရပ်သို့ ပြေးပါရစေ။ ထိုမြို့သည် ငယ်သောမြို့မဟုတ်လော။ သို့ပြေးလျှင် အသက်ချမ်းသာရပါမည်" ဟုဆိုလေ၏။ ထိုမြို့ကလေးသည် သောဒုံမြို့မှမိုင်အနည်းငယ်သာဝေးကွာပြီး စာရိတ္တဖေါက်ပြန်နေသောဇောရဟုခေါ်သည့်မြို့တစ်မြို့ဖြစ်ကာ ဖျက်ဆီးရန် ဒဏ်ချမှတ်ခြင်းခံထားရသောမြို့တစ်မြို့လည်းဖြစ်ပါသည်။ သို့ရာတွင် မဖျက်ဆီးရန် လောတကတောင်းပန်သဖြင့် ထာဝရဘုရားသခင်သည် ၎င်း၏အလိုကိုလိုက်လျောကာ "ဤအမှုအရာ၌လည်း သင်၏စကားကို ငါနားထောင်စေခြင်းငှာ ထိုမြို့အတွက်တောင်းပန်သောကြောင့် ငါမဖျက်ဆီး" ဟု ၎င်းအားအာမခံတော်မူ၏။ မှားယွင်းလျက်ရှိသောလူသတ္တဝါများအပေါ်ထားရှိသည့် ထာဝရဘုရားသခင်၏ကရုဏာတော်သည် အလွန်ကြီးမားလှစွတကား။

ထိုမြို့အပေါ်သို့မကြာတော့မီအချိန်ကလေးအတွင်းတွင် မီးမုန်တိုင်းကြီးကျကာ လောင်ကျွမ်းသွားတော့မည်ဖြစ်သဖြင့် ထိုမြို့မှအမြန်ထွက်သွားကြရန် အရေးတကြီးမိန့်မှာတော်မူခဲ့သော်လည်း ၎င်းတို့အထဲမှ တစ်ယောက်သောသူသည် ထိုမြို့ကိုပြန်ကြည့်မိခဲ့သဖြင့် ဆားတိုင်ဖြစ်ခဲ့ရပါသည်။ လောတကိုယ်တိုင်က ကောင်းကင်တမန်၏သတိပေးစကားကိုနှောင့်နှေးခြင်းမရှိဘဲ နားထောင်ကာ တောင်များပေါ်သို့အလျင်အမြန်ထွက်ပြေးခဲ့မည်ဆိုလျှင် သူ၏ဇနီးသည်လည်း ထွက်ပြေးလွတ်မြောက်ခဲ့လိမ့်မည်ဖြစ်ပါသည်။ သူပြသသည့်ပုံသက်သေ၏ဩဇာသက်ရောက်မှုသည် သူမ၏ကံကြမ္မာကိုတံဆိပ်ခတ်ထားသည့် ထိုအပြစ်မှသူမအားကယ်လွှတ်ခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့သော် သူ၏နှောင့်နှေးကြန့်ကြာမှုသည် သူမအား ဘုရားသခင်၏သတိပေးစကားကိုပေါ့ပေါ့တန်တန်သဘောထားစေခဲ့ပါသည်။ သူမ၏ခန္ဓာကိုယ်သည် လွင်ပြင်ထဲသို့ရောက်နေသော်လည်း သူမ၏စိတ်သည် သောဒုံမြို့၌သာရှိနေသဖြင့်



သူမသည် ထိုစိတ်ဓါတ်ကြောင့်ပျက်စီးခဲ့ရပါသည်။ ထာဝရဘုရားသခင်၏တရားစီရင်မှုသည် သူမ၏ဥစ္စာပစ္စည်းများနှင့်တကွ သားသမီးများကိုပျက်စီးဆုံးရှုံးစေသောကြောင့် သူမသည် ကိုယ်တော်ရှင်၏အာဏာတော်ကိုဖီဆန်ခဲ့ပါသည်။ ဆိုးယုတ်သောထိုမြို့မှထုတ်ဆောင်ခြင်းကိုခံရသည့်အမှုတွင် အကြီးအကျယ်မျက်နှာသာပေးခြင်းခံခဲ့ရသော်လည်း အနှစ်နှစ်အလလစုဆောင်းခဲ့ရသောစည်းစိမ်ဥစ္စာများကို စွန့်ပစ်ထားခဲ့ရမည်ဖြစ်သောကြောင့် ထာဝရဘုရားသခင်သည် မိမိအပေါ်တွင်ရက်စက်တော်မူသည်ဟု သူမထင်မြင်မိခဲ့ပါသည်။ သူမသည် ကယ်လွှတ်ခြင်းကို ကျေးဇူးတင်စွာဖြင့်လက်ခံရမည့်အစား၊ ဘုရားသခင်၏သတိပေးချက်ကိုငြင်းဆန်ကြသော ထိုသူများ၏အသက်တာကို အာသာငမ်းငမ်းဖြင့်အတင့်ရဲစွာပြန်၍ကြည့်ခဲ့ပါသည်။ ဆက်လက်အသက်ရှင်ခွင့်ပေးခြင်းကို ကျေးဇူးမတင်ခဲ့သဖြင့် သူမသည် အသက်ရှင်ခြင်းငှာမထိုက်တန်တော့ကြောင်း သူမအပြစ်က သူမအားထင်ရှားစေခဲ့ပါသည်။

ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ဘုရားသခင်ပြုတော်မူသည့်ကောင်းမြတ်သောအစီအစဉ်များအပေါ် ပေါ့ပေါ့တန်တန်သဘောမထားကြရန် ကျွန်ုပ်တို့သတိချပ်သင့်ကြပါသည်။ "ကျွန်ုပ်၏ခင်ပွန်းနှင့်သားသမီးများကယ်တင်ခြင်းမခံရလျှင် ကျွန်ုပ်လည်းကယ်တင်ခြင်းရရှိရန် ဂရုမထားပါ" ဟုပြောဆိုသောခရစ်ယာန်များရှိကြပါသည်။ မိမိတို့ချစ်ခင်သောသူများမရှိကြလျှင် ကောင်းကင်နိုင်ငံသည် ၎င်းတို့အတွက်ကောင်းကင်နိုင်ငံမဟုတ်ပါဟု သူတို့အထင်ရှိနေကြပါသည်။ ထိုကဲ့သို့ထင်မြင်ယူဆနေကြသူများသည် ကိုယ်တော်၏ကြီးမြတ်လှသောကောင်းမြတ်ခြင်းနှင့်ကရုဏာတော်ကိုထောက်၍ ထာဝရဘုရားသခင်အပေါ်ဆက်နွှယ်မှုနှင့်ပတ်သက်၍ မှန်ကန်သောအယူအဆရှိကြပါသလား။ ၎င်းတို့အားခိုင်ခံ့သောမေတ္တာနှောင်ကြိုးများ၊ ဂုဏ်ပြုခြင်း၊ သစ္စာစောင့်ခြင်းနှောင်ကြိုးများဖြင့် ဖန်ဆင်းရှင်၊ ကယ်တင်ရှင်၏အမှုတော်အတွက် ရစ်ပတ်ချည်နှောင်ထားကြောင်းကို သူတို့မေ့လျော့ကုန်ကြပြီလား။ ကရုဏာတော်၏ဖိတ်ခေါ်မှုသည် လူတိုင်းအားပြုတော်မူခဲ့ရာ ကယ်တင်ရှင်၏အသနားခံနေသည့်မေတ္တာတော်ကို ကျွန်ုပ်တို့၏မိတ်ဆွေများကငြင်းပယ်ကြသောကြောင့်

ကျွန်ုပ်တို့ကလည်း ကျောခိုင်းကြရမည်လား။ အသက်ဝိညာဉ်၏ကယ်တင်ခြင်းလုပ်ငန်းသည် အဖိုးတန်မွန်မြတ်လှပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ကြီးမားလှသောအဖိုးအခတစ်ခုကိုပေးဆပ်တော်မူခဲ့ပြီးဖြစ်ရာ ဤဝတ်ပြုအနစ်နာခံမှုကြီး၏တန်ဖိုးကိုလည်းကောင်း၊ အသက်ဝိညာဉ်၏အဖိုးထိုက်တန်မှုကိုလည်းကောင်း အလေးအမြတ်မထားသောသူတစ်စုံတစ်ယောက်သည် ထာဝရဘုရားသခင်ကကမ်းလှမ်းနေသော ကရုဏာတော်ကိုမထီမဲ့မြင်ပြုပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အခြားသူများသည်လည်းထိုသို့လုပ်ဆောင်ရန် ရွေးချယ်နေကြခြင်းကြောင့်တည်း။ ကျွန်ုပ်တို့သည်မိမိတို့ဘာသာထာဝရဘုရားသခင်ကိုဂုဏ်ပြုကာ ကျွန်ုပ်တို့၏ဩဇာလွှမ်းမိုးမှုအောက်တွင်ရှိသောလူအပေါင်းတို့အား ကိုယ်တော်၏မေတ္တာတော်ကိုလက်ခံလာအောင် လမ်းပြနိုင်စေရန်အလို့ငှာ ကိုယ်တော်၏တရားမျှတသောခိုင်းစေမှုကိုအခြားသူများမသိကျိုးကျွန်ပြုနေသည့်အချက်သည် ကျွန်ုပ်တို့အား ပို၍လုံ့လဥဿာဟထုတ်ရန် နှိုးဆွပေးသည့်အချက်ဖြစ်သင့်ပါသည်။

"လောတသည် ဇောရမြို့သို့ဝင်သောအခါ မြေကြီးပေါ်မှာနေထွက်ချိန်ဖြစ်သတည်း။" နံနက်ခင်း၏တောက်ပသောနေရောင်ခြည်များသည် ထိုလွင်ပြင်မှမြို့များ၏ကြီးပွားတိုးတက်မှုနှင့်ငြိမ်သက်ခြင်းအကြောင်းကိုသာဖွင့်ဟနေသယောင်ဖြစ်နေပါသည်။ လမ်းများပေါ်တွင် လှုပ်ရှားသွားလာမှုများစတင်အသက်ဝင်လာခဲ့ပါသည်။ လူများသည် လုပ်ငန်းကိုင်ငန်းအတွက်သော်လည်းကောင်း၊ တစ်နေ့တာ၏အပျော်အပါးအတွက်သော်လည်းကောင်း သက်ဆိုင်ရာလုပ်ငန်းအသီးသီးကိုဆောင်ရွက်ရန် သွားလာလှုပ်ရှားနေကြပါသည်။ လောတ၏သားမက်များသည် ဉာဏ်နည်းသောထိုအဘိုးအို၏စိုးရိမ်မှုများနှင့် သူပြောခဲ့သောသတိပေးစကားများကို ပြက်ရယ်ပြုနေကြပါသည်။ ထိုစဉ်တွင် မမျှော်လင့်ဘဲရုတ်တရက်ချက်ချင်းမိုးချုန်းသံကဲ့သို့သောအသံတစ်သံသည် တိမ်သလ္လာကင်းစင်နေသောကောင်းကင်ယံတွင် မြည်ဟည်းလာပြီးမုန်တိုင်းကျလာခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ထိုမြို့များနှင့်အသီးအနှံများပေါကြွယ်ဝသော ထိုလွင်ပြင်ပေါ်သို့ မီးမိုးရွာချစေခဲ့ပါသည်။ ထိုမြို့များရှိ



နန်းတော်များနှင့်ဘုရားဝတ်ပြုကျောင်းများ၊ တန်ဖိုးကြီးလှသောလူနေအဆောက်အအုံများ၊ ဥယျာဉ်များနှင့်စပျစ်ခြံကြီးများနှင့်တကွ ကောင်းကင်မှစေတမန်များကို ယခင်ညကစော်ကားခဲ့ကြသည့် ပျော်ရွှင်မြူးထူးနေကြသောလူအုပ်ကြီးသည် မီးလောင်ကျွမ်း၍သေဆုံးပျက်စီးကုန်ကြပါတော့သည်။ ဟုန်းဟုန်းတောက်နေသောထိုမီးတောက်မှမီးခိုးများသည် မီးဖိုကြီးတစ်ခုမှမီးခိုးများနှယ်အထက်သို့ပြန်တက်သွားခဲ့ကြပါသည်။ သာယာစိုပြည်ခဲ့ဖူးသောစိဒ္ဒိမ်ချိုင့်သည်နောက်ပိုင်းတွင် တစ်ခါမျှလူမနေတော့သည့် လူဆိတ်ငြိမ်သောနေရာတစ်ခုဖြစ်လာခဲ့ပါသည်။ ၎င်းမှာ ပညတ်တော်လွန်ကျူးမှုများအပေါ် ထာဝရဘုရားသခင်သည် ဧကန်အမှန်ပြစ်ဒဏ်စီရင်မည်ဖြစ်ကြောင်း နောင်လာနောက်သားများအတွက် သက်သေတစ်ခုဖြစ်ပါသည်။

ထိုလွင်ပြင်ရှိထိုမြို့များကိုလောင်ကျွမ်းခဲ့သော ထိုမီးတောက်များသည်ကျွန်ုပ်တို့ခေတ်တိုင်အောင် ၎င်း၏သတိပေးအလင်းတန်းများကို ဖြာလျက်ရှိနေပါသည်။ ဘုရားသခင်၏ကရုဏာတော်သည် ပညတ်တော်လွန်ကျူးသူများကိုအချိန်ကြာမြင့်စွာသည်းခံတော်မူသော်လည်း ထိုလူသားများအပြစ်ကိုဆက်လက်မကျူးလွန်နိုင်တော့သည့်အငန်းအတာတစ်ခုရှိနေကြောင်း အရေးကြီးသောသင်ခန်းစာတစ်ခုကို ကျွန်ုပ်တို့အားသွန်သင်ပေးနေပါသည်။ ထိုအငန်းအတာကိုကျော်လွန်သွားသောအချိန်တွင် ကရုဏာတော်၏တောင်းခံမှုများကိုပြန်လည်ရုပ်သိမ်းသွားပြီး ပြစ်ဒဏ်စီရင်ခြင်းအမှုကို အစပျိုးလာပါသည်။

သောဒုံနှင့်ဂေါမောရမြို့များကိုဖျက်ဆီးစေခဲ့သောအပြစ်များထက်သာ၍ကြီးသောအပြစ်များရှိနေသည်ဟု ကမ္ဘာ့ကယ်တင်ရှင်ကမိန့်မြွက်တော်မူနေပါသည်။ နောင်တရကြရန် အပြစ်သားများကိုခေါ်တော်မူလျက်ရှိသောဧဝံဂေလိတရားတော်၏ဖိတ်ခေါ်ချက်ကိုကြားသော်လည်း မလိုက်လျှောက်ခဲ့သောသူများသည် ထာဝရဘုရားသခင်၏ရှေ့တော်မှောက်တွင် စိဒ္ဒိမ်ချိုင့်မှထိုလူသားများထက်ပို၍အပြစ်ကြီးကြပါသည်။ ၎င်းပြင် ထိုထက်ကြီးသောအပြစ်တစ်ခုမှာ ထာဝရဘုရားသခင်ကိုသိပြီး ပညတ်တော်ကိုစောင့်ပါမည်ဟုပြောဆိုနေကြသော်လည်း ၎င်းတို့၏အကျင့်စာရိတ္တနှင့် ၎င်းတို့၏နေ့စဉ်

အသက်တာတို့တွင် ခရစ်တော်အားငြင်းပယ်သောသူများ၏အပြစ်ပင်ဖြစ်သည်။ ကယ်တင်ရှင်၏သတိပေးစကားတွင် သောဒုံမြို့၏ကံကြမ္မာသည် ဖြစ်ပေါ်နေသောအပြစ်များကိုကျူးလွန်နေသူများအတွက်သာမက ဘုရားသခင်ပေးသနားတော်မူသည့် အလင်းတရားနှင့်အခွင့်အရေးများကို ပေါ့ပေါ့တန်တန်လုပ်သူအားလုံးအတွက်လည်း အရေးကြီးသောဆုံးမသတိပေးချက်တစ်ခုဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် ဇေက်အသင်းတော်အားမိန့်တော်မူသည်ကား "သင်သည် ရှေးဦးစွာသောချစ်ခြင်းမေတ္တာလျော့ပြီဟု သင်၌အပြစ်တင်စရာရှိ၏။ ထိုကြောင့် သင်သည် မရွေ့လျော့မီ အရင်နေရာအရပ်ကိုအောက်မေ့လော့။ နောင်တရလော့။ ရှေးဦးစွာသောအကျင့်ကိုကျင့်လော့။ သို့မဟုတ် သင်ရှိရာသို့ ငါသည်အလျင်အမြန်လာမည်။ နောင်တမရလျှင် သင်၏မီးခွက်ကိုနေရာမှရွှေ့မည်" ဟူ၍ဖြစ်၏။ တစ်ဖွတ်ထိုးတဇောက်ကန်းလုပ်တတ်သဖြင့် ဒုက္ခရောက်နေသောသားကလေး၏အပြစ်ကိုဖြေလွှတ်ရန် လောကမိဘများ၏စိတ်နှလုံးကိုလှုပ်ရှားပေးနေသော အကြင်နာကရုဏာထက်ကြီးမားသောကရုဏာတော်ဖြင့် ကယ်တင်ရှင်သည် မိမိ၏မေတ္တာတော်နှင့်အပြစ်လွှတ်ခြင်းဆိုင်ရာလက်ကမ်းမှုအတွက် တုံ့ပြန်မှုတစ်ခုကိုစောင့်စားတော်မူနေပါသည်။ "ငါ့ထံသို့ပြန်လာကြလော့၊ ငါသည်လည်း သင်တို့ဆီသို့ပြန်လာမည်" ဟူ၍ ထိုလမ်းလွဲနေသူ၏နောက်မှလိုက်၍ ကိုယ်တော်ဟစ်အော်တော်မူနေပါသည်။ သို့ရာတွင် မှားယွင်းနေသောထိုသူများသည် မေတ္တာကရုဏာနှင့်ပြည့်သော ထိုခေါ်သံကိုလက်ခံရန် အဆက်မပြတ်ငြင်းဆိုလျှင် သူသည်အဆုံး၌မှောင်နက်မည်းမည်းကြီးထဲတွင် စွန့်ပစ်ခြင်းကိုခံရလိမ့်မည်။ ဘုရားသခင်၏ကရုဏာတော်ကို အချိန်ကြာမြင့်စွာမထီမဲ့မြင်ပြုခဲ့သောစိတ်နှလုံးသည် အပြင်တွင်မာကျောလာပြီး ဘုရားသခင်ကျေးဇူးတော်၏ဩဇာလွှမ်းမိုးမှုကိုဆက်လက်၍ထိတွေ့ခံစားမှုမရှိတော့ချေ။ "သူသည် ရုပ်တုတို့၌စွဲကပ်လျက်ရှိ၏။ သူ့ကိုတတ်တိုင်းရှိစေလော့" ဟူ၍ ထိုအသက်ဝိညာဉ်အတွက်တောင်းလျှောက်အသနားခံခဲ့သောကယ်တင်ရှင်ပြုတော်မူမည့်နောက်ဆုံးသောစီရင်ချက်သည်ကြောက်စရာကောင်းလှပါသည်။ တရားစီရင်ရာနေ့ရက်တွင် ခရစ်တော်၏



ချစ်ခြင်းမေတ္တာကိုသိသော်လည်း အပြစ်ကင်းပြီးသော လောကအပျော်အပါးများကိုရွေးချယ်ရန် ဦးလှည့်ခဲ့သောသူများထက် ထိုချိုင့်ထဲရှိမြို့များတွင်နေထိုင်ကြသောသူများသည် ပို၍သည်းခံခြင်းအခွင့်ခံကြရလိမ့်မည်။

ကရုဏာတော်၏တောင်းခံမှုများကို အလေးမထားလျက်ရှိသောမိတ်ဆွေ၊ ကောင်းကင်နိုင်ငံတော်တွင် သင်၏တစ်ဖက်၌စုဆောင်းမှတ်တမ်းတင်ထားသောအရာများကို စဉ်းစားဆင်ခြင်ပါ။ အကြောင်းမှာ တိုင်းနိုင်ငံများ၏ဆိုးသွမ်းမှုများ၊ မိသားစုများ၏ဆိုးသွမ်းမှုများနှင့် လူတစ်ဦးချင်း၏ဆိုးသွမ်းသောလုပ်ရပ်များကို ထိန်းသိမ်းထားသည့်မှတ်တမ်းတစ်ခုရှိနေပါသည်။ ထိုအခြင်းအရာများဆက်လက်ဖြစ်ပွားနေစဉ် အချိန်ကြာမြင့်စွာထာဝရဘုရားသခင်သည်းခံတော်မူနိုင်ကောင်းသည်းခံနိုင်မည်ဖြစ်သော်လည်း နောင်တရရန်ဆင့်ဆိုကာ အပြစ်ခွင့်လွှတ်ခြင်းပြုကြောင်း မိန့်ဆိုနိုင်ကောင်းမိန့်ဆိုနိုင်မည်ဖြစ်သော်လည်း ထိုအခြင်းအရာအဆုံးသတ်သွားမည့်အချိန်တစ်ချိန်သို့ရောက်လာသောအခါတွင်လည်းကောင်း၊ ထိုအသက်ဝိညာဉ်ကိုယ်တိုင်က သူ၏ကိုယ်တိုင်ရွေးချယ်မှုအားဖြင့် ဆုံးဖြတ်ချက်ချပြီးသောအချိန်တွင်လည်းကောင်း ၎င်း၏ကံကြမ္မာသည် အတည်ဖြစ်သွားခဲ့ပါလိမ့်မည်။ ထိုအချိန်တွင် အပြစ်ဒဏ်စီရင်မှုကိုအပြီးသတ်ဆောင်ရွက်ရန် အထိမ်းအမှတ်ပေးတော်မူပါလိမ့်မည်။

ယခုခေတ်ဘာသာရေးနယ်ပယ်၏အခြေအနေတွင် ထိတ်လန့်စိုးရိမ်စရာအကြောင်းရင်းတစ်ရပ်ရှိနေပါသည်။ ၎င်းမှာထာဝရဘုရားသခင်၏ကရုဏာတော်ကိုအရေးတယူတန်ဖိုးမထားခြင်းပင်ဖြစ်ပါသည်။ လူအပေါင်းတို့သည် လူတို့စီရင်သောပညတ်တို့ကိုသွန်သင်၍ နည်းဥပဒေသများပေးလျက်ပင် ထာဝရဘုရားသခင်၏ပညတ်တော်ကိုအချည်းနှီးဖြစ်စေကြလျက်ရှိပါသည်။ အမေရိကန်ပြည်ထောင်စုရှိအသင်းတော်အများစုတွင် မယုံကြည်မှုများသည် အောင်နိုင်လျက်ရှိပါသည်။ ထိုမယုံကြည်သူများသည် သမ္မာကျမ်းစာကိုဖြောင်ကျကျငြင်းပယ်ရုံသာမက ခရစ်ယာန်အယူဝါဒ၏အရေကိုလည်းခြုံထားပါသေးသည်။ တစ်ချိန်တည်းမှာပင် ထာဝရဘုရားသခင်၏ကြိုတင်ဟောတရားတစ်ခုအနေဖြင့် သမ္မာကျမ်းစာတွင်ဖေါ်ပြထားသည့် ယုံကြည်ခြင်း

ပြိုလဲပျက်စီးအောင်လုပ်ဆောင်လျက်ရှိပါသည်။ စိတ်အားထက်သန်သော ဆက်ကပ်မှုနှင့် အရေးပါသောခရစ်ယာန်ဘာသာတရားရှိမှု၏နေရာတွင် အနှစ်သာရမပါသောအပေါ်ယံရွှေမှုန်ကြဲသည့်ဝါဒကို အစားထိုးလာကြပါသည်။ ထိုကြောင့် ခရစ်ယာန်ဘာသာရေးဖေါက်ပြန်မှုနှင့် ကာမဂုဏ်လိုက်စားလွန်းသည့်ဝါဒတို့သည် စိုးမိုးလာပါသည်။ "လောတလက်ထက်၌ လူများတို့သည် ---နေသကဲ့သို့---လူသားပေါ်ထွန်းသောနေ့၌ဖြစ်လိမ့်မည်" ဟု ခရစ်တော်မိန့်ကြားခဲ့ပါသည်။ နေ့စဉ်ဖြစ်ပျက်နေသောအရာများ၏မှတ်တမ်းများက ကိုယ်တော်၏စကားများပြည့်စုံလျက်ရှိကြောင်းကို သက်သေခံနေပါသည်။ ဤကမ္ဘာကြီးသည် ပျက်စီးခြင်းအချိန်သို့လျင်မြန်စွာချဉ်းကပ်လျက်ရှိပါသည်။ မကြာမီတွင် ထာဝရဘုရားသခင်၏တရားစီရင်ခြင်းသည်ကျရောက်လာကာ အပြစ်နှင့်တကွ အပြစ်သားများတို့သည် လောင်ကျွမ်းပျက်စီးကုန်ကြပေတော့မည်။

"သင်တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့။ သို့မဟုတ်လျှင် အစားအသောက်လွန်ကြူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပန်းလျက်နေစဉ်တွင် ထိုနေ့ရက်သည် အမှတ်တမဲ့သင်တို့နှင့်တွေ့ကြုံလိမ့်မည်။ ထိုနေ့ရက်သည် ပိုက်ကွန်ကဲ့သို့ မြေတစ်ပြင်လုံး၌နေသောလူအပေါင်းတို့ကို အုပ်မိလိမ့်မည်" ဟူ၍ လောကကိုချစ်ခင်မြတ်နိုးနေသူအပေါင်းတို့အား ခရစ်တော်မိန့်ကြားတော်မူခဲ့ပါသည်။ ၎င်းပြင် "ထို့ကြောင့် သင်တို့သည် ဖြစ်လတ္တံ့သောအမှုအရာတို့နှင့်ကင်းလွတ်၍ လူသားထံသို့ရောက်ခြင်းကို ခံထိုက်သောသူဖြစ်သည်ဟုမှတ်တော်မူမည်အကြောင်း၊ အစဉ်ဆုတောင်းလျက်စောင့်နေကြလော့" ဟုဆက်လက်သတိပေးတော်မူခဲ့ပါသည်။

"သင်သည် အသက်ချမ်းသာရခြင်းငှာ ပြေးလော့။ နောက်သို့လှည့်၍ မကြည့်နှင့်။ မြေညီသောအရပ်၌ အလျှင်းမနေနှင့်၊ တောင်ပေါ်သို့ပြေးလော့၊ သို့မဟုတ်ဆုံးလိမ့်မည်" ဟု ထာဝရဘုရားသခင်သည် သောဒုံမြို့ကြီးအား မဖျက်ဆီးမီ လောတထံသို့သတင်းပေးပို့တော်မူခဲ့ပါသည်။ ထိုနည်းအတူ ယေရုရှလင်မြို့ကြီးမပျက်စီးမီအချိန်တွင် ထိုသတိပေးစကားမျိုးကို ခရစ်တော်၏



တပည့်တော်များကြားခဲ့ရသည်မှာ "ယေရုရှလင်မြို့ကို ဗိုလ်ခြေများဝန်းရံလျက်ရှိသည်ကို သင်တို့မြင်သောအခါ ထိုမြို့သည် ပျက်စီးခြင်းသို့ရောက်လုသည်ကိုသိမှတ်ကြလော့။ ထိုအခါ ယုဒပြည်၌ရှိသောသူတို့သည် တောင်ပေါ်သို့ပြေးကြစေ" ဟူ၍ဖြစ်၏။ ထိုသူများသည် မိမိဥစ္စာဘဏ္ဍာများထဲမှ အချို့တစ်ဝက်ကိုရယူရန်ကြန့်ကြာမနေကြဘဲ ကျရောက်မည့်ဘေးမှလွတ်မြောက်ရန် အခွင့်အရေးကိုအကျိုးရှိအောင်အသုံးချကြရမည်ဖြစ်ပါသည်။

ဆိုးသွမ်းသောထိုသူများထံမှ သိသိသာသာတသီးတခြားထွက်ခွာလာခြင်းသည် အသက်ရှင်ရန်လွတ်မြောက်လမ်းတစ်ခုဖြစ်ပါသည်။ နောဧလက်ထက်၊ လောတလက်ထက်နှင့် ယေရုရှလင်မြို့မပျက်စီးမီ တပည့်တော်များလက်ထက်တွင် ထိုနည်းအတူဖြစ်ပျက်ခဲ့သကဲ့သို့ နောက်ဆုံးသောနေ့ရက်များတွင်လည်း ထိုနည်းအတူဖြစ်ပါလိမ့်မည်။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပျက်လျက်ရှိသောဒုစရိုက်မှုများမှ မိမိတို့ကိုယ်ကိုတသီးတခြားနေထိုင်ကြရန် ကိုယ်တော်၏လူမျိုးတို့ကိုတောင်းပန်နေသောသတိပေးချက်သတင်းစကားများတွင် ထာဝရဘုရားသခင်၏အသံတော်ကို တစ်ဖန်ကြားနေရပါသည်။

နောက်ဆုံးသောခေတ်ကာလတွင် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများ၌ဖြစ်ပေါ်လာမည့်စာရိတ္တဖေါက်ပြန်မှုနှင့်အယူဝါဒဖေါက်ပြန်မှုများ၏ အခြေအနေကို "လောကီဘုရင်တို့ကိုအုပ်စိုးသောမြို့ကြီး" တည်းဟူသော ဗာဗုလုန်နှင့်ပတ်သက်သည့်ရူပါရုံတွင် ရှင်ယောဟန်အားပြသထားတော်မူခဲ့ပါသည်။ "ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း ကင်းလွတ်အံ့သောငှာ၊ သူ၏အထဲကထွက်ကြလော့" ဟူ၍ ထိုမြို့ကြီးအဖျက်ဆီးမခံရမီတွင် ကောင်းကင်မှခေါ်သံတစ်ခုပြုတော်မူပါလိမ့်မည်။ နောဧနှင့်လောတတို့၏အချိန်ကကဲ့သို့ပင် အပြစ်နှင့်တကွ အပြစ်သားများတို့မှ ကျွန်ုပ်တို့သီးသီးခြားခြားနေကြရပါမည်။ ထာဝရဘုရားသခင်နှင့်လောကီမှုများအကြား အလျှော့ပေးစေ့စပ်မှုတစ်စုံတစ်ရာမရှိနိုင်ပါချေ။ လောကီဘဏ္ဍာများကိုစုသိမ်းရန် ပြန်လည်ဦးလှည့်ခြင်းတစ်စုံတစ်ရာမရှိနိုင်ပါချေ။ "အဘယ်သူမျှ၊ သခင်နှစ်ဦးအစေကိုမခံနိုင်။"

လူတို့သည် စိဒ္ဒိမ်ချိုင့်မှလူများကဲ့သို့ပင် ကြီးပွားချမ်းသာရေးနှင့် ငြိမ်းချမ်းရေးအတွက် အိပ်မက်မက်နေကြပါသည်။ "သင်သည် အသက်ချမ်းသာရခြင်းငှာပြေးလော့" ဟူသောဘုရားသခင်၏ကောင်းကင်တမန်ထံမှ သတိပေးစကားကိုကြားနေရသကဲ့သို့ "စိတ်မပူပါနှင့်၊ ထိတ်လန့်စရာအကြောင်းတစ်စုံတစ်ခုမျှမရှိပါ" ဟူသောအခြားအသံတစ်ခုကိုလည်းကြားနေရပါသည်။ ပညတ်တော်ကိုလွန်ကျူးသူများအပေါ်သို့ ပျက်စီးခြင်းသည် အလျင်အမြန်ကျရောက်တော့မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူနေစဉ်တွင် "ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏" ဟုဟစ်ကြွေးနေကြပါသည်။ အဖျက်ဆီးမခံရမီတစ်ညတွင် ထိုချိုင့်ဝှမ်းရှိလူများမှမြို့သူမြို့သားများသည် အပျော်ကျူးနေကြပြီး ဘုရားသခင့်စေတမန်၏သတိပေးစကားကိုပြက်ရယ်ပြုခဲ့ကြပါသည်။ သို့ရာတွင် ပြက်ရယ်ပြုသောထိုသူအားလုံးသည် မီးလောင်ကျွမ်း၍ သေဆုံးခဲ့ကြရပါသည်။ ထိုညတွင် ဆိုးသွမ်း၍ ဘုရားသခင်၏အမိန့်တော်ကို ပမာမပြုသော သောဒုံမြို့သားများအတွက် ကရုဏာတံခါးသည် ထာဝစဉ်ပိတ်သွားခဲ့ချေပြီ။ ထာဝရဘုရားသခင်သည် ထာဝစဉ်ပြက်ရယ်ပြုခြင်းကို အစဉ်ထာဝရခံရလိမ့်မည်မဟုတ်ပါချေ။ အချိန်ကြာမြင့်စွာအထင်သေးခြင်းကိုခံတော်မူလိမ့်မည်မဟုတ်ချေ။ "ထိုပြည်ကိုဖျက်ဆီး၍ အပြစ်ကြီးသောပြည်သူပြည်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှာ ထာဝရဘုရားသခင်၏ကြမ်းကြုတ်သောနေ့ရက်သည် ပြင်းထန်သောဒေါသအမျက်ထွက်လျက်လာလိမ့်မည်။" ကမ္ဘာသားအများစုသည် ထာဝရဘုရားသခင်၏ကရုဏာတော်ကို လက်မခံကြသဖြင့် အဆုံးစွန်သောပျက်စီးခြင်းဘေး၏ လွှမ်းမိုးခြင်းကိုခံကြရလိမ့်မည်။ သို့ရာတွင် ထိုသတိပေးစကားကို နားထောင်သူများမှာမူကား၊ "အမြင့်ဆုံးသောဘုရားသခင်၏ကွယ်ကာရာဌာနတော်၌နေရပြီး ထာဝရတန်ခိုးရှင်၏အရိပ်ကိုခိုရလိမ့်မည်။ ကိုယ်တော်၏သမ္မာတရားသည် သူတို့၏ဒိုင်းလွှားဖြစ်လိမ့်မည်။" "ရှည်သောအသက်နှင့်သူ့ကိုရောင့်ရဲစေ၍ ငါ၏ကယ်တင်ခြင်းကျေးဇူးကို သူ့အားပြမည်" ဟူသောကတိတော်သည် ၎င်းတို့အတွက်ဖြစ်ပါသည်။



လောတသည် ဇောရမြို့တွင်တစ်ခဏသာနေထိုင်ခဲ့ပါသည်။ မကောင်းမှုများသည် သောဒုံမြို့တွင်လွှမ်းမိုးခဲ့သကဲ့သို့ ထိုမြို့၌လည်းလွှမ်းမိုးနေသည်ကိုတွေ့ရှိရာ ထိုမြို့ကိုလည်းဖျက်ဆီးတော်မူမည်စိုးသဖြင့် ထိုမြို့၌သူမနေဝံ့တော့ချေ။ ထာဝရဘုရားသခင်၏မူလအကြံတော်အတိုင်း နောက်များမကြာမီတွင် ဇောရမြို့ကို မီးအားဖြင့်ဖျက်ဆီးတော်မူခဲ့ပါသည်။ လောတသည် တောင်များပေါ်သို့ပြေးခဲ့ကာ မိမိ၏မိသားစုများအပေါ်ကျရောက်သောဆိုးယုတ်သည့်မြို့တစ်မြို့၏ဩဇာသက်ရောက်မှုများကိုပစ်ပယ်လျက် လှိုင်ဂူတစ်ခုတွင်နေထိုင်ခဲ့ပါသည်။ သို့ရာတွင် သောဒုံမြို့၏ကျိန်ခြင်းအမင်္ဂလာများသည် ဤနေရာထိပင် သူ့နောက်မှလိုက်လာခဲ့ပါသည်။ သူ့သမီးများ၏အပြစ်များသောအပြုအမူများသည် ယုတ်ညံ့သောနေရာတစ်ခုမှ ဆိုးယုတ်သောမိတ်ဆွေအပေါင်းအသင်းများနှင့်ပေါင်းသင်းခြင်း၏အကျိုးဆက်ဖြစ်ပါသည်။ ထိုနေရာများမှ စာရိတ္တဖေါက်ပြန်မှုများသည် အမှားအမှန်မခွဲခြားနိုင်လောက်အောင် သူတို့၏အကျင့်စာရိတ္တတွင် ယှက်နွှယ်လျက်ရှိခဲ့ပါသည်။ လောတ၏မျိုးနွယ်စုများဖြစ်ကြသော မောဘအမျိုးသားများနှင့် အမ္မုန်အမျိုးသားများသည် ထာဝရဘုရားသခင်ကိုရန်ပြုကာ ကိုယ်တော့်သားသမီးများ၏ခါးသီးသောရန်သူများ၊ ဆိုးသွမ်း၍ရုပ်တုကိုးကွယ်ခဲ့ကြသူများဖြစ်လာကြပါသည်။

အာဗြဟံ၏အသက်တာနှင့် လောတ၏အသက်တာသည် မည်မျှကွာခြားလိုက်ပါသနည်း။ တစ်ချိန်က ၎င်းတို့သည် တစ်ခရီးတည်းသွားခဲ့သူများဖြစ်ကာ ယဇ်ပလ္လင်တစ်ခုတည်းတွင် ကိုးကွယ်ဝတ်ပြုခဲ့ကြပြီး တဲချင်းကပ်နေထိုင်ခဲ့သူများဖြစ်လာကြပါသည်။ သို့ရာတွင် ယခုတွင်ဘဝချင်းကွာခြားလှပါတကား။ လောတသည် မိမိ၏အကျိုးစီးပွားနှင့်အပျော်အပါးအတွက်ဦးစားပေးကာ သောဒုံမြို့ကိုရွေးချယ်ခဲ့ပါသည်။ အာဗြဟံတည်ဆောက်ထားသောယဇ်ပလ္လင်နှင့်တကွ အသက်ရှင်တော်မူသောဘုရားသခင်ထံ၌ နေ့စဉ်ယဇ်ပူဇော်ခြင်းများကိုမပြုတော့ဘဲ စာရိတ္တဖေါက်ပြန်၍ ရုပ်တုကိုးကွယ်သောလူများနှင့်ပေါင်းသင်းဆက်ဆံရန် မိမိ၏သားသမီးများကိုခွင့်ပြုခဲ့ပါသည်။ သို့စေကာမူ၊ သူသည် ထာဝရဘုရားသခင်ကိုဆက်လက်၍ကြောက်ရွံ့ဆဲဖြစ်

ပါသည်။ အကြောင်းမူကား၊ သမ္မာကျမ်းစာတွင် ၎င်းအား "ဖြောင့်မတ်သောသူ" ဟုဖွင့်ဆိုထားပါသည်။ သူ၏ဖြောင့်မတ်သောအသက်ဝိညာဉ်သည် နေ့စဉ်နှင့်အမျှကြားနေရသော ယုတ်ညံ့သောအပြောအဆိုများကြောင့် အနှောင့်အယှက်ဖြစ်ခဲ့ရပါသည်။ ထိုကြောင့် အဓမ္မမှုများနှင့်ရာဇဝတ်မှုများကိုဟန့်တားရန် သူ၌အစွမ်းမရှိတော့ချေ။ သူသည် "မီးထဲကနုတ်သောထင်းစ" အလားအဆုံးတွင်ကယ်နုတ်ခြင်းခံခဲ့ရသော်လည်း ဥစ္စာစည်းစိမ်၊ သားမယားများကိုစွန့်ပစ်ကာ တောသားရိုင်းကြီးအလား၊ အသက်အရွယ်ကြီးကာမှ နာမည်ပျက်ကြီးနှင့်လိုဏ်ဂူများထဲတွင်နေထိုင်ခဲ့ရပါသည်။ သူသည် ဤကမ္ဘာအတွက်ဖြောင့်မတ်သောမျိုးဆက်တစ်စုံတစ်ခုကိုမျှမထားနိုင်ခဲ့ဘဲ မိမိကိုယ်ကိုပျက်စီးခြင်းသို့ရောက်သည်တိုင်အောင် ဒုစရိုက်အမှုနှင့်ပြည့်ဝပြီး ရုပ်တုကိုးကွယ်သောလူမျိုးနှစ်မျိုးကိုပေါက်ပွားစေခဲ့ပါသည်။ အသိပညာမဲ့သောလုပ်ဆောင်မှုတစ်ခုကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များသည် အလွန်တရာကြောက်လန့်စရာကောင်းလှစွပါတကား။

"ငွေရတတ်ခြင်းငှာမကြိုးစားနှင့်။ ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်။" "မတရားသောစီးပွားကိုရှာသောသူသည် မိမိအိမ်သားတို့ကိုနှောင့်ယှက်တတ်၏။ တံစိုးကိုရွံသောသူမူကား အသက်ချမ်းသာရလိမ့်မည်" ဟူ၍ ပညာရှိရှောလမုန်မင်းကြီးကဖွင့်ဆိုထားသကဲ့သို့ တမန်တော်ရှင်ပေါလုကလည်း "ငွေရတတ်ခြင်းငှာ အလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဖမ်းမိခြင်း၊ မိုက်မဲဖျက်ဆီးတတ်သောတပ်မက်ခြင်းများထဲသို့ကျရောက်တတ်ကြ၏။ ထိုသို့သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌နစ်မွန်းတတ်ကြ၏။"

လောတသည် သောဒုံမြို့သို့ရောက်သောအချိန်တွင် မိမိကိုယ်ကိုဒုစရိုက်မှုများနှင့်ကင်းရှင်းအောင်နေထိုင်ရန် လုံးလုံးလျားလျားကြံရွယ်ခဲ့ပါသည်။ မိမိအိမ်သားများကိုလည်း မိမိ၏ပုံသက်သေအတိုင်းနေထိုင်ကြရန်မှာကြားခဲ့ပါသည်။ သို့ရာတွင် သူသည် ထူးခြားစွာပျက်ကွက်ခဲ့ပါသည်။ သူ့ပတ်ဝန်းကျင်တွင်ရှိနေသောအကျင့်ဖေါက်ပြန်သည့်အရာများသည် သူ၏





ယုံကြည်ခြင်းအပေါ်အကျိုးသက်ရောက်မှုတစ်ခုဖြစ်ခဲ့ပါသည်။ သူ၏သားသမီးများနှင့်သောဒုံမြို့သားများအကြားရှိဆက်နွယ်မှုများသည်လည်း ထိုသူများစွဲလမ်းသောအငန်းအတာအတိုင်း သူ့စိတ်နှလုံးထဲ၌စွဲလမ်းတမ်းတမှုများကိုဖြစ်စေခဲ့ပါသည်။ ဖြစ်ပေါ်ခဲ့သောအကျိုးဆက်ကိုမူ ကျွန်ုပ်တို့တွေ့ခဲ့ရချေပြီ။

လူများစွာတို့သည် ထိုကဲ့သို့သောအမှားများကိုဆက်လက်ကျူးလွန်နေကြဆဲဖြစ်ပါသည်။ သူတို့သည် နေထိုင်ရန်နေရာတစ်ခုကိုရွေးချယ်ရာတွင် ၎င်းတို့၏မိသားစုများအားပတ်ရစ်ထားမည့်ကိုယ်ကျင့်တရားနှင့်လူမှုပေါင်းသင်းဆက်ဆံခြင်းနှင့်ဆိုင်သောဩဇာသက်ရောက်မှုများထက် ၎င်းတို့ရရှိနိုင်မည့်လောကီအကျိုးစီးပွားများကိုသာ ပို၍ဦးစားပေးကာကြည့်တတ်ကြပါသည်။ သူတို့သည်သာယာလှပ၍ မြေဩဇာထက်သန်သောနေရာဒေသများကိုသာရွေးချယ်တတ်ကြပါသည်။ သို့မဟုတ်လျှင် ကြီးမားသောအကျိုးစီးပွားများဖြစ်ထွန်းမည်ကိုမျှော်ကိုး၍ တိုးတက်ထွန်းကားနေသောမြို့များသို့ပြောင်းရွှေ့တတ်ကြပါသည်။ သို့ရာတွင် ၎င်းတို့၏သားသမီးများသည် စုံစမ်းနှောင့်ယှက်ခြင်းအလယ်တွင်နေထိုင်ကြရပြီး ၎င်းတို့၏ခရစ်ယာန်ဘာသာတရားရှိမှုကိုလည်းကောင်း၊ စာရိတ္တဆောက်တည်မှုတွင်လည်းကောင်း ဖွံ့ဖြိုးမှုကိုအဟန့်အတားပြုမည့်မိတ်ဆွေများနှင့်မကြာခဏပေါင်းသင်းဆက်ဆံလာကြရပါသည်။ လျော့ရဲသောအကျင့်စာရိတ္တများ၊ မယုံကြည်မှုများနှင့် ခရစ်ယာန်ဘာသာရေးနှင့်ပတ်သက်သောအရာများကိုစိတ်ဝင်စားမှုမရှိသောပတ်ဝန်းကျင်၌မိဘများ၏ဩဇာလွှမ်းမိုးမှုကိုပျက်ပြယ်စေသော အကျိုးသက်ရောက်မှုတစ်ခုရှိပါသည်။ မိဘများ၏အုပ်စိုးမှုနှင့် ထာဝရဘုရားသခင်၏တန်ခိုးအာဏာများကို အန်တုသည့်ပုံသက်သေများသည် ထိုလူငယ်များရှေ့တွင် အမြဲတမ်းဖြစ်ပေါ်လျက်ရှိရာ လူငယ်များစွာတို့သည် မယုံကြည်သူများ၏လုပ်ဆောင်မှုများကိုစိတ်စွဲလမ်းကာ ဘုရားသခင်ကိုရန်မူနေသူများနှင့်တကွ တစ်လှေတည်းစီးတစ်ခရီးတည်းသွားခဲ့ကြပါသည်။

နေထိုင်ရာနေရာဒေသများကိုရွေးချယ်ရာတွင် ကျွန်ုပ်တို့အားဝန်းရံထားမည့် ကိုယ်ကျင့်တရားနှင့်ဘာသာရေးဆိုင်ရာဩဇာသက်ရောက်မှုများကို

ပထမဦးစားပေးအဖြစ် စဉ်းစားသုံးသပ်ရန် ထာဝရဘုရားသခင်အလိုတော်ရှိပါသည်။ မိမိတို့အလိုရှိသောပတ်ဝန်းကျင်မျိုးကို လူများစွာမရနိုင်ကြသည့်အတွက် ကျွန်ုပ်တို့သည် အကျဉ်းအကျပ်အခြေအနေမျိုးတွင်လည်းကျရောက်ကောင်းကျရောက်သွားနိုင်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကျေးဇူးတော်ကိုအားကိုးကာ ဆုတောင်းလျက်စောင့်နေကြမည်ဆိုလျှင် တာဝန်အရကျွန်ုပ်တို့သွားရောက်နေထိုင်သည့်နေရာတိုင်းတွင် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်စွာဖြင့်ရပ်တည်နိုင်အောင် ထာဝရဘုရားသခင်မစနိုင်တော်မူပါသည်။ သို့ရာတွင် ခရစ်ယာန်စာရိတ္တတည်ဆောက်မှုကိုအဟန့်အတားဖြစ်စေသည့် သြဇာသက်ရောက်မှုလွှမ်းမိုးသွားမည့်နေရာမျိုးတွင် မလိုအပ်ဘဲ ကျွန်ုပ်တို့မနေထိုင်သင့်ကြပါချေ။ ကျွန်ုပ်တို့သည် မိမိသဘောအတိုင်းလောကဆန်၍ မယုံကြည်သောပတ်ဝန်းကျင်တစ်ခုတွင်နေထိုင်သောအချိန်တွင် ထာဝရဘုရားသခင်အားစိတ်တော်နှင့်မတွေ့စေဘဲ ကောင်းကင်တမန်များကို မိမိနေအိမ်မှနှင်ထုတ်နေကြခြင်းဖြစ်ပါသည်။

ထာဝရအကျိုးစီးပွားကိုလက်လွှတ်ဆုံးရှုံးခံကာ မိမိတို့၏သားသမီးများအတွက် လောကီစည်းစိမ်နှင့်ရာထူးများကိုရယူနေကြသောထိုသူများအနေဖြင့် ထိုအခွင့်အလမ်းများသည် အလွန်ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်းကို နောက်ဆုံးတွင်တွေ့မြင်ကြရလိမ့်မည်။ များစွာသောသူများသည် လောတကဲ့သို့ပင် မိမိတို့၏သားသမီးများပျက်စီးသွားသည်ကိုမြင်တွေ့ကြရပြီး ၎င်းတို့၏အသက်ဝိညာဉ်များကိုကယ်တင်နိုင်ရုံသာရှိခဲ့ကြပါသည်။ ခဲလေသမျှသဲရေကျခဲ့ကြရပြီး ၎င်းတို့၏အသက်တာသည် ဝမ်းနည်းဖွယ်ဆုံးရှုံးမှုတစ်ရပ်သာဖြစ်နေပါသည်။ သူတို့သည် ဉာဏ်အမြော်အမြင်ရှိခဲ့ကြမည်ဆိုလျှင် ၎င်းတို့၏သားသမီးများသည် လောကီစည်းစိမ်ဥစ္စာတွင် ချို့တဲ့ကောင်းချို့တဲ့ကြမည်ဖြစ်သော်လည်း ထာဝရအမွေခံစာရင်းတွင် အမည်နာမသွင်းနိုင်ခဲ့လိမ့်မည်ဖြစ်ပါသည်။

မိမိ၏သားသမီးများအတွက် ထာဝရဘုရားသခင်ပြုတော်မူခဲ့သောကတိတော်ဆိုင်ရာအမွေခံခြင်းသည် ဤလောကတွင်မဟုတ်ပါ။ အာဗြဟံ၌



ဤကမ္ဘာပေါ်တွင်ပိုင်ဆိုင်သည့်အရာတစ်စုံတစ်ခုမျှမရှိပါ။ ခြေနင်းရာကိုမျှအမွေပေးတော်မမူပါ။ သူ့၌ပစ္စည်းဥစ္စာများပြားစွာရှိခဲ့ပြီး ထိုအရာများကိုဘုရားသခင်၏ဘုန်းတော်ထင်ရှားရန်အတွက်နှင့် သူ၏မိတ်ဆွေအပေါင်းအသင်းများ၏ကောင်းကျိုးအတွက် အသုံးပြုခဲ့သော်လည်း သူသည် ဤကမ္ဘာကိုသူ၏နေအိမ်အဖြစ်မမှတ်ယူခဲ့ချေ။ ထာဝရဘုရားသခင်သည် ထာဝရပိုင်ဆိုင်မှုတစ်ရပ်အဖြစ် ခါနာန်ပြည်ကိုပေးမည်ဟူသောကတိဖြင့် ရုပ်တုကိုးကွယ်သူမိတ်ဆွေများကိုစွန့်ပစ်ရန် ၎င်းအားမိန့်တော်မူ၏။ သို့စေကာမူ သူကိုယ်တိုင်သော်လည်းကောင်း၊ သူ၏သားများသည်သော်လည်းကောင်း၊ သူ၏မြေးများသည်သော်လည်းကောင်း ခါနာန်ပြည်ကိုမရရှိခဲ့ကြချေ။ အာဗြဟံသည် မိမိအလောင်းကိုမြေမြှုပ်သင်္ဂြိုဟ်ရန်အတွက်ပင် ခါနာန်လူမျိုးများထံမှ သင်္ချိုင်းမြေဝယ်ယူခဲ့ရပါသည်။ ကတိတော်နှင့်ဆိုင်သောပြည်တွင် ၎င်းပိုင်ဆိုင်သည့်တစ်ခုတည်းသောအရာမှာ မပေလမြေတွင်းရှိကျောက်ကိုထွင်းထားသည့်သင်္ချိုင်းဂူပင်ဖြစ်ပါသည်။

သို့ရာတွင် ဘုရားသခင်၏နှုတ်ထွက်စကားသည် ပျက်ကွက်မှုမရှိခဲ့ပါ။ ခါနာန်ပြည်တွင် ယုဒလူမျိုးများလာရောက်နေထိုင်ခြင်းအားဖြင့်လည်းနောက်ဆုံးဖြစ်ပျက်ရမည့်အရာများမပြီးမြောက်သေးပါချေ။ “ကတိတော်တို့ကိုအာဗြဟံနှင့်သူ၏အမျိုးအနွယ်၌ထားတော်မူ၏။ အာဗြဟံကိုယ်တိုင်ဤအမွေတော်ကိုဆက်ဆံရန်ဖြစ်ပါသည်။ ထာဝရဘုရားသခင်၏ကတိတော်ပြည့်စုံမှုသည် အချိန်ကြာမြင့်စွာကြန့်ကြာနေသယောင်ဖြစ်နေပါသည်။” “အကြောင်းမူကား၊ ထာဝရဘုရားသခင်၌ ကာလတစ်ရက်သည် အနှစ်တစ်ထောင်ကဲ့သို့လည်းကောင်း၊ အနှစ်တစ်ထောင်သည် တစ်ရက်ကဲ့သို့လည်းကောင်း” ဖြစ်ပါသည်။ ကတိတော်ပြည့်စုံခြင်းသည် နှောင့်နှေးနေသယောင်ဖြစ်သော်လည်း သတ်မှတ်ထားသောအချိန်တွင် “နှောက်မကျဘဲ၊ ဧကန်အမှန်ရောက်လိမ့်မည်” ဖြစ်ပါသည်။ အာဗြဟံနှင့်တကွ သူ၏အမျိုးအနွယ်အားပေးရန် ကတိပြုထားသောဆုကျေးဇူးတော်သည် ခါနာန်ပြည်အတွက်သာမက တစ်ကမ္ဘာလုံးနှင့်လည်းအကျုံးဝင်ပါသည်။ “ဤလောကကိုအမွေခံ

စေမည်ဟု ကတိတော်ကို အာဗြဟံမှစသော သူ၏အမျိုးအနွယ်တို့သည် ပညတ်တရားအားဖြင့်ရကြသည်မဟုတ်၊ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့် ရကြ၏" ဟုတမန်တော်တစ်ပါးက မိန့်ဆိုထားပါသည်။ အာဗြဟံအား ပြုခဲ့သောကတိတော်များသည် ခရစ်တော်အားဖြင့် ပြည့်စုံလိမ့်မည်ဖြစ်ကြောင်းကို သမ္မာကျမ်းစာတွင်ရှင်းလင်းစွာသွန်သင်ထားပါသည်။ ခရစ်တော်နှင့်စပ်ဆိုင်သမျှသောသူအပေါင်းတို့သည် "အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏။" "ဖေါက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်တည်းဟူသော အပြစ်၏ကျိန်ခြင်းနှင့် ကင်းစင်သောကမ္ဘာသစ်ကိုဝင်စားရမည့်အမွေခံများဖြစ်ကြ၏။" "ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ အာဏာစက်ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသော ဘုရားသခင်၏သန့်ရှင်းသောအမျိုးသားတို့သည် ရကြလိမ့်မည်။" "စိတ်နှိမ့်ချသောသူတို့မူကား ပြည်တော်ကိုအမွေခံ၍ များပြားသောငြိမ်သက်ခြင်း၌ မွေ့လျော်ကြလိမ့်မည်။"

"ထာဝရဘုရားသခင်သည် အာဗြဟံအား ထာဝရအမွေတော်နှင့် စပ်ဆိုင်သောမြင်ကွင်းတစ်ခုကိုပြတော်မူခဲ့ပါသည်။ ထိုမျှော်လင့်ချက်နှင့်ပင် သူကျေနပ်ရောင့်ရဲခဲ့ပါသည်။ "သူတစ်ပါးပိုင်သောပြည်၌ ဧည့်သည်နေသကဲ့သို့ ကတိတော်နှင့်စပ်ဆိုင်သောပြည်၌ ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်၍ နေ၏။ ထိုကတိတော်ကိုအမွေခံရသောအဖေါ်အဘက်တည်းဟူသော ဣဇာက်၊ ယာကုပ်တို့နှင့်အတူတဲ၌နေလေ၏။ အကြောင်းမူကား၊ ဘုရားသခင် တည်ထောင်ပြုစုတော်မူသော ခိုင်ခံ့မြဲမြံသောမြို့ကိုမြော်လင့်သတည်း။"

အာဗြဟံ၏သားစဉ်မြေးဆက်အကြောင်းကိုဖွင့်ဆိုထားသည်မှာ "ယခုဆိုခဲ့ပြီးသောသူအပေါင်းတို့သည် ကတိတော်နှင့်စပ်ဆိုင်သောအကျိုးကျေးဇူးကိုမခံရဘဲ အဝေးကမြော်မြင်လျက်၊ စိတ်နှလုံးနှင့်ဖက်ယမ်းလျက်၊ မိမိတို့သည် မြေကြီးပေါ်မှာတစ်ကျွန်းသူတစ်နိုင်ငံသားဧည့်သည်အာဂန္တုဖြစ်သည်ကို ထင်ရှားစွာဝန်ခံလျက် ယုံကြည်ခြင်းနှင့်သေလွန်ကြ၏။" ကျွန်ုပ်တို့သည် "သာ၍မြတ်သောပြည်ကိုတောင့်တလျက်" ဤလောကတွင် ဧည့်သည်အာဂန္တုများ



ကဲ့သို့နေထိုင်ကြရပါမည်။ အာဗြဟံ၏သားသမီးများသည် ၎င်းမြော်ကြည့်ခဲ့သောဘုရားသခင်တည်ထောင်ပြုစုတော်မူမည့်မြို့တော်ကို ရှာဖွေလျက်ရှိကြလိမ့်မည်။

* * *

## (၁၅)
# ဣဇာက်အားအိမ်ထောင်ချခြင်း

အာဗြဟံသည် အသက်အရွယ်ကြီးရင့်လာပြီဖြစ်သဖြင့် မကြာမီတွင် သေဆုံးတော့မည်ဟုမျှော်လင့်ရပါသည်။ သို့ရာတွင် ၎င်း၏သားစဉ်မြေးဆက်များအတွက် ပြုတော်မူသည့်ကတိတော်ပြည့်စုံရန် သူ့အနေဖြင့်လုပ်ဆောင်ရမည့်အလုပ်တစ်ခုကျန်ရှိနေပါသေးသည်။ ထာဝရဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်သူတစ်ဦးအဖြစ်လည်းကောင်း၊ ရွေးချယ်ခြင်းခံရသောလူမျိုးကြီး၏အဘအဖြစ်လည်းကောင်း အာဗြဟံ၏အရိုက်အရာကိုဆက်ခံရန် ဘုရားသခင်သည် ဣဇာက်အားခန့်ထားတော်မူပါသည်။ သို့ရာတွင် သူသည် အိမ်ထောင်မရှိသေးသူတစ်ဦးဖြစ်ပါသည်။ ခါနာန်ပြည်သားများသည် ရုပ်တုကိုးကွယ်သူများဖြစ်ကြရာ ၎င်းတို့နှင့်အိမ်ထောင်ပြုခြင်းအားဖြင့် အယူဝါဒဖေါက်ပြန်မှုကိုဖြစ်စေလိမ့်မည်ကိုသိတော်မူသဖြင့် ၎င်းတို့နှင့်လက်မထပ်ရန် ကိုယ်တော်၏သားသမီးများအား ထာဝရဘုရားသခင်မြစ်တားတော်မူခဲ့သည်။ အာဗြဟံသည် ဣဇာက်၏ပတ်ဝန်းကျင်ရှိအကျင့်စာရိတ္တဖေါက်ပြန်နေသောအရာများ၏အကျိုးသက်ရောက်မှုကို စိုးရိမ်မကင်းဖြစ်ခဲ့ပါသည်။ ထာဝရဘုရားသခင်အပေါ်ထားရှိသည့် အာဗြဟံ၏စွဲမြဲသောယုံကြည်ခြင်းနှင့်ကိုယ်တော်၏အလိုတော်ကိုဝန်ခံမှုများသည် ဣဇာက်၏စာရိတ္တတွင်ရောင်ပြန်ဟပ်ခဲ့ပါသည်။ သူသည် မေတ္တာတရားကြီးမား၍ နူးညံ့သိမ်မွေ့ကာ သူတစ်ပါး၏အလိုကိုလိုက်လျောတတ်သောသဘောရှိသူတစ်ဦးဖြစ်ပါသည်။ သူ့အား ဘုရားသခင်ကိုမကြောက်ရွံ့သောသူနှင့်လက်ထပ်ပေးလိုက်မည်ဆိုလျှင် ထိုသူနှင့်အသင့်အတင့်နေထိုင်စေရန်အလို့ငှာ မိမိကျင့်သုံးလျက်ရှိသောအသက်တာစည်းမျဉ်းများကိုစွန့်လွှတ်ပစ်မည့်အန္တရာယ်ရှိနေပါသည်။ မိမိ၏သားအတွက် ဇနီးရှာပေးရန်ကိစ္စသည် အာဗြဟံအတွက် အလွန့်အလွန်အရေးကြီးသောကိစ္စတစ်ခုဖြစ်သဖြင့် သူ့အား ဘုရားသခင်နှင့်မဝေးကွာစေမည့်သူတစ်ဦးဦးနှင့်လက်ထပ်ပေးရန် သူစိတ်စောနေပါသည်။



ရှေးခေတ်အချိန်က အိမ်ထောင်ချရန်စေ့စပ်ကြောင်းလမ်းခြင်းအမှုကို အများအားဖြင့်မိဘများကသာဆောင်ရွက်ခဲ့ကြပြီး ထိုဓလေ့ကို ထာဝရဘုရားသခင်အားကိုးကွယ်သူများထဲတွင် ကျင့်သုံးခဲ့ကြပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မချစ်မနှစ်သက်သောသူနှင့်လက်ထပ်ဖို့ခိုင်းစေသော်လည်း မိမိ၏ချစ်မြတ်နိုးသူများကိုရွေးချယ်ရာတွင် လူငယ်များအားအတွေ့အကြုံရင့်ကျက်၍ ဘုရားသခင်ကိုကြောက်ရွံ့သော ၎င်းတို့၏မိဘများက လမ်းပြဆုံးဖြတ်ပေးခဲ့ကြပါသည်။ ဤအရာကိုဆန့်ကျင်လုပ်ဆောင်ခြင်းသည် မိဘကိုစော်ကားခြင်းဖြစ်သည်ဟုယူဆရုံသာမက ရာဇဝတ်မှုတစ်ခုအဖြစ်ပင် မှတ်ယူခဲ့ကြပါသည်။

ဘုရားသခင်ကိုယ်တော်တိုင်သည် ပြုလုပ်မည့်ရွေးချယ်မှုတွင် လမ်းပြလိမ့်မည်ဟုယုံကြည်လျက် မိမိဖခင်၏ဉာဏ်အမြော်အမြင်နှင့်မေတ္တာတရားကိုကိုးစားကာ ဣဇာက်သည် ထိုကိစ္စကို အာဗြဟံ၏လက်တွင်အပ်နှံရန် သဘောတူကျေနပ်ခဲ့ပါသည်။ ထိုဘိုးဘေးကြီးသည် ထိုစဉ်တွင် မေသောပေါတာမိတိုင်းရှိ မိမိဖခင်၏ဆွေမျိုးများထံသို့စိတ်ရောက်သွားခဲ့ပါသည်။ ထိုအရပ်တွင်နေထိုင်ကြသော ၎င်း၏ဆွေမျိုးများသည် ရုပ်တုကိုးကွယ်မှုနှင့်မကင်းရှင်းကြသော်လည်း သူတို့သည် စစ်မှန်သောဘုရားသခင်ကိုသိကျွမ်းရန်နှင့်ဝတ်ပြုကိုးကွယ်ရန်လိုလားကြပါသည်။ ဣဇာက်သည် ၎င်းတို့ထံသို့သွားဖို့ ခါနာန်ပြည်မှထွက်ခွာသွားရန်မဟုတ်ဘဲ ထိုဒေသရှိ၎င်းတို့အထဲမှ မိမိအိမ်ကိုစွန့်ခွာလာမည့်သူတစ်ဦးကိုရှာ၍ ဘုရားသခင်စစ်ဘုရားသခင်မှန်ကိုဆက်လက်ဝတ်ပြုကိုးကွယ်နိုင်ရန် ဣဇာက်နှင့်ပေးစားဖို့ဖြစ်ပါသည်။ အာဗြဟံသည် အရေးကြီးသောထိုကိစ္စကိုဆောင်ရွက်ပေးရန် မိမိထံတွင်နှစ်ရှည်လများသစ္စာရှိစွာဖြင့် အလုပ်အကျွေးပြုခဲ့သော ခရစ်ယာန်ဘာသာတရားရှိ၍ အတွေ့အကြုံရင့်ကျက်လာကာ ဆုံးဖြတ်ချက်ကောင်းသည့် အသက်ကြီးဆုံးကျွန်တစ်ဦးဖြစ်သော ဧလျာဇာကိုတာဝန်ပေးခဲ့ပါသည်။ သူသည် ဣဇာက်အတွက်ဇနီးတစ်ဦးကို ခါနာန်အမျိုးသမီးများထဲမှမရွေးယူဘဲ မေသောပေါတာမိတိုင်းနေ နာခေါ်၏မိသားစုမှသွားရောက်ရွေးချယ်ပေးရန် ထာဝရဘုရားသခင်ကိုတိုင်တည်၍ကျိန်ဆိုစေခဲ့

ပါသည်။ ၎င်းပြင် ဣဇာက်အား ထိုနေရာသို့ခေါ်ဆောင်မသွားရန်လည်း ကတိပြုစေခဲ့ပါသည်။ အကယ်၍ ထိုအမျိုးသားချင်းထဲမှ သမီးပျိုတစ်ဦးကို ရှာမတွေ့ခဲ့ပါလျှင် ထိုကျွန်သည် သူ၏ကျိန်ဆိုမှုမှကင်းလွတ်ခွင့်ကိုရရှိပါမည်။ ထာဝရဘုရားသခင်သည် ၎င်း၏လုပ်ဆောင်မှုကိုအောင်မြင်မှုပေးတော်မူမည် ဟူသောအာမခံချက်ကိုပေးလျက် ခက်ခဲနူးညံ့သောထိုကိစ္စကိုဆောင်ရွက်ပေးရန် ၎င်းအား အာဗြဟံတိုက်တွန်းခဲ့ပါသည်။ "ငါ့အဖ၏အိမ်မှလည်းကောင်း၊ ငါ့အမျိုးသားနေရာပြည်မှလည်းကောင်း ငါ့ကိုခေါ်ဆောင်ခဲ့သောကောင်းကင်ဘုံရှင် ထာဝရဘုရားသခင်သည် မိမိကောင်းကင်တမန်ကို သင့်ရှေ့၌စေလွှတ်တော်မူမည်" ဟုလည်း အာဗြဟံသည် ထိုကျွန်အား အားပေးစကားပြောကြားခဲ့ပါသည်။

ထိုစေတမန်သည် မဆိုင်းမတွဘဲ ခရီးစဉ်ကိုစတင်ကာ မိမိအဖွဲ့နှင့်တကွ မိမိတို့နှင့်အတူပြန်လည်လိုက်ပါလာကြမည့်သတို့သမီးများစီးရန် ကုလားအုတ်ဆယ်ကောင်ကိုယူဆောင်လျက် ဒမာသက်မြို့၏အလွန်တွင် တည်ရှိသော အရှေ့ပြည်ရှိမြစ်ကြီးတစ်လျှောက်၌ လွင်ပြင်များဆီသို့ဦးတည်ကာ ခရီးနှင်ခဲ့ပါသည်။ ၎င်းနှင့်အတူ ဣဇာက်ဇနီးလောင်းနှင့် သူမ၏မိတ်ဆွေများကိုလက်ဆောင်ပေးရန် ပစ္စည်းများကိုလည်းသယ်ဆောင်သွားခဲ့ပါသည်။ သူသည် နာခေါ်နေထိုင်ရာခါရန်မြို့သို့ရောက်သော် ညနေပိုင်းအချိန်များတွင် ထိုမြို့သူများရေခပ်ဆင်းလေ့ရှိသောမြို့ရိုးအပြင်ဘက်ရှိရေတွင်းနားတွင်ရပ်နားခဲ့ပါသည်။ ထိုအချိန်သည် သူ့အတွက်စိုးရိမ်ပူပန်စွာဖြင့် ဦးနှောက်သုံးရမည့်အချိန်ဖြစ်ပါသည်။ သူလုပ်ဆောင်မည့်ရွေးချယ်မှုသည် သူ့သခင်၏အိမ်ထောင်စုအတွက်သာမက အနာဂတ်လူသားမျိုးနွယ်တစ်ခုလုံးအတွက်ပါအရေးကြီးသောအကျိုးဆက်များကိုဖြစ်ပေါ်စေနိုင်ပါသည်။ သူ့အနေဖြင့် သူစိမ်းတစ်ရံဆံများအလယ်တွင် အမြော်အမြင်ကြီးစွာဖြင့် မည်သို့ရွေးချယ်ရမည်နည်း။ သူသည် အာဗြဟံပြောခဲ့သော "ထာဝရဘုရားသခင်သည် မိမိကောင်းကင်တမန်ကို သင့်ရှေ့မှာစေလွှတ်တော်မူမည်" ဟူသောစကားများကိုပြန်လည်သတိရကာ ထာဝရဘုရားသခင်၏လမ်းပြပို့ဆောင်မှုကိုရရှိရန် စိတ်အားထက်သန်စွာဖြင့်



ဆုတောင်းခဲ့ပါသည်။ သူသည် မိမိသခင်၏အိမ်ထောင်တွင် ကြင်နာမှုနှင့် ပျူငှာဖော်ရွေမှုများကို အဆက်မပြတ်ခံစားရသဖြင့် ယဉ်ကျေးပျူငှာသော အပြုအမူတစ်ခုအားဖြင့် ဘုရားသခင်ရွေးတော်မူသည့်သမီးပျိုဖြစ်ကြောင်း ဖော်ညွှန်းပေးတော်မူရန် ယခုတွင်သူဆုတောင်းခဲ့ပါသည်။

သူသည်ဆုတောင်းသည့်အတိုင်း အဖြေမရမချင်း အပြင်းအထန်ဆုတောင်းခဲ့ပါသည်။ သူသည် ရေခပ်ဆင်းလာကြသည့်အမျိုးသမီးတစ်စုထဲမှ ယဉ်ကျေးပျူငှာသောအမျိုးသမီးတစ်ဦးကိုအာရုံပြုမိလိုက်ပါသည်။ ထိုအမျိုးသမီးသည် ရေခပ်ပြီးရေတွင်းမှပြန်အလာတွင် သူသည် သူမ၏ပခုံးထက်ရှိ ရေဘူးထဲမှရေကိုတောင်း၍သောက်ခဲ့ပါသည်။ သူမသည် သူ၏တောင်းခံချက်ကိုလိုက်လျောရုံသာမက ကုလားအုတ်များအတွက်ပင် ရေခပ်တိုက်ရန် ပြင်ဆင်နေပါသည်။ ၎င်းတို့ဖခင်များပိုင်သောသိုးနွားများကို ထိုသို့ရေခပ်တိုက်ခြင်းအမှုကို ရပ်ရွာအကြီးအကဲများ၏သမီးများပင်ကျင့်သုံးသောဓလေ့တစ်ခုဖြစ်ခဲ့ပါသည်။ ဤနည်းအားဖြင့်အလိုရှိကြောင်းအထိမ်းအမှတ်ကိုပြကြပါသည်။ ထိုအမျိုးသမီးသည် အလွန်အဆင်းလှ၍ သူမ၏ယဉ်ကျေးပျူငှာမှုသည် သူမ၏ကြင်နာသောနှလုံးသား၊ သွက်လက်ချက်ချာ၍ထကြွလုံ့လရှိသည့်သဘာဝကို ထင်ရှားစွာဖော်ပြနေပါသည်။ ထိုအချိန်တိုင်အောင် ဘုရားသခင်၏လက်တော်သည် သူနှင့်အတူရှိနေခဲ့ပါသည်။ သူမ၏ကြင်နာမှုကို ဆုလက်ဆောင်များပေးခြင်းအားဖြင့် အသိအမှတ်ပြုပြီးနောက် သူမ၏မိဘဘိုးဘေးများအကြောင်းကိုမေးမြန်းကြည့်ရာ သူမသည် အာဗြဟံ၏တူဖြစ်သူဗေသွေလ၏သမီးဖြစ်ကြောင်းသိလိုက်ရသဖြင့် သူသည် "ဦးညွှတ်ချ၍ ထာဝရဘုရားသခင်ကိုကိုးကွယ်လေ၏။"

ထိုသူက သူမ၏အဘအိမ်တွင်တည်းခိုခွင့်ပြုရန်တောင်းခံခဲ့ပြီး သူဖွင့်ဟခဲ့သောကျေးဇူးတင်စကားများတွင် ၎င်းနှင့်အာဗြဟံအကြားဆက်နွယ်မှုအကြောင်းကိုဖော်ပြခဲ့ပါသည်။ အိမ်သို့ရောက်သော် ထိုအမျိုးသမီးသည် ဖြစ်ပျက်သမျှအကြောင်းစုံကိုပြောပြရာ လာဗန်အမည်ရှိသောသူ၏မောင်သည် ထိုသူများကိုအလျင်အမြန်ချက်ချင်းသွားရောက်ခေါ်ဆောင်ပြီး ဧည့်ဝတ်ပြုလေ၏။

ဧလျာဇာသည် မိမိအားလုပ်ဆောင်ရန်ခိုင်းစေထားသည့်အလုပ်အကြောင်း ရေတွင်းနားမှာတောင်းလျှောက်ခဲ့သောဆုတောင်းချက်နှင့်တကွ အခြေအနေအရပ်ရပ်တို့ကိုမပြောရသေးမီ မိမိအားဧည့်ဝတ်ပြုထားသည့်အစာများကိုမစားသောက်ခဲ့ချေ။ ထိုနောက်သူက "ယခုတွင် သင်တို့သည် ကျွန်ုပ်သခင်၌သစ္စာနှင့်ကျေးဇူးပြုမည်၊ မပြုမည်ကိုပြောပါ။ ကျွန်ုပ်သည်လည်း လက်ယာလမ်းဖြစ်စေ၊ လက်ဝဲလမ်းဖြစ်စေ တစ်လမ်းလမ်းသို့လိုက်သွားရပါမည်" ဟုပြောလေ၏။ "ဤအမှုသည် ထာဝရဘုရားသခင်စီရင်တော်မူသောအမှုဖြစ်၏။ အကျွန်ုပ်တို့သည် သင့်အားကောင်းမကောင်းကိုမပြောနိုင်ပါ။ ရေဗက္ကာသည် သင့်ရှေ့မှာရှိပါ၏။ ယူသွားပါလော့။ ထာဝရဘုရားသခင်မိန့်တော်မူသည့်အတိုင်း သင်၏သခင်သား၏မယားဖြစ်စေ" ဟုဖြေဆိုကြ၏။

မိမိအားခိုင်းစေထားသည့်အလုပ်အောင်မြင်မှုအတွက် မိမိ၏သခင်သည် ဝမ်းသာအားရရှိလိမ့်မည်ဟုမျှော်လင့်လျက် သူသည်ပြန်ခိုင်းမည့်အချိန်ကိုပင်မစောင့်နိုင်တော့ဘဲ နောက်တစ်နေ့နံနက်တွင် အိမ်အပြန်ခရီးကိုစတင်ခဲ့ပါသည်။ အာဗြဟံသည် ဗေရရှေဘအရပ်တွင်နေထိုင်လျက်ရှိရာ ထိုအရပ်နှင့်ကပ်လျက်ရှိသောအရပ်တွင် သိုးနွားများကိုထိန်းကျောင်းလျက်ရှိသောဣဇာက်သည် ခါရန်မှပြန်လာမည့်ဧလျာဇာတို့ရောက်ရှိလာမည့်အချိန်ကိုစောင့်ရန် အဘထံသို့ပြန်လည်ရောက်ရှိနေပါသည်။ "ဣဇာက်သည်---ညဥ့်ဦးအချိန်၌ဆင်ခြင်လိုသောငှာ တောအရပ်သို့ထွက်သွား၍မျှော်ကြည့်လျှင် ကုလားအုတ်များလာသည်ကိုမြင်လေ၏။ ရေဗက္ကာသည်လည်း မျှော်ကြည့်၍ ဣဇာက်ကိုမြင်သောအခါ ကုလားအုတ်အပေါ်မှဆင်းပြီးလျှင် အကျွန်ုပ်တို့ကိုကြိုဆိုခြင်းငှာ တော၌လာသောထိုသူကားအဘယ်သူနည်းဟု ကျွန်ကိုမေးလေသော် ကျွန်ကထိုသူသည် ကျွန်ုပ်သခင်ဖြစ်ပါ၏ဟုပြောဆိုသောစကားကိုကြားလျှင် ရေဗက္ကာသည် မျက်နှာဖုံးကိုယူ၍ဖုံးလေ၏။ ကျွန်သည်လည်း မိမိပြုလေသမျှတို့ကို ဣဇာက်အားကြားပြောပြီးမှ ဣဇာက်သည် မိမိအမိစာရာ၏တဲသို့ ရေဗက္ကာကိုဆောင်ယူ၍ စုံဖက်လေ၏။ ရေဗက္ကာကိုမြတ်နိုးနှစ်မြို့သဖြင့် အမိသေသောအမှု၌ သက်သာခြင်းသို့ရောက်လေ၏။



ကာလ္လနာ၏အချိန်မှသည် မိမိအချိန်တိုင်အောင် ထာဝရဘုရားသခင်ကိုကြောက်ရွံ့သူများနှင့်မကြောက်ရွံ့သူများအကြား လက်ထပ်ထိမ်းမြားမှုများ၏အကျိုးဆက်များကို အာဗြဟံဂရုထားခဲ့မိပါသည်။ ဟာဂရနှင့်မိမိအိမ်ထောင်ပြုခဲ့ခြင်းကြောင့်လည်းကောင်း၊ ဣရှမေလတို့၊ လောတတို့နှင့်ဆက်နွယ်နေသောအိမ်ထောင်များမှလည်းကောင်း ဖြစ်ပေါ်လာသောအကျိုးဆက်များကို သူတွေ့မြင်ခဲ့ရပါသည်။ အာဗြဟံနှင့်စာရာတို့၏ယုံကြည်ခြင်းနည်းပါးမှုကြောင့်ဖြောင့်မတ်သောအနွယ်နှင့် ခရစ်ယာန်ဘာသာတရားမရှိသောမျိုးနွယ်နှစ်ခုရောယှက်ထားသည့် ဣရှမေလကိုပေါက်ဖွားစေခဲ့ပါသည်။ သားငယ်ဣရှမေလအပေါ်သို့ကျရောက်ခဲ့သော ဖခင်၏ဩဇာလွှမ်းမိုးမှုသည် မိခင်၏ရုပ်တုကိုးကွယ်သောဆွေမျိုးသားချင်းများကြောင့်လည်းကောင်း၊ မယုံကြည်သူအမျိုးသမီးများကို ဣရှမေလယူခဲ့သောကြောင့်လည်းကောင်း ထိရောက်မှုမရှိခဲ့ပါချေ။ ဟာဂရ၏မနာလိုဝန်တိုမှုနှင့် ဣရှမေလအတွက်သူမရှာပေးခဲ့သော ချွေးမများ၏မနာလိုဝန်တိုမှုများသည် ကျော်လွှားရန် အာဗြဟံအချည်းနှီးကြိုးစားခဲ့သောတံတိုင်းတစ်ခုဖြင့် သူ၏မိသားစုကိုကာရံခဲ့ပါသည်။

အာဗြဟံ၏ရှေးဦးကျသောသွန်သင်ချက်များသည် ဣရှမေလအပေါ်တွင်ထိရောက်မှုမရှိခဲ့သော်လည်း သူ့ဇနီးများ၏ဩဇာသက်ရောက်မှုများကြောင့် သူ၏မိသားစုများထဲတွင် ရုပ်တုကိုးကွယ်ခြင်းကိုတည်ထောင်လာပါသည်။ ဣရှမေလသည် မိမိဖခင်နှင့်ခွဲခွာခဲ့ရသည့်အတွက်ကြောင့်တစ်ကြောင်း၊ မေတ္တာတရားရှိခြင်းနှင့်ဘုရားသခင်ကိုကြောက်ရွံ့ခြင်းများကင်းမဲ့သောအိမ်ထောင်တစ်ခု၏ကတောက်ကဆဖြစ်ခြင်း၊ ရန်လိုတိုက်ခိုက်မှုများကြောင့် ဘဝကိုနာကြည်းလာသည့်အတွက်ကြောင့်တစ်ကြောင်း ဣရှမေလသည် ကန္တာရတွင်လှည့်လည်တိုက်ခိုက်လုယက်သောလူရိုင်းတစ်ဦး၏ဘဝကိုရွေးချယ်ရန် တွန်းပို့ခြင်းကိုခံခဲ့ရပါသည်။ "သူသည် လူအပေါင်းတို့ကိုရန်ဘက်ပြုလိမ့်မည်။ သူ့ကိုလည်း လူအပေါင်းတို့သည် ရန်ဘက်ပြုလိမ့်မည်။" သူသည် နောက်ပိုင်းအသက်တာများတွင် မိမိ၏ဒုစရိုက်လမ်းစဉ်များမှနောင်တရကာ မိမိအဘကိုးကွယ်သည့်ထာဝရဘုရားသခင်ထံသို့ပြန်လာခဲ့သော်လည်း ၎င်း၏နောင်လာ

နောက်သားများအပေါ်ရိုက်နှိပ်ခဲ့သည့် စာရိတ္တပိုင်းဆိုင်ရာတံဆိပ်အမှတ်သည် ဆက်လက်တည်မြဲနေခဲ့ပါသည်။ ၎င်းမှဆင်းသက်လာသည့် ခွန်အားရှိသော လူမျိုးများသည် ဣဇာက်၏သားမြေးများအား အမြဲတမ်းစိတ်အနှောင့်အယှက် ပေးကာ ဒုက္ခပေးနေသောထကြွသောင်းကျန်းတတ်သည့်ဘုရားသခင်ကို မယုံကြည်သူများဖြစ်လာကြပါသည်။

လောတ၏ဇနီးသည် အတ္တများပြီး ခရစ်ယာန်ဘာသာတရားမရှိသူ အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ သူမ၏ဩဇာသက်ရောက်မှုကြောင့် သူမ၏ ခင်ပွန်းသည် အာဗြဟံနှင့်လမ်းခွဲခဲ့ရပါသည်။ သို့ရာတွင် လောတသည် သူမအတွက်ကြောင့် အာဗြဟံပေးသောအကြံဉာဏ်ကိုလက်လွှတ်ကာ သောဒုံမြို့၌ပင်ဆက်လက်နေထိုင်ခဲ့လိမ့်မည်မဟုတ်ချေ။ အကယ်၍သာ သူသည် အသက်အရွယ်ငယ်စဉ်က အာဗြဟံထံမှကောင်းမြတ်သောသွန်သင်မှုများကို မခံယူခဲ့ရလျှင် ဇနီး၏ဩဇာသက်ရောက်မှုနှင့်ဆိုးယုတ်သောထိုမြို့မှအပေါင်းအသင်းများ၏ဩဇာသက်ရောက်မှုများကြောင့် သူသည် ထာဝရဘုရားသခင်ထံမှဖေါက်ပြန်သွားခဲ့ပါလိမ့်မည်။ လောတ၏အိမ်ထောင်ပြုခြင်းနှင့် သောဒုံမြို့တွင်နေထိုင်ရန်ရွေးချယ်မှုများသည် လူသားမျိုးနွယ်စုများစွာတိုင်အောင် ဤကမ္ဘာအားဒုစရိုက်မှုများနှင့်ပြည့်ဝစေမည့်အဖြစ်အပျက်သံကြိုးကြီး၏ ပထမ သံကွင်းဆက်တစ်ခုဖြစ်ခဲ့ပါသည်။

ဘုရားသခင်ကိုကြောက်ရွံ့သူတစ်စုံတစ်ယောက်သည် ဘုရားသခင်ကို မကြောက်ရွံ့သူများနှင့်ဆက်ဆံမှုကို အန္တရာယ်မရှိဘဲမပြုလုပ်နိုင်ချေ။ "လူနှစ်ဦးသည် သဘောမတူလျှင် ပေါင်းဖေါ်၍ခရီးသွားနိုင်သလော။" အိမ်ထောင်တစ်ခု၏ပျော်ရွှင်သာယာခြင်းနှင့်ကြီးပွားချမ်းသာခြင်းသည် အိမ်ထောင်တွင်ပါဝင်ကြသူများ၏စည်းလုံးညီညွတ်မှုအပေါ်တွင်မူတည်ပါသည်။ သို့ရာတွင် ယုံကြည်သူများနှင့်မယုံကြည်သူများအကြားတွင်မူ ၎င်းတို့နှစ်သက်သည့် အရသာများ၊ ကြိုက်နှစ်သက်သောအရာများနှင့်အကြံအစည်များသည် လုံးလုံးကြီး ကွာခြားနေတတ်ပါသည်။ သူတို့သည် သခင်နှစ်ဦး၏အစေကိုခံနေကြရာ ၎င်းတို့နှစ်ဦးအကြားတွင် စိတ်သဘောထားညီညွတ်မှုတစ်စုံတစ်ရာမရှိနိုင်ပါ



ချေ။ ပုဂ္ဂိုလ်တစ်ဦး၏အသက်တာစည်းမျဉ်းများသည် မည်မျှပင်သန့်ရှင်းဖြူစင်၍ မှန်ကန်နေစေကာမူ သူ၏မယုံကြည်သူကြင်ဖေါ်၏ဩဇာသက်ရောက်မှုသည် ၎င်းအား ဘုရားသခင်နှင့်ဝေးကွာသွားအောင် လမ်းပြပေးမည့်အကျိုးသက်ရောက်မှုတစ်ခုရှိနေတတ်ပါသည်။

မယုံကြည်သောသူတစ်ဦးနှင့်အိမ်ထောင်ပြုပြီးခဲ့သောသူကို ၎င်း၏ အသစ်မွေးဖွားခြင်းခံယူခြင်းအားဖြင့် ခရစ်ယာန်ဘာသာရေးယုံကြည်ချက်နှင့် စပ်လျဉ်း၍ မည်မျှပင်ကွာခြားမှုရှိနေသည်ဖြစ်စေ သူ၏ကြင်ဖေါ်အပေါ် သစ္စာစောင့်သိစေရန် ပို၍ပြင်းပြင်းထန်ထန်အားပေးကြရပါမည်။ သို့သော် ဒုက္ခဆင်းရဲခြင်းနှင့်စုံစမ်းနှောင့်ယှက်မှုများဖြစ်ပေါ်လာနိုင်လျှင်တောင်မှ ဘုရားသခင်၏တောင်းဆိုမှုများကို လောကီနှင့်ပတ်သက်သောဆက်နွယ်မှုအရပ်ရပ်တို့ထက် ဦးစားပေးလုပ်ဆောင်ကြရပါမည်။ မေတ္တာတရား၊ နှိမ့်ချခြင်းတရားများနှင့်ပြည့်ဝသော ဤယုံကြည်မှု၌ မယုံကြည်သောကြင်ဖေါ်အား ထာဝရဘုရားသခင်ထံသို့ခေါ်ဆောင်နိုင်ရန် တန်ခိုးတစ်ခုရှိပါသည်။ သို့ရာတွင် သမ္မာကျမ်းစာ၌ "မယုံကြည်သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကိုမထမ်းကြနှင့်" ဟူ၍ ခရစ်ယာန်များကို မယုံကြည်သူများနှင့် အိမ်ထောင်မပြုကြရန်တားမြစ်ထားပါသည်။

ဣဇာက်အား ဤလောကအတွက်ကောင်းချီးမင်္ဂလာခံစားစေမည့် ကတိတော်များ၏အမွေခံဖြစ်ခန့်အပ်ခြင်းအားဖြင့် ထာဝရဘုရားသခင်သည် အကြီးအကျယ်ဂုဏ်ပြုတော်မူခဲ့ပါသည်။ သို့စေကာမူ သူသည် အသက်လေးဆယ်အရွယ်ရောက်သော် မိမိအတွက်ဇနီးရွေးချယ်ပေးမည့်အတွေ့အကြုံရင့်ကျက်၍ ဘုရာသခင်ကိုကြောက်ရွံ့သောကျွန်တစ်ဦးကိုခန့်အပ်ရာတွင် ဖခင်၏ဆုံးဖြတ်ချက်ကိုဝန်ခံခဲ့ပါသည်။ သမ္မာကျမ်းစာတွင်တင်ဆက်ထားသကဲ့သို့ ထိုလက်ထပ်မင်္ဂလာပြုခြင်း၏အကျိုးဆက်သည် အိမ်တွင်းသာယာပျော်ရွှင်မှုအတွက် လှပသောရုပ်ပုံလွှာတစ်ခုဖြစ်နေပါသည်။ "ဣဇာက်သည် မိမိအမိစာရာ၏တဲသို့ ရေဗက္ကာကိုဆောင်ယူ၍စုံဖက်လေ၏။ ရေဗက္ကာကိုနှစ်မြို့သဖြင့် အမိသေသောအမှု၌ သက်သာခြင်းသို့ရောက်လေ၏။"

ဣဗာက်ကျင့်ခဲ့သောလမ်းစဉ်နှင့် ယခုခေတ်ခရစ်ယာန်လူငယ်များ လိုက်လျှောက်ခဲ့သောလမ်းစဉ်များအကြား မည်မျှကွာခြားလိုက်ပါသလဲ။ မိမိအတွက်အိမ်ထောင်ဘက်ရှာခြင်းအလုပ်သည် မိမိကိုယ်တိုင်စဉ်းစားလုပ်ဆောင်ရမည့်အလုပ်ဖြစ်သည်ဟု ယနေ့လူငယ်များကအထင်ရှိကြပါသည်။ ဘုရားသခင်သည်လည်းကောင်း၊ မိမိတို့၏မိဘများသည်လည်းကောင်း မည်သည့်နည်းနှင့်မျှထိန်းချုပ်ရန်မသင့်သောကိစ္စတစ်ခုဖြစ်သည်ဟုလည်း ၎င်းတို့ကမှတ်ယူထားကြပါသည်။ သူတို့သည် အရွယ်မရောက်မီ ငယ်ရွယ်နုနယ်သေးသည့်အရွယ်မှာပင် မိဘများ၏အကူအညီမပါဘဲ ကိုယ့်ဘာသာကိုယ်ရွေးချယ်တတ်သည်ဟုအထင်ရှိနေကြပါသည်။ အိမ်ထောင်သက်အနည်းငယ်မှာပင် ၎င်းတို့၏ရွေးချယ်မှုများသည်မှားယွင်းကြောင်း သိသာထင်ရှားလာတတ်သော်လည်း ထိုရွေးချယ်မှု၏ဆိုးကျိုးများကိုမူ တားဆီးရန်အထူးနောက်ကျသွားတတ်ပါသည်။ အဆောတလျင်ရွေးချယ်မှုကိုလုပ်ရန် ဆင့်ဆိုနေသောအမြော်အမြင်နည်းပါးမှုများနှင့်ချုပ်တည်းမှုနည်းပါးခြင်းများကို အိမ်ထောင်သည်ဘဝအားအလွန်စိတ်နာကြည်းစရာကောင်းသောပေါင်းဖက်မှုတစ်ခုဖြစ်လာသည့်အခြေအထိ ဒုစရိုက်မှုများအား ပိုမိုကြီးထွားလာစေရန် ခွင့်ပြုတတ်ကြပါသည်။ ထိုနည်းအားဖြင့် မိမိတို့၏ပျော်ရွှင်မှုနှင့်တမလွန်ဘဝအတွက်မျှော်လင့်ချက်များကိုဖျက်ဆီးနေကြပါသည်။

ကျွန်ုပ်တို့အနေဖြင့် အသေအချာဆင်ခြင်သုံးသပ်၍ အသက်ကြီးသူများ၊ အတွေ့အကြုံရင့်ကျက်သူများထံမှ အကြံဉာဏ်တောင်းခံကာ လုပ်ဆောင်ရမည့်အရာများထဲတွင် အိမ်ထောင်ပြုခြင်းသည် အရေးအကြီးဆုံးဖြစ်ပါသည်။ အသက်တာတစ်ခုလုံးကိုအကျိုးသက်ရောက်စေမည့် အိမ်ထောင်ပြုခြင်းအမှုကိုမဆောင်ရွက်မီ သမ္မာကျမ်းစာမှအကြံပေးချက်များကိုရယူကာ လမ်းပြမှုအတွက် ဆုတောင်းခြင်းများကိုပြုလုပ်သင့်ပါသည်။

မိမိရင်သွေးများ၏အနာဂတ်ပျော်ရွှင်သာယာရေးအတွက် မိမိတို့တွင်တာဝန်ရှိကြောင်း မိဘများသည် မျက်ခြည်မပြတ်သင့်ကြချေ။ ဖခင်၏ဆုံးဖြတ်ချက်ကို ဣဗာက်လိုက်လျောမှုသည် နားထောင်မှုရှိသောအသက်တာ



ကိုချစ်မြတ်နိုးရန် သူ့အားသင်ကြားပေးခဲ့သည့်လေ့ကျင့်ပညာပေးမှု၏ရလဒ်တစ်ခုဖြစ်ပါသည်။ အာဗြဟံသည် မိမိ၏သားသမီးများအား မိဘများ၏အုပ်စိုးမှုကိုရိုသေလိုက်နာရန် ခိုင်းစေသည့်တစ်ချိန်တည်းမှာပင် ထိုအုပ်စိုးမှုသည် တစ်ကိုယ်ကောင်းဆန်၍ နိုင်လိုမင်းထက်ဆန်သောထိန်းချုပ်မှုတစ်ခုမဟုတ်ဘဲ မေတ္တာကိုအခြေခံပြီး စီစဉ်ထားသောလူမှုဖူလုံရေးနှင့်ပျော်ရွှင်သာယာရေးကိစ္စများပါဝင်ကြောင်း သူ၏နေ့စဉ်အသက်တာအားဖြင့်သက်သေပြခဲ့ပါသည်။

သားသမီးများသည် မိမိတို့နှင့်တော်လျော်သောဘဝကြင်ဖော်များကိုရရှိရန် မိဘများအနေဖြင့် လူငယ်များ၏ချစ်ရေးချစ်ရာကိစ္စများတွင်လမ်းပြပေးဖို့ မိမိတို့၌တာဝန်ရှိနေကြောင်း သဘောပေါက်ထားသင့်ပါသည်။ မိမိတို့၏သားသမီးများသည် စိတ်နှလုံးစင်ကြယ်မြင့်မြတ်၍ ကောင်းသောအရာများနှင့်အတုအယောင်မဟုတ်သောအရာများကို စွဲလမ်းမြတ်နိုးကြစေရန်အလို့ငှာ ဘုရားသခင့်ကျေးဇူးတော်၏ကူညီဖေးမမှုကိုရယူလျက် မိမိတို့၏အသက်တာပုံစံနမူနာအားဖြင့်လည်းကောင်း၊ သွန်သင်ချက်များအားဖြင့်လည်းကောင်း ငယ်ရွယ်စဉ်အခါမှစ၍ ၎င်းတို့၏အကျင့်စာရိတ္တကိုပုံသွင်းရန်မှာ မိမိတို့လုပ်ဆောင်ရမည့်တာဝန်တစ်ခုဖြစ်သည်ဟု မိဘများအနေဖြင့်မှတ်ယူသင့်ကြပါသည်။ သဘာဝချင်းတူသောသူကိုသာ ချစ်ခင်စွဲလမ်းတတ်ကြပါသည်။ တန်ဖိုးထားတတ်ကြပါသည်။ သားသမီးများ၏စိတ်နှလုံးထဲတွင် ငယ်ရွယ်စဉ်အချိန်မှစ၍ အမှန်တရားကိုချစ်တတ်သောစိတ်၊ အညစ်အကြေးနှင့်ကင်းစင်၍ကောင်းမြတ်သောစိတ်သဘောထားမျိုးကို ရှင်သန်ကြီးထွားအောင် မိဘများအနေဖြင့် ပြုစုပေးသင့်ပါသည်။ ဤအကျင့်စာရိတ္တမျိုးရှိသောလူ့အသိုက်အဝန်းများကိုရှာဖွေပေါင်းသင်းစေသင့်ကြပါသည်။

မိဘများသည် မိမိတို့၏အကျင့်စာရိတ္တတွင်လည်းကောင်း၊ မိမိတို့၏အိမ်ထောင်တွင်လည်းကောင်း အဖခမည်းတော်ဘုရားသခင်၏မေတ္တာတော်နှင့်ကျေးဇူးပြုခြင်းများကိုထင်ရှားစေဖို့ကြိုးစားကြပါ။ မိမိအိမ်ထောင်ကို ကြည်ရွှင်သာယာမှုနှင့်ပြည့်ဝအောင်လုပ်ဆောင်ကြပါ။ ဤအရာသည် သင်၏သားသမီးများအတွက် မြေယာများ၊ ငွေကြေးများထက်များစွာတန်ဖိုးရှိပါလိမ့်မည်။

ငင်းတို့ငယ်ရွယ်စဉ်ကနေထိုင်ခဲ့သောအိမ်ကို ပြန်လည်မျှော်ကြည့်သောအခါ ကောင်းကင်နိုင်ငံပြီးလျှင် အသာယာဆုံး၊ ပျော်ရွှင်စရာအကောင်းဆုံးနေရာတစ်ခုအဖြစ်မှတ်ယူနိုင်စေရန်အလို့ငှာ ငင်းတို့၏နှလုံးသားထဲတွင်ရှိနေသည့် အိမ်ထောင်မေတ္တာကို ဆက်လက်၍အသက်ရှင်ကြီးထွားအောင်လုပ်ဆောင်ကြပါ။ မိသားစုတွင်ပါဝင်ကြသောသူများ၌ အကျင့်စာရိတ္တ၏ထူးခြားသည့် လက္ခဏာများသည် တစ်ဦးနှင့်တစ်ဦးမတူညီကြသောကြောင့် မကြာခဏ စိတ်ရှည်သည်းခံရမည့်အချိန်အခါများရှိမည်ဖြစ်သော်လည်း မေတ္တာအားဖြင့်သော်လည်းကောင်း၊ ကိုယ့်ကိုကိုယ်ဆုံးမပဲ့ပြင်ခြင်းအားဖြင့်သော်လည်းကောင်း မိသားစုအားလုံးသည် အတူတကွညီညွတ်စုစည်းနိုင်ကြမည်ဖြစ်ပါသည်။

မေတ္တာစစ်၊ မေတ္တာမှန်သည် ကြီးမြတ်၍ သန့်ရှင်းသောနိယာမတစ်ခုဖြစ်ပြီး ပြင်းထန်သောစမ်းသပ်မှုများကိုခံရသောအခါ ရုတ်တရက်ပျောက်ကွယ်သွားတတ်သည့် စိတ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်လာသောမေတ္တာမျိုးနှင့်လုံးဝကွဲပြားခြားနားလှပါသည်။ လူငယ်လူရွယ်များသည် မိဘအိမ်တွင်နေထိုင်စဉ် လုပ်ဆောင်သင့်သောအိမ်မှုတာဝန်များကို သစ္စာရှိစွာဆောင်ရွက်ခြင်းအားဖြင့် မိမိ၏အိမ်ထောင်သည်ဘဝအတွက် ပြင်ဆင်ကြရပါမည်။ ငင်းတို့အား ကိုယ့်အလိုကိုငြင်းပယ်တတ်သည့်အကျင့်ကိုကျင့်သုံးစေ၍ ကြင်နာသနားခြင်း၊ ယဉ်ကျေးပျူငှာခြင်းနှင့် ကိုယ်ချင်းစာတရားများကို ငင်းတို့၏အသက်တာတွင်ဖေါ်ပြရန်သွန်သင်ကြပါ။ ဤနည်းအားဖြင့် မေတ္တာတရားသည် စိတ်နှလုံးထဲဝယ် ဆက်လက်နွေးထွေးနေလိမ့်မည်ဖြစ်ပြီး ထိုကဲ့သို့သောအိမ်ထောင်မှထွက်လာသည့်အိမ်ထောင်ဦးစီးလုပ်ရမည့်သူသည် ဘဝကြင်ဖေါ်အဖြစ် မိမိရွေးချယ်ထားသောသူ၏ပျော်ရွှင်မှုကို မည်သည့်နည်းဖြင့်တိုးပွားအောင်လုပ်ဆောင်ရမည်ကိုသိရှိပါလိမ့်မည်။ အိမ်ထောင်ပြုခြင်းသည် မေတ္တာ၏အဆုံးဖြစ်သွားမည့်အစား၊ မေတ္တာ၏အစသာဖြစ်လာပါလိမ့်မည်။

* * *





# (၁၆)
# ယာကုပ်နှင့်ဧသော

ဣဇာက်၏အမြွှာပူးသားနှစ်ယောက်ဖြစ်သော ယာကုပ်နှင့်ဧသောတို့သည် အကျင့်စာရိတ္တနှင့်ကျင်လည်သောအသက်တာနှစ်ခုစလုံးတွင် ထင်ထင်ရှားရှားကွဲပြားခြားနားနေကြပါသည်။ ဤကွဲပြားမှုများကို ငင်းတို့မမွေးမီကပင် ဘုရားသခင်၏ကောင်းကင်တမန်က တင်ကြိုဖွင့်ဟခဲ့ပြီးဖြစ်ပါသည်။ ရေဗက္က၏ဆုတောင်းသံကိုနားညောင်းသည့်အနေဖြင့် ငင်းအား သားကလေးနှစ်ယောက်ကိုပေးသနားတော်မူမည့်အကြောင်းပြောကြားကာ ထိုသားများသည် လူမျိုးကြီးတစ်မျိုးစီ၏ခေါင်းဆောင်များဖြစ်လာကြမည့်အကြောင်း၊ သားငယ်သည် သားကြီးထက်တန်ခိုးခွန်အားကြီးမားလိမ့်မည်ဖြစ်ကြောင်း ငင်းတို့၏အနာဂတ်ရေးကို သူမအားဖွင့်ဆိုတော်မူခဲ့ပါသည်။

ဧသောသည် ကိုယ်နှစ်သက်သလိုသွားလာလုပ်ကိုင်စားသောက်ရင်း၊ လတ်တလောရမည့်အကျိုးကိုသာဦးစားပေးရင်း ကြီးပြင်းလာခဲ့ပါသည်။ သူသည် ထိန်းချုပ်မှုကိုမခံလိုဘဲ အထိန်းအကွပ်မဲ့လွတ်လပ်မှုကိုရှာဖွေရန်နှစ်ခြိုက်သဖြင့် ငယ်ရွယ်စဉ်အချိန်မှစ၍ မုဆိုးဘဝကိုရွေးချယ်ခဲ့ပါသည်။ သို့စေကာမူ ဣဇာက်သည် သူ့အားအချစ်ပိုခဲ့ပါသည်။ ငြိမ်သက်မှုကိုမြတ်နိုး၍ ဆိတ်ငြိမ်စွာနေတတ်သောသိုးကျောင်းသားကလေးယာကုပ်သည် တစ်တောဝင်တစ်တောင်တက်ကာ မကြောက်မရွံ့တမ်းသွားလာအမဲလိုက်ပြီး ဖခင်အတွက်သားကောင်ကိုထမ်းပြီးပြန်လာကာ စွန့်စားခန်းများကို စိတ်လှုပ်ရှားဖွယ်ပြောကြနေသောရဲစွမ်းသတ္တိနှင့်ပြည့်စုံပြီး ခွန်အားကောင်းသောအစ်ကိုကြီး၏ဆွဲဆောင်မှုကိုခံခဲ့ရပါသည်။ ရှေ့နောက်ချင့်ချိန်တတ်သော၊ အလုပ်ကြိုးစားတတ်သောအိမ်မှုကိစ္စများကိုထိန်းသိမ်းစောင့်ရှောက်တတ်ကာ ယခုလောလောဆယ်အကျိုးထက် အနာဂတ်ရေးကိုစဉ်းစားသုံးသပ်တတ်သော ယာကုပ်သည် အိမ်မှာပင်နေထိုင်ကာ သိုးနွားများကိုကြည့်ရှုစောင့်ရှောက်ပြီး လယ်ယာထွန်ယက်ခြင်းအလုပ်များကိုသာလုပ်ကိုင်ခဲ့ပါသည်။ သူ၏သည်းခံစိတ်ဖြင့်

မဆုတ်မနစ်ကြိုးစားအားထုတ်မှု၊ အသုံးအစွဲစေ့စပ်မှုနှင့် အမြော်အမြင်ရှိမှုများကို မိခင်ဖြစ်သူကတန်ဖိုးထားခဲ့ပါသည်။ သူ၏ချစ်ခင်ယုယမှုသည် နက်နဲခိုင်မာပြီး သူ၏နူးညံ့သိမ်မွေ့မှုနှင့်မဆုတ်မနစ်ဂရုတစိုက်ပြုမှုများသည် ကြမ်းတမ်း၍ တစ်ခါတစ်ရံသာကြင်နာမှုပြတတ်သည့် ဧသောထက် မိခင်ကြီးအား အထူး ဝမ်းမြောက်ရွှင်လန်းစေခဲ့ပါသည်။ ယာကုပ်သည် ရေဗက္ကာအတွက် ပို၍ချစ်စရာ ကောင်းသောသားတစ်ဦးဖြစ်ခဲ့ပါသည်။

အာဗြဟံနှင့်ပြု၍ သူ၏သားနှင့်အတည်ဖြစ်စေခဲ့သော ထိုကတိတော်ကို ဣဇာက်နှင့်ရေဗက္ကာတို့သည် ၎င်းတို့၏လိုလားချက်နှင့်မျှော်လင့်ခြင်းများ၏ ဦးတည်ချက်တစ်ခုအနေဖြင့် မှတ်ယူခဲ့ကြပါသည်။ ဧသောနှင့်ယာကုပ်တို့သည် ထိုကတိတော်နှင့်အကျွမ်းတဝင်ဖြစ်ခဲ့ကြပါသည်။ သားဦးအရာကို အလွန် အရေးပါသောကိစ္စတစ်ခုအဖြစ်မှတ်ယူရန် ၎င်းတို့သည် သွန်သင်ခြင်းခံခဲ့ကြရပါသည်။ အကြောင်းမှာ သားဦးအရာသည် လောကီစည်းစိမ်အတွက် အမွေခံ တစ်ဦးဖြစ်သည်သာမက ဝိညာဉ်ရေးဆိုင်ရာအခွင့်ထူးအခွင့်မြတ်အတွက် အမွေခံ တစ်ဦးလည်းဖြစ်ပါသည်။ ထိုအခွင့်ကိုရရှိထားသောသူသည် ၎င်း၏မိသားစု အတွက် ယဇ်ပုရောဟိတ်ဖြစ်လာပါလိမ့်မည်။ ထို့ပြင် ၎င်း၏အမျိုးအနွယ် ထဲမှ ကမ္ဘာ့ကယ်တင်ရှင်သည် ပေါ်ထွန်းလာပါလိမ့်မည်။ တစ်ဖက်တွင်လည်း သားဦးအရာကိုရရှိထားသူများ၌ လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများရှိနေပါသည်။ သားဦးအရာ၏ကောင်းချီးမင်္ဂလာများကို အမွေဆက်ခံမည့်သူများသည် ဘုရားသခင်၏အမှုတော်အတွက် မိမိ၏အသက်တာကိုဆက်ကပ်ထားရပါမည်။ သူသည် အာဗြဟံကဲ့သို့ ဘုရားသခင်၏စေခိုင်းချက်များကို လိုက်နာကျင့်သုံး ကြရပါမည်။ သူသည် အိမ်ထောင်ပြုရာတွင်သော်လည်းကောင်း၊ မိသားစု အချင်းချင်းပေါင်းသင်းဆက်ဆံရာတွင်သော်လည်းကောင်း၊ လူများနှင့်ဆက်ဆံ ရာတွင်သော်လည်းကောင်း ဘုရားသခင်၏အလိုတော်ကိုဝန်ခံရပါမည်။

ဣဇာက်သည် ဤအခြေအနေအရပ်ရပ်နှင့်အခွင့်အရေးများကို သားနှစ်ယောက်အားအသိပေးထားပြီး ဧသောသည် သားကြီးတစ်ဦးအနေဖြင့် သားဦးအရာကိုခံထိုက်စေဟု ပွင့်လင်းစွာဖော်ပြပြောဆိုခဲ့ပါသည်။ သို့ရာတွင်



ဧသောသည် ဝတ်ပြုကိုးကွယ်မှုများကိုမမြတ်နိုးဘဲ ခရစ်ယာန်ဘာသာရေး အသက်တာကိုမစွဲလမ်းခဲ့ချေ။ ဝိညာဉ်ရေးဆိုင်ရာသားဦးအရာနှင့်ပူးတွဲပါရှိ နေသောလုပ်ဆောင်စရာတောင်းဆိုချက်များသည် သူ့အတွက်မလိုလားအပ် သောအရာများဖြစ်ခဲ့သည့်ပြင် မုန်းတီးစရာထိန်းချုပ်မှုတစ်ခုလည်းဖြစ်နေပါသည်။ အာဗြဟံနှင့်ပြုခဲ့သောဘုရားသခင်၏ပဋိညာဉ်အတွက် လိုက်လျှောက်ရမည့် အရာဖြစ်သောပညတ်တော်ကို ကျွန်ခံရာထမ်းပိုးတစ်ခုအဖြစ် ဧသောမှတ်ယူ ခဲ့ပါသည်။ သူသည် မိမိလုပ်ချင်သလိုလုပ်နိုင်ခွင့်ရှိသည့်လွတ်လပ်မှုလောက် မည်သည့်အရာကိုမျှမလိုလားခဲ့ချေ။ တန်ခိုးအာဏာနှင့်ချမ်းသာကြွယ်ဝမှုများ သည်လည်းကောင်း၊ သောက်စားပျော်ပါးခြင်းများသည်လည်းကောင်း သူ့အတွက်ပျော်စရာဖြစ်ခဲ့ပါသည်။ သူသည် ခြေသလုံးအိမ်တိုင်ဘဝ၏ အထိန်းအကွပ်မဲ့လွတ်လပ်မှုကိုအသုံးပြုရခြင်းအတွက် ဂုဏ်ယူခဲ့ပါသည်။ ရေဗက္ကာသည် ကောင်းကင်တမန်ပြောခဲ့သောစကားများကို သတိရအောက်မေ့ကာ သားနှစ်ယောက်၏အကျင့်စာရိတ္တအကြောင်းကို သူမ၏ခင်ပွန်းထက် ပို၍ အမြင်ကြည်ကြည်ဖြင့်သိရှိခဲ့ပါသည်။ ဘုရားသခင်၏ကတိတော်အမွေကို ယာကုပ်အတွက်ရည်ရွယ်ထားကြောင်း သူမသဘောပေါက်ထားပါသည်။ သူမသည် ဣဇာက်အား ကောင်းကင်တမန်ပြောခဲ့သောစကားများကို ပြန်၍ ပြောပြခဲ့သော်လည်း ဖခင်ကြီးသည် သားကြီးကိုသာအချစ်ပိုခဲ့ပြီး မိမိ၏ ရည်ရွယ်ထားချက်ကိုမပြောင်းလဲခဲ့ချေ။

ယာကုပ်သည် သားဦးအရာကို မိမိရရှိလိမ့်မည်ဟူသော ဘုရားသခင်၏ အသိပေးချက်ကို မိခင်ကြီးထံမှကြားသိရသဖြင့် သားဦးအရာကပေးအပ်မည့် အခွင့်အရေးများအတွက် မဖော်ပြနိုင်အောင်ကြီးမားသောဆန္ဒများဖြင့်ပြည့်ဝ နေခဲ့ပါသည်။ သူလိုလားတောင့်တသောအရာမှာ ဖခင်ကြီး၏စည်းစိမ်ဥစ္စာ မဟုတ်ဘဲ သားဦးအရာ၏ဝိညာဉ်ရေးဆိုင်ရာကောင်းချီးမင်္ဂလာများဖြစ်ပါသည်။ ဖြောင့်မတ်သောအာဗြဟံပြုလုပ်ခဲ့သကဲ့သို့ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ မိမိ၏မိသားစုအတွက် အပြစ်ဖြေရာယဇ်ကိုတင်ခြင်း၊ ရွေးချယ်ခြင်းခံရသော လူမျိုး၏ဘိုးဘေးဖြစ်ရခြင်း၊ ကတိထားတော်မူသောကြွလာမည့်မေရှိယ၏

ဘိုးဘေးဖြစ်ရခြင်း၊ ထာဝရအမွေတော်ကိုခံရခြင်း စသည့်ပဋိညာဉ်တော်နှင့် ရစ်ပတ်လျက်ရှိသောကောင်းချီးမင်္ဂလာများ၊ အခွင့်ထူးများနှင့်ဂုဏ်အသရေများတို့သည် သူ၏ပြင်းထန်သောဆန္ဒများကိုနှိုးဆွပေးခဲ့ပါသည်။ သူသည် တမလွန်ရေးတွင်သာစိတ်ရောက်နေပြီး မမြင်ရသောကောင်းချီးမင်္ဂလာများကို ဆွဲကိုင်ရန် ကြိုးစားခဲ့ပါသည်။

သူသည် ဝိညာဉ်ရေးဆိုင်ရာသားဦးအရာနှင့်စပ်ဆိုင်သောအရာများကို ဖခင်ကြီးကပြောပြနေစဉ် လျှို့ဝှက်သောတောင့်တစိတ်ဖြင့် နားထောင်ခဲ့ပါသည်။ မိခင်ထံမှကြားသိခဲ့ရသောအရာများကိုလည်း သေချာစွာမှတ်သားထားပါသည်။ နေ့ရောညပါ ဤအကြောင်းကိုသာသူစဉ်းစားနေခဲ့ရာ အဆုံးတွင် ထိုကိစ္စသည် သူ့ဘဝအတွက်စိတ်ဝင်စားမှုအရှိဆုံးကိစ္စတစ်ခုဖြစ်လာခဲ့ပါသည်။ ယာကုပ်သည် ထာဝရကာလနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများကို လောကီကောင်းချီးမင်္ဂလာများထက်ပို၍ဦးစားပေးခဲ့သော်လည်း ၎င်းရိုသေကိုင်းရှိုင်းသည့်ဘုရားသခင်နှင့်ကိုယ်ထိလက်ရောက်တွေ့ကြုံမှုမျိုးမရှိသေးချေ။ သူ၏စိတ်နှလုံးသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အသစ်ပြုပြင်ခြင်းမခံခဲ့ဖူးသေးချေ။ သားဦးအရာကိုဆက်လက်ထိန်းသိမ်းထားသမျှကာလပတ်လုံး မိမိကိုယ်တိုင်နှင့်ပတ်သက်သောထိုကတိတော်ကိုဖြည့်ဆည်းနိုင်မည်မဟုတ်ဟု သူယုံကြည်ခဲ့ပါသည်။ သို့နှင့် မိမိ၏အစ်ကိုက အရေးတယူမထားသော်လည်း မိမိအတွက် တန်ဖိုးရှိလှသောကောင်းချီးမင်္ဂလာကိုရယူနိုင်မည့်နည်းလမ်းများကို အမြဲမပြတ်သူစဉ်းစားလေ့လာခဲ့ပါသည်။

တစ်နေ့တွင် ဧသောသည် အမဲလိုက်ရာမှမောပန်းနွမ်းနယ်စွာဖြင့် ပြန်လာခဲ့ပြီး ယာကုပ်ပြင်ဆင်ထားသည့်အစာကိုတောင်း၍စားသောအခါ တစ်ခုတည်းသောအရာကိုသာ အမြဲတမ်းတွေးတောနေသောယာကုပ်သည် ဖြစ်ပေါ်လာသောအခြေအနေကိုအခွင့်ကောင်းယူလိုက်ကာ ကျွေးမည့်အစာအတွက် အဖိုးအခအဖြစ် သားဦးအရာကိုပေးရန် ကမ်းလှမ်းလိုက်ပါသည်။ ထိုအခါ "ငါသေလုပြီ၊ သားဦးအရာအားဖြင့် အဘယ်အကျိုးရှိပါသနည်း" ဟုနမော်နမဲ့ရှိလှသောကိုယ့်အလိုကိုလိုက်တတ်သည့်မုဆိုးကြီးက အော်ဟစ်ပြောဆိုလိုက်



ပါသည်။ သူသည် သားဦးအရာကိုလက်လွှတ်ခဲ့ကာ ထိုသားဦးအရာလွှဲပြောင်းပေးခြင်းကို ကျိန်ဆိုမှုတစ်ခုအားဖြင့် အတည်ဖြစ်စေခဲ့ပါသည်။ သူသည် တစ်ခဏအတွင်းတွင် မိမိဖခင်တဲများထဲမှအစားအစာများကို လိုသလောက်ရရှိနိုင်သော်လည်း တဒင်္ဂအချိန်ကလေး၏လိုအင်ဆန္ဒကိုဖြည့်ဆည်းရန် ထာဝရဘုရားသခင်ကိုယ်တော်တိုင် သူ၏ဖခင်အားကတိပြုတော်မူထားသည့်ဂုဏ်အသရေနှင့်ပြည့်စုံသည့်အမွေတော်ကိုဂရုမထားဘဲ ပဲဟင်းတစ်ခွက်နှင့်လဲလှယ်ခဲ့ပါသည်။ လတ်တလောအခြေအနေကိုသာသူစိတ်ဝင်စားခဲ့ပါသည်။ သူသည် လောကီနှင့်ဆိုင်သောအရာများအတွက် ကောင်းကင်နိုင်ငံနှင့်ဆိုင်သောအရာများကိုအရှုံးခံရန် အသင့်ရှိခဲ့ပါသည်။ တမလွန်ကောင်းစားရေးကို တဒင်္ဂကာမဂုဏ်ခံစားမှုတစ်ခုနှင့်လဲလှယ်ရန် သူအသင့်ရှိခဲ့ပါသည်။

"ထိုသို့ဧသောသည် မိမိနှင့်ဆိုင်သောသားဦးအရာကို မထီမဲ့မြင်ပြုခဲ့ပါသည်။" သူသည် ထိုအရာကိုလုပ်ဆောင်ရခြင်းကြောင့် စိတ်သက်သာမှုတစ်ခုကိုခံစားခဲ့ရပါသည်။ ယခုတွင် သူသည် အဟန့်အတားမရှိဘဲ မိမိကြိုက်သလိုလုပ်ဆောင်နိုင်ခဲ့ချေပြီ။ အမည်ခံသာလွတ်လပ်မှုဖြစ်သော ဤအထိန်းအကွပ်မဲ့အပျော်အပါးများအတွက် လူပေါင်းမည်မျှသည် ကောင်းကင်နိုင်ငံတော်ရှိစင်ကြယ်သန့်ရှင်း၍ ထာဝရဖြစ်တော်မူသောအမွေတော်ကိုခံစားခွင့်ရရှိစေမည့် မိမိတို့၏သားဦးအရာကိုရောင်းချနေဆဲဖြစ်ပါသည်။

ဧသောသည် အပေါ်ယံကြော လောကဆွဲဆောင်မှုများနောက်သို့လိုက်ပါလျက် ဟေသ၏သမီးနှစ်ယောက်နှင့်အိမ်ထောင်ပြုခဲ့ပါသည်။ ထိုသူများသည် ဘုရားသခင်အတုအယောင်များကိုကိုးကွယ်သူများဖြစ်ကြပြီး ၎င်းတို့၏ရုပ်တုကိုးကွယ်ခြင်းများသည် ဣဇာက်နှင့်ရေဗက္ကတို့အတွက် စိတ်နှလုံးထိခိုက်စရာဖြစ်ခဲ့ပါသည်။ ရွေးချယ်ခြင်းခံရသောသူများသည် မယုံကြည်သူများနှင့်အိမ်ထောင်မပြုရဟူသော ပဋိညာဉ်၏စည်းကမ်းချက်တစ်ချက်ကို ဧသောချိုးဖေါက်ခဲ့ပြီးဖြစ်သော်လည်း ၎င်းအား သားဦးအရာပေးရန်ဆုံးဖြတ်ချက်ကို ဣဇာက်အနေဖြင့်မပြောင်းလဲသေးပါချေ။ ရေဗက္က၏ဖျောင်းဖျမှု၊ ထိုကောင်းချီးမင်္ဂလာကိုရလိုသည့်ယာကုပ်၏ပြင်းပြသောဆန္ဒနှင့် သားဦးအရာ

အပေါ် ဧသော၏ဂရုစိုက်မှုမထားမှုများသည် ဣဇာက်၏အကြံအစည်ကို ပြောင်းလဲသွားရန်မထိရောက်ခဲ့ပါချေ။

သို့နှင့်နှစ်တွေလတွေကြာညောင်းလာသည်နှင့်အမျှ ဣဇာက်သည်လည်း အိုမင်းမစွမ်းဖြစ်လာကာ မျက်စိများမှုန်လာပြီး မကြာမီတွင် သေဆုံးသွားနိုင်သည်ဟုမျှော်လင့်ရသောအခြေသို့ရောက်သော် အချိန်ဆွဲမထားတော့ဘဲ သားကြီးအားကောင်းချီးသွန်းလောင်းရန် သူဆုံးဖြတ်ချက်ချခဲ့ပါသည်။ ဤအရာသည် ရေဗက္ကနှင့်ယာကုပ်တို့၏ဆန္ဒနှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်ကိုသိသောကြောင့် ဤအခမ်းအနားကိုလျှို့ဝှက်စွာကျင်းပရန် သူဆုံးဖြတ်ခဲ့ပါသည်။ ထိုကဲ့သို့သောအခါသမယမျိုးတွင် စားသောက်ပွဲတစ်ခုကိုကျင်းပရမြဲထုံးစံရှိသည်နှင့်အညီ "မသေမီ၊ ငါ့ဝိညာဉ်သည် သင့်ကိုကောင်းချီးပေးမည်အကြောင်း---တောသို့သွား၍---ငါမြိန်ရှက်တတ်သောအမဲဟင်းလျာကိုချက်၍ ငါ့ထံသို့ယူခဲ့ပါလော့" ဟုဆိုလေ၏။

ရေဗက္ကသည် သူ၏အကြံအစည်ကိုရိပ်မိသွားခဲ့ပါသည်။ ထိုလုပ်ရပ်သည် ဖော်ပြတော်မူခဲ့ပြီးသော ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်သည်ဟု သူမထင်မြင်ယုံကြည်ခဲ့ပါသည်။ ဣဇာက်သည် ဘုရားသခင်၏အမျက်တော်နှင့်သင့်မည့်အခြေအနေတွင်ရောက်နေပြီး ဘုရားသခင်ပေးသနားလိုသည့်အနေအထားမှ သားငယ်အား ဟန့်တားမည့်အန္တရာယ်လည်းရှိနေပါသည်။ သူမသည် ဣဇာက်အားဖျောင်းဖျရန်ကြိုးစားခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့သောကြောင့် နည်းပရိယာယ်တစ်ခုကိုအသုံးပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

ဖခင်၏ခိုင်းစေချက်အရ၊ ဧသောထွက်ခွာသွား၍မကြာမီမှာပင် ရေဗက္ကသည် မိမိ၏အကြံအစည်ကိုစတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ဧသောအပေါ်ကောင်းချီးသွန်းလောင်းမှုကိုဟန့်တားနိုင်ရန် အရေးပေါ်လုပ်ဆောင်ရမည့်အဓိကအရာများကိုတိုက်တွန်းလျက် ဖြစ်ပျက်ခဲ့သမျှအကြောင်းစုံကို ယာကုပ်အား သူမပြောပြခဲ့ပါသည်။ မိမိပြောသလိုလုပ်မည်ဆိုလျှင် ဘုရားသခင်ကတိထားတော်မူသည့်အတိုင်း သားဦးအရာကိုရရှိနိုင်မည်ဖြစ်ကြောင်း မိမိသားငယ်အား ရေဗက္ကအာမခံခဲ့ပါသည်။ ယာကုပ်သည် သူမ၏အကြံအစည်



ကိုရုတ်တရက်လက်မခံခဲ့ချေ။ ဖခင်ကိုလိမ်လည်လှည့်ဖြားရန်ကြံစည်ခြင်းသည် သူ့အားစိတ်ထိခိုက်စေခဲ့ပါသည်။ ဤသို့သောအပြစ်မျိုးသည် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်စေနိုင်သည်ထက် ကျိန်ခြင်းအမင်္ဂလာကိုပို၍ဖြစ်စေနိုင်သည်ဟု သူယူဆခဲ့ပါသည်။ သို့ရာတွင် ဤစိတ်ထင်မှုသည် နောက်ဆုံးတွင် ပျောက်လွင့်သွားကာ မိခင်၏အကြံပေးချက်အတိုင်းလုပ်ဆောင်ခဲ့ပါတော့သည်။ တိုက်ရိုက်လိမ်ညာပြောဆိုမှုကိုပြုရန် သူမရည်ရွယ်ခဲ့သော်လည်း ဖခင်၏ရှေ့သို့ရောက်သွားသောအခါ နောက်ဆုတ်ရန်မဖြစ်နိုင်လောက်အောင် ခရီးလွန်နေပြီဟုအထင်ရှိကာ သူသည် လိမ်ညာသောစကားများအားဖြင့် အလွန်မက်မောခဲ့သောကောင်းချီးမင်္ဂလာတစ်ခုကိုရယူခဲ့ပါသည်။

ရေဗက္ကနှင့်ယာကုပ်တို့သားအမိသည် အကြံအောင်ခဲ့ကြသော်လည်း မိမိတို့၏လိမ်ညာမှုကြောင့် ဒုက္ခဆင်းရဲခြင်းနှင့်ဝမ်းနည်းကြေကွဲမှုများကိုရင်ဆိုင်ခဲ့ရပါသည်။ ယာကုပ်သည် သားဦးအရာကိုရလိမ့်မည်ဟု ထာဝရဘုရားသခင်မိန့်ကြားတော်မူခဲ့ပြီးဖြစ်ရာ ယုံကြည်စွာဖြင့် ကိုယ်တော်ရှင်လုပ်ဆောင်ပေးမည့်အချိန်ကိုစောင့်စားခဲ့ကြလျှင် ကိုယ်တော်နှုတ်တော်ထွက်စကားများသည် အချိန်တန်သောအခါ ပြည့်စုံခဲ့ပြီးဖြစ်ပါလိမ့်မည်။ သို့ရာတွင် ယခုခေတ်ခရစ်ယာန်အများစုကဲ့သို့ သူတို့သည် ထိုကိစ္စကို ကိုယ်တော်၏လက်တော်၌အပ်နှံရန် ဆန္ဒမရှိခဲ့ကြချေ။ ရေဗက္ကသည် မိမိသားငယ်အား မှားယွင်းသောအကြံကိုပေးခဲ့မိသည့်အတွက် သားကလေးနှင့်တစ်သက်လုံးခွဲခွာခဲ့ရပြီး ယာကုပ်၏မျက်နှာကိုနောက်တစ်ဖန်မည်သည့်အခါမျှမမြင်ခဲ့ရတော့ချေ။ ယာကုပ်သည်လည်း သားဦးအရာကိုရခဲ့သည့်အချိန်မှစ၍ ကိုယ်ပြုခဲ့မိသည့်အပြစ်၏ဖိစီးမှုဒဏ်ကိုခံခဲ့ရပါသည်။ သူသည် မိမိ၏ဖခင်၊ အစ်ကိုနှင့် မိမိကိုယ်တိုင်၏အသက်ဝိညာဉ်တို့ကိုပြစ်မှားခဲ့သည့်ပြင် ထာဝရဘုရားသခင်ကိုလည်း ပြစ်မှားခဲ့ပါသည်။ သူသည်တဒင်္ဂအချိန်ကလေးအတွင်းတွင် တစ်သက်လုံးနောင်တရရမည့်အလုပ်တစ်ခုကိုလုပ်ဆောင်မိခဲ့ပါသည်။ မိမိသားများ၏ဆိုးယုတ်သောလုပ်ဆောင်မှုများကြောင့် သူ၏အသက်ဝိညာဉ်သည် ဒုက္ခခံစားခဲ့ရသောနောက်ပိုင်းအချိန်များတွင် ဤမြင်ကွင်းသည် သူ့ရှေ့၌ထင်ထင်ရှားရှားပေါ်ထွက်လာခဲ့ပါသည်။

ယာကုပ်သည် ဖခင်၏တဲထဲမှထွက်သွား၍ မကြာမီမှာပင် ဧသောသည် တဲထဲသို့ဝင်သွားခဲ့ပါသည်။ သူသည် မိမိသားဦးအရာကိုရောင်းခဲ့ပြီး ကျိန်ဆိုမှုတစ်ခုအားဖြင့်အတည်ဖြစ်စေခဲ့သော်လည်း ယခုတွင်မူ ညီငယ်၏တောင်းဆိုခွင့်ကိုဂရုမထားတော့ဘဲ သားဦးအရာ၏ကောင်းချီးမင်္ဂလာများကို ရယူရန် သူသန္နိဋ္ဌာန်ချခဲ့ပါသည်။ ၎င်းအားအိမ်ထောင်ဦးစီးဖြစ်စေလျက် သူ့ဖခင်ပိုင်ဆိုင်သောစည်းစိမ်၏နှစ်ဆသောအကျိုးစီးပွားများကိုဖြစ်စေမည့် လောကီဆိုင်ရာသားဦးအရာသည် ဝိညာဉ်ရေးဆိုင်ရာကိစ္စများနှင့်လည်းဆက်နွယ်နေပါသည်။ ဤအရာများသည် သူတန်ဖိုးထားနိုင်သည့်ကောင်းချီးမင်္ဂလာများဖြစ်ခဲ့ပါသည်။ "အကျွန်ုပ်အဘ၏ဝိညာဉ်သည် အကျွန်ုပ်ကိုကောင်းချီးပေးမည့်အကြောင်း သား၏အမဲသားကိုထ၍စားလော့" ဟုဧသောကဆိုလေ၏။

အံ့ဩထိတ်လန့်မှုများကြောင့် ကတုန်ကယင်ဖြစ်နေသောသက်ကြီးရွယ်အိုမျက်မမြင်ဖခင်ကြီးသည် မိမိ၏အလိမ်ခံခဲ့ရကြောင်းကိုသိရှိသွားခဲ့ပါသည်။ ကာလကြာမြင့်စွာက နှစ်နှစ်ကာကာမြတ်နိုးခဲ့သောမျှော်လင့်ချက်များသည် ပျက်ပြားခဲ့ရချေပြီ။ သားကြီးခံစားရမည့်စိတ်ဆင်းရဲမှုကိုလည်း ပြင်းထန်စွာသူခံစားခဲ့ရပါသည်။ သို့ရာတွင် မိမိ၏အကြံအစည်ပျက်ပြားခဲ့ရပြီး မိမိတားဆီးရန်ဆုံးဖြတ်ခဲ့သည့်အရာဖြစ်ပေါ်လာရခြင်းမှာ ဘုရားသခင်၏အစီအစဉ်ပင်ဖြစ်သည်ဟူသော အသိတရားကလေးတစ်ခုသည် သူ့ဦးနှောက်ထဲသို့ လျှပ်တစ်ပြက်ရောက်လာခဲ့ပါသည်။ ရေဗက္ကအား ကောင်းကင်တမန်ပြောခဲ့သောစကားများကို သူသတိရအောက်မေ့ခဲ့ပါသည်။ ယာကုပ်သည် ယခုအချိန်တွင် ထိုအပြစ်ကိုကျူးလွန်ခဲ့သော်ငြားလည်း သူသည်သာလျှင် ဘုရားသခင်၏အကြံအစည်တော်ကိုပြီးမြောက်စေမည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ဣဇာက်တွေ့မြင်ခဲ့ပါသည်။ သူသည် ကောင်းချီးပေးသည့်စကားများကိုမြွက်ဆိုနေစဉ် ဝိညာဉ်တော်ပွဲပြင်မှုကိုခံခဲ့ရပါသည်။ ယခုတွင်အခြေအနေအရပ်ရပ်ကို သိရှိနားလည်ကာ "သူ့ကိုကောင်းချီးပေးမိပြီ။ သူသည် ကောင်းချီးမင်္ဂလာကို ဧကန်အမှန်ခံရလိမ့်မည်ဟူ၍ ယာကုပ်အားပေးခဲ့သောကောင်းချီးမင်္ဂလာများကို အမှတ်တမဲ့အတည်ပြုပြောကြားခဲ့ပါသည်။



ဧသောသည် ကောင်းချီးမင်္ဂလာများကို လက်လှမ်းမီသောအခြေအနေတွင်ရှိနေစဉ်တွင် အလေးအနက်တန်ဖိုးမထားခဲ့သော်လည်း အလှမ်းကွာဝေးသွားပြီဖြစ်သောယခုအချိန်တွင် ထိုကောင်းချီးမင်္ဂလာများကိုရလိုစိတ်ပြင်းပြခဲ့ပါသည်။ စိတ်ကူးပေါက်ရာလုပ်တတ်သောစိတ်ဓါတ်ပြင်းထန်သည့် ၎င်း၏ဗီဇစွမ်းအားများသည် လှုံ့ဆော်မှုကိုခံခဲ့ရပြီး သူသည်အလွန်ဝမ်းနည်းအမျက်ထွက်ခဲ့ပါသည်။ ထိုနောက်သူသည် အလွန်ပြင်းသောအသံနှင့်သည်းထန်စွာငိုကြွေးလျက် "အိုအဘ၊ အကျွန်ုပ်ကိုလည်းကောင်းချီးပေးပါလော့၊ ပေးပါလော့။" "အကျွန်ုပ်အဖို့ကောင်းချီးမင်္ဂလာတစ်ပါးကိုမျှမချွင်းပါသလော" ဟုဆိုလေ၏။ သို့ရာတွင် ပေးခဲ့ပြီးသောကတိကိုပြန်၍မရုပ်သိမ်းနိုင်တော့ချေ။ သူသည် ဂရုမထားဘဲ ပဲဟင်းနှင့်လဲစားခဲ့သောသားဦးအရာကိုမူ ယခုတွင် ပြန်၍မရနိုင်တော့ချေ။ ဧသောသည် မည်သည့်အခါကမျှ အောင့်အည်းမျိုသိပ်ခြင်းမပြုခဲ့သောခံတွင်းတောင့်တမှုကို တစ်ခဏတာအဆာအမွတ်ပြေစေရန် တစ်လုပ်စာအစာကလေးကိုရရှိဖို့ရန်အတွက် သူရရှိမည့်အမွေကိုရောင်းပစ်ခဲ့ပါသည်။ သို့သော် မိမိ၏မိုက်မဲမှုကို သူသိရှိလာသောအချိန်တွင် ထိုကောင်းချီးမင်္ဂလာကိုပြန်လည်ရရှိနိုင်ရန်အတွက် အလွန်နောက်ကျခဲ့ချေပြီ။ "ဧသောသည် ---မျက်ရည်ကျ၍ ကောင်းချီးမင်္ဂလာကိုအလွန်ရှာသော်လည်း မိမိအဘ၏စိတ်ပြောင်းလဲခြင်းအခွင့်ကိုမတွေ့ရ။" ဧသောသည် နောင်တရခြင်းအားဖြင့် ဘုရားသခင်၏မျက်နှာသာပေးခြင်းအခွင့်ကိုပြန်လည်ရရှိနိုင်သော်လည်း သားဦးအရာကိုပြန်လည်ရရှိနိုင်သည့်အခွင့်အလမ်းမရှိတော့ချေ။ သူ၏ဝမ်းနည်းကြေကွဲမှုသည် အပြစ်အတွက်အမြင်မှန်ရလာမှုကြောင့် ပေါက်ပွားလာသောဝမ်းနည်းမှုမဟုတ်ပါချေ။ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်လိုသောဆန္ဒလည်း သူ၌မရှိခဲ့ပါချေ။ သူသည် ကျူးလွန်ခဲ့မိသည့်အပြစ်ကြောင့် ဝမ်းနည်းခြင်းမဟုတ်ဘဲ အပြစ်၏အဖိုးအခကိုခံစားရသောကြောင့်သာ ဝမ်းနည်းကြေကွဲခဲ့ခြင်းဖြစ်ပါသည်။

ဧသောသည် ဘုရားသခင်ပေးသနားတော်မူမည့်ကောင်းချီးမင်္ဂလာများနှင့် ဘုရားသခင်၏စေခိုင်းချက်များကိုဂရုဓမ္မမထားခဲ့သောကြောင့်

“ခရစ်ယာန်ဘာသာတရားကိုမရိုမသေပြုသောသူ” ဟုသမ္မာကျမ်းစာတွင် သူ့အားကင်ပွန်းတပ်ထားပါသည်။ သူသည် ခရစ်တော်၏အသွေးတော်အားဖြင့် ဝယ်ယူခဲ့သောကယ်တင်ခြင်းကို တန်ဖိုးမထားသူများနှင့်ပျက်စီးစေနိုင်သည့် လောကီပစ္စည်းဥစ္စာများအတွက် ကောင်းကင်အမွေခံဘဝကိုအရှုံးခံရန် အသင့်ရှိနေသောသူများအား ကိုယ်စားပြုပါသည်။ ထောင်ပေါင်းများစွာသော လူများသည် တမလွန်ဘဝအတွက် လုံးဝထည့်သွင်းမစဉ်းစားကြဘဲ ယခုပစ္စုပ္ပန်ဘဝအတွက်သာ အသက်ရှင်နေထိုင်လျက်ရှိကြပါသည်။ သူတို့သည် ဧသောကဲ့သို့ပင် “စားကြကုန်အံ့၊ သောက်ကြကုန်အံ့၊ မနက်ဖြန်သေရမည်” ဟုကြွေးကြော်နေကြပါသည်။ သူတို့သည် ကိုယ့်အလိုကိုငြင်းဆန်သောအကျင့်ကိုကျင့်သုံးရမည့်အစား ရှိသည့်အတိုင်းစားသောက်နေထိုင်လျက်ရှိကြပါသည်။ အဖိုးထိုက်တန်သောအရာများကို လက်လွှတ်ဆုံးရှုံးခံလျက်ရှိကြပါသည်။ ဆိုးရွားသောခံတွင်းအလိုလိုက်ခြင်းနှင့် ကိုယ့်အလိုကိုငြင်းပယ်၍ ဘုရားသခင်ကိုကြောက်ရွံ့သောသူများအတွက်သာ ကတိထားတော်မူသောကောင်းကင်နိုင်ငံမှ ကောင်းချီးမင်္ဂလာတစ်ခုခုကိုစွန့်လွှတ်ရမည်ဆိုလျှင် ခံတွင်းအလိုလိုက်မှုသည် အောင်ပွဲဆင်၍ ဘုရားသခင်၏တောင်းဆိုမှုသည် မထီလေးစားပြုခြင်းကိုခံရတတ်ပါသည်။ ကျန်းမာရေးကိုထိခိုက်စေ၍ အသက်ဝိညာဉ်၏စိတ်အာရုံတွေ့ထိခံစားမှုများကိုထုံထိုင်းစေသည့် ကာမဂုဏ်ခံစားမှုများကို ခရစ်ယာန်များထဲမှ လူပေါင်းမည်ရွေ့မည်မျှတို့သည် လိုက်စားနေကြပါသနည်း။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်မှအညစ်အကြေးများကိုသန့်စင်စေကာ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၌ စုံလင်သောသန့်ရှင်းခြင်းရှိစေရန် လုပ်ဆောင်ဖို့တာဝန်ပေးသောအခါ ထိုသူများသည် စေတနာစိတ်ပျက်ကြ၏။ မိမိတို့သည် အကျိုးယုတ်စေသည့် ဤနှစ်သက်စွဲလမ်းမှုများကို မထိန်းချုပ်နိုင်ကြသောကြောင့် ထာဝရနိုင်ငံတော်သို့သွားရာလမ်းသည် မိမိတို့ဆက်၍မလျှောက်နိုင်လောက်အောင် ဖြောင့်တန်းလွန်းသည်ဟု သူတို့မှတ်ယူခဲ့ကြပါသည်။

ထောင်ပေါင်းများစွာသောလူသားများသည် ကာမဂုဏ်ခံစားမှုအတွက် မိမိတို့၏သားဦးအရာကိုရောင်းစားနေကြပါသည်။ တဒင်္ဂပျော်ရွှင်မှုကလေးတစ်ခု



အတွက် မိမိ၏ကျန်းမာရေးကိုအဆုံးရှုံးခံနေကြပါသည်။ စိတ်ပိုင်းဆိုင်ရာအစွမ်းသတ္တိများကို ခွန်အားနည်းစေလျက်ရှိကြပါသည်။ ကောင်းကင်နိုင်ငံတော်ကိုလက်လွှတ်ခံလျက်ရှိကြပါသည်။ ကာမဂုဏ်ခံစားမှုကို တစ်ကြိမ်တစ်ခါတည်းလိုက်စားခြင်းသည်ပင် စာရိတ္တမဏ္ဍိုင်ကိုချက်ချင်းအားနည်းယုတ်ညံ့သွားစေပါသည်။ အလျင်စလိုအလဲအလှယ်လုပ်လိုက်မှုအတွက် မိုက်မှားမှုကို ဧသောတွေ့မြင်လာသောအချိန်တွင် ဆုံးရှုံးသွားသောအရာကို ပြန်လည်ရယူဖို့ အလွန်နောက်ကျခဲ့သကဲ့သို့ တစ်ကိုယ်ကောင်းဆန်သောအလိုဆန္ဒများကို ကောင်းကင်နိုင်ငံသို့အမွေခံခွင့်နှင့်လဲလှယ်ခဲ့ကြသူများသည်လည်း ဘုရားသခင်၏နေ့ကြီးတွင် ထိုနည်းအတူဖြစ်ကြလိမ့်မည်။

* * *

## (၁၇)
## တစ်ကျွန်းတစ်နိုင်ငံသို့ယာကုပ်ထွက်ပြေးတိမ်းရှောင်ခြင်း

ယာကုပ်သည် အသေသတ်မည်ဟူသော ဧသော၏ကြိမ်းဝါးမှုကြောင့် ဝရမ်းပြေးတစ်ဦးအဖြစ် ဖခင်၏အိမ်မှထွက်ပြေးသွားခဲ့သော်လည်း ဣဇာက်ပေးခဲ့သောကောင်းချီးမင်္ဂလာများသည် သူနှင့်အတူယူဆောင်သွားခဲ့ပါသည်။ ဣဇာက်သည် ပဋိညာဉ်ဆိုင်ရာကတိတော်ကို သူ့အားတစ်ဖန်ထပ်မံ၍ဖွင့်ဆိုကာ အမွေခံတစ်ဦးအနေဖြင့် မေသောပေါတာမိပြည်တွင်နေထိုင်သော မိခင်ရေဗက္က၏အနွယ်ထဲမှ ဇနီးတစ်ဦးကိုရှာယူရန် ခိုင်းစေခဲ့ပါသည်။ တစ်ကိုယ်တည်း ခရီးသွားရမည့်အရေးသည် ယာကုပ်အတွက်အလွန့်အလွန်စိတ်ဒုက္ခရောက်စရာတစ်ခုဖြစ်နေပါသည်။ သူသည် တောင်ဝှေးတစ်ချောင်းကိုလက်ထဲတွင်ကိုင်ကာ ရမ်းကားသောခြေသလုံးအိမ်တိုင်လူမျိုးစုများနေထိုင်သည့်နယ်တစ်နယ်ကိုဖြတ်၍ မိုင်ပေါင်းရာနှင့်ချီ၍ခရီးသွားရမည်ဖြစ်ပါသည်။ စိတ်ဆိုးနေသောသူ၏အစ်ကိုက ခြေရာခံမိသွားမည်ကိုစိုးသဖြင့် သူသည် ကြောက်လန့်တကြားလူများကို ရှောင်ရှားရန်ကြိုးစားခဲ့ပါသည်။ ဘုရားသခင်က ၎င်းအားပေးရန်ရည်ရွယ်ထားတော်မူသည့်ကောင်းချီးမင်္ဂလာများကို ထာဝစဉ်ဆုံးရှုံးသွားမည်ကိုလည်း သူစိုးရိမ်ခဲ့ပါသည်။ ၎င်းပြင် စာတန်သည် ၎င်းအားစုံစမ်းသွေးဆောင်ရန် ချဉ်းကပ်လာခဲ့ပါသည်။

ဖခင်၏အိမ်မှထွက်သွားခဲ့သည့်ဒုတိယနေ့၊ ညနေခင်းသို့ရောက်သောအခါ သူသည် အိမ်နှင့်အတော်ဝေးကွာနေပြီဖြစ်ကြောင်းတွေ့ရပါသည်။ မိမိသည် အပယ်ခံတစ်ဦးဖြစ်ကြောင်း၊ ဖြစ်ပေါ်လာသောဤဆင်းရဲဒုက္ခမှာလည်း မိမိ၏မှားယွင်းသောလုပ်ရပ်ကြောင့်ဖြစ်ပေါ်လာသောအရာဖြစ်ကြောင်း သူခံယူခဲ့ပါသည်။ သူ၏စိတ်ဝိညာဉ်သည် အကြီးအကျယ်စိတ်ပျက်အားလျော့ခဲ့ပြီး ဆုတောင်းရန်ကိုပင်မရဲတရဲဖြစ်နေပါသည်။ သို့ရာတွင် သူသည် တစ်ဦးတည်း အထီးကျန်ဖြစ်နေသောကြောင့် ဘုရားသခင်ထံမှကာကွယ်စောင့်ရှောက်မှုကို ယခင်ကထက်လိုအပ်နေကြောင်းခံစားခဲ့ရပါသည်။ ထိုကြောင့်သူသည် ငိုကြွေး



နှိမ့်ချစွာဖြင့် မိမိ၏အပြစ်များကိုဝန်ချတောင်းပန်ကာ မိမိအားလုံးလုံးကြီး မစွန့်ပစ်သေးကြောင်းသိသာစေနိုင်သည့်အထောက်အထားများကိုပြသရန် အသနားခံခဲ့ပါသည်။ အပြစ်ဒဏ်ပိနေသောသူ၏စိတ်နှလုံးသည် သက်သာရာတစ်စုံတစ်ခုကိုမျှမတွေ့ခဲ့ပါချေ။ သူသည် ကိုယ့်ကိုကိုယ်လုံးလုံးယုံကြည်စိတ်ချခြင်းမရှိတော့ဘဲ ဘိုးဘေးများကိုးကွယ်ခဲ့သောထာဝရဘုရားသခင်က မိမိအားစွန့်ပစ်မည်ကိုလည်း စိုးရိမ်ခဲ့ပါသည်။

ထာဝရဘုရားသခင်သည် ယာကုပ်အား စွန့်ပစ်တော်မမူခဲ့ချေ။ မှားယွင်း၍ကိုးစားမှုမရှိသည့်ကျွန်အတွက် ကရုဏာတော်ကိုမျှဝေဆဲဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် ယာကုပ်အလိုရှိခဲ့သောကယ်တင်ရှင်တစ်ပါးကို သနားခြင်းကရုဏာပြည့်ဝစွာဖြင့် ဖော်ပြတော်မူခဲ့ပါသည်။ သူသည် အပြစ်ကျူးလွန်ခဲ့ဖူးသော်လည်း ဘုရားသခင်မျက်နှာသာပေးမှုကို ပြန်လည်ရရှိစေနိုင်မည့်ဖော်ပြပါလမ်းတစ်ခုကိုမြင်တွေ့ခဲ့ရသောကြောင့် ကျေးဇူးတင်ဝမ်းမြောက်ခဲ့ပါသည်။

သူသည် မောပန်းခရီးသွားလာခဲ့ရသောကြောင့် ကျောက်တုံးကို ခေါင်းနှင့်အုံးကာ မြေကြီးပေါ်တွင်လဲလျောင်းလိုက်ပါသည်။ အိပ်ပျော်သွားစဉ်တွင် အောက်ခြေသည် မြေကြီးပေါ်တွင်ရှိပြီး အဖျားသည် ကောင်းကင်တိုင်အောင်မြင့်မားသည့် ထွန်းလင်းတောက်ပနေသောလှေကားတစ်ခုကို သူမြင်တွေ့ရပါသည်။ ကောင်းကင်တမန်များသည် ဤလှေကားကြီးပေါ်တွင် တက်လျက်ဆင်းလျက်ရှိကြပါသည်။ ဘုန်းတော်အရှင်ထာဝရဘုရားသခင်ကို ထိုလှေကားထက်တွင်ရပ်ထတော်မူလျက် “ငါသည် သင်၏အဘအာဗြဟံ၏ဘုရားသခင်၊ ဣဇာက်၏ဘုရားသခင်တည်းဟူသော ထာဝရဘုရားသခင်ဖြစ်၏” ဟူ၍မိန့်တော်မူနေသည်ကို သူကြားရ၏။ “သင်နှင့်သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်” ဟူသောအာမခံချက်နှင့်အတူ သူလဲလျောင်းနေသောမြေကို သူနှင့်သူ၏သားမြေးများအားပေးသနားရန် ကတိပြုတော်မူခဲ့ပါသည်။ ဤကတိတော်ကို အာဗြဟံနှင့်ဣဇာက်တို့အားပေးတော်မူခဲ့ပြီးဖြစ်ရာ ယခုတွင်ယာကုပ်အား ထပ်မံ

ဖွင့်ဆိုခြင်းဖြစ်ပါသည်။ ၎င်းပြင် လတ်တလောသူရင်ဆိုင်နေရသောအထီးကျန်ဘဝနှင့်စိတ်ပျက်အားလျော့ခြင်းများအား အထူးဂရုပြုနေသည့်အနေဖြင့် "ငါသည် သင့်ဘက်၌ရှိ၏။ သင်သွားလေရာရာ၌ ငါစောင်မမည်။ ဤပြည်သို့တစ်ဖန် ငါဆောင်ခဲ့ဦးမည်။ ကတိတော်ထားသည့်အတိုင်းမပြည့်စုံမီ သင့်ကိုငါမစွန့်" ဟုနှစ်သိမ့်အားပေးစကားများကို မိန့်တော်မူခဲ့ပါသည်။

ထာဝရဘုရားသခင်သည် ယာကုပ်အားဝန်းရံနေသည့်ဒုစရိုက်အင်အားစုများကိုလည်းကောင်း၊ ၎င်းကြုံတွေ့မည့်ဘေးအန္တရာယ်များကိုလည်းကောင်း သိရှိထားတော်မူပါသည်။ သူသည် မိမိအပေါ်တွင်ထားရှိသည့်ဘုရားသခင်၏အကြံအစည်ကိုနားလည်နိုင်ရန်နှင့် ရုပ်တုကိုးကွယ်သူများ၊ မတရားကြံစည်သူများအလယ်တွင် တစ်ဦးတည်းရှိနေစဉ် သေချာပေါက်တွေ့ကြုံရမည့်စုံစမ်းနှောင့်ယှက်ခြင်းများကိုတွန်းလှန်နိုင်ဖို့ အဆင်သင့်ရှိထားစေရန်အလို့ငှာ နောင်တရသောဝရမ်းပြေးကြီးရှေ့တွင် အနာဂတ်မြင်ကွင်းကို ကရုဏာတော်အားဖြင့် ကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။ သူ့ရှေ့တွင် သူရည်မှန်းချက်ချရမည့်မြင့်မားသောစံတစ်ခုသည် အမြဲတမ်းရှိနေပြီး သူ့အားဖြင့် ဘုရားသခင်၏အကြံတော်သည် ပြီးပြည့်စုံလျက်ရှိသည်ဟူသောအသိကလေးက ယာကုပ်အားသစ္စာစောင့်သိမှုရှိရန် အမြဲတမ်းနှိုးဆွပေးနေပါသည်။

ဤရူပါရုံတွင် ယာကုပ်အားဖော်ပြခဲ့သောကယ်တင်ခြင်းစီမံကိန်းသည် အပြည့်အစုံမဟုတ်သော်လည်း ထိုကဏ္ဍကလေးသည် ထိုအချိန်၌ သူ့အတွက် မရှိမဖြစ်သောအရေးပါသောကဏ္ဍကလေးဖြစ်ခဲ့ပါသည်။ အိပ်မက်ထဲတွင် သူ့အားဖော်ပြခဲ့သောထိုလှေကားသည် နာသနေလနှင့်စကားပြောစဉ် ခရစ်တော်ဘုရားသခင်ရည်ညွှန်းခဲ့သောအရာနှင့်အတူတူပင်ဖြစ်ပါသည်။ "ကောင်းကင်ဖွင့်လှစ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူသား၏အပေါ်၌ဆင်းလျက်တက်လျက်ရှိနေသည်ကိုလည်းကောင်း သင်တို့သည်မြင်ရကြလတ္တံ့" ဟုနာသနေလအား ကိုယ်တော်ဖွင့်ဆိုခဲ့ပါသည်။ လူသားများသည် ဘုရားသခင်၏အုပ်စိုးမှုကိုအန်တုလာသည့်အချိန်အထိ ဘုရားသခင်နှင့်လူသားများအကြားတွင် လွတ်လပ်သောဆက်သွယ်မှုများရှိခဲ့



ပါသည်။ သို့ရာတွင် အာဒံနှင့်ဧဝတို့၏အပြစ်ကြောင့် ကောင်းကင်နှင့်မြေကြီးသည် အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီး လူသားများသည် ဖန်ဆင်းရှင်နှင့်ဆက်ဆံခွင့်မရရှိကြတော့ချေ။ သို့ရာတွင် ဤကမ္ဘာကြီးအား မျှော်လင့်ချက်မဲ့သောအထီးကျန်အခြေအနေတွင် စွန့်ပစ်ထားခဲ့တော်မမူပါ။ ထိုလှေကားကြီးသည် ကောင်းကင်နှင့်မြေကြီးအားဆက်သွယ်ရန် ခန့်အပ်ခြင်းခံရသော သခင်ယေရှုကိုပုံဆောင်ပါသည်။ အပြစ်တရားကဖန်တီးခဲ့သော ထိုချောက်ကမ်းပါးကြီးကို ခရစ်တော်၏ကောင်းမှုကုသိုလ်အားဖြင့်ပေါင်းကူးမပေးခဲ့လျှင် အမှုတော်ဆောင်နေကြသောထိုကောင်းကင်တမန်များသည် အပြစ်တွင်ကျဆုံးလျက်ရှိသောလူသားများနှင့်ဆက်သွယ်နိုင်လိမ့်မည်မဟုတ်ချေ။ ခရစ်တော်သည် အားနည်း၍ မျှော်လင့်ချက်ကင်းမဲ့နေသောလူသားများကို ထာဝရတန်ခိုးတော်အရှင်နှင့်ဆက်သွယ်ပေးထားပါသည်။

ဤအရာအားလုံးကို ယာကုပ်အားအိပ်မက်ဖြင့်ဖော်ပြတော်မူခဲ့ပါသည်။ သူသည် ဖော်ပြသည့်အရာများ၏တစ်ပိုင်းတစ်စကိုသာ ရုတ်တရက်မှတ်ယူထားနိုင်ခဲ့သော်လည်း ကြိုတင်တရားတော်၏ကြီးမြတ်၍နက်နဲသောသမ္မာတရားများကို တစ်သက်ပတ်လုံးသူလေ့လာခဲ့ရပါသည်။ လေ့လာသည်နှင့်အမျှ ပို၍ပို၍လည်းသိရှိနားလည်လာခဲ့ပါသည်။

ယာကုပ်သည် တိတ်ဆိတ်နေသောညဥ့်နက်သန်းခေါင်အချိန်တွင် အိပ်နေရာမှနိုးခဲ့ပါသည်။ ရူပါရုံထဲမှထွန်းတောက်သောအရာများလည်း ပျောက်ကွယ်ခဲ့ချေပြီ။ သီးခြားစီတည်ရှိနေသောတောင်ကုန်းများ၏ဝိုးတဝါးပုံရိပ်များနှင့် ကောင်းကင်ယံထက်တွင်ထွန်းလင်းတောက်ပနေသောကြယ်ကလေးများကိုသာ သူစိုက်ကြည့်နေမိပါသည်။ ဘုရားသခင်သည် မိမိနှင့်အတူရှိနေတော်မူသည်ဟူ၍လည်း သူခံစားခဲ့ရပါသည်။ မျက်မြင်မရသောကိုယ်တော်သည် လူသူကင်းဝေးသောထိုနေရာတွင်ရှိတော်မူခဲ့ပါသည်။ "အကယ်စင်စစ်၊ ထာဝရဘုရားသခင်သည် ဤအရပ်၌ရှိတော်မူ၏။ ရှိတော်မူကြောင်းကိုငါမသိ ---ဤအရပ်ကား အခြားမဟုတ်၊ ဘုရားသခင်၏ဘုံဗိမာန်ကောင်းကင်တံခါးဝဖြစ်သည်တကား" ဟုယာကုပ်ဆိုလေ၏။

“နံနက်စောစောယာကုပ်သည်ထ၍ ခေါင်းအုံးသောကျောက်ကို ယူသဖြင့် မှတ်တိုင်ဖြစ်စေလျက် ထူထားပြီးလျှင် ကျောက်ထိပ်ဖျားအပေါ်၌ ဆီလောင်းလေ၏။” အရေးကြီးသောဖြစ်ရပ်များကို သတိရအောက်မေ့ရန် လုပ်ဆောင်သည့်ဓလေ့နှင့်အညီ ထိုလမ်းကိုမိမိဖြတ်သွားသောအခါတိုင်းတွင် ထိုသန့်ရှင်းသောနေရာ၌ရပ်နားပြီး ထာဝရဘုရားသခင်ကိုဝတ်ပြုကိုးကွယ်နိုင် စေရန်အလို့ငှာ ဘုရားသခင်၏ကရုဏာတော်အတွက် အထိမ်းအမှတ် မှတ်တိုင် တစ်ခုကို ယာကုပ်စိုက်ထူကာ ထိုနေရာကို ဗေသလဟုသမုတ်လေ၏။ အဓိပ္ပါယ်ကား “ဘုရားသခင်၏ဗိမာန်တော်” ဟုအနက်ရ၏။ ဘုရားသခင် သည် မိမိနှင့်အတူရှိတော်မူလိမ့်မည်ဟူသောကတိတော်ကို အလွန်ဝမ်းမြောက် ကျေးဇူးတင်စွာဖြင့်ရေရွတ်ကာ “ဘုရားသခင်သည် ငါ့ဘက်၌ရှိလျက် ငါယခု သွားရာလမ်းမှာ ငါ့ကိုစောင့်မ၍ စားစရာအစာ၊ ဝတ်စရာအဝတ်ကိုပေးသနား တော်မူလျှင်လည်းကောင်း၊ ငါသည်တစ်ဖန်အဘအိမ်သို့ငြိမ်ဝပ်စွာပြန်ရောက်၍ ထာဝရဘုရားသခင်သည် ငါ၏ဘုရားသခင်ဖြစ်တော်မူလျှင်လည်းကောင်း မှတ်တိုင်ပြု၍ ငါထူထောင်သောဤကျောက်သည်လည်း ဘုရားသခင်၏ ဗိမာန်ဖြစ်ရမည်။ ပေးသနားတော်မူသမျှတို့ကို ဆယ်ဖို့တစ်ဖို့ပူဇော်ပါမည် ဟူ၍” ယာကုပ်သစ္စာပြုလေ၏။

ယာကုပ်သည် ဤနေရာတွင် ဘုရားသခင်နှင့်သဘောတူညီချက် ယူရန် ကြိုးစားနေခြင်းမဟုတ်ပါ။ ထာဝရဘုရားသခင်သည် သူ့အားကြီးပွား ချမ်းသာမှုကိုပေးရန် ကတိထားတော်မူပြီးဖြစ်ပါသည်။ ယခုယာကုပ်ပြုသော သစ္စာစကားသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်မဟာကရုဏာတော်နှင့် ပတ်သက်သည့်အာမခံချက်အတွက် ကျေးဇူးတင်ဝမ်းမြောက်မှုများကြောင့် စိတ်နှလုံးထဲမှယိုစီးကျလာသောအရာများသာဖြစ်ပါသည်။ ဘုရားသခင်သည် မိမိအသိအမှတ်ပြုရမည့်အရာတစ်ခုကို ဆိုင်ရာဆိုင်ရာခွင့်တစ်ခုအဖြစ် တောင်းခံ နေသည်ကိုလည်းကောင်း၊ မိမိအားပေးသနားတော်မူခဲ့သောဘုရားသခင့် မျက်နှာသာပေးမှုအတွက် အထူးအထိမ်းအမှတ်များသည် တုံ့ပြန်မှုတစ်ခုကို တောင်းခံနေသည်ကိုလည်းကောင်း ယာကုပ်သိရှိခဲ့ပါသည်။ ထိုနည်းအတူ





ကျွန်ုပ်တို့အပေါ်သွန်းလောင်းတော်မူသည့်ကောင်းချီးမင်္ဂလာအဖြာဖြာအတွက် ထိုကောင်းချီးမင်္ဂလာအဖြာဖြာကိုပေးသနားတော်မူသောဖန်ဆင်းရှင်အား တုံ့ပြန်မှုတစ်ခုပြုရန် တောင်းခံနေပါသည်။ ခရစ်ယာန်များသည် မိမိတို့၏ အတိတ်အသက်တာကိုမကြာခဏပြန်လည်ကြည့်ရှုကာ အခက်အခဲနှင့်ရင်ဆိုင် ရသောအချိန်တွင် မိမိအားထောက်မလျက် အရာခပ်သိမ်းသည် ကံဆိုး မိုးမှောင်ကျကာ ကြောက်စရာဖြစ်နေသောအချိန်တွင် မိမိအားလမ်းဖွင့်ပေးလျက်၊ မောပန်းနွမ်းနယ်နေသောအချိန်တွင် မိမိအားအသစ်သောခွန်အားများနှင့် ပြည့်စုံလန်းဆန်းစေလျက် ဘုရားသခင်ပြုတော်မူခဲ့သည့် အဖိုးထိုက်တန်သော ကယ်လွှတ်ခြင်းများအကြောင်းကို ဝမ်းမြောက်ကျေးဇူးတင်စွာဖြင့် ပြန်လည် စဉ်းစားသတိရအောက်မေ့သင့်ပါသည်။ သူသည် ထိုအရာများအား ကောင်းကင်တမန်များ၏ကြည့်ရှုစောင့်ရှောက်မှုများကိုထင်ရှားစေသော အထောက်အထားများဖြစ်ကြောင်း အသိအမှတ်ပြုသင့်ပါသည်။ မရေမတွက် နိုင်အောင်များပြားသောကောင်းချီးမင်္ဂလာများကိုထောက်၍ ကျေးဇူးတင်နှိမ့်ချ သောစိတ်နှလုံးဖြင့် “ငါ၌ထာဝရဘုရားသခင်ပြုတော်မူသောကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်ရမည်နည်း” ဟုမကြာခဏမေးသင့်ကြပါသည်။

ကျွန်ုပ်တို့ရရှိထားသောအချိန်၊ စွမ်းရည်နှင့်ပစ္စည်းဥစ္စာများအား၊ မိမိတို့အား ဤကောင်းချီးမင်္ဂလာများကိုအပ်နှံပေးထားတော်မူသည့်ကိုယ်တော်ထံ တွင် သီးသန့်လှူဒါန်းဆက်ကပ်သင့်ကြပါသည်။ ကျွန်ုပ်တို့အကျိုးအလို့ငှာ အထူးသောရွေးနုတ်မှုကိုပြုသောအခါတွင်ဖြစ်စေ၊ ကျွန်ုပ်တို့မျှော်လင့်မထားသည့် အသစ်သောကောင်းချီးမင်္ဂလာများကိုချပေးသောအခါတွင်ဖြစ်စေ ကျွန်ုပ်တို့သည် နှုတ်အားဖြင့် ကျေးဇူးတင်စကားပြောရုံသာမဟုတ်ဘဲ အမှုတော်မြတ်အတွက် ယာကုပ်ကဲ့သို့လှူဖွယ်ဝတ္ထုများကို ပေးအပ်လှူဒါန်းခြင်းအားဖြင့်သာ ထာဝရ ဘုရားသခင်၏ကောင်းမြတ်ခြင်းကို အသိအမှတ်ပြုသင့်ကြပါသည်။ ကျွန်ုပ် တို့သည် ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာများကို မခြားမလပ်ရရှိခံစားနေရ သည်ဖြစ်သောကြောင့် ဆယ်ဖို့တစ်ဖို့နှင့်တကွ လှူဖွယ်ဝတ္ထုများကိုလည်း မခြားမလပ်လှူဒါန်းသင့်ကြပါသည်။

ယာကုပ်က "ပေးသနားတော်မူသမျှတို့ကို ဆယ်ဖို့တစ်ဖို့ပူဇော်ပါမည်" ဟုသစ္စာပြုခဲ့၏။ ဧဝံဂေလိတရားတော်၏အလင်းတရားများနှင့်အထူးအခွင့်အရေးများကို အပြည့်အဝခံစားနေရသည့်ကျွန်ုပ်တို့သည် ရှေးခေတ်ကာလမှပုဂ္ဂိုလ်များထက်လျော့နည်း၍ ဘုရားသခင်ထံလှူဒါန်းပေးကမ်းရုံနှင့် ကျေနပ်နေကြမည်လား။ လူကြိုက်နည်းသောလှူဖွယ်ဝတ္ထုများကို ဘုရားသခင်ထံလှူဒါန်းပေးကမ်းရုံနှင့် ကျေနပ်နေကြမည်လား။ မကျေနပ်သင့်ကြပါ။ ကောင်းချီးမင်္ဂလာများကို ပို၍ခံစားရသည်နှင့်အမျှ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်တာဝန်သည်လည်း ထပ်တူထပ်မျှပို၍ကြီးမားလာသည်မဟုတ်ပါလား။ တိုင်းတာခြင်းငှာမစွမ်းနိုင်လောက်အောင် ကြီးမားသောမဟာမေတ္တာနှင့်စိတ်ကူးကြံဆ၍ပင်မရနိုင်လောက်အောင် တန်ဖိုးကြီးမားလှသောဆုကျေးဇူးကို ကျွန်ုပ်တို့ဆက်ကပ်မည့်အချိန်၊ ကြေးငွေ၊ မေတ္တာနှင့်သချာနည်းအရတိုင်းတာရန်ကြိုးစားခြင်းသည် မည်မျှအချည်းနှီးဖြစ်လိုက်ပါသနည်း။ ထိုခန့်မှန်းတွက်ဆမှုသည် မည်မျှသေးသိမ်လိုက်ပါသနည်း။ ခရစ်တော်အတွက်ပေးသောဆယ်ဖို့တစ်ဖို့သည် ကျွန်ုပ်တို့အတွက် ကိုယ်တော်ရှင်ပေးအပ်တော်မူခဲ့သည့်အရာများနှင့်နှိုင်းစာလိုက်လျှင် အလွန်သေးသိမ်ညံ့ဖျင်း၍ ရှက်စရာကောင်းသည့်ပေးဆပ်မှုတစ်ခုသာဖြစ်နေပါတကား။ ခရစ်တော်သည် ကရာနီကုန်းပေါ်ရှိ ကပ်တိုင်ပေါ်မှနေ၍ လုံးလုံးဆက်ကပ်မှုတစ်ခုကိုတောင်းဆိုနေပါသည်။ ကျွန်ုပ်တို့၌ရှိသမျှသောအရာအားလုံးနှင့် ကျွန်ုပ်တို့၏အသက်တာအားလုံးကို ထာဝရဘုရားသခင်ထံ၌ ဆက်ကပ်လှူဒါန်းသင့်ကြပါသည်။

ယာကုပ်သည် ဘုရားသခင်၏ကတိတော်များကိုခိုင်မြဲသည့် အသစ်သောယုံကြည်ခြင်းမျိုးဖြင့် ကောင်းကင်တမန်များ၏အတူလိုက်ပါလမ်းပြမှုများကိုစိတ်ချယုံကြည်လျက် "အရှေ့ပြည်သားတို့နေရာအရပ်သို့" ဆက်လက်ခရီးထွက်ခွာခဲ့ပါသည်။ သို့ရာတွင် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာခန့်က ဤနေရာသို့ရောက်ရှိလာခဲ့သော အာဗြဟံစေလွှတ်လိုက်သည့်စေတမန်ရောက်ရှိလာပုံနှင့် ယခုယာကုပ်ရောက်ရှိလာပုံများအလွန်ကွာခြားလှပါတကား။ ထိုစေတမန်မှာ အခြွေအရံအသင်းအပင်းများနှင့်ကုလားအုတ်များစီးပြီး ရွှေငွေလက်ဆောင်



ပစ္စည်းများကိုယူဆောင်လျက်ရောက်ရှိခဲ့သော်လည်း ယာကုပ်မှာမူ တောင်ဝှေးမှတစ်ပါး မည်သည့်လက်ဆောင်ပစ္စည်းမှမပါဘဲ အထီးကျန်ခြေကျင်ခရီးသည်တစ်ဦးအဖြစ်ရောက်ရှိလာခဲ့ပါသည်။ သို့ရာတွင် တူညီသောအချက်တစ်ခုမှာ ယာကုပ်သည် အာဗြဟံ၏ကျွန်ပြုသကဲ့သို့ ရေတွင်းနားမှာခေတ္တနားနေခဲ့ပြီး ထိုနေရာ၌ပင် လာဗန်၏သမီးအငယ်ဖြစ်သူရာခေလကိုတွေ့ဆုံခဲ့ပါသည်။ သူသည် ရာခေလနှင့်တွေ့ဆုံလျှင်တွေ့ဆုံချင်း၊ ရေတွင်းကိုဖုံးထားသည့်ကျောက်တုံးကြီးကိုဖယ်ရှားလိုက်ကာ သိုးများကိုရေတိုက်ခြင်းအမှုကိုကူညီလုပ်ဆောင်ပေးခဲ့ပါသည်။ ထိုနောက် သူ၏မျိုးရိုးဇာတိကိုပြောပြလိုက်ရာ လာဗန်၏အိမ်သားများက သူ့အားလှိုက်လှဲပျူငှာစွာကြိုဆိုခဲ့ကြပါသည်။ သူသည် လက်ဆောင်ပစ္စည်းများနှင့်တပည့်တပန်းတစ်ဦးတစ်ယောက်မျှမပါဘဲလာခဲ့သော်လည်း ရက်သတ္တပတ်အနည်းငယ်ကြာ သူ၏လုံ့လဝီရိယရှိမှုနှင့်လုပ်ငန်းကျွမ်းကျင်မှုများကိုဖော်ပြခဲ့ရာ ယာကုပ်သည် ၎င်းတို့နှင့်ဆက်လက်နေထိုင်ရန်ဖိတ်ကြားခြင်းကိုခံခဲ့ရပါသည်။ ၎င်းပြင်သူသည် ရာခေလကို ဇနီးအဖြစ်သိမ်းပိုက်ခွင့်ရရန် လာဗန်အား ခုနစ်နှစ်အလုပ်အကျွေးပြုရမည်ဖြစ်ပါသည်။

ရှေးခေတ်ဓလေ့ထုံးစံအရ သတို့သားသည် စေ့စပ်ကြောင်းလမ်းခြင်းကိုအတည်ဖြစ်စေရန် မိမိ၏ယောက္ခမလောင်းအား မိမိအခြေအနေပေါ်မူတည်၍ ငွေသား (သို့မဟုတ်) ခန်းဝင်ပစ္စည်းများကိုပေးအပ်ကြရပါသည်။ ဤလုပ်ဆောင်မှုကို အိမ်ထောင်ပြုခြင်းအတွက် အကာအကွယ်ပြုလုပ်သောလုပ်ရပ်တစ်ခုအဖြစ်မှတ်ယူကြပါသည်။ မိသားစု၏စားဝတ်နေရေးကို မစီစဉ်မဆောင်ရွက်ခဲ့သောသူနှင့်အိမ်ထောင်ပြုခြင်းသည် မိမိတို့သမီး၏ဘဝသာယာပျော်ရွှင်မှုအတွက် လုံခြုံမှုမရှိဟု ဖခင်များကယူဆကြပါသည်။ မိမိတို့၏သမီးနှင့်လက်ထပ်လိုသူများသည် အသုံးအစွဲစေ့စပ်ချွေတာမှုမရှိလျှင်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်ရန် အစွမ်းသတ္တိမရှိလျှင်သော်လည်းကောင်း၊ သိုးနွားများ၊ မြေယာများမပိုင်ဆိုင်လျှင်သော်လည်းကောင်း ၎င်းတို့၏အသက်တာသည် အသုံးမကျသောအသက်တာများဖြစ်သွားမည်ကိုလည်း စိုးရိမ်ခဲ့ကြပါသည်။ သို့ရာတွင် မိန်းမတောင်းရာ၌

တင်စရာတစ်စုံတစ်ခုမျှမရှိသောသူများအား စမ်းသပ်စစ်ဆေးရန်နည်းများကိုလည်း တီထွင်ထားကြပါသည်။ ထိုသူများသည် မိမိတို့၏ယောက္ခမလောင်းအတွက် သတို့သမီးအားပေးရမည့်ခန်းဝင်ပစ္စည်း၏တန်ဖိုးအလိုက် သတ်မှတ်ထားသောနှစ်ကာလအပိုင်းအခြားအတွင်း အလုပ်အကျွေးပြုကြရပါသည်။ ထိုလူမျိုးသည် တာဝန်ယူလုပ်ဆောင်ရသောအလုပ်များတွင် သစ္စာရှိသောကြောင့် ထိုက်တန်ကြောင်းထင်ရှားလျှင် သူသည် မိမိချစ်သူကို ဇနီးအဖြစ်သိမ်းပိုက်ခွင့်ရ၏။ များသောအားဖြင့် ဖခင်သည် ရရှိသောလက်ဖွဲ့ပစ္စည်းများကို လက်ထပ်ထိမ်းမြားသောအချိန်တွင် သမီးအားပေးအပ်လေ့ရှိကြပါသည်။ ရာခေလနှင့်လေအာတို့နှစ်ဦးစလုံး၏ကိစ္စတွင်မူ လာဗန်သည် ၎င်းတို့အားပေးသင့်သည့်ခန်းဝင်ပစ္စည်းများကို တစ်ကိုယ်ကောင်းစိတ်ဖြင့်မပေးဘဲထားခဲ့ပါသည်။ ထို့ကြောင့် မေသောပေါတာမိပြည်မှထွက်ခွာသွားကာနီးကလေးတွင် ထိုအကြောင်းကိုရည်ရွယ်၍ “ကျွန်ုပ်တို့ကိုရောင်းစားခဲ့ပြီတကား” ဟု သူတို့ပြောဆိုခဲ့ကြပါသည်။

ရှေးခေတ်ဓလေ့ထုံးစံများ၌ လာဗန်ပြုသကဲ့သို့ မတရားမှုများ တစ်ခါတစ်ရံဖြစ်ပေါ်တတ်သော်လည်း ကောင်းသောအကျိုးဆက်များကိုလည်း ဖြစ်ပေါ်စေတတ်ပါသည်။ လက်ထပ်လိုသောလူပျိုအား သူ၏ဇနီးလောင်းအတွက် အလုပ်အကျွေးပြုခိုင်းသဖြင့် အဆောတလျင်အိမ်ထောင်ပြုခြင်းကိုကာကွယ်နိုင်သည့်အပြင် ထိုသူ၏ချစ်ခြင်းမေတ္တာအတိမ်အနက်နှင့် မိသားစုအတွက် စီစဉ်ဆောင်ရွက်နိုင်မည့်စွမ်းအားများကိုစမ်းသပ်ရန် အခွင့်အရေးရရှိခဲ့ပါသည်။ ထိုလမ်းစဉ်ကိုမလိုက်ကြတော့သဖြင့် ကျွန်ုပ်တို့ခေတ်တွင် များစွာသောမကောင်းကျိုးများကိုရင်ဆိုင်နေကြရပါသည်။ တစ်ဦး၏အကျင့်စရိုက်နှင့်စိတ်နေသဘောထားကို တစ်ယောက်ကကောင်းစွာမသိရှိဘဲ အိမ်ထောင်ပြုကြသည့်အဖြစ်မျိုးလည်း မကြာခဏဖြစ်ပျက်တတ်ပါသည်။ နေ့စဉ်အသက်တာနှင့်ပတ်သက်သမျှတွင် သူတို့လက်ထပ်ထိမ်းမြားကြသောအချိန်၌ လူစိမ်းသက်သက်သာဖြစ်နေကြပါသည်။ တစ်ဦးနှင့်တစ်ဦး အာဝဇ္ဇန်းရှင်ကျမဖြစ်မှန်းသိသောအချိန်တွင် အထူးနောက်ကျနေပြီဖြစ်ကြောင်းတွေ့ကြရပါသည်။



ထို့ကြောင့် ၎င်းတို့၏အိမ်ထောင်ရေးသည် တစ်သက်လုံးအဆင်မပြေဖြစ်သွားကြပါသည်။ ဇနီးသည်နှင့်သားသမီးများသည် အိမ်ထောင်ဦးစီးဖြစ်သူဖခင်ကြီး၏ပျင်းရိမှုများ၊ လုပ်ရည်ကိုင်ရည်မရှိမှုများနှင့်ဆိုးရွားသောအကျင့်စရိုက်များ၏ဒဏ်ကို မကြာခဏဆိုသလိုခံစားကြရပါသည်။ ရှေးခေတ်ဓလေ့ထုံးစံများအတိုင်း သတို့သား၏အကျင့်စာရိတ္တကိုလက်မထပ်မီတွင် မစမ်းသပ်မိခဲ့လျှင် ကြီးမားသောဝမ်းနည်းဖွယ်ရာများကိုဟန့်တားနိုင်ခဲ့လိမ့်မဟုတ်ချေ။

ယာကုပ်သည် ရာခေလကိုလက်ထပ်ဖို့ ခုနစ်နှစ်လုံးလုံးသစ္စာရှိစွာအလုပ်အကျွေးပြုခဲ့ရပါသည်။ “ရာခေလကိုချစ်သောကြောင့် ခုနစ်နှစ်ကိုနည်းသောနေ့ရက်ကဲ့သို့ထင်မှတ်သတည်း။” သို့ရာတွင် တစ်ကိုယ်ကောင်းစိတ်ရှိပြီး လောဘကြီးသောလာဗန်သည် ယာကုပ်၏အလုပ်အကျွေးပြုမှုကိုဆက်လက်ရရှိလိုသောစိတ်ဆန္ဒဖြင့် ရက်စက်ယုတ်မာသောလိမ်ညာမှုတစ်ခုကိုအသုံးပြုကာ ရာခေလ၏နေရာတွင် လေအာကိုထည့်ပေးလိုက်ပါသည်။ ထိုလိမ်ညာမှုကြီးထဲတွင် လေအာကိုယ်တိုင်ပါဝင်နေသောကြောင့် ယာကုပ်သည် သူမအားမချစ်နိုင်အောင်ဖြစ်ခဲ့ပါသည်။ သူသည် စိတ်ဆိုးမာန်ဆိုးဖြင့် လာဗန်အားအပြစ်တင်ပြောဆိုသောအခါ ရာခေလကိုရရှိဖို့ နောက်ထပ်ခုနစ်နှစ်အလုပ်အကျွေးပြုရန် တောင်းဆိုခြင်းနှင့်ရင်ဆိုင်ခဲ့ရပါသည်။ မိသားစုတွင် အသရေယုတ်မှုများဖြစ်စေသောကြောင့် လေအာကိုစွန့်မထားသင့်ကြောင်း လာဗန်ကတိုက်တွန်းခဲ့ပါသည်။ ထို့ကြောင့် ယာကုပ်သည် အကျဉ်းအကျပ်နှင့်ရင်ဆိုင်ခဲ့ရပါသည်။ နောက်ဆုံးတွင် လေအာကိုဆက်လက်ထိန်းသိမ်းထားပြီး ရာခေလကိုလည်းလက်ထပ်ယူရန် သူဆုံးဖြတ်ခဲ့ပါသည်။ ရာခေလသည် ယာကုပ်၏ချစ်ခင်ယုယမှုကိုပို၍ခံခဲ့ရသော်လည်း သူမအား ထိုကဲ့သို့ပို၍ဦးစားပေးမှုကြောင့် မနာလိုဝန်တိုမှုများ၊ စောင်းမြောင်းပြောဆိုမှုများကိုဖြစ်ပေါ်စေခဲ့ပြီး ဇနီးသည်ညီအစ်မနှစ်ဦးကြားတွင်ဖြစ်ပေါ်လာသောပြိုင်ဆိုင်မှုများကြောင့် သူ့ဘဝသည်ခါးသီးမှုများနှင့်ပြည့်ဝခဲ့ပါသည်။

ယာကုပ်သည် လာဗန်ကိုအလုပ်အကျွေးပြုရင်း၊ မေသောပေါတာမိတိုင်းတွင် နှစ်ပေါင်းနှစ်ဆယ်ခန့်မျှနေထိုင်ခဲ့ပါသည်။ သူ၏ဦးလေးသည်

ဆွေမျိုးတော်စပ်မှုကိုဂရုမထားတော့ဘဲ ရရှိလာသောအကျိုးအမြတ်အားလုံးကို ပိုင်ဆိုင်ဖို့သာစိတ်ဝင်စားခဲ့ပါသည်။ လာဗန်သည် မိမိ၏သမီးများနှင့်ပေးစားနိုင်ရန် ယာကုပ်အား တစ်ဆယ့်လေးနှစ်တိုင်တိုင်ခိုင်းစေခဲ့ပါသည်။ ကျန်ရှိနေသည့်အချိန်အတောအတွင်း၌ ယာကုပ်ရရှိမည့်လုပ်ခများသည် ဆယ်ဆခန့် အပြောင်းအလဲရှိသွားခဲ့ပါသည်။ သို့စေကာမူ ယာကုပ်သည် သစ္စာရှိစွာဖြင့် ကြိုးစားပမ်းစားလုပ်ဆောင်ပေးခဲ့ပါသည်။ "ကျွန်ုပ်တို့သည် သင့်ထံ၌ အနှစ်နှစ်ဆယ်ပတ်လုံးနေရာတွင် သင်၏သိုးမ၊ ဆိတ်မတို့သည် ဝမ်းပိုးမပျက်၊ ဆိတ်ထီး၊ သိုးထီးတို့ကိုကျွန်ုပ်မစား၊ သားရဲကိုက်သောအကောင်ကို သင့်ထံသို့ကျွန်ုပ်မဆောင်ခဲ့၊ ကိုယ်အရှုံးခံရ၏။ နေ့မှာခိုးသည်ဖြစ်စေ၊ ညမှာခိုးသည်ဖြစ်စေ သင်သည် ကျွန်ုပ်တွင်အစားတောင်းလေ့ရှိ၏။ နေ့အချိန်၌လည်း နေပူကိုလည်းကောင်း၊ ညအချိန်၌လည်း နှင်းခဲကိုလည်းကောင်းခံရပြီ၊ အအိပ်ပျက်ခြင်းကိုလည်းခံရပြီ" ဟူ၍ လာဗန်အားနောက်ဆုံးပြောကြားခဲ့သောစကားများတွင် လောဘကြီးလွန်းသောသူ့သခင်၏အကျိုးအလို့ငှာ သူပြုခဲ့သောမနားမနေကြိုးစားလုပ်ဆောင်မှုများကို ယာကုပ်ဖော်ပြခဲ့ပါသည်။

သိုးထိန်းတစ်ဦးအတွက် အဓိကလုပ်ဆောင်ရမည့်တာဝန်မှာ သူ၏သိုးစုဆိတ်စုကို နေ့ညမပြတ်စောင့်ရှောက်ရန်ပင်ဖြစ်ပါသည်။ သူတို့၌ သိုးသူခိုးများ၏အန္တရာယ်နှင့်အတင့်ရဲလှသောတောသားရဲများ၏အန္တရာယ်လည်းရှိနေပါသည်။ သိုးစုကိုကောင်းမွန်စွာမစောင့်ထိန်းလျှင် ပျက်စီးဆုံးရှုံးမှုများကို မကြာခဏရင်ဆိုင်ရတတ်ပါသည်။ လာဗန်၏များပြားလှသောသိုးစုကိုထိန်းသိမ်းစောင့်ရှောက်ရာတွင် ယာကုပ်၌ ကူညီမည့်သိုးထိန်းများရှိသော်ငြားလည်း သူကိုယ်တိုင်က ထိုသိုးထိန်းများအပေါ်တွင် တာဝန်ယူစောင့်ရှောက်ပေးခဲ့ပါသည်။ ခြောက်သွေ့သောရာသီတွင် သိုးစုကိုရေငတ်ထားသည့်ဘေးမှ ကာကွယ်ရန်အတွက်သော်လည်းကောင်း၊ ချမ်းအေးသောလများတွင် ည၏အအေးဒဏ်မှကာကွယ်ပေးရန်အတွက်သော်လည်းကောင်း တစ်နှစ်တာ၏တချို့အချိန်များတွင် သူကိုယ်တိုင်သိုးစုနှင့်အတူမခြားမလပ်နေခဲ့ရပါသည်။ ယာကုပ်သည် သိုးထိန်းကြီးဖြစ်၍ ငှင်းငှားရမ်းထားသည့်ကျွန်များသည်



လက်ထောက်သိုးထိန်းများဖြစ်ကြပါသည်။ ထိုသိုးစုမှသိုးအချို့ပျောက်ဆုံးနေလျှင် ထိုဆုံးရှုံးမှုကို ယာကုပ်ကခံရပါသည်။ သာယာစိုပြည်နေသောအခြေအနေတွင် ပျောက်ဆုံးနေသောသိုးစုများကိုရှာ၍မတွေ့ခဲ့လျှင် ယာကုပ်သည် သိုးကျောင်းရန် တာဝန်ပေးထားခြင်းခံရသည့်ကျွန်များကိုခေါ်၍ ပြင်းထန်စွာသတိပေးလေ့ရှိပါသည်။

သိုးထိန်းတစ်ဦး၏လုံ့လဝီရိယရှိမှုနှင့် ဂရုဓမ္မပြုရသောအသက်တာ၊ မိမိအားပြုစုစောင့်ရှောက်ရန် တာဝန်ပေးထားသည့်အားနည်းသောသတ္တဝါကလေးများအပေါ်ထားရှိသည့်ကြင်နာမှုများကို ဧဝံဂေလိတရားတော်မှ အလွန်အဖိုးထိုက်တန်သောအချို့သမ္မာတရားများအတွက် သာဓကပြုရန် သမ္မာကျမ်းစာရေးသားသူများက အသုံးပြုခဲ့ကြပါသည်။ ခရစ်တော်နှင့်သူ၏သားသမီးများအကြားဆက်နွယ်မှုကို သိုးထိန်းတစ်ဦးနှင့်သိုးများအကြားဆက်နွယ်မှုများနှင့်နှိုင်းထားပါသည်။ အပြစ်တွင်ကျဆုံးပြီးနောက် မိမိ၏သိုးများတို့သည် အပြစ်၏အမှောင်လမ်းတွင် ပျက်စီးဆုံးပါးသွားရန် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရကြောင်း ကိုယ်တော်မြင်တွေ့ခဲ့ပါသည်။ ဤသူများကိုကိုယ်တော်ကယ်ရန် ကိုယ်တော်သည် အဘခမည်းတော်ဘုရားသခင်၏အိမ်တော်မှ ဘုန်းစည်းစိမ်ကိုစွန့်လွှတ်တော်မူခဲ့ပါသည်။ "ပျောက်သောသိုးကိုငါရှာမည်။ သူတစ်ပါးနှင်သောသိုးကိုလိုက်၍ဆောင်ခဲ့မည်။ အရိုးကျိုးသောသိုးကိုအဝတ်နှင့်စည်းမည်။ အားနည်းသောသိုးကိုမစမည်။" "ငါသည် ငါ့သိုးတို့ကိုကယ်တင်သဖြင့် သူတို့သည် နောက်တစ်ဖန်လုယူရာမဖြစ်ကြရ။" "ပြည်သားရဲတို့သည်လည်း ကိုက်၍မစားရကြ" ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ "နေ့အချိန်၌လည်း နေပူကိုကာကွယ်သောတဲ၊ မိုးသက်မုန်တိုင်းရောက်မှလုံခြုံသောခိုလှုံရာဖြစ်လိမ့်မည်" ဟုသိုးစုကိုမိန့်တော်မူနေသည့် ကိုယ်တော့်အသံကိုကြားနေရပါသည်။ သူသည် မိမိ၏သိုးစုကို မမောတမ်းမပန်းတမ်းကြည့်ရှုစောင့်ရှောက်ခဲ့ပါသည်။ သူသည်အားနည်းသောသိုးများကို မစကူညီ၍ ဒုက္ခရောက်ပြီး ဝေဒနာခံစားနေရသောသိုးများကိုလည်းသက်သာစေခဲ့ပါသည်။ ထိုသိုးကလေးများကိုမချီကာ ရင်ခွင်တွင်ပွေ့ပိုက်ထားတတ်ပါသည်။ သူ့သိုးများကလည်း သူ့ကိုချစ်ကြပါသည်။ "မဆိုင်သောသူ၏

စကားသံကိုမကျွမ်းသောကြောင့် မဆိုင်သူနောက်သို့မလိုက်ဘဲ ပြေးတတ်ကြပါသည်။" "ကောင်းသောသိုးထိန်းသည် သိုးအဖို့အလို့ငှာ မိမိအသက်ကိုစွန့်တတ်၏။ သိုးများကိုပိုင်သောသိုးထိန်းမဟုတ်၊ သူငှားဖြစ်သောသူမူကား တောခွေးလာသည်ကိုမြင်လျှင် သိုးတို့ကိုပစ်ထား၍ ထွက်ပြေးတတ်၏။ တောခွေးသည်လည်း သိုးတို့ကိုလုယက်၍ကွဲလွင့်စေ၏။ သူငှားသည် သူငှားဖြစ်၍ သိုးတို့၏အကျိုးကိုမမှတ်သောကြောင့် ထွက်ပြေးတတ်၏။ "ငါသည် သိုးထိန်းဖြစ်၏။---ငါ၏သိုးတို့ကိုငါသိ၏။ ငါ့သိုးတို့သည်လည်း ငါ့ကိုသိကြ၏" ဟုခရစ်တော်မိန့်တော်မူခဲ့ပါသည်။

သိုးထိန်းကြီးဖြစ်တော်မူသောခရစ်တော်သည် မိမိ၏သိုးစုကိုထိန်းသိမ်းစောင့်ရှောက်ရန် မိမိ၏ဓမ္မအမှုဆောင်များအား လက်ထောက်သိုးထိန်းများအဖြစ် တာဝန်အပ်နှင်းတော်မူခဲ့ပါသည်။ ၎င်းပြင် သိုးများအပေါ် မိမိချစ်ခင်သကဲ့သို့ချစ်ခင်ကြရန်၊ ပေးအပ်ထားသောတာဝန်ကိုလည်း မွန်မြတ်သောတာဝန်တစ်ခုအဖြစ်မှတ်ယူကြရန် မိန့်ကြားတော်မူခဲ့ပါသည်။ ဓမ္မအမှုဆောင်များအနေဖြင့် သစ္စာရှိကြရန်၊ သိုးများကိုကျွေးမွေးပြုစုကြရန်၊ အားနည်းသောသူများကိုအားပေးကြရန်၊ မောပန်းနွမ်းလျနေသူများအား အားသစ်လောင်းပေးကြရန်၊ ကိုက်ဖြတ်တတ်သောဝံပုလွေများ၏ဘေးမှကာကွယ်ကြရန် ကိုယ်တော်ရှင်အလေးအနက်မိန့်မှာတော်မူခဲ့ပါသည်။

ခရစ်တော်သည် မိမိသိုးများကိုကယ်တင်ဖို့ရန် မိမိအသက်ကိုပင်ပေးတော်မူခဲ့ပါသည်။ မိမိ၏သိုးများအား ထိုကဲ့သို့သောမေတ္တာမျိုးရှိရန် ညွှန်ပြတော်မူနေပါသည်။ "သိုးများကိုပိုင်သောသိုးထိန်းမဟုတ်၊ သူငှားဖြစ်သောသူမူကား၊ သိုးစု၏အရေးကိုအမှန်တကယ်စိတ်မဝင်စားကြချေ။ ထိုသူသည် လုပ်ခရဖို့ရန်အတွက်သာလုပ်ဆောင်ပြီး မိမိကိုယ်ကျိုးအတွက်သာဂရုစိုက်တတ်ပါသည်။ ထိုသူသည် မိမိအားပေးအပ်ထားသောတာဝန်ကို စိတ်ဝင်စားရမည့်အစား၊ အကျိုးအမြတ်ရရှိဖို့အတွက်သာလေ့လာစူးစမ်းနေတတ်ပါသည်။ အန္တရာယ်နှင့်ရင်ဆိုင်လာရသောအချိန်တွင် သူသည် သိုးစုကိုစွန့်ပစ်ကာ ထွက်ပြေးသွားပါလိမ့်မည်။



"သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကိုထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကိုတပ်မက်သောကြောင့်မဟုတ်ဘဲ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးအသီးအုပ်သောအတင်းတော်တို့ကိုအာဏာထား၍ အစိုးတရပြုသည်မဟုတ်ဘဲ သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြသောသူဖြစ်ကြလော့" ဟူ၍ ရှင်ပေတရုက လက်ထောက်သိုးထိန်းများအားဆိုဆုံးမထားပါသည်။ ရှင်ပေါလုကလည်း "သင်တို့သည် ကိုယ်ကိုသတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့်ဝယ်တော်မူသောအသင်းတော်ကိုလုပ်ကျွေးစေခြင်းငှာ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကိုအအုပ်အချုပ်ခန့်ထားတော်မူသောသိုးစုတစ်စုလုံးကိုလည်း သတိနှင့်ကြည့်ရှုကြလော့။ အကြောင်းမူကား ငါမရှိသည့်နောက် ကြမ်းတမ်းသောတောခွေးတို့သည် သိုးများကိုမသနားဘဲ သင်တို့အထဲသို့ဝင်မည်" ဟူ၍ပြောဆိုခဲ့ပါသည်။

သစ္စာရှိသောသိုးထိန်းများလုပ်ဆောင်ရမည့်အငန်းအတာဖြစ်သောသိုးစုကိုကြည့်ရှုစောင့်ရှောက်ရမည့်တာဝန်ကို မနှစ်မြို့စရာလုပ်ငန်းတစ်ခုအဖြစ်မှတ်ယူကြသူအားလုံးကို "အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကိုတပ်မက်သောကြောင့်မဟုတ်ဘဲ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့" ဟုတမန်တော်ကြီးကဆုံးမပဲ့ပြင်ခဲ့ပါသည်။ သိုးထိန်းကြီးသည် သစ္စာမရှိသော ထိုကဲ့သို့သောသိုးထိန်းများကို နှောင့်နှေးဆိုင်းတွခြင်းမရှိဘဲ တာဝန်မှရပ်နားပစ်တော်မူလိမ့်မည်။ ခရစ်တော်၏အသင်းတော်ကိုကိုယ်တော်၏အသွေးတော်အားဖြင့် ဝယ်ယူထားတော်မူပြီး မိမိတို့စောင့်ရှောက်ရသည့်သိုးစုသည် ကြီးမားသောအဖိုးအခကိုပေး၍ ဝယ်ထားရကြောင်း သိုးထိန်းတိုင်းသိရှိထားသင့်ပါသည်။ သူသည် သိုးကလေးတိုင်းအား အဖိုးမဖြတ်နိုင်အောင်တန်ဖိုးရှိကြောင်းမှတ်ယူကာ ကျန်းမာစိုပြည်သောအခြေအနေတွင် ၎င်းတို့အားမမောတမ်းမပန်းတမ်းကြိုးစားပြုစုသင့်ပါသည်။ ခရစ်တော်၏စိတ်ထားနှင့်ပြည့်ဝသောသိုးထိန်းသည် ကိုယ်တော်၏ကိုယ့်အလိုကိုငြင်းပယ်ခြင်းပုံသက်သေကိုအတုယူကာ မိမိအားပေးအပ်ထားသည့်တာဝန်ကို မခြား

မလပ်ကြိုးစားလုပ်ဆောင်ပါလိမ့်မည်။ ထို့ကြောင့် သူ၏သိုးစုသည်လည်း ၎င်း၏ပြုစုစောင့်ရှောက်မှုအောက်တွင် ကြီးပွားတိုးတက်လာပါလိမ့်မည်။

လူတိုင်းအား အမှုတော်တွင် ၎င်းတို့ထမ်းဆောင်ရမည့်တာဝန်များကို တိကျစွာလုပ်ဆောင်ရန် ညွှန်ကြားထားရပါမည်။ ခရစ်တော်သည် သိုးထိန်းတိုင်းကို “သင့်အားငါပေးသောသိုးစု၊ လှပသောသိုးစုသည် အဘယ်မှာရှိသနည်း” ဟုမေးတော်မူလိမ့်မည်။ သစ္စာရှိစွာဖြင့် လုပ်ဆောင်နေသောသူများသည် ကြွယ်ဝသောဆုကျေးဇူးကိုရရှိကြလိမ့်မည်။ “သိုးထိန်းကြီးပေါ်ထွန်းတော်မူသောအခါ သင်တို့သည် မညှိုးမနွမ်းတတ်သော ဘုန်းကြီးသောပန်းဦးရစ်သရဖူကိုခံရကြလိမ့်မည်” ဟု တမန်တော်ရှင်ပေါလုကဖွင့်ဆိုထားပါသည်။

လာဗန်အား အလုပ်အကျွေးပြုနေရသည်ကို ငြီးငွေ့လာသောယာကုပ်က “အကျွန်ုပ်သည် ကိုယ်နေရင်းပြည်သို့သွားမည်အကြောင်း အကျွန်ုပ်တို့ကိုလွှတ်ပါလော့။ ကျွန်ုပ်သည် အစေခံ၍ရသောမယားနှင့်သားတို့ကိုဆောင်ယူ၍သွားရသောအခွင့်ကိုပေးပါလော့။ ကျွန်ုပ်အစေခံသည့်အကြောင်းကို အဘသိပါသည်” ဟုခါနာန်ပြည်ကိုပြန်ခွင့်ပြုရန် ယောက္ခမအားခွင့်တောင်းလျှင် လာဗန်က “ထာဝရဘုရားသခင်သည် သင်၏အကြောင်းကြောင့် ငါ့အားကောင်းချီးပေးတော်မူသည်ကိုငါရိပ်မိပြီ” ဟုဖွင့်ဆိုလျက် ဆက်လက်လုပ်ဆောင်ရန် ယာကုပ်အားတိုက်တွန်းခဲ့ပါ၏။ မိမိ၏ဥစ္စာများသည် သားမက်ဖြစ်သူ၏လုပ်ဆောင်မှုအောက်တွင်ကြီးပွားလာကြောင်းကို သူမြင်တွေ့ခဲ့ပါသည်။

ထိုနောက် ယာကုပ်ကဆက်လက်၍ “အထက်က အဘ၏ဥစ္စာနည်းလှ၏၊ ယခုတိုးပွား၍များပြားလျက်ရှိ၏” ဟုပြောဆိုခဲ့ပါသည်။ အချိန်တွေကြာညောင်းလာသည်နှင့်အမျှ ယာကုပ်၌စည်းစိမ်တိုးပွား၍ သိုး၊ ဆိတ်၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ ကုလားအုတ်၊ မြည်းအများရှိလာသည်ကို လာဗန်၌မနာလိုဝန်တိုစိတ်များဖြစ်ပေါ်ခံစားခဲ့ရပါသည်။ လာဗန်၏သားတို့သည်လည်း ဖခင်ကဲ့သို့ပင် မနာလိုဝန်တိုစိတ်များပေါက်ဖွားလာကာ “ငါတို့ဖခင်၏ဥစ္စာရှိသမျှကို ယာကုပ်သည်ယူသွားလေပြီတကား။ ငါတို့အဘ၏ဥစ္စာအားဖြင့် သူ၌ဤမည်သောစည်းစိမ်ရှိသမျှသည်ဖြစ်လေပြီဟုဆိုကြသည်ကို



ယာကုပ်ကြား၍ လာဗန်၏မျက်နှာကိုကြည့်သောအခါ ရှေ့ကကဲ့သို့မဟုတ်ခြားနားသည်ကိုသိမြင်၏။”

ယာကုပ်သည် ရှေးယခင်ကတည်းကပင် စဉ်းလဲသောဤဝမ်းကွဲညီအစ်ကိုများထံမှထွက်ခွာသွားလိုသော်လည်း ဧသောနှင့်ရင်ဆိုင်ရမည်ကိုကြောက်ရွံ့သောကြောင့်သာ မထွက်ခွာဘဲနေခဲ့ခြင်းဖြစ်ပါသည်။ ယခုတွင်မူ ထိုဝမ်းကွဲညီအစ်ကိုများအနေဖြင့် မိမိပိုင်ဥစ္စာပစ္စည်းများကို ၎င်းတို့၏ဖခင်ပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာများဖြစ်သည်ဟုမှတ်ယူကာ အကြမ်းနည်းအားဖြင့်ပြန်လည်ရယူဖို့ကြိုးစားကြမည့်အန္တရာယ်ရှိနေကြောင်း ယာကုပ်သိရှိခဲ့ပါသည်။ ထို့ကြောင့် မည်သို့လုပ်ဆောင်ရမည်ကိုမသိနိုင်လောက်အောင် အကြီးအကျယ်စိတ်ရှုပ်ထွေးခဲ့ရပါသည်။ သို့ရာတွင် သူသည် ဗေသလတွင်ပြုတော်မူခဲ့သည့်ဘုရားသခင်၏ကတိတော်ကိုအလေးထားကာ ဘုရားသခင်ထံတွင် ဤအမှုကိုတင်ပြ၍ ညွှန်ကြားချက်များကိုတောင်းခံခဲ့ပါသည်။ ထိုအခါ “ထာဝရဘုရားသခင်ကလည်း သင်၏ဘိုးဘေးနေသောပြည်၊ သင်၏အမျိုးသားချင်းထံသို့ပြန်သွားလော့။ ငါသည်သင့်ဘက်၌ရှိနေမည်” ဟုယာကုပ်အား အိပ်မက်အားဖြင့်အဖြေပေးခဲ့ပါသည်။

ယာကုပ်သည် လာဗန်မရှိခိုက်တွင် ခါနာန်ပြည်သို့ထွက်ခွာရန်ပြင်ဆင်ခွင့်ရရှိခဲ့ပါသည်။ ထို့ကြောင့်သူသည် မိမိပိုင်သိုးနွားများကို အလျင်အမြန်စုစည်းလိုက်ကာ မိမိ၏ဇနီးများ၊ သားသမီးများ၊ ကျွန်များနှင့်တကွ ဥဖရတ်မြစ်ကိုဖြတ်ကူးကြကာ ခါနာန်ပြည်နယ်နိမိတ်ပေါ်တွင်တည်ရှိသော ဂိလဒ်အရပ်သို့ဦးတည်၍ ခရီးနှင်ခဲ့ကြပါသည်။ သုံးရက်မြောက်သောနေ့တွင် ၎င်းတို့ထွက်ပြေးသွားကြကြောင်းကို လာဗန်သိရှိသွားသဖြင့် ၎င်းတို့နောက်သို့လိုက်ခဲ့ရာ ခုနစ်ရက်မြောက်သောနေ့တွင် ယာကုပ်တို့အဖွဲ့ကိုမီလာပါသည်။ လာဗန်သည် အလွန်စိတ်ဆိုးနေပြီး သူ၏အဖွဲ့သည် အထူးအင်အားတောင့်တင်းသောကြောင့် အပြန်ခိုင်းလျှင်ပြန်ကြမည်အထင်နှင့် ယာကုပ်တို့တစ်ဖွဲ့လုံးအား မေသောပေါတာမိတိုင်းသို့ပြန်ရန် အတင်းအဓမ္မခိုင်းစေခဲ့ပါသည်။ ယာကုပ်တို့အဖွဲ့သည် ကြီးမားသောအန္တရာယ်နှင့်ရင်ဆိုင်နေရပေပြီ။

သို့ရာတွင် ထာဝရဘုရားသခင်သည် မိမိကျွန်အားကာကွယ်ရန် ဝင်ရောက်ဟန့်တားတော်မူသည့်အတွက်ကြောင့် လာဗန်သည် မိမိ၏ရန်မူလိုသည့်အကြံအစည်ကိုအကောင်အထည်မဖော်ဖြစ်ခဲ့ချေ။ "ယခုသင့်ကို ငါညှဉ်းဆဲနိုင်၏။ သို့သော်လည်း မနေ့ညမှာ သင်၏အဘကိုးကွယ်သော ဘုရားသခင်သည် ကြွလာ၍ ယာကုပ်အားကောင်းမကောင်းကိုမပြောနှင့်။ သတိပြုလော့ဟု ငါ့အားမိန့်တော်မူ၏" ဟုလာဗန်ကပြောဆို၏။ ထို့ကြောင့် လာဗန်သည် ယာကုပ်အားမေသောပေါတာမိသို့ပြန်ရန် အတင်းအဓမ္မမခိုင်းစေခဲ့သည့်အပြင် မြှောက်ပင့်မြူဆွယ်ခြင်းအားဖြင့်လည်း မတိုက်တွန်းခဲ့ပါချေ။

လာဗန်သည် မိမိ၏သမီးများကိုလက်ထပ်ရန်တင်တောင်းထားသော လက်ဖွဲ့ပစ္စည်းများကိုမပေးဘဲထားကာ ယာကုပ်အားအမြဲတမ်းကောက်ကျစ်စဉ်းလဲစွာ၊ ကြမ်းတမ်းခက်ထန်စွာဆက်ဆံပြုမူခဲ့သော်လည်း ယခုတွင်သူသည် ပရိယာယ်ပြု၍ မိမိအားနှုတ်ဆက်ပွဲလုပ်ခွင့်မပေးဘဲ (သို့မဟုတ်) မိမိ၏သမီးများနှင့်မြေးများကိုနှုတ်ဆက်ခွင့်မပြုဘဲ တိတ်တဆိတ်ထွက်ခွာသွားခြင်းအတွက် ယာကုပ်အားအပြစ်တင်နေသည်။

"အကျွန်ုပ်အဘ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရားသခင်၊ ဣဇာက်၏ကြောက်ရွံ့ရာဘုရားသခင်သည် ကျွန်ုပ်ဘက်၌မရှိလျှင် သင်သည် ကျွန်ုပ်ကို ဧကန်အမှန်လက်ချည်းလွှတ်လိုက်လိမ့်မည်တကား။ အကယ်စင်စစ်ကျွန်ုပ်ဆင်းရဲခံရခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းကို ဘုရားသခင်မြင်၍ မနေ့ညမှာ သင့်ကိုဆုံးမတော်မူပြီ" ဟုယာကုပ်သည် လာဗန်၏တစ်ကိုယ်ကောင်းစိတ်နှင့် လောဘကြီးသောဝါဒကိုရှင်းလင်းစွာဖော်ပြခဲ့ပြီး ၎င်း၏သစ္စာစောင့်သိမှုနှင့် ရိုးသားမှုအတွက် သက်သေခံတစ်ဦးအဖြစ် လာဗန်အားအသနားခံနေပါသည်။

လာဗန်သည် ယာကုပ်၏ဖော်ပြပြောဆိုမှုများကို မည်သို့မျှမငြင်းနိုင်သဖြင့် ငြိမ်းချမ်းရေးအတွက် ပဋိညာဉ်တစ်ခုပြုလုပ်ကြရန် အဆိုပြုလာပါသည်။ ယာကုပ်သည် ထိုအဆိုပြုချက်ကိုသဘောတူခဲ့သဖြင့် ထိုသဘောတူညီချက်အတွက် အထိမ်းအမှတ်တစ်ခုအဖြစ် ကျောက်ပုံတစ်ပုံကိုတည်လုပ်ခဲ့ကြပါသည်။ ထိုနောက်လာဗန်က ထိုကျောက်ပုံကို မိဇပါဟုသမုတ်ကာ ငါတို့သည်



တစ်ယောက်နှင့်တစ်ယောက်ခွာသွားကြသည့်နောက် ထာဝရဘုရားသခင်သည် ငါနှင့်သင်၏စပ်ကြား၌ စောင့်တော်မူပါစေသတည်း" ဟုဆိုလေ၏။

တစ်ဖန်လာဗန်က "ငါနှင့်သင်၏စပ်ကြား၌ သင်သည်တည်လုပ်ခဲ့ပြီးသော ဤကျောက်ပုံနှင့်ဤမှတ်တိုင်ကိုကြည့်ပါလော့။ ငါသည် သင့်ကိုခိုက်ရန်ပြုခြင်းငှာ ဤကျောက်ပုံဤမှတ်တိုင်ကိုမကျော်ရ။ သင်သည် ငါ့ကိုခိုက်ရန်ပြုခြင်းငှာ ဤကျောက်ပုံဤမှတ်တိုင်ကိုမကျော်ရဟု ဤကျောက်ပုံဤမှတ်တိုင်သည် သက်သေဖြစ်စေသတည်း။ အာဗြဟံ၏ဘုရားသခင်၊ နာခေါ်၏ဘုရားသခင်၊ သင့်အဘ၏ဘုရားသခင်သည် ငါတို့စပ်ကြား၌ စီရင်စေတော်မူသတည်းဟူ၍ ယာကုပ်အားဆို၏။ ယာကုပ်သည်လည်း မိမိအဘကြောက်ရွံ့ရာ ဘုရားသခင်ကိုတိုင်တည်၍ ကျိန်ဆိုခြင်းကိုပြုလေ၏။" ထိုသဘောတူညီချက်ကိုအတည်ဖြစ်စေရန် နှစ်ဦးနှစ်ဖက်တို့သည် စားသောက်ပွဲတစ်ခုကိုကျင်းပခဲ့ကြပါသည်။ မိတ်သဟာယဖွဲ့ရင်း ထိုညကိုကုန်လွန်စေလျက် နံနက်မိုးသောက်သောအခါ လာဗန်နှင့်အဖွဲ့သည် ထိုနေရာမှထွက်ခွာသွားကြပါသည်။ ဤခွဲခွာမှုသည် အာဗြဟံ၏သားသမီးများနှင့်မေသောပေါတာမိတိုင်းတွင်နေထိုင်ကြသော ၎င်း၏ဆွေမျိုးများ၏ဆက်နွှယ်မှုများအတွက် ခြေရာခံနိုင်မည့်သဲလွန်စများကို ရပ်စဲသွားစေခဲ့ပါသည်။

* * *

## (၁၈)
# နပန်းလုံးခဲ့ရသောညတစ်ည

ယာကုပ်သည် ဘုရားသခင်၏အမိန့်တော်အရ ပါဒနာရံအရပ်မှ ထွက်လာခဲ့သော်လည်း လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်အချိန်က တိမ်းရှောင်ထွက်ပြေးသူတစ်ဦးအနေဖြင့် လျှောက်လှမ်းခဲ့ရသောထိုလမ်းပေါ်တွင် ပြန်လည်လျှောက်လှမ်းခဲ့ရသဖြင့် များစွာစိတ်လေးခဲ့ရပါသည်။ မိမိဖခင်ကိုလိမ်ညာခြင်းဖြင့် မိမိကျူးလွန်ခဲ့သည့်အပြစ်ကိုလည်း အမြဲတမ်းသူသတိရနေပါသည်။ အချိန်ကြာမြင့်စွာတစ်ကျွန်းတစ်နိုင်ငံတွင်နေထိုင်ခဲ့ရခြင်းသည် ထိုအပြစ်၏တိုက်ရိုက်အကျိုးဆက်ဖြစ်ကြောင်းကို သူသိရှိခဲ့ပါသည်။ ထိုအကြောင်းအရာများအကြောင်းကို နေ့ရောညပါလေးလေးနက်နက်စဉ်းစားသုံးသပ်မိသောအခါ မသိစိတ်၏အပြစ်တင်မှုကြောင့် သူ၏ခရီးစဉ်သည် ဝမ်းနည်းဖွယ်ရာကောင်းသောခရီးစဉ်တစ်ခုဖြစ်ခဲ့ပါသည်။ သူ၏ဇာတိမြေမှတောင်ကုန်းများကို အဝေးမှလှမ်း၍မြင်ရသောအချိန်တွင် ယာကုပ်သည် အလွန်စိတ်လှုပ်ရှားသွားခဲ့ပြီး အတိတ်မှဖြစ်ရပ်အားလုံးကို ထင်ထင်ရှားရှားပြန်လည်မြင်ယောင်လာခဲ့ပါသည်။ သူကျူးလွန်ခဲ့သောအပြစ်များကိုပြန်လည်သတိရခဲ့သည်နှင့်အမျှ မိမိအပေါ်၌ပြုခဲ့သောဘုရားသခင်၏ကျေးဇူးပြုခဲ့မှုများနှင့်တကွ ဘုရားသခင်၏အမအစလမ်းပြမှုများနှင့်ဆိုင်သောကတိတော်များကို အောက်မေ့သတိရလာခဲ့ပါသည်။

ယာကုပ်သည် ခရီးဆုံးသို့ရောက်လုနီးလာသည်နှင့်အမျှ ဧသောအကြောင်းကိုစဉ်းစားမိကာ ဒုက္ခရောက်ခဲ့ရပါသည်။ ဧသောသည် ယာကုပ်ထွက်ပြေးတိမ်းရှောင်သွားသည့်နောက်တွင် ဖခင်၏ဥစ္စာပစ္စည်းများကိုဆက်ခံမည့်တစ်ဦးတည်းသောအမွေခံအဖြစ် ကိုယ့်ကိုကိုယ်မှတ်ယူခဲ့ပါသည်။ ယာကုပ်ပြန်လာသောသတင်းကိုကြားသောအခါ အမွေတောင်းဖို့ပြန်လာတာလားဟူသောစိုးရိမ်စိတ်များဖြစ်ပေါ်လာခဲ့ပါသည်။ ယခုတွင် ဧသောအနေဖြင့် မိမိညီအားဒုက္ခပေးလိုက အကြီးအကျယ်ဒုက္ခပေးနိုင်သည့်အနေအထားတွင်ရှိနေပါသည်။ ကလဲ့စားချေရန်အတွက်သာမဟုတ်ဘဲ အချိန်ကြာမြင့်စွာကတည်းက မိမိပိုင်



ပစ္စည်းများဟုမှတ်ယူထားသည့် ထိုပစ္စည်းဥစ္စာများကိုရယူနိုင်စေရန်အလို့ငှာ အကြမ်းဖက်မည်ဆိုကလည်း သူ့အနေဖြင့်အကြမ်းဖက်နိုင်သည့်အခြေအနေတွင်ရှိနေပါသည်။

ထာဝရဘုရားသခင်သည် မိမိကိုယ်တော်တိုင်စောင့်ရှောက်တော်မူလျက်ရှိကြောင်း အထိမ်းအမှတ်တစ်ခုကို ယာကုပ်အားပေးတော်မူ၏။ ယာကုပ်သည် ဂိလဒ်တောင်မှတောင်ယွန်းယွန်းသို့ခရီးထွက်ခွာသွားစဉ် ကောင်းကင်တမန်နှစ်ပါးသည် ၎င်း၏ရှေ့မှတစ်ပါး၊ နောက်မှတစ်ပါး တပ်ချဝန်းရံ၍ စောင့်ကြပ်ပေးခဲ့ကြပါသည်။ သူသည် လွန်ခဲ့သောနှစ်ပေါင်းများစွာက ဗေသလတွင်မြင်ခဲ့သောရူပါရုံအကြောင်းကို ပြန်လည်သတိရခဲ့ပါသည်။ ခါနာန်ပြည်မှထွက်ပြေးတိမ်းရှောင်ခဲ့စဉ်က မိမိအား အားပေးခဲ့ကြသောကောင်းကင်သားများသည် မိမိ၏ပြည်တော်ပြန်ခရီးတွင်လည်း လမ်းပြပို့ဆောင်လျက်ရှိကြောင်း ထင်ရှားစေသည့်အထောက်အထားများကြောင့် ဝန်လေးပင်ပန်းနေသောသူ၏စိတ်နှလုံးသည် ပေါ့ပါးလန်းဆန်းလာခဲ့ပါသည်။

ဘုရားသခင်၏ကောင်းကင်တမန်တို့သည် ကြိုဆိုခြင်းငှာလာကြသည်ကို ယာကုပ်မြင်လျှင် ဘုရားသခင်၏တပ်တော်ဖြစ်သည်ဟုဆို၍ ထိုအရပ်ကိုမဟာနိမ်အမည်ဖြင့်မှည့်လေ၏။

သို့စေကာမူ ယာကုပ်သည် မိမိ၏လုံခြုံရေးအတွက် တစ်ခုခုလုပ်ရမည်ကိုသိရှိထားပါသည်။ ထို့ကြောင့် မိမိအစ်ကိုအား စိတ်နှလုံးကျေအေးစေမည့်နှုတ်ခွန်းဆက်စာလွှာကိုသွားရောက်ပေးအပ်ရန် စေတမန်များကိုစေလွှတ်ခဲ့ပါသည်။ သူသည် အစ်ကိုဧသောအား ၎င်းတို့ပြောရမည့်စကားများကိုလည်း တိတိကျကျသွန်သင်လိုက်ပါသည်။ အစ်ကိုဖြစ်သူသည် ညီငယ်အားအလုပ်အကျွေးပြုရမည်ဟု ၎င်းတို့မမွေးဖွားမီကပင် ကြိုတင်အနာဂတ်ပြုခဲ့ပြီးဖြစ်ပါသည်။ ဤအရာကိုသတိရအောက်မေ့ကာ ခါးသီးမှုဖြစ်ပေါ်လာမည်စိုးသဖြင့် ယာကုပ်သည် မိမိကျွန်တို့အား သင်တို့ကို "ငါ့သခင်ဧသော" ထံသို့စေလွှတ်မည်ဟုပြောဆိုခဲ့၏။ ဧသောရှေ့သို့ရောက်သောအခါတွင်လည်း မိမိကိုယ်ကို "ကိုယ်တော်၏ကျွန်ယာကုပ်" ဟုခေါ်ဝေါ်စေခဲ့ပါသည်။ သူပြန်လာခြင်းနှင့်

စပ်လျဉ်း၍ စိုးရိမ်မှုများပပျောက်သွားစေရန်လည်း "ကျွန်တော်၌ နွား၊ မြည်း၊ သိုး၊ ဆိတ်၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမများရှိကြပါ၏။ ကျွန်တော်သည် သခင်၏စိတ်တော်နှင့်တွေ့စေခြင်းငှာ လျှောက်ကြားလိုက်ပါသည်" ဟူ၍ သတိကြီးစွာဖြင့် စာလွှာတွင်ယာကုပ်ဖော်ပြခဲ့ပါသည်။

သို့ရာတွင် ဧသောသည် ချစ်ကြည်ရင်းနှီးမှုကိုဖော်ပြသောသတင်း တစ်စုံတစ်ခုကိုမျှ မတုံ့ပြန်လိုက်ဘဲ လူပေါင်းလေးရာနှင့်ချီတက်လာပြီဟူသော သတင်းနှင့်တကွ ထိုစေတမန်များပြန်လည်ရောက်ရှိလာခဲ့ကြပါသည်။ သူသည် ကလဲ့စားချေရန်လာနေသည်မှာသေချာသည်ဟုထင်ရပါသည်။ ထိုကြောင့် ယာကုပ်တို့တစ်ဖွဲ့လုံးသည် ကြောက်ရွံ့စိတ်များနှင့်ဖုံးလွှမ်းနေကြပါသည်။ ယာကုပ်သည် အလွန်ကြောက်၍ စိတ်ပူပန်နေပါသည်။ သူ့အနေဖြင့် နောက်ဆုတ်ရန်မဖြစ်နိုင်သလို ရှေ့တိုးရန်လည်းရွံ့နေပါသည်။ လက်နက်မဲ့ အကာအကွယ်မဲ့ဖြစ်နေသောသူ့အဖွဲ့တစ်ဖွဲ့လုံးသည် ရန်မူလိုသူတစ်ဦးနှင့် ရင်ဆိုင်ရန် လုံးဝအဆင်သင့်မရှိကြပါချေ။ သို့ဖြစ်၍ သူသည် မိမိနှင့်အတူ ပါလာသည့်လူနှင့်တိရစ္ဆာန်များကို အဖွဲ့နှစ်ဖွဲ့ခွဲလိုက်ပါသည်။ အကြောင်းမှာ တစ်ဖွဲ့သည် တိုက်ခိုက်မှုကိုခံရလျှင် ကျန်တစ်ဖွဲ့သည်ထွက်ပြေးလွတ်မြောက်ခွင့်ရရှိနိုင်စေရန်အတွက်ဖြစ်ပါသည်။ ထိုနောက်သူသည် မိမိပိုင်တိရစ္ဆာန်များမှ အချို့ကို လက်ဆောင်အဖြစ် ဧသောအားဆက်သရန် ချစ်ကြည်ရေးသဝဏ်လွှာ တစ်စောင်နှင့်အတူ ရှေ့ပြေးအဖွဲ့ကိုစေလွှတ်လိုက်ပါသည်။ မိမိအစ်ကိုအား ပြုခဲ့မိသည့်အမှားအတွက် အပြစ်ဖြေရန်နှင့်ခြိမ်းခြောက်နေသည့်အန္တရာယ်ကို ကာဆီးနိုင်ရန် မိမိတတ်နိုင်သမျှလုပ်ဆောင်ခဲ့ပြီးနောက် ရှိသေကိုင်းညွတ်လျက် နောင်တရစွာဖြင့် ထာဝရဘုရားသခင်၏အကာအကွယ်ကိုတောင်းခံသည်မှာ "ကိုယ်တော်က သင်၏ပြည်၊ သင်၏အမျိုးသားချင်းတို့ထံသို့ပြန်လော့။ ငါသည် သင်၌ကျေးဇူးပြုမည်ဟုမိန့်တော်မူပါပြီ။ ကိုယ်တော့်ကျွန်၌ပြတော်မူသော ကရုဏာသစ္စာတော်အငယ်ဆုံးကိုမျှ အကျွန်ုပ်မခံထိုက်ပါ။ အကျွန်ုပ်သည် အထက်ကဤယော်ဒန်မြစ်ကို လက်စွဲတောင်ဝှေးနှင့်သာကူးပါ၏။ ယခုမူကား၊ အပေါင်းအသင်းနှစ်စုဖြစ်ပါ၏။ သို့ဖြစ်၍ အကျွန်ုပ်ကို အစ်ကိုဧသောလက်မှ





ကယ်လွှတ်တော်မူမည့်အကြောင်းဆုတောင်းပါ၏။ သူသည်လာ၍ အကျွန်ုပ်ကိုလည်းကောင်း၊ သားမယားတို့ကိုလည်းကောင်း သတ်မည်ဟုအလွန်စိုးရိမ်ပါ၏" ဟူ၍ဖြစ်၏။

သူတို့သည် ယခုတွင် ယဗ္ဗုတ်ချောင်းသို့ရောက်ရှိလာကြရာ ညအချိန်သို့ရောက်ရှိနေပြီဖြစ်သဖြင့် ယာကုပ်သည် မိမိ၏မိသားစုများကို ချောင်းတစ်ဖက်ကမ်းသို့ကူးစေပြီး မိမိမှာမူတစ်ယောက်တည်းနောက်ချန်၍ နေခဲ့ပါသည်။ သူသည်တစ်ညလုံးဆုတောင်းကာ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခဲ့ပါသည်။ ကိုယ်တော်သာလျှင် ဧသော၏စိတ်နှလုံးကိုပျော့ပြောင်းစေနိုင်တော်မူသည်ဖြစ်ရာ ယာကုပ်၏တစ်ခုတည်းသောမျှော်လင့်ချက်သည် ကိုယ်တော်၌သာရှိပါတော့သည်။

ထိုနေရာသည် လူသူကင်းဝေးသောတောင်တန်းဒေသတစ်ခုဖြစ်ပြီး တောသားရိုင်းများကျက်စားရာ၊ သူခိုးဓါးပြများ၊ လူသတ်သမားများပုန်းလျှိုးခိုအောင်းရာနေရာဖြစ်ပါသည်။ အထီးကျန်အကာအကွယ်မဲ့နေသောယာကုပ်သည် အလွန်စိတ်ပူပန်စွာဖြင့် မြေကြီးပေါ်တွင်ဦးညွှတ်ချလိုက်ပါသည်။ ထိုအချိန်တွင် ညဥ့်နက်သန်းခေါင်ချိန်ဖြစ်ပါသည်။ သူ၏အသက်တာတွင် တန်ဖိုးထားသမျှသောအရာခပ်သိမ်းတို့သည် မလှမ်းမကမ်းတစ်နေရာတွင် အန္တရာယ်ရောက်နိုင်သည့်အခြေအနေ၊ သေဘေးနှင့်ကြုံတွေ့နိုင်သည့်အခြေအနေတွင်ရှိနေကြပါသည်။ မိမိလွန်ကျူးခဲ့မိသည့်အပြစ်အတွက် အပြစ်မဲ့သူများသည် အန္တရာယ်နှင့်ရင်ဆိုင်နေရသည်ဟူသောအတွေးကြောင့် ခါးသီးသောဝေဒနာကိုခံစားခဲ့ရပါသည်။ ထိုကြောင့် ယာကုပ်သည် သည်းထန်စွာငိုကြွေးမျက်ရည်ကျလျက် ဘုရားသခင်ရှေ့မှောက်တွင် ဆုတောင်းခဲ့ပါသည်။ ထိုစဉ်တွင် သန်မာထွားကြိုင်းသောလက်တစ်ချောင်းသည် သူ့အပေါ်သို့ကျရောက်လာရာ ရန်သူတစ်ယောက်သည် မိမိအသက်ကိုရန်ရှာပြီအထင်ဖြင့် တိုက်ခိုက်လာသူ၏ချုပ်ကိုင်ထားမှုမှလွတ်မြောက်သွားဖို့ လုံးထွေးသတ်ပုတ်ရန် သူကြိုးစားလိုက်ပါသည်။ ၎င်းတို့နှစ်ဦးသားသည် အနိုင်ရရှိရေးအတွက် ညကြီးမင်းကြီးအမှောင်ထုထဲတွင် သူနိုင်ကိုယ်နိုင်ကြဲနေကြပါသည်။ ယာကုပ်သည် စကား

တစ်လုံးမျှမပြောဘဲ ရှိသမျှခွန်အားများကိုစိုက်ထုတ်ကာ တစ်ချက်ကလေးမျှ အလျှော့မပေးဘဲ တိုက်ခိုက်ပါတော့သည်။ သူသည် သေရေးရှင်ရေးအတွက် လုံးထွေးသတ်ပုန်နေစဉ်မှာပင် မိမိအပြစ်ကျူးလွန်ခဲ့သည်ဟူသောအသိစိတ်ဓါတ်က သူ့အသက်ဝိညာဉ်ကိုဖိစီးနေပါသည်။ သူ၏အပြစ်များသည် သူ့ရှေ့မှာပေါ်လာပြီး သူ့အားဘုရားသခင်နှင့်အဆက်အသွယ်ပြတ်တောက်စေခဲ့ပါသည်။ သို့သော် အလွန့်အလွန်ကြောက်လန့်နေစဉ်မှာ ဘုရားသခင်၏ကတိတော်များကိုပြန်လည်သတိရအောက်မေ့ကာ သူ၏နှလုံးသားအစုံသည် ကိုယ်တော်၏ကရုဏာတော်ကိုတောင်းခံခဲ့ပါသည်။ သူတို့သည် အရုဏ်ဦးအချိန်တိုင်အောင် သတ်ပုတ်နေကြရာ သူစိမ်းဖြစ်သူက သူ၏လက်ဖြင့် ယာကုပ်၏ပေါင်ခြံကို ထိုးလိုက်သောအချိန်တွင် ယာကုပ်သည်ရုတ်တရက်ခြေဆွံ့သွားခဲ့ပါသည်။ ယာကုပ်သည် မိမိအားဆန့်ကျင်တိုက်ခိုက်နေသူ၏ဇာတိရုပ်မှန်ကို ယခုမှသိရှိလာခဲ့ပါသည်။ မိမိနှင့်နပန်းလုံးသတ်ပုတ်နေသူမှာ ကောင်းကင်သားတစ်ဦးဖြစ်ကြောင်း ယာကုပ်သိရှိခဲ့ပါသည်။ ထိုကြောင့် သဘာဝလွန်ခွန်အားတမျှကြီးမားသောသူ၏ကြိုးစားမှုသည် အောင်မြင်မှုမရခဲ့ခြင်းပင်ဖြစ်ပါသည်။ ထိုကောင်းကင်သားမှာ ခရစ်တော်ပင်ဖြစ်ပါသည်။ ယာကုပ်အား ကိုယ်တော်တိုင်ကိုယ်ထင်ပြတော်မူခဲ့ပါသည်။ ယခုတွင်မူ ယာကုပ်သည် မသန်မစွမ်းဘဝသို့ရောက်သွားကာ အလွန်စူးရှိသောနာကျင်မှုကို ခံနေရသော်လည်း သူသည် မိမိ၏ဆုပ်ကိုင်မှုကိုလက်မလွှတ်ခဲ့ပါ။ သူသည် နောင်တရ၍ ကြေကွဲသောနှလုံးသားဖြင့် ထိုကောင်းကင်သားကြီးကိုဖက်ယမ်းကာ ကောင်းချီးမင်္ဂလာပေးသနားရန် ငို၍တောင်းပန်လေ၏။ ကိုယ်ခန္ဓာနာကျင်မှုဝေဒနာသည် ၎င်းအားဦးတည်ချက်မှစိတ်ပြောင်းလဲသွားရန် မစွမ်းနိုင်ခဲ့ပါချေ။ သူ၏စိတ်ပြဋ္ဌာန်းမှုသည် အဆုံးတိုင်အောင်ပို၍ခိုင်မာလာပြီး သူ၏ယုံကြည်ခြင်းသည်ခိုင်မြဲခဲ့ပါသည်။ ထိုကောင်းကင်သားက မိမိအားလွှတ်ပေးရန် "ငါ့ကိုလွှတ်ပါ၊ မိုးလင်းဆဲရှိပြီ" ဟု ကြိုးစား၍တိုက်တွန်းခဲ့သော်လည်း "ကိုယ်တော်သည် အကျွန်ုပ်ကိုကောင်းချီးမပေးလျှင်မသွားရ" ဟုယာကုပ်ကတုံ့ပြန်ခဲ့၏။ အကယ်၍ ဤအရာသည် ဟန်ဆောင်ယုံကြည်မှုတစ်ခုသာဖြစ်ခဲ့လျှင် ယာကုပ်သည်



ရုတ်တရက်ချက်ချင်းသေကျေပျက်စီးသွားခဲ့ပါလိမ့်မည်။ သို့ရာတွင် သူ၏ပြောဆိုချက်မှာ မိမိ၏မထိုက်တန်မှုများကို ဖွင့်ဟဝန်ခံနေသောအာမခံချက်တစ်ခုဖြစ်ပြီး ကတိတော်အရာ၌တည်တော်မူသောဘုရားသခင်၏သစ္စာစောင့်သိမှုကို ကိုးစားကြောင်း ဖေါ်ပြနေသောအရာတစ်ခုသာဖြစ်ပါသည်။

ယာကုပ်၌ကောင်းကင်တမန်နှင့်ပြိုင်၍နိုင်နိုင်သည့်တန်ခိုးရှိ၏။ ဒုစရိုက်ကိုပြုတတ်ပြီး မှားယွင်းတတ်သည့်သေမျိုးဖြစ်သော ယာကုပ်သည် နှိမ့်ချခြင်း၊ နောင်တရခြင်းနှင့် မိမိကိုယ်ကိုလုံးလုံးအပ်နှံခြင်းများအားဖြင့် ကောင်းကင်နိုင်ငံတော်မှတန်ခိုးအာနုဘော်တော်ကိုအောင်နိုင်ခဲ့ပါသည်။ သူသည် ဘုရားသခင်၏ကတိတော်များအပေါ် စွဲမြဲစွာဆုပ်ကိုင်ခဲ့သဖြင့် ထာဝရမေတ္တာတော်ရှင်၏နှလုံးသားသည် ထိုအပြစ်သား၏အသနားခံမှုကိုကျောမခိုင်းနိုင်ခဲ့ပါချေ။

သားဦးအရာကိုလှည့်ဖြားမှုဖြင့်ရယူခဲ့သောယာကုပ်၏အမှားကို ယခုတွင်ရှင်းလင်းစွာဖေါ်ပြတော်မူ၏။ ယာကုပ်သည် ဘုရားသခင်၏ကတိတော်ကိုကိုးစားယုံကြည်မှုမရှိဘဲ ကိုယ်တော်ရှင်ကိုယ်တိုင်သတ်မှတ်ထားသောအချိန်တွင်သတ်မှတ်ထားသောနည်းဖြင့်ပြီးမြောက်စေမည့်အရာကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့်လုပ်ဆောင်ခဲ့ပါသည်။ သူ့အားအပြစ်မှခွင့်လွှတ်ကြောင်းသက်သေအထောက်အထားတစ်ခုအဖြစ် သူ၏အမည်ကိုပြောင်းလဲခေါ်ဝေါ်တော်မူခဲ့ပါသည်။ "နောင်တွင်သင်၏အမည်ကို ယာကုပ်ဟူ၍မခေါ်ရ။ ဣသရေလဟူ၍ခေါ်ရမည်။ အကြောင်းမူကား သင်သည် ဘုရားသခင်နှင့်လည်းကောင်း၊ လူနှင့်လည်းကောင်း မင်းကဲ့သို့ပြိုင်၍နိုင်လေပြီ" ဟုမိန့်တော်မူ၏။

ယာကုပ်သည် မိမိလိုလားတောင့်တခဲ့သောကောင်းချီးမင်္ဂလာကိုရရှိခဲ့ပြီဖြစ်ပါသည်။ စဉ်းလဲသောနည်းဖြင့် သားဦးအရာကိုလုယူသူ၊ လိမ်လည်လှည့်ဖြားသူတစ်ဦးကဲ့သို့ကျူးလွန်ခဲ့သောသူ၏အပြစ်များအားလည်း ဖြေလွှတ်ခြင်းခံခဲ့ရပြီးဖြစ်ပါသည်။ ၎င်းအသက်တာ၏အကျပ်အတည်းကာလများသည် ကျော်လွန်ခဲ့ချေပြီ။ သံသယစိတ်များ၊ စိတ်ရှုပ်စရာများနှင့်နောင်တသံဝေဂရခြင်းများသည် သူ၏ဘဝကိုနာကြည်းမှုများနှင့်ပြည့်ဝစေခဲ့သည်။ သို့ရာတွင်

ယခုဥ္မှု အရာရာသည်ပြောင်းလဲခဲ့ချေပြီ။ ဘုရားသခင်နှင့်ပြန်လည်အဆင်ပြေသင့်မြတ်ခြင်းသည် နှစ်မြို့ဖွယ်ကောင်းသောငြိမ်သက်မှုတစ်ခုဖြစ်ပါသည်။ ယာကုပ်သည် မိမိအစ်ကိုနှင့်တွေ့ဆုံရန်မစိုးရွံ့တော့ချေ။ သူ၏အပြစ်များကိုဖြေလွှတ်တော်မူသည့်ဘုရားသခင်သည် သူ၏အောက်ကျို့ခံမှုနှင့်နောင်တရခြင်းများကိုလက်ခံရန် ဧသော၏စိတ်နှလုံးကို ပြောင်းလဲပစ်နိုင်တော်မူကြောင်း သူယုံကြည်ထားပါသည်။

ယာကုပ်သည် ကောင်းကင်သားတစ်ပါးနှင့်နပန်းလုံးနေစဉ်တွင် အခြားကောင်းကင်တမန်တစ်ပါးသည် ဧသောထံသို့သွားရောက်ခဲ့ပါသည်။ ဧသောသည်အိပ်မက်ထဲတွင် အဘ၏အိမ်မှတစ်ကျွန်းတစ်နိုင်ငံသို့ နှစ်ပေါင်းနှစ်ဆယ်လုံးလုံးထွက်ပြေးတိမ်းရှောင်နေခဲ့သောမိမိ၏ညီအားတွေ့မြင်ခဲ့ပါသည်။ ယာကုပ်သည် သေဆုံးသွားသောမိခင်ကြီးအားတွေ့ရှိသောအခါ ဝမ်းနည်းကြေကွဲနေသည်ကိုလည်းကောင်း၊ ကောင်းကင်တမန်များသည် ၎င်းအားတပ်ချဝန်းရံလျက်စောင့်ကြပ်နေကြောင်းကိုလည်းကောင်း အိပ်မက်ထဲတွင် ဧသောမြင်တွေ့ခဲ့ရပါသည်။ ဧသောသည် ဤအိပ်မက်အကြောင်းကို မိမိ၏စစ်သည်များအားပြောပြကာ ယာကုပ်အားထိခိုက်နာကျင်အောင်မလုပ်ကြရန်လည်း မှာကြားထားခဲ့ပါသည်။ အကြောင်းမှာ ဣဇာက်ကိုးကွယ်သောဘုရားသခင်သည် သူနှင့်အတူရှိတော်မူခြင်းကြောင့်တည်း။

နောက်ဆုံးတွင် စစ်သည်ဗိုလ်ပါများကိုဦးဆောင်လာသော ဧသောအဖွဲ့နှင့်မိမိ၏ဇနီးသားသမီးများ၊ သိုးကျောင်းသားများ၊ ကျွန်မိန်းမများနှင့်တကွ သိုး၊ နွား၊ မြည်း၊ ဆိတ်အုပ်ကြီးကိုဦးဆောင်လာသည့်ယာကုပ်တို့အဖွဲ့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ပို၍နီးကပ်လာကြပါသည်။ ယာကုပ်သည် မိမိတောင်ဝှေးကိုအားပြုလျက် ထိုစစ်သည်များနှင့်တွေ့ဆုံရန် ရှေ့သို့ထွက်လာခဲ့ပါသည်။ သူသည်မကြာမီကမှဖြစ်ပွားခဲ့သောတိုက်လှန်ပွဲကြောင့် အားအင်ဆုတ်ယုတ်နေပြီး မစွမ်းမသန်ဖြစ်နေပါသည်။ ထို့ကြောင့် ခြေတစ်လှမ်းလှမ်းပြီးတိုင်း ခေတ္တအနားယူကာ နာကျင်ကိုက်ခဲစွာဖြင့် ဖြည်းဖြည်းချင်း



လမ်းလျှောက်လာခဲ့သော်လည်း သူ၏မျက်နှာမှာမူ ပျော်ရွှင်မှုများ၊ ငြိမ်သက်မှုများနှင့်ဝင်းလက်တောက်ပနေပါသည်။

ခြေမစွမ်းမသန်ဖြစ်နေသော ထိုဒုက္ခသည်ကိုမြင်သောအခါ "ဧသောသည် ကြိုဆိုခြင်းငှာပြေးလာ၍ လည်ချင်းယှက်လျက် ပိုက်ဖက်နမ်းရှုပ်ခြင်းကိုပြု၍ နှစ်ယောက်စလုံးတို့သည် ငိုကြွေးကြ၏။" ထိုမြင်ကွင်းကြောင့် ဧသော၏ကြမ်းတမ်းရိုင်းစိုင်းသောစစ်သားများပင်လျှင် စိတ်ထိခိုက်ခဲ့ကြပါသည်။ ဧသောသည် ၎င်းတို့အား အိပ်မက်အကြောင်းကိုပြောပြထားသော်ငြားလည်း သူတို့ခေါင်းဆောင်၏စိတ်ပြောင်းလဲမှုကို သူတို့ဂရုမထားခဲ့ကြချေ။ သူတို့သည် ယာကုပ်၏ရောဂါဝေဒနာကိုမြင်တွေ့ကြသော်လည်း သူ၏ဤအားနည်းမှုသည် သူ့အတွက်ခွန်အားအစွမ်းဖြစ်စေခဲ့ကြောင်းကို သူတို့မစဉ်းစားမိခဲ့ကြချေ။

မကြာမီတွင် ဒုက္ခနှင့်ရင်ဆိုင်ရတော့မယောင်ဖြစ်နေသော ယဗ္ဗုတ်ချောင်းနံဘေး၌ကုန်လွန်ခဲ့သည့်စိတ်ပျက်စရာကို ထိုညတွင် လူသားများ၏မစကူညီမှုသည် မည်မျှအချည်းနှီးဖြစ်ကြောင်း၊ လူ့အစွမ်းလူ့တန်ခိုးကိုကိုးစားယုံကြည်ခြင်းအပေါင်းသည် မည်မျှအခြေအမြစ်မရှိကြောင်းများကို ယာကုပ်အားသွန်သင်တော်မူခဲ့ပါသည်။ သူသည် တစ်ခုတည်းသောအကူအညီကို မိမိအကြီးအကျယ်ပြစ်မှားမိခဲ့သော ကိုယ်တော်ထံမှသာရနိုင်ကြောင်းကို သူမြင်တွေ့လာခဲ့ပါသည်။ ခွန်အားမဲ့၍ မထိုက်တန်သော၊ နောင်တရသောအပြစ်သားတစ်ဦးအား ကရုဏာထားတော်မူရန် ဘုရားသခင်၏ကတိတော်ကို သူအသနားခံခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ၎င်း၏အပြစ်များကိုလွှတ်တော်မူ၍ ၎င်းအားလက်ခံတော်မူကြောင်း ထိုကတိတော်သည် သူ့အတွက်အာမခံချက်တစ်ခုဖြစ်ခဲ့ပါသည်။ ကောင်းကင်နှင့်မြေကြီးသည်လျှင် ပျောက်လွင့်သွားကပျောက်လွင့်သွားနိုင်မည်ဖြစ်သော်လည်း ဤကတိတော်မှာမူ မပြည့်စုံဘဲမနေပါချေ။ ဤကတိတော်သည် ကြောက်လန့်စရာတိုက်လှန်ပွဲကိုကျော်ဖြတ်နေသည့်ယာကုပ်အားထောက်မခဲ့ပါသည်။

စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ကာ ကောင်းကင်သားတစ်ပါးနှင့်နပန်းလုံးခဲ့ရသောထိုညအတွင်း ရရှိခဲ့သောယာကုပ်၏အတွေ့အကြုံသည်

ခရစ်တော်ကြွမလာမီကလေးတွင် ဘုရားသခင်၏သားသမီးများတွေ့ကြုံရင်ဆိုင်ရမည့်ဒုက္ခဆင်းရဲခြင်းကိုပုံဆောင်ပါသည်။ ပုရောဖက်ယေရမိသည် ရူပါရုံထဲ၌ ဤအချိန်အခါကိုမျှော်ကြည့်၍ မိန့်မြွက်သည်ကား၊ “ငါသည် ထိန်လန့်ခြင်းစကားသံကိုကြားရ၏။ ငြိမ်သက်ခြင်းမရှိ၊ ကြောက်ရွံ့ဖွယ်သောအကြောင်းသာရှိ၏။---အလိုလေ၊ ထိုနေ့ရက်ကား ခိုင်းနှိုင်းစရာမရှိ၊ ကြီးသောနေ့ရက်ဖြစ်၏။ ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ရက်ဖြစ်၏။ သို့ရာတွင် သူတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်” ဟူ၍ဖြစ်၏။

ခရစ်တော်သည် လူသားများ၏အကျိုးငှာ ထမ်းဆောင်နေသောကြားဖျန်ဖြေသူ၏အလုပ်ကိုရပ်တန့်လိုက်သောအချိန်တွင် ဒုက္ခဆင်းရဲခြင်းကာလသည် အစပြုလာပါလိမ့်မည်။ လူတိုင်း၏အမှုတို့ကိုဆုံးဖြတ်ပြီးဖြစ်မည့် ထိုအချိန်တွင် အပြစ်ကိုဆေးကြောပေးမည့်အပြစ်ဖြေရာအသွေးတော်သည် ရှိတော့မည်မဟုတ်ချေ။ ခရစ်တော်သည် ဘုရားသခင်၏ရှေ့တော်မှောက်တွင် ထမ်းဆောင်နေသောကြားဖျန်ဖြေရေးလုပ်ငန်းကိုစွန့်ခွာခဲ့ပြီးသောအချိန်တွင် “မတရားသောသူသည် မတရားသဖြင့်ပြုစေဦး၊ ညစ်ညူးသောသူသည် ညစ်ညူးစေဦး၊ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး၊ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး” ဟူသည့်အရေးကြီးသောကြေညာချက်ကို ကြေညာတော်မူလိမ့်မည်။ ထိုအချိန်တွင် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် ဤကမ္ဘာမှပြန်လည်ရုပ်သိမ်းသွားခဲ့ပါလိမ့်မည်။ ယာကုပ်ကိုအသေသတ်မည်ဟု စိတ်ဆိုးနေသောအစ်ကိုက ကြိမ်းမောင်းသကဲ့သို့ ဘုရားသခင်၏သားသမီးများသည် ၎င်းတို့အားသုတ်သင်ဖျက်ဆီးရန်ကြိုးစားနေသော ဆိုးယုတ်သောသူများ၏အန္တရာယ်ပြုခြင်းကိုခံကြရလိမ့်မည်။ ၎င်းပြင် ယာကုပ်သည် ဧသောလက်မှလွတ်မြောက်ခွင့်ရရန် တစ်ညလုံးကောင်းကင်တမန်နှင့်နပန်းလုံးခဲ့သကဲ့သို့ ဖြောင့်မတ်သောသူများသည် ၎င်းတို့အားဝန်းရံထားသည့် ရန်သူများ၏လက်မှ လွတ်မြောက်ခွင့်ရရှိရန် ဘုရားသခင့်ထံတော်တွင် နေ့ညမပြတ်ဆုတောင်းကြပါလိမ့်မည်။



ကျူးလွန်ခဲ့သောအပြစ်များကြောင့် သူ့အားသုတ်သင်ခွင့်ပေးရန် တောင်းဆိုလျက် စာတန်သည် ယာကုပ်အား ဘုရားသခင်၏ကောင်းကင်တမန်များရှေ့တွင် စွဲချက်တင်ခဲ့ပါသည်။ သူသည် ယာကုပ်အားရန်ပြုရန် ဧသော၏စိတ်နှလုံးကိုလည်းလှုံ့ဆော်ပေးခဲ့ပါသည်။ ၎င်းပြင် တစ်ညလုံးနပန်းလုံးနေစဉ် သူ့အားစိတ်ဓါတ်ကျသွားစေရန်နှင့် ဘုရားသခင်အပေါ်စွဲလမ်းမှုကိုပြတ်တောက်သွားစေရန် သူ၏စိတ်ထဲတွင် မိမိအပြစ်ကိုသတိရနေဖို့ စာတန်ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ ယာကုပ်သည် စိတ်ပူပန်စွာဖြင့်နပန်းလုံးနေသောကောင်းကင်သားအားဖက်ယမ်းထားပြီး မျက်ရည်မျက်ခွက်နှင့်အသနားခံတောင်းဆိုနေသောအခါ ထိုကောင်းကင်သားကြီးက ၎င်း၏ယုံကြည်ခြင်းကိုစမ်းသပ်ရန်အလိုငှာ ၎င်းကျူးလွန်ခဲ့သည့်အပြစ်များကို ပြန်လည်သတိရစေခဲ့ပြီး မိမိအားလွှတ်ပေးရန်သာကြိုးစားနေပါသည်။ သို့ရာတွင် ယာကုပ်သည် အလျှော့မပေးခဲ့ချေ။ ဘုရားသခင်သည် ကရုဏာတော်ကြီးမားကြောင်း သူသိရှိထားသောကြောင့် မိမိကိုယ်ကို ကိုယ်တော်ရှင်၏ကရုဏာတော်တွင် အပ်နှံခဲ့ပါသည်။ ကျူးလွန်ခဲ့မိသည့်အပြစ်အတွက် နောင်တရကြောင်းညွှန်ပြကာ ကယ်လွှတ်ခြင်းအခွင့်ကိုရရှိရန် အသနားခံခဲ့ပါသည်။ သူသည် မိမိအသက်တာကိုပြန်လည်သုံးသပ်သောအခါ စိတ်ပျက်အားလျော့လုမတတ်ဖြစ်ခဲ့ပါသည်။ သို့သော် သူသည် နပန်းလုံးနေသောကောင်းကင်သားကိုမလွှတ်တမ်းကိုင်ဖမ်းထားပြီး ဝမ်းနည်းငိုကြွေးလျက် မရမကအသနားခံတောင်းပန်ခဲ့ပါသည်။

ဒုစရိုက်၏တန်ခိုးအာဏာစက်များနှင့်ဆန့်ကျင်၍ နောက်ဆုံးအဆင့်ရုန်းကန်နေကြသော ဘုရားသခင့်သားသမီးများ၏အတွေ့အကြုံသည်လည်း ထိုကဲ့သို့ပင်ဖြစ်ပါလိမ့်မည်။ ဘုရားသခင်သည် ၎င်းတို့၏ယုံကြည်ခြင်း၊ ဇွဲရှိခြင်း၊ ကယ်လွှတ်ခြင်း၊ တန်ခိုးတော်၌ယုံကြည်စိတ်ချခြင်းများကိုစမ်းသပ်တော်မူလိမ့်မည်။ ၎င်းတို့၏အခြေအနေများသည် မျှော်လင့်ချက်မရှိကြောင်း၊ ၎င်းတို့၏အပြစ်များသည် လွှတ်ခြင်းအခွင့်မရနိုင်လောက်အောင်ကြီးမားနေကြောင်း အသိစိတ်ဓါတ်အားဖြင့် ၎င်းတို့အားထိတ်လန့်သွားအောင် စာတန်ကြိုးစားပါလိမ့်မည်။ ထိုသူတို့သည် မိမိတို့၏လိုအပ်ချက်များကို နက်ရှိုင်းစွာခံစားကြရပါ

လိမ့်မည်။ မိမိတို့၏အသက်တာများကိုပြန်လည်ဆန်းစစ်လိုက်သောအခါ သူတို့၏မျှော်လင့်ချက်များသည် ပျက်ပြားသွားပါသည်။ သို့ရာတွင် သူတို့သည် ဘုရားသခင့်ကရုဏာတော်၏ကြီးမြတ်မှုကိုလည်းကောင်း၊ မိမိတို့၏ရိုးသားသော နောင်တများကိုလည်းကောင်းပြန်လည်သတိရကာ နောင်တရသောအပြစ်သားများ အတွက် ခရစ်တော်အားဖြင့်ပြုတော်မူခဲ့သော ကိုယ်တော်၏ကတိတော်များကို တောင်းခံကြပါလိမ့်မည်။ မိမိတို့၏ဆုတောင်းချက်များ၊ ချက်ချင်းမပြည့်စုံ သောကြောင့် ထိုသူတို့၏ယုံကြည်ခြင်းသည် ယုတ်လျော့သွားကြလိမ့်မည် မဟုတ်ပါ။ ယာကုပ်သည် ထိုကောင်းကင်သားကြီးကိုမလွှတ်တမ်းဖက်ယမ်း ထားသကဲ့သို့ ထိုသူများသည်လည်း ဘုရားသခင်၏ခွန်အားကိုဆုပ်ကိုင်ကြ ပါလိမ့်မည်။ ထိုသူများသည် "အကျွန်ုပ်ကိုကောင်းချီးမပေးလျှင်မသွားရ" ဟူသောစကားများကိုသာ ပြောကြပါလိမ့်မည်။

ယာကုပ်သည် သားဦးအရာကိုလိမ်ညာ၍ ရယူပိုင်ဆိုင်ခဲ့သောအပြစ် အတွက် အလျင်ဦးစွာနောင်တမရခဲ့လျှင် ထာဝရဘုရားသခင်သည် ၎င်း၏ ဆုတောင်းသံကိုနားညောင်းနိုင်လိမ့်မည်မဟုတ်ချေ။ ကရုဏာတော်အားဖြင့် လည်း ၎င်း၏အသက်တာကိုကာကွယ်စောင့်ထိန်းတော်မူလိမ့်မည်မဟုတ်ချေ။ ထိုနည်းအတူ ဒုက္ခဆင်းရဲကာလတွင် ဘုရားသခင်၏သားသမီးများ၌ ဖွင့်ဟ ဝန်ခံမှုမရှိသောအပြစ်များရှိခဲ့လျှင် စိတ်အားလျော့မှုကြောင့် ယုံကြည်ခြင်းများ ပျောက်လွင့်ကာ ကယ်လွှတ်ခွင့်ရရှိနိုင်ရန်အတွက် ဘုရားသခင်ထံတွင်အသနား ခံရန် ယုံကြည်စိတ်ချမှုမရှိနိုင်ကြတော့ချေ။ သို့ရာတွင် သူတို့သည် မိမိတို့၏ မထိုက်တန်မှုများကို နက်ရှိုင်းစွာသိရှိလာသောအခါ သူတို့၌ဖုံးကွယ်ထားသော အပြစ်များရှိကြတော့မည်မဟုတ်ချေ။ သူတို့၏အပြစ်များသည်လည်း ခရစ်တော်၏အပြစ်လွှတ်ခြင်းဆိုင်ရာအသွေးတော်အားဖြင့် ဆေးကြောခြင်းခံကြ ရပါလိမ့်မည်။ ထိုအပြစ်များကို သူတို့သတိရကြတော့မည်မဟုတ်ချေ။ ဘုရား သခင်သည် အသက်တာ၏အသေးအဖွဲကိစ္စများအပေါ် သစ္စာမစောင့်သိမှု များကို အရေးထားတော်မူလိမ့်မည်မဟုတ်ဟု စာတန်က လူအများအား ယုံကြည်အောင် လမ်းပြသွေးဆောင်ခဲ့သော်လည်း ဒုစရိုက်ကို မည်သည့်



နည်းနှင့်မျှခွင့်ပြုခြင်း၊ သည်းခံခြင်းမပြုနိုင်ကြောင်းကို ယာကုပ်အပေါ်ပြုမူ ဆောင်ရွက်ခဲ့မှုတွင် ထာဝရဘုရားသခင်ဖေါ်ပြတော်မူခဲ့ပါသည်။ မိမိ၏အပြစ် များကိုဖုံးကွယ်ထားရန် (သို့မဟုတ်) ဆင်ခြေတက်ရန် ကြိုးစားအားထုတ်သူ မှန်သမျှနှင့် မိမိတို့၏အပြစ်များကိုဝန်မခံဘဲ၊ အပြစ်လွှတ်ခြင်းမခံဘဲ ကောင်းကင်စာစောင်များတွင်ဆက်လက်တည်ရှိနေကြောင်း ဆင်ခြေတက်နေသူ အပေါင်းတို့သည် စာတန်၏အောင်နိုင်မှုကိုခံကြရလိမ့်မည်။ သူတို့သည် မိမိတို့၏အတတ်ပညာများကိုမြှောက်စားလေလေ၊ မိမိတို့ရရှိထားသောရာထူး များကိုဂုဏ်ယူလေလေ၊ ဘုရားသခင်၏ရှေ့မှောက်တွင် ၎င်းတို့၏လုပ်ရပ် များသည် ပို၍ဝမ်းနည်းကြေကွဲစရာကောင်းလေလေဖြစ်ကာ ရန်သူကြီးစာတန်က သေချာပေါက်အောင်ပွဲဆင်လေလေဖြစ်ပါလိမ့်မည်။

သို့ရာတွင် အပြစ်တရားကိုကျူးလွန်ရန် အပ်နှံခြင်းခံရသော်လည်း ကိုယ်တော်ထံသို့စစ်မှန်သောနောင်တဖြင့် ပြန်လည်ချဉ်းကပ်လာကြသူများအား ဘုရားသခင်သည် စွန့်ပစ်တော်မမူကြောင်း၊ ယာကုပ်၏အဖြစ်အပျက်သည် အာမခံချက်တစ်ခုဖြစ်ပါသည်။ ယာကုပ်သည် မိမိ၏တန်ခိုးခွန်အားကို အသုံးပြု၍ ရယူရန်ကြိုးစားမှုတွင် မအောင်မြင်ခဲ့သောအရာကို လုံးလုံးဝတ်ပြု အပ်နှံခြင်းနှင့် ယုံကြည်အားထားတတ်သောယုံကြည်ခြင်းများအားဖြင့် အောင်မြင် စွာရယူခဲ့ပါသည်။ ၎င်းဆာငတ်ခင်မွတ်နေသောကောင်းချီးမင်္ဂလာကို ဘုရား သခင်၏တန်ခိုးတော်နှင့်ကျေးဇူးတော်ကသာ ၎င်းအားပေးစွမ်းနိုင်ကြောင်း ဘုရားသခင်သည် ယာကုပ်အား ဤနည်းအားဖြင့်သွန်သင်တော်မူခဲ့ပါသည်။ နောက်ဆုံးသောနေ့ရက်များတွင် အသက်ရှင်နေထိုင်ကြသောသူများအတွက် လည်း ထိုနည်းအတိုင်းပင်ဖြစ်ပါလိမ့်မည်။ သူတို့အား ဘေးအန္တရာယ်များနှင့် ဝန်းရံထားစဉ်၊ သူတို့၏စိတ်ဝိညာဉ်အား စိတ်ပျက်အားလျော့စရာများဖြင့် ရစ်ပတ်ထားစဉ် သူတို့သည် အပြစ်ဖြေခြင်းဆိုင်ရာ ကိုယ်တော်ပြုတော်မူခဲ့ သည့်ကောင်းမှုကုသိုလ်များအပေါ်တွင်သာ လုံးလုံးအားကိုးမှီခိုကြရပါမည်။ ကျွန်ုပ်တို့သည် မိမိခွန်အားဖြင့် မည်သည့်အရာကိုမျှမစွမ်းဆောင်နိုင်ကြပါ။ မိမိတို့၏မထိုက်တန်၍ ခွန်အားနည်းပါးသည့်အခြေအနေ၌ပင် ကပ်တိုင်တွင်

အသေသတ်ခြင်းကိုခံကာ ထမြောက်တော်မူခဲ့သော ကယ်တင်ရှင်၏ကုသိုလ်ကောင်းမှုများအပေါ် ကျွန်ုပ်တို့ယုံကြည်ကိုးစားကြရပါမည်။ ထိုသို့ပြုသောသူ တစ်စုံတစ်ယောက်မျှ ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဝတ္တရားပျက်ကွက်မှုများနှင့်အပြစ်များကို ရှည်လျားစွာမှတ်တမ်းတင်ထားသော စာရင်းကြီးသည် ထာဝရတန်ခိုးရှင်၏မျက်ဝန်းတော်ရှေ့တွင် ထင်ရှားလျက်ရှိပါသည်။ မှတ်တမ်းသည် လိုလေသေးမရှိအောင်ပြည့်စုံ၍ ကျွန်ုပ်တို့၏ အပြစ်တစ်စုံတစ်ရာကိုမျှ မေ့လျော့တော်မမူပါ။ သို့ရာတွင် ရှေးခေတ်အစေခံကျွန်များ၏အော်ဟစ်တောင်းလျှောက်သံကို နားညောင်းတော်မူခဲ့သောကိုယ်တော်သည် ယုံကြည်ခြင်းအပြည့်နှင့်ဆုတောင်းသံများကိုနားညောင်းတော်မူကာ ကျူးလွန်ခဲ့သောအပြစ်များကိုလည်း ဖြေလွှတ်တော်မူပါလိမ့်မည်။ ကိုယ်တော်သည် ကတိထားတော်မူသကဲ့သို့ ကတိတော်အရာ၌လည်း တည်တော်မူပါလိမ့်မည်။

ယာကုပ်သည် မဆုတ်မနစ်ကြိုးစားခြင်းနှင့်ဆုံးဖြတ်ချက်ခိုင်မာမှုများကြောင့် အောင်ပွဲဆင်ခဲ့ပါသည်။ မရမကဆုတောင်းခြင်း၏တန်ခိုးအစွမ်းကို သူ၏အတွေ့အကြုံက သက်သေခံထားပါသည်။ ယခုတွင် ကျွန်ုပ်တို့သည် အောင်မြင်သောဆုတောင်းခြင်းအကြောင်းနှင့်အလျှော့မပေးတတ်သောယုံကြည်ခြင်းများနှင့်ပတ်သက်သည့် ဤသင်ခန်းစာကိုလေ့လာကြရန်ဖြစ်ပါသည်။ ခရစ်တော်၏အသင်းတော်အတွက်သော်လည်းကောင်း၊ ခရစ်ယာန်တစ်ဦးချင်းအတွက်သော်လည်းကောင်း အကြီးမားဆုံးသောအောင်မြင်မှုများသည် စွမ်းရည် (သို့မဟုတ်) ပညာအားဖြင့်လည်းကောင်း၊ စည်းစိမ်ဥစ္စာ (သို့မဟုတ်) လူသားများ၏မျက်နှာသာပေးမှုအားဖြင့်လည်းကောင်း ရရှိသောအရာများမဟုတ်ကြပါ။ တန်ခိုးတော်၏ခွန်အားကြီးသောလက်တော်ကိုယုံကြည်ကိုးစားလျက် ဘုရားသခင်ကိုဖွင့်ဟအသနားခံခြင်းအားဖြင့်သာ ထိုအောင်မြင်မှုများကိုရရှိကြပါသည်။

အပြစ်ဟူသမျှကိုစွန့်ပစ်ရန် ဆန္ဒမရှိသောသူများနှင့် ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာများကိုစိတ်အားထက်သန်စွာမတောင်းခံလိုသောသူများသည် ထိုအောင်မြင်မှုများကို ရရှိကြလိမ့်မည်မဟုတ်ချေ။ ယာကုပ်ကဲ့သို့ ဘုရားသခင်



၏ကတိတော်များအပေါ် စွဲမြဲစွာဆုပ်ကိုင်ကာ စိတ်အားထက်သန်စွာဖြင့် မဆုတ်မနစ်ဆုတောင်းသောသူများသည် ယာကုပ်ကဲ့သို့ပင် အောင်မြင်မှုရရှိကြပါလိမ့်မည်။ "ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် နေ့ညမပြတ်အော်ဟစ်တောင်းလျှောက်ကြလျှင် ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲနေတော်မူမည်လော။ ကြာမြင့်စွာသည်းခံတော်မူမည်လော။ ငါဆိုသည်ကား သူတို့ဘက်၌အလျင်အမြန်တရားစီရင်တော်မူမည်။" လုကာ ၁၈း၇–၈။

* * *

## (၁၉)
# ခါနာန်ပြည်သို့အပြန်ခရီး

ယာကုပ်သည် ယော်ဒန်မြစ်ကိုဖြတ်ကူးပြီးနောက် ခါနာန်ပြည်ရှိ ရှေခင်မြို့သို့ ဘေးကင်းစွာနှင့်ရောက်ရှိလာခဲ့ပါသည်။ ဘုရားသခင်သည် မိမိအားနေရင်းပြည်သို့ဘေးကင်းလုံခြုံစွာဖြင့် ပြန်လည်ပို့ဆောင်ပေးတော်မူရန် ဆုတောင်းခဲ့သောသူ၏ဆုတောင်းချက်သည် ဤနည်းအားဖြင့် ပြည့်စုံခြင်းသို့ ရောက်ရှိခဲ့ပါသည်။ သူသည်အခိုက်အတန့်အားဖြင့် ရှေခင်ချိုင့်ဝှမ်း၌နေထိုင်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်က ဤနေရာ၌ပင် အာဗြဟံသည် ပထမဦးဆုံးစခန်းချကာ ပထမဦးဆုံးသောယဇ်ပလ္လင်များကိုတည်ဆောက်ခဲ့ပါသည်။ ဤအရပ်တွင် “ယာကုပ်သည် တဲဆောက်ရာမြေကွက်ကို ရှေခင်၏ အဘ၊ ဟာမော်၏သားတို့တွင် ငွေတစ်ပိဿာအဖိုးပေး၍ဝယ်ရသတည်း။ ထိုအရပ်၌လည်း ယဇ်ပလ္လင်ကိုတည်ပြီးလျှင် ဧလေလောဟေ့ဣသရေလဟူ၍ သမုတ်လေ၏။” ယာကုပ်သည် အာဗြဟံကဲ့သို့ပင် မိမိ၏တဲအနီးတွင် ယဇ်ပလ္လင်တစ်ခုကိုတည်ဆောက်ကာ မိမိ၏အိမ်သားများအား နံနက်နှင့်ညနေများတွင် ယဇ်ပူဇော်စေခဲ့ပါသည်။ ဤအရပ်၌ပင် ရေတွင်းတစ်တွင်းကိုသူတူးခဲ့ပါသည်။ နောင်နှစ်ပေါင်းတစ်ထောင့်ခုနစ်ရာခန့်အကြာတွင် ယာကုပ်အနွယ်မှ ပေါက်ဖွားလာသောကယ်တင်ရှင်သည် နေ့လယ်ခင်းနေပူရှိန်တွင် ဤရေတွင်းနား၌လာရောက်နားနေကာ “ထာဝရအသက်ရှင်ခြင်းငှာ ထွက်သောစမ်းရေ” အကြောင်းကို အံ့သြနေကြသောတရားနာပရိသတ်ကြီးအား ဟောကြားတော်မူခဲ့ပါသည်။

ရှေခင်အရပ်တွင် ယာကုပ်နှင့်သားများ၏ခေတ္တစခန်းချခြင်းကို အကြမ်းဖက်သွေးထွက်သံယိုမှုများနှင့်အဆုံးသတ်ခဲ့ပါသည်။ အိမ်ထောင်သားများထဲမှ သမီးတစ်ဦးသည် အသရေရှုတ်ချခြင်းကိုခံခဲ့ရပါသည်။ သားနှစ်ယောက်သည် လူသတ်မှုကိုကျူးလွန်ခဲ့ကြပါသည်။ လူငယ်တစ်ဦး၏ မစဉ်းမစားဥပဒေမဲ့လုပ်ဆောင်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ထိုမြို့ထဲရှိ



ယောက်ျားအပေါင်းအား သုတ်သင်သတ်ဖြတ်မှုကိုပြုခဲ့ကြ၏။ ကြောက်လန့်ဖွယ်ရာဤဆိုးကျိုးများကိုဖြစ်ပေါ်စေခဲ့သည့်မူလအစမှာ “ထိုပြည်၏အမျိုးသမီးတို့ကို အကြည့်အရှုသွားခဲ့” သောယာကုပ်၏သမီးတစ်ယောက်၏လုပ်ဆောင်မှုပင် ဖြစ်ပါသည်။ သူမသည် ထာဝရဘုရားသခင်ကိုမကိုးကွယ်သူများနှင့် ပေါင်းသင်းဆက်ဆံဖို့ စွန့်စားလုပ်ဆောင်ခဲ့ပါသည်။ ထာဝရဘုရားသခင်ကို ကြောက်ရွံ့ရိုသေမှုမရှိသောသူများအလယ်တွင် ပျော်ရွှင်မှုရှာတတ်သောသူသည် မိမိကိုယ်ကို စာတန်၏ပိုင်နက်ထဲသို့ရောက်သွားစေ၍ စုံစမ်းနှောင့်ယှက်ခြင်းများကိုဖိတ်ခေါ်နေခြင်းဖြစ်ပါသည်။

ရှိမောင်နှင့်လေဝိတို့၏လှည့်စားမှုနှင့်ပြည့်ဝသောရက်စက်မှုသည် ဘုရားသခင်အား အမျက်မထွက်စေသည့်လုပ်ဆောင်မှုတစ်ခုမဟုတ်ခဲ့ချေ။ ရှေခင်အမျိုးသားများအပေါ်လုပ်ဆောင်မှုတွင် ဝမ်းနည်းဖွယ်ကောင်းသည့် အပြစ်တစ်ခုကို သူတို့ကျူးလွန်ခဲ့ကြပါသည်။ သူတို့သည် မိမိတို့၏အကြံအစည်များကို ယာကုပ်မသိအောင်ထိမ်ဝှက်ထားခဲ့ကြပါသည်။ ထို့ကြောင့် ယာကုပ်သည် ၎င်းတို့၏လက်စားချေခြင်းသတင်းကိုကြားရသောအခါ ကြောက်ရွံ့တုန်လှုပ်သွားခဲ့ပါသည်။ ယာကုပ်သည် မိမိသားများ၏အကြမ်းဖက်မှုနှင့်အကောက်ကြံမှုအတွက် စိတ်ညှိုးငယ်စွာဖြင့် “သင်တို့သည် ငါ့ကိုညှဉ်းဆဲကြပြီတကား၊---ဤပြည်သားတို့သည် ငါ့ကိုရွံရှာအောင်ပြုကြပြီတကား၊ ငါတို့၌လူအရေအတွက်အားဖြင့်နည်းသောကြောင့် သူတို့သည်စုဝေး၍ ငါ့ကိုတိုက်သတ်သဖြင့် ငါနှင့်ငါ့အိမ်သူအိမ်သားတို့ကိုဖျက်ဆီးကြလိမ့်မည်” ဟုပြောလေ၏။ သွေးထွက်သံယိုမှုကိုဖြစ်စေသော ၎င်းတို့၏လုပ်ရပ်ကို ဝမ်းနည်းဖွယ်ရာစက်ဆုပ်ရွံရှာဖွယ်အဖြစ်မှတ်ယူကြောင်း၊ နောင်နှစ်ပေါင်းငါးဆယ်အကြာတွင် အဲဂုတ္တုပြည်၌သေဆုံးကာနီးတွင် ပြောခဲ့သောစကားများ၌ထင်ရှားခဲ့ပါသည်။ ထိုစကားများမှာ “ရှိမောင်နှင့်လေဝိသည် ညီအစ်ကိုဖြစ်၏။ အဓမ္မအမှုကိုကြံသည်အတိုင်းပြီးစီးကြပြီ။ ငါ့ဝိညာဉ်သည် သူတို့လျှို့ဝှက်ခြင်းအမှုထဲသို့မဝင်ရ။ ငါ့ဘုန်းသည် သူတို့စည်းဝေးရာနှင့်အသင်းမဖွဲ့ရ။---သူတို့ပြင်းစွာထွက်သောအမျက်၊ ကြမ်းတမ်းစွာသောဒေါသသည် ကျိန်ခြင်းကိုခံပါစေသော” ဟူ၍ဖြစ်၏။

ကြီးကျယ်သော၄င်းအသရေယုတ်မှုကြီးအတွက် အကြောင်းရင်းတစ်ရပ်ရှိကြောင်း ယာကုပ်သိထားပါသည်။ သူ့သားများ၏စာရိတ္တတွင် ရက်စက်ကြမ်းကြုတ်မှုနှင့်လိမ်ညာမှုများထင်ရှားလျက်ရှိပါသည်။ အကြောင်းမှာ ၎င်းတို့၏စခန်းထဲတွင် မှားယွင်းသောဘုရားသခင်များနှင့်ရုပ်တုကိုးကွယ်မှုများသည်အတော်အတန်ပျံ့နှံ့နေချေပြီ။ ၎င်း၏မိသားစုများထဲ၌ပင် ထိုကိုးကွယ်မှုများသည် ခြေကုပ်ရထားခဲ့ချေပြီ။ ထာဝရဘုရားသခင်သည် ၎င်းတို့နှင့်ထိုက်တန်သည့်အတိုင်း လုပ်ဆောင်တော်မူရမည်ဆိုလျှင် ပတ်ဝန်းကျင်ရှိတိုင်းနိုင်ငံများ၏လက်စားချေမှုကိုခံရန် ၎င်းတို့အား စွန့်ပစ်ထားတော်မူရုံသာရှိမည်မဟုတ်ပါလား။

ယာကုပ်သည် ထိုကဲ့သို့စိတ်ဆင်းရဲစွာဖြင့် ဦးညွတ်နေစဉ် ထာဝရဘုရားသခင်က ၎င်းအားတောင်အရပ်ရှိဗေသလသို့ထွက်ခွာသွားရန် ညွှန်ကြားတော်မူခဲ့ပါသည်။ ထိုနေရာအကြောင်းစဉ်းစားမိသောအခါ ယာကုပ်သည် ကောင်းကင်တမန်များကိုမြင်ခဲ့ရသောရူပါရုံနှင့်ကရုဏာတော်ဆိုင်ရာ ဘုရားသခင်၏ကတိတော်များကိုသာမက ထာဝရဘုရားသခင်သည် ငါ၏ဘုရားသခင်ဖြစ်သည်ဟူ၍ ထိုနေရာတွင်မိမိပြုခဲ့သောသစ္စာအဓိဋ္ဌာန်ကိုလည်း သတိရလာခဲ့ပါသည်။ သန့်ရှင်းသောထိုနေရာသို့မသွားရောက်မီ မိမိ၏အိမ်သားများသည် ရုပ်တုကိုးကွယ်ခြင်းဆိုင်ရာညစ်ညမ်းမှုများနှင့်ကင်းရှင်းသင့်သည်ဟုသူသန္နိဋ္ဌာန်ချခဲ့ပါသည်။ ထို့ကြောင့် စခန်းအတွင်းရှိလူအားလုံးကိုခေါ်ကာ "သင်တို့တွင်ပါသောတစ်ပါးအမျိုးသားတို့၏ဘုရားသခင်တို့ကိုပစ်ပယ်ကြလော့။ အဝတ်ကိုလဲ၍ သန့်ရှင်းခြင်းရှိစေကြလော့။ ယခုထ၍ ဗေသလသို့သွားကြစို့။ ငါသည် ဆင်းရဲခံရသောကာလ ငါ့ကိုထူး၍ ငါသွားသောလမ်း၌ကြွတော်မူသောဘုရားသခင်အဖို့ ထိုအရပ်၌ယဇ်ပလ္လင်ကိုငါတည်မည်ဟုဆိုလေ၏။"

မိမိသည် အသက်အန္တရာယ်ဘေးမှကင်းဝေးရန် အဘအိမ်မှတစ်ယောက်တည်းထွက်ပြေးလာသောအချိန်တွင် ပထမအကြိမ်အဖြစ် ဗေသလသို့ရောက်ခဲ့ကြောင်းကိုလည်းကောင်း၊ ထာဝရဘုရားသခင်သည် ညရူပါရုံတွင်မိမိအားကိုယ်ထင်ပြခဲ့ကြောင်းကိုလည်းကောင်း ယာကုပ်သည် စိတ်လှုပ်ရှားစွာဖြင့် မိမိအိမ်သားများအား ပြောပြခဲ့ပါသည်။ သူ၌ပြုတော်မူသောဘုရားသခင်၏အံ့ဩဖွယ်ရာလုပ်ဆောင်မှုများကို ပြန်လည်သုံးသပ်သောအချိန်တွင် သူ၏နှလုံးသည် ပျော့ပျောင်းနူးညံ့လာခဲ့ပါသည်။ သူ၏သားသမီးများသည်လည်း အောင်နိုင်ခြင်းတန်ခိုးတော်တစ်ခု၏တို့ထိခြင်းကိုခံခဲ့ကြရပါသည်။ ဗေသလသို့သူတို့ရောက်ရှိသောအခါ ထာဝရဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းတွင်ပါဝင်နိုင်ရန်၊ ၎င်းတို့အားပြင်ဆင်ပေးရန် အထိရောက်ဆုံးနည်းတစ်ခုကို ယာကုပ်ကျင့်သုံးခဲ့ပါသည်။ "ထိုသူတို့သည်လည်း မိမိတို့၌ပါသောတစ်ပါးအမျိုးသားတို့၏ဘုရားသခင်အပေါင်းတို့နှင့် နား၌ပန်သောနားပန်တန်ဆာရှိသမျှတို့ကို ယာကုပ်အားပေး၍ ယာကုပ်လည်း ရှေခင်မြို့နားတွင်ရှိသော သပိတ်ပင်အောက်၌မြှုပ်ထားလေ၏။"



ထိုဒေသ၌နေထိုင်ကြသူများသည် ရှေခင်အရပ်တွင်သတ်ဖြတ်ခဲ့သူများအား ပြန်လည်လက်စားချေဖို့မကြိုးစားကြစေရန် ၎င်းတို့၌ကြောက်စိတ်များကို ဘုရားသခင်သွင်းပေးတော်မူ၏။ ထို့ကြောင့် ယာကုပ်တို့အဖွဲ့သည် ဘေးမသီရန်မခဘဲ ဗေသလသို့ဆိုက်ရောက်လာခဲ့ပါသည်။ ၄င်းအရပ်တွင် ထာဝရဘုရားသခင်သည် ယာကုပ်အားတစ်ဖန်ကိုယ်ထင်ပြတော်မူ၍ ပဋိညာဉ်ဆိုင်ရာကတိတော်ကိုထပ်မံပြောဆိုတော်မူခဲ့ပါသည်။ "ဘုရားသခင်နှုတ်ဆက်၍ မိန့်မြွက်တော်မူရာအရပ်၌ ယာကုပ်သည် ကျောက်တိုင်ကိုစိုက်လေ၏။"

ယာကုပ်သည် ဗေသလတွင် မိမိဖခင်၏လက်ထက်မှစ၍ ရှိသေလေးစားခြင်းခံခဲ့ရသော အိမ်ထောင်သားတစ်ဦးသေဆုံးသွားသဖြင့် ဝမ်းနည်းကြေကွဲခဲ့ရပါသည်။ သေဆုံးသွားသူမှာ မိခင်ကြီးရေဗက္က၏အထိန်းတော်ကြီးအဖြစ် မေသောပေါတာမိမှ ခါနာန်ပြည်သို့လိုက်လာခဲ့သော ဒေဗောရပင်ဖြစ်ပါသည်။ ထိုအမျိုးသမီးကြီးရှိနေခြင်းသည် သူ့အတွက်ငယ်ရွယ်စဉ်အသက်တာကိုလည်းကောင်း၊ အထူးသဖြင့်မိမိအားနှစ်နှစ်ကာကာချစ်ခင်မြတ်နိုးခဲ့သောမိခင်ကြီးအပေါ်တွင်လည်းကောင်း မွန်မြတ်သောသံယောဇဉ်နှောင်ဖွဲ့မှုတစ်ခုကိုဖြစ်စေခဲ့ပါသည်။ သူမ၏အလောင်းအား သပိတ်ပင်တစ်ပင်အောက်တွင်မြှုပ်နှံခဲ့ပြီး ထိုသပိတ်ပင်ကို အာလုန္မာကုပ်ဟူ၍ ခေါ်တွင်စေခဲ့၏။ အနက်ကား

ငိုကြွေးသောသပိတ်ပင်ဟူ၍ဖြစ်၏။ ဘုရားသခင်၏နှုတ်ထွက်စကားတော်ထဲတွင် မှတ်တမ်းတင်ထားရန်ထိုက်တန်ကြောင်း မှတ်ယူခံရသည့်သစ္စာရှိစွာတာဝန်ထမ်းဆောင်ခဲ့သောသူမ၏အသက်တာနှင့် ဤအိမ်သားများ၏ဝမ်းနည်းကြေကွဲမှုများကိုသတိမထားဘဲ ကျော်မသွားသင့်ပါချေ။

ဗေသလမှဟေဗြုန်သို့နှစ်ရက်ခရီးသာဝေးကွာသော်လည်း ရာခေလသေဆုံးသွားသောကြောင့် ယာကုပ်သည် အလွန်ကြေကွဲဝမ်းနည်းခဲ့ရပါသည်။ သူသည် ရာခေလကိုရဖို့ တစ်ဆယ့်လေးနှစ်တိုင်တိုင်ကျွန်ခံခဲ့ရပြီး ရာခေလအပေါ်ထားရှိသောမေတ္တာသည် ပင်ပန်းသမျှကိုပေါ့ပါးစေခဲ့ပါသည်။ ရာခေလအပေါ်ချစ်သည့်သူ့မေတ္တာသည် မည်မျှနက်ရှိုင်း၍ခိုင်မြဲကြောင်းကို "ငါသည် ပါဒနာရံအရပ်မှလာသည့်ကာလ ခါနာန်ပြည်၌ခရီးသွား၍ ဧဖရက်မြို့နှင့်နီးသောအခါ သင့်အမိရာခေလသည် ငါ့အနားမှာသေရှာ၏။ သေသောအရပ်ဗက်လင်အမည်ရှိသော ဧဖရက်မြို့သို့သွားသောလမ်း၌ သင်္ဂြိုဟ်လေသည်" ဟုအဲဂုတ္တုပြည်၌ခေါင်းချကာနီးအချိန်တွင် မိမိထံလာရောက်လည်ပတ်သောသားငယ်ယောသပ်အားပြောသော ယာကုပ်၏စကားများတွင်ထင်ရှားခဲ့ပါသည်။ သက်ကျားရွယ်အိုဖြစ်နေသောယာကုပ်သည် မိမိ၏ရှည်လျားသောသက်တမ်းတွင် မိသားစုအတွင်းဖြစ်ပျက်ခဲ့သောအကြောင်းအရာများထဲမှ ရာခေလကိုဆုံးရှုံးမှုတစ်ခုကိုသာသတိရခဲ့ပါသည်။

ရာခေလသည် မသေဆုံးမီကလေးတွင် ဒုတိယသားကလေးကိုမွေးဖွားကာ ဗေနောနိဟူ၍မှည့်ခေါ်ခဲ့၏။ သို့ရာတွင် ယာကုပ်ကမူထိုသားငယ်အား "ငါ၏ညာလက်ရုံး" (သို့မဟုတ်) "ငါ၏ခွန်အား" ဟုအနက်ရသော ဗင်ယာမိန်ဟူ၍အမည်ပေးခဲ့ပါသည်။ ရာခေလအား သူမသေဆုံးခဲ့သည့်နေရာ၌ပင် သင်္ဂြိုဟ်ခဲ့ပြီး ထိုနေရာတွင်အမှတ်တရကျောက်တိုင်တစ်ခုကိုစိုက်ထူခဲ့ပါသည်။

ဧဖရက်မြို့သို့ခရီးနှင်နေစဉ် သားကြီးဖြစ်သူရုဗင်အား သားဦးအရာကိုပေးရန် ငြင်းပယ်စေသည့်ဆိုးရွားသောရာဇဝတ်မှုတစ်ခုသည် အိမ်ထောင်ထဲတွင်ဖြစ်ပေါ်စေခဲ့ပါသည်။





နောက်ဆုံးတွင် ယာကုပ်သည် အာဗြဟံနှင့်ဣဇာက်တည်းခိုရာမံရေအရပ် ဟေဗြုန်မြို့တည်းဟူသော ကိရယဘာသမြို့၌နေသောအဘဣဇာက်ထံသို့ရောက်လေ၏။ သူသည် ဘဝ၏နောက်ပိုင်းအချိန်များကို ဤနေရာ၌ကုန်လွန်စေခဲ့ပါသည်။ မျက်စိမှုန်မွှား၍ အိုမင်းမစွမ်းဖြစ်နေသောဣဇာက်အတွက် အချိန်ကြာမြင့်စွာခွဲခွာခဲ့ရသောသား၏ကြင်နာသောယုယမှုများသည် ဇနီးဆုံးသွား၍ အထီးကျန်ဖြစ်နေသောအချိန်အတောအတွင်း၌ နှစ်သိမ့်မှုတစ်ခုဖြစ်ခဲ့ပါသည်။

ယာကုပ်နှင့်ဧသောတို့သည် ဖခင်ကြီး၏ဘဝနေဝင်ကာနီးအချိန်ကလေးတွင် ပြန်လည်ဆုံစည်းခဲ့ကြပါသည်။ အစ်ကိုကြီးအနေဖြင့် ဤအခွင့်အရေးကိုကလဲ့စားချေရန် အကောင်းဆုံးသောအခွင့်အရေးတစ်ရပ်အဖြစ်တစ်ချိန်ကမျှော်လင့်ခဲ့သော်လည်း ယခုတွင် ထိုသဘောထားမျိုးမရှိတော့ချေပြီ။ ယာကုပ်သည် သားဦးအရာနှင့်ပတ်သက်သောဝိညာဉ်ရေးကောင်းချီးမင်္ဂလာများဖြင့် ရောင့်ရဲနေသဖြင့် ဧသောတန်ဖိုးထားတောင့်တသော ဖခင်ကြီး၏စည်းစိမ်အားလုံးကို အစ်ကိုကြီးအားလွှဲအပ်ပေးခဲ့ပါသည်။ သူတို့သည် မနာလိုဝန်တိုစိတ်များ၊ မုန်းတီးစိတ်များကြောင့် ဖြစ်ပေါ်လာသောစိမ်းကားမှုမရှိကြတော့သော်လည်း တစ်ဦးနှင့်တစ်ဦးခွဲခွာခဲ့ကြပါသည်။ သို့နှင့်ဧသောသည် စိရတောင်သို့ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ကောင်းချီးမင်္ဂလာများနှင့်ပြည့်စုံကြွယ်ဝတော်မူသောထာဝရဘုရားသခင်သည် ယာကုပ်အား ၎င်းမြတ်နိုးသောသားဦးအရာအပြင် လောကီစည်းစိမ်ဥစ္စာများကိုလည်းပေးသနားတော်မူခဲ့ပါသည်။ "ထိုသူနှစ်ယောက်တို့သည် ဥစ္စာများလွန်းသောကြောင့် အရပ်တစ်ခုတည်းတွင်အတူမနေနိုင်ကြချေ။ သူတို့နေရာမြေသည် သူတို့တိရစ္ဆာန်များကြောင့်မဆံ့နိုင်ရာ။"

ဤခွဲခွာခြင်းသည် ယာကုပ်နှင့်စပ်လျဉ်းသည့် ဘုရားသခင်၏အကြံအစည်တော်နှင့်ကိုက်ညီနေပါသည်။ ဘာသာရေးယုံကြည်ချက်နှင့်စပ်လျဉ်း၍ ထိုညီအစ်ကိုနှစ်ယောက်သည် အကြီးအကျယ်ကွဲလွဲမှုရှိနေရာ ခွဲခွာ၍နေထိုင်ခြင်းသည်သာ ပို၍သင့်လျော်ကောင်းမွန်ပါသည်။

ဧသောနှင့်ယာကုပ်တို့သည် ဘုရားသခင်၏အကြောင်းကို တူညီစွာသွန်သင်ခြင်းခံခဲ့ရပါသည်။ သူတို့နှစ်ဦးစလုံးသည် ဘုရားသခင်၏အလိုတော်ကိုလွတ်လပ်စွာလိုက်လျှောက်ခွင့်ရခဲ့ကြပါသည်။ ဘုရားသခင်၏မျက်နှာသာပေးမှုကိုလည်း လွတ်လပ်စွာရယူခွင့်ရှိခဲ့ကြပါသည်။ သို့ရာတွင် ထိုသူတို့သည် ထိုသို့လုပ်ဆောင်ရန် စိတ်တူသဘောတူနှင့်မရွေးချယ်ခဲ့ကြဘဲ တစ်ယောက်တစ်လမ်းစီလျှောက်လှမ်းခဲ့ကြသဖြင့် တစ်ဦးနှင့်တစ်ဦးဝေးသည်ထက်ဝေးသွားခဲ့ကြပါသည်။ ဧသောအား ကယ်တင်ခြင်းကောင်းချီးမင်္ဂလာများကိုမခံစားစေရန် ဘုရားသခင်သည် မဆင်မခြင်ရွေးချယ်ပေးခဲ့သည်မဟုတ်ချေ။ ကိုယ်တော်၏ကျေးဇူးတော်ကို ခရစ်တော်အားဖြင့် လူတိုင်းအားအဖိုးအခမယူဘဲပေးတော်မူနေပါသည်။ အချို့သူများသည် မိမိတို့၏ပုဂ္ဂလိကရွေးချယ်မှုများကြောင့် ပျက်စီးဆုံးရှုံးခြင်းသို့ရောက်ရှိသွားနိုင်သည့်အခြေအနေတွင်ရှိကြပါသည်။ ထာဝရအသက်ပေးရန် ရွေးနုတ်ခြင်းခံရမည့်လူများ၏အခြေအနေသည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ပညတ်တော်အတိုင်းလိုက်လျှောက်ခြင်းပင်ဖြစ်ကြောင်း ဘုရားသခင်ဖွင့်ဆိုထားပြီးဖြစ်ပါသည်။ ကိုယ်တော်သည် ပညတ်တော်နှင့်ကိုက်ညီသောအသက်တာပိုင်ရှင်များကို ရွေးနုတ်တော်မူ၏။ ကိုယ်တော်၏ပညတ်တော်စံကိုမီသောသူတို့သည် ဘုန်းတော်နိုင်ငံထဲသို့ ဝင်ခွင့်ရရှိကြပါလိမ့်မည်။ “သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကိုပယ်သောသူမူကား အသက်ကိုမတွေ့ရ။” “သခင်၊ သခင်ဟုငါ့ကိုလျှောက်သောသူတိုင်း၊ ကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကိုဆောင်သောသူသာလျှင်ဝင်ရလိမ့်မည်” ဟုခရစ်တော်ကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ပါသည်။ ထို့ပြင် “အသက်ပင်နှင့်ဆိုင်၍ မြို့တံခါးအတွင်းသို့ဝင်အံ့သောငှာ ပညတ်တော်တို့ကိုကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏” ဟုကြိုတင်ဟောကျမ်းတွင်လည်း ကိုယ်တော်ရှင်မိန့်မြွက်တော်မူခဲ့ပါသည်။ လူတစ်ဦး၏အပြီးသတ်ကယ်တင်ခြင်းရရှိရေးနှင့်စပ်လျဉ်း၍ ဤအရာသည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ထဲတွင်ဖော်ပြထားသည့် တစ်ခုတည်းသောရွေးနုတ်ခြင်းဖြစ်ပါသည်။



ကြောက်ရွံ့တုန်လှုပ်စွာဖြင့် မိမိ၏ကယ်တင်ခြင်းအတွက် ကြိုးစားလုပ်ဆောင်မည့်သူတိုင်းကိုရွေးနုတ်တော်မူလိမ့်မည်။ လက်နက်အစုံကိုကိုင်ဆွဲ၍ယုံကြည်ခြင်းအတွက် ကောင်းသောတိုက်လှန်ပွဲကိုပြုခဲ့သောသူတိုင်းကို ရွေးနုတ်တော်မူလိမ့်မည်။ ဆုတောင်းသောသူများ၊ ကျမ်းစာကိုဖတ်ရှုလေ့လာသောသူများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများမှတိမ်းရှောင်သူများသည် ရွေးနုတ်ခြင်းကိုခံရလိမ့်မည်။ ယုံကြည်ခြင်းအပြည့်ဖြင့် မခြားမလပ်နှုတ်တော်ထွက်စကားအလုံးစုံကိုလိုက်လျှောက်သောသူသည် ရွေးနုတ်ခြင်းကိုခံရလိမ့်မည်။ ကယ်တင်ခြင်းနှင့်ပတ်သက်သည့်အခွင့်အရေးကို လူတိုင်းအားအခမဲ့ပေးတော်မူသော်လည်း တောင်းဆိုချက်များကို လိုက်လျောလုပ်ဆောင်ခဲ့သူများသည်သာ ကယ်တင်ခြင်း၏အကျိုးရလဒ်ကိုခံစားခွင့်ရရှိကြပါလိမ့်မည်။

ဧသောသည် ပဋိညာဉ်နှင့်ဆိုင်သောကောင်းချီးမင်္ဂလာများကို မထီမဲ့မြင်ပြုခဲ့ပါသည်။ သူသည် လောကုတ္တရာကောင်းကျိုးများထက် လောကီကောင်းကျိုးချမ်းသာများကိုတန်ဖိုးထားခဲ့သဖြင့် သူလိုလားတောင့်တခဲ့သည့်အရာများကိုရရှိခဲ့ပါသည်။ သူသည် သေချာစွာစဉ်းစားကာ ဘုရားသခင်၏သားသမီးများနှင့်လမ်းခွဲရန် ရွေးချယ်ခဲ့ပါသည်။ ယာကုပ်သည် ယုံကြည်ခြင်းနှင့်ပတ်သက်သည့်အမွေတော်ကိုသာရွေးချယ်ကာ မှားယွင်း၍လီဆယ်ကောက်ကျစ်သောနည်းဖြင့်ရယူရန် ကြိုးစားခဲ့သော်လည်း ဘုရားသခင်သည် အမှားပြင်ပေးရန် ယာကုပ်အားပြီးမြောက်သည်အထိဆက်လက်လုပ်ဆောင်စေခဲ့ပါသည်။ သို့ရာတွင် ယာကုပ်သည် သူ၏ခါးသီးသောနောက်ပိုင်းအသက်တာ၏အတွေ့အကြုံများကြောင့် ကိုယ်တော်၏အကြံအစည်တော်မှမည်သည့်အခါမျှသွေဖည်ခြင်းမပြုတော့သည့်ပြင် ကိုယ်တော်၏ရွေးချယ်မှုကိုလည်း မငြင်းဆိုခဲ့ပါ။ ကောင်းချီးမင်္ဂလာများကိုရရှိရန် လူသားများ၏ကျွမ်းကျင်မှုနှင့်အတတ်ပညာများကိုအသုံးပြုခြင်းသည် ထာဝရဘုရားသခင်နှင့်ဆန့်ကျင်၍ စစ်ပြိုင်နေခြင်းဖြစ်ကြောင်း သူသိရှိလာခဲ့ပါသည်။ ယဗ္ဗုတ်ချောင်းနားတွင် ကောင်းကင်တမန်နှင့်နပန်းလုံးခဲ့သည့်ညမှစ၍ ယာကုပ်သည်ယခင်ကနှင့်မတူတော့သောလူတစ်ယောက်ဖြစ်လာခဲ့ပါသည်။ ကိုယ့်ကိုကိုယ်

စိတ်ချသည့်စိတ်ခါတ်လည်းချုပ်ငြိမ်းခဲ့ချေပြီ။ ထိုအချိန်မှစ၍ ၎င်း၏ငယ်ရွယ်စဉ်အသက်တာမှာ ထင်ရှားခဲ့သောကောက်ကျစ်သည့်သဘောထားများကို မတွေ့ရတော့ပြီ။ သူ၏အသက်တာတွင် စဉ်းလဲမှု၊ လိမ်ညာမှုများနေရာ၌ ရိုးသားမှုနှင့်ဖြောင့်မှန်မှုများပေါ်လွင်လာခဲ့ပါသည်။ သူသည် တန်ခိုးကြီးတော်မူသောလက်တော်ကို ရိုးသားသောစိတ်နှင့်မှီခိုအားထားခြင်းအတွက် သင်ခန်းစာယူလေ့လာခဲ့ပြီးဖြစ်သဖြင့် ဒုက္ခဆင်းရဲခြင်းများနှင့်ကြုံတွေ့လာသောအခါတွင် ဘုရားသခင်၏အလိုတော်၌ နှိမ့်ချစွာဝန်ခံရန် ဆုတောင်းခဲ့ပါသည်။ ယာကုပ်၏အသက်တာတွင် အာဗြဟံနှင့်ဣဇာက်တို့၌ရှိသောယုံကြည်ခြင်းမျိုးပေါ်ထွန်းလာသည်အထိ ၎င်း၏အကျင့်စာရိတ္တတွင်ရှိနေသော ယုတ်ညံ့သောအရာများကို ဒုက္ခမီးအိုင်ကြီးတွင် လောင်ကျွမ်းစေလျက် ရွှေစင်ကဲ့သို့ ချေးညှော်ကင်းအောင်ချေးချွတ်ပေးခဲ့ပါသည်။

ယာကုပ်ကျူးလွန်ခဲ့သည့်အပြစ်နှင့် ထိုအပြစ်ကြောင့်ပေါ်လာခဲ့သောနောက်ဆက်တွဲဆိုးကျိုးများသည် မကောင်းမှုဒုစရိုက်များကိုဖြစ်ပေါ်စေရန် ဩဇာသက်ရောက်မှုမရှိဘဲမနေခဲ့ပါ။ ထိုဩဇာသက်ရောက်မှုကို ၎င်း၏သားများတို့၏အသက်တာများတွင် တွေ့မြင်ခဲ့ရပါသည်။ သူ၏သားများသည် အရွယ်ရောက်လာသည်နှင့်အမျှ ကြီးကျယ်သောမှားယွင်းမှုများကိုတိုး၍လုပ်ဆောင်ခဲ့ကြပါသည်။ မယားအများယူခြင်းဝါဒ၏ဆိုးကျိုးများသည် သူ့အိမ်ထောင်သားများထဲတွင်ပေါ်လွင်ထင်ရှားခဲ့ပါသည်။ ဆိုးရွားသောဒုစရိုက်လုပ်ရပ်များသည် မေတ္တာစမ်းရေများကိုခန်းခြောက်စေ၍ ထိုဒုစရိုက်မှုများ၏ဩဇာသက်ရောက်မှုများသည် မွန်မြတ်သန့်စင်သောအိမ်ထောင်မှုသံယောဇဉ်ချည်နှောင်မှုကိုအားနည်းစေပါသည်။ အိမ်ထောင်တစ်ခုတည်းရှိမိခင်များတို့၏တစ်ဦးနှင့်တစ်ဦးပြိုင်ဆိုင်စောင်းမြောင်းမှုများသည် မိသားစု၏ဆက်နွယ်မှုကိုခါးသီးစေပြီး သားသမီးများအား ရန်လိုသောစိတ်၊ သည်းခံချုပ်တည်းမှုမရှိသောစိတ်သဘောထားများနှင့်ကြီးပြင်းလာစေသဖြင့် ဖခင်ကြီး၏အသက်တာသည် သောကဗျာပါဒများဖြင့်အမှောင်ကျခဲ့ရပါသည်။

သို့ရာတွင် ရာခေလ၏သားအကြီးယောသပ်မှာမူ အခြားညီအစ်ကိုများနှင့်အလွန်ခြားနားသောစာရိတ္တမျိုးရှိပါသည်။ သူ၌အတွင်းစိတ်သဘောထား



ကိုရောင်ပြန်ဟပ်နေသည့် ရှာမှရှားသောလှပတင့်တယ်သည့်ဥပဓိရုပ်ရှိပါသည်။ စိတ်သဘောထားဖြူစင်၍ သွက်လက်ချက်ချာကာ ပျော်ရွှင်ကြည်နူးတတ်သော ဤလူငယ်ကလေးသည် ကိုယ်ကျင့်တရားနှင့်ဆိုင်သောတည်ကြည်ခိုင်မြဲမှုများအတွက် အထောက်အထားများကိုလည်းပေးခဲ့ပါသည်။ သူသည် ဖခင်၏သွန်သင်ချက်များကိုမြေဝယ်မကျနားထောင်၍ ဘုရားသခင်၏အလိုတော်ကို လိုက်လျှောက်ရန် မြတ်နိုးခဲ့ပါသည်။ နောက်ပိုင်းအသက်တာတွင် အဲဂုတ္တုပြည်၌နေထိုင်စဉ် ထင်ရှားခဲ့သောပင်ကိုအရည်အသွေးများဖြစ်သည့် နူးညံ့သိမ်မွေ့ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ဟုတ်တိုင်းမှန်ရာကိုပြောတတ်ခြင်းများကို သူ၏ငယ်ရွယ်စဉ်အသက်တွင် တွေ့မြင်ခဲ့ရပါသည်။ သူ၏မိခင်သည် သေဆုံးခဲ့ပြီဖြစ်သဖြင့် သူသည် ဖခင်ကြီးကိုသာတိုး၍တွယ်တာချစ်ခင်ခဲ့ရာ အိုမင်းမစွမ်းဖြစ်နေသောယာကုပ်သည် ဤသားငယ်အားအလွန်စွဲလမ်းချစ်ခင်ခဲ့ပါသည်။ သူသည် "အခြားသောသူအပေါင်းတို့ကိုချစ်သည်ထက် ယောသပ်ကိုသာ၍ချစ်၏။"

သို့ရာတွင် ထိုချစ်ခင်စွဲလမ်းမှုသည် ဝမ်းနည်းဖွယ်ပြဿနာတစ်ခုဖြစ်လာရန် အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ ယာကုပ်သည် ယောသပ်အားဦးစားပေးကြောင်းကို မဆင်မခြင်ထုတ်ဖော်ပြသခဲ့ပါသည်။ ဤအချက်သည် အခြားသားများ၏မနာလိုစိတ်များကိုနှိုးဆွပေးခဲ့ပါသည်။ ယောသပ်သည် မိမိအစ်ကိုများ၏မကောင်းမှုလုပ်ရပ်များကိုတွေ့မြင်သောအခါ အထူးစိတ်သောကရောက်ခဲ့ရပါသည်။ ထိုကြောင့် သူသည် ၎င်းတို့အားသိမ်မွေ့စွာဖြင့် အကျိုးသင့်အကြောင်းသင့်ပြောခဲ့သော်လည်း အမုန်းသာအဖတ်တင်ခဲ့ပါသည်။ သူသည် ၎င်းတို့အပြစ်ပြုနေကြသည်ကိုဆက်၍ကြည့်နေနိုင်စွမ်းမရှိတော့သဖြင့် ဖခင်ကြီးဆုံးမလျှင် ပြုပြင်ပြောင်းလဲလာလိမ့်မည်ဟုမျှော်လင့်လျက် ထိုကိစ္စကို ယာကုပ်အားပြောပြလိုက်ပါသည်။

၎င်းတို့၏အမျက်ဒေါသကိုနှိုးဆွရာရောက်မည့် ကြမ်းကြမ်းတမ်းတမ်းခက်ခက်ထန်ထန်ဆုံးမပြောဆိုမှုကို သတိကြီးစွာဖြင့် ယာကုပ်ရှောင်ကြဉ်ခဲ့ပါသည်။ သူသည် မိမိ၏သားသမီးများအတွက်ဖြစ်စေလိုသည့်အရာများကို

အလွန်စိတ်လှုပ်ရှားစွာဖြင့်ပြောပြပြီး ခေါင်းဖြူစွယ်ကျိုးဖြစ်နေသော မိမိအား လေးစားကြရန်၊ မိမိအမည်ကိုအပြစ်တင်ဖွယ်ဖြစ်အောင်မလုပ်ကြရန်၊ အရေးကြီးဆုံးအချက်မှာ ကိုယ်တော်၏ပညတ်တော်များကိုလျစ်လျူရှုထားခြင်းဖြင့် ဘုရားသခင်ကိုအသရေယုတ်အောင်မလုပ်ကြရန် သားများအားအနူးအညွတ်တောင်းပန်ခဲ့ပါသည်။ ထိုလူငယ်များသည် မိမိတို့၏ဆိုးယုတ်သောလုပ်ရပ်များကိုလူသိကုန်သဖြင့် ရှက်ရွံ့သွားကာ နောင်တရသယောင်ရှိခဲ့သော်လည်း သူတို့၏တကယ့်ခံစားချက်များကိုဖုံးကွယ်ထားခဲ့ကြပါသည်။

အထူးပုဂ္ဂိုလ်များသာဝတ်လေ့ဝတ်ထရှိသော အလွန်တန်ဖိုးကြီးသော အင်္ကျီတစ်ထည်ကို ယောသပ်အားမဆင်မခြင်ပေးခဲ့သောလက်ဆောင်သည် ၎င်းတို့အတွက် ယာကုပ်၏မျက်နှာလိုက်မှုကိုထင်ရှားစေသောအချက်တစ်ခု သဖွယ်ဖြစ်ခဲ့ပါသည်။ ထိုလက်ဆောင်ပေးမှုကြောင့် သားကြီးများကိုကျော်ကာ ရာခေလ၏သားအား သားဦးအရာကိုပေးရန်ရည်ရွယ်နေသလားဟု ၎င်းတို့အား သံသယစိတ်များဝင်လာစေပါသည်။ “အကျွန်ုပ်တို့သည် လယ်၌ကောက်လှိုင်းကိုစည်း၍နေကြစဉ်တွင် ကျွန်ုပ်ကောက်လှိုင်းသည် ထ၍မတ်တတ်နေသဖြင့် သင်တို့၏ကောက်လှိုင်းတို့သည်ဝိုင်း၍ရပ်လျက် ကျွန်ုပ်ကောက်လှိုင်းကိုရှိခိုးနေကြသည်” ဟူ၍ မိမိမြင်မက်ခဲ့သောအိပ်မက်အကြောင်းကိုပြန်ပြောပြသောအခါတွင် ၎င်းတို့၏မနာလိုစိတ်များသည် ပို၍တိုးပွားလာခဲ့ပါသည်။

ထိုအခါ အစ်ကိုတို့က “သင်သည် ငါတို့၌မင်းပြုရလိမ့်မည်လော၊ ငါတို့ကိုအစိုးရလိမ့်မည်လော” ဟုစိတ်ဆိုးမာန်ဆိုးဖြင့်ပြန်၍ပြောကြ၏။

တစ်ဖန်အိပ်မက်တစ်ခုကိုမြင်ပြန်၍ “အစ်ကိုတို့အား အခြားသောအိပ်မက်ကိုကျွန်ုပ်မြင်ရပြီ။ နေ၊ လနှင့်တကွ ကြယ်ဆယ့်တစ်လုံးတို့သည် ကျွန်ုပ်ကိုရှိခိုးကြ၏” ဟုကြားပြောလေ၏။ ဤအိပ်မက်ကိုလည်း ပထမအိပ်မက်ကဲ့သို့ပင်အနက်ဖွင့်ခဲ့ကြပါသည်။ ထိုအနားတွင်ရှိနေသောအဘက “သင်မြင်သောအိပ်မက်သည် အဘယ်သို့နည်း။ ငါနှင့်သင်၏အမိ၊ သင်၏အစ်ကိုတို့သည် သင့်ထံသို့စင်စစ်လာ၍ဦးညွတ်ချရမည်လောဟူ၍ သူ့ကိုဆုံးမလေ၏။” ယာကုပ်သည် ထိုကဲ့သို့ကြမ်းတမ်းသောစကားများကိုပြောဆိုကာ



ဆုံးမခဲ့သော်ငြားလည်း ထာဝရဘုရားသခင်သည် ယောသပ်အား အနာဂတ်ရေးကိုဖော်ပြတော်မူနေသည်ဖြစ်ကြောင်းကို သူယုံကြည်ထားပါသည်။

ယောသပ်သည် သူ၏အစ်ကိုများရှေ့တွင်မတ်တတ်ရပ်နေစဉ် သူ၏လှပသောမျက်နှာတွင် ဝိညာဉ်တော်၏ဘုန်းတန်ခိုးများနှင့်ထွန်းတောက်နေသဖြင့် သူတို့သည်မချီးမွမ်းဘဲမနေနိုင်ခဲ့ကြချေ။ သို့ရာတွင် သူတို့သည် မိမိတို့၏ဒုစရိုက်လုပ်ရပ်များကိုစွန့်လွှတ်ရန်ငြင်းဆိုခဲ့ကြပြီး မိမိတို့၏အပြစ်များကိုရှုတ်ချခဲ့သော ယောသပ်၏စင်ကြယ်သောအသက်တာကို မုန်းတီးခဲ့ကြပါသည်။ ကာဣနအားလှုံ့ဆော်ပေးခဲ့သည့်ဝိညာဉ်သည် ၎င်းတို့၏စိတ်နှလုံးထဲတွင် လှုံ့ဆော်ပေးလျက်ရှိပါသည်။

ယောသပ်၏အစ်ကိုများသည် မိမိတို့၏သိုး၊ နွားများအတွက် စားကျက်မြေရရန် တစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့နေထိုင်ကြရာ အိမ်တွင် လနှင့်ချီ၍အတူတကွမနေခဲ့ရသောအခါများလည်းရှိခဲ့ပါသည်။ အထက်ဖော်ပြပါဖြစ်ရပ်များဖြစ်ပျက်ပြီးနောက် သူတို့သည် ရှေခင်အရပ်တွင် ဖခင်ကြီးဝယ်ထားသည့်စားကျက်မြေသို့ သိုး၊ နွားများနှင့်အတူပြောင်းရွှေ့သွားခဲ့ကြပါသည်။ ရက်ပေါင်းများစွာကြာညောင်းသည့်အထိ ၎င်းတို့ထံမှမည်သည့်သတင်းအစအနမျှမရရှိသဖြင့် ယာကုပ်သည် သားများအတွက် စိုးရိမ်စိတ်များပေါ်လာခဲ့ပါသည်။ အကြောင်းမှာ ရှေခင်လူမျိုးများကို ရက်ရက်စက်စက်သူတို့သတ်ဖြတ်ခဲ့ဖူးသည်မဟုတ်ပါလား။ ထိုကြောင့် ၎င်းတို့အားတွေ့အောင်ရှာဖွေကာ အကျိုးအကြောင်းအဆိုးအကောင်းများကိုစနည်းနာရန် ယောသပ်အားစေလွှတ်လိုက်ပါသည်။ အကယ်၍သာယာကုပ်သည် ယောသပ်အပေါ်ထားရှိသည့် ၎င်းတို့၏သဘောထားမှန်ကိုသိရှိခဲ့ပါလျှင် သူတို့ထံသို့ ယောသပ်တစ်ယောက်တည်းသွားဖို့ စေလွှတ်ခဲ့လိမ့်မည်မဟုတ်ချေ။ သို့ရာတွင် သူတို့သည် မိမိတို့၏သဘောထားအမှန်ကို သေသေချာချာဖုံးကွယ်ခဲ့ကြပေပြီ။

ယောသပ်သည် ပျော်ရွှင်မြူးထူးစွာဖြင့် ဖခင်ကြီးထံမှထွက်ခွာသွားခဲ့ပါသည်။ ၎င်းတို့နှစ်ဦးနောက်တစ်ကြိမ်ပြန်၍မတွေ့ဆုံမီ မည်သည့်အရာများဖြစ်ပျက်လိမ့်မည်ကို ထိုသားအဘနှစ်ယောက်စလုံးမသိမြင်ခဲ့ကြချေ။ ယောသပ်

သည် အချိန်ကြာမြင့်စွာတစ်ဦးတည်းခရီးလျှောက်လှမ်းခဲ့ပြီးနောက် ရှေခင်အရပ်သို့ရောက်ရှိသွားခဲ့သော်လည်း အစ်ကိုများနှင့်တကွ ၎င်းတို့၏တိရစ္ဆာန်များကိုရှာ၍မတွေ့ရှိခဲ့ချေ။ မေးမြန်းစုံစမ်းကြည့်သောအခါ ၎င်းအား ဒေါသန်သို့လိုက်သွားရန် လမ်းညွှန်လိုက်ကြ၏။ သူသည် မိုင်ပေါင်းငါးဆယ်ကျော်ခရီးနှင်ခဲ့ပြီးဖြစ်ပါသည်။ ယခုတွင်လည်း နောက်ထပ်တစ်ဆယ့်ငါးမိုင်လောက်ဆက်၍လျှောက်လှမ်းရဦးမည်ဖြစ်သော်လည်း ဖခင်ကြီးအားစိတ်သက်သာရာရစေရန်အလို့ငှာ မိမိအားမကြင်နာသော်လည်း မိမိကယခုအချိန်တိုင်ချစ်ဆဲဖြစ်သောအစ်ကိုများနှင့်တွေ့ရမည့်အရေးကိုတွေးမိကာ မိမိခံစားနေရသောမောပန်းနွမ်းနယ်မှုများကိုပင်မေ့ပျောက်လျက် အလျင်အမြန်ခရီးနှင်ခဲ့ပါသည်။

မိမိတို့ထံသို့လာနေသောယောသပ်အား ၎င်းတို့တွေ့မြင်နေရသော်လည်း ၎င်းတို့နှင့်ဆုံတွေ့ရန်လာခဲ့ရသောခရီးရှည်ကြီးကိုလည်းကောင်း၊ သူခံစားခဲ့ရသောမောပန်းနွမ်းနယ်မှုနှင့်ဆာလောင်မွတ်သိပ်မှုများကိုလည်းကောင်း၊ ၎င်းတို့၏မုန်းတီးခါးသီးမှုများကိုလျော့ပါးစေမည့်ညီအစ်ကိုချစ်ခြင်းနှင့်တကွ ပျူငှာဖော်ရွေမှုများရရှိဖို့ သူ၏တောင်းဆိုချက်များကိုလည်းကောင်း သူတို့အရေးမထားခဲ့ကြချေ။ ဖခင်ဖြစ်သူက မေတ္တာလက်ဆောင်ပေးထားသည့်အင်္ကျီကလေးကို ယောသပ်ကိုယ်ပေါ်တွင်တွေ့လိုက်ရသောအခါ သူတို့သည်ကမူးရှူးထိုးဖြစ်ကုန်ကြကာ "ကြည့်လော့၊ အိပ်မက်ဆရာလာပြီ" ဟုပြက်ရယ်ပြုကာအော်ဟစ်ကြ၏။ အချိန်ကြာမြင့်စွာမျိုသိပ်လာခဲ့သည့် ငြူစူသောစိတ်နှင့်ကလဲ့စားချေလိုသောစိတ်များသည် သူတို့အားဖိစီးလာကာ "ကိုင်ကြ၊ သူ့ကိုသတ်၍တစ်စုံတစ်ခုသောတွင်းထဲသို့ချပစ်ကြစို့။ ဆိုးသောသားရဲတစ်စုံတစ်ခုကိုက်စားပြီဟုပြောကြစို့။ ထိုသို့ပြုလျှင် သူ၏အိပ်မက်တို့သည် အဘယ်နေရာကျမည်ကိုကြည့်ကြစို့ဟုအချင်းချင်းပြောဆိုကြ၏။"

ရုဗင်သာမရှိခဲ့လျှင် သူတို့သည် ထိုအကြံအစည်ကို အကောင်အထည်ဖော်ဖြစ်ခဲ့ကြလိမ့်မည်ဖြစ်သည်။ သူသည် ယောသပ်အားသတ်မည့်အထဲတွင်ပါဝင်ရန်တွန့်နေပါသည်။ ထို့ကြောင့် ညီငယ်အားတွင်းတစ်တွင်းထဲတွင်အရှင်လတ်လတ်ချကာ စွန့်ပစ်ထားခဲ့ရန်အကြံပေးခဲ့ပါသည်။ အမှန်မှာ ရုဗင်



သည် ညီငယ်အားပြန်လည်ကယ်ဆယ်ကာ ဖခင်ထံသို့ပြန်ပို့ပေးရန်အကြံရှိပါသည်။ မိမိပေးသောအကြံကိုလက်ခံရန် ဖျောင်းဖျပြောဆိုပြီးနောက် ရုဗင်သည် မိမိ၏ခံစားချက်များကို မထိန်းနိုင်မည်စိုးသည့်အတွက်ကြောင့်တစ်ကြောင်း၊ သူ့အကြံကိုအခြားညီအစ်ကိုများသိသွားမည်ကိုစိုးသည့်အတွက်ကြောင့်တစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် ထိုအဖွဲ့ထဲမှထွက်ခွာသွားခဲ့ပါသည်။

ယောသပ်သည် အန္တရာယ်တစ်စုံတစ်ရာကျရောက်မည်ကိုမစဉ်းစားမိဘဲ အစ်ကိုများထံသို့ရောက်ရှိလာခဲ့ပါသည်။ ရှာနေသောသူများကိုတွေ့ရှိခဲ့သောကြောင့်လည်း သူဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။ သို့ရာတွင် မျှော်လင့်ထားသည့်ကြိုဆိုနှုတ်ဆက်မှုများအစား၊ စိတ်ဆိုးသောအကြည့်၊ ကလဲ့စားချေလိုသောအကြည့်များကြောင့် သူကြောက်လန့်သွားခဲ့ပါသည်။ သူတို့သည် သူ့ကိုဖမ်းကြကာ သူ့အင်္ကျီကိုချွတ်ပစ်လိုက်ကြပါသည်။ သူတို့ပြောနေသည့်ခနဲ့တဲ့တဲ့စကားများနှင့်ခြိမ်းခြောက်စကားများသည် ၎င်းတို့၏ဆိုးရွားသောအကြံအစည်များကိုဖော်ပြနေပါသည်။ သူ၏အသနားခံတောင်းပန်မှုကိုလည်း အရေးမစိုက်ခဲ့ကြချေ။ သူသည် အမျက်ဒေါသခြောင်းခြောင်းထွက်နေသော ထိုသူများပြုသမျှကိုခံရမည့်အခြေတွင်ရှိနေပါသည်။ သူတို့သည် ယောသပ်အားတွင်းနက်ကြီးတစ်ခုဆီသို့ကြမ်းတမ်းစွာဆွဲခေါ်သွားပြီး ထိုတွင်းထဲသို့ပစ်ချလိုက်ကြပါသည်။ ၎င်းအားလွတ်မြောက်မသွားအောင် သေချာစွာလုပ်ဆောင်ကြပြီးနောက် ယောသပ်အားအစာငတ်၍သေဆုံးသွားစေရန် ထိုနေရာတွင်စွန့်ပစ်ထားခဲ့ကြပါသည်။ ထိုနောက်သူတို့သည် "အစာစားခြင်းငှာထိုင်ကြ၏။"

သို့ရာတွင် ၎င်းတို့အထဲမှတချို့သည် အနေရခက်နေကြပါသည်။ မိမိတို့၏ကလဲ့စားချေမှုအပေါ်တွင်လည်းကောင်း၊ မိမိတို့မျှော်လင့်ထားချက်အပေါ်တွင်လည်းကောင်း စိတ်ကျေနပ်မှုမရှိခဲ့ကြချေ။ မကြာမီတွင် မိမိတို့ထံလာနေသောခရီးသည်တစ်ဖွဲ့ကို သူတို့မြင်တွေ့ခဲ့ကြပါသည်။ ထိုခရီးသည်များမှာ ယော်ဒန်မြစ်တစ်ဖက်ကမ်းမှအဲဂုတ္တုပြည်သို့အမွှေးနံ့သာမျိုးများနှင့်အခြားကုန်ပစ္စည်းများကိုသွားရောက်ရောင်းချကြမည့် ဣရှမေလအမျိုးသား

ခရီးသည်တစ်ဖွဲ့ဖြစ်ပါသည်။ ယောသပ်အားသေသွားသည်အထိ ထိုသို့ပစ်ထားမည့်အစား၊ ဤသာသနာပကုန်သည်များအားရောင်းချလိုက်ရန် ယုဒအကြံပေးခဲ့ပါသည်။ "ကိုင်ကြ၊ ကိုယ်တိုင်မညှဉ်းဆဲဘဲ ဣရှမေလလူတို့အား ရောင်းလိုက်ကြစို့။ သူသည် တို့ညီ၊ တို့အမျိုးသားဖြစ်၏ဟုအစ်ကိုတို့အား ဆိုသည်ရှိသော် ညီအစ်ကိုတို့သည်ဝန်ခံကြ၏။" သို့နှင့်ယောသပ်အား တွင်းထဲမှထုတ်လိုက်ကြ၏။

သူသည် ထိုကုန်သည်များကိုမြင်တွေ့လိုက်ရသောအခါ ကြောက်စရာကောင်းသောအသိတစ်ခုသည် သူ့ဦးနှောက်ထဲသို့ဝင်လာခဲ့ပါသည်။ ကျွန်တစ်ဦးဖြစ်ရခြင်းသည် သေသွားသည်ထက်ပို၍ကြောက်စရာကောင်းသော ကံကြမ္မာတစ်ခုဖြစ်ပါသည်။ သူသည်စိုးရိမ်ကြောက်လန့်စွာဖြင့် အစ်ကိုတစ်ယောက်စီတို့အားအသနားခံခဲ့ပါသည်။ သို့ရာတွင် အချည်းနှီးသာဖြစ်ခဲ့ပါသည်။ ညီအစ်ကိုအချို့သည် သနားစိတ်များပေါ်လာခဲ့ကြသော်လည်း အလှောင်ခံရမည်စိုးသဖြင့် ဘာမျှမပြောဘဲနေခဲ့ကြပါသည်။ သို့ရာတွင် မိမိတို့သည် နောက်ဆုတ်ရန်မဖြစ်နိုင်လောက်အောင် လက်လွန်နေကြပြီဟု အားလုံးကယူဆခဲ့ကြပါသည်။ အကယ်၍ ယောသပ်သည် အသက်ရှင်လျက်ရှိနေသေးလျှင် မိမိအပေါ် ၎င်းတို့ပြုကျင့်ခဲ့သောရက်စက်မှုများကို လျစ်လျူရှုထားမည်မဟုတ်သည့်ဖခင်ကြီးထံတွင် ၎င်းတို့၏လုပ်ဆောင်မှုများကို ဧကန်အမှန်တိုင်ကြားလိမ့်မည်သာတည်း။ ယောသပ်၏အသနားခံတောင်းပန်မှုကို သူတို့ဂရုမထားခဲ့ကြဘဲ သာသနာပကုန်သည်များလက်တွင် သူ့အားထည့်လိုက်ကြပါသည်။ ထိုခရီးသည်အဖွဲ့သည် ဆက်လက်ထွက်ခွာသွားကြရာ မကြာမီမှာပင် ၎င်းတို့၏မြင်ကွင်းမှပျောက်ကွယ်သွားခဲ့ပါသည်။ ရုဗင်သည် ထိုတွင်းသို့ပြန်လာခဲ့သောအချိန်တွင် ယောသပ်သည် ထိုနေရာတွင်မရှိတော့ကြောင်းတွေ့ရသဖြင့် ထိတ်လန့်သွားပြီး ကိုယ့်ကိုကိုယ်အပြစ်တင်ကာ မိမိ၏ဝတ်ရုံကိုဆုတ်ဖြဲလိုက်ပြီး "သူငယ်မရှိပါတကား၊ ငါသည်အဘယ်သို့သွားရပါမည်နည်း" ဟုဟစ်ကြွေးလျက် ညီငယ်ကိုလိုက်ရှာလေ၏။ သူသည် ယောသပ်၏ကံကြမ္မာအခြေအနေကိုသိသောအချိန်တွင် သူငယ်အားပြန်ခေါ်ရန်



မဖြစ်နိုင်တော့သည့်အခြေတွင်ရောက်နေပြီဖြစ်သဖြင့် ထိုအပြစ်ကိုဖုံးကွယ်ရန် မိမိတို့နှင့်ပူးပေါင်းပါရန် ရုဗင်အားသူတို့နားချခဲ့ကြ၏။ သူတို့သည် ဆိတ်သငယ်တစ်ကောင်ကိုသတ်ကာ ထိုဆိတ်သွေးထဲတွင် ယောသပ်၏အင်္ကျီကိုနှစ်၍ ဖခင်ယာကုပ်ထံသို့ယူဆောင်ခဲ့ကြပါသည်။ ယာကုပ်ထံသို့ရောက်သော် ထိုအင်္ကျီကိုလယ်ကွင်းထဲမှတွေ့ခဲ့ကြောင်း၊ ထိုအင်္ကျီသည် ယောသပ်၏အင်္ကျီများဟုတ်နေမလားဟုစိုးရိမ်ကြကြောင်း ပြောပြကြပါသည်။ ထိုနောက် "သား၏အင်္ကျီဟုတ်သည်၊ မဟုတ်သည်ကိုကြည့်ပါ" ဟုယာကုပ်အားသူတို့ပြောဆိုကြ၏။ သူတို့သည် ဤအဖြစ်အပျက်ကိုကြောက်လန့်စွာဖြင့်မျှော်ကြည့်ခဲ့ကြသော်လည်း ဧကန်အမှန်၎င်းတို့တွေ့ကြုံရမည့်ယူကျုံးမရဖြစ်စေသည့် ဝမ်းနည်းဖွယ်ရာစွန့်ပစ်ခံရမှုအတွက် အဆင်သင့်မရှိခဲ့ကြချေ။ ထိုအခါ ယာကုပ်က "ငါ့သား၏အင်္ကျီမှန်၏။ သူ့ကိုဆိုးသောသားရဲကိုက်စားပြီ။ တကယ်ပင်ယောသပ်ကိုအပိုင်းအပိုင်းကိုက်ဖြတ်ပါပြီတကားဟုဆိုလျက် မိမိ၏အဝတ်ကိုဆွဲဆုတ်၍ လျှော်တေအဝတ်ကိုပတ်စည်းသဖြင့် အင်တန်ကာလပတ်လုံးသားကြောင့် စိတ်မသာညည်းတွားလျက်နေလေ၏။" သူ၏သားသမီးများက သူ့အားနှစ်သိမ့်မှုပေးရန် အချည်းနှီးကြိုးစားချော့မော့ခဲ့ကြ၏။ အချိန်တွေကြာညောင်းခဲ့သော်လည်း သူခံစားနေရသောဝမ်းနည်းကြေကွဲမှုသည် သက်သာပုံမရခဲ့ချေ။ "ငါ့သားရှိရာ မရဏာနိုင်ငံသို့ စိတ်မသာညည်းတွားလျက် ဆင်းသက်တော့မည်" ဟူ၍ စိတ်ပျက်ဝမ်းနည်းစွာဖြင့် သူဟစ်ကြွေးခဲ့ပါသည်။ မိမိတို့လုပ်ဆောင်ခဲ့မှုများကြောင့် စိုးရွံ့ထိတ်လန့်နေသောယာကုပ်၏သားများသည် ဖခင်၏ပြစ်တင်ဆုံးမမှုကိုကြောက်လန့်နေစေကာမူ မိမိတို့ကျူးလွန်ခဲ့သောအပြစ်သည် အလွန်ကြီးမားမှန်းသိသော်လည်း ယခုအချိန်တိုင် ဖွင့်ဟဝန်ခံခြင်းမရှိဘဲ စိတ်ထဲတွင်ဖုံးကွယ်ထားခဲ့ကြပါသည်။

* * *